www.burmeseclassic.com

ဂျူးစာပေ

# ဂျူး

## ပြက္ခဒိန်တွေ လှန်ပါရစေ..

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ခြေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဂျူး

## ပိုချစ်ရတဲ့သူ ကိုယ်ပဲ ဖြစ်ပါစေ

(လုံးချင်းဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုအမှတ်- ၅၀၁၄၆၂၁၂၀၀
မျက်နှာဖုံးခွင့်ပြုအမှတ်- ၅၀၀၀၄၉၀၁၁၁
ပုံနှိပ်ခြင်း- ပထမအကြိမ် ၂၀၁၁ မတ်လ
မျက်နှာဖုံးပန်းချီ- နေမျိုးဆေး
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်- ဦးဇော်မြင့်ဝင်း၊ ကာလာဇုံပုံနှိပ်တိုက်၊ ၁၈၄ ဘီ၊ ၃၁လမ်း၊ ရန်ကုန်မြို့။
စာအုပ်ချုပ်- ဦးမြင့်
တန်ဖိုး ၂၅၀၀ ကျပ်

"ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)"

ဂျူး ၈၉၅. ၈၃
ပိုချစ်ရတဲ့သူ ကိုယ်ပဲဖြစ်ပါစေ
ဂျူးစာပေ၊ ၂၀၁၁
၃၉၂ စာ၊ ၁၂. ၃ × ၁၈. ၂ စင်တီ၊
(၁) ပိုချစ်ရတဲ့သူ ကိုယ်ပဲဖြစ်ပါစေ

BURMESE CLASSIC .com

## နိဒါန်း

မြန်မာနိုင်ငံမှ မိုင်ပေါင်းထောင်နှင့်ချီ ဝေးကွာသော ပိုလန်နိုင်ငံ၊ ပို့ဇ်နန်(Poznan) မြို့လေးမှာ ဒီဇင်ဘာ ၉ ရက်ညက သူမ ရှိနေခဲ့မိလို့ မြဝန်းရဲ့ နောင်တမရပါ။

နှင်းပွင့်နှင်းစက်တွေ တဖွဲဖွဲကျ၊ ရေခဲငွေ့လို အေးစက်သည့်လေက အရပ်ရှစ်မျက်နှာ ပြင်းထန်စွာ တိုက်ခတ်နေလို့ အပြင်မှာ လမ်းမလျှောက်နိုင်လောက်အောင် တုန်ခိုက်ရသည့် ထိုဆောင်းညတွင် အနီးက စားသောက်ဆိုင်လေးထဲသို့ အပြေး ဝင်လိုက်မိသည်ကို နောင်တမရပါ။

သီတင်းကျွတ်မီးပုံးလေးတွေလို မီးလုံးလေးများ ဆိုင်ခန်းအပြည့် တွဲလွဲစီရီချိတ်ထားသည့် လှပသော နွေးထွေးသော စားသောက်ဆိုင်လေးထဲမှာ နေရာလွတ် မရှိတော့ပေမဲ့ အပြင်သို့ ပြန်မထွက်ချင်ခဲ့ဘဲ ပေကပ်ပြီး မတ်တတ်ရပ်နေမိခဲ့တာကို နောင်တမရပါ။

စားပွဲထိုးအမျိုးသမီး၏ နေရာချထားမှုကို မစောင့်ဘဲ ယောက်ျားတစ်ယောက်တည်း ထိုင်နေလို့ နေရာလွတ်ရှိနေသည့်

www.burmeseclassic.com

www.burmeseclassic.com



စားပွဲဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့မိတာလည်း သူမ နောင်တမရပါ။

သူမ၏ဘဝကို ဇောက်ထိုးမိုးမျှော် ပြောင်းလဲသွားစေနိုင်သော အလောင်းအစားတစ်ခုကို မိုက်မိုက်မဲမဲ လုပ်ခဲ့မိတာကိုတော့ မြဝန်းရဲ့ နောင်တရမိပါသည်။

ထိုညက နှင်းပွင့်နှင်းစက်တွေ တဖွဲဖွဲကျလျက် ရေခဲငွေ့လိုအေးစက်သည့်လေက အရပ်ရှစ်မျက်နှာ ပြင်းထန်စွာ တိုက်ခတ်နေခဲ့သည်။

ပို့ဇ်နန်မြို့လယ် လမ်းလေးခွ ရင်ပြင်ကျယ်သည် မှောင်ရီပိုးဝါး ညနေခင်းအချိန်မှာ လမ်းလျှောက်ကာ ဟိုသည် ငေးမောလို့ကောင်းသည့်နေရာ ဖြစ်ပေမဲ့ ဆိုးရွားလှသော ဒီဇင်ဘာ ဆောင်းအအေးကြောင့် မြဝန်းရဲ့ ကြာရှည်စွာ မနေနိုင်။ မျက်နှာသို့ တိုးတိုက်လာသည့် အေးစက်သည့်လေက ရေခဲမှုန်ချွန်ချွန်လေးတွေဖြင့် စူးစူးဝါးဝါး ထိုးဆွနေသလို ခံစားရသည်။

အပြင်မှာ ရေခဲတမျှ အေးစက်နေသည့်ရာသီမို့ နွေးထွေးသည့် ဆိုင်အတွင်းမှာ စားပွဲထိုင်ခုံတိုင်း လူနေရာပြည့်လျက် ရှိသည်ကို သူမ ဆိုင်ထဲရောက်မှ သိခဲ့သည်။ ဆိုင်လေးက နေရာ ရှားပါးဈေးကြီးသော ဥရောပထုံးစံအတိုင်း ခပ်ကျဉ်းကျဉ်းပဲ။ လူပြည့်နေတာကို မြင်နေရပါလျက် ပြန်မထွက်ဘဲ ဇွတ်ပေပြီး နေမိအောင် ဆွဲဆောင်ထားလိုက်တာက ဆိုင်၏ ထူးခြားသည့် အပြင်အဆင် ဖြစ်သည်။ ဆိုင်မျက်နှာကျက်မှာ၊ နံရံမှာ၊ စားပွဲဘေးတွေမှာ မီးသီးနီနီလေးများကို မညီမညာ စနစ်ကျကျ ချိတ်ဆွဲထားသည်မို့ အပြင်ကအေးစက်မှုကို အံတုနိုင်အောင် နွေးထွေးလျက် ရှိသည်။ မြန်မာ



နိုင်ငံမှ သီတင်းကျွတ်မီးပုံးလေးများ၊ မီးသီးလေးများကို မြင်ယောင်သွားမိ၏။

ပြန်မထွက်ချင်ပါဘူး။ နေရာလွတ်များ ရှိမလား။ ဝေ့ဝဲကြည့်လိုက်တော့ မရှိ။ ဒါဖြင့် မြဝန်းရဲ့ ခွင့်တောင်းပြီး ဝင်ထိုင်လို့ရမည့် လူနည်းသည့်စားပွဲများရှိနိုင်မလား။ စားပွဲထိုးအမျိုးသမီးလေး အလုပ်ရှုပ်နေတာကို အခွင့်ကောင်းယူလျက် နံရံနှင့်ကပ်လျက် စားပွဲဝိုင်းကျဉ်းကျဉ်းလေးမှာ တစ်ယောက်တည်း ထိုင်နေသည့် လူတစ်ယောက်ရှိရာသို့ မြဝန်းရဲ့ ခပ်သွက်သွက် ရောက်သွားသည်။

သူမ ရပ်လိုက်တာကို သူ သတိမထားမိခဲ့။ စားပွဲပေါ်မှာ စာအုပ်တစ်အုပ်ကိုတင်ကာ ဖွင့်လျက် ဖတ်နေသောကြောင့် ဖြစ်သည်။

'ဒီခုံမှာ လူရှိသလားဟင်'

အင်္ဂလိပ်ဘာသာဖြင့် မေးလိုက်သည့် မြဝန်းရဲ့ စကားသံကြောင့် ထိုသူက မော့ကြည့်သည်။

'မရှိပါဘူး၊ ထိုင်ပါ'

ဝေးသီခေါင်ဖျား အရပ်ဒေသမှာ မမျှော်လင့်ဘဲ ကြားလိုက်ရသည့် မြန်မာစကားသံကြောင့် မြဝန်းရဲ့ အလွန် အံ့ဩကာဝမ်းသာသွားခဲ့မိပါသည်။

ဥရောပတိုက်မှာမှ တခြားအရေးပါသော နိုင်ငံတွေမှာမဟုတ်ဘဲ ပိုလန်နိုင်ငံမှာ၊ ပိုလန်နိုင်ငံမှာမှ အထင်အရှား မြို့တော်ကြီးမဟုတ်သည့် ပို့ဇ်နန်(Poznan)လို ပဋ္ဌမအကြီးဆုံးသာ ဖြစ်သော မြို့ခပ်သေးသေးမှာ အခုလို မြန်မာလူမျိုးနှစ်ယောက် မထင်မှတ်ဘဲဆုံမိကြဖို့ဆိုတာ ဖြစ်နိုင်ချေနည်းသောတိုက်ဆိုင်မှု ဖြစ်၏။

မြန်မာလူမျိုးချင်း နိုင်ငံရပ်ခြားမှာတွေ့မိလျှင် မိတ်ဆွေဖြစ်ဖို့ လွယ်ကူလှေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်နာမည်က ပြည်မိုးငြိမ်းပါ။ ပို့ဖ်နန့်မှာ အခု လုပ်နေတဲ့ နိုင်ငံတကာ ရာသီဥတုပြောင်းလဲခြင်း ညီလာခံကို လာတက်တာပါ'

သူ့စကားသံက ခပ်သွက်သွက်။ ကြည့်ရတာ လောကကြီးတစ်ခုလုံးကို ကျေနပ်နေသည့်အသွင်ပဲ။ ခေါင်းစွပ်ဆွယ်တာပါးပါးလေးတစ်ထပ်တည်း သူ ဝတ်ထားတာကို မြဝန်းရံ သတိထားလိုက်မိ၏။ သူ့ အသားဖြူသလား ညိုသလား သူမ သေသေ ချာချာမသိ။ သူ့မျက်လုံးတွေ ရိုးသားသလား ကောက်ကျစ်သလား သူမ မသိ။ နံရံမှာ၊ မျက်နှာကျက်မှာ၊ မညီမညာ တန်းလန်းဆွဲထားသည့် များပြားလှစွာသော ချစ်စဖွယ်မီးလုံးလေးတွေ၏အလင်းရောင်က လူတွေ၏မျက်နှာကို ခန့်မှန်းရခက်အောင် ပြုပြင်ပေးနေတာကိုး။

'ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်မ နာမည် မြဝန်းရံလို့ ခေါ်ပါတယ်'

'မြဝန်းရံ'

သူမ ပြုံးမိသည်။ ပြောမနာဆိုမနာ သူငယ်ချင်းတွေ က သူမကို စနောက်ပြီး မဝင်းထရံ ဟု ခေါ်တတ်ကြ၏။ ငယ် သူငယ်ချင်း ကိုဇင်ကတော့ သူမကို မြဝင်းဟု ခေါ်တတ်၏။ ဒါကြောင့် သူမကို သည်နာမည်မှည့်ပေးခဲ့သည့် ဖခင်ကို မကျေမနပ်ဖြစ်မိသည့်ကာလတွေ အများကြီး ရှိခဲ့သည်။

'ညီမကရော ဒီကို ဘာအကြောင်းနဲ့ ရောက်နေတာလဲ'

'ကျွန်မက ဘာလင်မှာ စာတမ်းတစ်ခု လာဖတ်တာပါ။ အောက်ရှ်ဝစ်ဇ်(Auschwitz) နာဇီအကျဉ်းစခန်းတွေကို ရောက်ဖူးချင်လို့ နိုင်ငံ ကူးလာခဲ့တာ။ အဲဒီကနေ ဒီနေ့ပဲ ပြန်ရောက်တာ'

သူ့မျက်နှာမှာ အံ့ဩမှုတစ်ခုကို လှစ်ခနဲသာ မြင်လိုက်ရပြီး ချက်ချင်းပင် ခေါင်းညိတ်လိုက်တာကို မြင်ရသည်။



'အောက်ရှ်ဝစ်ဇ်က ဒီနဲ့ နီးသလား'

အောက်ရှ်ဝစ်ဇ်ဆိုတာဘာလဲ ဟု မသိသည့် မိမိနှင့် သက်တူ ရွယ်တူတွေ အများကြီးကို တွေ့ကြုံခဲ့ရဖူးသည်။ ထိုလူကတော့ သိနေပုံပါ။ သို့သော် အောက်ရှ်ဝစ်နာဇီအကျဉ်းစခန်းဟူသော စကားကို ကြားပြီးသည့်တိုင် ထူးခြားမှုမရှိသည့် သူ့မျက်နှာထားကို အားမလိုအားမရ ဖြစ်မိသည်။

'မနီးဘူး။ ကရာကောဆိုတဲ့ မြို့လေးဆီကို သွားရတယ်။ ခရီးသွားဧည့်သည်အုပ်စုထဲမှာ လိုက်သွားခဲ့တာ။ ကရာကောအထိ ရောက်ဖို့ အောက်ရှ်ဝစ်ဇ်-ဘာကီနော်ခရီးစဉ်ကို သူတို့ စီစဉ် ပေးတယ်'

'ညီမက ဘာအလုပ်လုပ်တာလဲ'

'ကျွန်မက ရှေးဟောင်းသုတေသနပါရဂူဘွဲ့ယူဖို့ စာတမ်းပြုစုနေတဲ့သူပါ'

'အော်။ အခု အဲဒီအကျဉ်းစခန်းတွေကို သွားတာ ညီမရဲ့ စာတမ်းနဲ့ ပတ်သက်နေလို့လား'

'ဟင့်အင်း မဆိုင်ပါဘူး။ စာတမ်းက ဇီဝ ရှေးဟောင်းသုတေသနဘာသာ။ အောက်ရှ်ဝစ်ဇ်အကျဉ်းစခန်းတွေကို စိတ်ဝင်စားလို့ပါ'

သူ့မျက်နှာ ဘာမှ ပြောင်းလဲမသွားပါ။ ဘယ်လောက်ပဲ လောကကြီးအပေါ် ကျေနပ်အားရနေတဲ့သူဖြစ်ပါစေ၊ အောက်ရှ်ဝစ်ဇ်ဆိုသည့် အကျဉ်းစခန်းတွေအကြောင်း ပြောလျှင် စိတ်မသက်မသာ ဖြစ်မိကြတာများသည်။ သူက ဘာမှ မခံစားရသလို။

'အဲဒီ လူသတ်စခန်းတွေအကြောင်း ကျွန်မ သမိုင်းစာအုပ်တွေ၊ ဖြစ်ရပ်မှန် ဓာတ်ပုံတွေ ရုပ်ရှင်ကားတိုတွေ အများကြီး ဖတ်ခဲ့ကြည့်ခဲ့ပြီးသားပါ။ ဒါပေမဲ့ အဲဒီနေရာကို တကယ်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး အဲဒီမြေပေါ် ခြေချရတဲ့အခါ ခံစားချက်က စာအုပ်တွေ ဓာတ်ပုံတွေကပေးတဲ့ခံစားချက်နဲ့ ဘယ်လိုမှမတူအောင် နာကျင်ရတယ်'

တစ်ခုခုစားဖို့ လိုအပ်သည်ဟု သူမ သိသော်လည်း အခုထိ အစာမစားချင်။ မစားနိုင်။ ကော်ဖီတစ်ခွက်လောက်ဆို တော်ပြီ။ စားပွဲထိုးအမျိုးသမီးအား ကော်ဖီတစ်ခွက်သာ မှာလိုက်မိသည်။

သူက ပေါင်မုန့်တစ်ဖဲ့ကို ခက်ရင်းဖြင့်ထိုးကော်ကာ ပါးစပ်ထဲသို့သွင်းယူရင်း သူမကို အကဲခတ်ကြည့်ဖြင့် မေးသည်။

'ဒါနဲ့ ညီမ အဲဒါကို ဘာကြောင့် စိတ်ဝင်စားတာလဲ'

ဘာကြောင့်စိတ်ဝင်စားတာလဲ။ ထိုမေးခွန်းသည် မျှော်လင့်ထားရမည့် မေးခွန်းဖြစ်သည်။ အပြစ်မဲ့ကလေးတွေ လူငယ်တွေလူကြီးတွေ သန်းနှင့်ချီလျက် အစုလိုက်အပြုံလိုက် အသတ်ခံခဲ့ရသည့်နေရာသို့ သူမ ဘာကြောင့်ရောက်အောင် သွားခဲ့တာလဲ။

လူပေါင်းများစွာ ကြောက်လန့်တကြား ဘဝနိဂုံးချုပ်ခဲ့ရတဲ့နေရာကို စပ်စုရုံမျှ သွားကြည့်ခဲ့သူတွေ ရှိကောင်း ရှိမည်။ ဒါတွေ တကယ် ဖြစ်ခဲ့တာ ဟုတ်မှ ဟုတ်ပါ့မလား ဟု မယုံသင်္ကာစိတ်ဖြင့် လေ့လာဖို့ သွားကြည့်ခဲ့သူတွေ ရှိလိမ့်မည်။

'သမိုင်းမှာ လူအချင်းချင်း အဲဒီလောက်ထိ ရက်စက်ခဲ့ကြတယ်ဆိုတာကို နားမလည်နိုင်လို့'

'ကြံဖန်ပြီး စိတ်ပင်ပန်းချင်တဲ့လူလို့ သတ်မှတ်ရမှာပဲ'

'ဒါကြောင့်ပြောတာပေါ့။ တခြားသူတွေရဲ့ နာကျင်မှုတွေကို ဝင်ခံစားကြည့်တတ်တဲ့ အကျင့်မရှိလို့ ကမ္ဘာမှာ အဆိုးတွေ ပြည့်နေတာ'

'ဒါပေမဲ့ အဆိုးထက် အကောင်းက ပိုအားကြီးခဲ့လို့သာ ဒီနေ့ ဒီနေရာမှာ ကျွန်တော်တို့ ရှိနေတာမဟုတ်ဘူးလား။ ပိုလန်နိုင်ငံဆိုတာ နာဇီတွေအောက်မှာလည်း နေခဲ့ရတယ်။ ကွန်မြူနစ်



တွေအောက်မှာလည်း နေခဲ့ရတယ်။ အခုတော့ ဒီမိုကရေစီနိုင်ငံတစ်ခု ဖြစ်နေပြီမဟုတ်လား'

'လွန်ခဲ့တဲ့နှစ်ခြောက်ဆယ်ကထက် ဒီနေ့ပိုပြီး အဆိုးတွေနည်းသွားပြီလို့ ရှင် ဆိုလိုချင်တာလား။ ဒါဖာတို့ ရဝမ်ဒါတို့က လူတွေရဲ့ မျက်နှာကို ရှင်မမေ့နဲ့လေ'

'အဆိုးတွေထဲမှာ အကောင်းတွေလည်း ရှိနေတယ်။ ထောင်နဲ့ချီတဲ့ ဂျူးလူမျိုးတွေကို ငွေနဲ့ ဝယ်ပြီး လွတ်မြောက်အောင် ကြိုးစားပေးခဲ့တဲ့ ရှင်းဒလားလို သူဌေးကြီးကိုလည်း ကြည့်ပါဦး။ အစ္စရေးနိုင်ငံဆိုတာကလည်း အဆိုးထဲက ပေါ်လာတဲ့ အကောင်း မဟုတ်လား'

မြဝန်းရဲ့ ခေါင်းယမ်းမိသည်။ အခု မျက်စိမှိတ်လိုက်လျှင် အခုကိုပဲ အောက်ရှ်ဝစ်ဇ်အကျဉ်းစခန်းဝင်းကြီးသို့အဝင် သံတံခါးမုခ်ဦးပေါ်က ဂျာမန်ဘာသာဖြင့်စာတမ်းကြီးကို မြင်နေရဆဲ။ ဂျာမန်စာကို သူမ တစ်လုံးတစ်ပါဒမျှ မသိပါ။ သို့သော် ဧည့်လမ်းညွှန်က အင်္ဂလိပ်ဘာသာ ပြန်ပေးခဲ့သည်။

အလုပ်လုပ်ရင် လွတ်လပ်မယ်ဟု အဓိပ္ပါယ်ရသော Work makes free တဲ့။ နာဇီတို့သည် အကျဉ်းစခန်းသို့ရောက်လာသည့် ဂျူးမိသားစုတွေကို အလုပ်လုပ်လျှင် လွတ်လပ်မည်ဟု လိမ်ညာပြီး သူတို့ ပြစ်မှုကြီးတွေကို လူမသိအောင် ဖုံးကွယ်လိုက်သေးသည်။

'ကျွန်မကတော့ လောကကြီးမှာ အကောင်းတွေ ရှိပါတယ်ဆိုပြီး ချွေးသိပ်ထားတာထက် မကောင်းမှုတွေအကြောင်း ပြောပြပြီး သတိပေးနေရင် ကောင်းမယ်လို့ထင်တယ်'

'နိုး နိုး။ အကောင်းမြင်စိတ်ရဲ့ ရည်ရွယ်ချက်က ချွေးသိပ်ဖို့ မဟုတ်ဘူး။ နေထွက်ရာအရပ်ကို မျက်နှာမူပြီး ဆက်လျှောက်ရဲဖို့

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ရိပ်တွေထဲကို တိုးသွားနေလို့ကော ဘာထူးမှာလဲ။ ဥပမာ အခုလို အောက်ရှ်ဝစ်ဇ်နာဇီအကျဉ်းစခန်းကို သွားကြည့်တာမျိုး'

သူမ မရယ်ချင့်ရယ်ချင် ရယ်လိုက်သည်။

'ဒါဆိုရင် ရှင်ကရော နာကျင်စရာသမိုင်းတွေ ပြည့်နေတဲ့ ပိုလန်လို မှုန်မှုန်မှိုင်းမှိုင်းနိုင်ငံမှာ ဘယ်လိုအလင်းရောင်တွေ လာရှာနေတာလဲ။'

'ကျွန်တော်လား။ ကမ္ဘာကြီး ပူပြင်း ခန်းခြောက်ပြီး ရာသီဥတုပြောင်းလဲလာတာကို ဆင်းရဲတဲ့နိုင်ငံလေးတွေ ဘယ်လိုရင်ဆိုင်မလဲဆိုတာ လေ့လာချင်လို့ ဒီညီလာခံကို လာခဲ့တာ'

'ချမ်းသာတဲ့နိုင်ငံကြီးတွေက ကာဗွန်ဒိုင်အောက်ဆိုက်ကြောင့် ရာသီဥတုပြောင်းလာရတာမဟုတ်လား'

'ညီမက တကယ့်ကို အဆိုးမြင်ဝါဒီပဲ ဆိုတာ ကျွန်တော်နားလည်သွားပြီ'

သူ အနည်းငယ် အသံထွက်ရယ်မောပြီး မှတ်ချက်ချ တာကို သူမ မကန့်ကွက်ခဲ့ပါ။ မေမေကလည်း သူမကို အဲဒီလို ပြောခဲ့ဖူးတာ ခဏခဏ။ သို့သော် မြဝန်းရံ မမှန်ဘူးလား။

'အဆိုးမြင်ဝါဒီလား။ အမှန်ကိုအမှန်အတိုင်း မြင်တာကို အဆိုးမြင်တယ်ဆိုရင်လည်း ထားပါတော့။ သေချာတာကတော့ နေရာတကာ အကောင်းမြင်ဝါဒနဲ့ချည်း အလုပ်မဖြစ်ဘူး'

'ဘယ်ဟုတ်မလဲညီမရဲ့။ အကောင်းမြင်ဝါဒနဲ့သာ ကမ္ဘာလောကကြီးကို တည်ဆောက်ခဲ့ကြတာမဟုတ်လား။ ကောင်းလာလိမ့်မယ်လို့ မျှော်လင့်ချက်တွေ မရှိခဲ့ရင် ဘယ်သူမှလည်း လှုပ်ရှားဆောင်ရွက်နေတော့မှာ မဟုတ်ဘူး'

မိမိကို မိန့်ခွန်းခြွေသလို စကားပြောနေခဲ့တာ မြဝန်းရံ မကြိုက်ပါ။



'တော်လှန်ရေးဆိုတာတောင် အကောင်းမြင်ဝါဒကနေ ဖြစ်လာရတာပဲ။ ဖြစ်နိုင်ချေအကောင်းတွေကို မယုံကြည်ဖြစ်ခဲ့ကြရင် ကျွန်တော်တို့ အခုလောက်ထိ တိုးတက်လာမှာ မဟုတ်ဘူး။ ကြီးကျယ်မြင့်မြတ်တဲ့ ပြောင်းလဲမှုကြီးတွေကို ဘာနဲ့စခဲ့ကြတာလဲ သိလား။ ကြီးကျယ်တဲ့ အကောင်းမြင်အတွေးတွေကနေ စခဲ့ကြတာ ခင်ဗျ'

သူ့မျက်လုံးတွေမှာ ဘာမှန်းမသိသည့် တက်ကြွမှုကို မြဝန်းရံ မြင်ရသည်။ သူ မိမိကို မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်လျက် စကားပြောနေခဲ့ခြင်း ဖြစ်သည်။ သူ့မျက်လုံးတွေ၏ ဦးတည်ရာသည် မြဝန်းရံ၏မျက်ဝန်းတွေလား။ သို့မဟုတ် တစ်ချိန်လုံးသိုးမွှေးဦးထုပ်ဆောင်းနေခဲ့သည့်ရလဒ်အဖြစ် ဆံပင်တို့ ဖွာဆန်ကဲ့ဝဲကျနေသော နဖူးဆီသို့လား။ သို့မဟုတ် အနည်းငယ် လန်နေသည်ဟု သူငယ်ချင်းတချို့၏ဝေဖန်ခြင်းကို ခံရလေ့ရှိသည့် သူမ၏ အပေါ်နှုတ်ခမ်းကိုလား။ သူမ မဝေခွဲနိုင်။ သေချာတာကတော့ သူ မြဝန်းရံကို စူးစူးစိုက်စိုက် ကြည့်နေခဲ့သည်။

မြဝန်းရံ ထိုအကြည့်မျိုးကို မနှစ်မြို့ပါ။

'အကောင်းမြင်ကြည့်စမ်းပါ ညီမ။ တို့အားလုံး ဘဝတွေ သာယာအောင် လုပ်ကြရမှာလေ'

'ကျွန်မ အကောင်းမြင်ချင်ပါတယ်။ အကောင်းတွေကိုပဲ မျှော်လင့်ခဲ့တာ။ ရုပ်ရှင်ကြည့်တာတောင် သတ်တာဖြတ်တာတွေကို မကြည့်ဘဲ ရှုခင်းလှလှလေးတွေ၊ မိသားစုဘဝလှလှလေး တွေ၊ ပျော်ရွှင်ရတဲ့ ဇာတ်သိမ်းခန်းလေးတွေကို ရွေးချယ်ပြီး ကြည့်ခဲ့တာပါ။ ဒါပေမဲ့ လှပမှုတိုင်းရဲ့ နောက်ကွယ်မှာ ဆိုးယုတ်မှုတွေ အမြဲစောင့်နေခဲ့တာ။ ဒါကိုတော့ ကျွန်မတို့ မငြင်းနိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



အကောင်းမြင် အတွေးတွေနဲ့ နှစ်ရှည်လများ ကြိုးစားတည်ဆောက်ခဲ့တဲ့ လူ့ယဉ်ကျေးမှုအဆောက်အအုံတွေဟာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဆိုးယုတ်သူတွေရဲ့ ဖျက်ဆီးမှုကြောင့် ပြိုလဲ ပျက်စီးကုန်ရတာပဲ။ တည်ဆောက်ဖို့ကာလကြာရှည်သလောက် ပြိုပျက်ဖို့ လွယ်ကူလွန်းလှပါသည်။

'အဆိုးမရှိတဲ့နေရာတွေ အများကြီးပါညီမရဲ့'

ခပ်ပြုံးပြုံးပြောလိုက်သော ထိုစကားသည် မြဝန်းရံ၏ စိတ်ကို ဆွပေးခဲ့သည်။

'ကဲ ကိုပြည်မိုးငြိမ်းရယ်။ အဆိုးမရှိတဲ့နေရာကို ကျွန်မကို ညွှန်ပြစမ်းပါ။ အဲဒီနေရာမှာ အေးအေးဆေးဆေး သွားနေချင်လို့ပါ'

'တကယ်ပြောတာလားညီမ'

'အို တကယ်ပြောတာပေါ့'

'တို့မြန်မာပြည်မှာလား။ ကမ္ဘာပေါ်မှာလား'

'မြန်မာနိုင်ငံကို ထားလိုက်ပါဦးလေ။ ကမ္ဘာပေါ်မှာပဲ ရှာစမ်းပါဦး။ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ မရှိတဲ့နေရာ၊ ဆိုးယုတ်မှုတွေ မရှိတဲ့နေရာ'

'ရှိတာပေါ့။ နေရာတိုင်းဟာ အော့ဇ်ဝစ်မဟုတ်ဘူးလေ'

'ရှင် ကျွန်မကို နေရာ နာမည်တစ်ခု ရွတ်ပြစမ်းပါ။ အဲဒီနေရာရဲ့ ဆိုးယုတ်မှုကို ကျွန်မ ပြောပြနိုင်ပါတယ်'

မြဝန်းရံအသံက စိန်ခေါ်သလို တင်းမာ ပြတ်သားသွားသည်ကို ကိုယ်တိုင် သတိထားမိသည်။

'စစ်ဖြစ်လို့ သူသေကိုယ်သေ တိုက်ခိုက်ရတဲ့ သဘောတူ ဆိုးယုတ်မှုထက် ပိုရက်စက်တဲ့ မိစ္ဆာ ဆိုးယုတ်မှုမျိုးကို ပြောတာ'



'စစ်ဖြစ်တာ လုံလောက်တဲ့အဆိုး မဟုတ်သေးဘူးလို့ ပြောချင်တာလား'

'ကျွန်တော်ပြောချင်တာ ဒီလိုပါ။ စစ်ဆိုတာ မကောင်းဘူး။ ဆိုးတယ်။ ဟုတ်တယ်။ ဒါပေမဲ့ စစ်ဖြစ်တာထက် ပိုဆိုးတဲ့ ရက်စက်တဲ့ သတ်ဖြတ်မှုတွေ ရှိတယ်ဗျာ။ ကျူပင်ခုတ် ကျူငုတ် တောင် မကျန်စေနဲ့ ဆိုတဲ့ စကားပုံ။ အဲဒီအတိုင်း ကလေးတွေရော မိန်းမတွေရော မဆီမဆိုင် ရောပြီး သတ်ပစ်တာမျိုး။ စစ်ထက်ပိုဆိုးတဲ့ အဆိုးကို ပြောချင်တာ'

'အော်အော် ဟုတ်ပါပြီ။ စစ်ထက်ပိုဆိုးတဲ့ အဆိုး'

သူမ နည်းနည်း ရယ်ချင်သွားသော်လည်း ဒေါသတော့ ထွက်နေခဲ့သည်။

'ကဲ စစ်ထက်ပိုဆိုးတဲ့အဆိုးမျိုး မရှိတဲ့နေရာကို ပြစမ်းပါ'

မိမိဘက်က ပိုင်နိုင် သေချာနေသည့်မာနကို သူ မြင်သွားခဲ့မှာပါ။

'အမေရိကား'

သူ ခပ်ပြုံးပြုံးပြောလိုက်တော့ မြဝန်းရံ အသံထွက်၍ပင် ရယ်မောလိုက်မိသေး၏။

'အို ရှင် နောက်နေတာလား။ အမေရိကန်လောက် ဆိုးယုတ်မှုပေါတာ အမေရိကန်ပဲ ရှိတယ်။ အမေရိကန်သမိုင်းကိုက ဌာနေလူမျိုးစုတွေကို သတ်ဖြတ်နှိမ်နင်းပြီး နယ်မြေလုတာက စခဲ့တာလေ။ စဉ်းစားပါဦး၊ အစုလိုက် အပြုံလိုက်သတ်မှုတွေ။ ဦးရေခွံကို အရေခွံဆုတ်ခွာပြီး မသေမရှင်သတ်ဖြတ်ခဲ့တဲ့ ဆိုးယုတ်မှုတွေကို ရှင် တကယ် မသိခဲ့တာလား'

'အိုကေ ဒါဖြင့် ဩစတေးလျား'

www.burmeseclassic.com

www.burmeseclassic.com



'အိုး ကိုမိုးငြိမ်းရယ် ဩစတေးလျားလည်း ဘာထူးလဲ။ ဒေသခံတိုင်းရင်းသားတွေကို အစိုးရက အတင်းအကြပ် နှိပ်ကွပ်ခဲ့တာလေ။ နောက်ဆုံး ဒေသခံ တိုင်းရင်းသား မျိုးနွယ်တွေကို အမျိုးဖျောက်ပစ်ဖို့ တိုင်းရင်းသားကလေးတွေကို မိဘတွေ လက်ထဲကနေ ပြန်ပေးဆွဲခေါ်သွားပြီး လူမသိသူမသိ မြို့က မိသားစုတွေထဲ အတင်းထည့်၊ မိဘမဲ့ဂေဟာတွေထဲ အတင်းထည့်။ ပျောက်ဆုံးသွားရတဲ့ ကလေးပေါင်း ထောင်ဂဏန်းကို ရှင် မသိဘူးလား။ အဲဒါ အစိုးရကိုယ်တိုင် ပါဝင်ခဲ့တဲ့ ဆိုးယုတ်မှုကြီးလေ'

ဒီလူ မြဝန်းရံကို မနိုင်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ နေရာတစ်ခုရွတ်ပြတိုင်း အဲဒီမှာဖြစ်ခဲ့သည့် ရက်စက် ဆိုးယုတ်မှု တစ်ခုမဟုတ် တစ်ခုကို မိမိ ပြန်ရွတ်ပြနိုင်ပါရဲ့။ အစ္စရေးနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အီရတ်နိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဒါတွေတော့ သူ ဘယ်ရွတ်မလဲ။ ဒီလောက်တော့ သူ မအပါ။ သို့သော် လွတ်မယ်ထင်ပြီး သူ ရွတ်လိုက်သည့်နေရာများတွင် အဆိုးတွေ ရှိနေခဲ့သည်။ သူ မငြင်းနိုင်ခဲ့။

'မဟုတ်သေးဘူး တစ်နေရာလောက် အဆိုးတွေ့ရုံနဲ့ တစ်နိုင်ငံလုံးအဆိုးချည်း ပြောလို့မရပါဘူး။ တစ်နိုင်ငံတည်းမှာ တစ်နေရာဆိုးပေမဲ့ တခြားနေရာက ကောင်းတာတွေ ရှိနေတယ်လေ။ ဥပမာ အိန္ဒိယနိုင်ငံတစ်ခုတည်းမှာပဲကြည့်။ ဝိဓချူပမင်းသားက သာကီဝင်မင်းမျိုးတွေကို အညှိုးတကြီး သတ်ခဲ့တဲ့ နိုင်ငံ။ ဒါပေမဲ့ ဂေါတမမြတ်စွာဘုရား ပွင့်တာလည်း အဲဒီ နိုင်ငံပဲလေ'

'အော် ဒီလိုလား။ ဒါဖြင့်လည်း ရှာစမ်းပါဦး။ ကျွန်မတို့ မြန်မာနိုင်ငံမှာ ပစ်မှတ်ထားပြီး ရှာစမ်းပါဦး။ အကောင်းတွေချည်း



ရှိတဲ့နေရာလို့ ရှင်သိရင် ပြောစမ်းပါ။ အဲဒီနေရာရဲ့ အဆိုးကို ကျွန်မ ထောက်ပြစမ်းပါ့မယ်'

'သေချာလှချည်လားညီမ'

'အို သေချာတာပေါ့။ အခုခေတ်ပဲဖြစ်ဖြစ် အရင်ခေတ်ပဲဖြစ်ဖြစ် ဆိုးယုတ်မှုနဲ့လွတ်ကင်းပြီး ငြိမ်းချမ်းတဲ့နေရာရယ်လို့ ရှိမှမရှိတာ'

'ရှိနေရင်ကော'

'ကဲ မရှိဘူးဆိုရင် ရှင် ဘာပေးမှာလဲ'

တကယ်တော့ ထိုစကားကို မြဝန်းရံက စပြီး ပြောလိုက်မိတာပါလား။

'ညီမက လောင်းကြေးထပ်ချင်တာလား'

သူက ပြုံးလျက် မေးသည်။ သူမ မျက်နှာခပ်မော့မော့နှင့် ပြောလိုက်မိသည်။

'ဒါပေါ့။ မလောင်းရဲဘူးလား'

'အာ လောင်းရဲတာပေါ့ဗျာ။ ကျွန်တော်က အကောင်းတွေအများကြီးကို မြင်ထားတဲ့သူပဲ'

'ကဲ ကဲ ပြောစမ်းပါ'

'ဥပမာ စစ်ကိုင်း။ ဘုရားတွေနဲ့ သိပ်ငြိမ်းချမ်းတဲ့နေရာ။ အဲဒီလိုနေရာမျိုးမှာ ဘယ်ကဆိုးယုတ်မှုက ရှိမှာလဲ။ ကောင်းမြတ်မှု တွေချည်းပဲပေါ့။ ဘယ်လောက်နေဖို့ကောင်းလဲ။ ဘယ်လောက်အေးချမ်းတဲ့အရိပ်လဲ'

'အို စစ်ကိုင်းလား။ ဒီခေတ်ကို မပြောပါနဲ့ဦး။ ပင်းယခေတ်တုန်းက စစ်ကိုင်းက စစ်တလင်းဖြစ်ခဲ့တယ်လေ။ ကိုမိုးငြိမ်းက သမိုင်းကို မလေ့လာခဲ့ဖူးထင်တယ်'

သူက သိပ္ပံသမားလား။ သမိုင်းကို မကျေညက်ခဲ့သူလား။

www.burmeseclassic.com

www.burmeseclassic.com



မြဝန်းရံကတော့ မိမိအလုပ်ကိုက ရှေးဟောင်းသုတေသနမို့ သမိုင်း ကိုလည်း ကျေညက်သည်ဟု ကိုယ့်ကိုယ်ကို ယုံကြည်၏။

'ငါးစီးရှင်လက်ထက်မှာလားမသိဘူး။ ညီအစ်ကိုချင်း သွေးချောင်းစီး သတ်ဖြတ်ခဲ့တာ စစ်ကိုင်းမှာပေါ့။ နောက်ဆုံး သွေးသားတော်တဲ့သူထဲက ထီးနန်းဆက်ခံမဲ့သူ မရှိတော့လို့ အိမ်ထောင်ဖက်ရဲ့ဆွေမျိုးထဲကနေ ဘုရင်လုပ်လိုက်ကြတဲ့ အထိပဲ။ နောက်ပြီး အစဉ်အဆက် နေပြည်တော်ဖြစ်ခဲ့တဲ့ အင်းဝနဲ့ ကပ်နေတဲ့နေရာပဲ။ ဆိုးယုတ်မှုမရှိဘဲ ဘယ်နေပ့ါမလဲ။ ရှင်ဘုရင်တွေဟာ ကိုယ့်ထီးနန်းနဲ့ပတ်သက်လို့ မလုံခြုံတော့ဘူးလို့ ခံစားရတဲ့အခါ ဘာကိုမှ မမြင်နိုင်တော့ဘူးရှင့်။ သံသယဖြစ်စရာလူ မှန်သမျှကို မျိုးဖြုတ် သုတ်သင်တော့တာ'

သူမ အဲသည်လို ချက်ချင်းတုန့်ပြန်လိုက်သည့်အခါ သူ့မျက်နှာတွင် မခံချင်စိတ်အရိပ်အယောင်ကို လှစ်ခနဲ မြင်လိုက်ရ၏။ ထို့နောက် ထိုအရိပ်သည် ချက်ချင်း ပျောက်ကွယ်သွားခဲ့ပါသည်။

သူ့ဆီက နောက်ထပ်နေရာတစ်ခု တော်တော်နှင့်ထွက်မလာခဲ့။ အနိုင်ရသူ၏မျက်နှာထားဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်ပြုံးလျက် သူ့စကားကို စောင့်နေခဲ့ချိန်မှာ သူမ၏ ကော်ဖီခွက်သည် အပေါ်ယံအလွှာပင် တင်းလျက်ရှိပြီ။ တစ်ခဏ တိတ်ဆိတ်နေခိုက် မိမိတို့အနီး စားပွဲဝိုင်းတွေဆီမှ စကားသံတို့ကို အဆက်မပြတ် ကြားနေရကြောင်း သတိပြုမိလာသည်။ သူမတို့နှစ်ယောက်တည်းမှ မဟုတ်ဘဲ။ ဘေးမှာ စားသောက်နေသူတွေ အများကြီးပါလား။ မြဝန်းရံသည် စိတ်လောတကြီး မေ့နေခဲ့ သောပတ်ဝန်းကျင်ကို ပြန်သတိပြုမိလာသည်။

မှန်နံရံတို့၏နောက်ဖက်မှာ အပြင်ဘက်ကို လှမ်းမြင်



နေရသည်။ ပိုလန်နိုင်ငံတစ်ဝန်းမှာ တွေ့ရတတ်သည့် မလှမပ ကျိုးတိုးကျဲတဲ ရိုးတံပြိုင်းပြိုင်း သစ်ပင်တွေတောင် သူတို့အနီးမှာ ရှိ။ မြင်မြင်သမျှသည် မီးထွန်းထားသော အဆောက်အဦးတွေ ချည်းပဲ။ ဥရောပဟန် အဆောက်အဦးတွေ။ လမ်းပေါ်တွင် သစ်ပင်ပုံစံဖြစ်အောင် မီးဆိုင်းမီးသီးများ ချိတ်ဆွဲလျက် အလှဆင် ထွန်းညှိထားသည်။ ခရစ်စမတ် မီးလုံးလေးများဖြင့် နှင်း ခရစ်စတယ်ပုံစံ၊ သစ်ရွက်ပုံစံ၊ သစ်ပင်ပုံစံ ပုံသွင်းကာ ပြင်ဆင်ထားသော ပိုဇနန်မြို့လေး၏ ချမ်းအေးတိတ်ဆိတ်မှုကို လှမ်းခံစားယူလို့ရ၏။

ခပ်လှမ်းလှမ်း ရင်ပြင်ကျယ်မှာ ကြီးမားသော ရေခဲ ပန်းပုရုပ်တုများ ရှိနေသည်။ ရေခဲကို လူပုံစံ၊ ယုန်ပုံစံ၊ သစ်ပင် ပုံစံ အမျိုးစုံ ထုလုပ်ထားသည့် မှန်ကဲ့သို့ ကြည်လင်စွာ ထွင်း ဖောက်မြင်နေရသော ပန်းပုရုပ်တုများသည် ဖြတ်သွား ဖြတ်လာ လူတွေ စုဝေးရပ်ကြည့်မိအောင် လက်ရာမြောက်လှသည်။ အော် သူတို့မှာ တို့လို သစ်တောအုပ်နဲ့ သစ်ပင်စိမ်းစိမ်း လှလှတွေ မရှိလို့ အခုလို ရေခဲတဲ့ဆောင်းရာသီမှာ ရေခဲကိုပဲ သစ်ပင်အတု အဖြစ် ပန်းပုထုလုပ် အလှကြည့်ရတာပါလား။

'ကျွန်တော်သိပြီ။ အင်းဝ၊ ပဲခူး၊ မန္တလေး၊ ရန်ကုန်၊ သံလျင် မင်းနေပြည်တော်ဖြစ်ခဲ့တဲ့နေရာတွေမှာ ညီမက အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုတွေ ဆိုးယုတ်မှုတွေကို တစ်ခုပြီး တစ်ခု ဆွဲထုတ်ပြနိုင်မှာ သေချာသွားပြီ။ ဒီတော့ အဲဒီနေရာတွေကို ကျွန်တော် ရှေးပြလို့ မရတော့ဘူး'

'ဒါဖြင့် အရှုံးပေးပြီလား'

သူမ ထိုစကားကို အရသာရှိစွာ ပြောလိုက်ပါသည်။

'အို ဝေးပါသေးတယ်ဗျာ။ ကျွန်တော်မရှုံးနိုင်ဘူး။ မရှုံးမဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာတစ်ခုကို သေချာပေါက်သိထားတယ်။ အဲဒီနေရာဟာ စစ်မြေပြင်လည်း မဟုတ်ခဲ့ဘူး။ နေပြည်တော်လည်း မဟုတ်ခဲ့ဘူး။ အဲဒီနေရာမှာ ဆိုးယုတ်မှုတစ်ခုမှ မရှိခဲ့ဘူး။ အေးချမ်းမှုတွေပဲ ရှိခဲ့တယ်။ အဲဒီနေရာကို ကျွန်တော် ရွေးပြမယ်'

'ပြောစမ်းပါဦး ဘယ်နေရာလဲ'

'နေဦးလေ။ ကျွန်တော်တို့ လောင်းကြေးထပ်ကြမယ်ဆို'

သူ့ မျက်လုံးမှာ ညစ်ကျယ်ကျယ်အပြုံးကို သူမ သတိထားလိုက်မိသည်။ အလွန် ခါးသီးစရာကောင်းသည့်အပြုံး။

'လောင်းမယ်လေ'

'ကောင်းပြီ။ ကျွန်တော်ရှုံးရင် ညီမ ကျွန်တော့်ဆီက ဘာလိုချင်လဲ'

'ကျွန်မလိုချင်တာ ရှင်တကယ်ပေးမှာလား'

'အော် ရှုံးပြီဆိုမှတော့ ပေးရတော့မှာပေါ့ဗျာ'

စိတ်လိုက်မာန်ပါသာ ပြောလိုက်ရပေမဲ့ တကယ်တမ်းကျတော့ သူစိမ်းတစ်ယောက်ဆီက သူမ ဘာမှတောင်းစရာမရှိ။ ထို့ကြောင့် ခဏ ငြိမ်နေစဉ် သူက ပြောခဲ့သည်။

'ကျွန်တော်နိုင်ရင်လိုချင်တဲ့ လောင်းကြေးကို ပြောရမလား'

'ပြော'

'ခဏနေဦး။ ညီမမှာ မိသားစုရှိလား'

မြဝန်းရံ ထိုစကားကို နားမလည်လိုက်ပေမဲ့ ခေါင်းယမ်းပြလိုက်သည်။

'အိမ်ထောင်မရှိဘူးပေါ့'

သူ ဘာကို ဆိုလိုချင်တာလဲ။ သူမ ရိပ်မိသလိုလို ဖြစ်လာခဲ့သည်။



'ကောင်းပြီ။ ဒါဖြင့် ကျွန်တော့် လောင်းကြေးကို ပြောမယ်။ ညီမရှုံးရင် ကျွန်တော့်ကို ညီမ လက်ထပ်ရလိမ့်မယ်'

'ဘာ'

ကြားလိုက်ရသော စကားကို သူမ မယုံကြည်နိုင်ခဲ့။ သူ့မျက်လုံးကို စူးစူးစိုက်စိုက် အကဲခတ်ကြည့်ပေမဲ့ ထိုမျက်လုံးတွေက ခပ်တည်တည်။

ဒါ နောက်နေတာမဟုတ်ဘူး။

ပထမဆုံး ခံစားလိုက်ရသည်က သူမ ပါးပြင်နှစ်ဖက်မှ ပူနွေးမှု။ ဒုတိယ ခံစားလိုက်ရသည်က ပူလောင်သည့် ဒေါသပါ။

'ဒါ လောင်းစရာလားရှင့်'

သူမအသံက ခပ်ဆတ်ဆတ်ဖြစ်သွားခဲ့သည်။ တုန်ယင်မှုတောင် ပါသွားနိုင်သည်။

'လောင်းစရာမဟုတ်ဘူးလားဗျာ။ ကျွန်တော်က လောင်းကြေးကို ခေါ်ရုံခေါ်ကြည့်တာ။ လိုက်တာ မလိုက်တာက ညီမအပိုင်းပါ'

'ဒါ တောင်မဝင်ဘူးလေ'

သူ့ကို ခါးခါးသီးသီး စိုက်ကြည့် ငြင်းခဲ့ချိန်မှာ မြဝန်းရံ ကိုဇင်၏မျက်နှာကို မြင်ယောင်သွားခဲ့သည်။ ကိုဇင်သည် မိမိချစ်သူမဟုတ်ပါ။ သို့သော် တစ်ချိန်ချိန် မိမိကို လက်ထပ်ခွင့် တောင်းလာမည်ဟု သူမ မျှော်လင့်ခဲ့သော၊ သူမ ငြင်းပယ်ရန် အကြောင်းမရှိသော သူငယ်ချင်းတစ်ယောက်ဖြစ်၏။

'ကျွန်မမှာ ရည်မှန်းထားပြီးသားလူ ရှိတယ်'

သူမ ခပ်ပြတ်ပြတ် ပြောလိုက်သော်လည်း သူ့အတွက် ဒါက အရေးမကြီးသလိုပဲ။

'ကျွန်တော့်မှာတော့ ရည်မှန်းထားပြီးသားလူ မရှိဘူးဗျ'

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း။ တော်တော် မျက်နှာပြောင်တဲ့လူပါလား။

'တခြားလောင်းကြေးကို ပြောပါ'

'ကျွန်တော်က ဒီလောင်းကြေးကိုပဲ တန်ဖိုးထားတယ်။ ဒါပေမဲ့ ညီမ မလိုက်ရဲဘူးဆိုရင် ဒီလောင်းကြေးက တရားမဝင်ပါဘူး။ မလိုက်ရဲဘူးမဟုတ်လား။ ဒါဖြင့် ညီမ ဝန်ခံလိုက်ပါ။ အဆိုးမရှိတဲ့နေရာတွေ လောကမှာ အများကြီးရှိသေးတယ်လို့'

'ဘာဆိုင်လို့ ဝန်ခံရမှာလဲ။ ဒါက ဟုတ်မှ မဟုတ်တာ။ နေရာတိုင်းမှာ ခေတ်တစ်ခုခုမှာ မကောင်းဆိုးဝါး ယုတ်မာမှုတွေ ရှိခဲ့တာချည်းပဲ'

'ညီမ ဒီလောက်သေချာရင် လောင်းလေ'

'အို အဓိပ္ပါယ်မရှိတဲ့ လောင်းကြေးကြီးကို'

အလောင်းအစားဟူသမျှတွင် လောင်းကြေး သတ်မှတ်ကြတာချည်းပါပဲ။ လောင်းကြေးအနည်းအများသာ ကွာခြားသည်။ တချို့လောင်းကြေးက ဘဝနှင့်ရင်းနှီးရသော လောင်းကြေးတွေဖြစ်သတဲ့။ သောကပရိဒေဝများ (Les miserables) ဆိုသည့် ကမ္ဘာကျော် ပြင်သစ်ရုပ်ရှင်မှာ ဇာတ်လိုက်က လောင်းကြေး ရှုံးသွားလို့ ကိုယ့်မိန်းမကို ရောင်းပစ်ခဲ့သည်။ မိန်းမသည် ဝယ်လိုက်သည့် ပုဂ္ဂိုလ်ထံတွင် နေခဲ့ရသည်။ ဘယ်လောက် ဆိုးရွားတဲ့အဖြစ်လဲ။

'ညီမ လက်မခံရဲဘူးမဟုတ်လား။ ဘာဖြစ်လို့လဲဆိုတော့ ညီမရှုံးရတော့မှာ သေချာနေတာကိုး'

'ကျွန်မ နိုင်ကို နိုင်မှာပါ'

'ဒါဖြင့်'

ထိုလောင်းကြေးကို ပယ်ထုတ်ပစ်လိုက်ဖို့ ကောင်းသည်ဟု သတိရချိန်က သူမ လက်ခံလိုက်ပြီးသား ဖြစ်နေပြီ။

'စိန်လိုက်လေ'



'ဘယ်နေရာလဲလို့ မမေးသေးဘဲနဲ့ [illegible]ခံရတယ်ပေါ့'

ရင်ထဲမှာ လေးပင်သွားလိုက်တာမှ ကျောထဲကတောင် စိမ့်သွား၏။ သူမ ရှုံးကောင်း ရှုံးသွားနိုင်သည်ဟု ဖြန်းခနဲ အသိဝင်လာသောကြောင့်ဖြစ်သည်။ တော်တော် အဓိပ္ပါယ်မရှိသည့် လောင်းကြေးပဲ။ သို့သော် မြဝန်းရံသည် ဆုံးဖြတ်ပြီးသား အရာတစ်ခုအတွက် နောက်ဆုတ် ဘွာခတ်မည့်သူ မဟုတ်ပါ။

'ဟုတ်တယ်။ ရှင်တောင် ကျွန်မအကြောင်းကို ဘာမှ မသိဘဲ ဒီလောင်းကြေးကို ခေါ်ခဲ့သေးတာပဲ'

'ညီမအကြောင်းကို ဒီ့ထက်ဘာသိစရာလိုသေးလဲ။ ညီမလို ချစ်စရာကောင်းတဲ့ လွတ်လပ်တဲ့တွေးခေါ်ပညာရှင် ပညာတတ်တစ်ယောက်ကို လက်ထပ်ရမဲ့အရေးမှာ နောက်ထပ် ဘာများ သိစရာ ရှိသေးလဲဗျာ'

'ရှိတာပေါ့။ ကျွန်မမှာ အိပ်ချ်အိုင်ဗွီပိုး ရှိတယ်လေ'

သူ ရယ်မောပါသည်။

'ဟုတ်လား။ အသဲရောင်အသားဝါ ဘီပိုးတို့ စီပိုးတို့ ရှိသေးလား'

'ရှိတယ်'

'ကျွန်တော် အဲဒီပိုးတွေကိုပါ လက်ထပ်ယူမယ်ဗျာ။ ကဲ ဘယ့်နှယ်လဲ လောင်းကြေးကို ညီမ လက်ခံလိုက်ပြီးပြီနော်'

'အိုကေ ကျွန်မ ရှုံးရင် ရှင့်ကို လက်ထပ်မယ်'

အလောင်းအစားကတော့ လွန်သွားခဲ့ပါပြီ။

လောင်းကြေးကလည်း တစ်ဘဝစာပင် ကြေးကြီးလှ၏။ မိမိတို့ နှစ်ယောက်ကြားမှာ အကဲဖြတ်ပေးမည့်ဒိုင် မရှိ။ ဒိုင်မရှိသည့်အတွက် ဒီလောင်းကြေးဟာ တရားဝင်သလား တရားမဝင်ဘူးလား သတ်မှတ်ပေးမည့်သူ မရှိ။ ပိုဆိုးတာက သူမ၏ မခံချင်

www.burmeseclassic.com

www.burmeseclassic.com



ရှိတော့ပါပဲ။ ဒီ[illegible]းကြေးကို ငြင်းလိုက်စမ်းပါ ဟု ရင်ထဲမှ တဖွဖွ ပြောနေရ[illegible]နေ ဘယ်လိုက ဘယ်လို လက်ခံလိုက်မိမှန်း မသိ။ နှုတ်ခမ်းတင်းတင်းစေ့ပြီး ပြုံးလိုက်ရင်း စိန်ခေါ် လိုက်မိသည့် အဖြစ်ကို သူမ အခုထိ နားမလည်နိုင်ခဲ့။ ဘာကြောင့်များ သူမ လက်ခံလိုက်မိတာလဲ။ မှားခဲ့ပြီ။

'ဒါပေမဲ့ ရှင်ရှုံးရင်ကော။ ရှင်ရှုံးရင် ကျွန်မကို မရတော့ဘူးဆိုတာလောက်နဲ့ ပြီးသွားလိမ့်မယ်မထင်နဲ့။ တစ်ခုခု ရှင် ပြန်ပေးဆပ်ရလိမ့်မယ်'

'ရပါတယ်မြဝန်းရံ။ ကျွန်တော့်ဆီက ညီမ ဘာလိုချင်လဲ။ တောင်းပါ။ ကျွန်တော်ရှုံးရင် ပေးမှာပေါ့။ စောစောကတည်းက တောင်းပါလို့ ပြောနေတာ'

'ဟုတ်တယ် ရှင် ပေးရမှာပေါ့'

မြဝန်းရံ သူ့ဆီက ဘာတောင်းဆိုရမလဲ။ သူ နစ်နစ်နာနာကြီး ဆုံးရှုံးသွားစေချင်သည့်ဆန္ဒဖြင့် အားတက်သရော စဉ်းစားသည်။ သူမ ဘာတောင်းမလဲ။ သူ့ရဲ့ တန်ဖိုးအထားဆုံး အရာတစ်ခုခုကို လက်လွှတ်ပစ်လိုက်ရအောင် လုပ်ချင်သည်။ သူ တန်ဖိုးထားတာက ဘာဖြစ်မလဲ။ ကျော်ကြားမှုလား၊ ကြွယ်ဝမှုလား၊ နိုင်ငံရပ်ခြားမှာ နေထိုင်ခွင့်လား။

'ပြောလေ ညီမ၊ ကျွန်တော် ညီမကို ဘာပြန်ပေးရမလဲ'

သူမ စဉ်းစားတာ နည်းနည်းကြာသွားတော့ သူက မထိတထိအပြုံးဖြင့် စကားထောက်ပေးသည်။ ရင်ထဲမှာ ခါးသက်သက်ဖြစ်လာသည်။ အခုမှတွေ့ရတဲ့လူတစ်ယောက်ကို မနှစ်မြို့တဲ့စိတ် ဘာကြောင့် ခံစားရတာလဲ။ အမုန်းဆိုတာ ပူလောင်လှပါလား။ ဘာပြန်ပေးရမလဲတဲ့။ အမှန်အတိုင်းပြောရလျှင် ဒီလူ့ဆီက မြဝန်းရံ ဘာကိုမှ မလိုချင်ပါ။ သူ့ကို နစ်နာစေချင်တဲ့ စိတ်တစ်ခုပဲ ရှိပါ



သည်။ မိန်းကလေးတစ်ယောက်ကို နှမချင်း မစာနာတတ်တဲ့သူ။ သူလိုလူမျိုးဆီမှာကိုပဲ ဆိုးယုတ်မှုကို တွေ့နေရပါပြီကော။

'ရှင် ရှုံးရင် ရှင့်ရဲ့လက်ရှိအလုပ်နဲ့ပညာကို စွန့်လွှတ်ပေးရမယ်။ အဲဒီအတတ်ပညာနဲ့ ကျွန်ရှိနေတဲ့ဘဝတစ်လျှောက်လုံးမှာ အသက်မမွေးတော့ပါဘူးလို့ ကျွန်မကို ကတိပေးရမယ်။ လောင်းရဲလား'

'ဟာ'

ထိုလောင်းကြေးကို သူ မျှော်လင့်မထားခဲ့တာ သေချာသည်။ သူ့မျက်နှာမှာ တွေဝေမှုကို ပထမဆုံးအကြိမ် သူမ မြင်ရသည်။ မှန်ကန်သော လောင်းကြေးကို ဆိုလိုက်မိပြီဟု ဝမ်းသာကျေနပ်သွားမိ၏။

သူ တော်တော်နှင့်စကားမပြန်နိုင်။ မြဝန်းရံကို ခပ်တွေတွေ အကြာကြီး ငေးကြည့်နေခဲ့သည်။ စောစောက မျက်နှာမျိုး မဟုတ်တော့ပါလား။

'ဘယ်လိုလဲ သဘောတူလား ကိုပြည်မိုးငြိမ်း'

'အင်း ကျွန်တော်တို့နှစ်ယောက်လည်း အပျက်ပျက်နဲ့ နှာခေါင်းသွေးတွေ ထွက်ကုန်ကြတော့မယ်'

သူ နံရံမှာ တွဲလောင်းချိတ်ထားသည့် မီးသီးနီနီလေးကို ငေးကြည့်လျက် ခပ်ညည်းညည်း ပြောသည်။

'ဘာလဲ ရှင် ဒီလောင်းကြေးကို မလိုက်ရဲတော့ဘူး မဟုတ်လား။ မလိုက်ရဲရင်လည်း ကျွန်မတို့ ပြန် ရုတ်သိမ်းလိုက်ကြတာပေါ့။ ဒီဆိုင်ကနေ ပြန်ထွက်တဲ့အခါ ကိုယ့်လမ်းကိုယ် လျှောက်ကြရုံပါပဲ။ ဘယ်သူ့မှာမှ အရှုံးမရှိပါဘူးလေ'

သူမစကားအဆုံးတွင် သူ ခေါင်းကို မော့လှန်လျက် ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်လိုက်ရဲတယ်။ လိုက်မယ်ဗျာ။ ကျွန်တော်ရှုံးရင် ကျွန်တော်အလွန်မြတ်နိုးတဲ့ သဘာဝပတ်ဝန်းကျင် ဒီဇိုင်းပညာရှင် အလုပ်ကို တစ်သက်လုံး စွန့်လွှတ်ပစ်လိုက်မယ်'

'ဒီလိုမှပေါ့ ကိုပြည်မိုးငြိမ်းရဲ့။ ကျွန်မက ရှင်ရွေးမယ့်နေရာကို မသိသေးဘဲနဲ့တောင် လောင်းကြေးကို လိုက်ရဲသေးတာ။ ရှင်ကတော့ ကိုယ့်နေရာကိုယ် ဆိုးယုတ်မှုကင်းတယ်လို့ လုံးဝသေချာယုံကြည်နိုင်ပြီးသားလူပဲ။ ဘာ မလိုက်ရဲစရာရှိမလဲ။ ဟုတ်တယ်မဟုတ်လား။ ကဲ ဘယ်နေရာလဲ ပြော'

သူ နေရာကို တစ်ခွန်း ရွတ်ပြသည်။

'အောင်မြေသာစံမြို့နယ်'

'အောင်မြေသာစံ'

ထိုနာမည်ကို မြဝန်းရံ ရင်းရင်းနှီးနှီး ကြားဖူးနေပါ သည်။

သူက အောင်နိုင်သူ အပြုံးကို ပြုံးလေသည်။

'အေးချမ်းသာယာတယ်။ ပတ်လည်မှာ ပုဂ္ဂလိကပိုင်တောအုပ်တွေနဲ့ စိမ်းလန်းနေတယ်။ အခုမှ မြို့နယ်စာရင်း ဝင်လာတာ မကြာသေးဘူးဗျာ။ အနီးပတ်လည်က ရွာတွေဆိုရင် ဆန်စပါးစိုက်ပျိုးပြီး ချောင်းမြောင်းတွေထဲမှာ ငါးရှာဖားရှာနဲ့ တော်တော်ရောင့်ရဲ တင်းတိမ်နိုင်တဲ့သူတွေ'

မှတ်မိပါပြီ။

အောင်မြေသာစံသည် ယခုအခါ သမိုင်းဝင်နယ်မြေ ဖြစ်သွားပြီ။ ဘာကြောင့်လဲဆိုတော့ ပျူခေတ်ယဉ်ကျေးမှုကို မကြာသေးခင်ကမှ တူးဖော်တွေ့ရှိခဲ့သည်မဟုတ်လား။

'ကျွန်မသိပါတယ်။ အောင့်မြေသာစံနယ်မှာ မကြာခင်က ရှေးဟောင်းသုတေသနအဖွဲ့တွေ သတ္တုခေတ်ကို ရှာတွေ့သွားကြတာလေ'



'ဟုတ်တယ်။ အဲဒီအောင်မြေသာစံဟာ ဆိုးယုတ်မှုတွေနဲ့ ဝေးတဲ့နေရာဗျ။ ဘုရင်တွေလည်း မရှိခဲ့ဘူး။ ထီးနန်းလုတဲ့ အဖြစ်တွေနဲ့လည်း ဝေးခဲ့တယ်။ အဲဒီနေရာဟာ မင်္ဂလာနေရာပဲ'

မိမိစုံစမ်းရမည့် အောင်မြေသာစံသည် ပျူလူမျိုးတို့၏ နယ်မြေဖြစ်ခဲ့သည်ဟု မြဝန်းရံ သိနေရသည့်အခါ စိတ်ထင့်သွားသည်။ သူပြောသလိုဖြစ်နိုင်ချေက တော်တော်များနေသောကြောင့်ပါ။ ပျူလူမျိုးတို့သည် ရက်စက်ကြမ်းကြုတ်သူတွေမှ မဟုတ်ဘဲ။ ငြိမ်းချမ်းမှုကို လိုလားသူတွေ ဖြစ်သည်။ စစ်မက် ဖြစ်ပွားဖို့ စိတ်မကူးကြ။ မတည့်သည့်အုပ်စုတွေကို စီးချင်းထိုးခိုင်းတာတို့ အဆောက်အဦ ပြိုင်ဆောက်ခိုင်းတာတို့သာ လုပ်ကြသည်။ ဘယ်လောက်ထိ အကုသိုလ်ကို ရှောင်ကြဉ်သလဲဆိုလျှင် ပိုးထည်စစ်စစ်ကို ဝတ်လျှင် ပိုးများစွာကို သေစေမှာဖြစ်လို့ အသက်တွေကို ချွေတာသောအားဖြင့် ပိုးနှင့်ချည်ကို ရောရက်ပြီး အဝတ်အထည် ဝတ်ကြသတဲ့။

အင်းလေ ပျူလူမျိုးတွေ၏နောက်ပိုင်းမှာ ခေတ်တွေ အများကြီး ဖြတ်သန်းခဲ့ရသေးတာပဲ။ မိမိတို့နိုင်ငံသည် အင်္ဂလိပ်လက်မှာ ကျွန်ဖြစ်ခဲ့သည်။ ဂျပန်လက်ထက်မှာ အနှိပ်စက်ခံခဲ့ရသည်။ ဒီလို ကိုလိုနီနိုင်ငံမျိုးမှာ ဘယ်နယ်မြေမှာများ ဆိုးယုတ်မှုတွေနှင့် ကင်းဝေးနိုင်မှာလဲ။ ဆိုးယုတ်မှုဟာ တစ်နေရာရာမှာ တစ်နည်းနည်းဖြင့် မင်းမူခဲ့မှာ လုံးဝသေချာပါသည်။ သူမတာဝန်က ဘယ်အချိန်တုန်းက ဘယ်လိုအခြေအနေအထိ ဆိုးယုတ်ခဲ့သလဲ ဆိုတာ ရှာဖွေပေးရုံပါပဲ။

တကယ်တော့ အဖြေက ရှိပြီးသား။ မတွေ့မှာသာ စိုးရိမ်ရတာပါ။

မြဝန်းရံ ခေါင်းညိတ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီလေ။ စိန်ခေါ်ပြီးရင် နောက်မဆုတ်တတ်ပါဘူး။ တစ်ခုတော့ ရှိတယ်။ ကျွန်မ အဲဒီမှာ ဆိုးယုတ်မှုရှိမရှိကို စုံစမ်းဖို့ ကျွန်မအလုပ်တွေ ပြီးမှ လုပ်နိုင်မှာမို့ လနဲ့နှစ်နဲ့ချီပြီး ကြာမယ်'

'အို ပြဿနာမဟုတ်ပါဘူး။ ညီမကို လက်ထပ်ယူဖို့ ကျွန်တော်လည်း ပြင်ဆင်ရမှာတွေ ရှိသေးတာပဲ။ ညီမ ကြိုက်သလောက် အချိန်ယူပါ'

ကြည့်စမ်း။ မရှက်မကြောက် ပြောနေလိုက်တာ။ မြဝန်းရံ ရင်ထဲမှာ ခါးသီးမှုတွေ ပိုပိုများလာသည်။

'အိုကေ ဒီကာလတွေမှာ ရှင့်အတတ်ပညာကို တတ်နိုင်သလောက် အသုံးချပေါ့။ အပြီးအပိုင် မစွန့်လွှတ်ရခင်လေ'

သူ ရယ်မောသည်။ သူမ လိုက်မရယ်ပါ။ သူ့ကိုသာ အခဲမကျေစွာ စိုက်ကြည့်နေမိသည်။

ထို့နောက် သူမ၏ ပတ်ဝန်းကျင်သည် အသက်ရှုရတာ ခက်ခဲလာသည်။ ကျွန်မ အသက်ရှုလို့ မဝတော့ဘူး။

လှပသည်ဟု ခံစားခဲ့သော မီးလုံးမီးဆိုင်းလေးများ၊ တွဲလွဲချိတ်ထားသည့် ကြယ်ပုံသဏ္ဍာန် မီးပုံးပုံသဏ္ဍာန် ဆွဲလွဲလေးများသည် လိုအပ်သည်ထက် ပိုမို လှုပ်ခတ်ကာ ဆူညံလာကြသည်။

မြဝန်းရံ မှားသွားပြီ။ အလောင်းအစားသည် မိမိအတွက် အကြီးအကျယ် မှားယွင်းမှု တစ်ခုဖြစ်သည်။

သူမ ရှုံးခဲ့လျှင် သူ့ကို လက်ထပ်ရတော့မည်။ ဘယ်က လာမှန်း မသိရသော၊ ဘယ်လို မျိုးရိုးမှန်း မသိရသော၊ ရက်စက်ကြမ်းကြုတ်စိတ်တွေ ကိန်းအောင်းနေသူလား မသိနိုင်သော သူစိမ်းပြင်ပြင် လူတစ်ယောက်ကို မိမိက လက်ထပ်ရမတဲ့။

မဖြစ်နိုင်။ သူမ အနိုင်ရမှ ဖြစ်မည်။



သို့သော် သူမ အနိုင်ရခြင်းသည် တစ်နည်းအားဖြင့် လူသားထု၏အရှုံးပဲဖြစ်မည်။ ဆိုးယုတ်မှုတွေ ကင်းဝေးသည့် နေရာ မရှိတော့ဘူးဟူသည့်အဓိပ္ပါယ်ဖြစ်မည်။ သူမ နိုင်ပါစေဟု ဆုတောင်းလျှင် သူမ တရားပါ့မလား။ ဆိုးယုတ်မှုတွေကို တွေ့ရပါစေဟု ဆုတောင်းသည့် သဘော ဖြစ်မနေဘူးလား။ ဒါဆိုလျှင် ဆိုးယုတ်ရက်စက်မှု၏ဒဏ်ကို ခံစားခဲ့ရသည့် သားကောင် လူသားတွေ ရှိခဲ့ပါစေဟု ဆုတောင်းသလို ဖြစ်မနေဘူးလား။

ဟင့်အင်း အဲလို ဆုမတောင်းကောင်းပါဘူး။

ဆုပ်လည်းစူး၊ စားလည်း ရူးဆိုတာ ဒါမျိုးပဲထင်ပါရဲ့။

ရှုံးရင်လည်း မိမိအရှုံး။ သူမ နိုင်ခဲ့လျှင်လည်း ဆိုးယုတ်မှု၏အနိုင်မို့ လူသားတွေ၏အရှုံးပါပဲ။

အို ဒါဟာ တရားဝင်စာချုပ်စာတမ်းနဲ့ ချုပ်တဲ့ သဘောတူညီချက်မှမဟုတ်ဘဲ။ ငါရှုံးတော့ရော ဘာဖြစ်သေးလဲ။ မယူနိုင်ပါဘူး။ မယူလို့ သူ ငါ့ကို ဘာအမှုနဲ့ တရားစွဲမလဲ။ ပြောစမ်းပါ။

ဘာလုပ်ရမှန်းမသိ။ ရင်တွေ တဒိုင်းဒိုင်းခုန်လာသဖြင့် သောက်လက်စ လက်ကျန်ကော်ဖီကို သူမ ယူသောက်လိုက်၏။

ဘုရားမရေ။

ကော်ဖီက အေးစက်စွာ ခါးသက်လှပါလား။

www.burmeseclassic.com

www.burmeseclassic.com

(၁)

ခေတ်တိုင်း နေရာတိုင်းမှာ ထိုခေတ်ထိုနေရာ၏ ကိုယ်ပိုင် မကောင်းဆိုးဝါး ကိုယ်စီရှိသည်။

နံနက် ၁၀နာရီ ဆွမ်းခံကြွချိန်ဖြစ်သော်လည်း နေကျဲကျဲ ပူလှပြီ။ ဒုတိယကမ္ဘာစစ်ကာလ လက်ကျန် ချက်ပလက်ကားအိုကြီး ပေါ်မှ ဆင်းခဲ့ပြီးနောက် ငါးမိနစ်လောက် လမ်းလျှောက်အပြီးမှာ သူမ ဖိနပ်ပြတ်သွားပါသည်။ သဲရောသည့် မြေလမ်းပေါ်တွင် စီး လက်စ ခွာမြင့်ဖိနပ် ရုတ်တရက်ပြတ်သွားသည့် အကျိုးဆက်သည် အနီးဆုံးရွာမှာ ညအိပ်ညဉ့်နေ တည်းခို ဖို့အထိ ဖြစ်သွားလိမ့်မည်ဟု မြဝန်းရံ မထင်ခဲ့မိပါ။

မြဝန်းရံသည် ဖိနပ်ကို တစ်ရံပြတ်မှ သို့မဟုတ် တစ်ရံ ပြတ်ခါနီးမှ နောက်အသစ်တစ်ရံ ဝယ်သူ ဖြစ်ပါသည်။ ဖိနပ်နှင့်ပတ် သက်လျှင် သူမမှာ ဘယ်လိုမှထိန်းချုပ်လို့မရသည့် စိတ်အစွဲတစ်ခု ရှိနေလို့ ဖြစ်သည်။

ပုဂံပြည်ရှင် နရသီဟပတေ့မင်းကို နေ့စဉ် အနပ်တိုင်း ပြင်ဆင်ပေးခဲ့ရသည့် ဟင်းခွက် ၅၀၀ တို့သည် ဝေါ်ပြတ်နေသည့် ပုဂံသူ ပုဂံသားတို့အတွက် ဆိုးယုတ်မှုတွေ ဖြစ်ခဲ့သလို ဖိလစ်ပိုင် သမ္မတကတော်ဟောင်း အီမယ်လ်ဒါမားကို့စ်၏ဖိနပ်အရံ နှစ်ထောင်သည်လည်းကောင်း၊ အောက်ရှဝစ်ဇ်အကျဉ်းစခန်းမှာ



ပြထားသည့် ဓာတ်ပုံထဲမှ အရံပေါင်း ထောင်သောင်းချီလျက် စုပုံ ထားသည့် ဖိနပ်အဟောင်းများစွာသည်လည်းကောင်း သူမကို နှာကျင်စေခဲ့လို့ ဖြစ်ပါသည်။

ထို့ကြောင့် စီးလက်စ ဖိနပ်လေး ခပ်နွမ်းနွမ်း ဖြစ်နေခဲ့ သည်ကို သတိထားမိသော်လည်း သူမ အသစ်မဝယ်ခဲ့မိသေး။ ထို့ကြောင့်လည်း ခရီးထွက်ခွာသည့်အခါ သည်ဖိနပ်ကိုပဲ စီးခဲ့မိ၏။ အခုတော့ ဖိနပ်က ပြတ်သွားပြီ။

ကိုဇင်က သူမကို 'ကြောင်တယ်' ဟု ခဏခဏ မှတ်ချက် ချဖူးသည်။ သူ ဖာသိဖာသာနေဖြစ်သော အကြောင်းအရာတို့ကို သူမက အလေးအနက်ခံစားတတ်သောကြောင့် ဖြစ်ပါသည်။ အခု လို ဖိနပ်ဝယ်လို့မရသောနေရာတစ်ခုမှာ မြဝန်းရံ ဖိနပ်ပြတ်သွား တာ သူသိလျှင် ကရုဏာပဲသက်မိမလား။ သရော်တော်တော်ပဲ ရယ်မောလေမလား။

ရွာမှာ ဖိနပ်ဆိုင် ရှိမရှိ မသေချာပေမဲ့ ဖိနပ်တစ်ရံ လောက် ငှားစီးပြီး ကျသင့်ငွေကို ပေးဝယ်လို့တော့ ရနိုင်သည်။ ဘယ်လို ဖိနပ်မျိုးပဲရရ အနီးဆုံးမြို့သို့မရောက်မီ စီးလို့ရလျှင် တော်ပြီ။

ရွာထဲသို့ ဦးတည်ပြီး လျှောက်လာစဉ် ဖိနပ်က ခြေညှပ် မဟုတ်သဖြင့် ပြတ်သွားသည့် သဲကြိုးသည် ခြေထောက်ကို နည်း နည်းမှ ထိန်းမထားနိုင်။ ထို့ကြောင့် ဖိနပ်ပြတ်ကို နွမြောမြောနှင့်ပဲ လမ်းဘေးမှာ ထားပစ်ခဲ့ပြီး ဗလာခြေဖဝါးဖြင့် မြေကို နင်းလာရ သည်။ ခြောက်သွေ့မာကျောသည့် မြေပေါ်မှာ ကောက်ရိုးဖြတ်စ တွေနှင့် မြေကျစ်တခဲတွေကလည်း ခြေဖဝါးကို စူး၊ ခရီးအတွက် လိုသမျှအရာတွေ ထည့်လာသည့် ကျောပိုးအိတ်ကလည်း လေး။

ရွာထိပ်ကုက္ကိုပင်ကြီးအောက်မှာ လူတွေစုပြုံပြီး ရပ် စကားပြောနေသည်ကို သတိထားမိသည်။ အုပ်စုတွင် ကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ပါသည်။ သူတို့စကားပြောနေကြပုံက စိတ်ထိခိုက်တုန်လှုပ်နေဟန်။

'ကျွန်မဖြင့် စိတ်မကောင်းလွန်းလို့တော် စျေးတောင်မရောင်းချင်တော့ပါဘူး'

'အေးတော် ဖြစ်မှ ဖြစ်ရပလေ'

'အခုပဲ မလှငွေတို့အိမ်ကို သွားမေးမလို့'

'အေးဗျာ ကျုပ်လည်း လိုက်ခဲ့ဦးမယ်'

မြို့သူပုံစံနှင့် ဖိနပ်အပြတ်နှင့် ကျောပိုးအိတ်ပိုးထားသည့် မြဝန်းရံကို ရွာသူရွာသားတွေက မြင်သော်လည်း သူတို့မှာ သူမထက် ပိုအရေးထားရမည့်အကြောင်းအရာတစ်ခု ရှိနေခဲ့လို့ ဟာသိဟာသာပင် နေကြသည်။ သွားနေသည့် ခြေလှမ်းတွေ မပျက်ကြ။ သူမ အနီးဆုံးအိမ်မှာ အကူအညီတောင်းပြီး ဖိနပ် တောင်းယူရမလား။ သို့သော် ဒီရွာမှာ စိတ်မကောင်းစရာအမှု ဘာများ ဖြစ်နေပါလိမ့်။ မြဝန်းရံ သူတို့နှင့်အတူ ရောယောင်ပြီး ခြေလှမ်း လှမ်းနေမိသည်။

လူတွေစုဝေးနေသော အိမ်တစ်ခုသို့ ရောက်သွားသည်။ အပြာရောင် တာပေါ်လင် မိုးကာစကြီးကို အိမ်တံစက်မြိတ်မှ ဖြန့်ချကာ ထောက် ထောက်ထားသည်။ ထို မိုးကာစ အရိပ် အောက်မှာ ထန်းကုလားထိုင်စားပွဲတစ်စုံ ရှိပြီး လူ လေး-ငါးယောက် ထိုင်နေကြသည်။ ခြံဝိုင်းထောင့် တစ်နေရာတွင် ထင်းမီးဖိုဖြင့် တည်ထားသောအိုးကြီးထဲ၌ ဟင်းတွေ ပွက်ပွက်ဆူနေသည်။ အမျိုးသမီးသုံးယောက် ထိုဒယ်အိုးအနီးတွင် အလုပ်ရှုပ်နေသည်။ ထူးခြားတာက သူတို့အားလုံး လေသံ တိုးတိုး ထိန်းပြီး စကားပြောကြသည်။ သူတို့မျက်နှာမှာ တုန်လှုပ်မှုတွေ။



တချို့က မြဝန်းရံကို မြင်သွားခဲ့သည်။ မိမိ သူတို့အတွက် အနှောင့်အယှက်ဖြစ်နေမလားဟု အခုမှ တွေးမိသည်။ အခုမှ ရုတ်တရက် ပြန်လှည့်ထွက်လျှင်လည်း ရုပ်ပျက်တော့မည်။ လူတွေက သူမအား ကြောင်ကြည့်နေကြသည့်အခါ မြဝန်းရံ ရပ်နေရတာ မသက်သာသလို ဖြစ်လာသည်။ အနီးဆုံး ဒေါ်ကြီးတစ်ယောက် အနားသို့ သူမ ချဉ်းကပ်သွားမိသည်။

'ကျွန်မ ခရီးသွားဧည့်သည်ပါ။ ကျွန်မ သွားရင်းလာရင်း လမ်းမှာ ဖိနပ်ပြတ်သွားခဲ့လို့ ဖိနပ်အဟောင်းလေးတစ်ရံလောက် များ ရရင် လိုချင်ပါတယ်။ ကျသင့်ငွေကို ပေးပါ့မယ်ရှင်'

အဒေါ်ကြီးက မတုန်မလှုပ် မျက်နှာသေဖြင့်ပင် မြဝန်းရံ၏ခြေထောက်ကို ငုံ့ကြည့်သည်။ သူမ ချက်ချင်းပင် မှားသွားပြီဟု သိ လိုက်သည်။

'အဲ ဒါပေမဲ့ မသက်မသာ ဒုက္ခပေးသလို ဖြစ်မှာစိုးလို့ ကျွန်မ တခြားကို သွားရမယ်ထင်တယ်နော်။ ခွင့်ပြုပါဦးရှင်'

မြဝန်းရံ ပြန်လှည့်အထွက်တွင် သူ ခပ်တိုးတိုး ပြောလာသည်။

'ဒီလိုလုပ်ပါလား။ ဒေါ်ကြီးအိမ်က ဟိုဘက်အိမ်ပဲ။ သွားလိုက်။ လှေကားခုံမှာ ဖိနပ်ပါးအဖြူတစ်ရံရှိတယ်။ အဟောင်းပဲ။ ဒါပေမဲ့ ငါ့တူမနဲ့ အတော်ပဲဖြစ်မယ်။ အဲဒီဖိနပ် ယူသွားပါ။ ပိုက်ဆံလည်း မပေးရပါဘူး'

'အို အားနာစရာဖြစ်နေပါပြီ'

'သွားသွား။ အိမ်မှာ ဘယ်သူမှတော့ မရှိဘူး။ အားလုံး ဒီဘက်အသုဘအိမ်မှာ လာကူနေကြတာ။ လွတ်လွတ်လပ်လပ် အဝတ်အစားဘာညာ လဲလို့ရတယ်။ မျက်နှာသစ် ရေမိုးချိုးလို့လည်းရတယ် သိလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင့်'

ဒီလိုဆိုတော့လည်း အဒေါ်ကြီးက သဘောကောင်းသားပါလား။ သူ့အပူနှင့်သူမို့ မဖော်ရွေနိုင်ခဲ့တာဖြစ်မှာပါ။

မြဝန်းရံအတွက် ထိုဖိနပ်က နည်းနည်းကြီးနေသည်။ သို့သော် အဲဒါ အရေးမကြီးပါ။ ဖိနပ်မပါ ဗလာခြေဖဝါးဖြင့် သွားရသည်နှင့်စာလျှင် ခြေဖနောင့်မှာ တစ်လက်မလောက် ပိုထွက်နေသော ဖိနပ်ကလည်း အလွန်အဖိုးတန်မှာပါ။

သူမ အိမ်ရှင်ခွင့်ပြုချက်ဖြင့် လူမရှိသော အိမ်ပေါ်သို့တက်ပြီး အိတ်ကို ခဏချကာ သွားတိုက်ဆေး သွားပွတ်တံ ထုတ်ယူပါသည်။ အိမ်က ထရံကာ သက်ကယ်မိုးပဲ။ ဘေးထရံ၏ တချို့နေရာတို့တွင် ပေါက်ပြဲနေသည်။ ထိုအပေါက်ကို ဂျာနယ်စက္ကူဖြင့် ကာထားသည်။ ခေါင်းရင်းထရံနှင့်ကပ်လျက် ဘုရားစင်ပေါ်တွင် ဉာဏ်တော်တစ်ပေလောက်ရှိမည့် ရွှေချထားသော ဆင်းတုတော် တစ်ဆူ ရှိသည်။ ဘုရားပန်းအိုးကတော့ အစိမ်းရောင်ဖော်စိမ်းပန်းများဖြင့် ဝေဆာနေ၏။ အိမ်ရှေ့နံရံတွင် ရွှာခလေ့အတိုင်း ယပ်တောင်တို့ကို ထရံကြားတွင် ထိုးညှပ်ထားသည်။

တစ်ဖက်အိမ်ဆီမှ ကြားနေရသော ငိုကြွေးသံသဲ့သဲ့ကြောင့် သူမ စိတ်ကျဉ်းကျပ်သွားမိသော်လည်း စိတ်ဝင်စားနေမိသည်။

ဘယ်သူမှမရှိပေမဲ့ ချိုးရေသုံးဖို့ကိုတော့ အားနာရသည်။ သူတို့ဆီမှာ ရေက ရှားတတ်၏။ သူမ မြင်မိသလောက်တော့ အိမ်ပေါ် နောက်ဖေးမီးဖိုချောင်ရှိ စဉ့်အိုးအသေးစား တစ်လုံးထဲမှာ ရေတစ်ဝက်ရှိသည်။ အောက်ဘက် ခြံဝင်းထဲမှာတော့ တံစက်မြိတ်အောက်မှာ ချထားသော ရေတိုင်ကီဟောင်း တစ်လုံး မြင်ခဲ့သည်။



ရေရှိမရှိ သူမ သတိမထားခဲ့မိ။ ထို့ကြောင့် လက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပြီး မျက်နှာပဲ သစ်လိုက်ပါသည်။ မျက်နှာသစ်ရသည့် ကျေးဇူး၊ ဖိနပ်ပေးသည့် ကျေးဇူးတို့ကို တုန့်ပြန်သည့်အနေဖြင့် ခရီးအတွက် သယ်လာသော ကော်ဖီမှုန့်ထုပ်နှင့် နို့မှုန့်ထုပ်ကို မီးဖိုခန်းက စားပွဲဝိုင်းပေါ်မှာ အထုပ်လိုက် တင်ထားလိုက်၏။

အိမ်ရှင်၏ခြေညှပ်ဖိနပ်ပါးအဖြူလေးကို စီးပြီး အိမ်ထဲမှ ပြန်ထွက်လာခဲ့သည်။ ခြေညှပ်ဖိနပ်က ခြေဖဝါးအောက်မှာ ပေါ့ပါးစွာ အဆင်ပြေလှသည်။ စေတနာရှင်ဒေါ်ကြီးကို လူအုပ်ထဲမှာ မဟုတ်တော့ဘဲ အိမ်ပေါ်အတက် လှေခါးရင်းတွင် အကြမ်းပန်းကန်တစ်ထပ် ကိုင်လျက်သား တွေ့ရသည်။

'ကျေးဇူးတင်ပါတယ်ဒေါ်ဒေါ်။ နည်းတယ်များတယ်လို့ မအောက်မေ့ပါနဲ့၊ ဒေါ်ဒေါ့်အတွက် ကျွန်မ ကော်ဖီမှုန့်နဲ့ နို့မှုန့်ထုပ်လေး လက်ဆောင်ထားပေးခဲ့ပါတယ်'

'အိုကလေးမနှယ် မဟုတ်တာ။ မလိုပါဘူး။ ဒုက္ခရောက်နေတဲ့လူကို ကူညီတာ ထုံးစံပါပဲ။ မလိုဘူး ပြန်ယူသွား။ နေပါဦး လာလာ ဘယ်မှာ ထားခဲ့တာလဲ သွားယူရအောင်။ ကျုပ်တို့က အစားအသောက်ဆန်းတွေ မစားတတ်ပါဘူး'

အဒေါ်ကြီးက ပြောပြောဆိုဆို ပန်းကန်အထပ်ကို ကိုင်လျက်က သူ့အိမ်ဆီ ခြေလှမ်းပြင်တော့ မြဝန်းရံ တားမြစ်မိသည်။

'ဒေါ်ဒေါ်ရယ် ဒေါ်ဒေါ့်စေတနာနဲ့ မေတ္တာကို ကျွန်မ ဒီလောက်လေးတော့ တုန့်ပြန်ခွင့်ပြုပါ။ ဒါနဲ့ ဒီအိမ်ကို ကျွန်မ ဘာများ ကူညီ လုပ်ကိုင်ပေးရမလဲဟင်'

အိမ်ရှေ့ တာပေါ်လင်အမိုးအောက်မှာ စောစောကထက် လူတွေ ပိုများလာပြီ။ အိမ်အပေါ်ထပ်ဆီသို့ လှမ်းကြည့်ပြီး ဒေါ်ကြီးက သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သတ္တဝါတစ်ခု ကံတစ်ခုတဲ့။ သဗ္ဗေ သတ္တာ ဝေနေယျာ ချမ်းသာကိုယ်စိတ်မြဲကြပါစေ။ လာဘ်တိတ်တာတွေ ဘာတွေ နမိတ်ဆိုးတွေ အယူမရှိရင် အိမ်ပေါ်ကို ခဏ တက်ကြည့်ပါလား'

သူမ ဘာမှ မစဉ်းစားဘဲ လက်ခံလိုက်ပါသည်။

မြဝန်းရံသည် ဘာအယူမှရှိသူမဟုတ်။ လာဘ်ကောင်းခြင်း လာဘ်တိတ်ခြင်းသည် မိမိအပြုအမူနှင့်သာ သက်ဆိုင်သည်ဟု ယူဆသည်။ ထို့ကြောင့် လူတွေစည်ကားပါလျက် ခြောက်သွေ့နေသော အသုဘအိမ်ပေါ်သို့ တက်လိုက်သည်။ အိမ်က ရေနံသုတ်ထားသော သက်ကယ်မိုး သစ်သားတစ်ထပ်အိမ် ဖြစ်သည်။ အနိုင်အခန့် ဆောက်ထားသည်။ မြေစိုက်အိမ်မဟုတ်ဘဲ လှျာထိုးကြမ်းခင်းခင်းထားသော အခင်းမြင့်အိမ်ပေါ်သို့ လှေခါးသုံးထစ်ဖြင့် တက်ရသည်။ အိမ်ပေါ်ရောက်ရောက်ချင်းပင် တက်မလာခဲ့မိရင် အကောင်းသားဟု နောင်တရသွားသည်။

အသုဘရှင်ဖြစ်နိုင်သည့် အသက် ၄၀ဝန်းကျင် အမျိုးသမီးက အလောင်းစင်၏ဘေးမှာထိုင်လျက် ဖျင်ကြမ်းမျက်နှာသုပ်ပဝါဖြင့် မျက်ရည်သုတ်လျက် ငိုကြွေးနေသည်။ သူ့ကို အနားက အဒေါ်ကြီးတစ်ယောက်က ပခုံးဖက်ပြီး နှစ်သိမ့်နေသည်။ သူတို့နှင့်အတူ မိန်းမ သုံးလေးယောက်အုပ်စုလည်း ရှိသည်။ ခေါင်းရင်းကျကျတွင်တော့ အမျိုးသားတွေ။ အားလုံး မျက်နှာမသာမယာ။

အခုမှ အခမ်းအနား ပြင်ဆင်နေဆဲ ပူပူနွေးနွေး အသုဘဖြစ်၏။

အဒေါ်ကြီးက ရှေ့မှ လျှောက်သွားပြီး ကြွေရည်သုတ်လင်ပန်းထဲသို့ အကြမ်းပန်းကန်အထပ်ကို ချလိုက်ချိန်တွင် သူမက လမ်းကြုံလို့ အသုဘမေး ဝင်လာသည့် ဧည့်သည်အဖြစ် ခြေရင်းကျကျမှာ ဝင်ထိုင်လိုက်ရသည်။



မိမိနှင့်မျက်နှာချင်းဆိုင်ဖြစ်နေသော အလောင်းစင်ကို အကဲခတ်ကြည့်လိုက်၏။

ဟင်. . ။

မျှော်လင့်မထားသည့် မြင်ကွင်းမို့ မြဝန်းရံ တစ်ခဏ အသက်ရှူဖို့ မေ့သွား၏။

အလောင်းစင်က သေးသေးလေးပါလား။ အရှည် လေးပေတောင်မရှိသည့် စင်လေး ဖြစ်သည်။ စင်ပေါ်မှာ ဇာဖြင့် ဖုံးလွှမ်းထားသည်က ပြားချပ်ချပ် အရာတစ်ခုသာ။ ကလေးတစ်ယောက်၏ကိုယ်ခန္ဓာလား။ ပိန်ကပ်လွန်းနေ တာလား။ ဟင့်အင်း အလောင်းကိုယ်ထည်ကို သူမ မမြင်ရပါ။အလောင်းပေါ်မှာလွှမ်းထားသော အဝါရောင်ဂါဝန်လေးကိုသာ စင်ကြမ်းခင်းပေါ်မှာ အပြားလိုက် မြင်ရသည်။ အလောင်းရှိရမည့်နေရာမှာ ပြားချပ်ချပ်။

ဘုရားဘုရား။ ဘယ်လိုပါလိမ့်။

သူမ၏နားမလည်နိုင်စိတ်သည် ကြောက်ရွံ့စိတ်သို့ ပြောင်းလဲသွားသည်။

ထိုအချိန်မှာပင် အက်ကွဲတိမ်ဝင်သော ငိုသံရှည်ဖြင့် မိန်းမက ငိုပြန်လေသည်။

'အမလေး သမီးလေးရဲ့ အဖြစ်ဆိုးလှချည့်လား'

သူမ ခေါင်းပေါ်ကဆံပင်တွေ ထောင်ထသွားသည့် ခံစားချက်ကို ရုတ်တရက်ရလိုက်သည်။ အဲဒါ ဘာခံစားချက်လဲ။ မိမိအနီးတွင် မကောင်းဆိုးဝါးတစ်ခုခု ရှိနေသည်ကို အာရုံသိ ဖြင့် သိနေရသလို။

မကောင်းဆိုးဝါးသည် အသုဘအနံ့အပြင် သီးသန့်အနံ့အသက် ရှိသလား။ ထိုအနံ့သည် သွေးနံ့လိုလို ညှီစို့စို့

www.burmeseclassic.com

www.burmeseclassic.com



အနံ့ဖြစ်မလား။ မကောင်းဆိုးဝါးသည် အနီးတစ်ဝိုက်တွင် ရှိနေသူကို ကျောစိမ့်စေသည့် ထူးခြားသောအာရုံကို ရစေသလား။ အသုဘသည် တစ်ခုခုတော့ မှားနေပြီ။ ပုံမှန်မဟုတ်။

'သွေးရှိုးသားရှိုး သေရတာဆိုရင် ကျုပ် ဖြေနိုင်ပါတယ်တော်။ အခုတော့ သမီးလေးမှာ မချိမဆန့် ဝေဒနာ ခံစားပြီး အသေဆိုးနဲ့ သေရရှာလေခြင်းတော့'

အက်ကွဲ နာကျင်သော မချိတရိ ငိုညည်းသံနှင့်အတူ သူမပါးပြင်သို့ အေးစက်သောအငွေ့တစ်ခု ဖြတ်သန်း ပွတ်သပ်သွားသည်။ မြဝန်းရဲ ကြက်သီးထသွားပါသည်။

အသေဆိုး၊ ထိုစကားလုံးသည် သူမနားထဲသို့ စူးရှစွာ ဖောက်ထွင်း ဝင်ရောက်သွားသဖြင့် စကားလုံးဒဏ်ဖြင့်ပင် သူမ နာကျင်သွားရသည်။

အနားမှာရှိသော အမျိုးသမီးညှော်သည်ကို မေးခွန်း တစ်ခု မေးဖို့ သူမ လှည့်ကြည့်လိုက်မိသည်။ ထိုအမျိုးသမီးက မေးစရာမလိုဘဲ မိမိအား စိတ်ပါလက်ပါ ခပ်တိုးတိုး လေသံဖြင့် ရှင်းပြပါသည်။

ဆယ်နှစ်အရွယ် ချစ်စရာကလေးမလေး ရွှေမှုန်ဝင်းသည် ထိုညနေက နှစ်မိုင်လောက်ဝေးသော တခြားရွာရှိ အလယ်တန်း ကျောင်းဆင်းချိန် အိမ်အပြန်မှာ အိမ်သို့ ပြန်ရောက် မလာခဲ့။ ညနေခင်းတစ်ခုလုံး ညချမ်းတစ်ခုလုံး မိဘနှင့် ဆွေမျိုး များ အပူတပြင်း ရှာကြသော်လည်း မတွေ့။ နောက်ဆုံးတွေ့လိုက်သူက တစ်ရွာတည်းနေ ရွှေမှုန့်သူငယ်ချင်းမလေး ထွေးငယ်ဖြစ်သည်။ ရွာထဲသို့ ပြန်ဝင်လာကြတာက အတူတူပဲ။ ထွေးငယ့်အိမ်က ရွာအစပ်မှာရှိသည်မို့ ထွေးငယ်က သူ့အိမ်မှာ ကျန်ရစ်ခဲ့သည်။ ရွှေမှုန်က ရောက်မလာ။ ညအထိ ရောက် မလာခဲ့။



မီးတုတ်တွေ၊ မီးအိမ်တွေဖြင့် ညသန်းကောင်အထိ လိုက်ရှာကြသော်လည်း မတွေ့။ နှစ်ရက်မျှ ရွှေမှုန်ပျောက် နေသည့် အချိန်အတွင်း မိဘတွေမှာ ပူပန်သောကဖြင့် သွေးရူး သွေးတမ်း ဖြစ်နေခဲ့ကြရသည်။

ညတုန်းကတော့ မိခင် အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် သမီးငယ်တစ်ကိုယ်လုံးရေတွေစိုရွှဲလျက် ခိုက်ခိုက်တုန် ငိုကြွေးနေသည်။

'အမေ ကျွန်မ ချမ်းလိုက်တာ။ အမေလာခဲ့ပါ ကြောက်တယ်'

မိခင်သည် အိပ်မက်မှလန့်နိုးလာသည့်အခါ သည်းထန်စွာ ငိုကြွေးတော့သည်။ ရွာရှိ ရေနှင့်ပတ်သက်သောနေရာတို့တွင် လူစုလူဝေးနှင့် လိုက်ရှာကြပြန်သည်။ ယခုတစ်ကြိမ်မှာတော့ ရွာလယ်ရှိ အသုံးမပြုတော့သည့်ရေတွင်းပျက်ကြီးထဲတွင် ဖောင်းပွနေပြီဖြစ်သော ကလေးမလေး၏အလောင်းကို တွေ့ရတော့သည်။ ပုံပျက်စပြုနေသော ကလေးမလေး၏ကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်များကို မှန်းဆကြည့်ပြီး ကလေးမ၏ ကံကြမ္မာကို ရိပ်စားမိကြရသည်။ ကလေးမလေးအား မုဒိမ်းကျင့်ပြီးမှ ဓားဖြင့်ထိုးသတ်ခဲ့ခြင်း ဖြစ်သည်။

တရားခံ ဘယ်သူလဲ။

ဘယ်သူကမှား ဆယ်နှစ်သမီး လူမမယ်ကလေးလေးကို ရက်ရက်စက်စက် ပြုကျင့်သတ်ဖြတ်ခဲ့ပါလိမ့်။ ဘာကြောင့်လဲဟု မေးရန် မလို။ ဒါက လိင်နှင့်ပတ်သက်သော အကြမ်းဖက်လူသတ်မှုတွေ၏ပုံစံတူအတိုင်း ဖြစ်သည်။ ပျောက်ဆုံးနေသည့်ကလေးမို့ ရဲကို လူပျောက်တိုင်ထားပြီးသား။ လူသတ်မှုဟုသိသွားသည်နှင့် တစ်ပြိုင်နက် ရဲတွေကို အကြောင်းကြားရသည်။ ရဲတွေက

www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို စစ်ဆေးဖို့ ခွဲစိပ်ဖို့ သယ်ယူသွားသည်။ ထို့ကြောင့် အသုဘအိမ်မှာ လောလောဆယ် ကလေး၏ရုပ်အလောင်းမရှိ။

အလောင်းမရှိတာလည်း တစ်နည်းတော့ တော်သေး၏။ အသုဘလာသူတွေ အလောင်းကိုမမြင်ရတာက မကောင်းဆိုးဝါး၏လုပ်ရပ်ကို မမြင်ရအောင် စိတ်သက်သာရာရအောင် တစ်ခဏ ကင်းလွတ်ခွင့်ပေးထားသလို ရှိသည်။ အနည်းဆုံး မိမိအတွက် စိတ်သက်သာဖွယ်ရာ ဖြစ်သည်။ မြဝန်းရံသည် ကလေးမလေး၏ ကိုယ်ပေါ်မှ ရုပ်ပျက်ဆင်းပျက် နှိပ်စက်ခံ ဒဏ်ရာတို့ကို မမြင်ရက် မကြည့်ရက်ပါ။ တစ်ခါတစ်ခါကျတော့ ဆိုးယုတ်မှုတစ်ခုကို မမြင်ရအောင် ဖွတ်အတင်းဖုံးကွယ် မျက်နှာလွှဲလိုက်လို့ ထိုဆိုးယုတ်မှုက ကိုယ့်မျက်ကွယ် ရောက်သွားသည့်အခါ တကယ်ပဲ မရှိခဲ့သလိုလို မှားယွင်းစွာ နေသာထိုင်သာ ရှိသွားသည်။

မကြည့်ရက်လို့မျက်နှာလွှဲခြင်းသည် မှန်ကန်သော လုပ်ရပ် ဟုတ်ပါရဲ့လား။ သူမ မသိပါ။ မြဝန်းရံကတော့ ကြည့်ဖို့ ခွန်အားမရှိလျှင် ကိုယ်လည်း ဘာမှ လုပ်မပေးနိုင်ခဲ့လျှင် မျက်နှာလွှဲလိုက်ချင်မိသည့် ကိုယ့်ကိုယ်ကိုယ် အမြဲ အပြစ်တင်မိပါသည်။

အလောင်းကို ယခုမနက်မှ ရှာတွေ့သည်မို့ အသုဘကို အခုမှ ချက်ချင်းစီစဉ်ရသည်။ အခုအချိန်တွင် မိဘတို့သည် မချိတင်ကဲ တုန်လှုပ် ခြောက်ခြားနေရသည်။ ယူကြုံးမရ စိတ်ထိခိုက်နေသည်။ ဖြစ်ပျက်သွားတာကို မယုံနိုင်သေး။ လောလောလတ်လတ် ထိုးနှက်လိုက်သော ဒဏ်ချက်မှာ ပြင်းထန်လွန်းလှသဖြင့် ဖြေမဆည်နိုင်သေး။ မဟန်နိုင်သေး။ တချို့အလှမ်းဝေးသူတွေ ရောက်မလာသေး။ ထူးဆန်းစွာ အဖြစ်ဆိုးဖြင့် သေဆုံးသည့် အသုဘမို့ ဧည့်ပရိသတ်တွေအများကြီး ရောက်လာလိမ့်မည်။ စပ်စုသူတွေလည်း ပါမည်။ တကယ်စိတ်ထိခိုက်ပြီး ကရုဏာဖြင့် မေး



မြန်း နှစ်သိမ့်လိုသူတွေလည်း ပါမည်။

မြဝန်းရံ ထိုင်နေသည့်အချိန်မှာပင် အပြင်မှာ လူတွေ အုတ်အုတ်သဲသဲ တီးတိုးအသံတို့ဖြင့် ရှုပ်ယှက်ခပ်နေသည်။

'ဘုန်းကြီးကြွလာပြီ'ဟု ခပ်အုပ်အုပ် သတိပေးသံတွေက စုပေါင်းလိုက်သည့်အခါ အသံကျယ်ဖြစ်သွား၏။

ကြမ်းပြင်ပေါ်သို့ ဘုန်းကြီးတက်လာသည်။ သင်္ကန်းဝါကို မြင်လိုက်သည်နှင့် အခန်းထဲတွင် မမြင်ရဘဲနှင့် ရှိနေသလို ခံစားရသော ကြောက်မက်ဖွယ် မကောင်းဆိုးဝါးအာရုံ ပျက်ပြယ်သွားဖို့ ကောင်းသည်။ သို့သော် သူမကျောထဲက စိမ့်နေအောင် အေးစက်မှုမှာ လျော့မသွားပါ။

ဘုန်းကြီး၏ခြေအစုံကို လက်ဖြင့်အုပ်ကာ မျက်နှာအပ်လျက် ယူကြုံးမရတိုင်တည်လိုက်သော မိခင်၏နာကျင်အက်ကွဲစွာ ငိုကြွေးသံက မြဝန်းရံ၏နှလုံးသားကို ထုနှက်လိုက်သလိုပဲ။

'ဆရာတော်ဘုရားရဲ့ သမီးလေးရဲ့အဖြစ်ဆိုးကို မြင်ရက်သေးရဲ့လား ဘုရား'

တော်တော်အနေရခက်ပါသည်။ သူမ ဆက်ထိုင်နေရမလား။ ထွက်ခွာသွားဖို့သင့်ပြီလား။ ကိုယ့်ကို မသိသောအိမ်၊ အပူသည်အိမ်ဖြစ်နေသောအိမ်မှာ မြဝန်းရံ ဘာဖြစ်လို့ ဆက်ထိုင်နေမိသလဲ။ ဆိုးယုတ်မှုကြောင့်သေခဲ့ရသည့်အသုဘသာ မဟုတ်လျှင် သူမ ဆက်ထိုင်နေဖြစ်ပါ့မလား၊ မြဝန်းရံ မသိပါ။

သူမ ဘာလုပ်ရပါ့မလဲ။

အပူသည်မိခင်ထံမှမျက်နှာလွှဲကာ ဟိုဟိုသည်သည် ဝေ့ဝဲကြည့်မိသည်။ အိမ်ပေါ်တွင် ရှိနေကြသူများ၏ မျက်နှာတွေသည် မျက်နှာသေတွေ ဖြစ်၏။ ဖခင်နှင့်တူသောလူတစ်ယောက်ကတော့ နီရဲသောမျက်နှာဖြင့် တောက်တခေါက်ခေါက်နှင့် ဘုရားစင်ရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငိုက်စိုက်ကျနေသည်။ သူမနှင့် တစ်ယောက်ကျော်မှာ ထိုင်နေသူ မိန်းမတစ်ယောက်က မြဝန်းရံကို သိသိသာသာ စိမ်းစိမ်းကြီးကြည့်လျက် အကဲခတ်နေ၏။ သူမ ထိုင်နေရတာ မသက်မသာဖြစ်လာသည်။ ထိုမိန်းမ၏ မျက်လုံးတွေမှာ မယုံသင်္ကာ စိမ်းကားခြင်းကို တွေ့ရ၏။ သူတို့၏အတွင်းစည်းဝိုင်းထဲတွင် သူစိမ်းတစ်ဦးရောက်နေသည်ကို မနှစ်မြို့ဟန်ရှိသည်။

သူမ တစ်ခုခုတော့ လှူပ်ရှားမှ ဖြစ်မည်။ သေသူလေးအတွက် ဒါနကုသိုလ်တစ်ခုခုဖြင့် ကူညီရန် ဆုံးဖြတ်လိုက်သည်။ ရွာ၏မလေ့ကို မြဝန်းရံ မသိ။ ငွေအကူခံသည့်ဓလေ့ ရှိရဲ့လား။ အသုဘငွေ ကူမခံသည့် ရွာရယ်လို့ ရှိမှာမဟုတ်ပါ။ ကူပံ့ကူနည်းသာ အရေးကြီးသည် ထင်ပါသည်။ သူမ ကျောပိုးအိတ်ထဲမှ တစ်ထောင်ကျပ်တန်ငါးရွက်ကို ထုတ်ယူလိုက်၏။ စာရွက်လွတ်တစ်ခုကို ခေါက်ပြီး စာအိတ်ပုံစံလုပ်ကာ အထဲသို့ ငွေကို ထည့်လိုက်သည်။ထို့နောက် ဘုန်းကြီးရှေ့မှာ ခွေခေါက်စွာ လဲပြိုနေသော အသုဘရှင် အမျိုးသမီး၏ရှေ့သို့ ထိုစာရွက်ခေါက်လေးကို အသာချပေးလိုက်သည်။ ပြီးတော့ အနူးညွှတ်ဆုံး စကားသံဖြင့် တိုးတိုးပြောလိုက်ပါသည်။

'ကျွန်မက ဒီရွာကို ဖြတ်သွားတဲ့ ဧည့်သည်ပါ။ ကွယ်လွန်သူအတွက် ကုသိုလ်ကောင်းမှုလုပ်ဖို့ ငွေနည်းနည်း လှူပါရစေနော်'

မိခင်က ဘာမှမတုန့်ပြန်နိုင်။ ဘေးနားက နှစ်သိမ့်နေသူ အမျိုးသမီးကသာ လက်ခံယူလိုက်သည်။

'ဟဲ့ ဒီမှာ ငွေကူနေတယ်။ ထည့်စရာ ဖလားတစ်လုံး ယူလာခဲ့စမ်းပါ'

ဖြစ်နိုင်လျှင်တော့ ကလေးကို ရက်ရက်စက်စက် သတ်လိုက်သည့် လူသတ်သမားကို အပူတပြင်း စုံစမ်းထောက်လှမ်းနေ



သူတွေအား ကူညီပေးလိုက်ချင်ပါသည်။ အခုတော့ မြဝန်းရံသည် ရှေးဟောင်းသုတေသနပညာကို မဟာဝိဇ္ဇာဘွဲ့ ရရှိထားသူသာ ဖြစ်သည်။ အများအားဖြင့် လွန်ခဲ့သည့်နှစ် ရာပေါင်း ထောင်ပေါင်းများစွာက အရိုးဆွေးနေသည့် သချိုင်းများကို တူးဖော်ခြင်းနှင့်သာ ရင်းနှီးကျွမ်းဝင်သူပါ။ သို့သော် ရက်စက်ယုတ်မာသောတရားခံကို ကူညီ ရှာဖွေပေးချင်သည်။ နှလုံးသားမှ တိုက်ရိုက်လာသော စိတ်ထိခိုက်မှုကြောင့်ရယ်၊ သည်နယ်မြေ၏ မကောင်းဆိုးဝါး ဆိုးယုတ်မှုကို ရှာဖွေဖို့တာဝန်ရယ် ဘယ်အကြောင်းရင်းက ပိုများသလဲ သူမ မသိပါ။

'ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ ကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားမိသည် ရှိသော်'

လူစုက သိပ်မများပါ။ အိမ်ဆံ့သလောက် ဆယ်ယောက်ကျော်ကျော်ပဲ ရှိမည်။ သို့သော် ခပ်အုပ်အုပ် ရွတ်ဆိုလိုက်သော အသံက ညီညာစွာ ဟိန်းနေ၏။ သူမပါ ကျုံ့ကျုံ့ထိုင်ပြီး ဘုရားရှိခိုးလိုက်ပါသည်။

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ'

သရဏဂုံကို ရွတ်ဆိုရင်း မိမိ နောက်ကျောကို နူးညံ့သော တစ်စုံတရာဖြင့် ထိကပ်နေသလို ခံစားရသဖြင့် ကိုယ်ကို ကျုံ့ကာ ရှေ့သို့ နေရာရွှေ့ပေးလိုက်သည်။ သို့သော် ထိုအရာက ပျောက်ကွယ်မသွား။ သူမနောက်ကျောကို လာတိုးဝှေ့နေသလို ပွတ်သပ်နေဆဲ။ မြဝန်းရံ နောက်သို့ လှည့်ကြည့်လိုက်တော့ ဘာမှမရှိ။ ဘယ်သူမှရှိမနေပါ။ သူမ ကြက်သီး ဖျန်းခနဲ ထသွား၏။ ဘုန်းကြီး ဘာတွေရွတ်နေလို့ ပရိသတ်က ဘာတွေ လိုက်ဆိုနေသလဲ မသိ

www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့အောင် သူမနှလုံးက တဒိတ်ဒိတ်ခုန်လျက် လက်ဖျား ခြေဖျားတွေ အေးစက်လာပါသည်။

'လွန်ခဲ့သောနှစ်ရက်က ဘဝတစ်ပါး ပြောင်းရွှေ့ကွယ်လွန်သွားသော ကြာသပတေးသမီး မရွှေမှုန်ဝင်းအား ရည်စူး၍'

ဘုန်းကြီး၏တရားသံမှာ တည်ငြိမ်နေသည်။ ဘုန်းကြီးကအသားလတ်လတ် မျက်နှာပြည့်ပြည့်၊ အိန္ဒြေကြီးသည့်မျက်နှာထားဖြင့် မျက်လွှာချထားသည်။ အသက် သိပ်မကြီးသေး။ အလွန်ဆုံးရှိမှ ငါးဆယ်လောက်ပေါ့။ မြဝန်းရံသည် ဘုန်းကြီးကို အားကိုးတကြီးလှမ်းကြည့်မိသည်။

မဖြစ်နိုင်ပါဘူး။ ဒါဟာ စိတ်ထင်တာသက်သက်ပါပဲ။ အဓိပ္ပါယ်မရှိတဲ့အတွေးတွေကို ဖျောက်ပစ်လိုက်စမ်းပါ။ ဘယ်တုန်းကများ နာနာဘာဝ ဝိနာဘာဝကို ယုံကြည်ခဲ့ဖူးလို့လဲ။ မကောင်းဆိုးဝါးဆိုတာ မမြင်ရတဲ့ဝိညာဉ်တစ်ခု မဟုတ်ဘူး။ ကြိုတင်မခန့်မှန်းနိုင်တဲ့ လူ့စိတ်တစ်ခုပဲ။

တရားနာပရိသတ်ထဲက မိန်းမသံတချို့ကတော့ ငိုရှိုက်သံဖြင့် တရားကို လိုက်ဆိုနေသည်။ သူမအတွက် ပြန်ထွက်ဖို့အသင့်ဆုံးအချိန်မှာ ဤအချိန်ဖြစ်မလား။ မြဝန်းရံ ဒီနေရာမှာ လုံးဝကို မနေချင်တော့ပါ။ သို့သော် မဖြစ်သေးပါဘူး။ ဘုန်းကြီး တရားဟောပြီးလျှင် အမျှဝေလိမ့်မည်။ အမျှဝေပြီးမှ ထွက်ခွာလျှင် ပိုပြီးယဉ်ကျေးရာကျလိမ့်မည်ဟု တွက်မိသည်။ နောက်ပြီး သူမ အခုအဖြစ်အပျက်ကို ဒီ့ထက်ပိုပြီး သိချင်စုံစမ်းချင်သေးသည်။ ကင်မရာနှင့်လည်း မှတ်တမ်းဓာတ်ပုံလေးငါးပုံလောက် ရိုက်ချင်သေးသည်။ အသုဘရှင်ကို ဘယ်လိုခွင့်တောင်းရမှာလဲ။ ဓာတ်ပုံထဲတွင် ပါရမည့်အရာတို့ကို ကင်မရာဘောင်မြင်ကွင်းဖြင့် သူမစိတ်ကူးထဲမှာ မှန်းဆကြည့်မိသည်။



အလောင်းမပါသောအလောင်းစင်။ သေသူ၏ကိုယ်ခန္ဓာမပါဘဲ အဝါရောင်ဂါဝန်လေးသာ လွှားထားသည့်အသုဘ။ ထိုအရာတွေကို ဓာတ်ပုံအဖြစ် မှန်းဆကြည့်နေမိသည်။ ငိုကြွေးနေကြသော မိဘတို့ကို ဓာတ်ပုံရိုက်ဖို့အထိတော့ မလုပ်ကောင်းဘူးဟုတွေးမိသည်။ သို့သော် သက်သေပြရမည့် မှတ်တမ်းဓာတ်ပုံတွေထဲမှာ မိဘတွေပါလျှင်တော့ ပိုပြည့်စုံပါလိမ့်မည်။ သူမ ဘယ်လိုလုပ်ရပါ့မလဲ။

တရားဟောနေတုန်းမို့ အားလုံးသည် ဘုန်းကြီး၏ တရားထဲတွင်စိတ်ဝင်စားနေလိမ့်မည်။ ဒီအချိန်သည် မှတ်တမ်းဓာတ်ပုံရိုက်ဖို့ အကောင်းဆုံးဖြစ်မည်။ ဘယ်လိုလဲ။ ဘယ်သူ့ဆီမှာ ခွင့်တောင်းရမှာလဲ။ မိခင်က ဖြေမဆည်နိုင်သည့်အချိန်၊ ဖခင်ကို ခွင့်တောင်းလျှင်ရမလား။ သူမ ကျောပိုးအိတ်ထဲမှ ကင်မရာကို အသာလေး ထုတ်ယူလိုက်သည်။ ကင်မရာက သေးလွန်းသဖြင့် လက်ထဲမှာ ပျောက်နေ၏။ ဖခင်ဖြစ်သူထံ မျက်နှာမူလိုက်သည်။ ဖခင်ကခေါင်းငိုက်စိုက်ချလျက် ရှိသည်မို့ သူမဘက်ကိုလည်း မကြည့်။ ဘယ်ဘက်ကိုမှလည်း မကြည့်။ ဖခင်၏ဘေးမှ ဩဇာရှိပုံရသောလူကြီးကို မျက်လုံးချင်းဆုံဖို့ မြဝန်းရံ စောင့်ကြည့်နေသည်။ သို့သော် သူကလည်း ဘုန်းကြီးတရားကို အာရုံစိုက်ပြီး မျက်လွှာချလျက် နားထောင်နေလေသည်။

'တောစောင့်နတ် တောင်စောင့်နတ် သာသနာတော်စောင့်နတ်'

ထိုအချိန်မှာ မိမိအား တစ်ခုခုနှင့်ပစ်ပေါက်ခံလိုက်ရသလိုပင် ဆတ်ခနဲဖြစ်သွားသည်။ ဓာတ်ပုံ ရိုက်သင့်ရဲ့လားဟု တွေးမိသွားသောကြောင့်ဖြစ်၏။ သေဆုံးသွားသည့်ကလေးကို အားနာသင့်၊ အပူသည်မိခင်၊ ဖခင်တို့ကို ကိုယ်ချင်းစာသင့်သလား။

www.burmeseclassic.com

www.burmeseclassic.com



အို ဒီဓာတ်ပုံ မရိုက်ဘဲ နေလိုက်လို့လည်း သေပြီးတဲ့သူ ပြန်ရှင်လာမှာမှ မဟုတ်တာ။ ရိုက်ဖြစ်လိုက်လို့လည်း သေတဲ့သူမှာ ပိုထိခိုက်မသွားဘူးမဟုတ်လား။ ရိုက်ပေါ့။

နေစမ်းပါဦး။ ဒီဓာတ်ပုံကို ရိုက်လို့ရော ဘယ်လောက် အကျိုးရှိသွားမှာမို့လဲ။ ဓာတ်ပုံမရိုက်တော့ရော ဘာဖြစ်သေးလဲ။ မျက်နှာပူစရာကြီး။ မရိုက်တော့ပါဘူး။

မြဝန်းရံသည် ကင်မရာကို မသိမသာကိုင်ထားလျက် ကိုယ့်စိတ်ကိုယ် ဆုံးဖြတ်ရခက်နေသည်။ စိတ်တစ်ခုက ဓာတ်ပုံ မရိုက်နဲ့ဟု တားမြစ်နေသည်။ အတ္တကြီးသည့် အနိုင်လိုချင်သည့် စိတ်တစ်ခုက ဒီပုံရဖို့အရေးကြီးတယ်၊ ရိုက်လိုက်ဟု တိုက်တွန်း နေသည်။

ထိုအချိန်မှာပင် ဖလက်ရှ်မီးရောင် လက်ခနဲပွင့်သွားသည် ကို သတိထားလိုက်မိသည်။ မြဝန်းရံလက်ထဲကကင်မရာ မဟုတ် တာတော့ သေချာပါသည်။ လူအုပ်ထဲသို့ ရှာဖွေကြည့် လိုက်သည့် အခါ လူငယ်တစ်ယောက် မတ်တတ်ရပ်လျက် ဒစ်ဂျစ်တယ်ကင် မရာ အသေးစားလေးဖြင့် ဓာတ်ပုံရိုက်နေသည်ကို တွေ့ရသည်။ ထိုကင်မရာသမားကို တချို့က လှမ်းကြည့်လိုက်သည်။ သို့သော် လှမ်းကြည့်သူတို့၏မျက်နှာက ဘာမှမထူးခြား၊ စိတ်ဆိုးဟန် ဒေါသထွက်ဟန် မတွေ့ရ။ ဒါဆို မြဝန်းရံလည်း ရိုက်လို့ရတာပေါ့။ ဟင့်အင်း မတူဘူး။ ဟိုလူက ရွာခံနဲ့တူတယ်။ ငါက သူစိမ်း။ ငါ ရိုက်ရင် လက်ခံပါ့မလား။ သူ့ဆီက ဓာတ်ပုံတစ်ပုံလောက် တောင်း ယူနိုင်သားပဲလေ။ မရိုက်တော့ပါဘူး။

'မရွှေမှုန်ဝင်းနှင့်တကွ အားလုံး ကြားကြားသမျှ'

ဘုန်းကြီးရွတ်ဆိုချိန်တွင် ငိုကြွေးသံအကျယ်ကြီး ထွက် ပေါ်လာခဲ့သည်။ အကျယ်လောင်ဆုံးငိုသံမှာ မိခင်အသံ ဖြစ်မှာပါ။



'အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့၊ သာဓု သာဓု သာဓု'

သာဓုခေါ်သံတွေထဲတွင် မြဝန်းရံသည် အသံတစ်သံကို မျှော်မှန်းကာ နားစွင့်မိသည်။ တစ်နေရာရာမှ နာကျင်ကြေကွဲနေ သော ကလေးသံလေးတစ်ခုကိုများ ကြားရလေမလား။

မြဝန်းရံ မမြင်ဖူးသော ကလေးမလေးသည် ဘယ်လိုပုံစံ ရှိမှာပါလိမ့်ဟု သိပ်ကို သိချင်လာသည်။ အသုဘစင်တွေမှာ သေသူ ၏ဓာတ်ပုံကို ပုံကြီးချဲ့ပြီး ချိတ်ထားလေ့ရှိသော်လည်း အခုအိမ်မှာ တော့ ချက်ချင်းကြီးမို့ ပုံကူးလို့ မရသေးတာလား၊ ရွာမှ မြို့အထိ သွားကူးနေရလို့လား မသိ။ ဘာပုံမှ မရှိပါ။ မရှိတော့ သူမ ပိုပြီး မြင်ဖူးချင်လာသည်။ ကလေးမလေးသည် တစ်ချိန်ချိန်မှာ ကြုံတွေ့ လာမည့် သူ့ကြမ္မာဆိုးကို ကြိုပြီး မသိနိုင်ခဲ့စဉ်က ဘယ်လောက်ထိ ပျော်ရွှင်ချမ်းမြေ့ခဲ့လေမလဲ။ မသေမီက သူ့ဘဝလေးကို မိမိ၏ မှတ်တမ်းထဲမှာ ထင်ဟပ်ပေးချင်သည်။

တရားနာပြီးလို့ လှုပ်လှုပ်ရွရွဖြစ်လာသော ပရိသတ်ကြား မှာ အခွင့်ကောင်းယူပြီး ဖိနပ်ငှားသည့် အဒေါ်ကြီးအား သူမ လှည့် ကြည့်စကားပြောလိုက်သည်။

'သေသွားတဲ့ကလေးရဲ့ဓာတ်ပုံ ဒီမှာမရှိဘူးနော်။ ကျွန်မ မြင်ဖူးချင်လိုက်တာ အဒေါ်ရယ်'

အဒေါ်ကြီးကိုသာ ပြောရတာပေါ့။ ဒီပတ်ဝန်းကျင်မှာ မိမိ ကိုငြိုငြင်ပြသူကသူတစ်ယောက်တည်းကိုး။ ဒေါ်ကြီး၏မျက်လုံး တွေ ကလေးမအတွက် ကရုဏာစိတ်ဖြင့် နူးညံ့နွေးထွေးသွား၏။

'အေး ရှိတာပေါ့ကွယ်။ ရွှေမှုန်လေးက တလည်း သိပ် တော်တယ်။ မနှစ်က ဆုရလို့ ဆုယူနေတဲ့ဓာတ်ပုံလေးတောင် ရှိ တယ်ကွဲ့။ ကြည့်ချင်ရင် အဒေါ်ရှာပေးမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးက သည်အိမ်တွင် ရင်းရင်းနှီးနှီးနေထိုင်သူ ဖြစ်ပုံရသည်။ ချက်ချင်းပင် စင်တစ်ခုပေါ်မှာ ဟိုသည်လှန်လှော ရှာဖွေ၏။ မကြာမီပင် အယ်လ်ဘမ်စာအုပ်တစ်ခုကို ဖုံသုတ်လျက် သူမထိုင်နေရာသို့ ပြန်လျှောက်လာသည်။

ကြောင်ရုပ်လေးပုံနှင့် အယ်လ်ဘမ်ကို လှန်ကြည့်လိုက်တော့ ပထမဆုံးဓာတ်ပုံက ကလေးမလေးတစ်ယောက်။ အို...။ ယောင်ပေစူးလေးကို မျှော်လင့်နေခဲ့မိသော မြဝန်းရံသည် ဆံပင်ဂုတ်ဝဲနှင့် မျက်နှာဝိုင်းပြည့်ပြည့်လေးကို မြင်လိုက်ရတော့ အံ့ဩသွားသည်။ ချစ်စရာကောင်းလိုက်တာ၊ သနပ်ခါးပါးကွက်ဝိုင်းလေးဖြင့် နှုတ်ခမ်းလေး ပါးလှပ်နေအောင် ပြုံးရယ်နေလိုက်တာများ။ အော် သူကလေးခမျာ ဒီဓာတ်ပုံကိုရိုက်နေတဲ့ အချိန်တုန်းက အခုလို ကျရောက်လာမဲ့ ကြမ္မာဆိုးကို ဘယ်သိနိုင်ပါ့မလဲ။ မိဘတွေကရော သူ့သမီးလေး ဒီလို အဖြစ်ဆိုးကို ကြုံရမယ်လို့ ဘယ်မျှော်လင့်ထားခဲ့ပါ့မလဲ။

ထိုအချိန်မှာပင် လက်ထဲမှအယ်လ်ဘမ်ကို လက်တစ်ဖက်က ဖြုန်းခနဲ လှမ်းဆွဲယူလိုက်သဖြင့် မြဝန်းရံ လန့်သွားသည်။

'ကျုပ်သမီးလေး ဘယ်လောက်ချစ်စရာကောင်းလိုက်သလဲဗျာ'

ဆွဲယူလိုက်သူက ပြောရင်းနှင့် အသံတုန်ယင်သွားသည်။

ကလေးမလေး၏အဖေ။ သူ ဓာတ်ပုံကို တွေတွေကြီး စိုက်ကြည့်နေခိုက် လူတစ်ယောက် ရောက်လာ၏။

'ဒီပုံ လှတ်ကောင်းတာ။ ပုံကြီးချဲ့လိုက်ရင် ပထမတန်းပဲ။ ကျုပ် မြို့သွားပြီး ပုံကြီးချဲ့ခိုင်းလိုက်မယ် အစ်ကိုကြီး'

'ဘာ'



'ရွှေမှုန်လေးပုံလေ။ အလောင်းမြေကျပြီးတော့လည်း အမှတ်တရ သိမ်းထားဖို့'

'ငါ့သမီးကို ခွေးကျင့်ခွေးကြံကြံတဲ့ အယုတ်တမာကောင်ကို ငါ့လက်နဲ့သတ်မယ်။ ဟောဒီလက်တွေနဲ့ သတ်မယ်'

အသံက တဖြည်းဖြည်းကျယ်လောင်ကာ ခါးသီးလာပြီး နောက်ဆုံးစကားလုံးကို ဒေါသတကြီးအော်ဟစ်လိုက်၏။

ဘုန်းကြီးက ပြန်ကြွဖို့ အိမ်ပေါက်ဝ ရောက်နေကာမှ သူ့အသံကြောင့် ပြန်လှည့်ကြည့်သည်။

'ဒကာကြီး စောစောက ကျုပ်ပြောထားတာတွေ မေ့မပစ်နဲ့လေ။ ပြုသူအသစ် ဖြစ်သူအဟောင်း။ အဝိဇ္ဇာပစ္စယာ သင်္ခါရာတဲ့'

ထို့နောက် ဘုန်းကြီးက နောက်ဆံတင်းကာ ပြန်လှည့်လာပြီး သေသူ့ဖခင်အား ပခုံးကို အသာပုတ်၏။

'စိတ်ကိုထိန်းမှပေါ့ ဒကာကြီး။ ဒကာကြီးကမှ မထိန်းနိုင်ရင် ဒကာမကြီးက ပိုဆိုးတော့မှာပေါ့'

သူမ ကြည့်နေမိသည့် ဓာတ်ပုံကြောင့် ဖြစ်ရလေသည်မို့ စိတ်မကောင်းဖြစ်မိသဖြင့် မြဝန်းရံသည် အိမ်အောက်သို့ ခပ်ကွယ်ကွယ် ပြန်ဆင်းလာမိသည်။

အိမ်ရှေ့မြေပြင်တွင် လူအများ စုရုံးကာ တတွတ်တွတ် စကားစုပြောနေကြသည်။ ယောကျ်ားတွေ တော်တော်များ၏။ ဘာရယ်မဟုတ်၊ ထိုယောကျ်ားအုပ်စုဆီ သူမ မျက်စိအကြည့် ရောက်သွားသည်။ ပုဆိုးကွက်ကျဲကို ခါးပုံစကြီးကြီးဖြင့် ဝတ်ဆင်ထားသူအများစုမှာ အသက်က သုံးဆယ်ဝန်းကျင်တွေ ဖြစ်သည်။ တချို့က မြဝန်းရံဆီသို့ စူးစူးဝါးဝါး ပြန်ကြည့်နေသည်။ ထိုအထဲမှ အင်္ကျီလက်တို အညိုကွက် ဝတ်ထားသူတစ်ယောက်ကတော့ သူမနှင့်အကြည့်ဆုံသည့်အချိန်တွင် ဖျတ်ခနဲ မျက်လုံးလွှဲပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမျက်လုံးလွဲရာမှာ ဟင်းအိုး မီးထိုးနေသော မိန်းမတစ်ယောက်ထံ၊ ထိုမှတစ်ဆင့် ခြံစည်းရိုး ရှားစောင်းပင်တွေထံ၊ သူ့မျက်လုံးတွေက အိမ်မြဲမရ။ အငြိမ်မနေ။ တစ်ခုခုကို အသေအချာမကြည့်ဘဲ သာမန်ကာ ရှန်ကာ ကြည့်သည်။ သူ့မျက်လုံးနှင့် တစ်စက္ကန့်လောက် ဆုံလိုက်သည့်ခဏမှာ ထိုအကြည့်က ခါးသီးလှချည့် ဟု မြဝန်းရံ ထင်မိသည်။

နေစမ်းပါဦး။ အခု အိမ်ရှေ့မှာ ရောက်ရှိနေသူတွေထဲတွင် ကလေးမလေးကို ပက်ပက်စက်စက် ကျင့်ကြံသတ်ဖြတ်ခဲ့သူ မပါဘူးဟု ပြောနိုင်ပါ့မလား။

ထိုအတွေးကြောင့် မြဝန်းရံ ကျောထဲက စိမ့်သွားသည်။

သူမ ရွာထဲမှပြန်ထွက်ပါတော့မည်ဟု ကျောပိုးအိတ်ကို ပြန်မြင်လွယ်လိုက်ပြီးမှ နေရာမှမခွာဘဲ မတ်မတ်ရပ်နေမိသည်။ မကောင်းဆိုးဝါးတစ်ခုခုတော့ ဟောသည်အနားမှာ ရှိနေပြီဟု သူမ ခံစားရသည်။ ဘယ်အရာလဲ၊ ဘယ်သူလဲ။

ကျွန်မ မပြန်သေးဘူး။ ကျွန်မစောင့်ကြည့်ချင်သေးတယ်။ ကလေးမလေးကို ဆိုးဆိုးဝါးဝါး ကျင့်ကြံသတ်ဖြတ်ခဲ့တဲ့ လူယုတ်မာ ဘယ်သူလဲလို့ သူတို့ရှာနေတာကို ကျွန်မ စောင့်ရဦးမယ်။ အစအဆုံး မှတ်တမ်းရေးရဦးမယ်။ ဟောဒီမှာ အောင်မြေသာစံနယ်ရဲ့ လောလောလတ်လတ် ဆိုးယုတ်မှု ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ပါလို့ အောင်နိုင်သူမျက်နှာနဲ့ ကျွန်မ သက်သေပြရဦးမယ်။

မြဝန်းရံသည် ဤရွာမှာ ဆက်နေဖို့ ဆုံးဖြတ်ချက်ချလိုက်၏။

မြဝန်းရံသည် ရွှေမှုန်ဝင်းလေး လျှောက်ခဲ့သည့်လမ်းကို ကိုယ်တိုင် လျှောက်ကြည့်နေပါသည်။

လမ်းသည် အကွေ့အကောက်များစွာ ရှိသည်။ မြေလမ်းသက်သက်ဖြစ်သည့်အပြင် နွေပေါက်လာပြီမို့ ခြောက်သွေ့သော မြေကြီးမှာ လှည်းဘီးဒဏ် ခြေဖဝါးဒဏ်တို့ဖြင့် မွညက်နေပြီ။ ဖုံမှုန့်တို့သည် လမ်းလျှောက်သူ၏ခြေဖဝါးပင် မြုပ်လုမတတ် ထူထပ်နေ၏။ လမ်းဘေးဝဲယာက အိမ်တွေရှေ့မှာ အရိပ်ရသစ်ပင်အလတ်စားတွေ ရှိသည်။ သစ်ပင်ခြေရင်းမှာ အရွက်ခြောက်များ ဖုံမှုန့်များ အလုံးလိုက် ပုံနေသည်ကို မြင်ရသည်။ ဖုံမှုန့်တွေက ပင်စည်မှာလည်း ကပ်နေသည်။ အရွက်အခက်တွေမှာလည်း ဖုံတွေလွှမ်းနေ၏။

မြဝန်းရံသည် ကျောပိုးအိတ်ကို တည်းခိုအိမ်မှာ ထားခဲ့ပြီမို့ ခြေလွတ်လက်လွတ် လမ်းလျှောက်ရတာ ပေါ့ပါးနေသည်။ သည်တစ်ညတော့ သူမကို ဖိနပ်ပေးသည့် အမျိုးသမီးကြီးအိမ်မှာ တည်းခိုခွင့်ရသည်။ ဒေါ်သန်းရှင်တွင် အရွယ်ရောက်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



သားသမီးသုံးယောက် ရှိသည်။ သားက လယ်လုပ်ပြီး သမီး တစ်ယောက်က စက်ချုပ်သည်။ နောက်သမီးတစ်ယောက်က အိမ်ထောင်ကျပြီး ဟိုဖက်ရွာမှာ နေထိုင်သည်။ ဒါက သူမအကြမ်းဖျင်း သိရသော အိမ်ရှင်၏ အနေအထားဖြစ်သည်။

အခုလောလောဆယ်တော့ မြဝန်းရံသည် ကိုယ့်ကိုယ်ကို ကလေးမလေး ရွှေမှုန်ဝင်း၏နေရာတွင် ဝင်ကြည့်လျက် အိမ်ဆီသို့ ကျောင်းမှ ပြန်သည့်လမ်းအတိုင်း ခပ်ဖြည်းဖြည်း လျှောက်နေပါသည်။ ခပ်ဖြည်းဖြည်းဟု ပြောရသည်က သူမသည် ဖြတ်ကျော်သွားမည့်အိမ်တစ်ခုချင်းကို ခဏရပ်ပြီး ကြည့်ကာ လူတွေ့လျှင် နှုတ်ဆက် မိတ်ဆွေဖွဲ့ပြီးမှ နောက်ထပ်ခြေလှမ်း ဆက်လှမ်းနေတာမို့ ဖြစ်ပါသည်။

မြဝန်းရံသည် စုံစမ်းထောက်လှမ်းမှုတွင် တော်တော်ညံ့ပါလိမ့်မည်။ ဘာကြောင့်လဲဆိုတော့ သူမ ဘာစကားပြောလျှင် တစ်ဖက်က ဘာစကားထွက်လာမည်ဆိုတာကို မခန့်မှန်းတတ်သောကြောင့်၊ ထို့ပြင် တစ်ဖက်လူဖြေချင်လာအောင် လိမ္မာ ပါးနပ်စွာ မေးခွန်းမမေးတတ်သောကြောင့် ဖြစ်ပါသည်။ သို့သော် အရိုးခံအတိုင်း သူမသိချင်တာကို မကွယ်မဝှက်မေးတာမို့ ဖြေချင်မှ ဖြေပါ။ မဖြေချင်လို့ မျက်နှာညိုလျှင်လည်း သူမ အရှုံး မရှိပါ။ မိမိတာဝန်က မကောင်းဆိုးဝါး ဆိုးယုတ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း ပိုလန်မှာ တွေ့ခဲ့ရသူအား ခရေစေ့တွင်းကျ သက်သေ အထောက်အထား ပြနိုင်လျှင်ရပြီ။ ထိုလူယုတ်မာဘယ်သူလဲဟု သူမ ရှာဖွေပေးဖို့မလို။ ဖမ်းချုပ်ပြီး တရားခွင်သို့ပို့ပေးဖို့က မိမိ၏ မဖြစ်မနေတာဝန်မဟုတ်။ သို့သော် မြဝန်းရံတတ်နိုင်သမျှတော့ ကူညီ စဉ်းစားပေးခဲ့ချင်သည်။

သူမသည် လူကြီးတွေထက် ကလေးတွေနှင့် ပို အဆင်ပြေသူ ဖြစ်မလားမသိ။ အခု သူမ တွေ့ပြီး မေးခွင့်ရသမျှသည်



ကလေးတွေချည်း ဖြစ်သည်။ ထွေးငယ်သည် တတိယမြောက် သူမ စကားပြောခွင့်ရသည့်ကလေးဖြစ်သည်။

ရွှေမှုန်ဝင်း၏သူငယ်ချင်းမလေး ထွေးငယ်ကို တွေ့ရသည်မှာ ရွှေမှုန်ဝင်းကို အသက်ထင်ရှား တွေ့ရသလို ရှိသည်။ ကလေးမလေးသည် အတန်းထဲမှာ ရွှေမှုန်ဝင်းနှင့် ခုံတန်းတစ်ခုတည်း ကပ်လျက် ထိုင်နေကျ။ ထွေးငယ်က ဆံပင်ကျစ်ဆံမြီး နှစ်ဖက်ကျစ်နှင့်၊ ကျစ်ဆံမြီးဖျားမှာ သားရေကွင်းလေးတွေနှင့် စည်းနှောင်ထားသည်။ အသားညိုညိုမျက်နှာမှာ ဘာသနပ်ခါးမှ မရှိ။ ချွေးဖြင့် ပြောင်လက်နေလိုက်သေးသည်။ အသက်နှစ်နှစ်ခန့် ယောကျ်ားလေးတစ်ယောက်ကို ခါးထစ်ခွင် ချီထားသော ထွေးငယ်သည် အသက်နှင့်မမျှသည့်ဘဝဒဏ်ကို ရုန်းကန်နေရဟန် ရှိသည်။

'ရွှေမှုန်က စာတော်တယ်။ အတန်းထဲမှာ ဆု ခဏခဏ ရတယ်။ ဆရာမတွေက ချစ်တယ်'

'သမီးရော ရွှေမှုန့်ကို ချစ်လား'

'ကျွန်မလည်း ချစ်ပါတယ်'

မောင်လေး၏နှာခေါင်းဝတွင် တစ်လစ်ထွက်နေသော နှပ်ကို သူ့ဂါဝန်အဖျားစဖြင့် ကတိုက်ကရိုက်သုတ်ပေးရင်း ဖြေသည့် ထွေးငယ်၏စကားတွင် သံတမန်အသုံးအနှုန်းလေး ပါဝင်နေသလိုပဲ။ ကျွန်မလည်း ချစ်ပါတယ် တဲ့။

'ပြောပါဦးသမီးရယ် အဲဒီနေ့က သမီးနဲ့ရွှေမှုန်နဲ့ ကျောင်းမှာ ဘာစကားတွေ ပြောကြသလဲ။

ထွေးငယ်က မြေကြီးကို စိုက်ကြည့်ရင်း တွေဝေနေခဲ့၏။

'ကျောင်းပြန်လမ်းမှာရော ဘာတွေ လုပ်ကြသေးလဲ'

ရွာကလူကြီးတွေကလည်း ဒီမေးခွန်းကို မေးခဲ့ပြီးဖြစ်လိမ့်မည်။ မြို့မှ ရဲတွေကလည်း ဒီမေးခွန်းမျိုးကို မေးခဲ့ပြီးဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု မိမိကပါ ထပ်မေးတော့ ထွေးငယ် ဒီမေးခွန်းကို စိတ်ကုန်နေလောက်ပြီပေါ့။ သို့သော် ဝတ္တရားမပျက် ဖြေပါသည်။

'ကျွန်မတို့ စာမေးပွဲအကြောင်း ပြောကြတယ်။ ရွှေမှုန်က စာတွေမရသေးဘူးလို့ ပြောတယ်။ ကျွန်မ မယုံပါဘူး။ သူက အဲဒီလိုပဲ လျှိုတတ်တယ်။ ပြီးကျ သူချည်းပဲ ဆုတွေရတာ'

'အော် ဟုတ်လား'

'ပြီးတော့ တပေါင်းဘုရားပွဲမှာ ယိမ်းတိုက်မဲ့ အကြောင်းတွေ ပြောကြပါတယ်။ သူရောကျွန်မရော ပွဲလုပ်ရင် ဇာတ်စင်ပေါ်မှာ အပျိုတော်ယိမ်း ကတဲ့အထဲ ပါနေကျ။ ဘုရားပွဲက နီးလာပြီ။ စာမေးပွဲအပြီးမှာ ဘုရားပွဲစမှာ'

ပြောရင်း ကလေးမ သူ့သူငယ်ချင်းကို လွမ်းသွားဟန်ဖြင့် တစ်ချက် ရှိုက်ငင်သွား၏။

'အော် သမီးတို့က ကနေကျလား'

'အင်း'

'သူ အကကောင်းလား'

ထွေးငယ် မြဝန်းရံကို မော့ကြည့်သည်။ သူ့မျက်လုံးတွင် အမှန်အတိုင်း ဖြေတော့မှာမို့ ခပ်အန်းအန်းအမူအရာ။

'သူက ခါးကြီးက တောင့်တောင့်နေတာ။ နောက်ပြီး ခြေအချိုးလည်း မညီဘူး။ ကျွန်မက သင်သင်ပေးရတာ'

'အော် ဟုတ်လား။ အေးအေး သမီးသင်ပေးတော့ သူ အချိုးညီသွားလား'

'သိပ်တော့မညီဘူး။ ဒါပေမဲ့ သူက စာတော်တော့ ဆရာမတွေက သူ့ကို အမြဲထည့်တာပဲ'

'ဘယ်နှယောက်ကတဲ့ ယိမ်းလဲ'

ထွေးငယ် စိတ်တွက်တွက်ဟန်ဖြင့် ခဏတွေသွားပြီးမှ



ရှစ်ယောက်ဟု ဖြေသည်။

'အေး ဘာသီချင်းနဲ့ ကကြတာလဲ။ သီချင်းရှိလား ဒါမှမဟုတ် ဆိုင်းနဲ့ချည်း ကတာလား'

'သီချင်းရှိတယ်။ အတုလေးရယ်တဲ့ ယုဉ်ကာပြိုင်'

'အော်'

ထိုသီချင်းကို သူမ သိပါသည်။ နတ်ဒိုးသီချင်းထဲတွင် အလွန်မြိုင်ဆိုင်ပြီး ခေတ်စား၏။ ကိုကြီးကျော်နတ်အတွက် ရေးဖွဲ့ထားခြင်း ဖြစ်သည်။ မြဝန်းရံငယ်ငယ်ကတောင် ထိုသီချင်းဖြင့် စင်ပေါ်တက်ပြီး ကခဲ့ဖူးသေးပါသည်။

သူမ ထွေးငယ်ထံမှ သူ့မောင်လေးကို တောင်းယူပြီး ပွေ့ချီလိုက်သည်။ မောင်လေးက လူစိမ်းကို မကြောက်။ ကြည့်ရတာ ကလေးကို လူတကာက အလျဉ်းသင့်သလို ခေါ်ယူ ထိန်းကျောင်းနေကျ ဖြစ်ပုံရသည်။ မြဝန်းရံလက်ထဲသို့ အလွယ်တကူပင် လိုက်လာသည်။ သူမကျောပိုးအိတ်ထဲမှာ ထားရစ်ခဲ့သော ဘီစကစ်မုန့်ထုပ်အသေးလေးတွေကို သတိရမိသွားသည်။ အော် ယူလာခဲ့မိရင် ကလေးတွေကို ကျွေးလို့ရတာပေါ့။

ကလေးကိုယ်က နို့ညှီနံ့ရသည်။ ရင်ဘတ်တွင် စွန်းထင်းရာကနေ ခြောက်သွေ့လို့ မာခေါက်နေသော အကွက်လိုက်မှ နံနေခြင်းဖြစ်သည်။ နို့နံ့နှင့် ရေမချိုးလို့နံသောချေးနံ့ ပေါင်းနေသည့်အနံ့။ ပါးလေးတွေကတော့ ဖောင်းအစ်လို့ ချစ်စရာ။

'သမီးတို့ အလွတ်ရလား'

'ရတယ်။ ရွှေမှုန်လည်း အလွတ်ရတယ်။ သုံးနှစ်ရှိပြီ ကနေကျလေ'

'ဟုတ်လား ဆိုပြချင်စိတ်ရှိလားသမီး'

ထွေးငယ်က ခေါင်းညိတ်၏။ မြဝန်းရံကို အနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးလာကာ အသံတိမ်တိမ်လေးဖြင့် သီချင်းကို ဆိုပြသည်။

'အတုလေးရယ်တဲ့ ယုဉ်ကာပြိုင် ယှဉ်ကာပြိုင်၊ အတုလေးရယ်တဲ့ ယှဉ်ကာပြိုင် ယှဉ်ကာပြိုင်။ ဖဲမွေ့ရာ ရွှေကော်ဇောရောနှောလို့ထိုင်'

သူမအတွေးထဲတွင် သုံးလေးတန်းကျောင်းသူလေးတွေ အသံမပီကလာပီကလာဖြင့် ညီညီညာညာ သံပြိုင်ဆိုပြီး ကနေကြသည့် အပျိုတော်ယိမ်းအကကို မြင်ယောင်လာခဲ့သည်။ ရင်ဘတ်တွင် အနီရောင်ပိုးပဝါများကို လှလှပပ စည်းနှောင်ထားလိမ့်မည်။ ဝဲကာယျံကာ ကလိုက်သည့် လက်အချိုး ခါးအချိုးတွင် ပုဝါပါးတို့သည် ဝဲလွင့်နေလိမ့်မည်။ ရွှေမှုန်ဝင်းလေးက အက သိပ်မကောင်းသူဆိုတော့ အပျိုတော် နှစ်တန်းအနက် ဘယ်အတန်း ဘယ်နေရာတွင် ရှိမှာပါလိမ့်။

'သောက်တော်ဗူးရယ်နဲ့ အိုမကွာ အိုမကွာ မင်းကျော်စွာတဲ့ မကျော်လား ဝေးရာကရှား'

ကလေးမ၏ ဂီတမပါဘဲ ခြောက်သွေ့သွေ့ အဆိုကပင် တော်တော် နားထောင်ကောင်းလေသည်။ သူ့ကိုယ်လေးက သီချင်းနှင့် လိုက်လျောညီထွေစွာ ဟိုသည် ယိမ်းနွဲ့စ ပြုလာသည်။ သေချာပါသည်။ ဒီကလေးမ အပျိုတော်ယိမ်းတွင် ရှေ့တန်းမှ အလယ်ဗဟိုမှ ပါခွင့်ရလိမ့်မည်။

ကလေး၏ရင်ဘတ်နှင့် သူမရင်ဘတ် ထိမိနေသဖြင့် သူ့နှလုံး တဒိတ်ဒိတ် မြန်ဆန်စွာ ခုန်နေသည်ကို သိရှိခံစားနေရ၏။ ကလေးသည် မြူးကြွနေသည်။ လက်ကလေးယမ်းကာ သူ့အစ်မအား ကြည့်နေသည်။ ကလေးသည် ဒီသီချင်းနှင့် ရင်းနှီး ကျွမ်းဝင်ပြီးသားလားမသိ။

ထွေးငယ်နှင့်စကားပြောရတာ ကောင်းပါသည်။ သူငယ်



ချင်းနှစ်ယောက်၏ရင်းနှီးမှုမှာ အခုအထစ်လေးတွေတော့ ရှိသည်။ စာတော်သူအပေါ် စာညံ့သူ၏မနာလိုမှု မသိမသာ။ စာတော်သူက စာမေးပွဲတွင် စာညံ့သူကို မကူညီသဖြင့် အောင့်သက်သက် ခံစားရမှု မသိမသာ။ ဒါတွေပါပဲ။ စာတော်သူက အကညံ့သူ ဖြစ်နေသည့်အခါ၊ စာညံ့သူက အကတော်သူ ဖြစ်နေသည့်အခါ ထိုနှစ်ယောက်၏ အနေအထားက ဟန်ချက်ညီသွား၏။ ဒါကြောင့်လည်း သူတို့နှစ်ယောက် တွဲဖြစ်နေကြတာ ဖြစ်ပါလိမ့်မည်။

သူငယ်ချင်းနှစ်ယောက် ဘာတွေ အကြိုက်တူကြလဲ။ ဘာတွေ အကြိုက်မတူကြဘူးလဲ။ အစားအစာ၊ ကစားနည်း၊ ရုပ်ရှင်မင်းသား မင်းသမီး၊ ဇာတ်မင်းသား မင်းသမီး၊ အဝတ်အစား အရောင်အသွေး။

သူမ စပ်စပ်စုစု နူးနူးညံ့ညံ့ မေးကြည့်ပါသည်။

အစားအစာမှာတော့ ရွှေမှုန်ဝင်းက ဇီးပေါင်းထုပ်ကို ကြိုက်ပြီး ထွေးငယ်က အာလူးအစပ်ကြော်ထုပ်ကို ကြိုက်သတဲ့။ ကျောင်းမှာ ကျောင်းမုန့်ဆိုင်ရှိသော်လည်း အများအားဖြင့် သူတို့သည် ရွာက မုန့်ဆိုင်မှာပင် ဝယ်ကြသည်တဲ့။ ကျောင်းမုန့်ဆိုင်က တစ်ထုပ်လျှင် ငွေငါးဆယ် ပိုဈေးကြီးလို့ဟု ပြောသည်။

'အဲဒီနေ့ကရော မုန့်ဝယ်ဖြစ်ကြသေးလား'

'မဝယ်ဖြစ်ဘူး။ ကျွန်မမှာ ပိုက်ဆံမပါဘူး'

'ရွှေမှုန့်မှာရော ပါလား'

'မသိဘူး'

'မုန့်ဆိုင်က ဘယ်နားမှာလဲ'

'ရွာလယ်မှာ'-

'သွားကြည့်ကြမလား။ သမီး လိုက်ပြပေးလေ'

ကလေးတွေဝယ်နေကျမုန့်ဆိုင်ကို ရွာလူကြီးတွေနှင့် ရဲ

www.burmeseclassic.com

www.burmeseclassic.com



တွေ စုံစမ်းစစ်ဆေးပြီးရောပေါ့။ သို့သော် ရွှေမှုန်ဝင်းမုန့်ဝယ်သည့်ဆိုင်ကို သူမကိုယ်တိုင် မြင်ဖူးချင်ပါသည်။

မုန့်ဆိုင်သို့ မြဝန်းရုံတို့သုံးယောက် လျှောက်သွားကြ၏။ လမ်းမှာ အိမ်ပေါင်းဆယ်အိမ်မက ကျော်ဖြတ်ရသည်။ ထိုအိမ်တို့မှ တစ်ယောက်စနှစ်ယောက်စသည် ထွေးငယ်အား ကရုဏာဖြင့် လှမ်းခေါ် နှုတ်ဆက်ကြသည်။ သူမက ထိုအခွင့်ကို အရယူလျက် အိမ်တိုင်းဈေ့ စကားပြောကြည့်ပါသည်။

'အရင်က ဒါမျိုးလူသတ်မှုတွေဘာတွေ ဒီရွာဝန်းကျင်မှာ ရှိခဲ့ဖူးသလားဟင်'

'ကျုပ်သိသလောက်တော့ မရှိခဲ့ပါဘူး လုံမရယ်'

'ခေတ်ကာလကြီးက မကောင်းတော့ဘူးမိန်းကလေးရေ အရင်ကဖြင့် မိုးလင်းမိုးချုပ် အိမ်တံခါးပိတ်ဖို့ သတိတောင်မရပါဘူး။ တစ်ခါတလေ အိမ်ကလူ ပြန်မလာသေးရင် ခြံတံခါးလည်း ဒီအတိုင်းဈေ့ထားတာပဲ။ ဘာမှလည်း မဖြစ်ခဲ့ပါဘူး။ အခုမှ ဘယ်အယုတ်တမာကောင်ရောက်လာတာလဲ မသိဘူး။ အခုဖြင့် ကလေးတွေကို မှာထားရတယ်။ ကျောင်းသွားရင် အစောကြီး မသွားနဲ့ ကျောင်းပြန်ရင်လည်း အများနဲ့အတူ အုပ်စုလိုက် ကျောင်းကနေ ပြန်။ တစ်ယောက်တည်း နောက်ချန်မနေခဲ့နဲ့လို့'

'အခုဖြစ်တာကတော့ ကျောင်းမှာ မဟုတ်ဘူးဆို။ ရွာထဲ ပြန်ဝင်ပြီးမှ ဖြစ်ခဲ့တာ။ ရွာထဲက တစ်နေရာရာမှာများ လူပြတ်တဲ့နေရာရှိလား'

'တို့ရွာမှာ လူပြတ်တဲ့နေရာလို့တော့ မရှိပါဘူး။ တစ်ရွာလုံးက အိမ်ခြေပေါင်းနှစ်ရာကျော်တာ။ စည်ကားလို့။ တစ်အိမ်နဲ့ တစ်အိမ်လည်း သိနေကြတာပဲ'

'ရဲတွေလည်း အလောင်းမတွေ့ခင်ကတည်းက ပိုက်စိပ်



တိုက်ပြီး ရှာနေခဲ့တာ'

'လူစိမ်းရော ဒီရွာအနီးတစ်ဝိုက်မှာ အခုတစ်ရက် နှစ်ရက်အတွင်း မြင်မိ သတိထားမိလား'

'လူစိမ်းလာရင် ကျုပ်တို့သိတာပဲ'

အဲဒါလည်း ဟုတ်တာပါပဲ။ သူမတောင် မေးစရာမလို။ သူတို့ အရင်သိမှာပေါ့။ ဘယ်လိုလူကများ ကလေးတစ်ယောက်ကို မုဒိမ်းကျင့်ပြီး ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပါလိမ့်။

နိုင်ငံခြားရုပ်ရှင်တွေ ဗွီဒီယိုတွေထဲမှာ အဲလိုအဖြစ်အပျက်တွေ ပါတတ်သည်။ ထိုဇာတ်ကားတွေထဲမှာတော့ လူဆိုး လူယုတ်မာသည် စိတ္တဇလူသတ်သမား ဖြစ်ချင်ဖြစ်၊ မဟုတ်လျှင် ကြောင်စီစီဖြစ်တတ်သည်။ ကလေးလေးတွေကိုမှ လိင်ဆက်ဆံချင်သည့် ပုံမှန်မဟုတ်သောစိတ် ရှိတတ်သည်။ အဲဒါမျိုး ရွာကယောက်ျားတွေမှာမရှိဘူးဟု တစ်ထစ်ချ ယူဆလို့ရမလား။

နေ့လည်က အသုဘအိမ်ဝန်းထဲတွင် တွေ့ခဲ့ရသော စူးစူးဝါးဝါးမျက်လုံးဖြင့် ပျာယာခတ်သောလူကို ပြန်သတိရသွားမိသည်။ မိမိစိတ်ထင့်ခဲ့သောထိုလူသည် ခရီးဖြင့် အချုပ်ကျနေခဲ့ရာက ယနေ့နံနက်မှ ပြန်လွတ်လာသူဟု သိလိုက်ရတော့ စိတ်ထဲကပဲ ထိုသူကို တိတ်တိတ် တောင်းပန်လိုက်မိသည်။ တကယ်တော့ လူယုတ်မာဆိုတာ သူများထက်ပိုပြီး သိသာနေသော အမှတ်အသားမှ မရှိပဲ။ သူလိုကိုယ်လို သာမန်လူပဲ။ ရွာထဲက ယောက်ျားအားလုံး သေသူ့ ခေါင်ကလွဲလျှင် ဖြစ်နိုင်ချေ လူသတ်သမားတွေချည်းမို့ တွေးမိသည့် ကိုယ့်ကိုယ်ကို ခွင့်လွှတ်လိုက်နိုင်သည်။

ကလေးတွေ မုန့်ဝယ်နေကျ အိမ်ဆိုင်သည် တကယ်ပဲ ရွာလယ်မှာ ရှိသည်။ အပျိုကြီးညီအစ်မ ရောင်းချသည့်ဆိုင် ဖြစ်သည်။ သူတို့အိမ်မှာ ယောက်ျားသားဆိုလို့ တစ်ယောက်မှ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေနှင့် ရင်းရင်းနှီးနှီးမနေတတ်သည့် ခွကျကျ ပြတ်ပြတ်သားသားအပျိုကြီးတွေ ဖြစ်သည်။ ရွှေမှုန့်မိခင်နှင့် ဆွေနီးမျိုးစပ်တော်သည်ဟု ဆိုပါသည်။

မုန့်ဆိုင်သည် ကုန်စုံဆိုင်လည်းဖြစ်သည်။ ကွပ်ပျစ်အမြင့်ပေါ်မှာ ဆိုင်ရှင်က ထိုင်ပြီး ရောင်းသည်။ ဈေးဝယ်သူက ဆိုင်ရှင်ထက် တစ်ဆင့်နိမ့်သော မြေကြီးပေါ်မှာ မတ်တတ်ရပ်ပြီး ဝယ်ရသည်။ တိုးလို့တွဲလောင်း ချိတ်ထားသော အရွယ်စုံ ပလတ်စတစ်ထုပ်သေးသေးလေးများတွင် အာလူးကြော်လည်းပါပြီး ဇီးထုပ်တွေလည်း ပါသည်။ ပုဇွန်ခြောက်တောင် အထုပ်သေးလေးတွေ ထုပ်ပြီး တန်းစီ ချိတ်ဆွဲထားတာတွေ့ရ၏။ ငရုတ်သီးတောင့်တွေလည်း အထုပ်သေးသေး။ ခေါင်းလျှော်ရည်ထုပ်၊ ကော်ဖီမစ်ထုပ်၊ နို့မှုန့်ထုပ်။ ဆိုင်မှာ ချိတ်တွဲထားတာတွေက အမျိုးအမည်စုံလွန်းလို့ နောက်ကွယ်မှာထိုင်သော ဆိုင်ရှင်ကိုတောင် သိပ်မမြင်ရ။ ထို့ကြောင့် ညီအစ်မတစ်ယောက်က ဆိုင်အပြင်ဘက်မှာ ခွေးခြေခုံဖြင့် ထိုင်ပြီး လာသမျှ ဈေးဝယ်ကို စောင့်ကြည့်နေရသည်။

'အဲဒီနေ့က ရွှေမှုန် ဆိုင်ကိုမလာပါဘူးနော် အစ်မကျန်'

'အေး မလာဘူး။ ငါက သူစားချင်တဲ့ယိုစုံထုပ် မြို့က ပါလာလို့ ကျောင်းဆင်းချိန်မှာ သူ့တောင် မျှော်နေသေးတယ်။ သူက မပေါ်လာဘူးလေ'

ရွှေမှုန်အိမ်အပြန်ကိုတော့ သူတို့ညီအစ်မ မမြင်လိုက်မိဘူး ဟု ဆိုသည်။ ရွှေမှုန်သည် ထိုညနေက သူတို့ဆိုင်ရှေ့သို့ လုံးဝကို ဖြတ်မသွားခဲ့ဘူးလား။ ထိုမေးခွန်းကိုတော့ အပျိုကြီးညီအစ်မ ယတိပြတ်မဖြေခဲ့။

'အင်း ငါတော့ မတွေ့မိဘူး။ ညည်းတွေ့မိလား'

'ကျွန်မလည်း မေ့တေ့တေ့ပဲ။ မမှတ်မိဘူး။ ဖြတ်မသွား



ဘူးနဲ့တူပါရဲ့'

ဖြတ်မသွားဘူးဆိုရင်တော့ ရွှေမှုန်သည် ရွာလယ်အထိ မရောက်လာပဲ ရွာအစွန်မှ ခရီးတစ်ဝက်မှာပင် အန္တရာယ်ဆိုးနှင့် ကြုံခဲ့ရခြင်း ဖြစ်လိမ့်မည်။

မြဝန်းရုံသည် ဂါလေးချိလျက်က ဆိုင်ရှင်တွေကို နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့သည်။ နေဝင်တော့မည်။ နေ့လည်က ပူပြင်းကြွပ်ရှနေခဲ့သမျှ အခုအခါ နေရောင်သည် ခပ်ပြေပြေ ဖြစ်လာသည်။ လမ်းဘေး မန်ကျည်းပင်တို့ဆီမှ မန်ကျည်းရွက်တွေက လေအဟုန့်တွင် ဖွဲခနဲ ဖွဲခနဲ ကြွေကျလာ၏။ မန်ကျည်းပင်တွေမှာ တန်းလန်း တွဲကျနေသော မန်ကျည်းသီးတို့သည် အခွံညိုပြီး ခြောက်သွေ့စ ပြုလာပြီ။ လေကြမ်းကြမ်းတိုက်လျှင် မန်ကျည်းသီးတွေ အတွဲလိုက် ပြုတ်ကျလာနိုင်သည်။ လေတိုက်ခတ်နေပုံက ဝေ့ဝေ့ဝဲဝဲ။ မန်ကျည်းရွက်ကြွေတွေ ဝဲလွင့်နေပုံကလည်း တဖွဲဖွဲ တဖျောက်ဖျောက်။ လွမ်းစရာကောင်းလှသည့် ရွာမြင်ကွင်းမှာ မြဝန်းရုံသည် ခါတ်ပုံထဲက ချစ်စရာ ကလေးမလေးအား ထည့်ပြီး မြင်ယောင်ကြည့်မိသည်။

'ဒီအပင်ကြီးအောက်မှာ ရွှေမှုန်နဲ့ကျွန်မ မန်ကျည်းသီး ပစ်နေကျ သိလား အစ်မကြီး။ ရွှေမှုန်က လက်တည့်တယ်'

အော်။ သွားရေစာ စားစရာ ရွေးချယ်ခွင့်နည်းပါးသော ရွာတွင် ထွေးငယ်တို့သူငယ်ချင်းတတွေသည် မန်ကျည်းသီးမှည့်ကိုလည်း သွားရေစာအဖြစ် ပစ်ခြွေပြီး ကောက်စားကြရမှာပေါ့။

ထွေးငယ်က မောင်လေးကို မြဝန်းရုံဆီမှ ပြန်ခေါ်သည်။ မောင်လေးကိုထမင်းကျွေးဖို့ အမေလှမ်းခေါ်နေပြီဟု ပြောသည်။ ထွေးငယ် မိမိကိုအဖော်ပြုပေးခဲ့တဲ့အချိန်တောင် အတော်ကြာပြီ။

'သမီးအိမ်အထိ အစ်မ လိုက်ပို့ပေးမှာပေါ့။ မောင်လေး

www.burmeseclassic.com

www.burmeseclassic.com



ကို အစ်မ ချိခဲ့ပါမယ်ကွယ်'

နေဝင်ရိုးရီ မှန့်ဆိုင်မှသူ့အိမ်ဆီအပြန်လမ်းတွင် ခွေး သုံးလေးကောင်ကို ရှောင်ရသည်။ မြဝန်းရံက ခွေးဆို အလွန်ကြောက်သည်၊ ခွေးတွေကို အနားအကပ်မခံဘဲ ရှောင်တော့ ထွေးငယ်က သူမအဖြစ်ကို ရယ်ချင်ဟန်ရှိ၏။

'ဒီအချိန်က ခွေးရူးရာသီ ကလေးရဲ့။ ခွေးတွေအနားကို မကပ်နဲ့။ အထူးသဖြင့် သွားရေတမြားမြားနဲ့ အမြီးကုပ်နေတဲ့ ရန်လိုနေတဲ့ ခွေးမျိုးကို သတိထား။ ကြားဖူးတယ်မဟုတ်လား။ ခွေးရူးရောဂါကို'

'အင်း သိတယ်။ ဒါပေမဲ့ ကျွန်မ မကြောက်ပါဘူး။ ကျွန်မတို့ဘထွေးဘုန်းကြီး ဟိုဘက်ရွာမှာ ရှိတယ်။ ဘုန်းဘုန်းက ခွေးရူးကို ကုနိုင်တယ်။ တခြားရွာတွေကတောင် ဘုန်းဘုန်းဆီကို လာကုကြတယ်'

သူမ ကလေးမအား သနားကရုဏာဖြင့် ငေးကြည့်မိသည်။ သူတို့ခမျာ ခွေးရူးရောဂါအတွက် ဆေးမရှိဘူးဆိုတာ မသိကြရှာဘဲကိုး။

'ခွေးရူးရောဂါဖြစ်ရင် ကုလို့မပျောက်ဘူး'

'ပျောက်ပါတယ်။ မသိဘူး၊ အမေပြောပြတာပဲ'

ခွေးရူးရောဂါ၊ မြွေကိုက်လူနာ၊ တစ်နှစ်တစ်နှစ်တွင် ဘယ်အမျိုးအစားကြောင့် လူအသေများသလဲ မသိပါ။ သို့သော် နှစ်မျိုးလုံးကတော့ မိမိတို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အဖြစ်များကြ အသေများကြသည်။

'အင်း မနှစ်တုန်းကတော့ ရွာထဲကဦးတုတ်ဖြိုးကြီးရဲ့ခွေးရူးသွားတာလေ။ ကလေးတစ်ယောက် သေသွားတယ်'

ဆိုးယုတ်မှုဟူသည့် သတ်မှတ်ချက်ထဲတွင် မိမိ၏ခွေး ရူး



သွားတာကို သိပါလျက်နှင့် မသတ်ရက်သူ၊ ခွေး ကိုယ့်အိမ်မှ လွတ်ထွက်သွားတာကို သက်ဆိုင်ရာကို အကြောင်းမကြားဘဲ ဒီအတိုင်းဆင်ထုမနာဖြစ်ရင်း ကျန်ရစ်ခဲ့တတ်သူ၊ ဘာမှ မလှုပ်ရှားခဲ့သူ ခွေးရှင်တို့၏ အပြုအမူကို ထည့်သွင်းလို့ရသလား။ ရလျှင်တော့ ဒေါင်ခြေသာစံနယ်မှာ ဆိုးယုတ်မှုတွေ တစ်ခုမကရှိကြောင်း သက်သေပြလို့ ရလိမ့်မည်။ သို့သော် ဒါက အစုလိုက်အပြုံလိုက် သတ်မှုတွေလို၊ အခု မုဒိမ်းကျင့်သတ်မှုလို တကယ့် ဆိုးယုတ်စိတ်ဖြင့် သေစေတာမှ မဟုတ်ဘဲလေ ဟု ကိုယ့်ကိုယ်ကို ပြုံးမိသည်။

ဆိုးယုတ်မှုတွင် အနုစားဆိုးယုတ်မှုနှင့် အကြမ်းစားဆိုးယုတ်မှုဟု သတ်မှတ်လို့ရသည်ထား၊ ခွေးရူးကို ဒီအတိုင်း လွတ်စေခဲ့သူအား အနုစားဆိုးယုတ်မှုထဲမှာတောင် ထည့်ဖို့ သင့်ပါ့မလား။ သူသည် စေတနာဆိုးဖြင့် လုပ်ခဲ့တာမဟုတ်။ မသိနားမလည်သူဟု ပြောရမလား။ ဟင့်အင်း၊ အဲဒီသတ်မှတ်ချက်ထက်တော့ ပိုပါသည်။ အကျိုးဆက်ကို မသိဘဲ ဘယ်နေမလဲ။ ခွေးရူးဟာ မြင်မြင်ရာကို ကိုက်တော့မှာကို သူသိမှာပဲ။ ဘယ်သူ့ကို ကိုက်ကိုက်၊ ကိုက်ပြီဆိုလျှင် ခွေးရူးဗိုင်းရပ်စ်ဟု မသိလျှင်တောင် ရောဂါတော့ကူးပြီဟု သိမှာပဲ။ သေတတ်သည် ဆိုတာလည်း သိမှာပါ။ အဲသည်လို မိမိခွေးကို အရေးမယူမှုကြောင့် လူတစ်ယောက်သေသွားလျှင် ထိုသူမှာ အပြစ်သင့်သလား။ ဒါဟာ လူသတ်မှုတော့ မဟုတ်။ သို့သော် သိလျက်ဖြင့် လူသေစေမှုများလား။ တစ်ယောက်ယောက်က သတ်ပစ်ချင်သတ်ပစ်၊ မိမိကတော့ မသတ်ရက်ဘူး။ ငရဲကြီးမှာ စိုးသည်။ သူများ သတ်ရက်လျှင် သတ်ပါစေ။ အဲသည်လိုလား။ အို ရှုပ်လိုက်တာ။

မကောင်းဆိုးဝါးအဖြစ် သက်သေချပြဖို့ မဟုတ်ဘဲ စပ်စုစိတ်ဖြင့် ထွေးငယ်၏မိခင်အား ဦးတုတ်ဖြိုးကြီးအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



မေးမိသည်။

ဦးတုတ်ဖြိုးကြီးက ခွေးလေခွေးလွင့်တွေ အများကြီးကို ကျွေးမွေးစောင့်ရှောက်ထားသူဖြစ်သည်။ တချို့တွေများ ခွေးမွေးလျှင် ဦးတုတ်ဖြိုး၏ ခြံဝနားသို့ မသိမသာ သွားပစ်ထားကြသည်။ ထိုလူကြီးက ခွေးတွေကို ဆန်ကွဲကျိုကာ နေ့စဉ် တိုက်သည်။ ဈေးမှ အမဲရိုး၊ ဆိတ်ရိုးတွေကို လိုက်တောင်းကာ အိုးကြီးဖြင့် ကျိုလျက် ကျွေးသည်မို့ ခွေးတွေက ဦးတုတ်ဖြိုးဆိုလျှင် အမြီးတနန့်နန့်ဖြင့် ချစ်ခင်အားကိုးကြသည်။

မနှစ်ကတော့ ခွေးတစ်ကောင် ခွေးရူးရောဂါဖြစ်ခဲ့သည်။ ရူးနေမှန်းကို မသိသာသေးသည့်ကာလတွင် ခွေးက အိမ်ရှေ့ဖြတ်သွားသော ကလေးတစ်ယောက်ကို လိုက်ဆွဲသည်။ ထိုကလေးကို ဦးတုတ်ဖြိုးက ဆေးထည့်ပေးပြီး နောက်တစ်နေ့တွင် ခွေးကို သူ မသင်္ကာဖြစ်လာသည်။

'ဦးတုတ်ဖြိုးက ခွေးကို ဘယ်လိုလုပ်ပစ်လဲ'

'ဘာပြောကောင်းမလဲတော်၊ တစ်ရွာလုံးကို ခွေးရူးနေလားမသိဘူးတဲ့ လိုက်ပြောပြီး ကာလသားတွေကို အကူအညီတောင်းတာပေါ့။ ကာလသားတွေ ဝိုင်းလိုက်ပြီး သတ်ပစ်လိုက်ကြတာ။ ခွေးလေးက တော်တော်လှတယ်။ မပစ်ရက်စရာ'

မြန်မာနိုင်ငံမှာ ခွေးရူးကြောင့် သေရသူတွေ အများကြီး။ ခွေးရူးကိုက်ခံရတာကို မကောင်းဆိုးဝါး ဆိုးယုတ်သူရှာပုံတော်တွင် ထည့်ဖို့ စိတ်တောင် မကူးသင့်ပါဘူးလေ။ ရွှေမှုန်ဝင်းကလေး၏ အဖြစ်ဆိုးကိုသာ မှတ်တမ်းထဲတွင် ဖော်ပြပါမည်။

ကျေးဇူးတင်စကားပြောပြီး မြဝန်းရံ့ သူတို့အိမ်မှ ပြန်လှည့်ထွက်ခါနီးတွင် ထန်းရည်မူးလာဟန်ရှိသော လူငယ်အုပ်စုတစ်စု အိမ်ရှေ့မှဖြတ်သွားသဖြင့် သူမ ထိုလူစုနှင့်ခပ်ခွာခွာ ဖြစ်အောင်



ခအောရပ်စောင့်နေလိုက်ပါသည်။

'ညနေ ညနေ စည်တယ်လေ၊ ကိုကြီးကျော့်စံကွန်း××ကိုကြီးကျော် ပလီလွှန်း ဆေးစိုက်တဲ့ကျွန်း××'

စိတ်ထဲက ရွှေမှုန်တို့ သီဆိုကပြနေသည့် အပျိုတော်ယိမ်းကို မြင်ယောင်လာသည်။

'ထွေးငယ်တို့ကို ဘယ်သူက အကသင်ပေးလဲ'

'မြန်မာစာဆရာကြီးဦးရွှေတိုးက သင်ပေးတာပါ'

'အော်။ အကတိုက်တော့ရော ဆရာကြီးအိမ်မှာပဲလား'

'အင်း ဟုတ်တယ်'

'ဗွီဒီယိုနဲ့ကြည့်ပြီး ကတာလား'

'အို မဟုတ်ဘူး။ ဆရာကြီးကပဲ ဆိုပေးပြီး ကပေးတာ။ ဆရာကြီးအိမ်မှာ ဗွီဒီယိုမှ မရှိတာ'

'ကျွန်မတို့ရွာက ဆင်းရဲသားများတယ် မိန်းကလေးရဲ့။ တီဗွီရှိတဲ့အိမ်က လက်ချိုးရေလို့ရတယ်။ သုံးအိမ်ပဲ ရှိတယ်။ သူကြီးအိမ်၊ ဆရာမကြီးအိမ်၊ ပွဲစားကြီးအိမ်၊ သုံးအိမ်ပဲ။ အဲဒီသုံးအိမ်ပဲ ကလေးတွေ လှည့်ပတ် သွားကြည့်နေကြတာ'

'အခု လေးအိမ်ဖြစ်သွားပြီ အမေရဲ့'

ထွေးငယ်က ရယ်ကျဲကျဲဖြင့် အသိပေးသည်။

'ဘယ်အိမ်က တီဗွီဝယ်လိုက်ပြန်တုန်း၊ ငါမသိပါလား'

'ဟို အသစ်ပြောင်းလာတဲ့အိမ်လေ။ မြေဩဇာရောင်းတဲ့အိမ်ပေါ့'

'ကြည့်စမ်း သူတို့က သိနေပြီ။ အဲဒါသာ ကြည့်ပေတော့ တီဗွီဆိုရင် ထမင်းမေ့ဟင်းမေ့ ကြည့်ကြတာ'

'အမေတလည်း'

'အမေက မလဲပါနဲ့။ ညည်းတို့တွေ သူများအိမ်ထဲက

www.burmeseclassic.com

www.burmeseclassic.com



တီဗွီဖွင့်နေရင် လမ်းကနေ မတ်တတ်ရပ်ပြီး လှမ်းကြည့်ကြည့်နေကြတာ ငါမမြင်တာမှတ်လို့'

'အမေမှ ဝယ်မပေးဘဲ'

'ဟဲ့ ဒီကောင်မလေးနှယ်။ ငါဝယ်ပေးချင်တာပေါ့ ပိုက်ဆံက ဘယ်ကရမှာလဲ။ ညည်းတို့သုံးယောက်တောင် အနိုင်နိုင် ကျွေးမွေးနေရတာ'

ပြောရင်းဆိုရင်း ထွေးငယ်မိခင်၏အသံက တုန်ခါလာတော့ မြဝန်းရံ စိတ်မကောင်းစွာ သက်ပြင်းချမိသည်။

'အမေဝယ်မပေးနိုင်ရင် တစ်ခါတလေတော့ သူများအိမ်သွားကြည့်မှာပဲ'

'ကြည့်တာက ကြည့်ပေါ့။ ကိုယ်မသိတဲ့ သူစိမ်းအိမ်တွေ ဘာတွေသာ'

'တစ်ခါတည်းပါ အမေရာ'

သူစိမ်းအိမ် ဆိုသည့်စကားကြောင့် သူမ အံ့ဩသွား၏။

'သူစိမ်းအိမ် ဟုတ်လား။ ရွာထဲမှာ သူစိမ်းအိမ်ဆိုတာ ရှိသေးလို့လား အစ်မရယ်'

'အို ရှိတာပေါ့ မိန်းကလေးနှယ်။ နောက်မှ ပြောင်းလာတဲ့ သူတွေ ရှိတာပဲ။ သူတို့ မတ်တတ်သွားချောင်းကြတာ ပွဲစားကြီးအိမ်လေ။ ပွဲစားကြီးက ပြောင်းလာတာမှ မကြာသေးဘဲ။ အဲဒါ သူစိမ်းပေါ့။ ဆွေစဉ်မျိုးဆက် ရပ်သိရွာသိ မဟုတ်ဘူး'

ထို့နောက် ထွေးငယ်အမေသည် ပြောရင်း စိတ်ပူပန်လာသလို ရှိသည်။ သမီးဖက်သို့ လှည့်ကြည့်ပြီး မာန်မဲသည်။

'ညည်းနော် အရဲမကိုးနဲ့။ တွေ့လား ညည်းသူငယ်ချင်း ရွှေမှုန်လေး ဘယ်လို အသေဆိုးနဲ့ သေသွားရလဲ ဘယ်လောက် ကြောက်စရာကောင်းလဲ'



'အမေကလည်း ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ ဟဲ့။ လူတွေက မကောင်းတော့ဘူး ထွေးငယ်ရဲ့ နော်။ ညည်း ကြပ်ကြပ် အပျော်မက်'

ထွေးငယ်အမေက အသံတွေတိမ်ဝင်ကာ မျက်ရည်ကို မြဝန်းရံ မမြင်အောင် ဟိုဘက်လှည့်ပြီး ခိုးသုတ်သည်။

အပျော်မက် ဟူသောစကားလုံးသည် နာကျင်ဖွယ်ရာကောင်းလှသည်။ ကလေးတွေခမျာ ဘာတွေများ သာမန်ထက်ပိုသည့်အပျော်ကို မက်မော တွယ်တာမိကြလို့လဲ။ မြို့မှာ သာမန်မိသားစုတွေက အိမ်မှာ ရုပ်မြင်သံကြားစက် ရှိသည်။ မိသားစုကြည့်ကြ အပန်းဖြေကြသည်။ ထို သာမန်အပန်းဖြေမှုလေးကိုပင် မရကြသည့် သာမန်ထက်ဆင်းရဲသော ကလေးတွေက ကိုယ့်အိမ်မှာ မရှိသည့် ရုပ်မြင်သံကြားကို၊ ဗွီဒီယိုဇာတ်ကားကို သွားရင်းလာရင်း မတ်တတ်ရပ်ကြည့်ရတာ အဲဒါ အပျော်မက်သည့်စာရင်းထဲ ဝင်သွားရောလား။

သူမသည် ထွေးငယ်၏မိခင်အား နှစ်သိမ့်လို၍ ပခုံးကို အသာဖက်လိုက်သည်။ မြဝန်းရံ ဖက်ကာမှ သူက အသံထွက် ငိုလေသည်။

'ကျွန်မက ဆင်းရဲပါတယ်။ ကလေးတွေအဖေသေသွားကတည်းက ရုန်းကန်လှုပ်ရှားပြီး ကျွေးရမွေးရတာမို့ ထွေးငယ်ကိုပဲ ရွာစွန်ရွာဖျား မြက်ရိတ် ထင်းရှာ လွှတ်ရတာပဲ။ အခုဖြင့် ကျွန်မ ကြောက်လိုက်တာ'

သူ့ခမျာ သမီး၏ချစ်လှစွာသော သူငယ်ချင်းမလေး အဖြစ်ဆိုးကြုံရတာကို သမီးအတွက် သဲထိတ်ရင်ဖို ကြောက်လန့်တကြားဖြစ်နေမှာပေါ့။ အန္တရာယ်သည် အုတ်နဲ့ရွာလေးအပေါ် လွှမ်းမိုး ကျရောက်လာနေပြီလား။ မိခင်တိုင်းသည် ညနေမိုးချုပ်

www.burmeseclassic.com

www.burmeseclassic.com



လျှင် သူတို့သားသမီးတွေကို အိမ်အပြင်မလွှတ်ရဲတော့ဘူးလား။

သူတို့အိမ်မှ ပြန်လာခဲ့ချိန်တွင် မိုးစုန်းစုန်းချုပ်ခဲ့ပြီ။ ရွာလမ်းပေါ်မှာ လူတစ်ယောက်စ နှစ်ယောက်စသာ တွေ့ရသည်။ ကလေးတွေကို မတွေ့မိ။ ရွာတွေ၏ထုံးစံဖြစ်သော ပုလွေသံတို့ တေးသံတို့လည်း မကြားရ။ တစ်ချက်တစ်ချက် ပေါ်လာသော ကလေးငိုသံများကလွဲပြီး ရွာသည် တိတ်ဆိတ်လှသည်။ မကောင်းဆိုးဝါး ဝင်ထားသောရွာပမာ ကြောက်လန့်တကြား သတိထားနေကြပုံရသည်။

ကောင်းကင်မှာ မှိန်မှိန်လေး ကျန်ရှိနေခဲ့သော အလင်းရောင်သည် လျှင်မြန်စွာ ပျောက်ကွယ်သွားခဲ့သည်။

လူသတ်မှုဖြစ်ထားခါစ သူစိမ်းရွာတွင် တစ်ယောက်တည်း လမ်းလျှောက်လာရသဖြင့် မြဝန်းရံ စိတ်မသိုးမသန့်တော့ ခံစားရသည်။ သို့သော် အဲဒါ ကြောက်တာလားဟု မေးလျှင်တော့ ကြောက်တာမဟုတ်ပါ။ မလုံခြုံသလို ခံစားရတာတော့ အမှန်ပါပဲ။ အထူးသဖြင့် ယခုထိ မမိသေးသော လူယုတ်မာ လူသတ်သမားသည် မမြင်ရသော တစ်နေရာရာမှ မိမိတို့ကို အကဲခတ်နေဆဲဖြစ်ကောင်းဖြစ်နိုင်သည့် အခါသမယမို့ပေါ့။ သူမ၏ခြေလှမ်းတွေကို သာမန်ထက်ပိုပြီး သွက်အောင် လှမ်းလာရင်း ညာဘက်ဘေးမှ ခတ်မြေဩဇာနံ့ကို စူးစူးရှရှ ရလိုက်သည်။ ထွေးငယ်ပြောသည့် တီဗွီအသစ်နဲ့အိမ်ဟာ ဒါပဲ ဖြစ်မည်။

ရုပ်မြင်သံကြားအသံတစ်ခုလိုလို သူမ ကြားလိုက်သည်။ အိမ်ထဲသို့ အမှတ်တမဲ့လှမ်းကြည့်ဖြစ်သည်။ အိမ်ရှေ့မှာ ချုံပင်ကြီး ရှိနေသဖြင့် အိမ်ထဲသို့ အသေအချာတော့ မမြင်ရ။ သို့သော် ရုပ်မြင်သံကြားကို မြန်မာတို့၏ထုံးစံအတိုင်း အိမ်အဝင် ဧည့်ခန်းမှာ ထားတာမို့ ဖန်သားပြင်မှ မီးအလင်း ပြာပြာကိုတော့ သစ်ရွက်ကြို



သစ်ရွက်ကြားမှာ မြင်နေရသည်။ ဖန်သားပြင်ပေါ်မှ အရုပ်တွေက လှုပ်ခုန်လျက် တရိပ်ရိပ်ပေါ်နေလျက် ရှိသည်။

အပြင်ကနေ အခုလို သစ်ရွက်ကြိုကြားကနေ ခပ်စောင်းစောင်း လှမ်းကြည့်ရတဲ့ တီဗွီက မိမိအတွက်တော့ အားမရစရာပါ။ သို့သော် ဒီအိမ်ရှေ့မှာ ရွှေမှုန်ဝင်းလေး မတ်တတ်ရပ်ခဲ့ဖူးလေမလား။

သူမ၏နောက်ကျောဆီမှာ အေးခဲသည့်လေငွေ့တစ်ခုကို ခံစားလိုက်ရသလိုပဲ ကျောချမ်းသွားသဖြင့် မြဝန်းရံ နောက်သို့ အလျှင်အမြန် လှည့်ကြည့်မိသည်။ အိမ်ထဲက အလင်း တစ်ဝက်တပြက်သည် သူမနောက်က မြေလမ်းထိ အလင်းရောင် မပေးနိုင်။ မြေလမ်းသည် အမှောင်။ ထိုအမှောင်ထဲမှ တစ်စုံတယောက် မိမိကို စောင့်ကြည့်နေသလိုလို။

ငါ တော်တော် မိုက်မဲတာပဲ။ ဘာဖြစ်လို့များ မနက်ကျမှ ဆက်မထွက်ဖြစ်တာလဲ။ ယခုညနေသည် သူမအတွက် နောက်ဆုံးအသက်ရှင်ရသောညနေ ဖြစ်သွားနိုင်သည်။ အချိန်မရွေး အန္တရာယ်ကျရောက်နိုင်သည့်မြေ။

ရပ်နေမိသောမြေပြင်သည် ချက်ချင်းပင် မလုံခြုံတော့သလို ခံစားရသည်။ ရွာမှာ လမ်းမီး မရှိ။ အင်းလေ၊ ရွာတစ်ခုလုံးမှာ လျှပ်စစ်မီး မရှိ။ အိမ်တွေမှာ ဘက်ထရီမီးချောင်းသေးသေးသို့မဟုတ် မီးအိမ်မှိန်မှိန်လေးတွေသာ ရှိသည်။ အမှောင်သည် မကောင်းဆိုးဝါးအတွက် အခွင့်အရေးတွေ ပေးတတ်သလား။

ခပ်မှောင်မှောင် နောက်ဘက်ဆီမှ ခြေသံလိုလို ကြားရသည့်အခါ မြဝန်းရံသည် ရပ်နေရာမှ ခြေလှမ်းကို အမြန်လှမ်းမိတော့၏။ သူမ အကြာကြီးရပ်နေတာကို အိမ်ထဲက တစ်ယောက်ယောက် မြင်သွားသလားမသိ။ အိမ်တံခါးကို စေ့ပိတ်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



မျက်စိဒေါင့်စွန်းမှ ဖျတ်ခနဲ မြင်လိုက်ရသည်။ မြန်မြန်လျှောက်မှ ဖြစ်မည်။ ဒီလောက် တိတ်ဆိတ်ငြိမ်သက်နေသည့်ရွာမျိုး တစ်ခါမှ မတွေ့ဖူးခဲ့ပါ။

ခပ်လှမ်းလှမ်းရောက်တော့ စိုးရိမ်စိတ်တစ်ဝက်ဖြင့် သူမ နောက်သို့ ပြန်လှည့်ကြည့်မိသည်။ မိမိနောက်မှာ လူတစ်ယောက် ရှိနေခဲ့တာတော့ အမှန်ပဲ။ သို့သော် ထိုသူသည် မြဝန်းရံ အတွေး ခေါင်နေခဲ့သလို အန္တရာယ်ပြုမည့် ယောကျာ်းသားတစ်ယောက် တော့မဟုတ်။ အမျိုးသမီးတစ်ယောက် ဖြစ်သည်။ မျက်နှာပုံပန်း သဏ္ဌာန်ကို အမှောင်ရိပ်မှာ မသဲကွဲပေမယ့် ခပ်ငယ်ငယ်ပဲဟု သိသာသည်။ ထိုအမျိုးသမီးသည် မိမိနောက်သို့ ဆက်လိုက်မလာ ဘဲ စောစောကရပ်နေခဲ့သော ခါတ်မြေဩဇာနံ့ နံသည့်အိမ်ရှေ့မှာ ရပ်လိုက်တာ တွေ့သည်။ သူမစိတ်ထဲ နည်းနည်းပေါ့ပါးသွားပြီး အောင့်ထားသောအသက်ကို အခုမှ အားရပါးရ ရှူရှိုက်လိုက် နိုင်၏။

မြဝန်းရံ တည်းခိုအိမ်သို့ ပြန်မဝင်မီ အသုဘအိမ်ရှေ့မှ ဖြတ်ရပါသည်။ မနက်ဖြန် မြေချသင်္ဂြိုဟ်မည့်ရှေ့မှုန်ဝင်းလေး၏ အသုဘသည် ညမှာလည်း သတင်းမေးသူတွေဖြင့် စည်ကား လျက်ရှိသည်။ ခြံရှေ့မှာ အောက်လင်းခါတ်မီးတွေ ထိန်လင်းနေ ပြီး ထန်းလက်စားပွဲကုလားထိုင်တို့တွင် ကာလသားများ ထိုင်နေ ကြသည်။ ဖဲဝိုင်းတော့မမြင်မိပါ။ အိမ်ထဲတွင် ခပ်လျှိုလျှို လုပ်ချင် လုပ်နေကြမည်။ သူမ အသုဘအိမ်သို့ မဝင်ချင်တော့သဖြင့် ရှေ့ကနေပဲ ဖြတ်ပြီး ဒေါ်သန်းရှင်တို့အိမ်ဘက်သို့ ဆက်လျှောက် လာခဲ့သည်။

မိမိတစ်ကိုယ်လုံး ဖုံအလိမ်းလိမ်းဖြစ်နေမှာပါ။ သေချာ တာကတော့ ခြေထောက်မှာ ဖုံတွေအများကြီး။ ထို့ကြောင့် အားနာ



နာနှင့်ပင် အိမ်ရှေ့စဉ့်အိုးထဲမှ ရေကို ကော်ခွက်တစ်ဝက် ခပ်ယူပြီး ခြေထောက်ဆေးလိုက်သည်။ မျက်နှာပါ တစ်ခါတည်းသစ်ပစ်လိုက် ရသည်။ ထို့နောက် အိမ်ပေါ်သို့ တက်လာခဲ့သည်။

စက်ချုပ်နေသည့်ညီမငယ်က သူမအား ထမင်းစားစောင့် နေသည်ဟု ဆိုပါသည်။ အညာဟင်းတစ်ခွက်ဖြစ်သော ဓောင်ဂျမ်း ချဉ်ကြော် တဲ့။

သေတဲ့သူက သေပြီးပြီ။ လူယုတ်မာကလည်း လွတ်နေ ဆဲ။ သဲလွန်စတစ်ခုမှလည်း မရသေး။ သူ့ကို မဖမ်းနိုင်မချင်း အနီး အနားရွာက မိန်းကလေးတွေအတွက် အန္တရာယ်က အချိန်မရွေး ကျရောက်လာနိုင်သည်။ ဒီအချိန်မှာ မြဝန်းရံအတွက် ဓောင်ဂျမ်း ချဉ်ကြော်ကလည်း ထမင်းစားချင်အောင် မဆွဲဆောင်နိုင်ပါ။ သို့သော် အိမ်ရှင်က ဂရုတစိုက်ဧည့်ခံ ကျွေးမွေးတာကို မဆာဘူးဟု သူမ မငြင်းသင့်ပါ။

ဒေါ်သန်းရှင်က ခေါင်းရင်းအိမ်မှာမို့ မိမိတို့နှစ်ယောက် ပဲ စားပွဲဝိုင်းပုလေးနှင့် ဖျာခင်းပြီး ထမင်းပွဲပြင် စားလိုက် ကြသည်။

'ဒီရွာမှာ သီလသိပ်ကောင်းတဲ့ ဘုန်းကြီးတစ်ပါး ရှိတယ် ဆို ညီမသိလား'

'အော် သိတယ်အစ်မ ဟုတ်တယ်။ ဒါပေမဲ့ အဲဒါ ကျွန်မ တို့ရွာ မဟုတ်ဘူးလေ။ အောင်မြေသာစံအပိုင်ရွာမှာ'

'အောင်မြေသာစံအပိုင် ဟုတ်လား'

'ဟုတ်တယ်အစ်မ ကျွန်မတို့ရွာက မြေနုမြို့နယ်အပိုင်။ ဘုန်းကြီးရှိတဲ့ ဟိုဘက်ရွာက ခိုတောင်ရွာ၊ အောင်မြေသာစံမြို့ နယ်အပိုင်'

သူမ စိတ်ရှုပ်သွားသည်။ မိမိကို ကားပေါ်ကလူတွေပြော လိုက်တာက ဒီရွာက အုတ်နဲ့ရွာ၊ အောင်မြေသာစံမြို့နယ် အစတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မူကွဲနှစ်ခု ကွဲနေပြီဆိုလျှင် ဘယ်သူ့မူကို အမှန်ဟု ယူဆရမလဲ။ ဒါဟာ အောင်မြေသာစံအပိုင်ရွာမဟုတ်ဘူး ဆိုလျှင်တော့ မြဝန်းရံ ရေလိုက်လွဲနေပြီပေါ့။ သူမ စိတ်ဓာတ်ကျ သွားသည်။ စကား ဆက်မပြောနိုင်တော့။ ထမင်းကို ဘယ်လိုဝါးပြီး ဘယ်လို မျိုချမိမှန်းတောင် မသိတော့။

## (၂)
## မကောင်းဆိုးဝါးမှာ ထူးခြားတဲ့မျက်နှာရှိသလား။

အသုဘကို နေ့လည်၁နာရီမှာ ပို့ဆောင်ခဲ့ပြီးနောက် မြဝန်းရံ ရွာမှ ပြန်ထွက်တော့ နှစ်နာရီခွဲပြီးပြီ။

ရွာနှစ်ရွာသည် သုံးတိုင်ဝေးသည်ဟု ပြောလိုက်၏။ သုံးတိုင်မှာ မိုင်အားဖြင့် တစ်မိုင်ခွဲလောက်ပဲ ရှိမည်။ သို့သော် နေဒဏ်ကြောင့်တစ်ကြောင်း၊ လေးလံလှသော ကျောပိုးအိတ်ကြောင့်တစ်ကြောင်း ခရီးသည် အလွန်ပင်ပန်းလှပါသည်။ တကယ်တော့ ငါ ဘီးနဲ့တွန်းလို့ရတဲ့ ခရီးဆောင်အိတ်မျိုးကို သယ်လာခဲ့ဖို့ ကောင်းတာပေါ့ဟု သရော်သလိုတွေးမိသည်။ ဘယ်ဖြစ်နိုင်ပါ့မလဲ။ အိတ်အခြေမှာရှိသည့် ဘီးလေးတွေကို ဘယ်လိုမြေမျိုးမှာ ချပြီး လှိမ့်မှာမို့လဲ။ အုတ်နဲ့ရွာတုန်းကလို ဖုံမှုန့်မြေပြင်မှာလား။ သို့မဟုတ် အခုလိုမိုးတွင်းက ရွှံ့ဗွက်တွေ ခြောက်ကပ်သွားလို့ ကျန်ခဲ့သည့် မညီမညာ ချပ်ခဲ မြေပြင်မှာလား။

မြဝန်းရံ၏နဖူးမှ ချွေးစက်တို့သည် နားထင်မှတစ်ဆင့် ပါးပြင်ပေါ်အထိပင် ခိုတွဲလိမ့်ဆင်းကျနေပြီ။ မြို့ဟောင်းတွေ သချိုင်းဟောင်းတွေကို တူးဖော်ဖို့ ခရီးတွေ ထွက်ခဲ့ဖူးပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အခုလို ခြေလျင်ချည်း မဟုတ်။ အဖော်မပါ တစ်ကိုယ်တည်းလည်း မဟုတ်။ လုပ်ဖော်ကိုင်ဖက်တွေနှင့် အုပ်စုလိုက် ခရီးထွက်ရတာ။

ခိုတောင်ရွာသို့အဝင် သစ်ပင်အုပ်ကို မြင်ရသည့်အခါ စိမ်းလန်းအုပ်ဆိုင်းသည့်မြင်ကွင်းဖြင့်ပင် ရင်ထဲမှာ အေးသွား၏။ အုတ်နဲ့ရွာသည် မိမိကို အမင်္ဂလာတစ်ခု သို့မဟုတ် မကောင်းဆိုးဝါးအဖြစ်တစ်ခုဖြင့် ဆီးကြိုခဲ့ပြီးပြီ။ အခု ခိုတောင်ရွာက မိမိကို မင်္ဂလာဖြင့် ကြိုပါစေ။ နယ်မြေတစ်ခုထဲက မကောင်းဆိုးဝါးရှာပုံတော်ကို အတိတ်ဖြစ်စဉ်တွေမှသာ ရှာဖွေလိုပါသည်။ အခုခေတ်မှာတော့ အစစအရာရာ မင်္ဂလာဖြင့် ပြည့်စုံနေစေချင်ပါသည်။

အရိပ်အောက်ရောက်တော့ တစ်ကိုယ်လုံး လန်းဆန်းသွားသည်။ အော် တန်ဖိုးရှိလိုက်တဲ့ သစ်ပင်တွေ။ နင်းရသည့်မြေကြီးက မြက်ပင်နုနုလေးတွေနှင့် ပွပွအေးအေး။ မန်ကျည်းပင်၊ မယ်ဇလီပင်၊ ထနောင်းပင်၊ ကုက္ကိုပင်။ အပင်တွေ စုဝေးနေသော ထိုတောအုပ်လေးတွင် လမ်းလျှောက်ရတာ စိတ်ချမ်းမြေ့စရာ။ အို ကုက္ကိုပင်အောက်မှာ အခုမှ မြင်ရသည်။ ရေကန်လေးပါလား။ ဒီရွာမှာ ရေ မရှားနိုင်ဘူး။

ဆိတ်အုပ်တစ်အုပ်နှင့် မျက်နှာချင်းဆိုင်မိသည်။ ဆိတ်ကျောင်းသည့်ကလေးက မျှော်လင့်ထားသလို ပုဆိုးကွင်းသိုင်းနှင့် မဟုတ်။ ကွာတားဟု ခေါ်သည့် ဒူးအောက်ရောက်ရုံ ဘောင်းဘီ တိုတိုပွပွဖြင့် လည်ပင်းကျယ်နေပြီဖြစ်သည့် တီရှတ်အင်္ကျီ အဟောင်းဝတ်ထားပြီး တုတ်တစ်ချောင်းကို လက်က ကိုင်ထားသည်။

ဒေါ်သန်းရှင်၏သမီး မဌေးကြွယ်ကို နာမည်မေးတော့ ကလေးက မသိ။ အေးလေ။ ငယ်တဲ့ကလေးကိုး။ ဘယ်သိမလဲ။ မြဝန်းရံ ဆက်လျှောက်လာခဲ့သည်။



ရွာသည် အုတ်နဲ့ရွာထက် ပိုကြီး၏။ လယ်လုပ်ငန်းကို အဓိကထားပြီး အသက်မွေးသောရွာ ဖြစ်သည်။ ရွာပတ်လည်မှာ ပေါ်ခင်းတွေနှင့် ပြောင်းခင်းတွေကို တွေ့ရသည်။ နွေစပါးကို ဆည်ရေဖြင့် ရေသွင်းစိုက်ထားချိန်မို့ လယ်ကွင်းတွေက စိမ်းလန်းနေသည်။

ရွာအဝင်က ရေတွင်းကတော့ ကြောက်စရာကောင်းသည်။ ရေတွင်းမှာ အုတ်ရိုးဘောင် မရှိ။ အုတ်ခဲကြွမ်း လေးငါးခဲကို ပတ်လည်ဝိုင်းပြီး မှတ်သားထားရုံပဲမို့ အဆော့သန်သော ကလေးတစ်ယောက်ယောက်များ ပြေးရင်းလွှားရင်း လိမ့်ကျလိုက်ရင်။ ဘုရား ဘုရား။ ဒီရေတွင်းကို ဘောင်ခတ်ထားဖို့ ကောင်းတယ်နော်။ ကလေးတွေများ မတော်တဆ အရှိန်လွန်ပြီး လိမ့်ကျသွားရင်။ မြဝန်းရံ ကြက်သီးထသွားသည်။

ရွာထဲရောက်တော့ ပထမဆုံးတွေ့တာက လေထိုး ကျွတ်ဖာဆိုင်။ ရွာတွေမှာ ဆိုင်ကယ်တွေ ခေတ်စားလာကတည်းက လေထိုးကျွတ်ဖာဆိုင်တွေလည်း ပေါ်လာရပြီပေါ့။

မြို့မှာလို ရာဘာကျွတ်ပုံစံ ငွေရောင်ကွင်းကြီးကို ချိတ်မထားပေမဲ့ ဆိုင်ကယ်ဘီးနှင့်တာယာများ ထပ်ထားတာကို မြင်ရရုံနှင့် သိသာသည်။ စက်ဘီးတစ်စင်းကို ထောက်ထောက်ထားတာ တွေ့ရသည်။ စက်ဘီးမှကျွတ်ကို လူတစ်ယောက်က ရေအင်တုံထဲထည့်ပြီး အပေါက်ရှာ စမ်းသပ်နေသည်။ အသက်၄၀ခန့် ရှိမည်။ အသားညိုညို ပိန်ပိန်။ ကွမ်းစားထားသောသွားတွေက ရဲနေသည်။ အန္တရာယ်ပေးမည့်လူနှင့်မတူ။ သာမန်ရွာသားပုံစံပါပဲ။

မဌေးကြွယ်ကို မေးတော့ သူက မသိ။ သူ့ယောကျ်ားက ဘယ်သူလဲဟု မေးသည်။ အဲ ဟုတ်ပါရဲ့။ ဒေါ်သန်းရှင်က သမီးနာမည်ကိုသာ ပြောလိုက်သည်။ သားမက်နာမည်ကို မပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါလား။ ဒီအတိုင်းဆိုလျှင် မဒွေးကြွယ်သည် ခင်ပွန်းကို မှီခိုနေသူပဲ။ ဒါကြောင့်သာ မဒွေးကြွယ်နာမည်ဖြင့် ချက်ချင်း မသိတာ။

'ဟိုရှေ့ကသရက်ပင်ကိုကျော်ရင် ဒေါ်စိန်ရီ့အိမ်ဆိုင်လေး တွေ့လိမ့်မယ်။ အဲဒီမှာမေးရင် ရနိုင်တယ်။ ဒေါ်စိန်ရီ မသိတဲ့သူ မရှိဘူး'

အိမ်ဆိုင်လေးဆီရောက်တော့ ဖောင်းဖောင်းပွပွ မုန့်ထုပ် မျိုးစုံတွဲလွဲချိတ်လျက်မို့ အထဲမှာ ထိုင်နေသည့်အဒေါ်ကြီးပင် မြုပ် မတတ်ဖြစ်နေသည်။ လေထိုးဆိုင်ရှင်ပြောတာ မှန်ပါသည်။ ဒေါ်စိန် ရီသည် မဒွေးကြွယ်ကို သိသည်။

'မဒွေးကြွယ် နေဦး ဦးစံအောင်ချွေးမကို ပြောတာလား။ ဟိုတလောကမှ ကလေးမွေးတာလေ'

'အဲ ကျွန်မ မသိပါဘူး။ သူ့အမေက ဟိုဘက်အုတ်နဲ့ ရွာက ဒေါ်သန်းရှင်'

'ဟုတ်တယ်ဟုတ်တယ်။ သူက အုတ်နဲ့သူ။ လင့်မျက်နှာ တစ်ရွာမှတ်ပြီး လိုက်လာတဲ့ ကောင်မလေး။ သနားပါတယ်။ ဒီလောက်ဆိုးတဲ့ကောင်မျိုး တွေ့ဖူးပေါင်တော်။ ဒီတာလမ်းအတိုင်း တည့်တည့်ဆက်သွား၊ မြောင်းဘောင်ကို ကျော်လိုက်ရင် တွေ့မယ်။ အဲဒီနားမှာ အကြီးဆုံး အကောင်းဆုံးအိမ်ပဲ'

ကတ္တရာခင်းဖြစ်ဖူးဟန်ရှိသော ရွာလမ်းအတိုင်း သူမ ရှေ့ဆက်လျှောက်လာခဲ့သည်။ ရောက်ခါနီးပြီဆိုပါမှ ကျောပိုးအိတ် ကလည်း နင့်နေအောင် လေးလာသည်။ မြောင်းဘောင်ကို ကျော် လိုက်သည်နှင့် လက်ရာမြောက်သော သစ်သားအိမ်ကြီးကို ခပ် လှမ်းလှမ်းမှာ တခြားအိမ်တွေကိုကျော်လျက် သတိထားမိသည်။ တံစက်မြိတ်အမိုးစွန်း သစ်သား ကနုတ်ပန်းများ၊ ဝရံတာလက်ရန်း ပန်းနွယ်များဖြင့် မဟာဆန်သည့်အိမ် ဖြစ်၏။



မဒွေးကြွယ်နှင့်မတွေ့မီ ယောက္ခမတွေနှင့် အရင်တွေ့ရ ၏။ ဦးစံအောင်က ခပ်ဖိုင့်ဖိုင့်၊ ဆံပင်တွေဖြူနေပြီ။ မုတ်ဆိတ် တိုနံ့နံ့ ကလည်း ခပ်ဖြူဖြူ။ သူ့ဇနီးဒေါ်အေးလှိုင်ကတော့ ပိန်ပိန် သွယ် သွယ်။ နားသယ်စပ်မှာ ဆံပင်က မီးခိုးတစ်ဝက် ဖြူတစ်ဝက်။ အိမ် ပေါ်တက်တော့မှ မဒွေးကြွယ်ကို ကလေးနို့တိုက်လျက်တွေ့ရ၏။ အသက်အစိတ်လောက်ရှိမည်။ သူ့နာမည်နှင့်မေးပြီး ဝင်လာသော ဧည့်သည်ကို ဆီးကြိုမေးမြန်းခြင်းမရှိ။ ထိုင်ရာကပင် မထ။ မျက်နှာ သေနှင့်သာ လှမ်းကြည့်နေသည်။ လူကြီးနှစ်ယောက်ကသာ နွေး နွေးထွေးထွေးဆီးကြိုပြီး ဘုရားစင်ရှေ့ဧည့်ခန်းမှာ သင်ဖြူးဖျာ တစ်ချပ် ချက်ချင်း ချခင်းလျက် မြဝန်းရံကို နေရာပေးသည်။

'ကျွန်မ ရန်ကုန်ကပါ။ အောင်မြေသာစံနယ်ကို လာ လည်တာပါရှင်။ အုတ်နဲ့မှာ တစ်ညအိပ်ခဲ့တော့ ဒေါ်သန်းရှင်အိမ် မှာ တည်းဖြစ်ခဲ့ပါတယ်။ ဒီရွာကို ဖြတ်သွားမယ်ဆိုတော့ ဒေါ်သန်း ရှင်က မဒွေးကြွယ်ဆီမှာတည်းခိုနိုင်တယ်လို့ လမ်းညွှန်လိုက်လို့ပါ'

'အေးအေး သူတို့ရော နေကောင်းကြရဲ့လား'

'ကောင်းပါတယ်ရှင့်'

'ဒီမှာတည်းခိုချင်ရင် တည်းလို့ရပါတယ်။ မဒွေးကြွယ်က အခု ကျုပ်တို့နဲ့ပဲ နေတယ်။ ကျုပ်တို့သားက မိုက်လို့ ချွေးမကို အိမ်ခေါ်ထားလိုက်တယ်'

'အော် ဟုတ်ကဲ့'

သူတို့သား ဘယ်လိုမိုက်တာလဲဟု မမေးကောင်းပါ။

'ကျေးဇူးတင်ပါတယ် ဦးကြီး။ ကျွန်မနာမည် မြဝန်းရံ လို့ခေါ်ပါတယ်။ ရှေးဟောင်းသုတေသနအလုပ်ကို လုပ်ပါတယ်'

လယ်ပိုင်ရှင်ကြီးတွေမို့ ရှေးဟောင်းသုတေသနဆိုတာ ကို ရင်းနှီးပုံမရ။ တစ်ရွာဝင်တစ်ရွာထွက် လေ့လာပြီး စာရေးမည့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြောတော့ ဦးကြီးရော ဒေါ်ကြီးရော နားလည်ပုံမရ။ မဒွေးကြွယ်ကလည်း သူ့နာမည်ကိုမေးပြီး ရောက်လာတာမို့ ဝတ္တရားအရ အနားသို့ တိုးကပ်လာသော်လည်း မြဝန်းရံနှင့် စကား လက်ဆုံပြောဖို့ စိတ်ဝင်စားပုံမရှိ။

'အခုလည်း ဒီနယ်ရဲ့ ရှေးဟောင်းသမိုင်းကို လေ့လာချင်လို့ လာတာပါ။ ဒီနယ်ကို ကျွန်မ တစ်ခါမှမရောက်ဖူးပါဘူး။ ကျွန်မ ကြားမိတယ်။ ဒီအောင်မြေသာစံမှာ မကြာသေးခင်က ရှေးဟောင်းသုတေသနအဖွဲ့တွေ ပျူသချိုင်းတစ်ခု တူးလို့ တွေ့သွားတယ်လေ'

'မသိဘူး လုံမရဲ့'

'ကုက္ကိုတန်းရွာလို့ ပြောတယ်ဦးကြီး'

'အော်။ ကုက္ကိုတန်းက ကျုပ်တို့သရက်တောနဲ့ ကပ်ရက်ပါပဲ။ သိပ်မဝေးပါဘူး။ အောင်မြေသာစံမြို့နယ်မှာ ကျေးရွာအုပ်စုတွေ နှစ်ဆယ့်သုံးခုရှိတယ်။ အခု ကျုပ်တို့က သရက်တောကျေးရွာအုပ်စု။ ကျုပ်တို့အုပ်စုမှာ ရွာပေါင်းဆယ့်သုံးရွာရှိတယ်'

'ရွာများသားပဲနော်။ ကျွန်မသိချင်တာ ရှိသေးတယ် ဦး။ ဒီနယ်မှာ ဟိုတုန်းက ရှေးခေတ်ဘုရင်တွေလက်ထက်တုန်းက ဒါမှမဟုတ် ကိုလိုနီခေတ်တုန်းက ဆိုးဆိုးဝါးဝါး ရက်စက်ကြမ်းကြုတ်တဲ့သတ်ဖြတ်မှုတွေများ ရှိခဲ့ဖူးသလား ဆိုတာမျိုး'

"ကျုပ်တို့သိသလောက်တော့ အဲဒါမျိုး မရှိခဲ့ပါဘူး။ဒီနယ်က တော်တော်အေးချမ်းတာကွဲ့။ ငြိမ်းချမ်းဆို ခိုတောင်က သီးနှံအထွက် ကောင်းတယ်။ ကြွေးမြီကင်းကြတယ်'

'အော်'

အောင်မြေသာစံမှာ ကျေးရွာအုပ်စုက နှစ်ဆယ့်သုံးခု။ ကျေးရွာအုပ်စုတစ်ခုတွင် အနည်းနှင့်အများ ဆယ်ရွာလောက်ပဲထားပါ။ မိမိလေ့လာရမှာက ရွာပေါင်း နှစ်ရာကျော်လိမ့်မည်။



ဆယ်လောက်များအချိန်ယူပြီး လေ့လာရမှာပါလိမ့်။ အခုလို လေ့လာခိမှတော့ မှတ်တမ်းတစ်ခုတော့ အကောင်းစား ပြုစုလိုက်ပါဦးမည်။ ရွာ နှစ်ရာကျော်ရှိသော အောင်မြေသာစံမြို့နယ်တစ်ခုလုံး ဆိုးယုတ်မှုကင်းမဲ့ပြီး ငြိမ်းချမ်းနေလျှင်ဖြင့် သူမ ရှုံးရစေဦးတော့ ခင်လာသတင်းပဲ။

သို့သော် ကျွန်မရှုံးလျှင် ရှင့်ကို ကျွန်မ ယူရမှာတဲ့လား။ မဖြစ်ဘူး။ ကျောထဲက စိမ့်သွားသည်။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဆိုးယုတ်မှုဆိုတာ တစ်ခေတ်မဟုတ် တစ်ခေတ်မှာတော့ ရှိနေခဲ့မှာပဲ။ ရှာနိုင်ဖို့ပဲ လိုသည်။ အချိန်တွေ အများကြီး ယူရမည်။ တစ်နှစ်နှစ်နှစ် ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် ဆယ်နှစ်လောက် ကြာအောင် ရှာချင်ရင်လည်း ရှာရမည်။ ဆယ်နှစ်ကြာလို့ ဆိုးယုတ်မှုတို့မတွေ့ရင်လည်း မတွေ့သေးတာသာ ဖြစ်မည်။ မတွေ့ဘူးဟု ပြောလို့မရ။ နှစ်ပေါင်း ရာနှင့်ချီ ကြာမှ တူးဖော်တွေ့ရှိသော လျှို့ဝှက်ချက်တွေ သမိုင်းတွေကို မိမိတို့ ရင်းနှီးနေကျပဲ မဟုတ်သလား။ ပို့ဖ်နန်မှာတွေ့ခဲ့ရသူနှင့် မြဝန်းရံ လောင်းကြေးထပ်စဉ်က အချိန်ကာလ ကန့်သတ်ချက် မထားခဲ့။ သူက မိမိကို ကြိုက်သလောက် အချိန်ယူပါ တဲ့။ တော်ပါသေးရဲ့။ မြဝန်းရံ စိတ်သက်သာစွာ ထို့နောက် အနည်းငယ် ကောက်ကျစ်စွာ ပြုံးမိသွားပါသည်။

ကလေးအိပ်သွားသည့်အခါ မဒွေးကြွယ်က ကလေးကို ထုတ်တန်းမှာ ချိတ်ဆွဲထားသော ကြိမ်ပုခက်ထဲသို့ ထည့်ကာ သိပ်သည်။ ပြီးတော့ နောက်ဖေးဘက် ခဏဝင်သွားပြီး ပြန်ထွက်လာသည့်အခါ ပန်းကန်ပြားတစ်ချပ်ထဲတွင် ကန်စွန်းဥပြုတ်တွေ ထည့်လျက် ပန်းကန်လုံးသေးသေးမှာ ဆီနှင့်ဆားစိမ်လျက်ယူလာသည်။

'စားပါဦး။ အခင်းထဲက ဖော်ထားတဲ့ ကန်စွန်းဥတွေကို' ရိုးစင်းစွာ ဧည့်ဝတ်ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



ကန်စွန်းဥပြုတ်ကို စားစရာဟု ဘယ်တုန်းကမှ မသတ်မှတ်ခဲ့မိသော်လည်း အခုလို ဆီနှင့်ဆားနှင့်စားသည့်အခါ စားလို့ကောင်းလှချည်လားဟု သူမ အံ့သြမိသည်။ ရေနွေးကြမ်းဟု အညာကခေါ်သော လဖက်ရည်ကြမ်းကလည်း ဖန်ဖန်မွှေးမွှေးနှင့် သောက်လို့ကောင်းသည်။ ငယ်စဉ်က အဘွားအိမ်မှာ ရှိခဲ့ဖူးသော ကြွေရေနွေးကြမ်းအိုးထည့်သည့် ကြိမ်ကြုတ်ကို ပြန်မြင်တွေ့ရပြီ။ ရေနွေးကြမ်းအိုးလက်ကိုင်မှာ အပေါ်ကနေ တပ်ထားသည့် ကြေးချောင်းကွေးကွေး လက်ကိုင်ဖြစ်၏။ ကြေးချောင်းမို့ ရေနွေးပူလျှင် သူကလည်း ပူလေသည်။ ထိုအပူကို လက်ဖြင့် ကိုင်နိုင်ဖို့ ပုဝါစတစ်ခုဖြင့် ချည်နှောင်ထားသည်။ ကရားကိုယ်ထည်မှာ အရောင်အဆင်းမှိန်နေသော တရုတ်ရှေးဟောင်းပန်းချီပုံ။ ဆံပင်ဂုတ်ဝဲနှင့် မိန်းကလေးတစ်ယောက် ကီမိုနိုလို ဝတ်စုံပွကြီးကို ဝတ်ဆင်ထားပြီး ကြွေအိုးကိုကိုင်ကာ ရေနွေးငှဲ့ ထည့်တော့မည့်ပုံဖြစ်သည်။

'ရွှေမှုန်ဝင်းလေး သေတယ်လို့ ကြားတယ်'

မဒွေးကြွယ်က မြဝန်းရံအား တည့်တည့်မကြည့်ဘဲ ခပ်တိုးတိုး မေးသည်။

'ဟုတ်ပါတယ်'

'အလောင်းကို တွေ့ခဲ့သေးလားဟင်'

'တွေ့ခဲ့ပါတယ်။ မြေချပြီးမှ ကျွန်မ ထွက်လာတာပါ'

'အေးကွယ်။ ဘယ်လို လူကများ ဒီလောက် ယုတ်မာပက်စက်တာလဲ မသိဘူး'

ဒေါ်ကြီးက ပြောပြီး ကျောချမ်းဟန်ဖြင့် 'ဝဋ်ကြွေးပေါ့' ဟု ဆက်ရေရွတ်သည်။

'တရားခံကို မိသတဲ့လား လုံမ'

'ဖမ်းမမိသေးဘူးဦးကြီး'



'အေး မိန်းကလေးလည်း အသွားအလာ ဂရုစိုက်ကွဲ့။ ခေတ်ကြီးက မကောင်းတော့ဘူး'

'ဟုတ်ကဲ့ပါ ဦးကြီး'

ခဏကြာအောင် ငြိမ်သက်နေကြပြီးနောက် မြဝန်းရံ လာရင်းကိစ္စကို စုံစမ်းဖို့ အချိန်ရောက်ပြီဟု တွက်သည်။

'အော်ဒါနဲ့ ဦးကြီးကို ကျွန်မ ဒီမြို့နယ်မြေပုံလေး ပြဦးမယ်။ ဦး ကြည့်ပေးပါဦး'

ငှက်ပျောသီးပုံသဏ္ဌာန်မြေပုံတွင် တွေ့ရသော သရက်တော ဆိုသည်မှာ သူမ အခုရောက်နေသည့် ခိုတောင်ကျေးရွာပါဝင်သော ကျေးရွာအုပ်စုနာမည် ဖြစ်သည်ဟု ဦးစံအောင်က ရှင်းပြသည်။ အခြားကျေးရွာအုပ်စု နှစ်ဆယ့်နှစ်ခု ရှိသေးသော်လည်း မြေပုံထဲမှာ အားလုံးမပါ။ ဆယ့်နှစ်ခုပဲ ပါသည်။ ကျန်ဆယ်ခုက စာရင်းထဲတွင် ထည့်ပေါင်းထားတာလားမသိ ဟု ဆိုသည်။

'ဒါဖြင့် ဦး ကျွန်မကို အဲဒီ ဆယ်ခု နာမည်လေး ပြောပြနိုင်မလားဟင်'

'အကုန်တော့ ကျုပ်မသိဘူး။ မြို့နယ်ရုံးမှာတော့ အဲဒီစာရင်း ရှိမှာပဲ'

'အို မြို့ကို မရောက်ခင် ဒီက ရွာတွေကို အစုံသိချင်ရင် ဘယ်လိုလုပ်ရမလဲ ဦးရယ်'

'ဘုန်းကြီးကတော့ ကျုပ်ထက် နှံ့စပ်တယ်'

ခိုတောင်ရွာ၏ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောရင်း ဘုန်းကြီးကျောင်းသို့ သူတို့ လမ်းလျှောက်လာချိန်တွင် နေလုံးသည် အနောက်ဘက်ကောင်းကင်ဆီသို့ ဆင်းနေပြီ။ ညနေဆည်းဆာတွင် ရွာသည် လူသွားလူလာမပြတ်ဘဲ သက်ဝင် လှုပ်ရှားနေဆဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ရွာလမ်းဘေးတွင် သစ်ပင်ကြီးကြီးတွေ ရှိသည်။ အများအားဖြင့် တမာပင်နှင့် မန်ကျည်းပင်များ ဖြစ်သည်။

ထိုသစ်ပင်များတွင် ကြော်ငြာတွေ ကပ်ထားသည်။စက္ကူကြော်ငြာမဟုတ်။ လေဒဏ်မိုးဒဏ်ခံနိုင်သော၊ မဆွေးမြေ့လွယ်သောဗီနိုင်းအစဖြင့် ပုံနှိပ်ထားသည့် ကြော်ငြာများ ဖြစ်သည်။ မြင်းကျားပုံ ဓာတ်မြေသြဇာ ကြော်ငြာ၊ သစ်ရွက်ကလေးပုံ ပါသော ဓာတ်မြေသြဇာကြော်ငြာ၊ သီးနှံအထွက် တိုးစေမည်ဟု အာမခံထားသည့် ကြော်ငြာများ။ ပြီးတော့ အကောင်းဆုံး ပိုးသတ်ဆေး။ ပင်စည်တိုင်းတွင် သံနှင့်ရိုက်ပြီးကပ်ထားသည့် ကြော်ငြာတွေသည် အတန်းလိုက် စီရီလျက် ရှိသည်။

'စစ်အတွင်းကာလဆိုတော့ အသေအပျောက် ရှိတာပေါ့။ အနည်းနဲ့အများပဲ ကွာမှာပဲ။ စစ်ကိုးဗျ။ သူနိုင်ကိုယ်နိုင် တိုက်ကြတဲ့ပွဲမှာ သူဦး သူသတ် ကိုယ်ဦး ကိုယ်သတ်။ ဒါ မဆန်းပါဘူး။ ကျုပ်အစ်ကိုဆိုရင် ဂျပန်တော်လှန်ရေးမှာ ကျခဲ့တာ'

စစ်အတွင်းလူသတ်တာဟာ ဆိုးယုတ်မှု မဟုတ်ဘူးဟု ဆိုချင်တာလားမသိ။ ယုတ်မာသည့်သတ်ဖြတ်မှုတွေ အမျိုးဖြုတ်သည့်သတ်ဖြတ်မှုတွေသည် စစ်အတွင်းမှာ ဖြစ်ပွားခဲ့တတ်တာ မဟုတ်ဘူးလား။

'လွတ်လပ်ရေးရပြီးတော့လည်း ရဲဘော်ဖြူတွေ ကွန်မြူနစ်တွေ ပဋိပက္ခတွေရှိခဲ့တာပဲ။ တိုက်ပွဲတွေ ရှိခဲ့တာပဲ။ သူပုန်တွေ သောင်းကျန်းတော့လည်း ရွာကလူတွေ စည်းစည်းလုံးလုံး ခုခံတိုက်ခိုက်ခဲ့ကြတာပဲ။ သူ့ဘက်ကလည်းကျ ကိုယ့်ဘက်ကလည်းကျပေါ့ သရက်တောအုပ်စုက သတ္တိအကောင်းသား'

အိမ်တိုင်းမှာ တံစက်မြိတ်မှာ တွဲလောင်းဆွဲထားသည်က ခြောက်သွေ့နေသည့် ပြောင်းဖူးတွဲများ ဖြစ်သည်။ တချို့အိမ် မှာတော့ ရေထည့်ထားသည့်ပလတ်စတစ်အိတ်များကို စည်းရိုး ဝါးလုံးတန်း၊ အိမ်နံရံအောက်ခြေတန်းမှာ တွဲလွဲဆွဲလျက် မြင်ရသည်။

'ဟောဟိုဟာ ဘုန်းကြီးကျောင်းပဲ'

ဘုန်းကြီးကျောင်းအဝင် မန်ကျည်းပင်အမြစ်ဆုံ အခြေတွင် ကလေးတွေ ဝိုင်းအုံနေ၏။ သူတို့သည် စိတ်ဝင်စားစရာတစ်ခုခုကို သဲကြီးမဲကြီးဝိုင်းကြည့်နေကြခြင်း ဖြစ်သည်။ သူတို့ ဝိုင်းထားသည့်အရာမှာ ထိုင်နေသော လူတစ်ယောက်ဖြစ်သည်ကို အနီးရောက်မှ အသေအချာမြင်ရသည်။

ပုံဆွဲစက္ကူကို သစ်သားပြားပေါ်တွင် ကလစ်ဖြင့် ညှပ်လျက် စုတ်တံဖြင့်ဆေးခြယ်နေသည့်လက်ကို အရင်တွေ့ရသည်။ အပေါ်ဆီးကနေမို့ ထိုလူ၏ ငုံ့ထားသောဦးခေါင်းကိုသာ မြင်ရ၏။ မျက်နှာကို အပြည့်မမြင်ရ။ နဖူးပေါ်မှာ ဝဲကျနေသည့် ဆံပင်ညိုညို သွေ့သွေ့ခြောက်ခြောက်။

'ညီလေးချော ဆရာတော်ရှိလား'

ဦးကြီးက လှမ်းမေးတော့ ပန်းချီဆွဲနေသူအား ဝိုင်းအုံနေသည့်ကလေးအုပ်စုထဲမှ အရပ်ရှည်ရှည်ကောင်လေးက ခေါင်းမော့လာသည်။

'မရှိဘူး ဘကြီး၊ ရိပ်သာကျောင်း ခဏသွားတယ်'

'မင်းတို့ ဒီမှာ ဘာလုပ်နေကြတာလဲ။ ကျောင်းပေါ်သွားလေ'

ဦးကြီး၏အသံက တင်းတင်းပြတ်ပြတ်။

ထိုအချိန်မှာ ပန်းချီဆွဲနေသူက အသံကြားရာသို့ မော့ကြည့်လိုက်သည်။

နေလောင်ထားသော အသားက မညိုတညို၊ နဖူးကျယ်ကျယ်။ နှာတံစင်းစင်း၊ မျက်လုံးတွေက အညိုရင့်ရင့်။



www.burmeseclassic.com

www.burmeseclassic.com



'ပုံဆွဲတာ ကြည့်နေတာဗျ။ ဘကြီး ဒီမှာ ကြည့်စမ်းပါ။ လှချက်ကတော့ ကမ်းကုန်ပဲ'

ဦးကြီးက မျက်မှောင်ကြုတ်လျက် ရှေ့တိုးကြည့်သည်။ သူမကတော့ ဦးကြီးနောက်မှာပဲ ရပ်လျက် ကလေးအုပ်စုနှင့် တရင်းတနှီးဖြစ်နေသော ထိုသူကို မယုံသင်္ကာဖြင့် အကဲခတ်နေပါသည်။ ရွာသားပုံစံမဟုတ်။ မြို့ကလာသည့် ပုံစံမျိုး။ ထိုသူက မြဝန်းရံကို တစ်ချက်သာ ကြည့်ပြီး စုတ်တံကိုင်သည့်လက်ကို စက္ကူပေါ် ပြန်ချလိုက်သည်။

'မင်းကို ကျုပ်တစ်ခါမှ မမြင်ဖူးဘူး။ ဒီရွာကမဟုတ်ဘူး'

'မဟုတ်ပါဘူး'

'ဆရာတော့်ဧည့်သည်လား'

'မဟုတ်ပါဘူး'

'ဘယ်သူ့အိမ်လာတာလဲ'

တောရွာဆိုတော့ ဦးကြီးက စပ်စုသည်မှာ ပုံမှန်ဖြစ်ပါလိမ့်မည်။ သို့သော် ထိုလူ၏မျက်လုံးတွေ စူးရှသွား အရောင် လက်သွားသည်။

'ကျွန်တော် ဘယ်သူ့အိမ်မှ မလာပါဘူး'

'ဟေ'

'ကျွန်တော် ဒီတစ်ပုံဆွဲပြီးရင် ပြန်မှာပါ။ တစ်နေ့လုံး ကျွန်တော် ပုံတွေဆွဲပြီး ကလေးတွေကို ပေးနေခဲ့တာ။ အခုပုံက နောက်ဆုံးပုံပဲ'

'ဒီပုံက ကျွန်မကို ပေးမှာတဲ့'

ဆယ့်နှစ်နှစ်ခန့်ရှိမည့် မိန်းကလေးက ကျေနပ်မှု အပြည့်ဖြင့် ပြုံးလျက် ပြောပြသည်။ ကလေးတွေထဲမှာ မိန်းကလေး သုံးယောက်ပါပြီး ယောကျ်ားလေးက ငါးယောက်ဖြစ်သည်။



ဦးကြီးက ကလေးမကို မှတ်မိသွားသည်။

'အံမာ ညည်းက မောင်မောင်မြသမီး မဟုတ်လား။ သွားစမ်း မိုးချုပ်တော့မယ်၊ အိမ်ပြန်တာမဟုတ်ဘူး။ သွား'

'ဟင် ဘကြီးကလည်း ဒီပုံပြီးအောင် စောင့်ဦးမှာပေါ့'

'မစောင့်နဲ့'

ဦးကြီးအသံက ခပ်တင်းတင်း ဖြစ်လာသည့်အခါ ကလေးမက မျက်နှာပျက်ပျက်ဖြင့် မတ်တတ်ရပ်လိုက်လေသည်။

'ပြီးပြီ ညီမလေး ရော့။ ယူသွားလို့ ရပြီ'

ပန်းချီဆွဲသူက စာရွက်ကိုဖြုတ်လျက် ကလေးမကို လှမ်းပေးသည်။ ကလေးမ၏တောက်ပနေခဲ့သော အပြုံးက ပျောက်ကွယ်သွားပြီ။ တကယ်တော့ ဦးကြီးလုပ်တာ မှန်ပါသည်။ အခုလို ဟိုဘက်ရွာတွင် မုဒိမ်းကျင့် လူသတ်ခဲ့သော လူဆိုး လွတ်မြောက်နေသည့်ကာလမှာ ဒီရွာကို ထိုလူဆိုး ရောက်မလာနိုင်ပေဘူးလား။ အခု ပန်းချီဆွဲပြီး ကလေးတွေကိုဝေငှပေးနေသည့် လူစိမ်းသည် မုဒိမ်းသမား မဖြစ်နိုင်ဘူးလား။

ကလေးမသည် ပန်းချီစာရွက်ကို တမြတ်တနိုး လှမ်းယူတုက် နေရာမှ ချာခနဲလှည့်ထွက်သွား၏။ ကလေးမလက်ထဲက ပန်းချီစာရွက်ကို သူမ တစ်ဝက်တပျက် မြင်လိုက်ရသည်။ ခပ်လှမ်းလှမ်းက တောတန်းရှုခင်းဖြစ်သည်။ စိမ်းမှောင်သော သစ်တောအုပ်အတန်းလေး၏အထက် ကောင်းကင်ပြင်အခြေက နီရောင်သန်းနေသည်။

ကလေးမက ခပ်လှမ်းလှမ်းရောက်သွားတော့ သူတို့ဘက်သို့ ပြန်လှည့်ကြည့်သည်။ ကလေးမအကြည့်က ပန်းချီဆွဲသူဆီသို့ ဖြစ်သည်။ ပန်းချီဆွဲသူက လက်လှမ်းပြတော့ ကလေးမလေးက ပြန်လက်ပြကာ ရွာထဲသို့ ဆက်လျှောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းနာမည် ဘယ်သူလဲ'

သူ့မှာ စစ်ဆေးရမည့်တာဝန်ရှိသည်ဟူသော မျက်နှာထားဖြင့် ဦးကြီးက စစ်မေးသည်။ ထိုသူက သူ့ပန်းချီပစ္စည်းတွေ စုတ်တံတွေကို သိမ်းဆည်းရင်း ခပ်လေးလေးဖြေသည်။

'ကျွန်တော့်နာမည် ပြည်မိုးငြိမ်း'

မြဝန်းရံ၏ နှလုံးဆီမှာ ဒိတ်ခနဲခုန်သွား၏။ ပြည်မိုးငြိမ်း... ဒီနာမည်ကို သူမ ရင်းရင်းနှီးနှီး ကြားဖူးနေခဲ့သည်။

'ဘယ်ရွာက လာတာလဲ'

'ရန်ကုန်က'

အဲဒါ ဟိုလူပဲ။ သေသေချာချာကြည့်မိတော့လည်း ဟိုလူနှင့် မတူသလိုလို။ နေပါဦး မြဝန်းရံက ထိုလူကို အလင်းရောင်ထဲမှာ မြင်ခဲ့တာမှ မဟုတ်ဘဲ။ မသိမ်မွေ့သော စူးစမ်းသော မျက်လုံးနက်နက်တွေကတော့ ဟိုလူ့မျက်လုံးတွေနှင့် တူသလိုလို။

ထိုလူက မြဝန်းရံကို မရယ်မပြုံး တစ်ချက်ကြည့်၏။ သူမကမန်းကတန်း မျက်နှာလွှဲပစ်လိုက်သည်။ ပြီးတော့ ခပ်တည်တည်ပင် နောက်နားမှာ ရပ်နေလိုက်ပါသည်။

ဦးကြီးကို ကလေးတွေက ရှိန်ကြသည်။ တဖြည်းဖြည်းနှင့် လူစုကွဲသွားကြသည်။ ပြည်မိုးငြိမ်းသာ ကျန်ရစ်သည်။ သူ့တွင် ဂျင်းသားကျောပိုးအိတ် ခပ်နွမ်းနွမ်းပါသည်။ အိတ်ထဲမှာ အဝတ်အစား များများပါပုံမရ။ ပြည့်ဖောင်းနေတာမျိုး မဟုတ်။ ခပ်ပျော့ပျော့ပဲ။ တစ်စွန်းတစ်စထွက်နေသောအရာမှာ အကြီးစားကင်မရာတစ်လုံးဖြစ်သည်။

မြဝန်းရံ မမှတ်မိတာလည်း မပြောနှင့်။ သူ့အသွင်က ပိုလန်မှာ တွေ့ခဲ့ရသည့်ပုံစံလို သားသားနားနားမှ မရှိဘဲ။ ဆံပင်ကလည်း ရှည်နေပြီး ဖုံအလိမ်းလိမ်းနှင့် ဖွာဆန်ကြနေလိုက်သေး



သည်။ နွမ်းဖတ်နေသောဂျင်းဘောင်းဘီအပြာကလည်း ဖုံရောင်သနေသည်။

'အေး မင်း ဘာကိစ္စနဲ့ ဒီကိုလာတာလဲတော့ ငါမသိဘူး။ ဒါပေမဲ့ ရွာမှာ သူစိမ်းရောက်ရင် သတိထားရမှာ ငါတို့တာဝန်ပဲ။ မင်း ကျောင်းပေါ်ကို ခဏလိုက်ခဲ့ကွာ'

'ကျွန်တော် လူကောင်းပါဗျ'

သူ မကျေမနပ်ဖြစ်သွားပုံရသည်။ ပန်းချီဆေးစပ်သောဆော်ပန်းကန်ပြားလေးကို ရေသန့်ဘူးထဲကရေဖြင့် ဆေးကျောကာ အတိုအစတွေကို ကျောပိုးအိတ်ထဲ အကုန်ကောက်ထည့်နေသည်။ ထို့နောက် အိတ်ကို ကောက်လွယ်လျက် ဦးကြီးရှေ့မှ ထွက်ကာ ဘုန်းကြီးကျောင်းဆီသို့ မပြောမဆို လျှောက်သွားသည်။ သူ့အရပ်က ဦးကြီးထက် မြင့်သည်။ ဗလကတော့ ဦးကြီးလောက်မကောင်းပါ။ တစ်ခုခု ခိုက်ရန်ဖြစ်ပွားလျှင် ဦးကြီးက နိုင်မည့်ပုံ ရှိပါသည်။

'လာ လုံမ။ ဘုန်းကြီးကို ကျောင်းပေါ်ကနေ ခဏထိုင်စောင့်ရင်း ဟိုကောင်ကို မေးစမ်းကြည့်ရဦးမယ်'

'ဦးကြီးက ရယကလား'

'ရယကတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ကျုပ်က ဒီရွာမှာ မွေးပြီး ဒီရွာမှာ လူကြီးလုပ်လာတာ ကြာပြီ။ ရွာအတွက် တာဝန်ရှိတယ်။ အမြင်မတော်တာတွေ့ရင် မနေနိုင်ဘူး'

ဘုန်းကြီးကျောင်းအောက်မှာ ခွေးတစ်ကောင် ရှိသည်။ လှေခါးရင်းမှာ အိပ်နေရာမှ ခေါင်းထောင်ကြည့်သောခွေးသည် သူတို့အုပ်စုကို မြင်တော့ ဝတ္တရားကျေ တစ်ချက်နှစ်ချက် ဟောင်လိုက်၏။ သူက သူ့အိတ်ထဲက မုန့်တစ်ခုကို နှိုက်ယူကာ ခွေးဆီသို့ ပစ်ကျွေးလိုက်တော့ ချက်ချင်းဟပ်လိုက်တာ ကုန်သွား၏။ ခွေး

www.burmeseclassic.com

www.burmeseclassic.com



သည် သူ့ဆီသို့ အမြီးနန့်လျက် ပြေးလာသည်။ သူက ခွေးကို လက်ဖြင့် ပွတ်သပ်လျက် နှုတ်ဆက်နေသည်။

'ငါ့ကို မဟောင်နဲ့ကွ ငါက မင်းကို မုန့်တွေ ကျွေးမှာ'

ခွေးနှင့်သူ အပေးအယူတည့်သွားလို့ မဟောင်တော့ပေ။ မိမိတို့ ကျောင်းပေါ်တက် လာတာကို ကြည်ကြည်ဖြူဖြူပင် လှမ်းကြည့်ရင်း ကျန်နေခဲ့သည်။ ဒီလူဟာ ခွေးကိုတောင် စည်းရုံးတတ်တဲ့လူလား။

ဘုန်းကြီးကျောင်းသည် ရွာတွေမှာ တွေ့ရတတ်သည့် သာမန်ကျောင်းမျိုးပဲ ဖြစ်သည်။ ပျဉ်ထောင်ပျဉ်ခင်း ဖြစ်သော်လည်း ဟောင်းနွမ်းသော ပျဉ်ချပ်တစ်ခုနှင့် တစ်ခုကြားမှာ တစ်လက်မလောက် ဟနေသည်။ ကျက်သရေခန်းတစ်ခုသာ ရှိပြီး ကျန်တာက ခန်းမကျယ်အတိုင်း ဖြစ်သည်။ ဘုရားခန်းမှာ တံခွန်၊ ယပ်တောင်၊ စားပွဲပေါ်က သက်နုံးဘူး၊ မုန့်ဘူးတို့ဖြင့် စီရီလျက် ပြည့်နှက်နေသည်။ မှန်ကျောင်းဆောင်ထဲက ဆင်းတုတော်မှာ ကြေးရောင်လက်နေသည်။ ပန်းအိုးတွေကလည်း ရွေးက ခေတ်စားသည့် ဗုံးကျည်ဆံ ကြေးပန်းအိုးတွေ။ ရွက်လှပန်း နှင့် ပုဏ္ဏရိပ်ပန်းတို့ကို ရောစပ်ပြီး ပန်းအိုးထိုးထားသည်။ မွှေးရနံ့ကတော့ ပန်းတွေဆီမှ မဟုတ်။ ဘုရားရှေ့မှာ တငွေ့ငွေ့ မီးလောင်နေသော အမွှေးတိုင်ဆီမှ ကရမက်နံ့ ဖြစ်သည်။

ကျောင်းမှာ စာဖတ်နေသော ဘုန်းကြီးခပ်ငယ်ငယ် တစ်ပါးရှိသေးသည်။ ညိုချောနှင့်ရွယ်တူ အခြားကျောင်းသားလေး နှစ်ယောက်လည်း ရှိသည်။ သူတို့က ဦးကြီးအား လေးစားဟန်ရှိသည်။ ရေနွေးကရားနှင့် မြေပဲဆံကြော်ကို ကြွေရည်သုတ်လင်ပန်းဖြင့် လာချ၏။ ဦးဇင်းလေးက စာကျက်နေရာမှ ခေါင်း



မော့ပြီး ဦးကြီးအား နှုတ်ဆက်သည်။ ထို့နောက် ညိုချောအား လှမ်းအမိန့်ပေးသည်။

'ငှက်ပျောသီး ချပေးလိုက်ဦး'

'မလုပ်ပါနဲ့ ဦးဇင်း၊ တပည့်တော်တို့ ပြန်ရင် ထမင်းစားမှာမို့ပါ'

သို့သော် ညိုချောက လှစ်ခနဲပင် ကျက်သရေခန်းထဲသို့ ဝင်သွားပြီး ချက်ချင်းပင် ဝင်းဝါနေသော ဖီးကြမ်းငှက်ပျောသီး တစ်ဖီး လာချသည်။

'ဘကြီးစားပါ။ အစ်ကိုကြီးလည်း စားပါ'

ညိုချောကြည့်လိုက်သည့် အကြည့်တွင် ပန်းချီဆရာကို စားစေချင်သောစေတနာတွေ မြဝန်းရံ သတိထားမိသည်။

'ဟား မင်းက ပန်းချီကို နံရံမှာတောင် ချိတ်ပြီးပြီကိုး'

ပန်းချီဆရာက မိမိတို့နောက်ဘက်ဆီသို့ မော့ကြည့်ပြီး ပြောလိုက်သည့်အခါ ညိုချောက သဘောကျစွာ ပြုံးရယ်၏။

'ဟုတ်တယ်ဗျ။ ကျွန်တော်က အဲဒီရေကန်လေးကို သိပ်ကြိုက်တာ'

မြဝန်းရံရော ဦးကြီးရော နောက်ဘက်သို့ လှည့်ကြည့်မိသွားသည်။ မိမိတို့ ကျောပေးထားသည့် နောက်ဘက်နံရံတွင် သစ်ပင်တချို့ စီတန်းဝိုင်းရံထားသော မိုးရေကန်ကို ရေးဆွဲထားသည့် ရေဆေးပန်းချီကားလေးကို မြင်ရသည်။ ပျဉ်နံရံမှာ နှီးစဖြင့် ညှပ်လျက် ထိုးထားခြင်းဖြစ်သည်။

သူ့ကို အခုမှ မြဝန်းရံ အသေအချာ ပြန် ကြည့်မိသည်။

သူ့အသားက ခပ်ညိုညို။ နှာတံပြေပြေဖြစ်သည်။ နှုတ်ခမ်းက ပန်းသွေးရောင်ပေမဲ့ သွေ့ခြောက်ခြောက် ဖြစ်နေသည်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းတွေကတော့ တကယ်ကိုပဲ အနုပညာလက်ဟု သတ်မှတ်ရမလားမသိ။ ညိုနုပြီးသွယ်လျသည့် လက်တွေ။

'မင်းက ပန်းချီဆရာလား'

ဦးကြီးက မျက်နှာထားမလျော့သေးဘဲ မေးသည်။

'ဟုတ်ကဲ့'

'ဒါဆို ဘာပုံတွေဆွဲလဲ'

'မျိုးစုံပဲ။ အခုမြင်ရတဲ့ရှုခင်းပုံမျိုးတွေလည်း ဆွဲပါတယ်'

'ရောင်းတာလား'

'ခင်ဗျာ ဟုတ်ကဲ့ တစ်ခါတစ်ခါတော့ ရောင်းပါတယ်'

'တစ်ပုံကို ဘယ်လောက်ရလဲ'

'ခုနစ်သိန်း ရှစ်သိန်းလောက် ရပါတယ်'

'ဟေ'

ဦးကြီး ပါးစပ်အဟောင်းသားဖြစ်သွားချိန်တွင် ထိုလူ့အပြုံးက ဝင်းလက်လာပြီး မြဝန်းရံအား လှမ်းကြည့်သည်။ သူ့နှုတ်ခမ်းမှာခိုတွဲနေသည့် ခပ်ကြွားကြွားအပြုံးကို သူ ဖုံးကွယ်ဖို့ မကြိုးစားပါ။

'တစ်ပုံကို ခုနစ်သိန်းရှစ်သိန်း၊ ဘယ်သူတွေက ဝယ်လဲ'

'ဝယ်တဲ့လူတွေ ရှိပါတယ်။ တချို့ပန်းချီဆရာတွေဆို တစ်ပုံကို သိန်းနှစ်ဆယ် သုံးဆယ်ရတယ်'

'ဟေ တစ်ပုံကို'

'ဟုတ်တယ် တစ်ပုံကို'

'ကလေးတွေဆီက မင်း ဘယ်လောက်ရလဲ'

'သူတို့ကို အလကားဆွဲပေးတာပါ'

'ဘာဖြစ်လို့ အလကားဆွဲပေးတာလဲ'



'ဒါက ကျွန်တော်အားလပ်ချိန် အပန်းဖြေနည်းတစ်ခုပါပဲ။ ဒီဆေးကလည်း အကော်ခရဲလစ်ဆေးမို့ သိပ်ဈေးမကြီးပါဘူး။ ကျွန်တော် ဒီလိုပဲ နွေရာသီမှာ ရေးကွက်ရှာရင်း ဓာတ်ပုံရိုက်ရင်း နယ်တွေကို ခရီးထွက်လေ့ရှိတယ်။ ရောက်သမျှနယ်မှာ ကလေးတွေကို ပန်းချီသင်ပေးတယ်။ ပန်းချီပုံတွေရေးပြီး လက်ဆောင်ပေးတယ်။ ဒီရွာဘက်ကို ဒီနှစ်မှ ရောက်ဖြစ်လို့ပါ။ ဟိုနှစ်တွေတုန်းက ကျွန်တော် မြစ်ဝကျွန်းပေါ်ဖက်ကို ရောက်နေခဲ့တယ်'

'အော် ဒီလိုလား။ ဘာဖြစ်လို့ ကလေးတွေကို ပန်းချီဆွဲပေးတာလဲ'

'ကလေးတွေက ပန်းချီကို ချစ်တာကိုး။ ဘကြီးကို ဆွဲပေးရင်လည်း ဘကြီးက မြတ်နိုးမှာမှ မဟုတ်ဘဲ'

'ဟေ'

'ကလေးတွေက ပန်းချီတို့ ပန်းပုတို့ အနုပညာတွေကို ချစ်တယ်ဗျ။ တန်ဖိုးထားတဲ့လူကို ပေးရတာ စိတ်ချမ်းသာတာပေါ့။ နောက်ပြီး သူတို့က ပုံ သိပ်ဆွဲချင်တယ်။ သူတို့ကို ပုံဆွဲသင်ပေးရတာ သူတို့လည်း ပျော်တယ်။ ကျွန်တော်လည်း ပျော်တယ်။ သူတို့ကို ပန်းချီစာရွက်နဲ့ ခဲတံနဲ့ချပေးထားရင် သူတို့ စိတ်ထဲရှိတာ ဆွဲတော့တာပဲ ဘကြီးရဲ့'

ဦးစံအောင်နှင့်သူ မကြာခင် ပြေလည်မှု ရသွားကြသည်။ နေရောင် တဖြည်းဖြည်းပျောက်လာပြီး အမှောင်ထုက ကျောင်းပေါ်သို့ ဖုံးလွှမ်းလာသည်။ ဘုန်းကြီးကျောင်းသားလေး ညိုချောက ကျောင်းပေါ် တက်လာလိုက် ကျောင်းအောက် ဆင်းသွားလိုက် မြည်မိုးငြိမ်းကို ကွက်ကြည့်ကွက်ကြည့်နှင့် ဘုရားပန်းအိုးတွေ ရှေ့လဲနေရာမှ ဘက်ထရီမီးချောင်းကို လာဖွင့်ပေးသည်။ တစ်ဖက်မျ

www.burmeseclassic.com

www.burmeseclassic.com



သာရှိသော မီးချောင်းအသေးလေးက ကျောင်းခန်းမတစ်ခုလုံးကို အလင်းမပေးနိုင်သော်လည်း သူတို့ အနီးတဝိုက်ကိုတော့ ကောင်းကောင်းလင်းပါသည်။

'ကလေးလေးတွေ ဘာပုံတွေ ရေးကြလဲ အစ်ကိုကြီး'

ညိုချောက ဝင်မေးသည်။

'အစုံပဲကွ။ မြစ်ဝကျွန်းပေါ်က ကလေးတွေက ဟယ်လီကော့ပတာတွေကို ဆွဲတယ်။ သူတို့က လေယာဉ်ပျံလို့ ခေါ်တယ်။ သူတို့အတွက်က ဟယ်လီကော့ပတာတွေကို မြင်နေကျ ဖြစ်နေပြီလေ။ နာဂစ်မုန်တိုင်းအပြီးမှာ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးအဖွဲ့တွေက ဟယ်လီကော့ပ်တာတွေနဲ့ ဆင်းကြတာကိုး။ တချို့က သူတို့စိတ်ကူးတွေကို ဆွဲခိုင်းတယ်'

'ကျွန်တော့်လိုပေါ့နော်'

'အေး မင်းက ရေကန်ပဲဆွဲခိုင်းတာ ကန်သုံးဆယ်ရွာက ကလေးတစ်ယောက်က ဘာပုံ ရေးခိုင်းတယ် ထင်လဲ။ ထူးထူးဆန်းဆန်းဗျ။ မာန်နတ်ပုံတဲ့ ဆွဲခိုင်းတယ်'

သူ့စကားကြောင့် မြဝန်းရံ လှည့်မကြည့်ဘဲ မနေနိုင်တော့ပါ။

'ဘုရားစာတွေ ဗုဒ္ဓဝင်ပုံပြင်တွေထဲမှာ မာရ်နတ်ပါတာကိုးကွ။ မင်း ဆွဲမပေးလိုက်ဘူးလား'

ဦးကြီးက မထူးဆန်းသလို ဝင်ပြောသည်။

'ကျွန်တော် ဆွဲပေးလိုက်ပါတယ်။ ပထမတော့ တော်တော် ဦးနှောက်ခြောက်ရတယ်။ တီဗွီဂိမ်းထဲက ကောက်ကျစ်စဉ်းလဲတဲ့ လူဆိုး ခေါင်းဆောင်ကြီးတွေပုံမျိုး ဆွဲပေးဖို့ လုပ်ပြီးမှ ပန်းချီဦးဘကြည်ရဲ့မာရ်နတ်ကို သွားသတိရတယ်။ ဗုဒ္ဓဝင်ရုပ်စုံမှာ ဦးဘကြည်ဆွဲထားတဲ့ မာရ်နတ်ကို ကျွန်တော် မှတ်မိနေ



တယ်လေ။ ဦးဘကြည်ရဲ့မာန်နတ်ပုံကို ကျွန်တော် ဆွဲပေးတယ်'

ဗုဒ္ဓဝင်ရုပ်စုံထဲက မာရ်နတ်ပုံဆိုတာကို မြဝန်းရံ မသိပါ။ ဦးကြီးကတော့ သိသလိုပဲ ခေါင်းညိတ်နေ၏။

'ကလေးတွေက မာရ်နတ်ပုံကိုမြင်တော့ ကြောက်လား'

ဟု သူမ တစ်ခွန်း ဝင်မေးလိုက်သည်။

သူက မြဝန်းရံ စကားလှမ်းပြောလိုက်တာကို ကျေနပ်သွားပုံဖြင့် ဖျတ်ခနဲ လှည့်ကြည့် ပြုံးပြသည်။

'တချို့ကတော့ ကြောက်သွားတယ်ဗျ။ ဒါပေမဲ့ တချို့က သဘောကျတယ်။ ကလေးတစ်ယောက်ဆိုရင် မာရ်နတ်ပုံကို သူသိမ်းထားချင်တယ်ဆိုလို့ ကျွန်တော် ပေးခဲ့တယ်။ စိတ်ဝင်စားစရာတော့ကောင်းသားပဲ'

ကိုဇင်၏တူမလေးတစ်ယောက်သည် ယယ်ယယ်တုန်းက ဝေါ့လ်တ်ဒစ်စ်နေကာတွန်းကား မူလန်ကို ကြည့်သည့်အခါ အဲဒီထဲက ဟန်လူမျိုးလူဆိုးကြီးကို တအားကြောက်ခဲ့တာ သူမ မှတ်မိနေသည်။ ထိုလူကြီးပေါ်လာလျှင် နောက်ခံတီးလုံးကိုက ခြောက်ချားစရာမို့ ကလေးမလေး တုန်တုန်သွားလေသည်။ ကိုဇင်က ကလေးမလေးကို အတူဖက်ထားပြီး ကြည့်တာတောင် ကလေးမလေးက မျက်နှာကို ကိုဇင့်ရင်ခွင်မှာ အပ်ကွယ်လျက် ပုန်းတတ်သည်။ အခုတော့ ကလေးတစ်ယောက်က မာရ်နတ်ပုံကို သိမ်းထားချင်သည်ဆိုတော့ ထိုမာရ်နတ်ပုံသည် သိပ်တော့ ကြောက်စရာကောင်းပုံမရ။ အဲဒါ ကောင်းသည့်အချက်လား မကောင်းသည့် အချက်လား။

သူမ သူ့ကို စိုက်ကြည့်နေတော့ သူကလည်း မြဝန်းရံ့ကို စိုက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ။ မာရ်နတ်ပုံကို ပေးခဲ့တာ မှားသလား'

'အော် မမှားပါဘူး။ ရက်စက်ကြမ်းကြုတ်တဲ့ လူဆိုးတိုင်းက မာရ်နတ်လို လူဆိုးမှန်း သိသိသာသာကြီး ကြောက်စရာ ရုပ်နဲ့ ရှိမနေဘူးဆိုတာ ကလေးတွေသိအောင် ပြောပေးထားရင် ကောင်းမလားလို့ တွေးမိလို့ပါ'

'ညီမပြောတာ ကျွန်တော် နားမလည်ဘူး'

ညီမ။ ညီမတဲ့။ ဒါကတော့ ပိုလန်မှာ တွေ့ခဲ့သူ၏ အသုံးအနှုန်း ဖြစ်နေသည်။ မြဝန်းရံကို ညီမဟု ခေါ်ပြီး သူ့ကိုယ်သူ ကျွန်တော် ဟုပြောတာ ဟိုလူပဲ ရှိဖူးသည်။ ဒါဖြင့် သူဟာ ပိုလန်မှာ တွေ့ခဲ့ရတဲ့ ပြည်မိုးငြိမ်းအစစ်ပါပဲ။

'လုံမပြောတာကို မင်းနားမလည်ပေမယ့် ငါနားလည်တယ်။ မင်းကို ပြောပြမယ်။ ဟိုဘက် အုတ်နဲ့ရွာမှာ မနေ့တစ်နေ့ကပဲ မုဒိန်းကျင့် လူသတ်မှုတစ်ခု ဖြစ်သွားတယ်။ သေသွားတဲ့ ကလေးက ဆယ်နှစ်သမီးလေး။ မင်းသိလား'

ပြည်မိုးငြိမ်း၏ ပြုံးနေသော မျက်နှာတည်သွားသည်။

'ကျွန်တော် ကြားမိပါတယ်'

'အဲဒီလူသတ်ကောင်ဟာ မာရ်နတ်လို ကြောက်စရာ ရုပ်ကြီးဆိုရင် ဘယ်ကလေးက ကြာရှည်အနားကပ်ခံမလဲ။ သူက ရုပ်ကွက်ထဲက သူလိုငါလို မထူးခြားတဲ့ ယောကျ်ားမို့သာ ကလေးက မကြောက်ခဲ့မိလို့ ယုတ်မာတာ ခံလိုက်ရတာပေါ့'

'အော'

'လုံမပြောချင်တာက အဲဒီလူယုတ်မာဟာ မင်းလည်း ဖြစ်နိုင်တာပဲ'

'ခင်ဗျာ'

'ငါလည်း ဖြစ်နိုင်တာပဲ'



ဘက်ထရီမီးချောင်းအလင်းမှိန်မှိန်တွင် သူ့မျက်လုံး၏ အပြောင်းအလဲကို သူမ အကဲမခပ်နိုင်ပါ။ သို့သော် အောင့် သက်သက်ဖြစ်သွားပုံတော့ ရှိသည်။

'ကျွန်မပြောချင်တာက လူသတ်သမားရဲ့ ပုံစံသွင်ပြင်က မာရ်နတ်တို့ အာဠာဝကဘီလူးတို့လို မြင်လိုက်ရုံနဲ့ ကြောက်စရာကြီး ဖြစ်မနေဘူး။ မသိသာဘူးလို့ ပြောချင်တာ'

'ဒီတော့ နောက်တစ်ခါ မာရ်နတ်ပုံရေးခိုင်းရင် ကျွန်တော် ဘယ်လိုပုံ ရေးရမလဲ'

ဒီတစ်ခါ သူမ အဖြေရခက်သည့် အလှည့်ဖြစ်သည်။ တော်ပါသေးရဲ့။ ထိုအချိန်မှာ အပြင်ကြွသွားသည့် ဘုန်းကြီး ပြန်ရောက်လာခဲ့သည်။

ဘုန်းကြီးသည် အသက်ခုနစ်ဆယ်လောက်ရှိပြီ။ အရပ်ပျပ်ပျပ် သေးသေးသွယ်သွယ်။ သက်န်းကို ပခုံးသားမပေါ်အောင် ဆတ်ကန်တော့ထိုး ရုံထားသည်။ မျက်နှာထားက အလွန် အိန္ဒြေကြီး သည်။ ခြေလှမ်း အကြွအချ ငြင်သာသည်။

'ဒကာကြီး ဦးစံအောင် ရောက်နေတာ ကြာပြီလား'

'မကြာသေးပါဘူးဘုရား။ မြို့က ဧည့်သည်ကလေးမက ဆရာတော့်ကို မေးမြန်းလျှောက်ထားချင်တာလေးတွေ ရှိလို့ လိုက်ပို့ပေးတာပါ'

ဘုန်းကြီးအမျိုးမျိုးကို တွေ့ဖူးသည်။ ထက်မြက်သော ဘုန်းကြီး၊ ရပ်ရွာလူမှုရေးကို ဆောင်ရွက်ကူညီပေးဖို့ စိတ်ဝင်စားသောဘုန်းကြီး၊ ဝိဇ္ဇာတို့ လောကီပညာတို့ကို စိတ်ဝင်စားသော ဘုန်းကြီး၊ တရားအားထုတ်ခြင်းကိုသာ စိတ်ထဲမှာ အာရုံထားသော ဘုန်းကြီး၊ ဘုရားတည် ကျောင်းဆောက်ဖို့ စိတ်ထက်သန်သော ဘုန်းကြီး အမျိုးမျိုးပါပဲ။ ယခု ဘုန်းတော်ကြီးကတော့ ကကာ

www.burmeseclassic.com

www.burmeseclassic.com



တကာမတွေ၏ဝေဒနာကို ကုသပေးလိုသည့် ဆေးပညာရှင် ဘုန်းကြီးဖြစ်သည်။

မူလတုန်းက ဘုန်းကြီးကိုမေးဖို့ မေးခွန်းသုံးခု စီစဉ်ထား သော်လည်း ပြည်မိုးငြိမ်းရှေ့မှာမို့ နှစ်ခုပဲ မေးလိုက်တော့သည်။ အောင်မြေသာစံမြို့နယ်ရှိ ကျေးရွာအုပ်စုများအနက် မိမိ၏ မြေပုံထဲတွင် မပါဝင်သော ကျေးရွာအုပ်စု နာမည်များကို သိလို ကြောင်း။

'ကျေးရွာအုပ်စုစာရင်းက ရှိပါတယ်။ ညိုချော။ ဟို မှန် ဘီဒိုထဲက ဖိုင်တွဲအနီလေး ပေးစမ်း'

ဘုန်းကြီးက ညိုချောလာပေးသည့် ဖိုင်တွဲထဲမှ စာရွက် တစ်ခုကို ထုတ်ပေးသည်။ အောင်မြေသာစံ ကျေးရွာအုပ်စု စာရင်း ဖြစ်သည်။

'ယူသွား ကျုပ်မှာ နောက်ထပ် မိတ္တူတွေ ရှိသေးတယ်။ ပြီးတော့ ဘာသိချင်သေးလဲ'

ဘုန်းကြီးက တော်တော် ပြတ်သားပါသည်။

'ကျေးဇူးတင်ပါတယ်ဘုရား။ တပည့်တော်ကို ပြန်ခွင့်ပြု ပါဘုရား'

ဘုန်းကြီးကိုဦးချသည့်အခါ ဦးကြီး ဦးစံအောင်က သတိ ကောင်းစွာဖြင့် မြဝန်းရံကို သတိပေးသည်။

'လုံမ မေးဖို့ ကျန်သေးတယ်လေ။ ဒီရွာတစ်ဝိုက်မှာ ရှေး တုန်းက ဆိုးယုတ်တဲ့ သတ်ဖြတ်သုတ်သင်မှုတွေ ရှိခဲ့ဖူးလား မေး မယ်ဆို'

မြဝန်းရံ၏ပါးပြင်နှစ်ဖက် ပူနွေးသွား၏။ ပြည်မိုးငြိမ်း မိမိအား လှမ်းကြည့်နေမှာကို သိသည်။ ထိုင်နေရင်းမှ အငွေ့ပျံ ပြီး ပျောက်ကွယ်သွားရင် ကောင်းမှာပဲဟု တွေးမိသည်။ သူ့ရှေ့



ည့်တည့်မှာမှ ကြုံရလေခြင်း။ ပြည်မိုးငြိမ်းထံမှ စကားသံ ထွက် လာပါ။ ဘုန်းကြီးကသာ မြဝန်းရံအား မေးချင်တာ မေးပါဟု ခွင့်ပေးလိုဟန်ဖြင့် အသာပြုံးလျက် ကြည့်သည်။

သူ့ရှေ့မှာ မမေးချင်သည့်မေးခွန်းပါ။ မမေးတော့ပါဘူး ဟု ဘုန်းကြီးကိုလျှောက်လိုက်လျှင်ရော အောင့်သက်သက် ဝေဒနာ ာ ပျောက်ကွယ်သွားမတဲ့လား။

'တကာမလေးက ဘာကို သိချင်တာလဲ'

ကဲ မျက်နှာပူနွေးလျက်က မြဝန်းရံ နှုတ်ခမ်းတင်းတင်း စေ့လျက် မေးလိုက်ရတော့သည်။

'တပည့်တော်က အောင်မြေသာစံနယ်နဲ့ ပတ်သက်တဲ့ ရှေးဟောင်းသမိုင်းကို စာတမ်းပြုစုနေတာပါဘုရား'

သည်တစ်ခါတော့ ပြည်မိုးငြိမ်းကို မကြည့်မိအောင် ထိန်း ချုပ်မထားနိုင်တော့ဘဲ ခိုးကြည့်လိုက်သည်။ ပြည်မိုးငြိမ်း မိမိအား တည့်တည့်လှမ်းကြည့်နေသည့် ရယ်မြူးရိပ်သန်းသည့် မျက်လုံးတို့ နှင့် ရင်ဆိုင်မိသွား၏။ သူမ ခါးခါးသီးသီးပင် ချက်ချင်း မျက်နှာ ပြန်လွှဲပစ်လိုက်ရသည်။

ဘုန်းကြီးက ပြည့်ပြည့်စုံစုံ ဖြေပေးသည်။

ဤနယ်မြေမှာ မွေးဖွားသူ၊ ခုနစ်နှစ်သားအရွယ်ကတည်း က သာသနာ့ဘောင်သို့ဝင်ခဲ့သူ ငယ်ဖြူဘုန်းကြီး ဖြစ်သည်။ သရက်တော ကျေးရွာအုပ်စုအကြောင်းကို နှစ်ပေါင်း ခုနစ်ဆယ် စာမက ပိုပြီး သိသည်။ ရွာသည် ပြည်တွင်းစစ်တွင် မငြိမ်မသက် ဖြစ်ခဲ့သော်လည်း လူအသေအပျောက်နည်းသည်။ တိုက်ရင်း ခိုက် ရင်း သေကြတာချည်း ဖြစ်သည်။ တစ်ခုပဲ ရှိသည်။ တစ်ခါတုန်း က သူပုန်တွေက အစိုးရသတင်းပေးဟု သူတို့ယူဆသည့် လူတစ် ယောက်ကို ရွာအစွန် သချိုင်းထဲ ဖမ်းလာပြီး သတ်ပစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးက ထိုသတင်းကို သိသိချင်း ထိုလူ့အသက်ကို အလှူခံဖို့ လိုက်သွားသော်လည်း မမီလိုက်တော့။ အလောင်းကိုသာ တွေ့ရသည်။ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးလိုက်ပါသည်။

'ဘယ်လိုသတ်ခဲ့တာလဲ ဘုန်းဘုန်း'

'ဓားနဲ့ခုတ်သတ်ခဲ့တာ'

'မသေခင်မှာ ညှဉ်းပန်းနှိပ်စက်ခံရတဲ့ ဒဏ်ရာတွေ ဘာတွေများ တွေ့ရသေးလားဘုရား'

ပြည်မိုးငြိမ်းကို လုံးဝမကြည့်ဘဲ မေးလိုက်ပါသည်။

'မတွေ့ပါဘူး။ တစ်ချက်တည်း ခုတ်သတ်တဲ့ပုံပါပဲ'

ပြောပြီး ဘုန်းကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဒါမျိုးတွေက ပြန်တွေးဖို့တောင် မသင့်တဲ့ အကုသိုလ်တွေပါ'

ပြည်မိုးငြိမ်းက သူမကို ခပ်စိုက်စိုက် လှမ်းကြည့်နေဆဲဖြစ်ကြောင်း မြဝန်းရံ သိသည်။ သူ့ကို လှည့်မကြည့်ပေမဲ့ သိနေပါသည်။

သူ ပြုံးနေမှာပေါ့။ အောင်နိုင်သူအပြုံးဖြင့် သူမကို လှမ်းကြည့်နေမှာပါ။

'တပည့်တော် တောင်းပန်ပါတယ်ဘုရား။ ခွင့်လွှတ်ပါ'

ဘုန်းကြီးကို ကန်တော့ပြီး ပြန်ထွက်လာခဲ့သည်။ ပြည်မိုးငြိမ်းက သူမကို နောက်ကနေ လှမ်းကြည့်နေခဲ့မှာ သေချာပါသည်။

ခြင်ထောင်ထဲသို့ရောက်ပြီ ဖြစ်သည့်တိုင် ဘက်ထရီသုံးမီးချောင်းလေး ငြိမ်းလိုက်ပြီဖြစ်သည့်တိုင် မြဝန်းရံ အိပ်မပျော်နိုင်သေးပါ။ သင်ဖြူးပေါ်မှာ ဆန့်ဆန့်ရန့်ရန့် ကျောခင်းလိုက်ရသည့် အရသာ ကောင်းလွန်းလို့ သက်သောင့်သက်သာ ရှိနေရင်းက မျှော်လင့်ဘဲတွေ့လိုက်ရသည့် ပြည်မိုးငြိမ်း၏ မျက်လုံးအကြည့်တွေကို အောင့်သက်သက်ခါးသီးနေမိသည်။

သူ ဘာဖြစ်လို့ ဒီရွာတွေကို ရောက်နေရတာလဲ။ မိမိ၏ ဆိုးယုတ်မှု ရှာဖွေသည့်ခရီးကို အနှောင့်အယှက်ပေးချင်လို့လား။ ဒီလိုတော့ မဖြစ်နိုင်။ လွတ်လပ်သည့်နယ်မြေမှာ လွတ်လပ်စွာ ခရီးသွားလာနိုင်သည်။ လွတ်လပ်စွာ မေးမြန်းစုံစမ်းခွင့် ရှိရမည်။ သူတားဆီးလို့ရော မကောင်းဆိုးဝါးယုတ်မာမှုအဖြစ်ဆိုးတွေက ပေါ်ပေါက်တော့ဘူးတဲ့လား။ အမှန်တရားကို သူက ဘာနှင့် ကာကွယ် ဖုံးအုပ်ထားနိုင်မည် ထင်လို့လဲ။

မဟုတ်သေးပါဘူး။ မြဝန်းရံ ဒီနေ့ဒီရက်မှာ အောင်မြေသာစံနယ်သို့ ခရီးထွက်ခွာလိမ့်မည်ဆိုတာ ဒီလူ ဘယ်လိုလုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သိနိုင်မှာလဲ။ သူနှင့်ဒီမှာ ဆုံရတာဟာ တိုက်ဆိုင်မှုသက်သက်ပဲ ဖြစ်မှာပါ။

ဟင့်အင်း။ တိုက်ဆိုင်မှုမဟုတ်နိုင်။ မန်ကျည်းပင်ကြီးအောက်မှာ ကလေးအုပ်ကြားထဲမှာထိုင်ရင်း မိမိကို လှမ်းကြည့်လိုက်သည့်မျက်လုံးတွေက ဘာမှမထူးခြားသည့်မျက်လုံးတွေ။ မိမိကို မမျှော်လင့်ဘဲ မြင်လိုက်ရလို့ အံ့ဩသွားပုံမရ။ သူ မျှော်လင့်ထားပြီးသားမို့သာ...။

သို့မဟုတ် မြဝန်းရံလိုပဲ သူ မိမိကို ချက်ချင်း မမှတ်မိလိုက်တာရော ဖြစ်နိုင်လား။

အင်းလေ ထားပါတော့။ သူ မြဝန်းရံလာမှန်းသိလို့ လိုက်လာတာပဲ ဖြစ်စေဦးတော့ အခုလို မုဒိမ်းသမား လူသတ်ကောင်လွတ်နေဆဲအချိန်အခါတွင် သူစိမ်းနယ်ထဲမှာ မိမိနှင့်သိကျွမ်းသောလူတစ်ယောက်ကို တွေ့လိုက်ရတာ ဘယ်လောက် စိတ်သက်သာဖို့ကောင်းသလဲ။ သူ မိမိအနားမှာရှိလျှင် အသက် အန္တရာယ် လုံခြုံစိတ်ချရမည်မဟုတ်လား။ လုံခြုံစိတ်ချရမယ်။ ဘယ်လိုမိုက်မဲမှုမျိုးဖြင့် သူကြောင့် လုံခြုံစိတ်ချရမည်ဟု တွေးလိုက်မိတာလဲ။ တကယ်ဆိုလျှင် သူဟာ ရွှေမှုန်ဝင်းကို ရက်ရက်စက်စက် ပြုကျင့်ပြီး သတ်ခဲ့သူရော မဖြစ်နိုင်ဘူးလား။

ထိုလူ၏ အငြိမ်မနေ ဝေ့ဝဲစူးစမ်းဟန် မျက်လုံးတွေကို မြဝန်းရံ မနှစ်မြို့နိုင်ပါ။ မြဝန်းရံသည် တည်ငြိမ်အေးချမ်းသည့်မျက်ဝန်းတွေကိုပဲ သဘောကျသည်။

မြဝန်းရံ၏မြင်လွှာတွင် ကိုဇင့်ရုပ်သွင် ပေါ်လာသည်။ ရယ်လိုက်လျှင်သွားတက်လေးနှင့် တောက်ပရွှန်းလက်သောအပြုံးနှင့် အနွံအတာခံတတ်သောကိုဇင်သည် ယခုဆိုလျှင် သူမဆီ ဖုန်းဆက်မရလို့ ပူပန်စိတ်ဖြင့် နေမထိထိုင်မသာ ဖြစ်နေလောက်ပြီ။



ခြင်ထောင်ထဲထည့်ထားသော ပိုက်ဆံအိတ်အသေးထဲမှ တယ်လီဖုန်းလေးကိုထုတ်ယူလိုက်ပြီး ပိတ်နေသည့်ဖုန်းကို ဖွင့်လိုက်သည်။ နိုကီယာဖုန်း၏ဂီတသံလေး ခပ်လွင်လွင် မြည်လာသည်ကို အိမ်ရှင်တွေများ နိုးသွားမလားဟု ပခုံးကျုံ့လိုက်မိ၏။ အလင်းရောင်ပြာလဲ့လဲ့လေးက ဖုန်းမျက်နှာပြင်မှာ လင်းလာသည်။ ခရီးထွက်ခါနီး ကိုဇင့်တယ်လီဖုန်းထဲသို့ မိမိ လှမ်းပို့ပေးခဲ့သော စာတိုလေးကို ပြန်ရှာပြီး ပြန်ဖတ်လိုက်သည်။

'နယ်ဘက်ကို ရှေးဟောင်းသုတေသနကိစ္စနဲ့ ခရီးထွက်သွားတယ်။ ဖုန်းလိုင်းမိတဲ့အခါ ဆက်လိုက်မယ်။ ကိုယ့်ကိုယ်ကိုရှောက်ပါ’

မြဝန်းရံမှာ အစ်ကိုမရှိ မောင်မရှိ။ ထို့ကြောင့် ရပ်ချော ရှပ်မျိုးလည်းဖြစ်၊ ငယ်စဉ်ကတည်းက အနုစ်နာခံနေကျလည်း ဖြစ်၊ မေမေလည်း ချစ်ခင်သည့် မင်းဇင်ကို အစ်ကိုလို မောင်လို တွယ်တာခဲ့သည်။ ကိုဇင် ငါ့ကို ဒီစာလေးတွေ ကွန်ပျူတာစာစီ ရိုက်ပေးစမ်းပါဦး။ မြဝန်းရံက ကွန်ပျူတာလက်ကွက်ကို မကျွမ်းကျင်။ လက်ညှိုးနှစ်ချောင်းနှင့်သာ တတောက်တောက် ရိုက်နိုင်သည်။ လက်ကွက်တွေကို မကြည့်ဘဲ မျက်နှာလွှဲပြီးလည်း မရိုက်တတ်။ မြန်လည်း မမြန်။ စာတမ်းတစ်ခု အရေးပေါ်လုပ်ရပြီဆို ကိုဇင်ကို အိမ်ခေါ်ပြီး ခိုင်းရသည်။

ကိုဇင်သာ အစိုးရဝန်ထမ်းမဟုတ်ခဲ့လျှင် မြဝန်းရံသွားလေရာ သူ လိုက်လာနိုင်မှာပဲ။

'မြဝင်း နင့်အတွက်ဆိုရင် ဘာကိုမဆို ပစ်ထားခဲ့လို့ရတယ်' ဟု ကိုဇင် ပြောဖူးသည်။ သူက အလုပ်တာဝန်တွေထက် မြဝန်းရံက ဦးစားပေးအဆင့်ဟု ပြောမည့်လူမျိုး ဖြစ်သည်။ မိမိဘာသာ လိုက်ခဲ့ပါဟုခေါ်လျှင် သင့်တော်တာ မသင့်တော်တာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ စဉ်းစားမှာမဟုတ်။ ထို့ကြောင့် ဒီခရီးအကြောင်း ကိုဇင့်အား လုံးဝကို မပြောဘဲ ထားခဲ့ရသည်။

အခုချိန်လောက်ဆိုလျှင်တော့ မေမေ့ကို ကိုဇင် ဂျီကျ မေးမြန်းနေတော့မည်။ မြဝန်းရံ၏အိမ်မှာ အတူလာနေသော သူငယ်ချင်းစိုးစိုးနွယ်ကို ဂျီကျနေတော့မည်။ မြဝန်းရံ၏ လက်ကိုင်ဖုန်းကို တောက်လျှောက်နှိပ်ပြီး ခေါ်နေတော့မည်။ လူကြီးမင်း ခေါ်ဆိုသောတယ်လီဖုန်းမှာ ဆက်သွယ်မှုဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် ခေါ်ဆို၍ မရနိုင်ပါရှင် ဟူသော အသံကိုပဲ ထပ်ခါထပ်ခါ ကြားရလျှင်လည်း ကိုဇင် ပေါက်ကွဲဦးမည်။ လိုင်းမမိလို့ ပိတ်ထားသည့်အခါ စက်ပိတ်ထားပါသဖြင့် ဆိုသည့် အဖြေကို ကြားလျှင် ကိုဇင် စိတ်ပူဦးမည်။ အေးလေ။ ပြန်မှပဲ ရှင်းပြရမှာပေါ့။

အိမ်ပြင်တစ်နေရာဆီမှ ငှက်တစ်ကောင် စူးစူးရှရှ အော်လိုက်သံကြောင့် မြဝန်းရံ ဒိတ်ခနဲ ရင်တုန်သွားသည်။ ငှက်ဆိုးထိုးသံဆိုသည့် အသုံးအနှုန်းကို ခဏခဏ ကြားဖူးသည်။ သို့သော် ဘယ်လိုအသံမျိုးမှန်း မသိ။ အခုဟာက ငှက်ဆိုးထိုးသံလား။ မိမိတောင် လန့်သွားသေးတာ။ ကလေးမိခင် မဒွေးကြွယ် မလန့်ဘူးလား။

မြဝန်းရံသည် ညအိပ်လျှင် မီးမပိတ်ဘဲ အိပ်တတ်သည့် အကျင့်ရှိသည်။ သူ့စိမ်းအိမ်မှာလည်းဖြစ် အမှောင်ထဲလည်း ဖြစ်သည့်အခုလိုညမျိုးမှာ ဘယ်လိုမှအိပ်မပျော်နိုင်။ မနေ့ညကလည်း အသုဘအိမ်နှင့်ကပ်လျက်မို့ မှေးခနဲအိပ်ပျော်လိုက် လန့်နိုးလာလိုက်နှင့် ကောင်းကောင်းမအိပ်ခဲ့ရပါ။

အသေဆိုးနှင့်သေသွားရှာသော ကလေးမလေး၏ မြေချခါနီး ပုံပျက်စပြုနေသောအလောင်းကို မြင်ယောင်လျက် ဆို့နင့်ကြောက်လန့်နေစိတ်သည် အခုညအထိ မလျော့သေးပါ။



မြဝန်းရံသည် ခဏကြာတော့ အိပ်ရာမှ ထထိုင်ကာ ဘုရားတန်တော့လေသည်။

ဆုတောင်းခြင်းကို လေ့လာမိသွားသည့်အချိန်ကစပြီး သူမ၏ဆုတောင်းသည် ဆိုးယုတ်မှုတွေ ငရဲတွေမှ လွတ်မြောက်ရပါလို၏ ဟု ဖြစ်သည်။ လူ့ဘုံ၏ပြင်ပမှငရဲကို တရားစာတွေထဲမှာသာ သိရခြင်းဖြစ်ပေမဲ့ လူ့ဘုံအတွင်းမှ လောကငရဲကိုတော့ စာအုပ်တွေမှာ ခဏခဏ ဖတ်နေရပြီ။ အခု နောက်ပိုင်းမှာ စာအုပ်မှာမဟုတ်ဘဲ မျက်စိဖြင့် တပ်အပ်မြင်ရသော အီလက်ထရွန်းနစ်မီဒီယာတွင် နေ့စဉ်နှင့်အမျှ ငရဲကျနေသူတို့၏ ဆံင်းရဲဝေဒနာကို မြင်တွေ့နေရသည်။

ဆိုးယုတ်မှုတွေကို ဘယ်အချိန်မှစပြီး သူမ သတိထားကြောက်ရွံ့ခဲ့မိတာလဲ ပြန်တွေးကြည့်တော့ ကာလ တော်တော်ကြာခဲ့ပြီကိုသာ သိတော့သည်။ ငယ်ငယ်တုန်းက စခဲ့သည်။ သူမ ဒုစိတန်းကျောင်းသူအရွယ်လောက်မှာ ထင်ပါရဲ့။

တစ်ည ညရှစ်နာရီကျော်ကျော်၊ မြဝန်းရံ စာကျက်နေတုန်း အိမ်ထဲသို့ အဒေါ်ကြီးတစ်ယောက် ဝင်လာသည်။ ထိုအဒေါ်ကြီးကို မြဝန်းရံ မှတ်မိသည်။ ရပ်ကွက်ထဲက ကုန်စုံဆိုင်က။ သူ့သားက မိမိတို့မြို့လေးမှာ ရှားရှားပါးပါး မြို့ကြီးသို့ ကျောင်းသွားတက်ခွင့်ရသော စက်မှုတက္ကသိုလ်ကျောင်းသား။ သူ့သားအတွက် အလွန်ဂုဏ်ယူသည့်မိန်းမကြီး။ သို့သော် ထိုညက လာသည့် အဒေါ်ကြီးမှာ မြဝန်းရံ သိခဲ့သည့်အဒေါ်ကြီးနှင့် လုံးဝ မတူတော့။ ဆံပင်က ဖိုသီဖတ်သီ၊ မျက်လုံးမှာ အရင်ကလို သားအတွက် မာန်မာနတွေ ဂုဏ်ယူမှုတွေဖြင့် တောက်ပြောင်မနေတော့ဘဲ ဘာကိုမှ စိတ်ချလက်ချ မရှိတော့သည့် ကျီးလန့်စာသားမျက်လုံးမျိုးတွေ။

www.burmeseclassic.com

www.burmeseclassic.com



သူ မေမေ့ကို တိုးတိုးတိုးတိုးနှင့် စကားပြောနေတာ အကြာကြီး။ အားလုံးကို သဲသဲကွဲကွဲ မကြားရသော်လည်း ပျောက်ဆုံးနေ၊ အဆက်အသွယ်မရ၊ သေလား ရှင်လား၊ မသင်္ကာ စသည့် စကားလုံးတွေကိုတော့ ပြတ်တောင်း ပြတ်တောင်း ကြားနေခဲ့ရသည်။ တိုးတိုးပြောရမည့်အကြောင်းမို့ တိုးတိုးပြောတာပဲ ဟု သူမ သဘောပေါက်လိုက်သည်။ ဒေါ်ကြီးက ပြောနေရင်း မျက်ရည်တွေကျတော့ မေမေက သူ့ကို ပခုံးဖက်ပြီး ချော့တာကို မြင်ရသေး၏။

ပြန်ရောက်လာမှာပေါ့ မစိုးရိမ်ရယ် တဲ့။

ထိုအဒေါ်ကြီးပြန်သွားတော့ ဘာဖြစ်တာလဲမေမေ ဟု သူမ မေးကြည့်သည်။ မေမေ့မျက်နှာတွင် တွေ့နေကျမဟုတ်သော ထူးဆန်းသည့် မျက်လုံးတွေကို မြင်ရသည်။ အဲဒီမျက်လုံးတွေကို မြဝန်းရံ သိသည်။ ကောင်းကောင်းသိပါသည်။ ည မိုးချုပ်သည်အထိ ကျူရှင်မှ မိမိ ပြန်မလာသေးလျှင် အိမ်ရှေ့အထိ ထွက်စောင့်နေသော စိုးရိမ်ပူပန်သည့် မျက်လုံးများ။

'ဘာမှ မဟုတ်ပါဘူးသမီးရယ်'

ဘာမှမဟုတ်ဘူးဆိုတာကိုက သမီးကို နှစ်သိမ့်တာပဲ။ မြဝန်းရံ ရိပ်မိသည်။ တစ်ခုခုတော့ ဆိုးဆိုးရွားရွား ဖြစ်သွားခဲ့ပြီ။

'စာကျက်နော်သမီး စာကလွဲပြီး ဘာကိုမှ စိတ်မဝင်စားနဲ့'

ထိုညက အထူးအဆန်းစကားကို မေမေ ပြောလေသည်။

စာကလွဲပြီး ဘာကိုမှ စိတ်မဝင်စားနဲ့။

အဲဒါ ဘာအဓိပ္ပါယ်လဲ။ မြဝန်းရံ ဉာဏ်မီသလောက် အဖြေရှာကြည့်သည်။ ဘာကို စိတ်မဝင်စားစေချင်တာလဲ။ ကျောင်းစာမဟုတ်သော အပြင်စာအုပ်တွေကို ရှာဖွေပြီး ဖတ်ဖို့ ကြိုးစားတဲ့ကိစ္စကို ဆိုလိုတာလား။



ထိုအဒေါ်ကြီး၏သား ဘာဖြစ်သွားတာလဲ။ မြဝန်းရံ သိပါ။

အသက်နည်းနည်းကြီးလာလို့ စာစုံဖတ်တတ်သည့်အရွယ် ရောက်လာတော့ မြဝန်းရံ ဖတ်သည့်စာအုပ်တွေမှာ လူသားတို့၏ရက်စက်မှုတွေကို တစ်မျိုးမဟုတ်တစ်မျိုး သိရသည်။ ပထမတော့ သူမသည် ဆိုးယုတ်မှုတစ်ခုကို ဖတ်ရလျှင် ကြက်သီးတွေ ဖျန်းခနဲ ထသွားပြီး စာအုပ်ကို ပိတ်ပစ်လိုက်ကာ နောက်ထပ်ဆက်မဖတ်တော့ဘဲ ရပ်လိုက်၏။ သို့သော် ဖတ်သမျှ စာအုပ်တိုင်းမှာ ဆိုးယုတ်မှုတွေ ရက်စက်ကြမ်းကြုတ်မှုတွေ လူမဆန်မှုတွေကို ရှောင်ဖယ်လို့ မရသည့်အခါ ဆိုးယုတ်မှုကို စနစ်တကျ လေ့လာကြည့်ချင်စိတ် ပေါ်လာခဲ့သည်။

ရှေးဟောင်းသုတေသနစာတမ်းတစ်ခုကို နှစ်ပေါင်းဘယ်လောက်ပဲကြာကြာ ရေးဖို့ လက်မနှေးသော်လည်း ဆိုးယုတ်မှုကို သုတေသနစာတမ်းရေးဖို့တော့ လက်က တွန့်ဆုတ်နေဆဲ ဖြစ်၏။ မိမိ အခု ရေးဖို့ ကြိုးစားနေသည့် စာတမ်းသည် အစလည်း မရှိ အဆုံးလည်း မရှိသေး။ ခေါင်းစဉ်တောင် မသတ်မှတ်နိုင်သေးပါ။ အခုထိ ရှာဖွေတွေ့ရှိသမျှနှင့် လေ့လာဖတ်ရှုမိသမျှ နိုင်ငံအတွင်း ရှေးဟောင်းတူးဖော်မှုတွေမှာတော့ ရှေးခေတ် ဆိုးယုတ်မှုဆိုတာတောင် သက်သေပြစရာ မရှိသေးပါ။

သတ္တုခေတ်ကို ထင်ဟပ်နေသည့် သင်္ချိုင်းမြေတွေကို ရှေးဟောင်းသုတေသန အဖွဲ့တွေ တူးဖော်ခဲ့ကြသလောက်တော့ ရက်စက်သည့်အမှုတွေ မတွေ့ရပါ။ သင်္ချိုင်းသည် သမားရိုးကျ မြှုပ်နှံသဂြိုဟ်သည့် သင်္ချိုင်းပဲဖြစ်သည်။ သေဆုံးသူတို့၏အရိုးတွေကလည်း ပုံမှန်ပဲဖြစ်သည်။ အရိုးစုအနားမှာ သေသူအတွက် လက်ဝတ်တန်ဆာ လက်နက်ကိရိယာအပိုင်းအစတွေကို ရာထူး

www.burmeseclassic.com

www.burmeseclassic.com



အလိုက် အနည်းနှင့်အများ တွေ့ရတတ်သော်လည်း အရိုးစုသည် သာမန်သေဆုံးသည့်လက္ခဏာပဲ။

တကယ်လို့သာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ ဖြစ်ခဲ့လျှင် တွေ့ရသည့်တူးဖော်မှုတွင် အခုလို စနစ်တကျ သင်္ဂြိုဟ်တာကို မြင်ရမှာမဟုတ်။ အရိုးစုတွေ တစ်ခုပေါ်တစ်ခု ထပ်လျက် တစ်ခါတစ်ခါ အရိုးစုတစ်ခုနှင့်တစ်ခု တွဲချိတ်လျက် တွေ့ရမည်။ စပိန်ပြည်တွင်းစစ်ကာလက အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံရသည့် သင်္ချိုင်းတွေက အကြွင်းအကျန်တွေလိုမျိုး။

သီပေါမင်းကိုနန်းတင်ခါနီး မန္တလေးရတနာပုံနန်းတွင်းမှာ မင်းညီမင်းသားတွေ မင်းသမီးတွေကို ကြိုတင်ကြံစည်လျက် အစုလိုက်အပြုံလိုက်သတ်ခဲ့ကြတာ နိုင်ငံတစ်ခုလုံး အသိ။ နိုင်ငံတကာက အသိ။ သတ်ဖို့ကြိုတင်ကြံစည်ခဲ့တာလည်း လပေါင်းများစွာကတည်းက။ အလောင်းတွေကို ထည့်ဖို့ ကတ္တီပါအိတ်တွေ လိုတာမို့ ကတ္တီပါစတွေကို ပြင်သစ်နိုင်ငံကနေ မှာယူခဲ့တာ နည်းမှ မနည်းဘဲ။ ထိုအလောင်းတွေကို သူတို့ ဘယ်မှာ မြေမြုပ် သင်္ဂြိုဟ်ခဲ့ကြပါလိမ့်။ ထိုသင်္ချိုင်းကို ယခုအခါ တူးဖော်ကြည့်လို့ တွေ့ရလျှင် အရိုးစုတွေမှာ ဘာ မသင်္ကာစရာ တွေ့မှာလဲ။

စစ်ကို ဆိုးယုတ်မှုဒီဂရီအမြင့်စားဟု သတ်မှတ်ဖို့ ပြည်မိုးငြိမ်းက လက်မခံချင်ဘူးတဲ့လား။ ဆိုးယုတ်မှု တော်တော် များများသည် စစ်ကနေ ပေါက်ဖွားလာခဲ့ခြင်း ဖြစ်တတ်သည်။

ဘုရားရေ ငါ ဘာတွေ တွေးနေမိပါလိမ့်။

အခုလို အမှောင်ထဲမှာ စိုးရိမ်ကြောက်လန့်မှုတွေနှင့် အိပ်မပျော်ဘဲ မျက်လုံးကြောင်နေသည့်အချိန်တွင် ဟိုလူကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတော့မည်။ အိပ်မက်ထဲမှာ မြဝန်းရံကို အနိုင်ရချင်လည်း ရနေမှာပေါ့။ ဘုန်းကြီးကျောင်းမှာ



ပဲ ဖြစ်မလား။ ရွာထဲက အိမ်တစ်ခုခုမှာပဲ ဖြစ်မလား။ ဒါမှမဟုတ် ဘယ်သူ့ကိုမှ အကူအညီမတောင်းချင်လို့ ဇရပ်တစ်ခုခုပေါ်မှာပဲ အိပ်နေမလား။ ဇရပ်ပေါ်မှာဆိုလျှင်တော့ ခြင်တွေ တဝီဝီနဲ့ နေမှာ။ သူ့မှာ ခြင်ထောင်ရော ပါရဲ့လား။ ယောကျ်ားလေးတွေ ခရီးထွက်လျှင် ခြင်ထောင်တွေ စောင်တွေကို မယူတတ်ကြတာများသည်။

အို ခြင်ထောင်မပါလို့ ခြင်ခိုသွားလည်း အေးတာပဲ။

ပြည်မိုးငြိမ်း၏ ရယ်မြူးသောမျက်လုံးတို့သည် မြဝန်းရံအား အမှောင်ထဲမှာပင် ခနဲ့ပြုံးဖြင့် ကြည့်နေကြသည်။

အသံတစ်ခုကြောင့် သူမ နိုးလာသည့်အချိန်မှာ မြဝန်းရံ၏မျက်လုံးတွေ ကျိန်းစပ်နေခဲ့သည်။ ငှက်တွေ စိုးစိုးစီစီ အော်သံနှင့် အတူကြားရသည့်အသံကို ဘာသံမှန်းမသိ။ အိပ်ချင်မူးတူးဖြင့် ကိုယ့်ကိုယ်ကို ဘယ်ရောက်နေမှန်းမသိဘဲ ခြင်ထောင်အမိုးကို ငေးကြည့်ရင်း စဉ်းစားနေရသေး၏။ ဘာသံလဲ။ ကလေးငိုသံ။ မွေးစကလေးလေး၏ အူဝဲအော်သံ။ ဘယ်က ကလေး ငိုနေတာလဲ။ အိမ်မှာ ကလေးမရှိဘူး။ မေမေ ဘယ်က ကလေးလဲ။

'လာပြီသမီးလေးရေ လာပြီ'

မိန်းမသံတစ်ခု။ ထို့နောက် ကြမ်းပြင်ကို အပြေးနင်းလျှောက်လာသည့်အသံ။

သူမ အိပ်ရာမှ ထထိုင်လိုက်မိသည်။

ခြင်ထောင်ဇာကိုဖြတ်လျက် မြင်ရသည်က အမျိုးသမီးတစ်ယောက်။ အခန်းဆီသို့ ပြေးသွားသည်။

ဒါ သူမ အိမ်မှာ မဟုတ်ဘူး။ ခိုတောင်ရွာမှာ ရောက်နေတာပဲ။ အခုမှပင် ကိုယ့်ကိုယ်ကို ပြန်တွေ့သွားပါသည်။ ခဏအတွင်း ကလေးငိုသံက တိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကလေးငိုတာနဲ့ ဧည့်သည်နိုးသွားပြီထင်တယ်'

မဒွေးကြွယ်။ ကလေးကို ရင်ခွင်မှာပိုက်ပြီး အခန်းထဲက ပြန်ထွက်လာသည်။ သူ့အသွင်က ဆံပင်နွယ်တွေ ဖိုးရိုးဖားရား။ ထမီအင်္ကျီ ဖိုသီဖတ်သီ။

'ဆက်အိပ်ပါဦး သူ နိုးဆာလို့ငိုတာ'

'မိုးလင်းလို့ နိုးလာတာပါ'

မြဝန်းရံ အိမ်ရာမှထပြီး ခြင်ထောင် စောင်ခေါက်သိမ်းလိုက်သည်။ တစ်ပိုင်းတစ်စ ဖွင့်ထားသော ပြတင်းပေါက်မှ နေ့အလင်းရောင်ကို လင်းထိန်စွာ မြင်နေရပြီ။ ပြတင်းပေါက်ကို အကျယ်ကြီးဆွဲဖွင့်လိုက်သည်။ နံနက်ခင်းလေအေးအေးက မျက်နှာကို တိုးဝှေ့ပြီး အိမ်ထဲသို့ ဝင်လာသည်။ အုတ်နဲ့လိုပဲ ခိုတောင်ရွာသည် နေ့မှာသာ ပူပြင်းပြီး ညနှင့်နံနက်ခင်းမှာတော့ အအေးဓာတ်လေးရှိနေပါသည်။

မြဝန်းရံ အိမ်ရှေ့ထွက်ပြီး မျက်နှာသစ်သန့်စင်နေချိန် မှာ နံနက်ခြောက်နာရီခွဲပဲ ရှိသေးသော်လည်း ရွာသည် နွားလှည်းသံ၊ လူခေါ်သံ၊ ထင်းခုတ်သံတို့ဖြင့် အစောကြီးပင် သက်ဝင်လှုပ်ရှားနေပြီ။ အိမ်အောက်ထပ်က အကြမ်းစား လေးထောင့်စားပွဲမှာ မိမိအတွက် နံနက်စာ ပြင်ဆင်ထားသည်။

'မနက်စာ စားလိုက်ပါဦး။ ကိုစံအောင်ကတော့ ရွာဦးစေတီဘက်လျှောက်သွားတယ်'

နံနက်စာမှာ စုံလင်လှသည်။ ဒေသထွက် အစားအစာလည်း ပါသည်။ မုန့်ပျားသလက်၊ အကြော်နှင့် အခြား မြန်မာမုန့်များကို ပန်းကန်တွေထဲမှာ အပြည့်အလျှံ ထည့်ထားသည်။

'ဗမာမုန့်တွေ ဒီရောက်တုန်းမှာ စားချင်လိမ့်မယ်ထင်လို့ ဆရာမရေ။ ကိတ်မုန့်တွေရောပဲ။ ကြိုက်တာသာစား။ ဒါက



နှံ့တွဲ့သဲ၊ ဒါက မုန့်ဝက်သားခေါက်။ တကယ့်ဝက်သားအခေါက်နဲ့ မတူလား'

မယ်လမင်းခွက်ဖြင့်ထည့်ထားသော ကော်ဖီက အဆင်သင့်ဖျော်သည့် ကော်ဖီမစ်ဟု သေချာသည်။ ကော်ဖီက တစ်ခွက်တည်းမို့ မိမိတစ်ယောက်တည်းအတွက်ပဲ ဖျော်ထားတာဟု နားလည်လိုက်သည်။

'ဒေါ်ဒေါ်တို့နဲ့အတူ စားမယ်လေ။ မဒွေးကြွယ်ရော'

'စားစား ဒေါ်ကြီးတို့က စားပြီးပြီ။ ကျုပ်တို့က လင်းဆိုထမင်းကြမ်းကြော်လေးနဲ့ ဝမ်းဖြည့်ထားလိုက်ရမှ ဆရာမလေးရဲ့။ ကော်ဖီလေး သောက်ပါ' ဟု ဒေါ်အေးလှိုင်က ပြောတော့ 'ကျွန်မ ကော်ဖီမကြိုက်ပါဖူး' ဟု ငြင်းလိုက်မိ၏။

'ဟောတော် ဒါဆို အိုဗာတင်းသောက်ပေါ့။ ဒွေးကြွယ်ရေ သမီး။ ဒေါ်စိန်ရင့်ဆိုင်က အိုဗာတင်းထုတ်လေး ပြေးဝယ်လိုက်ပါအေ'

'အို ကျွန်မအတွက်နဲ့ အလုပ်တွေ ရှုပ်ကုန်ပါပြီ။ ကျွန်မက အဲဒါတွေ လုံးဝမသောက်ဘူးဒေါ်ဒေါ်ရဲ့၊ လဖက်ရည်ကြမ်းပဲ သောက်ပါတယ်'

ပြောလည်း မရ။ မဒွေးကြွယ်က ကလေးကို ဒေါ်အေးလှိုင် လက်ထဲထည့်ကာ လှစ်ခနဲ ပြေးထွက်သွားတော့သည်။

'ဆရာမလေး ဖြည်းဖြည်းစားနှင့် နော်'

ငိုနေသော ကလေးကို ပွေ့ချီပြီး ဒေါ်အေးလှိုင်က မီးဖိုဆောင်ဘက် ဝင်သွားသည်။ ကလေးက အငိုမတိတ်။ မြဝန်းရံ မျက်နှာပူထူကာ ဘာလုပ်ရမှန်းမသိဘဲ မီးဖိုထဲအထိ လိုက်သွားသည်။ ထိုအခါ ထင်းမီးဖိုပေါ်က ထမင်းအိုးက ပွက်ပွက်ဆူ နေပြီကို တွေ့ရသည်။ ဒေါ်အေးလှိုင်က ကလေးကို ပွေ့ထား

www.burmeseclassic.com

www.burmeseclassic.com



ရင်း သစ်သားယောင်းမဖြင့် ထမင်းအိုးဖုံးကို ကော်လှန်လိုက်သည်။

'ဒေါ်ဒေါ် ကျွန်မလုပ်မယ်။ ကျွန်မ ကလေး မထိန်းတတ်ပေမဲ့ ထမင်းအိုးတော့ ကောင်းကောင်းကြည့်တတ်တယ်။ ထားခဲ့ ထားခဲ့။ ကလေးနဲ့ဒေါ်ဒေါ် အပူလောင်မယ်'

ကော်ဖီမကြိုက်ပါဟု အလိုက်ကန်းဆိုးမသိ သွားပြောမိသောမြဝန်းရံမှာ အားနာလွန်းလို့ ဘာလုပ်ပေးရမှန်း မသိတော့ပေ။

'အားနာစရာတွေ ဖြစ်ကုန်ပြီ မလေးရယ်'

'ဒေါ်ဒေါ်ကလည်း ကျွန်မက အားနာရတာပါ။ ထားခဲ့ ကျွန်မကို စိတ်ချပါ ထမင်းချက်တတ်ပါတယ်'

ကလေးကလည်း ငိုနေတော့ ဒေါ်အေးလှိုင် မတတ်သာတော့ဘဲ ကလေးပွေ့ချီရင်း ထွက်သွားရလေသည်။

မြဝန်းရံ ထမင်းချက်လျှင် မီးလာသည့်အချိန် ပေါင်းအိုးဖြင့်သာ ရေခန်းချက်နေကျဖြစ်သည်။ အခုလို ထမင်းရည်ငှဲ့ပြီး ချက်လေ့မရှိပါ။ သို့သော် မေမေချက်လျှင် အခုလိုပဲ ထမင်းရည်ငှဲ့ပြီး ချက်လေ့ရှိသည်။ သူမကိုလည်း ထမင်းငှဲ့ချက်နည်းကို နှစ်ပေါင်းများစွာသင်ပေးခဲ့သဖြင့် အခုအခါ ယောင်တောင်တောင် ဖြစ်မနေတော့ပေ။ တော်ပါသေးရဲ့။ ထမင်းအိုးငှဲ့ပြီး နှပ်ပေးခွင့် ရပေလို့။ ဖြစ်နိုင်လျှင် ဟင်းတောင် ကူချက်ပေးလိုက်ချင်ပါသည်။ ဘာဟင်းတွေချက်မှာပါလိမ့်ဟု အနီးအနားကို စပ်စုတော့ ချေးရောင်ထနေသည့် စားပွဲခုံပုလေးပေါ်မှာ အခွံချွတ်လက်စ ပဲတွေကို တွေ့ရသည်။ ရန်ကုန်က ပဲနှင့် မတူ၊ ပဲလိပ်ပြာ မဟုတ်။ ပဲကြီး မဟုတ်။ ပဲမှာ ပိုးပေါက်မဲမဲလေးတွေ ပါသည်။

မီးဖိုချောင်မှာ ပြတင်းပေါက်က တစ်ပေါက်တည်း ဖြစ်သည်။ မျက်နှာကျက် ဝါးကပ်တွေ နှင့်နံရံတွေက ကြပ်ခိုးမှိုင်းဖြင့် မဲနေသည်။ သူတို့သည် လောင်စာအဲဖြစ် ထင်းကိုသာ သုံး လေ့ရှိပုံ



ရသည်။ အိမ်အဝင်တွင် ထင်းပုံကြီးတစ်ခု ရှိရုံမျှမက မီးဖိုဆောင့်တွင်လည်း ထင်းစည်းတွေကို တွေ့ရသည်။ ပန်းကန်ဆေးသည့်ဆပ်ပြာကို အနီးအနားမှာ မတွေ့ရ။ ဆန်ဆေးရည် ထည့်ထားသည့်ဇလုံထဲတွင် အဝတ်ဖတ်တစ်ခုကို တွေ့ရသည်။ အနီးမှာတော့ စဥ့်အင်တုံထဲတွင် ရေအကြည်တစ်ဝက်ခန့် ရှိ သည်။ အင်းရေကို တော်တော် ချွေတာသုံးကြပုံပါပဲ။

နှပ်ထားပြီးသား ထမင်းအိုး အငွေ့မထွက်သေးလို့ စောင့်နေချိန်မှာ မငွေးကြွယ် မီးဖိုထဲ ဝင်လာသည်။

'အယ် ဧည့်သည်က မီးဖိုထဲဝင်နေရပြီလား။ ထားခဲ့ ထားခဲ့ ကျွန်မ လုပ်မယ်'

'ပြီးပါပြီ မငွေးကြွယ်ရဲ့'

မြဝန်းရံ အိုတာတင်းကို မကြိုက်ဘဲနှင့် သောက်ရလေသည်။ မငွေးကြွယ်က မြဝန်းရံအနားမှာ ထိုင်လျက် ကလေးကို နို့တိုက်နေသည်။

မငွေးကြွယ်ကို ကြည့်ရတာ သဘောတော့ တော်တော်ဖြူစင်ပုံရသည်။ မနေ့ကတော့ ဖာသိဖာသာနေတတ်လိုက်တာ ဟု ထင်ခဲ့မိ၏။ တကယ်တော့ အနေအေးလွန်းတာ ဖြစ်ပါလိမ့်မည်။ မငွေးကြွယ်၏ခင်ပွန်း ဒီကို မလာဘူးလားဟု စပ်စုမိတော့ မငွေးကြွယ်က ရိုးစင်းစွာပင် သူ့အဖြစ်တွေကို မကွယ်မဝှက် ပြောပြလေသည်။

မငွေးကြွယ်နှင့် ကိုမောင် စတွေ့သည်မှာ မငွေးကြွယ် ပန်းအလှပြင်ပေးဖို့ တာဝန်ယူထားသည့် ခိုတောင်ရွာ အလှူတစ်ခုမှာ ဖြစ်သည်။ မငွေးကြွယ်က ပန်းအလှပြင်သည့် နေရာတွင် ပြိုင်ဘက်မရှိ ကျွမ်းကျင်သူ ဟု သရက်တော တစ်နယ်လုံးက သတ်မှတ်ထားသည်။ မငွေးကြွယ်သည် ရွာမှာ ရှိသမျှ လက်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမီသမျှ ပန်းတွေကို သုံးပြီး လှပဝေဆာအောင်၊ ခမ်းနား အောင် ပန်းအလှပြင် ပေးတတ်သည်။ ထိုနေ့က ရွက်လှပန်း၊ ဇော်စိမ်းပန်း၊ ခရာဝါ၊ ခရာပြာတို့နှင့် အုန်းပန်းတို့ကို ပန်းခက် ပန်းနွယ်များအဖြစ် အလှဆင်ပေးနေသည့်မငွေးကြွယ်နှင့် မကျွပ်ဆောက်ရာမှာ ကူလုပ်နေသည့်ကိုမောင်တို့ အကြည့်ချင်းဆုံသွားရာက ဇာတ်လမ်း စခဲ့သည်။

အုတ်နဲ့နှင့် ခိုတောင်က ဟိုဘက်ရွာ ဒီဘက်ရွာမို့ အတွင်းသိ အစင်းသိတွေဟု ပြောလို့ရသည်။ ကိုမောင်က အသောက်အစားမရှိ။ တစ်ခါတစ်ခါ အပေါင်းအသင်းတွေနှင့် ထန်းရည်သောက်တာလောက်ကတော့ အပြစ်မှ မဟုတ်ဘဲ။ လယ်ပိုင်ရှင်သားဖြစ်ပေမဲ့ လူဆော်ကြောမဟုတ်။ လက်သမားအလုပ်ကို လုပ်သည်။ ရသည့်ပိုက်ဆံ အမေကို အပ်သည်။ ရုပ်ရည်လည်း သန့်သည်။ တစ်ခုပဲ ပြောစရာရှိသည်မှာ သူက သမီးရည်းစားဘဝမှာပင် မငွေးကြွယ်ကို ပိုင်စိုးပိုင်နင်း ဆိုးနွဲ့ချင်သည်။ ဒါကလည်း ငယ်သူကိုး။ မငွေးကြွယ်ထက် ငါးနှစ်ခန့် ငယ်သည်။ မငွေးကြွယ်ကို ဟိုမသွားရဒီမသွားရ ပိတ်ပင် တားမြစ်ချင်သည်။ ဟိုအလုပ်ကိုဖြင့် အလှူရှင့်သားက မျက်နှာရှူးမို့ လက်မခံရဘူး ဟု တွန့်တိုချင်သည်။ ဒီအလုပ်ကိုဖြင့် ခရီးဝေးလို့ မလိုက်ရဘူး။ ပိတ်ပင်ချင်သည်။ သူ့စကားကို မလိုက်နာလျှင် သူက စိတ်ဆိုး စိတ်ကောက်သည်။ ဒါတွေဟာ သူ ကိုယ့်ကို ချစ်လွန်းလို့ပဲဟု မငွေးကြွယ် ကြည်နူးခဲ့ရသည်။

သည်လိုနှင့်ပဲ တစ်နေ့တော့ ကိုမောင်နှင့် ချိန်းတွေ့ပြီး ပြန်လို့မဖြစ်တော့ဘဲ ခိုးရာလိုက်ပြေးခဲ့ရသည်။ ကိုမောင့်မိဘတွေက မိသားဖသားပီပီ အမေ့ဆီ ပြန်အပ်ပြီး လက်ထပ်ပေးတော့ မငွေးကြွယ်ဘဝ ပြီးပြည့်စုံသွားပြီဟု ကြည်နူးချမ်းမြေ့ရသည်။



သို့သော် မထင်မှတ်သည့်အချိန်တွင် တစ်ခါမှ ကြုံမတွေးခဲ့သည့် ဆင်းရဲဒုက္ခကို ကြုံတွေ့ခဲ့ရသည်။ အိမ်ထောင်သက် ခြောက်လတောင် မပြည့်သေးခင်မှာ ခိုက်ရန်ဒေါသဖြစ်ပြီး ကိုမောင်က မငွေးကြွယ်ကို လက်သီးဖြင့်ထိုးရာက စခဲ့သည်။ နောက်တစ်ပတ်တောင်မကြာလိုက်ခင် မငွေးကြွယ်က မြို့သို့ တက်ပြီး ကျူပန်းအလှဝယ်ရင်း ဆံပင်ကို လက်သုံးလုံးခန့် ဖြတ်ခဲ့လိုက်တာ ကိုမောင်သိတော့ ဒေါသတကြီး ထိုးကြိတ် ရိုက်နှက်လေသည်။ ပြီးတော့ မငွေးကြွယ်၏ဆံပင်ကို အခြေမှ ဆောင့်ဆွဲ လိမ်ရစ်ကာ ခန်းကိုက်သည့် ကတ်ကျေးဖြင့် မွစာကျဲနေအောင် တစ်ခေါင်းလုံး ထိုးဖြတ်ကိုက်ချပစ်သည်။ လက်သီးနှင့်ထိုးတုန်းကထက် မငွေးကြွယ် ပိုကြောက်လန့် တုန်လှုပ်သွားခဲ့သည်။ သူ့ဒေါသက နားမလည်နိုင်လောက်အောင် အထိန်းအကွပ်မရှိ ဖြစ်လာသည်။ နောက်တစ်နေ့ရောက်တော့လည်း မနေ့က ကြမ်းတမ်းခဲ့တာ သူ မဟုတ်သလိုပင် မငွေးကြွယ်ကို အလိုလိုက်ကာ ကောင်းပြုနေပြန်သည်။ သို့သော် နောက်တစ်ခါလည်း ဒီအတိုင်းပဲ ရိုက်ပုတ် နှိပ်စက်ပြန်သည်။

ကျွဲရိုက် နွားရိုက် ရိုက်သည်ဆိုသည့်စကားကို အရင်က စကားလုံးအဖြစ်သာ ကြားဖူးခဲ့တာ။ ဘဝတွင် အမေတို့ အဖေတို့နှင့် နေလာခဲ့သမျှ မိမိရှေ့တွင် နွားတစ်ကောင်ကိုတောင် ကြမ်းကြုတ်ရက်စက်စွာ ရိုက်နှက်သည်ဆိုတာ မမြင်စဖူး။ ယခုတော့ မိမိသည် ကြောက်စရာကောင်းသည့် ငရဲခန်းမှာ အနှိပ်စက်ခံနေရလေသည်။ ပထမတော့ ရှက်လို့ ယောက္ခမတွေ မသိအောင်၊ ဟိုဘက်ရွာက အမေတွေ ညီမတွေမသိအောင် ကြိတ်မှိတ်ခံခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အို ဒီခေတ်မှာ ဇနီးကို ခင်ပွန်းက ရိုက်တယ်ဆိုတာ ရှိသေးလို့လား။ မြဝန်းရဲ့ အံ့ဩသွားၿ၏။

'အံမာလေးရှိပ့ါ အစ်မရယ်။ ကိုယ်တွေ့ခံရတာပါ။ ဘယ်လောက်တောင်ဆိုးလဲသိလား။ သူရိုက်ရင် ငိုကြီးချက်မ တောင်းပန်လည်း မပြေဘူး။ မချိမဆန့်နာလို့ အသံထွက်ပြီး အော်တော့လည်း မအော်နိုင်အောင်လို့ ပါးစပ်ကို အဝတ်နဲ့ဆို့ပြီး ဆက်ရိုက်တယ်'

'ဘုရား ဘုရား'

'လက်သီးနဲ့ထိုးတယ်။ ကန်တယ်။ ပျဉ်ချပ်နဲ့ရိုက်တယ်။ ကိုယ်ဝန်ရှိတာတောင် ဗိုက်ကို ဘောလုံးကန်သလိုပဲ လိမ့်လိမ့် ကန်တာ။ ပထမကိုယ်ဝန်က ပျက်ကိုကျရော'

အခု ဘယ်လိုမှဆက်မနေနိုင်သဖြင့် ယောက္ခမအိမ်သို့ ဆင်းလာခဲ့ရခြင်း ဖြစ်သည်။

'ဘာဖြစ်လို့များ ဒီလိုအနှိပ်စက်ခံနေသေးလဲ။ ပထမဆုံး လက်ပါလာကတည်းက အမေ့အိမ် ပြန်ပြေးရောပေါ့'

'ကျွန်မလည်း သူ ပြင်လာမလား ပြင်လာမလားနဲ့ပေါ့ ကိုယ်ကြိုက်လို့ ယူထားမိတာဆိုတော့ အမေ့အိမ်လည်း ပြန်ရမှာ ရှက်တယ်။ အမေလည်း မသိစေချင်ဘူး။ အမေ စိတ်မဆင်းရဲစေချင်ဘူးလေ'

'သူ့ကိုယူတဲ့အချိန်တုန်းက သူအဲဒီလိုလုပ်တတ်လိမ့်မယ်လို့ မထင်ခဲ့မိဘူးလား'

'ဘယ်ထင်မိပါ့မလဲ'

ဘယ်လောက်ပဲ ဒေါသကြီးတတ်စေဦးတော့၊ မိန်းမကို တစ်ချက်နှစ်ချက် ရိုက်လိုက်မိပြီးလျှင် ထိုဒေါသက ပြေရမှာပဲ။ ကိုယ့်ရန်သူလည်းမဟုတ်။ မိန်းမက ငိုယိုတောင်းပန်နေပါလျက်



အချက်ပေါင်းများစွာ ထိုးကြိတ်ကန်ကျောက် ရက်ရက်စက်စက် နှိပ်စက်သည်အထိ ဖြစ်ရတာကတော့ လွန်လွန်းပါသည်။

မဒွေးကြွယ်ရင်ခွင်ထဲက ကလေးငယ်ကို သူမ ကရုဏာသက်စွာ ကြည့်မိသည်။ ကလေးကတော့ မအေ့နို့ကို မချွတ်တမ်း စို့ထားရင်း နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေရှာသည်။

'အခု မဒွေးကြွယ်ယောကျ်ားက ဒီကို လိုက်မလာဘူးပေါ့။ အိမ်မှာပဲလား'

'မဟုတ်ဘူး။ အချုပ်ထဲမှာ'

'ဟင်'

'မူးပြီး ဒီအိမ်ရှေ့လာ ကျွန်မကိုအော်ဆဲရုံနဲ့ အားမရဘဲ အိမ်ကို ခဲနဲ့ပေါက်တာ။ အဖေက ရယကကို တိုင်လိုက်တာ အခု အချုပ်ထဲရောက်နေတယ်။ ခြေချုပ်မှုဆိုလား'

ဦးစံအောင်က မဟုတ်မခံစိတ်နှင့် လူဖြောင့်ဖြစ်တော့ သူ့သား ဆိုးသွမ်းတာကို သည်းညည်းမခံနိုင်ပေ။

ဦးစံအောင်လို ဘုရားဒကာ ကျောင်းဒကာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်တွင် ဒီလောက်ကြမ်းကြုတ်လှသော သားတစ်ယောက်ရှိနေတာ အံ့ဩရမည်လားမသိ။ ကြမ်းကြုတ်သူ ရက်စက်သူ ဒေါသကြီးတတ်သူ၊ စိတ် မထိန်းနိုင်သူ ဒီလိုလူတွေက ဆိုးယုတ်သူ ဖြစ်လာနိုင်သလား။

'ကလေးမွေးတယ်ဆိုတော့ သူက ကြည့်ချင်တာပေ့ါ။ သူ ဒီကလေးကို တစ်ခါမှ မမြင်ဖူးသေးဘူးလေ။ သမီးလေးမှန်း သူ ကြားတာပေ့ါ။ သူ့ကို အဖေက အိမ်ထဲမဝင်ရဘူးပြောတော့ ဒေါသထွက်ပြီး ခဲနဲ့ပေါက်တာပဲ။ ငိုလည်းငိုလို့ အော်လည်း အော်လို့ ကျွန်မကိုလည်း ရစရာမရှိအောင် ဆဲတာ'

မြဝန်းရဲ့ စိတ်မသက်မသာ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူ ဘယ်နှတန်းအောင်လဲ'

'ဆယ်တန်းနှစ်ခါကျ'

ပညာမတတ်လို့ မိုက်တယ်လို့ ပြောရအောင်ကလည်း ဆယ်တန်းတောင် သင်ထားတာ။ နောက်ပြီး သူ့ဖခင် ဦးစံအောင်ဆိုလျှင် အတန်းပညာဆိုလို့ လေးတန်းအထိပဲ သင်ခွင့်ရခဲ့ပေမဲ့ တစ်ရွာလုံးက လေးစားရအောင် တည်ကြည်ဖြောင့်မတ်သူ။ ချမ်းသာကြွယ်ဝပြီး ရွာကောင်းကျိုးအတွက် ကူညီသူ။

'အားမငယ်ပါနဲ့ မဒွေးကြွယ်ရယ်။ ယောက္ခမတွေက ကိုယ့်ဘက်မှာရှိနေတာပဲ။ အခု ဒီမှာ အဆင်ပြေတယ်မဟုတ်လား။ ရှေ့ဆက်ပြီး ဘာလုပ်မလဲ။ ဒီမှာပဲ နေမလား။ ယောကျ်ားနဲ့ ဆက်ပေါင်းဖြစ်ဦးမှာလား'

'ကျွန်မက ဘာအလုပ်မဆို လုပ်နိုင်ပါတယ်။ အပြင်ထွက်အလုပ်မလုပ်ရဲသေးတာက သူ့ရန်ကို ကြောက်လို့။ ဒီမှာ ဆက်နေဖို့ အဖေက ပြောတယ်။ ဒါပေမဲ့ ကျွန်မက သူ့လက်ကနေ အပြီးလွတ်ချင်တာ။ ဒီမှာနေသမျှ သူက လာပြီး ပတ်သက်နေဦးမှာပဲ။ အမှေ့ရွာ ပြန်လို့လည်း မဖြစ်ဘူး။ ကျွန်မတော့ ကလေးကြီးလာရင် ကလေးကိုခေါ်ပြီး အဝေးတစ်နေရာ လွတ်ရာကျွတ်ရာကို ပြေးဖို့ မှန်းထားတယ်'

'အို ဘာပဲလုပ်လုပ် ဦးကြီးတို့ကို တိုင်ပင်ပါ။ ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့သူတွေကို။ ကိုယ့်ထက်လည်း ဉာဏ်ကြီးတယ်။ အတွေ့အကြုံလည်း များတယ်။ သူတို့နဲ့တိုင်ပင်ပြီးမှ ဆုံးဖြတ်ပါ မဒွေးကြွယ်ရယ်။ ဟုတ်လား။ ကိုယ့်စိတ်နဲ့ကိုယ် မဆုံးဖြတ်ရဘူးနော်'

'ဟုတ်ကဲ့ပါ'



မြဝန်းရံ ဒီထက်လည်း ပိုမပြောတတ်တော့ပါ။ သူတို့သားအမိနှစ်ယောက်လုံး ကံကောင်းပါစေဟုသာ ဆုတောင်းပေးရပါတော့မည်။

မြဝန်းရံ အထုပ်အပိုးပြင်ဆင်ပြီးတော့မှ ဦးကြီး ရောက်လာသည်။ တစ်ယောက်တည်းမဟုတ်။ ဆိုင်ကယ်တစ်စီးနှင့် လူငယ်တစ်ယောက်လည်း ပါလာသည်။

'လူသတ်မှုကိုတော့ ခြေရာကောက်မိပြီတဲ့ဟေ့'

ပြောပြောဆိုဆို ခြံဝန်းထဲသို့ ဝင်လာသော ဦးကြီးသည် ခေါင်းပေါင်းစကို ဖြည်ကာ ထိုခေါင်းပေါင်းစဖြင့် ယပ်ခပ်နေ၏။ နောက်မှ အတူပါလာသူ လူငယ်ကို လှမ်းခေါ်သည်။

'မောင်ကျော် လာ ထိုင်ဦးကွ'

ထို့နောက် မြဝန်းရံအား လှည့်ပြောသည်။

'လုံမ ဒီကလေးက ဆိုင်ကယ်နဲ့ လိုက်ပို့ပေးလိမ့်မယ်ကွားလား'

'ဟာ ဦးကြီး မဟုတ်တာ။ ကျွန်မ ခြေလျင်သွားနိုင်ပါတယ်။ ဆိုင်ကယ်မလိုပါဘူး'

'မဖြစ်ဘူး။ မိန်းကလေးက လူချည်းလည်း မဟုတ်ဘူး။ အိတ်ကလည်း အလေးကြီး ပါသေးတယ်။ ဦးကြီးပြောတဲ့စကားနားထောင်ပါ'

'လူသတ်မှုကို ဘယ်လို ခြေရာကောက်မိတာတုန်း ကိုစံအောင်ရဲ့။ ပြောပါဦး'

'မောင်ကျော် မင်းပြောတာက ပိုရှေလည်မယ် ပြောလိုက်စမ်း'

ထို့နောက် ဦးကြီးက သောက်ရေအိုးစင်မှ ရေတစ်ခွက်ခပ်သောက်လိုက်သည်။ သူ့ကြည့်ရတာ တော်တော်မောနေပုံပုံ

www.burmeseclassic.com

www.burmeseclassic.com



တူပါသည်။ မောင်ကျော်မှာ အသက် ၂၀ ခန့် အသား ညိုပြာပြာ ဆံပင်တိုနံ့နံ့။ ရိုးအသည့် တောသားအသွင်ပါပဲ။

'လူသတ်တရားခံဖြစ်နိုင်တဲ့သူကို သိပြီဗျ။ မနက်အစောကြီးပဲ အုတ်နဲ့က ကိုဝင်းဆွေလာလို့ အသေအချာပြောသွားတာ။ မနေ့ကပဲ အသတ်ခံရတဲ့ကလေးမလေးရဲ့ ထမင်းချိုင့်ကို အိမ်တစ်အိမ်မှာ သွားတွေ့တယ်တဲ့'

'ဟယ် ဘယ်အိမ်မှာတွေ့တာလဲ' ဒေါ်အေးလှိုင်က ဝင်မေးသည်။

'ခါတ်မြေဩဇာရောင်းတဲ့အိမ်မှာတဲ့ အရီး'

မြဝန်းရဲ့ တစ်ကိုယ်လုံး ကြက်သီးထသွားသည်။

မြဝန်းရဲ့သည် အခုချက်ချင်းပင် ပိုးသတ်ဆေးနံ့ကို ရှူလိုက်ရလိုက်သလို အသက်ရှူလို့မဝဘဲ ရှိသည်။ ဓာတ်မြေဩဇာရောင်းတဲ့အိမ်။ မြဝန်းရဲ့သိသည်။ ထိုညက မြဝန်းရဲ့ ကျောထဲမှာ စိမ့်နေအောင် အေးစက်ထုံကျင်သွားခဲ့သည့် ခံစားမှုကို အခုလည်း ခံစားလိုက်ရပြန်သည်။

'ကလေးမလေးရဲ့ ဆရာကြီးက ဓာတ်မြေဩဇာဆိုင်ကို သွားရင်းကနေ အမှတ်မထင် တွေ့လိုက်တာတဲ့။ စတီးချိုင့်လေးကို ဆရာကြီးက မြင်မြင်ချင်းမှတ်မိတယ်တဲ့'

ဓာတ်မြေဩဇာရောင်းတဲ့အိမ် ဟုတ်တယ်။ အဲဒီနေရာမှာ တစ်ခုခုများနေပြီဆိုတာ ကျွန်မ ခံစားမိနေခဲ့တယ်။ အဲဒီအိမ်ရှေ့မှာ ကျွန်မ အကြာကြီး မတ်တတ်ရပ်နေခဲ့တုန်းက စိတ်ထဲမှာ တစ်မျိုးကြီး ထင့်နေခဲ့တယ်။

ဟုတ်ရဲ့လား။ ကိုယ့်ဟာကိုယ် ပြန်စဉ်းစားတော့လည်း အတိအကျ မပြောနိုင်သလိုလို။



'ဆရာကြီးက အဲဒီအိမ်ကို ရောက်သွားတော့ ထိုင်စကားပြောရင်းနဲ့ ထမင်းချိုင့်လေးကို တွေ့သွားတာတဲ့။ ထမင်းချိုင့် ထဲမှာ အဲဒီနေ့က ကောင်မလေးစားလက်စ ပဲသီးကြော်ဟင်း တွေတောင် မှိုတက်လို့ ကျန်နေသေးတာ တွေ့ရသေးတယ်တဲ့'

ထမင်းချိုင့်လေး အဲဒီအိမ်ထဲမှာ ကျန်ရှိနေခြင်းသည် အဓိပ္ပါယ်တစ်မျိုးပဲ သက်ရောက်၏။ ရွှေမှုန်ဝင်းကို အသက်ရှင်ရက် နောက်ဆုံးမြင်လိုက်ရသူမှာ ထိုအိမ်က လူတစ်ယောက်ယောက် ဖြစ်ရမည်။

'ဒါဖြင့် တရားခံက အဲဒီအိမ်ကလူပေါ့'

'အဲဒီအိမ်မှာ နေတဲ့လူက အဒေါ်ကြီးတစ်ယောက်ဗျ။ တစ်ခုလပ်လိုလို ယောကျ်ားက နိုင်ငံခြားမှာပဲ အလုပ်လုပ်နေသလိုလို ဘာမှန်းမသိဘူး။ သူ့အိမ်မှာ အလုပ်သမားတွေတော့ အများကြီးပေါ့။ ရဲက ချက်ချင်း ခေါ်စစ်တာပေါ့'

'မိရောလားကွ'

'အဲဒီအိမ်မှာ အလုပ်သမားတွေ ခဏခဏ ပြောင်းနေတာတဲ့။ အဲဒီအိမ်က ဒေါ်ကြီးက ကလေးမလေးကို မသိဘူးတဲ့'

'ဟုတ်ရဲ့လား'

'ကိုဝင်းဆွေ ပြောတာပဲ။ ရဲတွေက မေးတော့ အဲဒီထမင်းချိုင့်ကို သူ အိမ်ပြန်ရောက်တော့ ဧည့်ခန်းထောင့်မှာ တွေ့သားပဲ။ အလုပ်သမားတစ်ယောက်ယောက် မေ့ကျန်ခဲ့တာလို့ ထင်လို့ ဖွင့်တောင် မကြည့်မိဘူး တဲ့'

ရွှေမှုန်ဝင်း ပျောက်ဆုံးသည့်နေ့က ဆိုင်ရှင်ဒေါ်ကြီးက အိမ်မှာ မရှိ။ ဆွေမျိုးနီးစပ်တော်သူ ယောကျ်ားတစ်ယောက်ကို အိမ်စောင့်ထားပြီး ဟိုဘက်ရွာမှာ အကြွေးသွား တောင်းနေလို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နောက်တစ်နေ့နံနက်မှ ပြန်ရောက်သည်ဟု မောင်ကျော်က စုံစမ်းရသမျှ ပြောပြသည်။

'အခု အဲဒီလူကို စစ်မေးကြည့်သေးလား'

'အဲဒီလူ အခု မရှိဘူး။ ရွှေတွင်းဆိုလား နောက်နေ့နေ့ချင်းပဲ ထွက်သွားသတဲ့။ ကျွန်တော်တော့ သူပဲလို့ ထင်တာပဲ။ ရဲတွေ လိုက်ဖမ်းမှာပါ။ သူများကို မကောင်းလုပ်တဲ့လူက သူ့အပြစ်ဒဏ်ကို သူခံရမှာပေါ့။ ရာဇဝတ်ဘေးဆိုတာ ပြေးလို့မလွတ်ပါဘူး'

မောင်ကျော်က ယုံကြည်စိတ်ချဟန်ဖြင့် ပြတ်ပြတ်သားသား ပြောနေသည်။

ညတုန်းက အုတ်နဲ့ရွာသည် ညဉ့်နက်သည်အထိ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသတဲ့။ ဒေါသဖြစ်သူ၊ အံ့ဩသူ၊ နားမလည်နိုင်သူ၊ စက်ဆုပ်သူ လူအမျိုးမျိုးသည် စိတ်ခံစားမှု အမျိုးမျိုးဖြင့် စိတ်လှုပ်ရှားစွာ ဝိုင်းဖွဲ့ ပြောဆိုနေခဲ့ကြသည်။

'အဲဒီ ဆွေမျိုးဆိုတဲ့လူက ဘယ်သူတဲ့လဲ'

မဌေးကြွယ်က ဝင်မေးသည်။ ဟုတ်သားပဲ။ သူက အုတ်နဲ့ရွာသူပဲ။ ဒီလူကို သိချင်သိနေနိုင်တာပေါ့။

'ကျွန်တော် နာမည်တော့ မမေးခဲ့မိဘူးအစ်မရဲ့'

'ဒီကလေးကလည်း အရန်ကော'

ယနေ့ခေတ် ရဲတွေက တယ်လီဖုန်းတွေ၊ ကွန်ပျူတာတွေ၊ အင်တာနက်တွေနှင့် ဆိုတော့ အရင်ထက်တော့ စုံစမ်းထောက်လှမ်းမှု မြန်မှာပါ။ သူမ သိချင်လိုက်တာ။ ရွှေမှုန်ဝင်းလို အရွယ်မရောက်သေးသည့် ကလေးမလေးကို သွေးသားဆန္ဒအလိုရမက်ဖြင့် ရှိုင်းစိုင်းပက်စက်ပြီးနောက် ရက်စက်ယုတ်မာစွာ သတ်ဖြတ်ပစ်ခဲ့သည့် လူသတ်ကောင်ဟာ ဘယ်လိုလူမျိုးလဲ။



သူ့ကိုယ်ထဲမှာ မကောင်းဆိုးဝါးသည် ဘယ်လိုပုံစံမျိုးဖြင့် သန္ဓေတည်နေခဲ့တာလဲ။ ဘယ်လိုစရိုက်မျိုးဖြင့် တည်ရှိနေခဲ့တာလဲ။ သူ့နှလုံးမှာ ဘာအရိပ်အယောင်တွေကို မိမိတို့ တွေ့ရမလဲ။

အခုတော့ လူသတ်သမားဟု ထင်ရသူသည် လွတ်နေပြီ။ အုတ်နဲ့ရွာမှာတော့ မရှိနိုင်တော့တာ သေချာသည်။ ပြေးပြီဆိုပါ ဘယ်ကို ပြေးမှာလဲ။

'မိန်းကလေး သတိဝိရိယနဲ့သွား။ တည်းခိုဖို့အတွက် ဘုန်းကြီးကျောင်းတွေမှာ အကူအညီတောင်း။ ဘုန်းကြီးက ထားတဲ့အိမ်မှာနေ ကြားလား'

ဦးကြီးက မြဝန်းရံကို တစ်ယောက်တည်းလွှတ်လိုက်ရမှာ စိတ်မချပေ။

'စိတ်ချပါ ဦးကြီးရယ်။ ကျွန်မ သတိထားပါ့မယ်'

မြဝန်းရံ ခိုတောင်ရွာမှ ထွက်သည့်အချိန်က နံနက် ဆယ်နာရီကျော်ပြီ။

ကပ်လျက်ကျေးရွာအုပ်စုမှာ ကုက္ကိုတန်းဖြစ်သည်။ ကုက္ကိုတန်းသို့ မရောက်ခင် သရက်တောအပါအဝင် သရက်တောပိုင်ရွာသုံးရွာကို ဖြတ်သွားရဦးမည်။ ထိုရွာသုံးရွာကို ဖြတ်ကျော်ဖို့ ခြေလျင်ဆိုလျှင် ယောကျ်ားခြေလှမ်းဖြင့် နှစ်နာရီ လောက် ကြာမည်။ မိန်းကလေးခြေလှမ်းဆိုလျှင်တော့ သုံးနာရီလောက် ကြာမည်။ ထို့ကြောင့် မောင်ကျော့်ဆိုင်ကယ်နောက်မှာ လိုက်ရတော့မည်။

သူ့ဆိုင်ကယ်က ဆူပါကပ်မဟုတ်ဘဲ စက်မှုဇုန်ထုတ်ဖြစ်ပြီး ထိုင်ခုံက ရှေ့နောက် တစ်ဆက်တည်း ဆိုဖာထူထူ မြင့်မြင့်ဖြစ်သည်။ တင်ပါးလွှဲထိုင်ရတာ သိပ်အဆင်မပြေ။ နည်းနည်းလျှောနေသည်။ ခေါင်းမှာ ဆောင်းထားသည့် ဆိုင်ကယ်စီး

www.burmeseclassic.com

www.burmeseclassic.com



ဦးထုပ်က ချောင်နေသည်။ မေးမှာ သိုင်းထားသည့် ကြိုးက ရှည်နေ၏။ သည့်ထက် ပိုတိုအောင်လည်း လုပ်လို့မရ။ မင်း ဦးထုပ်နဲ့ လဲရအောင်ဟုလည်း မပြောချင်။ မြဝန်းရံ၏ကျောပိုးအိတ်ကို ဆိုင်ကယ်ရှေ့ ခွကြားတွင် ညှပ်ပေးထား၏။ အိတ်သည် ပစ္စည်းပစ္စယတွေ တော်တော်များပြီး ဖောင်းပွနေသဖြင့် နေသားတကျ ဖြစ်ဖို့ ကြိုးဖြင့် ပတ်ယူရသည်။ သူ့ခမျာ အိတ်ကိုလည်း ဒူးနှစ်ဘက်ဖြင့် ညှပ်ပြီး ထိန်းထားရဦးမည်။

ရွာလမ်းသည် ဖုံအလိမ်းလိမ်းနှင့် ဖြစ်သော်လည်း တောဝဲယာတွင် ထနောင်းပင်တန်းတွေနှင့်မို့ မျက်စိအေးသည်။ ကတ္တရာလမ်း ဖြစ်ခဲ့ဟန်တူသည်။ အခုအခါ မိုးဒဏ်ရေဒဏ်နှင့် လမ်းကအပေါက်တွေ ချိုင့်ခွက်တွေဖြစ်နေပြီ။ ဆိုင်ကယ်က ခုန်လိုက်တာ မပြောပါနှင့်တော့။ မြဝန်းရံသည် ရှော်ရွှတ်ရွှတ် သားရေတု ဆိုဖာထိုင်ခုံကို ဘယ်လိုမှ မြဲအောင် မကိုင်နိုင်။ ဆိုဖာနှင့်ဆိုတော့ ဆောင့်လိုက်သည့်အခါ အိခနဲ အိခနဲ မြုပ်သွားတာမို့ နာတော့ မနာဘူးပေါ့။ သို့သော် လူက တစ်ချိန်လုံး လျှောနေသည့်အခါ သတိထားပြီး လိုက်ရတာ။ ခြေကို ကုတ်ပြီး လိုက်လာရတာ တစ်ကိုယ်-လုံး တောင့်တင်း နာကျင်နေသည်။

'အစ်မ အဆင်ပြေလား'

ဖိုးကျော်က ဆိုင်ကယ်အရှိန်နှင့် ရှေ့က တိုက်ခတ်နေသောလေအရှိန်ကို ကျော်အောင် အသံကျယ်ကျယ်ဖြင့် လှည့်မေးတိုင်း သူစိတ်ချမ်းသာအောင် အေး ဟု ပြောလိုက်ရသည်။ တကယ်တော့ အဆင်မပြေလှပါ။ ဘယ်လောက်ပဲ နေရာပြင်ပြင် ခဏကြာလျှင် လူက ပြန်လျှောသွားပြန်ရော။



တာလမ်းမက ခဏပဲ မောင်းလိုက်ရသည်။ မကြာခင် ဆိုင်ကယ်သည် တောလမ်းအတိုင်း ကွေ့ကာကောက်ကာ သွားရသတော့သည်။ တစ်ပေတောင် မကျယ်နိုင်သည့် လယ် ကန်သင်းရိုးတွေပေါ်က သွားရသည်။ ဘီးချရသည့်မြေပြင်က နိမ့် လိုက်မြင့်လိုက်။ ကျဉ်းလိုက်ကျယ်လိုက်။ မာလိုက် ပျော့လိုက်။ ချောင်းတွေကိုလည်း ဖြတ်ရသည်။ သဲချောင်းဆိုတော့ ရေမရှိပါ။ သို့သော် သဲပြင်ပွပွက နစ်နစ်ဝင်သဖြင့် ဆိုင်ကယ်က လဲဝပ်သွားသည်။ ချောင်းသေးသေးကို ကူးဖို့ ခင်းထားသောသစ်သားတံတား ခနော်နီ ခနော်နဲ့ သေးသေးလေးတွေကိုလည်း ဖြတ်ရသည်။

'ဆင်းပေးရမယ်ဆို ပြောနော်။ အစ်မကို အားမနာနဲ့'

'ရတယ် ရတယ်အစ်မ မဆင်းနဲ့။ မြဲမြဲသာကိုင်ထား'

ဟုတ်ပါ့။ မြဲမြဲသာ ကိုင်ထားတဲ့။ ကိုင်စရာ သံမဏိတန်းက ထိုင်ခုံ၏နောက်ဆုံးအစွန်မှာ။ မိမိက ဘယ်လက်ဖြင့်သာ ထိုတန်းကို ကိုင်လို့ရသည်။ ညာလက်က ကိုင်ရသလို အားရပါးရမရှိ။ ညာလက်ကိုတော့ ဆိုဖာထိုင်ခုံ၏ဘေးစွန်းက သားရေတုပျော့ပျော့အသားကို ထိန်းသည်ဆိုရုံ ထိန်းကိုင်ရလေသည်။ နာရီဝက်ကျော် မောင်းပြီးတော့မှ ခပ်လှမ်းလှမ်းမှာ ထန်းပင်စုစုသစ်ပင်ကျိုးတိုးကျဲတဲနှင့် ရွာတန်းလေးတစ်ခုကို လှမ်းမြင်ရ၏။

'ရှေ့ကရွာကြီးက သရက်တောတဲ့။ အဲဒီမှာ ခဏ နားလား။ ကျွန်တော့်ဆရာမကြီးအိမ် ရှိတယ်'

ဆိုင်ကယ်နောက်ကနေ ထိုင်စီးဖို့ မကျွမ်းကျင်သည့် အပြင် လျှောလျှောကျလာသည့် တင်ပါးကို ပြန်ပြန်ရွှေ့ပြီး ခါးကို စောင်းစောင်းကြီး ထိုင်လိုက်လာမိသဖြင့် တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေလို့ 'နားရအောင်'ဟု ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သရက်တောက ကျေးရွာအုပ်စုကြီးတစ်ခုလုံး အုပ်ချုပ်ရာရွာဖြစ်သဖြင့် လူနေအိမ်ခြေ များသည်။ ထမင်းဆိုင်လေးတွေ အကြော်ဆိုင်လေးတွေကို ဖြတ်ကျော်လာသည်။ လဖက်ရည်ဆိုင်ကိုမတွေ့မိသော်လည်း အရက်ဆိုင်တွေကို တွေ့ရသည်။ ဟိုဘက်ရွာတွေလောက် သစ်ပင်မထူထပ်ပေ။ ဘောစကိုင်းပင်တချို့ မလေးရှားပိတောက်ပင်တချို့သာ ကျိုးတိုးကျဲတဲ တွေ့ရသည်။ သို့သော် တိုးတက်ဖွံ့ဖြိုးတာတော့ သေချာသည်။ အိမ်ကြီး အိမ်ကောင်းတွေမက တိုက်ခံအိမ်တွေကိုတောင် တွေ့ရသည်။

ဖိုးကျော်က ရွာလမ်းမမှ လမ်းသေးတစ်ခုထဲသို့ ချိုးကွေ့ဆင်းလိုက်သည်။ အိမ်သေးသေးများရှိရာ ရပ်ကွက်တစ်ခုဆီသို့ဖြစ်သည်။ ထိုအိမ်တို့မှာ ခြံစည်းရိုးက ဝါးဖြင့်သာ ရက်ထားသော ဝင်းထရံများ ဖြစ်ကြသည်။ ထူးခြားစွာ သစ်ပင်တို့ အုပ်ဆိုင်းနေသော ခြေတံရှည် အိမ်မြင့်မြင့်တစ်ခုကို သတိထားမိသည်။ ထိုအိမ်ဆီသို့ပဲ ဦးတည်ပြီး သွားနေခြင်း ဖြစ်၏။ ခြံဝန်းကျယ်ထဲသို့ ဆိုင်ကယ်ကိုမောင်းဝင်လိုက်ချိန်တွင် ဒီရွာမှာနားခိုင်းလိုက်မိတာများပြီဟု ချက်ချင်းပင် နောင်တရသွားမိသည်။

အိမ်ရှေ့မှာ ဆိုင်ကယ်တစ်စီး ရပ်ထားသည်။

အိမ်အောက်က အကြမ်းစားစားပွဲတွင် သစ်သားတန်းလျားတစ်ခုနှင့် ကုလားထိုင်အကြမ်း သုံးလေးလုံးရှိပြီး ယောက်ျားသုံးယောက် ထိုင်စကားပြောနေသည်။ ထိုအုပ်စုထဲက တစ်ယောက်ကို အခုတော့ မြဝန်းရံ ချက်ချင်း မှတ်မိလိုက်ပြီ။ အခု အချိန်မှာ မတွေ့ချင်ဆုံးသောလူ ဖြစ်သည်။

(၃)

ဆိုးယုတ်မှုတွင် ပုံသဏ္ဍာန်ပေါင်းများစွာ ရှိသည်။

ပြည်မိုးငြိမ်းသည် အိမ်အဝင်ဘက် မျက်နှာမူထားသဖြင့် ဆိုင်ကယ်ဝင်လာကတည်းက မြဝန်းရံကို မြင်သွားသည်။ မျက်နှာလွှဲခြင်းမပြု။ သူမကို တည့်တည့် လှမ်းကြည့်နေသော်လည်း အသိအကျွမ်းအဖြစ် နှုတ်ဆက်ခြင်းလည်း မပြု။

မြဝန်းရံသည် ဖိုးကျော်အား မသက်မသာ အကဲခတ်ကြည့်လိုက်သည်။ ဒါ ကြိုတင်စီစဉ်ထားတဲ့ အကွက်များလား။

'ဖိုးကျော် အစ်မ ဒီမှာ မနားချင်ဘူး'

'ဘာဖြစ်လို့လဲအစ်မ ဆရာမကြီးနဲ့ တွေ့စေချင်လို့ပါ။ လာပါ အစ်မ။ ကိုဦး ဆရာမကြီး နေကောင်းလား'

လူသုံးယောက်အနက် အကြီးဆုံးလူက မတ်တတ်ထရပ်ပြီး မြဝန်းရံတို့ကို ဖိတ်ခေါ်သည်။

'ဝင်ပါ။ လာ ထိုင်ပါခင်ဗျာ။ ဘယ်လာတာလဲ ဖိုးကျော်'

'ကုက္ကိုတန်းသွားမလို့အစ်ကို ဒီအစ်မကို လိုက်ပို့ပေးတာ နေနည်းနည်းပူတာနဲ့ နောက်ပြီး အစ်မက ဆိုင်ကယ်စီးနေကျ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ သူထိုင်ရတာ တော်တော်အဆင်မပြေတာနဲ့ ခဏ နားမယ်ဆိုပြီး ဝင်လာတာ'

'ထိုင်ပါ ကျွန်တော်က ဆရာမကြီးရဲ့ သားသမက်ပါ'

'ကျွန်မနာမည်က မြဝန်းရံပါ။ ရှေးဟောင်းသုတေသနနဲ့ပတ်သက်တာကို စာရေးပါတယ်။ ရန်ကုန်က လာတာပါ'

'ဒီညီလေးလည်း ရန်ကုန်ကပဲဗျ။ ပန်းချီဆရာလေး။ နာမည်က အဲ နာမည်က အဆန်းပါ'

'ပြည်မိုးငြိမ်းပါ ခင်ဗျ'

'အဲ ဟုတ်တယ်။ သူက စန်းကို တဲ့။ ကိုမိုးငြိမ်းကို လိုက်ပို့ရင်း ဒီမှာခဏဝင်နားကြတာ။ ထိုင်ပါဦး နားပါဦး'

'ဆိုင်ကယ်ထိုင်ခုံက မြင့်ပြီး လျှောနေတာကိုး။ ကိုစန်းကိုရဲ့ ဆိုင်ကယ်က ဆူပါကပ်ဆိုတော့ ထိုင်ရတာများ ပို အဆင်ပြေမလား။ လူချင်း လဲလိုက်လို့ ရတယ်လေ။'

ပြည်မိုးငြိမ်းက စေတနာရှင်ပုံစံမျိုးဖြင့် ဝင်ပြောတော့ မြဝန်းရံနှလုံးဆီမှာ စူးခနဲ အောင့်သွားသည်။

'အို ရပါတယ်။ အဆင်ပြေပါတယ်'

'အေးဗျ။ ဟုတ်သားပဲ။ စန်းကို မင်းက အစ်မကိုပို့ ငါက ဒီအစ်ကိုကို ပို့လိုက်မယ်'

'ဟင့်အင်း မလုပ်နဲ့ဖိုးကျော်'

ဦးကြီး ဦးစံအောင် ရှာပေးသော ဖိုးကျော်ကိုသာ သူမ ယုံကြည်နိုင်မည်။ အခုမှ တွေ့ရသော စန်းကို ဆိုသည့်ကလေးကို သူမ ဘယ်လိုလုပ်ပြီး ယုံရမှာလဲ။

'ကျွန်တော်လည်း ကုက္ကိုတန်းကို သွားမှာပဲ'

ကုက္ကိုတန်းဟု ကြားလိုက်ရသောအခါ မြဝန်းရံ ပို၍ ဒေါသထွက်သွားသည်။ သေချာပါပြီ။ ဒါဟာ တိုက်ဆိုင်မှု လုံးဝ



မဟုတ်တော့ပါ။ သူ သက်သက် မြဝန်းရံနောက်သို့ လိုက်မလို့ပဲ။ မိကို ခရီးတစ်လျှောက်လုံးမှာ နှောင့်ယှက်သွားဖို့ ဆုံးဖြတ်ထားဟန်ရှိသည်။ တော်တော် ယုတ်မာသည့်လူပါလား။

မထိုင်တော့ဘဲ အခု ချက်ချင်း လှည့်ထွက်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည့်အချိန်တွင် လှေခါးမှ အမျိုးသမီးကြီး တစ်ယောက် ဆင်းလာသည်။ ထိုအမျိုးသမီးကြီးကို မြင်ရသည့်အခါ မြဝန်းရံ တစ်ခဏ ငေးကြည့်မိသွား၏။

အသက်က ငါးဆယ်နှင့်ခြောက်ဆယ်ကြားမှာ ရှိမည်။ အဖြူစွက်နေသည့် ဆံပင်မီးခိုးရောင်၊ အသား ဖြူဖတ်ဖြူလျော်၊ နွမ်းလျော်နေသည့် မှိန်မှိန်ဖျော့ဖျော့ မျက်လုံးညိုညိုတွေက အချိန်မရွေး ငိုချလိုက်တော့မလို။

'အမေ လာ ဒီမှာ အမေ့တပည့်တွေ ရောက်နေတယ်'

ကိုထွန်းထွန်းဦး၏အသံလာရာ စားပွဲဆီသို့ ဒေါ်ကြီးက လှမ်းကြည့်လိုက်သော်လည်း ထူးခြားစွာပင် ဘယ်သူနှင့်မှ မျက်လုံးဆုံအောင်မကြည့်။ အမျိုးသမီးကြီးသည် ထိလွယ်ကြွေလွယ် နုနယ်လွန်းသည့် ကလေးငယ်တစ်ယောက်လိုပဲဟု မြဝန်းရံတွေးမိသည်။ လှမ်းလျှောက်လာရင်း လဲသွားတော့မလားဟု ပူပန်မိသည်။ ဒါဟာ ဆရာမကြီးတဲ့လား။

ဆရာမကြီးတစ်ယောက်မှာ မြင်တွေ့နေကျ အားမာန်၊ တက်ကြွမှု၊ ဩဇာလွှမ်းမိုးမှု ဘာတစ်ခုမှ မတွေ့ရ။

သူ့ဆီသို့ မြဝန်းရံဘာကြောင့် လျှောက်သွားမိမှန်းမသိ။ မေမေ့ထက် အသက်နည်းနည်းတောင် ငယ်လိမ့်ဦးမည့် ထို ဆရာမကြီးသည် မြဝန်းရံကို မျက်လုံးတည့်တည့်ဆုံပြီး မကြည့်။ မြဝန်းရံ၏ ခုံးဆီ လည်တိုင်ဆီ နည်းနည်းလွဲပြီး ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုလောက် နွမ်းလျပြီး ကြောက်လန့်အားငယ်နေသည့် ဆရာမကြီးမျိုး မြဝန်းရဲ့ တစ်ခါမှ မမြင်ဖူး မတွေ့ဖူးခဲ့ပါ။

လောကကြီးနှင့် သူ့အကြား ချိတ်ဆက်ထားသည့်ကြိုး တွေ ပြတ်တောက်သွားပြီးသလိုမျိုး။ လောကကြီးမှာ အသက်ရှင် နေဖို့ သူ့ကို ဘယ်အရာကမှ မဆွဲဆောင်နိုင်တော့သလိုမျိုး။

သေချာသည်။ ဆရာမကြီး နေမကောင်းပါ။

'အမေက မပြုံးတတ်တာ ကြာပြီဗျ'

ကိုထွန်းဦးနှင့်ဖိုးကျော်ပြောပြသော ဆရာမကြီး၏ အဖြ အပျက်မှာ မြဝန်းရဲ၏ ဆိုးယုတ်ရက်စက်မှုရှာပုံတော်တွင် ကော ကျစ်ခြင်း အမျိုးအစားအဖြစ် ထည့်လို့ ရမည်ထင်သည်။

တကယ်တော့ ဒီအဖြစ်မျိုးက အထူးအဆန်းမဟုတ်ပါ နေရာတကာတွင် ကြုံတွေ့ရသည့် အဖြစ်မျိုးပါ။ မနာလိုခြင်း နောက်ကျောကို ဓားဖြင့်ထိုးခံရခြင်း၊ မိမိမထင်မှတ်သူက ရန်သူ ဖြစ်နေခဲ့ခြင်း။ ထိုအဖြစ်မျိုး မှုကွဲတွေ မြဝန်းရဲ များစွာ ကြားဖူး ပါသည်။

ပြည်မိုးငြိမ်းက မိမိတို့အုပ်စုထဲမှာ အတူထိုင်နေသော် လည်း စကားဝိုင်းထဲမှာ မပါဝင်ပေ။ သုံးထပ်သားပြားပေါ်မှာ စ ကို ကလစ်ဖြင့် ညှပ်ထိန်းကာ ပန်းချီဆွဲနေသည်။

သရက်တောရွာမှာ လူတန်းစားနှစ်မျိုးရှိသည်။ တစ်မျိုး က အုတ်ဖုတ်လုပ်ငန်းပိုင်ရှင် လူနည်းစု၊ နောက်တစ်မျိုးက အငှာ အုတ်ဖုတ်အလုပ်သမား၊ လူများစု။ သူတို့က ဆင်းရဲနွမ်းပါး သည်။ ရွာသည် စိုက်ပျိုးရေးမဖြစ်ထွန်းပါ။ မြေဆီလွှာတွေ ခ ခြောက်နေပြီ။ အုတ်ကို နေဖြင့်လည်း အခြောက်လှန်းပြီး မီးဖြ လည်း အခြောက်လှန်းသည်။ ရှိသမျှ သစ်ပင် အကြီးအငယ်



တုန်သလောက်နီးပါး ဖြစ်နေပြီ။ ရွာသူရွာသားတို့၏အဝတ်အစား တွေလည်း တဖြည်းဖြည်း နွမ်းကာ စုတ်ပြဲစ ပြုလာပြီ။ ရွာသူရွာ သားတို့သည် တခြားရွာတွေဆီသို့ ကောက်စိုက် ပျိုးနုတ် ပေါင်းသင် မြက်ထိုး လိုက်ရသည့်ဘဝသို့ ရောက်စပြုလာပြီ။

ဆရာမကြီးသည် ရွာ၏တွဲဘက်အထက်တန်းကျောင်း အုပ် ဖြစ်သည်။ လုပ်သက် ရင့်နေပြီ။ ဆယ်တန်းအထိ ကျောင်း သားတွေ လက်ခံပြီး စာသင်ပေးနေသည့်ကျောင်း ဖြစ်သည်။ ဆရာမကြီးသည် ရိုးစင်းသည်။ ဖြောင့်မှန်သည်။ ကလေးတွေကို ချစ်သည်။ စေတနာ ထားသည်။ ဆရာမကြီးမှာ အားနည်းချက် ဆိုလို့ တစ်ခုပဲ ရှိသည်။ စာသင်ရုံသာမက ရွာကိုပါ အသိပညာ ပေးချင်သည်။ အုတ်ဖုတ်လုပ်ငန်းသည် ရေရှည်တွင် ရွာအတွက် ထိခိုက်ကြောင်း အခွင့်သင့်တိုင်းပြောပြီး မြေဆီလွှာကို ထိန်းသိမ်း ဖို့ သစ်ပင်တွေကို စိုက်ကြရန် အခွင့်သင့်သရွေ့ လှုံ့ဆော်တတ် သည်။ ကိုယ်တိုင်လည်း အိမ်မှာ သစ်ပင်တွေ အများကြီး စိုက် ထားသည်။

တကယ်ဆို အောင်မြေသာစံမြို့နယ် လက်ထောက်ပညာ ရေးမှူးရာထူး တက်တော့မည့်ဆဲဆဲ ဆရာမကြီးအတွက် အစစ အရာရာ အဆင်ပြေ ချောမွေ့နေသယောင် ရှိသည်။ သို့သော် မထင်မှတ်သောအရာတွေ ဖြစ်ပေါ်လာသည်။

ပြဿနာစတာက ကျောင်းဆောင်ကိစ္စ။ ကျောင်းဆောင် သည် ကလေးတွေအတွက် လုံခြုံမှု မရှိလောက်အောင် အမိုးမလုံ အကာမလုံ ယိုင်နဲ့နေသည်။ ထို ခနော်နီခနော်နဲ့ ကျောင်းဆောင်က လည်း ကျောင်းသားနှစ်ရာ့သုံးဆယ်အတွက် မလုံလောက်တော့ အချိန်ကို နံနက်တစ်ခါ နေ့လည်တစ်ခါ ခွဲထားရသည်။ နောက် ထပ်ကျောင်းဆောင်သစ်လေး လုပ်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးရေကန်တစ်ခုကို ဆရာမကြီး၏ ဦးဆောင်မှုဖြင့် ကျောင်းအနီးမှာ တူးဖော်ခဲ့သည်။ ထိုမိုးရေကန်သည် ကျောင်းအတွက်သာမက ရွာအတွက်ပါ နွေရာသီမှာ သုံးရေ ရသည်။ စိုက်ခင်းရေအတွက် မပူပင်ရသဖြင့် ကျောင်းမြေကွက်လပ်တွင် အားလပ်ချိန်၌ ပန်းစိုက်ခင်းကို စိုက်ပျိုးပြုစုဖို့ ကလေးတွေကို ဦးဆောင်ပေးခဲ့သည်။ အပင်ဖြစ်လွယ်သော၊ ဈေးကွက်လည်း ဝင်သော ဂန္ဓမာနှင့် မေမြို့ပန်းခင်းတွေ ဖြစ်သည်။

ဆရာမကြီး၏ရေကန်နှင့်ပန်းခင်းသည် သရက်တောတွင် သာယာလှပသော အရာနည်းနည်းလေးတွင် တစ်ခု အပါအဝင် ဖြစ်သည်။ ဆရာမကြီးက အပင်ပေါက်ဖြင့် မစိုက်ပျိုးဘဲ စရိတ်သက်သာအောင် မျိုးစေ့တွေကျဲပြီး စိုက်ပျိုးသည်။ အထက်တန်းပညာ တတ်မြောက်သူဖြစ်သည့်အပြင် အလှဗေဒကိုလည်း ခံစားတတ်သူဖြစ်သဖြင့် ပန်းခင်းကို အသက်ဝင်အောင် ဖန်တီးနိုင်စွမ်း ရှိခဲ့သည်။

အဝါရောင်နှင့် အဖြူရောင် ဂန္ဓမာပန်းခင်းတို့က တစ်ဖက်၊ ခရမ်းပြာရောင်၊ အနီရောင် မေမြို့ပန်းခင်း တို့ကတစ်ဖက် ဆေးရောင်စုံပန်းချီကားတစ်ချပ်လို လှပနေတတ်သည်။

ဆရာမကြီးက ပန်းတွေကို ရောင်းပြီး စာသင်ခန်းသုံး ပရိဘောဂများဝယ်သလို ကျောင်းဆောင် ဆောက်လုပ်ရန်လည်း ရန်ပုံငွေ စုနေသည်။

ဆရာမကြီး၏ကျောင်းမှာ လက်ထောက်ကျောင်းအုပ်ဆရာမတစ်ဦး၊ ကျောင်းဆရာတစ်ဦးနှင့် ဆရာမသုံးဦးရှိသဖြင့် ဆရာမကြီးနှင့်ဆိုလျှင် စုစုပေါင်း ခြောက်ဦး ဖြစ်သည်။ လက်ထောက်ကျောင်းအုပ်ဆရာမသည် သရက်တော ရွာခံ ဖြစ်သည်။



လွန်ခဲ့သည့်နှစ်နှစ်ကတော့ ဆရာမကြီးအား သပွတ်စုကျောင်းအုပ်ဆရာမက အလှူရှင်တစ်ဦးနှင့် ချိတ်ဆက်ပေးဖို့ တယ်လီဖုန်းပြောရန် အောင်မြေသာစံသို့ ခေါ်သည်။ ကျောင်းဆောင်ပြင်နိုင်ဖို့ အခွင့်အရေးမို့ ဆရာမကြီး လိုက်သွားသည်။ ထိုအလှူရှင်နှင့် စကားပြောရသည်။ ကျောင်းဆောင်ပြင်မည့် ကုန်ကျစရိတ်ကို အသေးစိတ်တွက်ပြီး လျှောက်လွှာတင်ရန် အလှူရှင်က အကြံပေးသည်။ သပွတ်စုဆရာမက လျှောက်လွှာတင်ဖို့ ဆက်သွယ်ဖို့ အစစအရာရာ ကူညီပေးမည်ဟု ဆိုသည်။ ဆရာမကြီး တက်ကြွရွှင်လန်းစွာ လက်ခံလိုက်သည်။ ထိုနေ့က သရက်တောသို့ပြန်လာသော ဆရာမကြီး၏ မျှော်လင့်ချက်အပြည့်၊ ခွန်အားအပြည့် အမူအရာကို ကျောင်းသားမိဘတွေနှင့် ကျောင်းကော်မီတီက လုံးဝမမေ့နိုင်။ ဆရာမကြီးထံမှအပျော်က သူတို့ဆီသို့ ပြန့်နှံ့ကာ သူတို့ပါ ပျော်ရွှင်နေကြသည်။

နောက်ဆုံးမှာ အလှူငွေရသည်။ ကျောင်းဆောင်ပြင်သည့်လုပ်ငန်းစဉ် တစ်ဆင့်ပြီးတစ်ဆင့် ငွေကို အရစ်ကျ ချပေးသည်။ အလှူရှင်အဖွဲ့မှ လူငယ်တွေ ရန်ကုန်မှ ဆင်းလာပြီး အောင်မြေသာစံမှာ တွေ့ဆုံ ပေးအပ်ခြင်း ဖြစ်သည်။ ဆရာမကြီး သုံးခေါက်တိတိ အောင်မြေသာစံသို့ ငွေသွားယူရသည်။ အုတ်သဲကျောက်နှင့် ဘိလပ်မြေ သစ်သား သံ လက်သမားခ ကုန်ကျ စရိတ်အားလုံးကို အတိအကျ စာရင်းတင်၏။ တစ်ပြားတစ်ချပ်မှ မကွာစေရ။ တချို့လုပ်ခကြေးငွေတွေက ဘောက်ချာမရ။ ဘောက်ချာမရသည့် ကုန်ကျစရိတ်အတွက် ဆရာမကြီးက ကျသင့်ငွေကို ကူးရေးပြီး လက်မှတ်ထိုးကာ စာရင်းတင်ရသည်။

တဖြည်းဖြည်း ကျောင်းဆောင်က ရုပ်လုံးပေါ်လာသည်။ အလှူရှင်အဖွဲ့က ပြီးစီးသွားသည့်လုပ်ငန်းစဉ်ကို သုံးကြိမ်

www.burmeseclassic.com

www.burmeseclassic.com



လာကြည့်သည်။ အဖွဲ့ကို ဆရာမကြီးအိမ် အပေါ်ထပ်မှာပဲ နေရာစီစဉ်ပေးသည်။ နေထိုင်တာကတော့ ဟုတ်ပါပြီ၊ ကျွေးမွေး ဖို့ကျတော့ ဆရာမကြီး အကုန်မစိုက်နိုင်။ လက်ထောက်ကျောင်းအုပ်က ဆရာမကြီး ဘာမှ စိတ်မပူပါနှင့် မိမိ ကြည့်ပြီး စီစဉ်ပါမည်ဟု နှစ်သိမ့်သည်။ ထို့နောက် လက်ထောက် ကျောင်းအုပ်သည် သပွတ်စုဆရာမ၏အကြံပေးချက်အရ ကျောင်းသားမိဘအိမ်တွေကို တစ်အိမ် ငွေ၅၀၀ကျပ်နှုန်းဖြင့် ကျွေးမွေးစရိတ် ကောက်ခံသည်။ တချို့အိမ်တွေက မတတ်နိုင်။ မတတ်နိုင်လည်း ကိုယ့်ကျောင်းကိုလာဆောက်ပေးသည့်အလှူရှင်တွေမို့ မဖြစ် ဖြစ်သည့်နည်းနှင့် ရှာကြံထည့်ကြသည်။

ဆရာမကြီး၏နားလည်မှုကတော့ ကျောင်းသားမိဘတွေက စေတနာထက်သန်စွာဖြင့် အလှူငွေ ထည့်ဝင်သည်။ ထို ထည့်ဝင်မှုကို အသိအမှတ် ပြုသည်။ ကျေးဇူးတင်သည်။ ထိုအခါ လက်ထောက်ဆရာမက ဒါဖြင့် စာရင်းပြုစုပေးပါမည်။ လက်ခံရရှိကြောင်း ဆရာမကြီးက လက်မှတ်ထိုးပေးပါဟု ပြော၏။ ဆရာမကြီးက ငွေ၅၀၀ အလှူရှင်စာရင်းတွင် လက်မှတ်ထိုးပေးလိုက်သည်။ အသုံးစရိတ်ကိုလည်း ရှင်းတမ်း ပြုလုပ်ပေးဖို့ ဆရာမကြီးက လက်ထောက်ကျောင်းအုပ်ကို တာဝန်ပေးလိုက်သည်။ ချက်ပြုတ်ကျွေးမွေးသည့် စေတနာရှင် လုပ်အားပေးတွေကလည်း သူတို့မှတ်ထားသည့် ဈေးဝယ်စာရင်း ကုန်ကျစရိတ်ကို ကြိုးကြိုးစားစား ရေးမှတ်ပေးပါသည်။ ထိုရှင်းတမ်းကို ဆရာမကြီးကိုယ်တိုင် လက်ရေးဖြင့် စနစ်တကျ အချော ပြန်ကူးရေးပေးပြီး လက်မှတ်ထိုးလိုက်၏။

ပြဿနာက လက်ရေးရှင်းတမ်းသည် မိမိထင်သလို ကျောင်းသားမိဘတွေလက်ထဲ မရောက်ဘဲ အလှူရှင်ဆီ စာရင်း



တင်လိုက်သည့်အထဲ ပါသွားခြင်းဖြစ်သည်။ စာရွက်စာတမ်းတွေကို မတင်မီ ဆရာမကြီးကိုယ်တိုင် စစ်ဆေးခဲ့ချိန်က ထိုစာရင်းစာရွက် လုံးဝမပါ။ နောက်တစ်ခေါက် အလှူရှင်အဖွဲ့ လာတော့ သူတို့ ပြန်ပြသည့် ဖိုင်တွဲထဲမှာ ထိုစာရင်းပါလာ ခြင်းဖြစ်သည်။ ဆရာမကြီး၏ ဦးနှောက်ဖြင့် လုံးဝလိုက်လို့ မမီသော ပြဿနာ ဖြစ်ခဲ့လေပြီ။

တကယ်တော့ ကျောင်းသားမိဘတွေထည့်ဝင်သည့် ငွေက ဧည့်ခံကျွေးမွေးစရိတ်ထဲသို့ လုံးဝမရောက်လိုက်သည်ကို နောက်မှ သိရသည်။ အလှူရှင်ဆီက ငွေကို နုတ်ယူပြီး ကျွေးမွေးခြင်း ဖြစ်သည်။ ကျောင်းသားမိဘဆီကလည်း ကျွေးမွေးစရိတ်ယူမိ၊ အလှူရှင်ဆီကလည်း ကျွေးမွေးစရိတ်ယူမိ။ ကြားထဲက ဆရာမကြီးသည် နှစ်ခါပြန် ငွေကောက်ခံသူ ဖြစ်သွားသည်။ မိဘတွေဆီက ငွေယူမိသည့်ဖြစ်မှုကလည်း ကိုယ့်လက်မှတ်နှင့် သက်သေအထောက်အထားနှင့်။ အစိုးရကျောင်းဖြစ်သဖြင့် ပြင်ပ အလှူငွေကို လက်ခံသည့်ကိစ္စသည် တရားမဝင်ပေ။ စည်းကမ်းချက် မလိုက်နာသည့် ဖြစ်မှုက တစ်ခု၊ ကျောင်းသားမိဘတွေ၏ ချွေးနည်းစာကို အလွဲသုံးစားလုပ်သည့် ဖြစ်မှုက တစ်ခု။

နောက်ဆုံး ဆရာမကြီးသည် ပင်စင်ယူရန် ငါးနှစ်အလိုမှာ လက်ထောက်မြို့နယ်ပညာရေးမှူးအဖြစ် ရာထူးမတက်လိုက်ရသည့်အပြင် လက်ရှိအလုပ်မှထုတ်ပယ်ခြင်း ခံလိုက်ရသည်။ မိမိ၏လက်ထောက်ကျောင်းအုပ်က မိမိ၏နေရာကိုရသွားသည်။ လက်ထောက် မြို့နယ်ပညာရေးမှူးနေရာကို ရလိုက်သူကတော့ သပွတ်စုကျောင်းအုပ်ဆရာမ ဖြစ်သည်။

ဆရာမကြီးသည် တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးသော အရှက်နှင့်သိမ်ငယ်စိတ်တို့ကို ခံစားရသည်။ အိပ်မပျော်သော

www.burmeseclassic.com

www.burmeseclassic.com



ညတွေများလာသည်။ အစားပျက် အအိပ်ပျက်လာသည်။ အိမ်ထဲ
ကနေ အိမ်ပြင်ကို မထွက်တော့။

နောက်တော့ မိမိကို ကျောင်းသားမိဘတွေအားလုံးက
လက်ညှိုးထိုးအပြစ်ဆိုနေသည်ဟုချည်းထင်နေသည်။ မိမိကို
မကောင်းပြောနေသည့် စကားတွေကို ကြားနေရသည်။

သားတွေသမီးတွေက 'မဟုတ်ပါဘူး၊ အမေ့ကို ဘယ်သူ
မှ ဘာမှမပြောဘူး။ အမေ လှည့်ကွက်မိသွားတယ်ဆိုတာ မိဘတွေ
သိပါတယ်' ဟု ဖျောင်းဖျ ပြောဆိုသော်လည်း မယုံ။

'ဟော ကြားလား။ဟိုမိန်းမ ပြောနေတာ ကြားလား
ငွေတွေ အလွဲသုံးစားလုပ်တယ်ဆိုတာ ငါ့ကို ပြောနေတာ မဟုတ်
လား။ နားထောင်စမ်း'

တကယ်တော့ ဘယ်သူမှ ဘာစကားမှ ပြောတာမ
ဟုတ်။ ဆရာမကြီးစိတ်ထဲက အစိုးရိမ်ကြီးနေခြင်းဖြစ်သည်။ မှား
ယွင်းသည့် စိုးရိမ်စိတ်ဖြင့် ဆရာမကြီး စိတ်သောက ဝေဒနာကို
အပြင်းအထန် ခံစားလာရလေတော့သည်။

'ဆရာမကြီး ဆရာဝန်နဲ့ပြဖြစ်သေးလား'

မြဝန်းရံက မေးကြည့်သည်။ ဆရာမကြီးက ခေါင်းညိတ်
သည်။ ပထမတော့ အောင်မြေသာစံမှာ ကုသည်။ နောက်တော့
အောင်မြေသာစံကနေ တိုင်းဆေးရုံအထိ လွှတ်သည်။ နောက်
ဆုံးတွင် ရန်ကုန်သို့ သွားရသည်။

ဆရာမကြီးအတွက် ဝင်ငွေမရှိတော့သည့်ကြားထဲ ဆေး
ကုသစရိတ်က ဝန်ပိလာသည်။ အိမ်တွင်ရှိသမျှ အဖိုးတန်ပစ္စည်း
တို့ ထုခွဲရောင်းချလို့ ကုန်ပြီ။ ဟုတ်ပါရဲ့၊ အောက်ထပ်မှာ မြင်ရသမျှ
ကတော့ ဆရာမကြီးအိမ်မှာ အိမ်ထောင်ပရိဘောဂရယ်လို့ ဘာမှ
မရှိ။ မြဝန်းရံတို့ ထိုင်နေကြသော တန်းလျားတွေက သစ်သားကြမ်း



အဟောင်းအမြင်းတွေ၊ မျက်နှာချင်းဆိုင်မှ သုံးချောင်းထောက်
သစ်သားသောက်ရေအိုးစင်ကလည်း ရေအိုးနှင့်ထိသည့်နေရာတို့
မှာ ဆွေးနေပြီ။

မြဝန်းရံ ဖိုးကျော်နှင့် ကိုထွန်းထွန်းဦးတို့ ဆရာမကြီးကို
မေးလိုက် ကိုယ့်အချင်းချင်းပြောလိုက်နှင့် စကားလက်ဆုံကျနေ
သည့် တစ်လျှောက်လုံးတွင် ပြည်မိုးငြိမ်းကတော့ လူမှုရေး ညှို့ဖျင်း
လှ၏။ ဘာစကားမှ ဝင်မပြော၊ ဘာမေးခွန်းမှ ဝင်မမေးဘဲ စုတ်တံ
ဖြင့် ပန်းချီရေးလျက် ရှိသည်။ မထင်မှတ်သော အချိန်တွင် သူက
ပန်းချီကားကို လက်စသတ်လိုက်၏။

'ဆရာမကြီး ဒါ ဆရာမကြီးအတွက် အမှတ်တရ
လက်ဆောင်ပါ'

ပြည်မိုးငြိမ်းက မတ်တတ်ရပ်လျက် ဆရာမကြီးအား
ပန်းချီကားကို ရိုရိုသေသေ လှမ်းပေးသည်။ ဆရာမကြီးက
ယောင်နနပုံစံဖြင့် လှမ်းပေးသော စာရွက်ကို ယူကြည့်လိုက်၏။
ဆရာမကြီး၏မှိန်ဖျော့သောမျက်ဝန်းတို့သည် လက်ခနဲ အရောင်
တောက်ပသွားသည်။ ဖြူလျော်လျော်နှုတ်ခမ်းတို့တွင် ပန်းသွေး
ရောင်လွှမ်းလာသလို အရောင်ပေါ်လာသည်။ ထို့နောက် အံ့သြ
စရာကောင်းလောက်အောင်ပင် ပြည်မိုးငြိမ်းကို မျက်လုံးချင်းဆုံ
လျက် ကြည့်လာသည်။

'လှတယ်နော်'

ခပ်တိုးတိုး ရေရွတ်လိုက်သည့် ဆရာမကြီးအသံ။

ဖိုးကျော်နှင့် စန်းကိုက ဆရာမကြီးနောက်မှာ မတ်
တတ်ရပ် ဆရာမကြီးနှင့် ခေါင်းချင်းဆိုင်ပြီး ပန်းချီကားကို ကြည့်
ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ ဆရာမကြီးရဲ့ကျောင်းပါလား'

'ဆရာမကြီးရဲ့ပန်းခင်းလေး'

မရမ်းရောင်၊ အဝါရောင်၊ အနီရောင်၊ အဖြူရောင် ပန်းခင်းတွေက အစိမ်းရောင်အရွက်တွေကြားမှာ လေဖြင့်ယိမ်းနွဲ့ကာ လှိုင်းထနေသည်။ ပန်းခင်းအလယ်တွင် အရိပ်မဲသဏ္ဌာန်နှင့် လူတစ်ဦးပုံအသေးလေး။ သို့သော် ဘာမှ မကွဲပြားသည့် အရိပ်မဲဖြင့်ပင် ဒါဟာ အမျိုးသမီးတစ်ယောက် ဟု ခန့်မှန်းလို့ ရသည်။

ဆရာမကြီး ဘာဖြစ်လို့ ပူပန်သောကတွေ ပြေလျော့သွားသလဲဆိုတာ မြဝန်းရံသဘောပေါက်သွားသည်။ ဆရာမကြီးသည် ပန်းချီကားထဲတွင် သူ့ကောင်းမှုကို သူပြန်တွေ့သွားလေပြီ။

'ဟုတ်တယ် ငါ့ပန်းခင်းလေး။ ဒါဖြင့် ငါ့သားက အရင်က ငါ့ကျောင်းလေးကို ရောက်ဖူးတယ်ပေါ့'

ပြည်မိုးငြိမ်းကို ဆရာမကြီးက တိုက်ရိုက် စကားပြောလာသည်။

ပြည်မိုးငြိမ်းက ပြုံးသည်။ အလို သူသည် မြဝန်းရံ ထင်ထားသလို ခနဲ့တဲ့တဲ့အပြုံးကိုသာ ပြုံးတတ်သူ မဟုတ်ပါကလား။ နူးညံ့နွေးထွေးသည့်အပြုံးကိုလည်း သူ ပြုံးတတ်ပါလား။

'မမြင်ဖူးပါဘူးဆရာမကြီး။ ကျွန်တော် ဒီရွာကို ပထမဆုံး အကြိမ်ရောက်ဖူးတာပါ'

'အို'

ဆရာမကြီး တစ်ခဏငေးနေပြီးမှ သက်ပြင်းချကာ

'အဲဒီပန်းခင်း အခုဘယ်ရှိတော့မလဲ။ ပျက်စီးပြီပေါ့' ဟု အသံတိမ်တိမ်ဖြင့် ရေရွတ်ပါသည်။

'ပျက်စီးပြီပေါ့အမေ။ အမေ မရောက်လို့ အဲဒီနားမှာ မြက်တောင်မပေါက်ဘူး။ ပတ်ကြားတွေအက်လို့'



လက်သုတ်ပဝါကို သုတ်ရင်း အနားရောက်လာသည့် အမျိုးသမီးတစ်ယောက်က အားရပါးရ မဲ့ရွဲ့ကာ ပြောသည်။

'မဟုတ်သေးဘူးလေ အစ်မ'

ပြည်မိုးငြိမ်းက ထိုအမျိုးသမီးအား ဟန့်တားချင်သလို မျက်နှာဖြင့် စကားဖြတ်ပြောသည်။

'ဆရာမကြီးရှိတဲ့နေရာမှာ စေတနာ့ဝန်ထမ်းကျောင်း ရောက်လာလိမ့်မယ်။ ကျောင်းရှိတဲ့နေရာမှာ ပန်းခင်း ရောက်လာလိမ့်မယ်။ အရေးကြီးဆုံးက ဆရာမကြီးမှာ စိတ်ဆန္ဒရှိနေဖို့ပဲ လိုပါတယ်'

ပြည်မိုးငြိမ်းက အသေအချာသိနေသည့် ဗေဒင်ဆရာလေသံမျိုးဖြင့် တထစ်ချ ပြောလေသည်။

'ဆရာမကြီး'

ခြံဝန်းထဲသို့ လူငယ်လေးတစ်ယောက် လေးဆင့် စတီးထမင်းချိုင့်ကို ဆွဲလျက် ရောက်လာသည်။ ဆရာမကြီးဟု နာမည်တပ်ခေါ်သော်လည်း ဆရာမကြီးက လှည့်ကြည့်ရုံကြည့်၏။ တကယ် ထရပ်ပြီး မေးမြန်းသူက ကိုထွန်းဦးပဲ ဖြစ်သည်။ ဆရာမကြီး သည် ဘာကိုမှ စိတ်မဝင်စားပေ။ သူ့လက်ထဲမှာကိုင်ထားသော ပန်းချီကားကိုသာ ပြန်ကြည့်လျက် တစ်နေရာရာသို့ စိတ်ရောက်နေဟန်ရှိသည်။

'အမေ အမေ့တပည့်တွေက ဧည့်သည်တွေအတွက်တဲ့ ထမင်းချိုင့်လာပို့သွားတယ်။ ဧည့်သည်တွေကို ထမင်းကျွေးဖို့တဲ့ အမေ'

'ဟောတော်'

ဆရာမကြီး၏သမီးက လွှတ်ခနဲ ရေရွတ်ကာ မျှောတစ်လစ်ထုတ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ကျုပ်က ကြက်ဥမွှေကြော်လေးကြော်ဖို့ ခေါက်နေတုန်းရှိသေးတယ်'

'ဆရာမကြီးကို အခုချိန်ထိ ကျောင်းသားမိဘတွေက လေးစားနေတုန်းပဲနော်။ ဆရာမကြီးရဲ့ ဂုဏ်ကြောင့် ကျွန်တော်တို့ပါ ပြည့်စုံရတယ်။ ကျေးဇူးတင်ပါတယ် ဆရာမကြီးရယ်'

ပြည်မိုးငြိမ်းက စကားလုံးတွေကို သတိထားရွေးချယ်ပြီး ဆရာမကြီး၏မျက်လုံးတည့်တည့်ကို ရင်ဆိုင်ကြည့်ကာ ပြောတော့ ဆရာမကြီး၏မျက်ဝန်းတွေ တောက်ပလာလေသည်။

နိုင်လွန်ငါးဟုခေါ်သော ရေချိုငါး သေးသေးလေးတွေကို အိုးကပ်ချက်ပြီး ကန်စွန်းရွက်ချဉ်ရည်နှင့် ငရုပ်သီး မီးကင် ဆားထောင်းဖြစ်သည်။ ဆန်ကလည်း အညာဆန် ဖွယ်ဖွယ် ကြွမ်းကြွမ်း။ ငါးသေးသေးချက်ဆိုလျှင် တစ်ခြမ်းနီပြီး ကြွပ်နေမှ စားတတ်သော မြဝန်းရံက ထိုငါးဟင်းကို မစားတတ်ပါ။ ထို့ပြင် လက်နှင့်လည်း မစားတတ်သဖြင့် တခြားရွာတွေတုန်းကလိုပင် ဟင်းခတ်သည့် ဇွန်းကောက်တစ်ချောင်းတောင်းပြီး ဇွန်းဖြင့်စားတာမို့ ငါးသေးသေးကို အရိုးလည်း မထွင်တတ်ပါ။ ဒါကြောင့် ငါးဟင်းကို မနှိုက်မိပါ။ ပြည်မိုးငြိမ်းကတော့ ဖိုးကျော်တို့ထိုင်သလို ကျကျနန တင်ပျဉ်ခွေထိုင်ကာ လက်ဖြင့်စားနေသည်။ မြဝန်းရံက ကြက်ဥကြော်ကိုသာ အားပြု စားဖို့ ကြံရွယ်ဆဲ ဆရာမကြီးသမီးက ငါးဟင်း ခပ်ထည့်ပေး၏။ မကြိုက်ဘူးဟုပြောရမှာ အားနာသည်။ တစ်ကောင်ကို ဇွန်းဖြင့် ကပ်ကပ်သပ်သပ်ဖဲ့ပြီး စားဖို့ ကြိုးစားကြည့်သည်။ ထိုအချိန်မှာပင် ပြည်မိုးငြိမ်းက မိမိပန်းကန်ထဲသို့ အရိုးထွင်ထားပြီးသော ငါးဖတ်လေးများကို အမှတ်မထင် ထည့်ပေးလိုက်လေသည်။

အို။ ဘယ်လိုလုပ်လိုက်တာလဲ။ မြဝန်းရံ သူ့ကို မျက်လုံးထောင့်မှ စွေလျက် ကြည့်မိတော့ သူ ပြုံးနေသည်။ ငြင်းလိုက်လျှင်



ဦးအရှက်ကွဲသွားနိုင်သည်။ အသာ ငြိမ်နေလိုက်ရသည်။ နောင်အခွင့်သင့်လျှင် သူ့ကို ပြောဖို့စကားလုံးတော့ အခုပဲ စဉ်းစားမိသွား၏။ ကျွန်မက သူများလက်နဲ့ထိတဲ့အစားအစာကို မစားတတ်ဘူး ရှိတတ်တယ်။ နောက်ကို အဲဒီလိုမလုပ်ပါနဲ့။

ကိုထွန်းထွန်းဦးက ဆရာမကြီး၏တပည့် ဖြစ်ခဲ့ဖူးသည်။ အဝေးသင်တက္ကသိုလ် သမိုင်းအဓိကဖြင့်ဘွဲ့ရထားပြီး တစ်ဖက်ရွာက ဘုန်းတော်ကြီးသင် အတန်းကျောင်းတွင် အလယ်တန်းပြဆရာအဖြစ် လုပ်ကိုင်နေသည်။ အိမ်ရှင်အဖြစ် ထမင်းဝိုင်းမှာ စကားပြောဧည့်ခံနိုင်၏။ စကားထောက်ပေးနိုင်၏။ သူက မြဝန်းရံ၏ ရှေးဟောင်းသုတေသနဘာသာရပ်ကိုလည်း စပ်စုသည်။ ပြည်မိုးငြိမ်း၏ နယ်လှည့်ပန်းချီဆွဲခြင်း အကြောင်းလည်း စပ်စု မေးမြန်းနိုင်သည်။

'ရှေးဟောင်းသုတေသနဆိုတော့ ဆရာမက ဘာတွေ တူးဖော်ရတာလဲဗျ'

'ကျွန်မတို့က မြို့ဟောင်းတွေကို တူးကြတာ။ အဓိကတတော့ သချိုင်းမြေတွေပေါ့။ တလောတုန်းက ကိုထွန်းဦးတို့ကြားလိုက်လား။ စမုန်မြစ်ဝှမ်းမှာ ကြေးခေတ်ကအသုံးပြုတဲ့ လက်နက်တွေကို ရှာတွေ့ခဲ့တာလေ။ မြန်မာနိုင်ငံရဲ့ ပျူခေတ်မှာ ကြေးလက်နက်တွေ သံလက်နက်ကိရိယာတွေကိုသုံးပြီး လယ်ယာစိုက်ပျိုးရေးကို ဖွံ့ဖြိုးအောင်လုပ်ခဲ့ကြတယ်။ တရုတ်နိုင်ငံနဲ့ ကုန်သွယ်ရေးတွေ လုပ်ခဲ့ကြတယ်'

'ဆရာမက ရှေးဟောင်းသုတေသနဌာနမှာ လုပ်တာလား'

'မဟုတ်ဘူးရှင့်။ ကျွန်မက ပါရဂူဘွဲ့အတွက် စာတမ်းပြုစုရင်း စာရေးနေတဲ့ လွတ်လပ်တဲ့သုတေသီပါ။ ကျွန်မရဲ့ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တွေက ရှေးဟောင်းသုတေသနဌာနနဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံမှာ သတ္တုခေတ်ကို ရှာဖွေနေတာလေ'

'ပျူခေတ်ဆိုတော့ ဘယ်နှခုနှစ်လောက်လဲဗျ'

'ခရစ်တော်မပေါ်မီ နှစ်ငါးရာလောက်ကနေ ခရစ်တော်ပေါ်ပြီး နှစ်နှစ်ရာအတွင်းလောက်လို့ ခန့်မှန်းကြပါတယ်'

'ကြည့်ရုံနဲ့သိတယ်ပေါ့'

'အို တွေ့ရှိချက်တွေကို သိပ္ပံနည်းကျ စစ်ဆေးကြတယ်လေ။ အဲဒီပစ္စည်းတွေမှာရှိတဲ့ ကာဗွန်ကို တွက်ယူပြီး ဘယ်နှနှစ်လောက်ကြာခဲ့ပြီလဲဆိုတဲ့ သက်တမ်းကို တွက်လို့ရတယ်'

'အော် ဟုတ်လား။ တော်တော်တိုးတက်တာပဲနော်'

'ဟုတ်တယ်။ သစ်ပင်ပင်စည်ရဲ့ထက်ခြမ်းပြတ်မှာ မြင်ရတဲ့ အစင်းကြောင်းတွေကို တိုင်းပြီး သစ်ပင်သက်တမ်းကို ခန့်မှန်းလို့ရသလိုနေမှာပေါ့'

'အေးဗျ။ ပညာတွေကလည်း အမျိုးမျိုးကိုး'

'အဲ့ဩစရာတော့ ကောင်းမလားမသိဘူး။ တချို့တူးဖော်တွေ့ရှိချက်တွေကနေ ဘယ်လောက်အထိ ကောက်ချက်ချလို့ရသလဲဆိုရင် အဲဒီအရိုးစုမှာတွေ့တဲ့ အရိုးအခြေအနေကို ကြည့်ပြီး သူဟာ သူ့ငယ်ဘဝတုန်းက ဘယ်လောက်အထိ စိတ်ပင်ပန်း နွမ်းနယ်ခဲ့ရသလဲ။ စိတ်ဖိစီးမှုများခဲ့သလဲဆိုတာတောင် ပြန်တွက်ယူလို့ရတယ်'

'အို'

သူမစကားကို အားလုံး တအံ့တဩရယ်မောကြသည်။

'ကျွန်မရဲ့ဘာသာကတော့ ဘိုင်အိုအာခီယော်လော်ဂျီ လို့ခေါ်ပါတယ်။ တွေ့တဲ့ ပျူခေတ် အရိုးစုတွေရဲ့ ကာဗွန်နှစ်ကို တွက်ကြည့်ရတယ်။ အရိုးကိုကြည့်ပြီး အဲဒီခေတ်က ဒေသပထဝီ ကွာခြား



မှု အဲဒီကနေ အစားအသောက် အလေ့အထ ကွာခြားမှု ဒါတွေကို လေ့လာပြီး သုတေသနလုပ်ရတာပါ'

ပြည်မိုးငြိမ်းကိုကျတော့ ဘာကြောင့် ခြေလျင်လျှောက်သွားပြီး ပန်းချီတွေဆွဲနေတာလဲဟု မေးသည်။ ကိုထွန်းထွန်းဦး၏အမေးက ဦးစံအောင်၏အမေးနှင့် သိပ်မကွာပါ။ သို့သော် မေးပုံချင်း ကွာလို့လားမသိ။ သူ့အဖြေကလည်း ကွာလေသည်။

'ကျွန်တော်က တစ်ခုနဲ့တစ်ခု အမှီပြုနေတဲ့ သဘာဝ ပတ်ဝန်းကျင်ကို လေ့လာရင်း ဓာတ်ပုံရိုက် ပန်းချီဆွဲ လုပ်တာဗျ။ အခုလို နွေရာသီအစမှာ ကျွန်တော်လက်ခံထားတဲ့အလုပ်တွေ ရှင်းနေတုန်း နောက်အလုပ်တွေ မစခင်မှာ မြန်မာနိုင်ငံ အနှံ့ လျှောက်သွားတာပဲ။ သွားတိုင်းလည်း ကလေးတွေကို ပျော်စေချင်တယ်။ ကလေးတွေအတွက် ကျွန်တော် လုပ်ပေးနိုင်တာကလည်း ပန်းချီဆွဲတာပဲ ရှိတာ။ စာလည်း သင်မပေးတတ်ဘူး။ ဆေးလည်း ကုမပေးနိုင်ဘူး။ ဒီတော့ ကျွန်တော်တတ်တဲ့ ပညာနဲ့ပဲ သူတို့ပျော်အောင် လုပ်ပေးရတာပေါ့။ ငွေလဲ သိပ် မကုန်ဘူးလေ။ ဆရာမကြီးတို့လို စေတနာရှင်မျိုးနဲ့တွေ့ရင် ထမင်းလည်း စားရသေးတယ် ဘယ်လောက်ကောင်းလဲဗျာ'

သူတို့ ရယ်မောလိုက်ကြသည်။

မြဝန်းရံ မရယ်မိပါ။ ဝတ္တုရားကျေတောင် မရယ်မိ။ တစ်ခွန်းတော့ မေးဖြစ်အောင် မေးလိုက်မိသည်။

'ဘာဖြစ်လို့ အောင်မြေသာစံနယ်ကို လာတာလဲ'

'ကျွန်တော် အောင်မြေသာစံကို အလုပ်ကိစ္စနဲ့ လာကိုလာရမှာညီမရဲ့။ ကျွန်တော့်အဘိုးဆီက အမွေရတဲ့ ဥယျာဉ်ခြံကခြံစောင့်ကြီး နေမကောင်းလို့ ဆေးရုံတင်ထားရတယ်။ သူ့နေရာမှာ လူစားထိုးဖို့ စီစဉ်ရမှာ'

www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး အောင်မြေသာစံကို သွားမဲ့ဟာ ဘာဖြစ်လို့ ကားနဲ့တိုက်ရိုက်မသွားဘဲ အစွန်အဖျားရွာတွေကနေ တစ်ရွာပြီး တစ်ရွာ ပြောင်းနေရတာလဲ'

မြဝန်းရဲ၏ စွပ်စွဲလိုဟန်မျက်နှာထားကို သူ ရိပ်မိသည်။ ပြေရာပြေကြောင်းအပြုံးဖြင့် စိတ်ရှည်လက်ရှည် ဖြေ၏။

'အခုလို ကျောပိုးအိတ်တစ်လုံးနဲ့ လွတ်လွတ်လပ်လပ် သွားတော့ ရွာအကြောင်း လူတွေအကြောင်း ပိုသိရတာပေါ့ဗျာ'

ဒါဟာ ပြီးပြည့်စုံသောအဖြေတစ်ခုလိုပင် သူ ဘာမှ ဆက်မပြောတော့ပေ။

'ကိုမိုးငြိမ်း ခရီးတစ်ခါထွက်ရင် ပုံဘယ်နှပုံလောက် ဆွဲဖြစ်လဲဗျ'

'ပုံပေါင်း ငါးဆယ်တစ်ရာ ဆွဲဖြစ်တယ်'

ဟင်း။ ကောင်းဦးတော့မှာပဲဟု နှာခေါင်းရှုံ့ချင်စိတ် ပေါ်သွားသော်လည်း ချက်ချင်းရေးဆွဲပြီး အိမ်နံရံမှာ အခုပဲ ခဏ ကပ်ထားသည့် ဆရာမကြီးကျောင်းပန်းခင်းပုံ ပန်းချီကားနှင့် တည့်တည့် ဖြစ်နေတော့ စိတ်ကို လျှော့ချပစ်လိုက်ရပါသည်။

'ဆွဲသမျှတွေကိုလည်း ကလေးတွေကို အကုန်ပေးခဲ့တာပဲဗျ။ ကျွန်တော် ရန်ကုန်ကို ပြန်ပါတာက လေးငါးကားပဲ'

သူကြည့်ရတာ ကိုယ့်ကိုယ်ကို ကျေနပ်နေပုံရသည်။

မြဝန်းရဲသည် စကားပြတ်တုန်း ကိုထွန်းဦးကို မိမိ လာရင်းကိစ္စအတွက် စုံစမ်းကြည့်ချင်သော်လည်း ပြည်မိုးငြိမ်းကို ဘယ်လိုမှ ခွာထုတ်လို့ မရနိုင်။ ဒီအကြောင်းကို မမေးရဘဲနှင့် သရက်တောမှ ပြန်ထွက်ရမှာလား။ သူ့ရှေ့တွင်လည်း လုံးဝ မမေးချင်။ သူဟာသူ ထပြန်မည့်ပုံမပေါ်တော့ မြဝန်းရဲကပဲ ပြန်ဖို့ ပြင်ရလေသည်။



'ခရီးဆက်ရဦးမှာမို့ သွားခွင့်ပြုပါ။ ဆရာမကြီး ရန်ကုန်ရောက်ရင် ကျွန်မကို ဆက်သွယ်ပါရှင်'

မိမိကို လောကဝတ်ဖြင့် ပြန်လည်နှုတ်ဆက်ခြင်း မပြုသည့်အပြင် မိမိ၏လိပ်စာကဒ်ပြားကို ဆရာမကြီးက လှမ်းမယူ။ ကိုထွန်းဦးကသာ ဆရာမကြီးကိုယ်စား လှမ်းယူသည်။ ပြည်မိုးငြိမ်းက သူ့ကဒ်ကို ထုတ်ပေးတော့ ဆရာမကြီးက လှမ်းယူလေသည်။ မြဝန်းရဲ အောင့်သက်သက်ဖြစ်သွားမိသေး၏။ သို့သော် ဆရာမကြီးသည် ပြည်မိုးငြိမ်းကို သူ့အပေါ် နားလည်ပြီး ပန်းချီရေးဆွဲပေးနိုင်သူဟု ယုံကြည်ပေလိမ့်မည်။ မြဝန်းရဲ အပြုံးမပျက် ထထွက်ခဲ့ပါသည်။

ထိုအချိန်မှာ စက်ဘီးတစ်စီးဖြင့် လူတစ်ယောက် ခြံထဲသို့ ဝင်လာသည်။ ကိုထွန်းဦးနှင့် မျက်နှာခပ်ဆင်ဆင်။

'ထွန်းဦးရေ ငါ အခုပဲသတင်းကြားခဲ့တယ်။ လက်ပံစုက စေတီပျက်တစ်ခုမှာ ညတုန်းက လူစိမ်းခိုသွားသတဲ့။ မင့်သမီးရော အခု ဘယ်မလဲ'

'သမီးက သူ့အဒေါ်အိမ်သွားတယ်။ လူစိမ်းဟုတ်လား'

'အေးပေါ့။ လူဆိုးမှန်းမသိ လူကောင်းမှန်းမသိ။ စေတီပျက်မှာ ငှက်ပျောသီးခွံတို့ စားကြွင်းစားကျန်တို့လည်း တွေ့သတဲ့။ အုတ်နံ့ကနေ ထွက်ပြေးနေတဲ့ မုဒိမ်းလူသတ်ကောင် မဟုတ်ဘူးလို့ မပြောနိုင်ဘူး'

'အုတ်နံ့က လူသတ်သမား ဟုတ်လား'

ဆရာမကြီးသမီး ခြံရှေ့သို့ စိုးရိမ်တကြီးပြေးထွက်လာ၏။

ဟုတ်ပါရဲ့။ လူသတ်သမားကို မေ့ထားမိနေပါရောလား။ အခုအထိ ဘာကယ်တော့ မိမှ မမိသေးဘဲ။ ရင်ထဲမှာ စိုးရိမ်ပူပန်မှုကို ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရဲတွေ အခုမနက် လက်ပံစုပတ်လည်ကို ရှာနေကြတယ်လို့ပြောတယ်။ လက်ပံစုနဲ့သရက်တောက တစ်ခေါ်လောက်ပဲရှိတာ'

'အဲဒီ တရားခံလို့ယူဆရတဲ့ လွတ်နေတဲ့လူက ဘယ်လိုပုံစံနဲ့လဲ။ နာမည်ကဘယ်သူလဲ။ ရဲက သူနဲ့ပတ်သက်ပြီး ဘာသတင်းတွေရထားလဲဟင်'

စက်ဘီးနှင့်လူအား မြဝန်းရံ မေးလိုက်မိသည်။

'အဲဒါတော့ မသိဘူးဗျ။ ကျွန်တော်လည်း သတင်းကြားကြားချင်း ဒီဘက်ပြေးလာတာ။ ရဲစခန်းမှာမေးရင်တော့ သိနိုင်တယ်'

'ဒါဖြင့် ကျွန်မ ရဲစခန်းကို သွားမယ်'

'လာ ဒါဆို ကျွန်တော်တို့ အတူတူ သွားတာပေါ့'

ပြည်မိုးငြိမ်းက ရဲစခန်းသို့ လိုက်လာသည်။

သရက်တောရဲစခန်းသည် ပျဉ်ကာ ပျဉ်ခင်း မြေစိုက်အဆောက်အဦ ဖြစ်သည်။ ကူညီပါရစေဟူသော ဆိုင်းဘုတ်ကဆေးတချို့ကွာလျက် ရှိသည်။ မဒွေးကြွယ်၏ယောက်ျား အချုပ်ခံနေရတာ သရက်တောရဲစခန်းဆိုလားလို့။ ဒါဆိုရင် ဒီမှာပဲပေါ့။ အတော်ပဲ။

'ညီမ၊ တကယ်ဆိုရင် ဒီကို ညီမတစ်ယောက်တည်းလာဖို့မကောင်းဘူး'

ရဲစခန်းအဝင်တွင် ပြည်မိုးငြိမ်းက မြဝန်းရံအနားသို့ ကပ်လာပြီး ခပ်တိုးတိုးပြောသည်။ မြဝန်းရံ သူ့ကို တည့်တည့် စိုက်ကြည့်လိုက်၏။ သူ မျက်လုံးလွှဲမသွားပါ။

'အဖော်ခေါ်ခဲ့ဖို့ကောင်းတယ်။ ညီမမှာ တိုင်ပင်ဖော်တိုင်ပင်ဖက်သူငယ်ချင်း မရှိဘူးလား။ ညီအစ်မ၊ မောင်နှမတွေ



မရှိဘူးလား။ ခိုတောင် ဘုန်းကြီးကျောင်းမှာ ညီမကို တွေ့လိုက်ရတည်းက ကျွန်တော် စိတ်မချတာပဲ'

မြဝန်းရံ မျက်နှာကို သိသိသာသာ မော့ပစ်လိုက်မိ၏။

'မလိုပါဘူး။ ကျွန်မ ကိုယ့်ကိုယ်ကို စောင့်ရှောက်နိုင်ပါတယ်'

ရဲဝန်ထမ်းတစ်ယောက်အား မြဝန်းရံသိလိုသည်များကို မေးသည့်အခါ ပထမတော့ မဖြေဘဲ မိမိအား ပြန်ပြီး မေးမြန်းစိစစ်နေသေး၏။ မြဝန်းရံက မိမိကိုယ်မိမိ မိတ်ဆက်ပြီး အုတ်နဲ့ရွာမှာတွေ့ခဲ့သည့်ရွှေမှုန်ဝင်း၏အသုဘနှင့် မိဘတို့၏သောကပရိဒေဝများကို အစအဆုံးပြောပြတော့မှ ယုံကြည်သွားပြီး သူတို့ သတင်းရသမျှကို ပြောပြတော့သည်။

'သေတဲ့ကလေးမလေးရဲ့ ထမင်းချိုင့်ကို တွေ့တဲ့အိမ်ရှင်က မခင်စမ်းလွင်၊ အလုပ်က စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းဆိုင်။ အဲဒီအိမ်မှာ အဲဒီအချိန်က ရှိနေခဲ့တယ်လို့ ယူဆရသူက မောင်ဆင်လေး။ အားလုံးက မောင်တင်လို့ပဲ ခေါ်ကြတယ်'

'သူ့ဓာတ်ပုံတွေ ဘာတွေ ရှိလားဟင်'

'အစ်မတို့ ကြည့်ချင်ရင် ကြည့်ပါ။ ကျွန်တော်တို့လည်း မိတ္တူကူးပြီးတော့ ရွာတွေကို ဝေတော့မလို့ပဲ'

ဓာတ်ပုံက လိုင်စင်ပုံမဟုတ်။ ပို့စကတ်အရွယ် အလှရိုက်ပုံ ဖြစ်သည်။ လက်ရန်းမပါသည့် တံတားငယ်တစ်ခုပေါ်တွင် မတ်မတ်ရပ်နေသည်။ ပုဆိုးကို သေသေသပ်သပ်၊ သို့သော် တိုတိုဝတ်ထားပြီး အင်္ကျီကော်လံဖားဖားနှင့် ဆံပင်က နားထင်ထိအောင် ရှည်နေသည်။ မျက်လုံးပြူးပြူး နားထင်ချိုင့်ချိုင့်၊ အောက်နှုတ်ခမ်း ခပ်တွဲတွဲ။ သာမန်ရွာသားတစ်ဦး၏ မျက်နှာပါပဲ။ ဘယ်လိုမှ ထင်ပေါ်မနေ။ မြဝန်းရံ မျှော်လင့်ထားသလို ကောက်ကျစ် စဉ်းလဲသော

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများမဟုတ်။ ကင်မရာကို ပြုံးကြည့်နေပုံက ဟာသဉာဏ်ရှိမည့် လူတစ်ဦးလိုလို။

ဘုရားဘုရား။ ဒီလူဟာ ရွှေမှုန်ဝင်းကို...

ထိုလူ၏မျက်နှာကို မှတ်မိအောင် မြဝန်းရံ တတ်နိုင်သမျှ အလွတ်ကျက်မှတ် ကြည့်နေမိသော်လည်း အကယ်၍ တစ်နေရာရာမှာ အမှတ်မထင်တွေ့မိလျှင် မှတ်မိမှာ မဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ ထိုသူသည် သာမန်သူလိုင်ါလို မထူးခြားသည့် ရုပ်ရည်ပိုင်ရှင်တစ်ယောက်မို့ပါပဲ။

နေဦး။ မြဝန်းရံမှာ တစ်ရွာချင်းလေ့လာရမည့် လာရင်းကိစ္စရှိသေးသည်။ ဒီရွာပတ်ဝန်းကျင်တွင် ဟိုတုန်းက ဆိုးရွားသည့် ရက်စက်သတ်ဖြတ်မှုတွေရှိခဲ့ဖူးပါသလား။ မြဝန်းရံ သရက်တောကနေ မပြန်ခင် မေးဖြစ်အောင် မေးရတော့မည်။ ဒီအခွင့်အရေးကို နောက်တစ်ခါရဖို့ဆိုလျှင် ဒီရွာကို နောက်တစ်ကြိမ် ပြန်လာနေရမှာကိုး။ သို့သော် ပြည်မိုးငြိမ်းရှေ့မှာလည်း မမေးချင်ပါ။

အားမနာပါးမနာ ပြန်ခိုင်းလိုက်ရမလား။ သူ့ကို လှည့်ကြည့်လိုက်ချိန်မှာ ပြည်မိုးငြိမ်းက ရဲဝန်ထမ်းအား မေးလိုက်သည်။

'ဒါနဲ့ ဗိုလ်ကြီး စပ်စုတယ်လို့တော့ မထင်ပါနဲ့ခင်ဗျာ။ ကျွန်တော်သိချင်တာလေးတစ်ခု မေးလို့ရမလား'

'မေးပါ ရပါတယ်'

'ဒီရွာပတ်ဝန်းကျင်မှာ ဒီခေတ်ထဲမှာပဲ ဖြစ်ဖြစ် ဗိုလ်ကြီး မမီလိုက်တဲ့ ကိုလိုနီခေတ်ကာလမှာပဲဖြစ်ဖြစ် ရက်စက်ယုတ်မာတဲ့ သတ်ဖြတ်မှုတွေဘာတွေများ ကြားဖူးပါသလား'

ဟင်။

မြဝန်းရံ သူ့ကို ဖျတ်ခနဲ ကြည့်မိသွားသည်။ သူကတော့ တကယ်ကို သိချင်လို့ မေးနေသည့် မျက်နှာထားမျိုး။ မြဝန်းရံကို



လှည့်မကြည့်ဘဲ ရဲဝန်ထမ်းကိုသာ လေးလေးစားစားပုံစံဖြင့် ကြည့်နေသည်။

တော်တော်ဟန်ဆောင်တတ်တဲ့လူပါလား။ ရဲဝန်ထမ်းက စဉ်းနည်းမှ မစဉ်းစားဘဲ ချက်ချင်း ဖြေပါသည်။

'သတ်တာဖြတ်တာတွေတော့ ဒီရွာမှာ မရှိပါဘူး။ ဟိုတုန်းကလည်း မကြားဖူးပါဘူး။ ကျွန်တော့်အမေက ဒီရွာဇာတိပဲ'

'အစ်မ ဒီအချုပ်ထဲမှာ ဘကြီးစံအောင်ရဲ့သား ရှိတယ် အစ်မမဌေးကြွယ်ရဲ့ ယောကျ်ားလေ'

'ဟုတ်လား။ မင်းနဲ့ ရင်းနှီးလား'

'ရင်းနှီးတယ်ဗျ။ တွေ့လို့ရရင် ကျွန်တော် ခဏ သွားတွေ့လိုက်ဦးမယ်။ ဘာမှာချင်လဲလို့'

မဌေးကြွယ်ယောကျ်ားကို ဖိုးကျော်က သွားတွေ့သည့်အချိန်မှာ မြဝန်းရံက ခပ်လှမ်းလှမ်းမှာ ရပ်လျက် အကဲခတ်ကြည့်သည်။ လူကြည့်ရုံနှင့် ဇနီးမယားကို သေလုမျောပါးဖြစ်အောင် ရိုက်နှက်မည့်သူဟု ထင်စရာ မရှိ။ မျက်လုံးတွေမှာ သူမမျှော်လင့်ထားသလို အရက်ခိုးတွေ ဝေနေတာတို့ နီကျင်နေတာတို့လည်း မတွေ့ရ။ ပြေပြစ်သည့် ရုပ်ရည်ပိုင်ရှင်။ မှုန်မှုန် မှိုင်းမှိုင်း အကြည့်။ လောကကြီးကိုအလိုမကျသည့် သာမန်လူတစ်ယောက်ပါပဲ။ သူက ဖိုးကျော်ကိုတွေ့တွေ့ချင်း မျက်လုံးတွေတောက်ပသွားပြီး ချက်ချင်းမေးတာက မဌေးကြွယ်အကြောင်း။

'မဌေးနေကောင်းလား။ သမီးလေးရော' တဲ့။

ထူးဆန်းတာက သူ့မျက်လုံးမှာ သူ့ဇနီးအပေါ် ပြုမိထားသည့် ပြစ်မှုတွေအတွက်လည်း စိတ်မကောင်းဖြစ်ပုံမပေါ်။ သူ့မျက်လုံးမှာ ဘာနောင်တမှ မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းမှ ပြန်ထွက်လာသည့်အချိန်တွင် မြဝန်းရံ၏အာ မှာ စွဲထင်လာတာက ဆရာမကြီးနေရာကို ရယူသွားသော လ ထောက်ကျောင်းအုပ်လည်းမဟုတ်။ လက်ထောက်မြို့နယ် ပည ရေးမှူးရာထူးကိုရယူသွားသော သပွတ်စုက ဆရာမလည်းမဟုတ် မဒွေးကြွယ်ကို သေကောင်ပေါင်းလဲ နှိပ်စက်ခဲ့သော ကိုမော လည်း မဟုတ်။ အုတ်နဲ့ကလူသတ်တရားခံ မုဒိမ်းသမား မောင်တ ပင် မဟုတ်။ ကိုယ့်ကိုယ်ကို သတ်သေသွားသည်ဆိုသော ရှားတော ကလူနှင့် သူ့မိသားစု ဖြစ်သည်။

'ဖိုးကျော်ရေ မင်း အပြန် နောက်မကျလောက်ဖူးလို့ ထ ပါတယ်။ အစ်မကို ရှားတောဆိုတဲ့ရွာကို ခဏ လိုက်ပို့ပေးပါနော် အစ်မ မင်းကို မုန့်ဖိုးထပ်ပေးပါမယ်'

'ရပါတယ်အစ်မ လမ်းကြုံနေတာပဲ ပို့ပေးပါမယ်။ ထ ပေးစရာမလိုပါဘူး။ ဘကြီးဦးစံအောင်မျက်နှာကြောင့် မဟုတ ပါဘူး။ အစ်မကို ကူညီချင်လို့ပါ'

'ညီမ ရှားတောကို သွားချင်တာ ကိုယ့်ကိုယ်ကို သတ်သေ တယ်ဆိုတဲ့ လယ်သမားကိစ္စလား'

ပြည်မိုးငြိမ်းက ဝင်မေးသည်။

ရှင်နဲ့ဘာဆိုင်လို့လဲဟု ခပ်တင်းတင်းပြောပစ်လိုက်မလို ကြံရွယ်ဆဲမှာ စန်းကိုက ဝင်ပြောလိုက်သည်။

'ဖိုးကျော် မင်းက လိုက်ပို့မယ်ပြောနေ။ ရှားတောကို ရောက်ဖို့ သဲချောင်းအကျယ်ကြီးကို ဖြတ်ရမှာ။ အဲဒီသဲချောင်းက ဆိုင်ကယ်စီးလို့မရဘူး။ ဆိုင်ကယ်တွေကို ချောင်းဒီဘက်မှာ ထာ ခဲ့ပြီး ခြေလျင်လျှောက်သွားရမှာ အစ်မ တအား ပင်ပန်းမယ်'

'ညီမ့ မိုးချုပ်မယ်နော်။ နောက်ပြီး အဲဒီရွာက ဟို တရားခံ ပြေး ခိုကပ်သွားတဲ့ လက်ပံစုနဲ့ တစ်ဆက်တည်း ကပ်လျက်ရွာ'



မေ့ထားမည်ကြံရွယ်သော မုဒိမ်းလူသတ်သမားကို သူ ဖော်ပေးလိုက်တော့မှပဲ ပြန်သတိရကာ ရင်ထဲမှာ လေးပင်သွား တော့သည်။

'ညီမ သွားချင်တဲ့ဆန္ဒရှိနေရင်တော့ သွား။ ကျွန်တော်တို့ လိုက်ခဲ့ပါမယ်။ ဒါပေမဲ့ စဉ်းစားပါဦးလား'

မြဝန်းရံ တွန့်ဆုတ်သွားချိန်တွင် စန်းကိုက ပြောပြန်၏။

'ရွာကဆင်းရဲတယ်ဗျ။ အရင်တုန်းကတော့ ရွာနီးချုပ်စပ် ရှားပင်တွေရှိတယ်။ ထင်းခုတ်ရောင်းကြလို့ စီးပွားရေး မဆိုး ရှားသားက ထင်းထဲမှာ ပထမတန်းပဲ။ မီး တအား တောက် ယ်လေ။ အခုတော့ ရှားတောဆိုတာ နာမည်ပဲ ကျန်တော့တယ်'

စန်းကိုက သူသိသော ရှားတောရွာအကြောင်း အရိုးခံ က်နှာဖြင့် ရှင်းပြသည်။ မြဝန်းရံ လက်လျှော့လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၄)

### ကိုယ့်အနီးအနားတွင်ပင် ဆိုးယုတ်မှုတွေက ရှိနေကြသည်။ ဒီဂရီအနိမ့်အမြင့် သာကွာလေသည်။

ညနေ၄နာရီနေ၏အပူအောက်မှာ ကန္တာရပင်တန်း ဘေးက ကွင်းပြင်ကြီးသည် မှုန့်ညက်နေသည့် မြေနီမှုန့်တွေ တထောင်းထောင်းထလျက် ခြောက်သွေ့နေသည်။ ဆိုင်ကယ်ဘီးရာတွေ အစင်းလိုက် အစင်းလိုက် တစ်ခုနှင့်တစ်ခု ရောယှက်ဝိုက်လျက်ရှိသည်မို့ ဆိုင်ကယ်တွေ ဒီမြေကြီးပေါ်မှာ အခေါက်ခေါက် အခါခါ ဝင်လိုက်ထွက်လိုက် ခရီးနှင်ပြီးပြီဆိုတာ ထင်ရှားသည်။ မကြာသေးခင်ကမှ အရေးပေါ်ဝါးတဲလေး ခိုင်ခိုင်ဆောက်လျက် ကြီးကြပ်နေရသော ရှေးဟောင်းသုတေသနဌာနကို တွေ့ရသည်။

'ညီမသွားမေးလေ ကျွန်တော်တို့ ဒီနားကနေ စောင့်မယ်။ အသိမရှိခဲ့ရင် ကျွန်တော်တည်းမဲ့ ရုပ်စုံကျောင်းမှာ လိုက်တည်းမလား။ ဘုန်းကြီးကို လျှောက်ကြတာပေါ့'

အို မတည်းချင်ပါဘူး။

မြဝန်းရံသည် ခရီးသွားလျှင် တစ်ယောက်တည်းသွားချင်သည်။ အဖော်မလိုချင်။ အထူးသဖြင့် မိမိနှင့်အတွေးအခေါ် မတူသည့် စိတ်ဝင်စားရာမတူသည့်အဖော်ကို အဖော်အဖြစ် မယူဆဘဲ အနှောင့်အယှက်အဖြစ် ယူဆသည်။ အခု ပြည်မိုးငြိမ်းက မိမိ အတွက် တကယ့်အနှောင့်အယှက်ဖြစ်နေ၏။ အထူးသဖြင့် မိမိရှာဖွေသည့်အရာကို မတွေ့အောင် လိုက်နှောင့်ယှက်နေမည့်သူဟု ယူဆလို့ သူ့ကို ပို့ပြီး မယုံသင်္ကာ ဖြစ်ကာ ခပ်ဝေးဝေးမှာ ရှိစေချင်သည်။

ပြည်မိုးငြိမ်းက ကန္တာရပင်အရိပ်လေး မလုံ့တလုံ့တွင် စန်းကိုတို့နှင့်အတူ ကုတ်ကပ်ခိုလျက် မြဝန်းရံကို စောင့်နေခဲ့သည်။

ကုက္ကိုတန်းရွာသည် လွန်ခဲ့သည့် သုံးလက ရွာသားတစ်ယောက် အမှတ်မထင် စတွေ့ခဲ့သော အိုးကွဲတစ်ခြမ်းကြောင့် ပွဲတော်တမျှစည်ကားသွားခဲ့၏။ အခုအခါ ရှေးဟောင်းသုတေသနဌာန ဝင်လိုက်ပြီမို့ စနစ်တကျ ဖြစ်နေပြီ။

ရှေးဟောင်းသုတေသနအဖွဲ့ဆိုသော်လည်း မိမိနှင့် သိကျွမ်းသူ တစ်ယောက်မှ မပါ။ အလုပ်လုပ်မည့် ကျောင်းသားတွေ သုတေသီတွေ မရောက်လာသေးသောကြောင့်ဖြစ်သည်။ လုပ်ငန်းစဖို့ မူလသတ်မှတ်ထားသည့်ရက်ကို နှစ်ပတ် နောက်ဆုတ်လိုက်ရတာကို မြဝန်းရံသိထားသည်။ နိုင်ငံခြားသားဆရာတွေ ဗီဇာမရသေးလို့ ဖြစ်ပါသည်။ စာရေးအဆင့် စောင့်ကြပ်သူ နှစ်ဦးသာ လောလောဆယ် ရုံးထိုင်လျက် ရှိသည်။

ဖြစ်သလို ကြုံသလို တူးဆွခံထားရသည့် မြေပြင်သည် ချိုင့်ခွက်တွေ ကျင်းတွေဖြစ်နေသည်။ မြေပြင်မှာ ယခုအခါ ဖုံမှုန့်ကလွဲပြီး ဘာမှ မတွေ့ရတော့ပေ။ ရှေးဟောင်းက မထိန်းသိမ်းနိုင်ခင်မှာပင် အိုးကွဲတွေ ပုတီးစေ့တွေ ရှေးဟောင်းလက်ကောက်တွေကို တူးဖော်ပြီး အရောင်းအဝယ်တွေ ဖြစ်ခဲ့ကြပုံပေါ်သည်။ အခုအခါ အနီးအနားရွာတွေမှာ ရှိနေသည့် ပစ္စည်းအကြွင်းအကျန် တချို့ကို ပြန်ရှာသိမ်းယူနေရသည်။ တချို့ပစ္စည်းတွေကတော့ အဝေးသို့ ပါသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေ တွေ့လဲ။ စာရင်းတွေဘာတွေ ပြုစုပြီးသား ရှိမှာ ပေါ့နော် ကျွန်မ ကြည့်လို့ရမလား'

'စာရင်းတွေက ပြည်ကို ယူသွားတယ်မိန်းကလေးရဲ့၊ ကျုပ်တို့က ဒီနယ်ကို သူခိုး လူစိမ်းမဝင်နိုင်အောင် လုံခြုံရေး စောင့် ပေးရုံပဲ။ မိန်းကလေးသိချင်ရင် ပြည်က ရှေးဟောင်းတက္ကသိုလ်ကို သာ လိုက်သွားပေတော့'

မြဝန်းရံသည် ပြည်မိုးငြိမ်းတို့ ရှိရာသို့ ရှုံးနိမ့်သူ မျက်နှာ နှင့် ပြန်လာခဲ့သည်။

မိန်းမသားဖြစ်လို့ ပြည်မိုးငြိမ်းနှင့်အတူ ဘုန်းကြီးကျောင်း မှာတည်းခိုဖို့ ဘယ်လိုမှ အဆင်မပြေ။ ထို့ကြောင့် ပြည်မိုးငြိမ်းတို့နှင့် လမ်းခွဲလိုက်ပြီး စန်းကို၏အသိ အဒေါ်ကြီးအိမ်သို့ လိုက်သွား သည်။ သို့သော် ထိုအိမ်မှာ အခြေအနေက တော်တော်ဆိုးသည်။ အိမ်လေးသေးတာ စုတ်တာက အရေးမကြီး။ ဆင်းရဲတာလည်း အရေးမကြီးပါ။ လူတစ်ယောက်က ညနေတောင် မရောက်ခင် အရက်မူးပြီး အော်ဟစ်သောင်းကျန်း နေပြီ။ အဲဒါ အဒေါ်ကြီး၏ သားမက်ဟု စန်းကိုက ပြောသည်။

နောက်ဆုံးတော့ ပြည်မိုးငြိမ်းသွားရာ ဘုန်းကြီးကျောင်း သို့ လိုက်သွားပြီး ဦးစံအောင် မှာကြားလိုက်သလိုပင် ဘုန်းကြီးအား တည်းခိုအိမ် ညွှန်ပြဖို့ လျှောက်ထားမည်ဟု ဆုံးဖြတ်လိုက်ရသည်။

ကျောင်းကို အဝေးမှ မြင်လိုက်ရလျှင်ပင် မြဝန်းရံ အား တက်သွားသည်။

ရှေးဟောင်း အဆောက်အဦတိုင်းမှာ သမိုင်းဖြစ်ရပ်တွေ ရှိသတဲ့။ မြဝန်းရံ၏မျက်စိအောက်က ရှေးဟောင်းဘုန်းကြီး ကျောင်းမှာ သမိုင်းတစ်ခု ရှိနေမှာ သေချာပါသည်။

ရုပ်စုံကျောင်းတဲ့။



နာမည်နှင့်လိုက်အောင် လက်ရာမြောက်သော ခြေတံ ရှည် ရှေးဟောင်းသစ်သား အဆောက်အဦမှာ သဘာဝသစ်သား ရောင်အတိုင်း ဖြူလျော် အိုဟောင်းစွာ ခမ်းနားလျက်ရှိသည်။ ကျောင်း၏အပေါ်ထပ် ဝရံတာခါးပန်းမှာ ပန်းကနုတ်များ၊ စုလစ် မွန်းချွန်တံကဲများဖြင့် အဆင့်ဆင့်အထပ်ထပ် တည်ဆောက်ထား သည်။ ခါးပန်းလက်ရန်း တစ်ပြင်လုံးက ပန်းကနုတ် သစ်သားပြားကြီး များဖြင့် ဘောင်ခတ်ထားသော ပွတ်လုံးတန်းတစ်ကွက်ချင်းကို ဆက်စပ်ထားခြင်းဖြစ်ပြီး တစ်ကွက်ခြားမှာ သစ်လုံးထွင်းအရုပ်တွေ ဖြင့် အလှခြယ်ထားသေးသည်။ သစ်လုံးထွင်းလူရုပ်များမှာ တချို့ ပျက်နေပြီး အများစုက ရုပ်လုံးကြွအတိုင်း ရှိနေသေးသည်။ သူမ မြင် သလောက်တော့ ရုပ်လုံးတွေမှာ လူရုပ်တွေနှင့်အတူ ညောင်ပင် အတိုင်းနှင့် ညောင်ရွက်ပုံသဏ္ဌာန်ပင် ပါသေးသည်။ ဇာတ်နိပါတ် တော်တွေကို သရုပ်ဖော်ထားခြင်း ဖြစ်နိုင်သည်။

သည်နေရာဝန်းကျင်သည် မိုးခေါင်ပြီး ရေရှားလိမ့်မည်။ ကျောင်းဝန်းထဲကမြက်ပင်တို့သည် အစိမ်းနည်းနည်း၊ အဝါ များ များ။ တောင်နှင့်မြောက် အလျားလိုက် သွယ်တန်းထားသည့် သွပ်ကြိုးတန်းတွင်တော့ အဝါရောင်သင်္ကန်းများကို ကြိုးတန်းပြည့် လှမ်းထားသည်။ ကျောင်း၏နယ်နိမိတ်သည် ဝါးခြမ်းဖြင့် ပြုလုပ် ထားသော ကျိုးတိုးကျဲတဲ ခြံစည်းရိုးအဟောင်းဖြစ်သည်။ အစိမ်း ရောင် နွယ်ပင်တချို့က ခြံစည်းရိုးပေါ် တွယ်တက်နေပြီး စည်းရိုး ထိပ်ဖျားမှ အောက်သို့ ပြန်ပြီး တွဲလွဲကျနေသည်။

ကျောင်းဝန်း၏ခေါင်းရင်းထောင့် ငှက်ပျောပင်အုပ်အနီး တွင် နှစ်ကာလကြာမြင့်သော ရေတွင်းအိုတစ်ခု ရှိသည်။ လူ့ ခါး လောက် မြင့်သော အုတ်သမံတလင်းဘောင်က ပွတ်တိုက်ပါများ သဖြင့် ညိုဝါလျက် ပြောင်လက်နေသည်။ အောက်ခြေကလည်း

www.burmeseclassic.com

www.burmeseclassic.com



သမံတလင်းချော ပတ်လည်ခင်းထားပြီး ဘေးတစ်ဖက်တစ်ချက် အုတ်တိုင်နှစ်တိုင်ဖြင့် သစ်သားတန်းပစ်ကာ သစ်သား၏သံချိတ်တွင် စက်သီးကို ချိတ်ဆွဲထားသည်။

အံ့သြစရာ။ ရေတွင်းမှာ ရေငင်နေသူက ပြည်မိုးငြိမ်း ဘေးကနေ ပြည်မိုးငြိမ်းလက်ထဲမှ ရေပုံးကြိုးကို ဆွဲလုယူနေသူက ဖိုးကျော်။ သူတို့နှစ်ယောက်ကို ကျောင်းသားလေးတစ်ယောက်က ရယ်ပြီး ကြည့်နေသည်။ ဆိုင်ကယ်သံကို ကြားတော့ ရေတွင်းမှာ ရေပုံးလုနေသည့် ထိုနှစ်ယောက် လှည့်ကြည့်သည်။

'ဟော။ မြဝန်းရံ'

ပြည်မိုးငြိမ်း တအံ့တသြ ပြုံးလိုက်တာကို သူမ မြင်ရ၏။ ထိုအပြုံးမှာ ဝမ်းသာပြုံးဖြစ်သည်ဟု သတိပြုလိုက်မိ၏။

'သွားသွား ဖိုးကျော် ဆရာမကို ဘုန်းကြီးဆီခေါ်သွား'

ဖိုးကျော်က မြဝန်းရံတို့ဆီသို့ အပြေးရောက်လာသည်။

'လာအစ်မ ဘုန်းကြီးက သိပ်သဘောကောင်းတယ်။ ရှေးဟောင်းပစ္စည်းကိုလည်း အရမ်းတန်ဖိုးထားတာတဲ့။ အစ်မနဲ့ သိပ်ကိုက်တာပဲ။ အခုပဲ ကျွန်တော်တို့ ပြောနေတာ'

လှေခါးထစ်တွေက တစ်လက်မထု တစ်ပေပျဉ်ကို ခင်းထားခြင်းဖြစ်သဖြင့် မြဝန်းရံတို့တက်သည့်အခါ အနည်းငယ်မျှပင် မလှုပ်မယိမ်းပေ။ ဒီကျောင်းကြီးဟာ ရှေးဟောင်းပစ္စည်းတန်ဖိုးနဲ့ သစ်သားတန်ဖိုးပေါင်းလိုက်ရင် တော်တော်တန်မှာဟု တွေးမိ၏။

အသက်ခြောက်ဆယ်ခန့်ရှိမည့်ဘုန်းကြီးသည် မြဝန်းရံတို့အား ကရုဏာသက်စွာ ဆီးကြိုသည်။

ခေါင်းရင်းဘုရားခန်း ကျောက်စီပလ္လင်ပေါ်၌ မတ်ရပ် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ စံမြန်းနေသည်။ လေးပေခန့် မြင့်နိုင်သော ထိုရုပ်ပွားတော်၏ကိုယ်ပေါ်ကရွှေမှာ မှိန်လွင့်နေပြီ။ သို့သော်



ရွှေရောင်အိုအိုက ရွှေဆိုင်းအစစ်မှန်း သိသာသည်။ တည်ငြိမ်သော ရွှေရောင်ဖြစ်သည်။

ဘုရားခန်း၏ရှေ့နား ဘေးဘက်ကျကျတွင် သက်န်း ချောင်လိုက်ကာဖြင့် ကာထားသော ကျက်သရေခန်းထဲ၌ ပစ္စည်း ဟောင်းအမြင်းများ စီရိပုံထပ်ထားသည်ကို မြင်ရသည်။ သစ်လုံး ထွင်းရုပ်ပွားတော်များ၊ ဆင်စွယ် ကနုတ်ပန်းလက်ရာ သေတ္တာလေး များ၊ ယွန်းဆွမ်းအုပ်ကြီးနှစ်ခု၊ သုံးချောင်းထောက်သစ်သား ဆင်ပန်းကြီးတစ်ခု၊ လူ၏ခါးလောက်အရွယ်ရှိ ရှေးခေတ် ကြွေပန်း အိုးကြီးတစ်ခု၊ အပြင်အဆောင် ခါးပန်းမှ ပြုတ်ကျထားဟန်ရှိသော ခံသေးသေး သစ်လုံးထွင်း ရုပ်လုံးအစုံများ။

သင်ဖြူးဖျာပေါ်မှာ ထိုင်မိသည်နှင့် ဘုရားကို အရင် ကန်တော့ပြီးနောက် ဘုန်းကြီးကို ဦးသုံးကြိမ် ဝတ်ချလိုက်သည်။

'တပည့်တော် ရန်ကုန်ကလာတဲ့ဧည့်သည်ပါဘုရား။ ဒီရွာ မှာ အသိအကျွမ်း မရှိပါဘူး။ တပည့်တော် တစ်ညတာတည်းဖို့ အဆင်ပြေမယ့် လုံခြုံစိတ်ချရတဲ့နေရာတစ်နေရာကို ညွှန်ပြပေးပါ ဘုရား'

'အေး အေး'

'ဘယ်မှာ ချရမလဲဘုရာ့'

ပြည်မိုးငြိမ်း၏အသံ။ သူမ လှည့်ကြည့်လိုက်တော့ ရေ အပြည့်နှင့် ရေပုံးကို ဆွဲလာသော ပြည်မိုးငြိမ်း။

စန်းကိုနှင့်ဖိုးကျော်က ပြည်မိုးငြိမ်းဆီမှ ရေပုံးကို လုဖို့ တမန်းကတန်း ထသွားကြပြန်သည်။

'အေးအေး ကပြင်မှာ ချလိုက်ကွဲ့'

ကပြင်ဆိုသည်မှာ အပေါ်ထပ်ပင်မကျောင်းဆောင်ကြီး ၏နောက်ဘက်မှာ အပြင်သို့ထုတ်ထားသော ဝရံတာကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခြင်း ဖြစ်သည်။ ကျောင်းက ရှေ့နောက် တိုးလျှိုပေါက် မြင်ရ သည့် ခန်းမကျယ်ကြီး ဖြစ်လေသည်။ နောက်ဘက် ဝရံတာ လက်ရန်းကတော့ ရှေ့လောက် မခမ်းနားဘဲ သစ်သားပွတ်လုံးတွေ ချည်း ဖြစ်သည်။ စားပွဲဝိုင်းအပုပေါ်မှာ သပိတ်တွေကို သပ်သပ် ရပ်ရပ် မှောက်ထား၏။

ခဏအတွင်း ပြည်မိုးငြိမ်းပါ ရောက်လာသည်။ သူက ဘုန်းကြီးအတွက်တဲ့။ အားဆေးအဖြစ် အဝါရောင်ဘူးရှည်လေး အစိမ်းရောင်ဘူးရှည်လေးနှင့် ဆေးကတ်လေးများကို အိတ်ထဲမှ ထုတ်ယူပြီး လှူ၏။

'ဒါက ရေဆူ အားဆေးတွေပါဘုရား။ ဖန်ခွက်ထဲကို ရေ ထည့်ပြီး ဆေးပြားလေးကို ရေထဲ...'

'ကျုပ်သောက်ဖူးပါတယ် တကာလေးရဲ့'

ပြည်မိုးငြိမ်း အိုးတိုးအမ်းတမ်းဖြစ်သွားပြီး ပြုံးလိုက်၏။ ဘုန်းကြီးက အသံထွက်ရယ်တော့မှ မြဝန်းရံတို့အုပ်စု နှစ်ခြိုက်စွာ ရယ်မောမိကြသည်။

အဲ။ ပြည်မိုးငြိမ်းက လှူတယ်ဆိုတော့ မိမိကလည်း လှူမှ ကောင်းမှာပေါ့။ ဘာလှူရမလဲ။ မြဝန်းရံမှာ အိမ်သုံးဆေး အနည်း ငယ်တော့ ပါလာသည်။ အဲဒါတွေကို ဘယ် လှူလို့ကောင်းမလဲ။ အားဆေးမှ မဟုတ်တာ။ ငွေပဲ လှူလိုက်ရမလား။ ငွေသုံးထောင် ကျပ်ကိုထည့်လှူဖို့ စာအိတ်လည်း မပါလာ။ ပြည်မိုးငြိမ်းကိုသာ တိုးတိုးမေးရသည်။ သူက လိုတရ သူ့အိတ်ထဲသို့ လက်နှိုက်ပြီး ပြန်ထုတ်လိုက်သည့်အခါ စာအိတ် ထွက်လာသည်။ မြဝန်းရံ စိတ် သက်သာစွာ ပြုံးရယ်မိသွား၏။

စန်းကိုနှင့်ဖိုးကျော်မပြန်မီ ဘုန်းကြီးက သူတို့အုပ်စု၏ အလှူဒါနကို အမှုဝေဖို့ တရားစာရွတ်ဆိုပြီး လိုက်ဆိုခိုင်းသည်။



'အရှင်ဘုရား။ တပည့်တော် တပည့်တော်မတို့သည် သံဃာတော်အရှင်မြတ်တို့အား ရည်စူး၍ ဆေးဝါး၊ အစရှိသော လှူဖွယ်ပစ္စည်းများနှင့်တကွ နဝကမ္မအလှူငွေ သုံးထောင်ကျပ် တိတိကို ဆက်ကပ်လှူဒါန်းပါ၏အရှင်ဘုရား။ ထိုသို့ ဆက်ကပ် လှူဒါန်းသည့် ဒါနကုသိုလ်၊ ဆောက်တည်ရသော သီလကုသိုလ်၊ ပွားများရသော ဘာဝနာကုသိုလ်တို့ကြောင့်'

ဘုန်းကြီးသည် သူတို့၏ကုသိုလ်ကိုမျှဝေဖို့ ရှိရှိသမျှသော နတ်ဒေဝတာတွေကို တိုင်တည်ကာ ရှည်လျားစွာ အမျှဝေ သာဓု ခေါ်သည်။

'ကုက္ကိုတန်းရွာတွေက ဆင်းရဲတယ်။ မြေကလည်း မကောင်းတော့ဘူး။ လယ်မရှိ ယာမရှိ။ တောထဲထင်းခုတ်တာက လွဲလို့ ဘာမှမရှိဘူး။ ပျံကျအလုပ်တွေ လုပ်ရတယ်။ ယောကျ်ား တော်တော်များများက မြို့ကြီးတွေမှာ ဆောက်လုပ်ရေးမှာ လုပ်ကြ တယ်။ မိန်းမတွေကတော့ မရှိရှိတာ ခြိုးခြံချွေတာပြီး ကလေးတွေနဲ့ နေရတာပေါ့။ တချို့တော့လည်း အဆက်အသွယ်တွေရှာပြီး မလေးရှားကို အလုပ်သွားလုပ်ကြတယ်'

ဘုန်းကြီးက သူ့ဘေးပတ်လည်က ရွာတွေအကြောင်းကို အရိပ်အမြွက် ပြောပြသည်။

'ဒါကြောင့် ကျုပ်က အတန်းကျောင်းမထားနိုင်တဲ့ ကလေးတွေကို စာသင်ပေးတယ်။ ဆန်ပြုတ်လည်း တိုက်တယ်'

'ဆွမ်းကွမ်းရော လုံလောက်ပါရဲ့လားဘုရား'

ပြည်မိုးငြိမ်းက မေးတော့ မြဝန်းရံ သူ့ကို ခပ်ချဉ်ချဉ် ပြုံး ကြည့်မိသည်။ ဘာလဲ ဆွမ်းမလုံလောက်ရင် လှူမှာလား။

'လုံလောက်ပါတယ်။ ဆွမ်းခံကြတယ်လေ။ ဒကာဒကာမ တွေကသဒ္ဓါတရားထက်သန်ကြတယ်။ မရှိရှိတာ လောင်းကြတယ်'

www.burmeseclassic.com

www.burmeseclassic.com



မြဝန်းရံ နံနက်မိုးလင်းလျှင် ရွာမှ ထွက်ဖို့ ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်သည်။ တည်းခိုမည့် အိမ်ရှင်က နံနက်စာကို ဧည့်ဝတ်ပြုနေလျှင် မခက်ပါလား။

'ဒကာတို့ ခန့်မှန်းမိမှာပေ့ါ။ ကျုပ်ကျောင်းမှာရှိတဲ့ ပစ္စည်းတွေက ရှေးဟောင်းပစ္စည်းတွေ။ တန်ဖိုးမနည်းပါဘူး'

ဘုန်းတော်ကြီးတွေ သူတို့ပစ္စည်းတွေကို အရှိအတိုင်း တန်ဖိုးဖြတ် ကာကွယ်တတ်ဖို့ လိုအပ်နေသည်။ ယခုဘုန်းကြီးသည် တန်ဖိုးကို သိတတ်သူဖြစ်သည်။ တောမှာနေပြီး မြို့ကလူတွေ အချဉ်လုပ်သမျှ ခံနေမည့်ဘုန်းကြီးတော့ မဟုတ်ဘူးဟု သူမ စိတ်သက်သာစွာ ပြုံးမိသည်။

'ဒီထဲမှာ ရောင်းမယ်ဆို ငွေအများကြီးရမဲ့ အဖိုးတန်ရှေးဟောင်းပစ္စည်းတွေ အများကြီးပါ။ တလောကပဲ ရှေးဟောင်းသချိုင်းတွေ့သွားလို့။ တစ်ဆက်တည်း ဒီထိရောက်လာကြတဲ့ လူတွေ မနည်းပါဘူး။ ပြောရဦးမယ် အဲဒီ ရှေးဟောင်းသချိုင်းကို ဘယ်သူ့ကြောင့်တွေ့သွားတယ်မှတ်လဲ။ ကျုပ်အစ်ကိုဗျ။ ပထမဆုံး စတွေ့တာ ကျုပ်အစ်ကို'

ဘုန်းကြီးက ကျေနပ်စွာ မျက်လုံးတွေ တောက်ပနေ၏။

'အခု ကျုပ်ဆီက ပစ္စည်းတွေ လာလာဝယ်ကြတယ်။ တိုင်ကပ်နာရီတစ်လုံးကိုပဲ နှစ်သိန်းလာပေးတဲ့သူ ရှိတယ်ဗျား။ အံ့ရော။ ဒါတွေကို ရောင်းရင် ကျုပ်ကလေးတွေအတွက် စာသင်စရိတ် လုံလောက်မှာပေ့ါ။ ဒါပေမဲ့ ကျုပ် မရောင်းခဲ့ပါဘူး။ ဆရာတော် မြတ်မြတ်နိုးနိုးထိန်းသိမ်းခဲ့တဲ့ ပစ္စည်းတွေ ကျုပ် ဆက် ထိန်းသိမ်းရမယ် မဟုတ်ဘူးလား'

'မှန်ပါ့ဘုရား ဒါမျိုးက တကယ့်ကျဉ်းထဲကျပ်ထဲ ရောက်နေတဲ့ ပြဿနာပဲပေ့ါ။ တစ်ဖက်မှာလည်း ရှေးဟောင်းအမွေအနှစ်



...ထိန်းသိမ်းဖို့ ဝတ္တရား၊ တစ်ဖက်မှာလည်း မရှိဆင်းရဲတဲ့ ကလေး...တို့ ပညာတတ်အောင်သင်ပေးဖို့ လိုအပ်တဲ့ ငွေကြေးပမာဏ။ ...မျိုးရဲ့ကြားမှာ ဆရာတော်ရွေးရခက်နေတာ တပည့်တော်တို့ ...သောပေါက်ပါတယ်ဘုရား'

ပြည်မိုးငြိမ်းက စိတ်ရှည်လက်ရှည် ထောက်ခံသည်။

'အေးဗျ။ ဒကာလေးပြောတာနဲ့ ဘုန်းကြီးဖြစ်နေတာနဲ့ ...တ်တိပါပဲလား'

ဘုန်းကြီးက အားရပါးရ ရယ်မောသည်။

'တပည့်တော်တို့ ကူညီပါမယ်ဘုရား။ တပည့်တော်ရဲ့ ...မတစ်ယောက်က လူမှုရေးတွေ ဘာသာရေးတွေ လုပ်တယ်။ ...မှာ မိတ်ဆွေတွေ ရှိပါတယ်။ ကူညီချင်လို့ ဘယ်ကို ကူညီရမလဲ ...ရှာနေတဲ့သူတွေလည်း ရှိပါတယ်။ အဲဒီလူတွေနဲ့ ဆရာတော် ...တ်မိရင်အဆင်ပြေမှာပါ။ တပည့်တော်အစ်မကို မေးပေးပါမယ်'

'ကောင်းပါလေ့ ဒကာလေးရယ်။ အေးအေး မိုးမချုပ်ခင် ...ာမလေးကို တည်းခိုဖို့နေရာ စီစဉ်ပေးရမှာပေ့ါ။ ကျောက်ခဲ ...တောက်ရကို သွားခေါ်လိုက်စမ်း။ ကျောင်းနောက်ဖေးမှာ တူးဆွ ...ငါ မြင်ခဲ့တယ်'

အနားက ယောင်ပေပေလုပ်နေသော ကျောင်းသားငယ် ...လေး လှစ်ခနဲ ကျောင်းအောက်သို့ အပြေးဆင်းသွားသည်။

'ပြောရဦးမယ်။ ဒကာလေးတို့ စိတ်ဝင်စားမှာပဲ။ အဲဒီ ...ကောက်ရဆိုတာ ကျုပ်အစ်ကိုလေ။ ဟိုတူးဒီတူး သူက ဝါသနာ ...ပါတယ်။ သချိုင်းကို သူ့ကြောင့်တွေ့တာဗျား။ သူ့အဖြစ်က ...ဆန်းတယ်။ ကျုပ်ရဲ့အစ်ကိုအရင်းမဟုတ်ဘူး။ သူ့ကို ကျုပ်မိဘ...တွေက ကောက်ရသလိုတွေ့လို့ ဒီနာမည်ပေးထားတာ။ သူ့ မ...င် ကျုပ်ပြောပြမယ်။ သူက စကားမပြောတတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသည်ဆိုသော ကောက်ရ၏ ဇာတ်ကြောင်း ဘုန်းကြီးက တိုတိုတုတ်တုတ် ရှင်းပြသည်။

'အမေက အဲဒီနေ့က ဖရဲခင်းထဲသွားတာ။ ဖရဲခင်းထဲ ၃နှစ်အရွယ်ကလေးလေးတစ်ယောက် ဖရဲသီးကြီးဖက်ပြီး အိ ပျော်နေတာတွေ့ရော။ အနီးအနားမှာလဲ အဖော်မိဘမပါ။ အဝ အစားဆိုလို့ အကျႌပဲပါတယ်။ ဝတ်လာတဲ့အကျႌကလည်း စုတ် လို့၊ သွေးတွေကလည်း ဟိုတစ်ကွက်ဒီတစ်ကွက် စွန်းနေသေ တယ်။ အမေက သနားလို့ ပွေ့ချီလိုက်တော့ အမေ့ကို ဖက် ငိုလိုက်တာ။ သူ့တစ်ကိုယ်လုံးလည်း တုန်နေတာပဲတဲ့။ ကြော လွန်းလို့ပေါ့။ အဲဒီကတည်းက အမေက ကောက်ရလို့ နာမည် ပြီးမွေးထားလိုက်တာ။ အမေက သူ့ကို သိပ်ချစ်တယ်။ သူ ရော ပြီးတစ်နှစ်လောက်ကြာမှ ကျုပ်ကို မွေးတာ။ သူက ကျုပ် ငယ်ငယ်ကလေးတည်းက ထိန်းကျောင်းလာခဲ့တာပေါ့'

ကျောင်းပေါ်သို့ ကျောင်းသားလေးနှင့်အတူ အသ ခြောက်ဆယ်အရွယ် လူကြီးတစ်ယောက် ပါလာသည်။ အဘိုး က အသားညိုညို၊ ပိန်ပိန်ပါးပါး။ ဝမ်းနည်းဟန်မျက်လုံးတွေ ဘယ်သူ့ကိုမှ မကြည့် ဘုန်းကြီးကိုပဲ မမှိတ်မသုံ ကြည့်နေသည်

'ဒကာကြီးရေ'

ဘုန်းကြီးက ဦးကောက်ရအား လှမ်းပြောသည်။

'ဒီက မိန်းကလေးက ရွာမှာ အသိမရှိလို့ တည်းဖို့အိ ရှာနေတာ။ ဒကာမကြီး မသိန်းတင်ကို သွားခေါ်လာခဲ့ပါ'

ဦးကောက်ရက ခေါင်းတစ်ချက်ညိတ်ပြီး မိန်းကလေ ဆိုသည့် အရာကိုပင် လှည့်မကြည့်ဘဲ ချက်ချင်း ထွက်သွားသည်

'အော် သူက စကားမပြောတတ်ပေမဲ့ နားကြားတယ် နော်။ နားလည်း လည်တယ်ပေါ့'



မြဝန်းရံမေးမိသည်။

'နားကြားတယ်။ နားလည်းလည်တယ်။ ပြန်သာမပြော တာ။ အမေပြောတာတော့ သူ ရောက်လာတဲ့ကာလ ပတ်ဝန်း ကျင်တုန်းက မီးရှို့ခံရလို့ ရွာလုံးကျွတ်သေကုန်တာ ကုက္ကိုတန်းနဲ့ မဝေးဘူးတဲ့။ အဲဒီကနေ ခြေဦးတည့်ရာ ထွက်ပြေးရင်း အမေ့ ရဲခင်းထဲ ရောက်လာတာ ဖြစ်ရမယ်ဗျ။ အဲဒါကို သိလို့ အမေက လေးကို အန္တရာယ်ပြုမဲ့လူတွေတွေ့မှာစိုးလို့ အိမ်ပြင် မထွက်ရ အောင် ဖွက်ထားခဲ့တာ တစ်နှစ်လောက်'

မြဝန်းရံ အမှတ်မထင် ပြည်မိုးငြိမ်းအား ကြည့်မိ၏။ ပြည် ငြိမ်းက မိမိအားမကြည့်ပါ။ ဘုန်းကြီးအား ငေးကြည့်နေသည်။

'မီးရှို့ခံရတဲ့ရွာက ဘာရွာတဲ့လဲ ဘုန်းဘုန်း'

'အမေပြောဖူးတာပါ၊ ကျုပ်တော့ နာမည်မသိဘူး'

'ဘုန်းဘုန်းရဲ့အမေ အခု ရှိသေးလားဘုရား'

စိတ်လောတကြီး ကမန်းကတန်းမေးမိ၏။

'ရှိတယ် မယ်တော်က အသက် ၉၈နှစ်ရှိပြီ'

'ဒါဖြင့် အမေနဲ့ တွေ့ပြီး မေးကြည့်ချင်ပါတယ်'

'ဒကာမလေးက စိတ်ဝင်စားလို့လား'

'မှန်ပါဘုရား တပည့်တော်က စာလည်းရေးပါတယ်'

'အို ကောင်းတာပေါ့။ ရေးပါ ရေးပါ။ ဒါပေမဲ့ အမေက အသက်ကြီးတော့ သတိတွေ တော်တော်မေ့နေပြီ။ ကျုပ်ကိုတောင် တစ်ခါတစ်ခါ မမှတ်မိဘူး'

'အို ဒါပေမဲ့ တွေ့ပြီး မေးတော့မေးကြည့်ပါရစေ။ တပည့် တော်ကို လမ်းညွှန်ပါဘုရား'

'တွေ့ရမှာပေါ့။ အခုလည်း ဒကာမလေးကို အမေ့အိမ် ကို ပို့မှာပါပဲ။ မသိန်းတင်က ကျုပ်ညီမလေး။ သူလာခေါ်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ပြည်မိုးငြိမ်းက မြဝန်းရံတို့ ပြောနေသည့် စကားတို့ကို စိတ်ဝင်စားစွာ နားထောင်နေသော်လည်း ထင်မြင်ချက် တစ်ခု တလေမှ မပေး။ အလောင်းအစားကိစ္စက သူ့ကို နည်းနည်းမှ စိတ်အနှောင့်အယှက်မပေးသလိုပဲ။ သူ သေချာပေါက် နိုင်မှာပဲလို့ တွက်ထားလို့လား။ သို့မဟုတ် မြဝန်းရံကို လက်မထပ်ရလည်း အရေးမကြီးဘူး၊ မခံချင်စိတ်ဖြင့် အနိုင်ရအောင် ပြောခဲ့ရုံလား။ သို့မဟုတ် အလောင်းအစားလုပ်ခဲ့သည့်စကားကိုပင် သူ မေ့နေခဲ့တာလား။

ဘုန်းကြီးညီမ ရောက်လာတော့ ဘုန်းကြီးက မြဝန်းရံတို့ကို မိတ်ဆက်ပေးသည်။

'ဒီဒကာလေးအတွက်လည်း ညစာ စီစဉ်ပေးပါဦး ဒကာမကြီး'

'တင်ပါ့ဘုရား'

'ဟာ ဆရာတော် မလိုပါဘူးဘုရား။ တပည့်တော်မှာ မုန့်အခြောက်တွေပါတယ်။ ကျောက်ခဲတို့ဆီက ထမင်းကျန်တွေကိုလည်း ကြည့်ထားပြီးသား။ ဒေါ်ဒေါ် ဒုက္ခမရှာပါနဲ့ နော်'

ဘုန်းကြီးညီမနောက်သို့ လိုက်လာချိန်မှာ သူက မြဝန်းရံ၏အိတ်ကိုဆွဲလျက် ကျောင်းအောက်ထိ လိုက်ပို့ပေးသည်။

'ကျွန်တော် ဒီရွာမှာ မနက်ဖြန်တစ်ရက်လုံး ရှိမယ် သန်ဘက်ခါမနက်ကျမှ ခရီးဆက်မှာ။ မြဝန်းရံ အကူအညီလိုရင် ကျွန်တော့်ကို အားမနာပါနဲ့' ဟု ပြောသည်။

'ကျေးဇူးတင်ပါတယ်'

တိုတိုပြတ်ပြတ်ပဲ ပြောပြီး လှည့်ထွက်ခဲ့သည်။

'မြဝန်းရံ'

သူ လှမ်းခေါ်၏။ ကျောပိုးအိတ်ကို ကျောမှာ နေသားတကျဖြစ်အောင် ပြင်လွယ်ရင်း နောက်လှည့်ကြည့်လိုက်ရသည်။



'မနက်ဖြန် မပြန်နဲ့ဦးလေ။ မနက်ဖြန်ဘတ်စ်ကား မရှိဘူး။ သန်ဘက်ခါကျမှ အတူတူ ခရီးဆက်ရအောင်လား'

အတူတူ။ ဟင့်အင်း ဘယ်ဖြစ်မလဲ။

'ကျွန်မ မနက်ဖြန်သွားမှ ဖြစ်မယ်'

တစ်ရက်စောပြီး ခြေလျင်သွားရမှာမို့ ပင်ပန်းမှာကို သိပါသည်။ သို့သော် ပင်ပန်းသည့်ဒဏ်ကို ခံနိုင်ပါ၏။ အနားမှာ ယောကျ်ားတစ်ယောက်ပါနေလျှင် အထူးသဖြင့် ထိုယောကျ်ားက အဓိပ္ပါယ်မရှိသည့် အလောင်းအစားကြီးတစ်ခုကို နှုတ်ကနေ ပြောထွက်ထားခဲ့သူဖြစ်လျှင် ထိုသူနှင့် လုံးဝအတူမသွားချင်။

မြဝန်းရံ သူ့ကို လုံးဝ ပြန်လှည့်မကြည့်တော့ဘဲ ခပ်သွက်သွက် လမ်းလျှောက်လာခဲ့သည်။

ဘုန်းကြီးအမေ၏အိမ်သည် ပျဉ်ထောင်သွပ်မိုးအိမ်၊ သို့သော် အတော်ပင် ဟောင်းနွမ်းနေပြီ။ နှစ်ကာလကြာခဲ့သော အချိန်နေရာတွင် သံချေးရောင် ဖြစ်နေပြီ။ ပျဉ်အကာတွေကလည်း ဆေးချေးမသုတ်တာကြာလို့ ဖြူဖတ်ဖြူလျော်၊ အိမ်တံခါးမှာ ပျဉ်တစ်ချပ်က ပြုတ်ထွက်နေသည်။ တောသစ်ဖြင့် လုပ်ထားသော လှေခါးက တစ်ထစ်နှင့်တစ်ထစ် အလှမ်းဝေးသည်။ အသက်ကိုးဆယ့်ရှစ်နှစ် အဘွားကြီး ဒီလှေခါးကို ဘယ်လိုဆင်းတက်မလဲ။

အဘွားကိုတွေ့သည့်အခါ လှေကားတက်ဖို့ ဆင်းဖို့ မဆိုထားနှင့် အိပ်ရာပေါ်ကတောင် သူ့ဟာသူ မထနိုင်တော့ပြီကို မြင်ရသည်။ အဘွားသည် နေထိမခံရသည့် အသားအရေဖြင့် ဖြူဖျော့ဖျော့။ ပိန်ပိန်ပါးပါး။ ပါးရေတွေက တွန့်နေပြီ။ နားကတော့ ကောင်းသည်။ စကားပြောလျှင် မပီ။ လေဖြတ်ထားသဖြင့် စကားလုံး မသဲကွဲတော့ပေ။ 'ရန်ကုန်ကဧည့်သည်' ဟုပြောတော့ အေးအေးတဲ့။ 'ဘွားဘွား ရန်ကုန်ကို ရောက်ဖူးလား' ဟု မေးတော့

www.burmeseclassic.com

www.burmeseclassic.com



အဘွားက သူ့သမီးကို မော့ကြည့်သည်။ သူ့သမီးက 'အမေ မရောက်ဖူးဘူးလေ' ဟု ပြောတော့ မြဝန်းရံအား ပြုံးကြည့်ကာ 'မရောက်ဖူးဘူး'ဟု ဖြေလေသည်။

အဘွားအခန်းက ကျဉ်းသည်။ မှောင်သည်။ မျက်နှာ ကျက်နှင့်ကပ်နေသော ကြက်တူရွေးကွက် ကပ်လေးမှ လေဝင် ပေါက်လေးများကို စက္ကူဖြင့် ကပ်ပြီး ပိတ်ထားသေး၏။ ရှိသည့် ပြတင်းပေါက်ကိုလည်း ပိတ်ထားလိုက်သေးသည်။ အခန်းက လေဝင်လေထွက် သိပ်မကောင်းတော့ သေးနံ့က အခန်းထဲမှာ ကြွင်းကျန် ပျံ့နေဆဲ။ ပရုပ်လုံးနံ့နှင့် ကရမက်နံ့တွဲနေတော့ နည်း နည်းသက်သာပါသည်။ ခြင်ထောင်ကို ဖြုတ်မထားဘဲ ခြင်ထောင်စ ကို အမိုးပေါ် တင်ရုံ တင်ထားသည်။ စောင်ခေါက်တွေကတော့ ခပ်သန့်သန့်ပါပဲ။

အသက်ကိုးဆယ်ကျော် အဘွားအိုတစ်ယောက်ကို အခု လို နီးနီးကပ်ကပ် တစ်ခါမှ စကားမပြောဖူးသည့် မြဝန်းရံသည် အဘွားဆီမှ မိမိသိချင်သောစကားကို ဘယ်လို နှိုက်ထုတ်ယူရပါ့ မလဲဟု ဦးနှောက်ခြောက်လာသည်။

အဘွား၏မျက်လုံးများသည် ကလေးငယ်တစ်ယောက် ၏မျက်လုံးများလိုပင် ဖြူစင်ပြီး ရှင်းလင်းနေသည်။ ဘာအရိပ် အယောင်မှ မရှိ။ ဒေါသမရှိ။ လောဘမရှိ။ မာန်မရှိ။ မကျေနပ်တာ မရှိ။ စိုးရိမ်ပူပန်တာမရှိ။ ဘာဆိုဘာမှ မရှိ။ လောကကြီးကို သန့်စင်စွာ ကြည့်ပြီး အရာရာကို နားမလည်နိုင်ဘဲ အထူးအဆန်း ဖြစ်ကာ သဘောကျနေသလို ရှိသည်။

'မီးရှို့ခံရတယ်ဆိုတဲ့ ဦးကောက်ရရဲ့ရွာလေးကို အဘွား မှတ်မိသေးလား'



မြဝန်းရံ၏မေးခွန်းကိုပင် ဘာမှန်းမသိ။ နားမလည်စွာ ပြုံး လျက် သူ့သမီးကို အားကိုးတကြီးမော့ကြည့်သည်။ သူ့သမီးက ဘာမှမပြောဘဲ သူ့ကိုသာ ပြုံးလျက်ကြည့်နေသည့်အခါ အဘွားက မြဝန်းရံဘက်သို့ လှည့်ကြည့်ပြီး ပြုံးပြန်သည်။ ထို့နောက် စကား တစ်ခွန်းပြောသည်။ မြဝန်းရံ ရေရေရာရာ နားမလည်လိုက်ပါ။ မင်းဟူသောစကားတော့ ပါသည်ထင်သည်။

သမီးက ရယ်လျက် ကျွေးမှာပါအမေ ဟု ဆို၏။

'ဆရာမလေးရေ အမေကတော့ အခုထိ စေတနာသဒ္ဓါ တရားထက်သန်တုန်းပဲ။ ဘယ်သူလာလာ ထမင်းချည်း စားခိုင်း နေတော့တာပဲ။ ကျန်တာတော့ ဘာပြောပြော ဘာမေးမေး မသိ တော့ဘူး'

ဟောတော်။

မြဝန်းရံ စိတ်ဓာတ်ကျသွားသော်လည်း ဟန်ဆောင်ပြီး ပြုံးရယ်လိုက်ရလေသည်။

'ဒေါ်ဒေါ်ရော အဘွားပြောခဲ့တဲ့စကားထဲကနေ မှတ်မိ နေတာလေးတွေများ ရှိလားဟင်'

ဒေါ်ကြီးက ဘာမှ မသိပါ။ ဒေါ်ကြီးသည် ဘုန်းကြီးထက် ဆယ်နှစ်ကျော်ငယ်သည်။ ဘုန်းကြီးသိသလောက်ပင် ဦးကောက် အကြောင်း မသိပါ။

အဘွားခုတင်ခေါင်းရင်း နံရံမှ ကြွက်လှျောက်တန်း ဆင့် လေးပေါ်တွင် ထိုင်လျက်ကိုယ်တော် ဘုရားသေးသေးတစ်ဆူနှင့် ဘေးမှာ ဘုရားပန်းအိုးလေးတစ်ခု တင်ထားသည်။ ပန်းအိုးမှာ မြို့ပန်းအပြာရောင်လား ခရမ်းပြာလားမသိ။ ခပ်နွမ်းနွမ်း။ အစွန်း ထွက်နေသောသံမှာ ကြေးစည်တစ်ခု ချိတ်ထားသည်။ ခုတင်ဘေး နှင့်ကပ်လျက် ထင်းရှူးသေတ္တာလေးပေါ်မှာ စာအုပ်အချို့ တင်ထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ အနှောင့်တွေကို လိုက်ဖတ်ကြည့်တော့ တရားစာအုပ်တွေ ဖြစ်သည်။ ပဋ္ဌာန်းဒေသနာတဲ့။ မိုးကုတ်ဝိပဿနာတဲ့။

မြဝန်းရံ မျှော်လင့်ချက်လေးတစ်ခုဖြင့် အသိဉာဏ် လက်ခနဲ ပွင့်သွားသည်။

'ဒေါ်ဒေါ် ဘွားပြုံး စာတတ်လားဟင်'

'ရွှေခေတ်အင်္ဂလိပ်ကျောင်းမှာ သုံးလေးတန်းတော့ နေခဲ့တယ်။ ကောင်းကောင်း ဖတ်တတ်တယ်။ ရေးတတ်တယ်'

'ကောင်းလိုက်တာ။ ဘွားပြုံးက ဘာစာတွေများ ရေးလေ့ရေးထ ရှိလဲ'

'ဟိုအရင်ကတော့ ခဏခဏ ရေးတာပဲ။ မှတ်စုစာအုပ်တွေ ရှိတယ်။ အခုတော့ မရေးနိုင်တော့တာ ကြာပြီ'

မှတ်စုစာအုပ်ဆိုတော့ မြဝန်းရံ ရင်ခုန်သွားပါသည်။

အဘွားဘာတွေ ရေးမှတ်ထားတယ်ဆိုတာတော့ သမီး မသိ။ စိတ်လိုလက်ရလည်း တစ်ခါမှဖတ်မကြည့်ခဲ့။ အဘွားပြုံး၏ စာအုပ်လေးတွေကို ဘုရားစင်ဘေးက ထင်းရှူးသေတ္တာထဲမှာ ရှိ သေသေပဲ သိမ်းထားခဲ့သည်ဟုဆိုသည်။ ဖတ်ကြည့်ပါရစေဟု မြ ဝန်းရံ ခွင့်တောင်းမိသည်။ သူတို့အမေ၏ စာတွေကို သူစိမ်း ဖြည့်သည်က စိတ်ဝင်စားသည်ဆိုတော့ ဒေါ်ကြီးက ပျာပျာသလဲ ရှာဖွေ ထုတ်ယူပေးပါသည်။

မြဝန်းရံသည် ဝါကျင်ဟောင်းနွမ်းနေသော စာမျက်နှာ များပေါ်မှ ခဲတံဖြင့်ရေးထားသည့် ရေးလှုကြီးလက်ရေး မှိန်မှိန် လေးတွေကို စိတ်ရှည်လက်ရှည် ဖတ်ကြည့်သည်။ အများစုမှာ ဈေးစာရင်း၊ လိပ်စာ၊ ဆေးမြီးတိုဖော်စပ်နည်းတွေ၊ ဘုရားစာတွေ ဖြစ်သည်။ မီးရှို့ခံရသည်ဆိုသော ရွာလေးအကြောင်း တစ်စွန်း တစ်စတောင် မပါ။ မြဝန်းရံ စိတ်ဓာတ်ကျသွားသည်။



ဘာပဲဖြစ်ဖြစ် ဦးကောက်ရနှင့် ဘွားပြုံးတို့သာ သိသော အဖြစ်အပျက်တွေ အတိတ်မှာ ရှိခဲ့ပါလိမ့်မည်။ ထိုအတိတ်ကို ဖော်ကြည့်ဖို့ စိတ်ရှည်ရှည်တော့ ထားရမည်။ ဒီတစ်ခေါက် မဟုတ်လျှင် နောက်တစ်ခေါက်ပေါ့။ အခုတော့ ခရီးဆက်ထွက်ပြီး ဖြစ်နိုင်ချေ အတိတ်က ဆိုးယုတ်မှုတွေကို ရှာဖွေကြည့်ရပါဦးမည်။

ဖတ်နေရင်းမှာပင် အလင်းရောင်က တဖြည်းဖြည်းမှိန် လာပြီ။ ထမင်းမစားခင် မြဝန်းရံ ရေချိုးချင်သည်။ အိမ်မှာ ရေတွင်း မရှိ။ စာသင်ကျောင်းဘေးက ရေတွင်းမှာ အမျိုးသမီးများ၏ ချိုး ရေတွင်း ဖြစ်သည်။ အဲသည်တွင်းမှာ သွားပြီး ရေဝင်ကာ ချိုးကြရ သည်ဟု ဒေါ်ကြီးက ပြောသည်။

'ဒေါ်ကြီး လိုက်ပို့ပေးမယ်'

'အို မဟုတ်တာ။ ကျွန်မ ကိုယ့်ဟာကိုယ် ဝင်တတ်ပါ တယ်။ ဒေါ်ကြီး အဘွားကို ထမင်းကျွေးမလို့ မဟုတ်လား။ စိတ် ဖြောင့်ဖြောင့်ကျွေးပါ'

ကြိုးတပ်ရေပုံးကို ကောက်ကိုင်ပြီး ဒေါ်ကြီးညွှန်ပြသည့် လမ်းအတိုင်း ရေတွင်းရှိရာသို့ ထွက်လာခဲ့သည်။

နွားရိုင်းသွင်းချိန်ဟုခေါ်သည့် ညနေ နေဝင်ရီတရော အချိန်မို့ နွားတွေ၊ ဆိတ်တွေ၊ သိုးတွေပြန်သွင်းပြီးခါစ ဖြစ်နိုင်သည်။ တစ်ကောင်စနှစ်ကောင်စ လမ်းမှာ နောက်ကျကျန်နေသည့် ဆိတ် တွေကို မြင်ရသည်။ နွားအုံ ဆိတ်အုပ်၏ခြေလှမ်းတွေကြောင့် ရွာလမ်းမှာ ဖုံတထောင်းထောင်း ထ ကျန်ရစ်နေဆဲ။ မြဝန်းရံသည် အမှတ်တမဲ့ နှာခေါင်းကို မျက်နှာသုပ်ပဝါအသေးဖြင့် အုပ်လိုက်မိ သည်။ အညာဟာ ဖုံထူတယ်ဆိုတာ အခုတော့ တကယ့်လက်တွေ့ ပဲ။ ငါရေချိုးပြီးပြန်လာတဲ့အချိန်မှာတော့ ဒီဖုံတွေ မရှိလောက်တော့ ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကုက္ကိုတန်းနာမည်အတိုင်း ကုက္ကိုပင်တွေက လမ်း၏ တစ်ဖက်တစ်ချက်မှာ စီတန်းနေ၏။ မိုးမရွာတာ ကြာမြင့်ခဲ့ဟန်တူ သည်။ သစ်ပင် ပင်စည်တို့မှာ ဖုံတွေအလိမ်းလိမ်း။ အနိမ့်ပိုင်းက သစ်ရွက်တွေမှာလည်း ဖုံတက်နေသည်။

ထမီရင်လျားနှင့်အမျိုးသမီးနှစ်ယောက် ရေအပြည့်ရေပုံး ကိုယ်စီရွက်လျက် မျက်နှာချင်းဆိုင်မှ လျှောက်လာနေ၏။တော် သေးတာပေါ့။ ရေတွင်းမှာ လူမပြတ်လောက်သေးဘူး။

သို့သော် သူမ အထင်မှားပါသည်။ ရေတွင်းကို ရောက် သွားတော့ လူတစ်ယောက်မှ မရှိတော့ပေ။ မှောင်ရီပျိုးစပြုနေ၏ ဖျော့တော့သော ဆည်းဆာ အလင်းရောင်အောက်တွင် ရေတွင်း သည် တိတ်ဆိတ်နေသည်။ ရေတွင်းနှင့် ဆယ်ငါးပေလောက် အကွာမှာ အုတ်အဆောက်အဦတစ်ခုနှင့် ထရံကာ အဆောက်အဦ တစ်ခု တွဲနေသော အလယ်တန်းကျောင်းကို မြင်ရသည်။ ကျောင်း ရှေ့က အလံတိုင်အောက်မှာ ခွေးတစ်ကောင် ခွေအိပ်နေသည်။

တစ်နေကုန် ဖုံတသောသောနှင့် ရေမချိုးရသေးလို့ စေး ကပ်ပူအိုက်နေသည့် ကိုယ်ခန္ဓာသည် ရေတွင်းပတ်လည် ကြမ်းခင်း သမံတလင်းကို ခြေဖဝါးချလိုက်သည့်အခါ လန်းဆန်းသွားသည်။ သမံတလင်းသည် ရေချိုးထားသူများကြောင့် ရေတွေ စိုရွှဲနေဆဲ၊ အေးမြနေဆဲ ဖြစ်သည်။ ရေတွင်းကြမ်းပြင် သမံတလင်းအဆုံးတွင် ရေညှိတက်နေသော အုတ်ကန်ငယ်လေးတစ်ခုရှိပြီး ရေက အောက်ခြေမှာ အနည်းငယ် ကျန်နေသည်။ အော် အဲဒီမှာ ရေချိုးဖို့ ရေဖြည့်ယူလို့ ရတာပေါ့။ သို့သော် ဘယ်မှာလဲ ရေခွက်။ သူတို့က တော့ ရေပုံးနဲ့ရေခွက်တွေ ယူလာမှာကိုး။ ရပါတယ်။ ဒီအတိုင်းပဲ ရေငင်ပြီး ခပ်လှမ်းလှမ်းမှာ ဆွဲယူ ချိုးလိုက်မှာပေါ့။



ရေတွင်းဘောင်က မြဝန်းရံ၏ ခါးသာသာခန့် မြင့်သည်။ ရေတွင်း၏ဘေးတစ်ဖက်စီတွင် အုတ်တိုင်နှစ်ခုဖြင့် အပေါ်မှာ စက်သီးတတ်ဖို့ တန်း ချိတ်ပေး ထားသည်။ သို့သော် ထိုတန်းတွင် စက်သီးရှိမနေပါ။ မိမိယူလာသော ရေပုံးကြီးတွေကို ကြည့်မိတော့ လည်း စက်သီးမပါလာ။ ကောင်းပါတယ်။ စက်သီးပါလာခဲ့လျှင် လည်း ဒီလောက်မြင့်သည့် တန်းပေါ်သို့ စက်သီးကို ဘယ်လို တက် ချိတ်မလဲ။ ငယ်ငယ်တုန်းက မြဝန်းရံမြင်ဖူးတာတော့ အမျိုးသမီး ကြီးတွေ တိုင်ကို အားပြုပြီး ရေတွင်းဘောင်ပေါ်သို့ တက်ရပ်ကာ စက်သီးချိတ်တာပဲ။

အမလေး ပြုတ်များ ကျလိုက်လို့ကတော့။

မြဝန်းရံ ရေတွင်းဘောင်ကို အားပြုပြီး ရေတွင်းထဲသို့ ငုံ့ကြည့်လိုက်၏။

အားပါး။ အနက်ကြီးပါလား။

ရေတွင်းက မိမိတွေ့ဖူးသော ရေတွင်းတွေထဲမှာ အနက် ဆုံးဖြစ်လိမ့်မည်။ ရေက မလှုပ်မရှား ငြိမ်နေပြီမို့ ရေထဲမှာ ရေတွင်း ဘောင်အဝိုင်းလိုက်၏အရိပ်ကို မြင်ရသည်။ ထိုအထဲမှာ မိမိ၏ မျက်နှာကိုလည်း မြင်ရသည်။ ရေတွင်းဘောင်က သမံတလင်းက အေးစက်နေသည်။ ဟိုးအောက်က ရေတွင်းဝပုံရိပ်ထဲမှ မိမိ မျက်နှာကို မိမိ မမှတ်မိသလိုပဲ။ ဆံပင်တွေက ဟိုတုန်းကလို သပ်သပ်ရပ်ရပ် ဖြီးထားတာမဟုတ်။ ရှုပ်ပွနေသည်။ မျက်လုံးတွေ ကလည်း နဂိုကထက် ပိုပြီး ခွက်ဝင်နေသလိုပဲ။ နွမ်းနယ်နေသော မျက်နှာတစ်ခုဖြစ်သည်။

မျက်နှာကို နွေလေတစ်ချက် ခပ်ကြမ်းကြမ်း တိုက်ခတ် လိုက်သည်။ မြဝန်းရံ၏ ဆံပင်တွေ ဖွာဆန်ကြကုန်တာကို ရေအောက အရိပ်မှာ မြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းသော ရေတွင်းထဲမှာ ရေကရော ဘယ်လောက် အနက်ရှိပါလိမ့်။ အခုနေများ မတော်တဆ ရေတွင်းထဲ ပြုတ်ကျခဲ့လျှင် ဆယ်မယ့်သူ ကြားနိုင်ပါ့မလား။ ခပ်လှမ်းလှမ်းမှာ အိမ်ခြေမှ မရှိဘဲ။ ဖြတ်သွားဖြတ်လာလူတွေ ရှိနေချိန်ဆို တော်ပါရဲ့။ ည အမှောင်နောက်ပိုင်းမှာ ရေတွင်းဆိုတာ လူမှ မရှိတတ်တာ။ အင်းလေ ဒါကြောင့်လည်း အုတ်နဲ့က လူသတ်သမားက ရွှေမှုန်ဝင်းလေးရဲ့ အလောင်းကို ရေတွင်းပျက်ထဲ ပစ်ချခဲ့တာ။

ရွှေမှုန်ဝင်း... ...

ကလေးမလေး၏ ပုံပျက်စပြုနေပြီဖြစ်သော မျက်နှာကို မြဝန်းရံ မြင်ယောင်လာခဲ့သည်။ ဘုရားဘုရား။ ခန္ဓာကိုယ်မှ မမြင်ဝံ့စရာ ဓားဒဏ်ရာတွေ၊ အမေ ကျွန်မ ချမ်းလိုက်တာ ကျွန်မကို လာခေါ်ပါလို့ ရေတွေစိုရွဲနေသည့် အလောင်းက မိခင်ကို အိပ်မက်ပေးသတဲ့။ ရွှေမှုန်ဝင်းက ဘာဖြစ်လို့ ချမ်းရတာလဲ။ သေပြီးသားလူက မချမ်းဘူးလေ။ ဘုရားဘုရား ရေတွင်းထဲ ပစ်ချခံရတဲ့အချိန်ထိ ကလေးက မသေသေးဘူးလား။

မြဝန်းရံ ကြက်သီးဖျန်းခနဲထသွား၏။

ထိုအချိန်မှာပင် ရေထဲက ရေတွင်းဝ ပုံရိပ်တွင် မိမိမျက်နှာနှင့်ကပ်ရက် ယောကျ်ားတစ်ယောက်၏မျက်နှာတစ်ခု ဘွားခနဲ ပေါ်လာသည်။ ဆံပင်ထောင်ထောင် ကြောက်စရာမျက်နှာ။ မြဝန်းရံ ကျောထဲက စိမ့်သွားသည်။

အမေ့။

မြဝန်းရံ အလန့်တကြား ခေါင်းကို ပြန်မတ်လိုက်၏။ အနားမှာ လူတစ်ယောက်ရောက်နေပြီကို တုန်လှုပ်စွာ တွေ့လိုက်ရသည်။ ထိုလူ၏ကိုယ်ကချွေးနံ့ကိုပင် မိမိနှာခေါင်းမှာ အနံ့ရနေပြီ။ မြဝန်းရံ သူ့အနားမှ ကိုယ့်ကိုယ်ကို ဆုတ်ခွာလိုက်သည်။



'အစ်မကြီးက ရွာက မဟုတ်ဘူးထင်တယ်'

သူ့ပါးစပ်မှ ချဥ်စုတ်စုတ်အနံ့တစ်ခု။ ထန်းရည်နံ့လား အရက်နံ့လား မသိ။

'ရှင် ကျွန်မနားကို မလာနဲ့။ ကိုယ့်လမ်းကိုယ် သွားပါ'

'အစ်မကြီးကို ရေငင်ပေးမလို့ပါ'

ထိုလူက မြဝန်းရံနောက်ဆုတ်ရာသို့ ပြုံးဖြဲဖြဲဖြင့် တိုးကပ်လိုက်လာသည်။ ဒီလူ့မျက်နှာကို မြင်ဖူးသလိုလို။ ဘယ်မှာ မြင်ဖူးခဲ့ပါလိမ့်။ မျက်ခုံးထူထူ၊ မျက်လုံးခွက်ခွက်။ မျက်နှာလေးထောင့်အကျ။

'မလိုဘူး'

'ပေးပါ ရေပုံး။ လက်လေးတွေက နုနုလေးတွေ'

သူက မြဝန်းရံလွှတ်ကျသွားသည့် ရေပုံးနှင့်ကြိုးခွေကို ငုံ့ကောက်မည်ပြုသည်။

'ကျွန်မ အော်လိုက်မှာနော်'

အသံစူးစူးဖြင့် သူ့ကို မောင်းထုတ်ဖို့ ကြိုးစားရသည်။ ထိုလူ နည်းနည်းတော့ တန့်သွားသည်။ ရေပုံးကို ငုံ့ကောက်မည့် လက်တွေ ဆုတ်သွားသည်။

'မြဝန်းရံ'

ကြားဖူးနေသောအသံတစ်ခု။ မြဝန်းရံ အသံလာရာသို့ အားကိုးတကြီး လှည့်ကြည့် လိုက်မိ၏။ ပြည်မိုးငြိမ်းကို မြင်ရသည်။ ရေတွင်းဆီသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းလာနေသည်။

'ဘာဖြစ်နေတာလဲ'

ထိုအချိန်မှာ ထိုလူက အလျှော့ပေးကာ မသိမသာ ဆုတ်ခွာသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ပြည်မိုးငြိမ်းကို မြင်တိုင်း အောင့်သက်သက် ဒေါသထွက်ခဲ့ရသောမြဝန်းရံသည် ဒီတစ်ခါတော့ သူ့ကိုမြင်ရလို့ ဘယ်လောက်စိတ်သက်သာသွားရသည်ဆိုတာ ဘယ်လိုစကားနှင့်မှ ဖော်ပြနိုင်စွမ်းရှိတော့မည် မထင်ပါ။

'မြဝန်းရံ ဒီမှာရေချိုးလို့ ဘယ်ဖြစ်မလဲ။ ကျွန်တော် မီအောင်လိုက်လာတာ။ အိမ်မှာပဲ ပြန်ချိုးပါ'

သူက ခပ်တည်တည် ပိုင်စိုးပိုင်နင်း ဆုံးဖြတ်ချက်ချပေးသည်။ ခါတိုင်းသာဆိုလျှင် ရှင်နဲ့ဘာဆိုင်လဲဟု ကက်ကက်လန်အောင် ပြောပစ်လိုက်မိမှာဖြစ်ပေမယ့် အခုတော့ သက်ပြင်းကိုသာချဖြစ်သည်။

'အိမ်မှာရှိတဲ့ရေက ဦးကြီးကောက်ရ ခပ်ထားတာ။ ကျွန်မချိုးလိုက်ရင်'

'ဘာဖြစ်လဲညီမရဲ့။ ရေဆိုတာ ပြန်ဖြည့်ပေးလို့ရပါတယ်။ ညီမက အားမနာသင့်တဲ့နေရာမှာ အားနာနေတာပဲ'

မြဝန်းရံ ပြုံးလျက် ခေါင်းကိုသာ ယမ်းနေမိသည်။

'ကျွန်တော် ကျောက်ခဲကို မေးကြည့်လို့ ဘွားပြုံးအိမ်မှာရေတိုင်ကီမရှိဘူး။ စဉ့်အိုးနှစ်လုံးပဲ ရှိတယ်ဆိုတာ သိခဲ့တယ်။ ညီမရေချိုးဖို့ အခက်အခဲဖြစ်ရင် ကျွန်တော် ရေသယ်ပေးမလို့ လိုက်လာတာ။ ညီမထွက်သွားတာကို မမီလိုက်ဘူး'

'ကျွန်မအတွက် ဘယ်သူမှ ဝန်မပိုစေချင်ပါဘူး'

'အဲဒီလို ဝန်ပိုလိုက်ရတာက တော်သေးတယ်။ အခုလို ရှုတ်ရှုတ်ရက်ရက် ဖြစ်လိုက်ရတော့ ဘယ်သူမှ မကောင်းဘူး'

အခုချိန်ထိ ပြည်မိုးငြိမ်း အနည်းငယ်မှ မပြုံးသေးပေ။

မြဝန်းရံ ခေါင်းမာစွာပင် ဒီရေတွင်းမှာ ရေချိုးပစ်လိုက်ချင်၏။ သို့သော် သူရှိနေတုန်းမှာ ဘယ်လိုရေချိုးရမှာလဲ။ သူ မရှိ



အောင်နှင်လိုက်လို့ကော တစ်ယောက်တည်း ဒီမှာ ရေချိုးရဲမှာလား။ ရေပုံးကြီးနှင့်ရေပုံးကို ကိုင်ပြီး တွေဝေနေမိခိုက် သူက အနားသို့ တိုးကပ်လာသည်။

'ကဲ လာပါ ညီမ။ ကျွန်တော် ပြန်ဖြည့်ပေးပါမယ်။ အိမ်မှာပဲ ချိုးလိုက်ပါ။ အခု ကျွန်တော် ရေတစ်ပုံး ဆွဲပေးမယ်။ လန်းဆန်းသွားအောင် မျက်နှာသစ် လက်ဆေး ခြေဆေးလိုက်။ ဟုတ်ပြီလား'

ရေတွင်းထဲမှ ရေကို ငင်ယူပေးနေသော ပြည်မိုးငြိမ်းကို မြဝန်းရံ အကဲခတ်ကြည့်နေသည်။ သူ့ကြည့်ရတာ ရေငင်ခြင်းနှင့် နှစ်ပေါင်းများစွာ ရင်းနှီးကျွမ်းဝင်နေသလို သက်သက်သာသာ ပေါ့ပေါ့ပါးပါးပဲ ဖြစ်သည်။

ပတ်ဝန်းကျင်က တဖြည်းဖြည်း မှောင်လာပြီ။ အတော်ပါပဲ။ အမှောင်ကို အားပြုပြီး ရေတွင်းမှာ ရေချိုးလျှင် ရပြီ။ သူက ရေပုံးကို သမံတလင်းမှာ ငြိမ်အောင် ချပေးဖို့ ဟန်ပြင်ဆဲ

'ကျွန်မ ဒီမှာပဲ ရေချိုးလိုက်ပါမယ်။ ရှင် ခပ်လှမ်းလှမ်းမှာ ရှိနေရင် အဆင်ပြေပါတယ်' ဟု ပြောလိုက်မိသည်။

ထိုအခါ သူပြုံးလေသည်။

'ဘာပြုံးတာလဲရှင့်'

'အော် မပြုံးရဘူးလား'

'မပြုံးနဲ့'

'အိုကေ။ ဒါဖြင့် ကျွန်တော် ရေဖြည့်ပေးမယ်။ လွတ်လွတ်လပ်လပ် ရေချိုးပါ။ ကျွန်တော် ညီမပြောတဲ့ ခပ်လှမ်းလှမ်းမှာ ဟိုဘက်လှည့်ပြီး စောင့်ပေးပါ့မယ်'

စောစောက ရင်တုန်ရသည့်အဖြစ် ပျောက်ကွယ်သွားပြီဖြစ်၍ သူ့ကို မျက်စောင်းတစ်ချက်ဖြင့် ကြည့်လိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မြဝန်းရံ အိပ်မက် မက်နေသည်။ အိပ်မက်ထဲမှာ ပြည်မိုး ငြိမ်းနှင့်သူမ ချောင်းတစ်ခုကို ဖြတ်ကူးကြမလို့တဲ့။ ချောင်းရေက ရေစီးကြမ်းသည်။ အောက်ခြေက ကျောက်စရစ်ခဲတွေကို မြင်ရသည်အထိ ကြည်လင်သော်လည်း အမြုပ်ဖွေးဖွေးထလျက် အရှိန် အဟုန်နှင့် စီးနေသည်။ မြဝန်းရံက ရင်တဒိတ်ဒိတ်ခုန်အောင် ကြောက်နေသည်။ မြဝန်းရံ၏လက်ကို ပြည်မိုးငြိမ်းက တင်းကြပ်စွာ ဆုပ်ပြီး ချောင်းထဲသို့ ဖြတ်ဖို့ ဦးဆောင် ခေါ်သွားသည်။ သူ့လက်က အံ့သြရလောက်အောင်ပင် နူးညံ့ကာ နွေးထွေးနေသည်။

'လာပါ မြဝင်းရဲ့ မကြောက်ပါနဲ့'

ချောင်းရေကို ထိလိုက်သည်နှင့် တစ်ကိုယ်လုံး အေးခဲ ကျင်သွားလောက်အောင် ရေကအေးစက်လှသည်ကို ထိတ်လန့် တကြားသိလိုက်ရသည်။

'ဟင့်အင်း ကျွန်မ မလိုက်ဘူး။ မသွားတော့ဘူး'

အေးခဲသည့်ခံစားချက်ဖြင့် ဆတ်ခနဲတုန်ကာ လန့်နိုးလာ တော့ မိုးစင်စင်လင်းနေပြီ။



အိပ်မက်ထဲတွင် သူဆုပ်ကိုင်ခဲ့သော မြဝန်းရံ၏ညာလက် သည် နိုးလာသည်အထိ နွေးထွေးနေဆဲ။

မြဝင်းတဲ့။ အဲဒါ ကိုဇင့်အသုံးအနှုန်းပါ။ ကိုဇင်သည် မြဝန်းရံအား မြဝန်း ဟု ခေါ်မည့်အစား နောက်ပြောင်လျက် မြဝင်း ဟုသာ ခေါ်လေ့ရှိသည် မဟုတ်လား။ အိပ်မက်ကို သူမ အဓိပ္ပါယ် ဖော်ဖို့ ကြိုးစားသည်။ ချောင်းကိုဖြတ်မယ်။ သူနဲ့အတူ။ အဲဒါ ဘာ အဓိပ္ပါယ်လဲ။ သူ့လက်က နွေးထွေးနေတာကို အိပ်မက်ထဲမှာ အသေအချာသိသတဲ့။ မြဝန်းရံ ပါးပြင်နှစ်ဖက် ပူနွေးသွားပါသည်။

မျက်နှာသစ်ပြီးသည့်အခါ မိမိအတွက် နံနက်စာ ပြင်ထား ပြီ။ အားနာစိတ်ဖြင့် မျက်နှာပူနွေးသွားပေမဲ့ ဘယ်လိုမှ မတတ် နိုင်ပါ။ ကော်ဖီနှင့်မုန့်ကြွပ်က တစ်မျိုး၊ မုန့်ဆီကြော်က တစ်မျိုး၊ မုန့်လုံးကြီးကျော်ဟုခေါ်သည့် ကောက်ညှင်းထဲ ပဲနှင့် အချို ဌာပနာ ထားသည့် မုန့်ကြော်က တစ်မျိုး။

ဦးကောက်ရ ဘုန်းကြီးကျောင်းမှ သယ်လာပေးခြင်း ဖြစ် သည်။ မုန့်စားရင်း ဦးကောက်ရကို စကားပြောဖို့ ကြိုးစားသော် လည်း မအောင်မြင်။ ဦးကောက်ရက ဧည့်သည်အနားမှာမှ မနေ ဘဲ။ ဒေါ်သိန်းတင်နှင့်သာ စကားပြောဖြစ်ကြသည်။ ဘွားပြုံး၏ ကျန်းမာရေး၊ ဘုန်းကြီး၏ကျန်းမာရေး၊ ဦးကောက်ရ၏ အစွဲ အလမ်းနှင့် ထူးဆန်းသောအကျင့်။

ဦးကောက်ရသည် ငယ်ငယ်ကတည်းက မြေကြီးကို တူး ဆွပြီး ဟိုပစ္စည်းကောက်၊ ဒီပစ္စည်းကောက်၊ ဘွားပြုံးကိုလာပြ လုပ်တတ်သည်။ ရွှေတို့ငွေတို့ သတ္တုတို့ဆင်တူသော ပြောင်လက် လက်အရာတွေမှမဟုတ်၊ သစ်သားတိုသစ်သားစ၊ အိုးခြမ်းပဲ့အစ တွေလည်း သူ ကောက်ကောက်လာသည်။ တစ်ခါတုန်းက မြေကြီး ထဲမြုပ်နေသော သစ်သားခုံဖိနပ်တစ်ဖက်ကို ယူလာပြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူရလာသည့် အတိုအထွာတွေကို ဘွားပြုံးက လွှင့်ပစ်၊ သူက ပြန်ကောက်၊ နောက်ဆုံးတော့ ဘွားပြုံးက အလိုလိုက်ကာ သည်အတိုင်း ကြည့်နေရသည်။

မြဝန်းရံ ဘုန်းကြီးကို နှုတ်ဆက်ကန်တော့ဖို့ ရောက်သွားတော့ ကျောင်းအောက်ထပ်မှာ ပြည်မိုးငြိမ်းအား ကလေးတွေ ဝိုင်းလျက် မြင်ရသည်။ ကလေးက အရွယ်စုံ၊ မိန်းကလေးရော ယောကျ်ားလေးပါ စုံသည်။ မိန်းကလေးငယ်တချို့က ကလေး အသေးလေးတွေကို ခါးထစ်ခွင်ချီသူက ချီ၊ မြေကြီးပေါ် ချထားသူက ချထားလို့။ ကလေးအုပ်ထဲမှာ ထိုးထိုးထောင်ထောင်နှင့် စိတ်ပါ လက်ပါ လာကြည့်နေသူက ဘယ်သူ ရှိရမလဲ။ ဦးကြီးကောက်ရ ပေါ့။

ကလေးတို့၏မျက်လုံးလိုပင် ဦးကောက်ရ၏မျက်လုံး တွေက တောက်ပပြောင်လက်နေသည်။

'ညီမ အိတ်တွေဘာတွေနဲ့ သွားတော့မှာလား'

'ဟုတ်တယ် သွားတော့မယ်။ ဘုန်းဘုန်းကို လာ ကန်တော့တာ'

သူ ပန်းချီဆွဲနေရာမှ ထထွက်လာပြီး မြဝန်းရံဆီသို့ လျှောက်လာသည်။ ပြည်မိုးငြိမ်းအရပ်က မိမိကို အုပ်မိုးနေ၏။

'ညီမ စိတ်ကူးမလွဲပါနဲ့။ ဒီမှာ တစ်ည ထပ်အိပ်ပြီး မနက် ကျမှ သွားပါ။ မနက်ဖြန် အောင်မြေသာစံကို ဘတ်စ်ကား ရှိတယ် လေ'

ဘာလဲ။ ညတုန်းက သူခပ်ပေးသည့်ရေကို ချိုးလိုက်ရ တာနှင့်ပဲ မြဝန်းရံအပေါ်တွင် သူ ပြောရေးဆိုခွင့် ရှိသွားပြီ ဆိုတဲ့ အဓိပ္ပါယ်လား။ မရဘူးလေ။



'ကျွန်မ သိပါတယ်။ ကျွန်မ ဒီနေ့ပဲ ထွက်တော့မယ်'

ပြည်မိုးငြိမ်း စိတ်မချသည့် ဟန်မူရာ ရှိသည်။ သို့သော် ထိုအမူအရာကို သူ ချက်ချင်း ထိန်းချုပ် ဖျောက်ဖျက်ပစ်လိုက်ပြီး ခေါင်းတစ်ချက်ညိတ်ကာ ကလေးအုပ်စုဆီ ပြန်သွားသည်။

သူက စိတ်ရှည်သည့်ဆရာတစ်ယောက်ဖြစ်သည်။ သူ့ မျက်လုံးမှာ တက်ကြွမှုနှင့်ရွှင်လန်းမှုကို မြင်နေရသည်။ မြဝန်းရံ ကျောင်းပေါ်တက်မည်လုပ်ပြီးမှ ကလေးတွေ၏ စိတ်ပါလက်ပါ မျက်နှာထားတွေကို အံ့သြမိသဖြင့် လှေခါးလက်ရန်းတွေကို ကွယ် ကာ မသိမသာ ကြည့်မိသည်။ ကလေးအားလုံးကတော့ သူ့ပန်းချီ နှင့်သူ့စကားကို စိတ်ဝင်စားနေတာ မဟုတ်။ သူ့ကို လုံးဝ ဂရုမစိုက် သည့် ကလေးငယ်တွေလည်း ရှိသည်။

တိုင်လုံးထဲသို့ တုတ်ချောင်းသေးသေးဖြင့် ထိုးနေသည့် ကလေးတစ်ယောက်၏ခေါင်းက ကတုံးမှာ အနာတွေအပြည့်။ ကောင်မလေးတစ်ယောက်၏ ခါးထစ်ခွင်ပေါ်က တစ်နှစ်သား အရွယ်ကလေးသည် နှာခေါင်းထဲသို့ လက်ဖြင့် ကော်နှိုက်နေ သည်။ ဖင်တုံးလုံးနှင့် မြေပေါ်ထိုင်နေသောကလေးက သူ့ရှေ့က မြေကြီးတွေကို အားရပါးရ ဆုပ်ကိုင်လျက် ရှိသည်။ ကလေး တစ် ယောက်က လက်ညှိုးနှင့်လက်မတွင် ပေကျံနေသော သရက်သီး မှည့် အနှစ်လားဘာလား ဝါကျင်ကျင်အရာတွေကို ပါးစပ်ဖြင့်စုပ်ယူ နေသည်။

ဒုက္ခပါပဲ။ သူတို့အားလုံး ပန်းချီကို အလောတကြီးသိစရာ မလို။ သို့သော် တစ်ကိုယ်ရေ သန့်ရှင်းရေးကိုတော့ အရေးတကြီး သိဖို့လိုသည် မဟုတ်လား။ ကလေးအားလုံး နားလည်မည့် တစ်ကိုယ်ရေသန့်ရှင်းရေးကို သင်ပေးတာက ပိုပြီး အကျိုးရှိမည် မဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မြဝန်းရဲ့ သူ့အလုပ်ကို ဝင်မစွက်ချင်ပါ။ ဒီအုပ်စုထဲမှာ သူမ စိတ်အဝင်စားဆုံးက ဦးကောက်ရသာဖြစ်ပါသည်။

ဦးကောက်ရက သူတို့ထဲမှာ အတက်ကြွဆုံး ဖြစ်သည်။ သူ၏ဝမ်းနည်းသောမျက်လုံးတို့သည် ပန်းချီဆွဲသည့်အခါမှာ ကြည့်လင် လန်းဆန်းလာသည်။ သူက ပြည်မိုးငြိမ်းဆီမှ စက္ကူနှင့် ပုံဆွဲခဲတံကို တောင်းသည်။ ပြီးတော့ ရောင်စုံခဲတံတွေကိုပါ တောင်းပြီး ကလေးတွေအလယ်မှာ ဝင်ထိုင်ကာ အရုပ်တွေ ရေးတော့သည်။

ကလေးတွေက မျဉ်းကောက်တို့ မျဉ်းဖြောင့်တို့ အပိုင်းတို့ကို လွယ်လွယ်ကူကူ ရေးဆွဲနိုင်သော်လည်း ဦးကောက်ရကတော့ မျဉ်းဖြောင့်တစ်ကြောင်းကို လက်မတုန်ဘဲရေးဖို့ အတော်ကြိုးကြိုးစားယူရသည်။ ကြိုးစားပြီး အောင်မြင်သွားသော မျဉ်းသည်လည်း မဖြောင့်ပေ။ သူ့ကိုယ်သူအားမရဘဲ ခေါင်းကို လက်သီးဖြင့် ထုနှက်နေသော အသက်ခြောက်ဆယ်ကျော်အဘိုးကြီးကို သူမ စိတ်မသက်မသာ ကြည့်နေမိသည်။

'ဦးကြီး ကျွန်တော် ပြပေးမယ်'

ပြည်မိုးငြိမ်းက ဦးကြီး၏လက်ကို ကိုင်ကာ မျဉ်းဖြောင့်ဆွဲတတ်အောင် အကြိမ်များစွာ လေ့ကျင့်ပေးသည်။ သူ့ပုံဆွဲစက္ကူသည် ခဲဖျက်နှင့်ဖျက်လိုက် ပြန်ရေးလိုက်မို့ ညစ်ပတ်ကာ နွမ်းလာသည်။ သူ့ဟာသူ မျဉ်းတွေရေးနေရုံနှင့်အားမရဘဲ တခြားကလေးတွေဆွဲထားသော ပုံတွေကို ကြည့်ကာ လက်ညှိုး ထိုးပြီး ဝူးဝူးဝါးဝါး မပီမသပြောရင်း အားကျနေသေးသည်။

ထို့နောက် ပြည်မိုးငြိမ်းက ရှိသမျှ ကလေးတွေကို ပုံတွေဆွဲပေးသည့်လုပ်ငန်းကို စတော့သည်။ ကလေးအားလုံး ဆယ့်နှစ်ယောက်ရှိသည်။ ကလေးတွေကို ပုံဆွဲစက္ကူတွေ တစ်ရွက်ပြီး တစ်ရွက်ဖြုတ်ပြီး တစ်ချပ်ပြီး တစ်ချပ်ဆွဲပေးတာများ မြန်လိုက်တာ။



ငံခြားတိုင်းပြည်တွေမှာ ကမ္ဘာလှည့်ခရီးသည်တွေ စည်ကားရာနေရာတို့၌ ပန်းချီကားတွေကို ချက်ချင်းဆွဲပြီး ရောင်းပေးနေသည့်ပန်းချီဆရာတွေကို ပြန်မြင်ယောင်မိသည်။ ပုံတူလည်း ဆွဲပေးသည်။ ပုံတူမဟုတ်ဘဲ ထိုနိုင်ငံ ထိုမြို့၏အဓိက နာမည်ကျော်နေရာများ အဆောက်အဦများကိုလည်း ဆွဲပေးသည်။ သင်္ဘောဆေးပါသည်။ ရေဆေးပါသည်။ ဆီဆေး ပါသည်။ ပက်စ်တယ်လ်တုံးလေးတွေပါသည်။ လက်ရာတွေက တော်တော်ကောင်းသည်။ ဈေးကလည်း ကြီးသည်။ လက်တစ်ဝါးစာသာသာ ပန်းချီကားချပ်သေးတစ်ခုကို ဒေါ်လာလေးငါးဆယ်တဲ့။ သူသာ အဲလိုနေရာမျိုးမှာ ပန်းချီရေးလျှင် တစ်နေ့ တစ်နေ့ကို ဝင်ငွေတွေ ပုံအောပြီး ရမှာပဲ။

အခုတော့ သူသည် သူ့ဆေးသူစိုက်၊ သူ့စက္ကူကို သူစိုက်ပြီး ဆင်းရဲနွမ်းပါးသောရွာတွေမှာ ခရီးလှည့်လည်ကာ ပန်းချီတွေ အလကားဆွဲပေးပြီး ဝေငှနေတာ ဘာလုပ်နေတာလဲ မသိနိုင် တော့ပေ။ သူက အများအကျိုးကို ဆောင်ရွက်မည်ဟု စိတ်စေတနာကောင်းလွန်းသူလား။ သို့မဟုတ် အချိန်တွေ ပိုလွန်းနေလို့လား။ သို့မဟုတ် သူ အလုပ်ပြုတ်လာခဲ့လို့လား။ ဒါမှမဟုတ် သူ စိတ်ကျရောဂါ ဝင်နေလို့လား။ ဟင့်အင်း။ သူ့ပုံစံကြည့်ရတာ စိတ်ကျဝေဒနာသည်နှင့် လုံးဝမတူ။ ကိုယ့်ကိုယ်ကို သိပ်ကျေနပ်နေပုံရသည်။ ဒါဆိုရင်လည်း စိတ်ကြွဝေဒနာသည်များလား။ ကိုယ့်အတွေးကိုယ် ပြန်ရယ်ချင်သွားသဖြင့် မြဝန်းရဲ့ တစ်ချက် အသံထွက် ရယ်လိုက်မိလေသည်။

ပြည်မိုးငြိမ်း၏ ပန်းချီအကြောင်းအရာတွေမှာ တစ်ရွာနှင့်တစ်ရွာ မတူညီကြ။ ရွာမှာ ရှိသည့်အပင်တွေ ရေမြေတွေနှင့် ပတ်သက်ပြီး ဆွဲတတ်သည်။ ကောက်ရိုးပုံ၊ လယ်ကွင်း၊ အုတ်ခဲဖြစ်မည့် လေးထောင့်ရွှံ့ခဲတွေကို နေပူလှန်းထားသည့်မြင်ကွင်း။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိုသောသစ်ပင်၊ ရေကန်၊ တရွေ့ရွေ့သွားနေသောတိမ်၊ နွား ကျောင်းသားနှင့်နွား။

ဦးကောက်ရကို ပန်းချီဆွဲပေးဖို့ အလှည့်ရောက်တော့ ဘာပုံလိုချင်လဲဟု သူက မေးသည်။ ဦးကောက်ရက စိတ်တက်ကြ စွာပြော၏။ တစ်ခုခုတော့ လိုချင်ပုံရသည်။ သို့သော် သူ့စကားကို မိမိတို့ နားမလည်။ ဦးကောက်ရစကားကို နားလည်သူဆိုလို့ ဘုန်းကြီးနှင့် သူတို့မိသားစုပဲ ရှိနိုင်သည်။

'ကိုမိုးငြိမ်း ကျွန်မဆန္ဒကတော့ ဦးကောက်ရကို ဖရဲခင်း ပုံလေး ဆွဲပေးစေချင်တယ်။ ဟို ဆရာမကြီးကို သူ့ကျောင်းရဲ့ ပန်းခင်းပုံ ဆွဲပေးခဲ့သလိုပေါ့' မြဝန်းရံ ဦးကြီးမကြားအောင် ခပ်တိုးတိုး အကြံပြုသည်။

ပြည်မိုးငြိမ်း ခဏမျက်မှောင်ကြုတ် တွေဝေနေပြီးမှ

'အင်း တူတော့ မတူဘူး မြဝန်းရံရဲ့။ ဆရာမကြီးက ကြည်နူးကျေနပ်စရာ အတိတ်၊ ဦးကြီးက ကြေကွဲတုန်လှုပ်စရာ အတိတ်။ ဖရဲခင်းကိုမြင်ရရင် သူ့စိတ်ဒဏ်ရာအဟောင်းက အသစ် ဖြစ်လာမှာပေါ့' ဟု ပြောသည်။

မြဝန်းရံကတော့ အတိတ်ကို တူးဖော်ဖို့ စိတ်အားထက် သန်သူဖြစ်သည်။ ကိုယ့်ဆန္ဒကို မမြိုသိပ်နိုင်ဘဲ ဖွင့်ပြောလိုက်မိ သေး၏။

'ကျွန်မသာ ပန်းချီဆွဲတတ်ရင် ဦးကြီးကို မီးလောင်နေ တဲ့ရွာလေးရဲ့ပုံ ဆွဲပေးမိမှာ'

ထိုစကားကြောင့် ပြည်မိုးငြိမ်း၏ မျက်လုံးတွေ တင်းမာ သွားသည်။ မြဝန်းရံကို နောက်ပြောင်နေတာဖြစ်မလားဟု လှမ်း အကဲခတ်ကြည့်နေသည်။ မြဝန်းရံက ခပ်တည်တည်ပင် မျက်လုံး ချင်းဆိုင်လျက် ကြည့်နေသောအခါ



'ညီမ တော်တော်ရက်စက်တာပါလား။ ကျွန်တော် အဲဒီ တော့်ထိ မထင်ထားခဲ့ဘူး' ဟု တိုးတိုးတိတ်တိတ် သို့သော် မာမာနှင့် ပြောလေသည်။

'ကျွန်မကတော့ ဒါကို ရက်စက်တယ်လို့ မယူဆဘူး။ မှန်တရားကို ဖော်ထုတ်ဖို့ တာဝန်ရှိတယ်မဟုတ်လား'

'အဲဒီအမှန်တရားကို ဖော်ထုတ်ဖို့ လုပ်လိုက်လို့ တစ်ခုခု ကျိုးဖြစ်လာရင် ဘယ့်နှယ်လုပ်မလဲ။ ညီမ ကြို စဉ်းစားကြည့် သင့်မယ်'

'ဘာ ဘာဆိုးကျိုးလဲ'

'ညီမ တကယ်မသိဘူးလား။ ညီမ ဆွဲလိုက်တဲ့ပန်းချီ ကြောင့် ဒဏ်ရာဟောင်းတွေ ပြန်ပေါ်ပြီး နာကျင်ကြေကွဲမယ်၊ သကြီးမယ် ဒါမှမဟုတ် စိတ်ဓာတ်ကျမယ်။ နောက်ဆုံး ကိုယ့် ကိုယ်ကိုယ် အဆုံးစီရင်မယ်တဲ့။ ညီမ ဘာလုပ်ပေးမလဲ'

မြဝန်းရံ သူ့ကို စိုက်ကြည့်နေမိသည်။ သူတော်ကောင်း ဖြင့်ပြောနေသူ၏ မမြင်နိုင်သောအမှောင်ခြမ်းမှာ ဘာတွေရှိနေ လဲ။ သိချင်လိုက်တာ။

'မြတ်စွာဘုရားဟောခဲ့တဲ့စကားကြီးခြောက်ခွန်းကို မကြား ဘူးလား။ ဟုတ်မှန်၏ သို့သော် အကျိုးမရှိ။ နာသူလည်း မနှစ် သက်၊ ထိုစကားမျိုးကို မပြောအပ် တဲ့'

'ဒါပေမဲ့ အမှန်တရားအတွက် မှတ်တမ်းမှတ်ရာဆိုတာ တွေမရှိရင် သမိုင်းမှာ ဆိုးယုတ်မှုတွေ ဘယ်တော့မှ ပျောက်ကွယ် သွားမှာ မဟုတ်ဘူးလေ'

မြဝန်းရံအသံကို တည်ငြိမ်အောင်ကြိုးစားလျက် ပြော လိုက်သည်။

'ကျွန်မတို့ ရှေးဟောင်းသုတေသနတူးဖော်ရေးလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



တွေမှာ သင်းချိုင်းဟောင်းတွေ တူးတယ်။ နှစ်ပေါင်း ထောင်သောင်းလောက်က သင်းချိုင်းတွေ တူးရင်း တစ်ခါတစ်ခါ မကြာသေးခင်က လျှို့ဝှက်သင်းချိုင်းတွေပါ တူးမိတာမျိုး ရှိတယ်။ အဲဒီ ရာဇဝတ်မှုမျိုးကို ကျွန်မတို့ ဖော်ထုတ် မှတ်တမ်းတင်ပေးရတာ ဒါ အများအတွက် အကျိုးရှိတဲ့အလုပ်လေ'

'အဲဒါက တစ်မျိုးပါ။ အခု ဦးကြီးအတွက် နာကျင်စေတဲ့ အတိတ်ကို အတင်းအကြပ်တူးဖော်တာက တစ်မျိုးပါ'

မြဝန်းရဲ့ ခေါင်းမာစွာပြုံး၍ ကျောင်းပေါ်သို့ တက်ရန် ခြေလှမ်းပြင်လိုက်သည်။

'မြဝန်းရဲ'

သူ့အသံက အနည်းငယ် လှုပ်ခတ်နေသလိုပါပဲ။ သူမ လှည့်ကြည့်လိုက်သည်။ သူ စုတ်တံကို ကိုင်ရင်း ရှေ့သို့ တိုးကပ်လာသည်။

'ညီမ စိတ်ထက်သန်နေတာကို ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ ဦးကြီးနဲ့ပတ်သက်လို့ ဘာမှ မလှုပ်ရှားခင် ကျွန်တော် တစ်ခုတော့ သတိပေးလိုက်ချင်တယ်'

မြဝန်းရဲ့ ကျောပိုးအိတ်ကို နေရာပြင်၍ မတ်တတ်ရပ်နေလိုက်သည်။ ပြောပါ။ ဘာပြောချင်သလဲ။

'၁၉၉၃ ခုနှစ်တုန်းက ဓာတ်ပုံသတင်းထောက်တစ်ယောက် ဆူဒန်နိုင်ငံမှာကြုံခဲ့တဲ့ အဖြစ်တစ်ခုအကြောင်း ပြောချင်လို့'

မြဝန်းရဲ့ မျက်မှောင် အသာကြုတ်ပြီး မထူးခြားသော မျက်နှာပေးဖြင့် နားထောင်နေလိုက်ပါသည်။

'သူရောက်ခဲ့တဲ့ ကယ်ဆယ်ရေးစခန်းမှာ အစာငတ် ပြတ်နေတဲ့ အရိုးပေါ်အရေတင် ကလေးလေးတွေ အများကြီးပဲ။ အဲဒီ



အဆောက်အဦကနေ ခြေလှမ်းဘယ်လောက်မှ မလှမ်းရသေးဘူး ဒုံထနေတဲ့ မြေလမ်းပေါ်မှာ လူရုပ်မပေါ်အောင် ပိန်ချုံးနေတဲ့ အာဟာရပြတ်တောက်နေတဲ့ ခေါင်းကြီးကိုယ်သေး ကလေးငယ်လေး ကိုယ့်ကိုယ်ကို ဒရွတ်ဆွဲပြီး ဆေးခန်းဆီကို အားယူ လာနေတာ တွေ့ရတယ်။ အဲဒီမြင်ကွင်းက သူ့ကို ညို့ယူထားလိုက်တာနဲ့ ဓာတ်ပုံသတင်းထောက်ပီပီ ကင်မရာကို ထုတ်ပြီး ဓာတ်ပုံ ရိုက်လိုက်တယ်။ ရိုက်နေတုန်းမှာပဲ ကင်မရာမြင်ကွင်းထောင့်မှာ ကလေးရဲ့ ခပ်လှမ်းလှမ်းကနေ ငှက်တစ်ကောင် ကလေးတရွေ့ရွေ့သွားနေတာကို စောင့်ကြည့်နေတယ်။ အဲဒီငှက်ကိုပါ သူ ရလိုက်တော့ တော်တော် ပြောင်မြောက်တဲ့ ဓာတ်ပုံတစ်ပုံ ရလိုက်တာပေါ့။ စကားလုံးပေါင်း ထောင်သောင်းချီပြီး စကားပြောနေတဲ့ ဓာတ်ပုံတစ်ခု။ အမှန်တရားကို ထင်ဟပ်ပြလိုက်တဲ့ ဓာတ်ပုံ တစ်ခုပေါ့'

သူ ဘာပြောချင်သည်ဆိုတာ အနည်းငယ်တော့ ရိပ်မိသလို ရှိသည်။

'အဲဒီဓာတ်ပုံက နျူးယောက်ခ်တိုင်းမ် သတင်းစာရဲ့ မျက်နှာဖုံးဆောင်းပါးအဖြစ် ပါလာတယ်။ ဆူဒန်နိုင်ငံရဲ့ ဆင်းရဲမှုတွေဆိုးဝါးမှုတွေကို တစ်ကမ္ဘာလုံးက မြင်လိုက်ရတယ်။ အလှူဒါနတွေ အာဖရိကနိုင်ငံဆီကို လှိမ့်ဝင်လာတယ်။ ညီမစကားနဲ့ဆိုရင် ဒါ အကျိုးသိပ်ရှိတယ်လို့ ပြောရမှာပေါ့နော်'

သူဆက်ပြောလာမည့် မကောင်းသည့်ရလဒ်တစ်ခု ရှိဦးမည်။ မြဝန်းရဲသိပါသည်။

'ဒါပေမဲ့ ညီမ သိလား။ အဲဒီ ဓာတ်ပုံဆရာ ဘာဖြစ်သွားလဲ ညီမသိလား'

'ဘာဖြစ်သွားလဲ'

www.burmeseclassic.com

www.burmeseclassic.com



'သူ ပူလစ်ဇာဆု ရသွားတယ်'

'အော်'

မဟုတ်သေးဘူး။ သူ့မှာ ပြောစရာတစ်ခုကျန်သေးတယ်။ ဒါ ငါ့ဆီက ဆန့်ကျင်ဘက် စကားတစ်ခုခုထွက်လာဖို့ ငါ့ကို ထောင်ချောက်ဆင်နေတာ။

'အဲဒီကလေးလေး အသက်ရှင်သွားလား'

မြဝန်းရံက မေးလိုက်တော့ ပြည်မိုးငြိမ်း၏မျက်လုံးတွေ အံ့ဩသလို စူးစိုက်သွားသည်။

'ဓာတ်ပုံဆရာက ပြောခဲ့တဲ့ကလေးအကြောင်းက နည်းနည်းလေးပဲ။ သူ ဒီငှင်းတကို ခြောက်လွှတ်လိုက်ပါတယ် တဲ့။ ဓာတ်ပုံလည်း ရိုက်ပြီးရော အနားက သစ်ပင်ပင်စည်တစ်ခုကို မှီပြီး ငိုမိတယ်တဲ့။ အဲဒီလောက်ပဲ ပြောခဲ့တာ'

ဒါဖြင့် ကလေးကိုတော့ ဆေးခန်း ပို့မပေးခဲ့ဘူးဟု ယူဆရမည်။

'အဲဒီတော့ အဲဒီဓာတ်ပုံဆရာနဲ့ ကျွန်မနဲ့ ဘာများ ပတ်သက်လို့လဲ'

'ပူလစ်ဇာဆု ယူပြီး နောက်ခြောက်လလောက်အကြာ မှာ ကိုယ့်ကိုယ်ကို သတ်သေသွားတယ်လေ'

'ဟင်'

'သေတဲ့အချိန်မှာ အသက်သုံးဆယ်ကျော်ခါစပဲ ရှိသေးတယ်'

ဘာဖြစ်လို့ သတ်သေသွားတာလဲဟု မြဝန်းရံ မမေးမိအောင် ထိန်းထားသည်။ သူပေးမည့်အဖြေကို ကြိုတင်သိနေသောကြောင့် ဖြစ်ပါသည်။

'သူရေးထားခဲ့တဲ့စာက တိုတိုလေးပဲ။ အဲဒီထဲက စာတစ်



ကြောင်းက စိတ်ဝင်စားစရာကောင်းတယ်။ ဘဝရဲ့နာကျင်မှုတွေက ပျော်ရွှင်မှုကို ဘယ်လောက်ထိ ဖုံးလွှမ်းသွားလဲဆိုရင် ပျော်စရာ ရယ်လို့ မရှိတော့တဲ့အထိပါပဲ တဲ့'

မြဝန်းရံ သူ့ထံမှ မျက်နှာလွှဲကာ လှေခါးဆီသို့ လျှောက်လာခဲ့သည်။

'ဒါဟာ နှောင်တကနေ ဖြစ်လာတာညီမ။ လူ့ကျင့်ဝတ်ဆိုတဲ့ မေးခွန်းတွေဆီ ရောက်လာရင် ကိုယ့်ကိုယ်ထဲမှာကိုပဲ အမှန်အမှား ပဋိပက္ခတွေ ဖြစ်လာတယ်။ ကျွန်တော်က ညီမကို နှောင်တ မရစေချင်ဘူး'

မြဝန်းရံ လှေခါးကို ခပ်ဖြည်းဖြည်းတက်လာခဲ့ပါသည်။

ဘွားပြုံးက ဦးကောက်ရနှင့်ပတ်သက်၍ ဘာမှ မမှတ်မိတော့သည်ကို ဘုန်းကြီးအား လျှောက်ထားတော့ ဘုန်းကြီးက ခေါင်းတညိတ်ညိတ်နှင့် သက်ပြင်းချသည်။

'အေးကွဲ့ မယ်တော်ကြီးက သူငယ်ပြန်ချင်နေပြီ။ ဒကာကြီးဦးကောက်ရကလည်း သူကြုံခဲ့ရတာတွေကို သတိ ပြန်မရပါဘူး။ ငယ်လွန်းတာကိုး။ မရအောင်လည်း မယ်တော်ကြီးကလည်း ဂရုတစိုက် ပြုစုစောင့်ရှောက်ခဲ့တာပေါ့ဗျာ။ သူကလည်း မယ်တော်ကြီးကို အမေရင်းပဲ ထင်နေတာပဲ။ အမေ့အတွက်ဆို ဘာလုပ်ရ လုပ်ရ ဘယ်သွားရ သွားရ။ အမေ့အတွက် လိုအပ်တဲ့ ဆေးတို့ မုန့်တို့ဆိုရင် သူပဲ မြို့တက်ပြီး သွားသွားဝယ်ပေးတာ'

'ဟင် အဲဒီလိုလည်း ရသလား'

'ရတာပေါ့ ဒကာမလေးရဲ့ စကားမပြောတတ်တာက လွဲရင် သူ့စိတ်က ပုံမှန်ပဲ။ ဈေးဆိုင်က လူတွေကလည်း သူ့ကို သိနေပြီလေ။ နက်ဖြန်ဆို သူ အောင်မြေသာစံကို သွားဦးမှာ။ နေ့ချင်းပြန် သွားလို့ရတယ်။ ဘတ်စ်ကားက မနက်စောစော ဒီကနေ ထွက်တာ

www.burmeseclassic.com

www.burmeseclassic.com



ညနေမိုးမချုပ်ခင် ဒီပြန်ရောက်မှာ။ မပြန်ဖြစ်လဲ ကိစ္စမရှိဘူး။ အဲဒီက ဘုန်းကြီးကျောင်းမှာ သူတည်းလို့ရတယ်။ ဘတ်စ်ကားတွေက တစ်ရက်ခြား ရှိတာကိုး'

မြဝန်းရဲ့ ဘုန်းကြီးကို ခဏငေးနေမိသည်။ ဦးကောက်ရ အောင်မြေသာစံကို သွားမယ်ဆိုပါလား။

'ဒကာမလေးကတော့ ဒီနေ့သွားမှ ဖြစ်မှာလား။ ဘယ်ကိုလဲ'

ပထမတော့ မြဝန်းရဲ့စဉ်းစားထားတာက ရွာချင်းကပ်ရက် လှည်းစုသို့သွားပြီး အဲသည်မှာ စုံစမ်းမေးမြန်း တစ်ညအိပ်ပြီး နောက်တစ်နေ့မှ အောင်မြေသာစံသို့ သွားဖို့ပါ။ သို့သော် ဦးကောက်ရနှင့်အတူ ခရီးသွားရမည့်အခွင့်အရေး။

'တပည့်တော် အောင်မြေသာစံကိုပဲ သွားမှာပါ။ ဒါပေမဲ့ တစ်ရွာဝင် တစ်ရွာထွက် ခြေလျင် ခရီးဆက်ရမလားလို့'

မရေရာမသေချာသောအသံဖြင့် ခပ်နွမ်းနွမ်း ဖြေမိ၏။

'ဟာ အောင်မြေသာစံကို တိုက်ရိုက်သွားလိုက်ပါ။ အပင်ပန်းမခံပါနဲ့။ မနက်ဖြန် ဘတ်စ်ကားရှိတာပဲ။ ကျုပ်ဆီက လွှတ်လိုက်တာဆိုရင် နေရာကောင်းကောင်းရမယ်။ သက်သက်သာသာ သွားလို့ရတယ်။ ကျောက်ခဲကို နေရာမှတ်ခိုင်းလိုက်ပါမယ်'

'တင်ပါ့ဘုရား အဲဒီလိုလည်း ကောင်းတာပါပဲဘုရား'

မြဝန်းရဲ့ ကျောင်းအောက်ကို ပြန်ဆင်းသွားသည့်အခါ ကလေးအုပ်စုထဲမှာ အလုပ်ရှုပ်နေသော ပြည်မိုးငြိမ်းဆီသို့ သူမ လှမ်းကြည့်သည်။ သူက သူမဆီသို့ လုံးဝ လှမ်းမကြည့်နေပါ။သူ ခေါင်းငုံ့လျက် အာရုံစိုက်ကာ ပန်းချီဆွဲနေခြင်း ဖြစ်သည်။ လှေခါးမှ ဆင်းလာသည့်ခြေသံကို တကယ် သူ မကြားတာလား။ သို့မဟုတ် ကြားပါလျက်နှင့် လှည့်မကြည့်ဘဲ တမင်နေခဲ့တာလား။



မြဝန်းရဲ့ သူ့ဆီသို့ လျှောက်သွားလိုက်သည်။ ဦးကောက်ရကို သူ ဘာပုံဆွဲပေးသလဲဟု သိချင်စိတ်ကို ချိုးနှိမ်မရသောကြောင့်ဖြစ်ပါသည်။ ပန်းချီပုံရသွားသောကလေးတွေ မြောက်ကြွမြောက်ကြွ ခုန်ပေါက်ပျော်ရွှင်နေသည့်နေရာသို့ ရောက်သွားတော့ ဦးကောက်ရအတွက် ပုံဆွဲနေတုန်းပဲဟု မြင်ရသည်။ သူမ အပေါ်စီးကနေ ငုံ့ကြည့်လိုက်တော့ ပြည်မိုးငြိမ်းက မော့ကြည့်လာသည်။ သို့သော် အရင်လို နူးညံ့နွေးထွေးမနေဘဲ ခပ်စိမ်းစိမ်း ဖြစ်နေသော သူ့မျက်ဝန်းတွေကို မြင်ရသည့်အခါ မြဝန်းရဲ့ ရင်ထဲက အောင့်သက်သက် ဖြစ်သွားသည်။

'ဘာပုံလဲ'

သူ မဖြေပါ။ သို့သော် သူမ မြင်လိုက်ပါပြီ။ တောင်ကုန်းလေးတစ်ခုပေါ်က ဘုရားစေတီလေး၏အဝေးမြင်ကွင်း၊ အနီးကတော့ မြစ်တစ်စင်း။ မြစ်လယ်မှာက လှေငယ်လေးတစ်စင်း။ မြစ်ကမ်းသည်ဘက်မှာ အပွင့်ဖြူဖြူတွေ ပျောက်တိပျောက်ကြား ဝေနေသော လေဖြင့်ယိမ်းနွဲ့သည့်ကိုင်းတောတစ်ခု။

ဟယ် လှလိုက်တာပါလား။ ပန်းချီကားသည် အေးချမ်းသော ငြိမ်းချမ်းသောရသကို ပေးလေသည်။ တစ်ချိန်တည်းမှာပင် ရပ်တန့်မနေဘဲ လှုပ်ရှားရွေ့လျားသောသဘောကိုလည်း ဆောင်လေသည်။

'ကောင်းလိုက်တာ' ဟု လွှတ်ခနဲ ရေရွတ်မိသည်။

'ဦးကြီးကောက်ရအတွက် အသင့်တော်ဆုံး ပန်းချီပါပဲ' ဟု မှတ်ချက်ချလိုက်ပြီးနောက် အနားမှ ထွက်လာခဲ့၏။

ကုက္ကိုတန်းမှာ နောက်တစ်ညထပ်အိပ်လိုက်လို့ မြဝန်းရဲ့ တစ်ယောက် ဦးကောက်ရနှင့်အတူ ခရီးထွက်ခွင့်ရသွားသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း တကယ်တမ်း ဦးကောက်ရ တရင်းတနှီးအားကိုးသွားသူက ပြည်မိုးငြိမ်းဖြစ်သည်။

ဦးကောက်ရ၏ဘဝမှာ သူ့ကို ဘယ်သူကမှ ပန်းချီကား လက်ဆောင်မပေးဖူးခဲ့။ ဘုရားစောင်းတန်းရှိ ဗုဒ္ဓဝင်တို့ ကောသလ မင်းအိပ်မက် ဆယ့်ခြောက်ချက်တို့ကလွဲပြီး ရုပ်ပုံတွေ ပန်းချီတွေကို လည်း တစ်ခါမှ နီးနီးကပ်ကပ် မတွေ့မြင်ဖူးခဲ့။ ပန်းချီဆိုတာ ဘယ်လို ရေးဆွဲရသည်ဟုလည်း တစ်ခါမှ မလေ့လာဖူးခဲ့။ တစ်ယောက်ယောက်က ခဲတံ၊ စုတ်တံနှင့် စက္ကူပေါ်မှာ အရုပ်ရေးနေသည့်မြင်ကွင်းကိုလည်း တစ်ခါမှ မမြင်ဖူးခဲ့။ မျက်စိအောက်မှာ မြင်ရသောအရာတွေ၊ စိတ်ကူးထဲမှာ မြင်နေရသောအရာတွေကို ပုံပေါ်အောင် ပြန်ရေးလို့ရပါလားဆိုတာ အခုမှပင် သိသွားလေသည်။

(၇)

လူတိုင်းသည် လူကောင်းဖြစ်နိုင်ချေလည်း ရှိပြီး လူဆိုးဖြစ်နိုင်ချေလည်း ရှိနေသည်။

အောင်မြေသာစံသို့မဝင်မီမှာပင် မြဝန်းရံ၏လက်ကိုင်ဖုန်းက အသံမြည်လာသည်။ ထိုအသံကို မကြားရတာ ကြာလှပြီမို့ ပထမတော့ ဘာသံပါလိမ့်ဟု ကြောင်သွားသေးသည်။ နောက်မှ မိမိ၏ကျောပိုးအိတ်ဘေးအိတ်အသေးလေးက မြည်နေတာဟု သိသွားသည်။ နံပါတ်ကို ကြည့်လိုက်တော့ ပျော်သွား၏။ ကြည့်စမ်း သူ ဘယ်တုန်းကတည်းက ဖုန်းကို မရပ်မနား နှိပ်နေတာလဲ။

'ဟဲလို'

'မြဝင်း'

'ကိုဇင်'

'မြဝင်း နင်ဘယ်ရောက်နေတာလဲ။ ငါ့မှာ ခေါ်လိုက်ရတာ။ နင်ခရီးထွက်သွားတာဆို။ ဘာလို့ငါ့ကို မပြောတာလဲ။ အခု ဘယ်မှာလဲ။ နေကောင်းလား နင်ဘာမှ မဖြစ်ဘူးနော်'

'ကိုဇင် ဖြည်းဖြည်း ဖြည်းဖြည်း။ မြဝန်း ပြောမှာပေါ့။ မြဝန်း နေကောင်းတယ်။ ဘာမှ မဖြစ်ဘူး'

'နင်ဘယ်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာလို့ အမှန်အတိုင်းပြောလျှင် စိတ်မချလို့များ စွတ်စွတ်ရွတ်ရွတ် လိုက်လာမလား။ မဖြစ်သေးပါဘူး။

'မြဝန်းကို စိတ်ချပါ။ ဘာမှ မဖြစ်ပါဘူး။ ရှေးဟောင်းသုတေသနအဖွဲ့နဲ့ လိုက်လာတာပါ ကိုဇင်ရဲ့'

ဘာပဲဖြစ်ဖြစ် နောက်မှ သူအမှန်ကို ဖော်ထုတ်သိချင် သိသွားပါစေ။ လောလောဆယ်တော့ သူ့ကို ညာလိုက်၏။ မိမိ ညာလိုက်တာကို ပြည်မိုးငြိမ်းက ဘေးခုံမှာထိုင်ရင်းက ကြားသွားသည်။ မြဝန်းရဲ့ကိုဖျတ်ခနဲလှည့်ကြည့်သည့် သူ့မျက်လုံးတို့မှာ အကဲခတ်သည့်အရိပ်အယောင်တွေ။ မြဝန်းရဲ့ မလုံမလဲဖြစ်သွားသည်။

'အခု ဘယ်မှာလဲလို့'

'မပြောဘူးကွာ။ လိုက်လာချင်လို့မဟုတ်လား'

'မလိုက်ပါဘူး ကိုယ့်ကို အသိတောင်မပေးဘဲ ထွက်သွားတဲ့လူနောက်ကို လိုက်စရာလား'

ထို့နောက် ကိုဇင်က တယ်လီဖုန်းကို ပိတ်ပစ်လိုက်၏။ မြဝန်းရဲ့ စိတ်ထဲက ပြုံးလိုက်သည်။ ကြည့်နေ သူ မကြာခင်မှာ ထပ်ဆက်လာဦးမှာ။

ကားဂိတ်သည် ဈေးနားမှာ ဖြစ်သည်။ တည်းခိုခန်းတစ်ခုကို ကားဖြတ်လာစဉ်က မြင်လိုက်ရသော်လည်း တည်းခိုခန်းမှာ မတည်းချင်ပါ။ ဘုန်းကြီးဦးနန္ဒိယတို့ ဒေါ်သိန်းတင်တို့နှင့် အသိဈေးဆိုင်မှာ တည်းခိုလို့ရသည်ဟု ဒေါ်သိန်းတင်က ပြောခဲ့သည်။ ဦးကောက်ရလည်း တစ်ပတ်တစ်ခါ လာရင် အဲဒီမှာပဲ နေတာ ဟု ဒေါ်ကြီးက ပြောလိုက်သည်မဟုတ်လား။

'ညီမ ဘယ်မှာတည်းမှာလဲ။ ကျွန်တော် ဘာကူညီရမလဲ'

ခပ်စိမ်းစိမ်း မျက်ဝန်းတွေလား။ အရင်ကလို နွေးထွေးသည့်မျက်ဝန်းတွေလား။ အကဲခတ်ကြည့်မိသည်။ နူးညံ့သော မျက်ဝန်းတွေကို မြင်လိုက်ရသဖြင့် မြဝန်းရဲ့ စိတ်သက်သာသွားပါသည်။



'ကျွန်မ ယုန်မင်းဆိုင်မှာ တည်းမှာ။ ဘုန်းဘုန်းတို့နဲ့ ရင်းနှီးဆွေရပ်မျိုးဆိုတော့ စိတ်ချရတယ်လေ'

ဒါ့အပြင် ဦးကောက်ရ၏အတိတ်နှင့်ပတ်သက်တာတွေကိုလည်း တစ်စွန်းတစ်စ သိခွင့်ရချင်ရနိုင်သေးသည်။

'ဒါဆိုရင်လည်း ပြီးရော။ ကျွန်တော်ကတော့ ကျွန်တော့်ဥယျာဉ်ခြံမှာ နေမှာ။ ဝေးတော့ဝေးတယ်။ ခြံနာမည်က ပန်းမြိုင်လယ် တဲ့'

'အော်'

'ဦးကောက်ရကိုလည်း ကျွန်တော့်ဥယျာဉ်မှာပဲ ခေါ်ထားမလို့'

'ဟင်'

မြဝန်းရဲ့ ဘာမှ မပြောနိုင်။ ဘာပြောရမှန်းလည်းမသိ။ တစ်ခဏ ဆွံ့အသွားသလိုခံစားလိုက်ရသည်။

'ကျွန်တော် ဦးကောက်ရကို နှစ်ရက်ခေါ်ထားဖို့ စိတ်ကူးတယ်။ သူ့ကို စိတ်ကြည်နူးစေချင်လို့ပါ။ ဒီကြားထဲ ဦးကြီးနဲ့ တွေ့ချင်ရင် ညီမ ပန်းမြိုင်လယ်ကို လာလို့ရတယ်လေ'

ကြည့်စမ်း။ လက်စသတ်တော့ သတင်းအရင်းအမြစ်ကို သူကပဲ ထိန်းချုပ်ထားမည်ဆိုသည့် အစီအစဉ်ပေါ့။ မြဝန်းရဲ့ အခံရခက်သွားသည်။

'ရှင် တော်တော် ကောက်ကျစ်တာပဲ'

'ဗျာ'

သူက နားမလည်သလို ခပ်တွေတွေမျက်နှာထားနှင့် မြဝန်းရဲ့ကို ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဦးကြီးကို ကျွန်မမမေးနိုင်အောင် သတင်းကို ဖုံးကွယ်ဖို့ ရှင်စီစဉ်ထားတာမဟုတ်လား'

ထိုအခါ ပြည်မိုးငြိမ်းက ခပ်ဟက်ဟက်ရယ်၏။ သရော် သည့်ရယ်သံမှန်း သူမ သိသည်။

'ညီမ အတွေးမခေါင်ပါနဲ့။ ဦးကောက်ရကို မေးချင်ရင် ကြိုက်တဲ့အချိန်မှာ မေးပါ။ အခုလည်း ကျွန်တော်က ဆေးရုံမှာ လူနာအတွက် လိုအပ်တာတွေ လုပ်ပေးဖို့ သွားမှာ။ ဦးကောက်ရ ဒီမှာ ကျန်ခဲ့ဦးမှာပဲ။ မေးပါ။ မမေးနိုင်အောင်လည်း ကျွန်တော် ဘာမှ ကြိုးစားနေစရာမလိုပါဘူး။ အမှန်တရားဆိုတာ ဖုံးကွယ်လို့ လည်း မရဘူးလေ။ ဒါပေမဲ့ ညီမစဉ်းစားဖို့က နဂိုက မရှိတဲ့အရာ တစ်ခုကိုလည်း ဘယ်လိုရှာရှာ မတွေ့နိုင်ဘူး'

မြဝန်းရုံတစ်ကိုယ်လုံး ထူပူပြီး ကျန်ရစ်ခဲ့ပါသည်။

ယုန်မင်းစတိုးသည် စတိုးဆိုင်ချည်းမဟုတ်ဘဲ စားသောက်ဆိုင်နှင့်ပါ တွဲလျက် ဖြစ်သည်။ အပျိုကြီးညီအစ်မက တစ်ယောက်တစ်ဆိုင်စီကို တာဝန်ယူထားသည်။ စားသောက်ဆိုင် ကို တာဝန်ယူတာကညီမ ဒေါ်နန်း။ ခပ်ကျဉ်းကျဉ်း ဆိုင်ဖြစ်ပေမဲ့ တရုပ်အစားအစာမျိုးစုံ ရသည်။ စားသောက်ဆိုင်မှာ အကြော် ဆရာ တစ်ယောက်တည်းရှိ၏။ စားပွဲထိုးသူက ဒေါ်နန်းကိုယ်တိုင် ဖြစ်သည်။ စတိုးဆိုင်ကို တာဝန်ယူတာက အစ်မ ဒေါ်စန်း။ မြို့က လာသည့် မုန့်အစုံအခြောက်မျိုးစုံအပြင် ဆီ၊ ဆန်၊ ဆား၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ ခေါင်းလျှော်ရည်ဘူး၊ လက်သဲညှပ်ကအစ အစုံ ရှိသည်။

ဦးကောက်ရနှင့် သူတို့နှစ်ယောက် ဆက်သွယ်ရာတွင် အဆင်ပြေတာက များသည်။ ဦးကောက်ရ၏ ဗလုံးဗထွေးဝူးဝူး



ဝါးဝါး စကားလုံးတို့ကို သူတို့ ရိပ်ဖမ်းသံဖမ်း သိသည်။

ဤဆိုင်မှာ သူမတည်းခိုဖို့ တော်တော်အဆင်ပြေပါသည်။ နှစ်ခန်းတွဲအဆောက်အဦ၏အပေါ်ထပ်ကလည်း အရှည်လိုက် ခန်းမကျယ်ကြီးဖြစ်သည်။ တစ်ခုပဲ အဆင်မပြေတာက တည်းခို စရိတ်ကို လုံးဝ မယူခြင်း ဖြစ်သည်။ ဘုန်းကြီးက လွှတ်လိုက်တာ ဆိုရင် မယူပါဘူးဟု ဖွင့်ပြောသည်။ ဘယ်လိုမှ ညှိနှိုင်းလို့မရပါ။ မြဝန်းရုံအားနာလှသည်။ သို့သော် ဒီနေရာထက် အဆင်ပြေ လုံခြုံ မည့်နေရာလည်း ဒီမြို့မှာ မရနိုင်ပေ။ ပြည်မိုးငြိမ်းဆီ တည်းဖို့က တော့ ဝေးပါသေးသည်။

ကဲ ဒါဖြင့် ကျွန်မ ကူညီနိုင်သလောက် ကူညီပေးပါရစေ ဆိုတော့ အပျိုကြီးညီအစ်မက အားရပါးရရယ်သည်။

'ကျွန်မတို့အလုပ်တွေကို ဆရာမလေး ဘယ်လုပ်နိုင်ပါ့ မလဲ' တဲ့။

ဈေးရောင်းသည့်ပညာကို သူမ မတတ်ပေမဲ့ စားပွဲထိုး သည့်ပညာတော့ သူမ တတ်ပါသည်ဟု ပြောသည့်အခါလည်း ရယ်ကြပြန်သည်။

'စားပွဲထိုး မထားဘူးလား ဒေါ်ဒေါ်နန်း'

ဆိုင်ရှင်ကိုယ်တိုင် မနားမနေ လုပ်နေရသည်ကို မြင်မိ သောအခါ လူရှင်းသည့်အချိန်တွင် စပ်စပ်စုစု မေးကြည့်မိ၏။

'အံမာလေး မပြောချင်ဘူး ဆရာမလေးရယ်။ ကျွန်မ စားပွဲထိုး မောင်ပေသီးလေး ဆုံးသွားတာ ရက်တောင် မလည်သေး ဘူး။ သူ့နေရာမှာ အသစ်ခေါ်ဖို့လည်း စိတ်က မခိုင်သေးလို့။ မီးဖို ထဲ ဆိုင်ထဲ သူ့ခြေ သူ့လက်ချည်းပဲ သတိရနေတာ'

အော်။ ဆိုင်ရှင်ရဲ့နှလုံးသားက သိပ်နူးညံ့နေသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



'ပြောလိုက်ရဦးမယ် မသေသင့်ဘဲသေရတာတော့။ ကျုပ်ဖြင့် သက်ဆိုင်ရာကို တိုင်ချင်လိုက်တာမှ'

'မနန်း ဒါတွေကို ပြန်မပြောနဲ့လို့ ညည်းကို ငါ ဘယ်နှခါ ပြောရမလဲ'

ဒေါ်ဒေါ်စန်းက သူ့ညီမကို ဟန့်သည်။ ဒေါ်ဒေါ်နန်းက မမှုပါ။

'အို မှန်တာပြောတာပဲ။ ဆရာမလေးတို့များ ကူညီနိုင်ရင်ကူညီပေးပါတော်။ အမှန်အတိုင်း လူတွေ သိစေချင်လို့ပါ။ ဒင်း လူသတ်တာကို အများက သိစေချင်တာ'

ဒေါ်နန်းက ပြောလေ စိတ်လှုပ်ရှားလေ ဖြစ်လာသည်။

'လူသတ်တာ' ဆိုစကားလုံးက မြဝန်းရံ၏နှလုံးသားကို ဖြုန်းခနဲ ဆွဲငင်ယူလိုက်သည်။

'ဘယ်လိုဖြစ်တာလဲ ဒေါ်ဒေါ်'

'ခြေထောက်မှာအနာဖြစ်တာ ဆရာမလေးရယ်။ အဲဒါ ကျွန်မတို့ကုနေကျ ဆရာဝန်ဆီသွားပြတော့ သွေးစစ်ခိုင်းတယ်။ စစ်တော့ ဆီးချိုရောဂါ ရှိသတဲ့။ ဆေးရုံကို လွှတ်တယ်။ သူ့ ဆေးခန်းမှာ လုပ်ပေးလို့မရဘူးတဲ့။ မောင်ပေသီးက ဆေးရုံ မသွားချင်ဘူး။ အဲဒါနဲ့ သူ့အိမ်နားက ဆရာဝန်ဆီသွားပြပြန်တယ်။ အဲဒီ ဆရာဝန်က ဆေးရုံသွားစရာမလိုဘူးတဲ့။ သူ ခွဲပေးနိုင်တယ်တဲ့ ငွေလေးသောင်း ယူခဲ့တဲ့။ အဲဒါနဲ့ ကျွန်မဆီကို မောင်ပေသီး ပြန်လာပြီး ပိုက်ဆံ လာချေးတယ်။ ကျွန်မ ပေးလိုက်ပါတယ်။ ခွဲမယ်ဆိုတော့ စိတ်လည်းမချတာနဲ့ လိုက်သွားတာ။ ဆရာဝန်က သူ့တာပည့် ကွန်ပေါင်းဒါးနဲ့အတူ ခွဲပေးတာ။ သွေးတွေက မြင်မကောင်းဘူး။ မနိုင်မနင်း။ ကျုပ်ဖြင့် မူးကိုယူရော။ အဲဒီ မြင်ကွင်းကို အခုထိ မြင်ပြီး သွေးလန့်နေတုန်းပဲ'



'မနန်း မပြောနဲ့ဆိုတာကို ပြောနေတယ်။ တော်ပြီ ညည်း အဲလို ပြောလို့လည်း သေတဲ့လူက ပြန်မရှင်တော့ဘူး။ အကုသိုလ် ငွေကြွေးလို့ပဲ မှတ်ပါ'

'ဒေါ်ဒေါ်စန်းရယ့် တစ်ခုခု ဆိုးဆိုးဝါးဝါးဖြစ်သွားရင် အဲဒီအတွက် ဘာမှ ပြန်လုပ်ပေးလို့မရပေမဲ့ နောက်ထပ် အဲလို မဖြစ်အောင်တော့ ကာကွယ်နိုင်တာပေါ့'

'အေးလေ။ ကျုပ်မပြောဘူးလား။ ဒီဆရာဝန်အကြောင်း လူတွေသိအောင် သတိပေးလို့ရတာပေါ့ အစ်မရဲ့။ ပြောဦးမယ်။ အဲဒီနေ့က ဆိုက်ကားနဲ့တင်ပြီး ပြန်ခေါ်လာရတယ်နော်။ နောက်နှစ်ရက်လောက်နေတော့ ခြေထောက်ကြီးက ယောင်ကိုင်းပြီး ညိုပုပ်လာတယ်။ လူလည်း ဖျားရော။ အဖျားကလည်း မီးလိုပဲပူလိုက်တာ ခြစ်ခြစ်တောက်၊ ကယောင်ကတန်းတွေ ပြော။ မမြင်ရက်စရာပါတော်'

'အဲဒီတော့'

'အဲဒီတော့ သူ့ကို သွားပင့်တာပေါ့။ သူလိုက်လာတယ်။ ဆေးထိုးပေးတယ်။ ဒါပေမဲ့ မသက်သာဘူး။ နောက်ရက်ကျတော့ သတိလစ်ကရော။ အဲဒီတော့ သူ့ ထပ်မခေါ်တော့ဘဲ ဆေးရုံကို ပို့ရတယ်။ ဆေးရုံကဆရာဝန်တွေက ပျာပျာသလဲ လုပ်ပေးကြပါတယ်။ ဒါပေမဲ့ နောက်ကျနေပြီတဲ့။ သွေးအဆိပ်သင့်တာဆိုလားပဲ။ ဆုံးသွားရှာတယ်။

'ဆေးရုံကို စောစောစီးစီးတက်ပြီး ဆီးချိုကို ထိန်းပြီးမှ ခွဲရင် မသေဘူးလို့ ပြောကြတယ်။ အခုတော့ ဟိုဆရာဝန်က ငွေမက်ပြီး လုပ်လိုက်တာ'

'ဆရာဝန်ကော ဟုတ်ရဲ့လား ဒေါ်ဒေါ်'

www.burmeseclassic.com

www.burmeseclassic.com



'အို ဟုတ်ပ့ါတော်။ ဆရာဝန်အစစ်ပါ။ ဆိုင်းဘုတ်ကြီးမှ ပြူးလို့'

မိစ္ဆာစိတ်ဆိုတာ လူကောင်းဟု သတ်မှတ်ခံရသူတွေမှာလည်း တစ်ခါတစ်ခါ ဝင်လာတတ်တာပဲလား။ မကောင်းဆိုးဝါးဆိုတာကို တကယ်တော့ မြဝန်းရံ နားမလည်နိုင်သေးပါ။

ဘာပဲဖြစ်ဖြစ် ထိုအဖြစ်ကိုတော့ မြဝန်းရံ၏ မှတ်တမ်းထဲမှာ ထည့်သွင်းဖို့ ဆုံးဖြတ်လိုက်ပါသည်။

ရဲစခန်းသို့ ဦးကြီးကောက်ရကို အဖော်ခေါ်လျက် သွားသည်။ ဦးကြီးက ဒေသခံတစ်ပိုင်း ဖြစ်သည်မဟုတ်လား။

ကိုယ့်ကိုယ်ကို အမှန်အတိုင်း မိတ်ဆက်ပြီး မှတ်ပုံတင်ကိုပြကာ နယ်မြေမှာ ဖြစ်ပျက်ခဲ့ဖူးသော မှုခင်းတွေအကြောင်း စုံစမ်းရသည်။ မိမိသည် ရှေးဟောင်းသုတေသနစာရေးဆရာ ဖြစ်ကြောင်း၊ အောင်မြေသာစံမြို့နယ်အတွင်း ရှေးခေတ်နှင့် ယခုခေတ် နှစ်ပေါင်းများစွာအတွင်း ဖြစ်ပွားခဲ့သော လူသတ်မှုများကို လေ့လာနေကြောင်း၊ သမိုင်းမတင်မီ ရှေးဟောင်းသင်္ချိုင်းများကို တူးဖော်သည့်နေရာတွင်လည်း အရိုးစုများကို လေ့လာနေသူဖြစ်ကြောင်း ပြောပြလိုက်သည်။ မြဝန်းရံ၏ စာတမ်းမိတ္တူတစ်စောင်ကို လက်ဆောင်ပေးလိုက်သည်။ လိပ်စာကဒ်ပြားကိုလည်း ပေးလိုက်သည်။ ရဲအုပ်က ကူညီချင်စိတ် ထက်သန်ပါသည်။ မြဝန်းရံအား အံ့သြသည့် အမူအရာကိုတော့ မဖုံးကွယ်နိုင်။ သို့သော် စိတ်ပါလက်ပါ ပြောပြပေးသည်။

လောလောလတ်လတ်ဖြစ်ပွားခဲ့သောအမှုမှာ ရွှေမှုန်ဝင်း၏အမှုဖြစ်သည်။ တရားခံကို ပေါက်ကုန်းကျေးရွာမှာ ပုန်းခိုနေဆဲမိခဲ့ပြီ။ အောင်မြေသာစံရဲစခန်းသို့ မနက်ဖြန် ရောက်လာလိမ့်မည်။



ထိုစကားကို ကြားတော့ သူမရင်ထဲမှာ လေးပင်နေသည့် ကျပ်ဆို့မှုကြီး လျော့ကျကာ သက်သာသွားပါသည်။

ယခင်နှစ်များက ဖြစ်ပွားခဲ့သည့်အမှုတွေအကြောင်းကို ဒုရဲအုပ်က လက်လှမ်းမီသလောက်ပြောပြသည်။ သူပြောပြသမျှ ဖြစ်ရပ်တိုင်းမှာ ဇာတ်လမ်းတွေရှိသည်။

ငွေလုပြီး လူသတ်သည့်အမှုမှာ ရက်စက်သည်ဟု ပြောရမည်။ သတ်သူက လင်မယား နှစ်ယောက်၊ ခံရသူကတစ်ယောက်တည်း။ လူသတ်လိုက်မည်ဟု ကြိုတင်ကြံစည်မှုမရှိဘဲ ငွေလိုချင်လို့သာ အခွင့်အရေးရတုန်း ရရာလက်နက်ဆွဲပြီး အရေးပေါ် သတ်ရသည်မို့ ဝက်အူလှည့်၊ ဓားတို့ဖြင့် နေရာအနှံ့ကိုထိုး၊ ရုန်းကန်နေသူကို နှစ်ယောက်ဖမ်းချုပ်လျက် မသေမချင်း သတ်တာတဲ့။ မြဝန်းရံ နားထောင်ရင်း ရင်ထဲက ပျို့လာကာ ကြက်သီးထသွားသည်။ အမှန်တော့ သူမသည် စိတ်နှလုံးခိုင်မာသည့် မိန်းမမျိုးတော့ မဟုတ်ပေ။

နောက်တစ်မှုက မိန်းမဖြစ်သူ နောက်မီးလင်းလို့ ဒေါသမထိန်းနိုင်သည့် ယောက်ျားက နောက်ယောက်ျားကို ဓားနှင့် ခုတ်သတ်မှု။ မုဒိန်းမှု၊ လူသတ်မှု၊ ဒီ့ထက်ဆိုးယုတ်ထူးခြားတာတွေတော့ စာရင်းမှာ မရှိ။ ရှိလည်း မရှိနိုင်ပေ။

'လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်ခြောက်ဆယ်လောက်တုန်းက ဒီပတ်ဝန်းကျင်မှာ သူပုန်တွေလားဘာလား တစ်ရွာလုံး သတ်ပြီး မီးရှို့ပစ်ခဲ့တဲ့ဖြစ်ရပ် ဖြစ်သွားခဲ့ဖူးတယ်လို့ လူကြီးတွေက ပြောပါတယ်။ အဲဒါများ ပိုလ်ကြီး ကြားမိ သိမိလားဟင်'

မေးသာမေးရသည်။ မိမိ၏မေးခွန်းက ယောင်ဝါးဝါး နိုင်လှသည်ကို သိနေသည်။

'နှစ်ငါးဆယ်ဆိုတော့ ဖဆပလခေတ်ဖြစ်မလား'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတုန်းက လွတ်ပြေးလာတဲ့ လေးနှစ်ရွယ်ကလေးက အခု အသက်ခြောက်ဆယ်ရှိပြီဆိုတော့ လွန်ခဲ့တဲ့ ငါးဆယ့်ခြောက်နှစ်ပေါ့ ဗိုလ်ကြီး'

'ဒါဆို ၁၉၅၁နှစ်ပေါ့။ အဲဒါ ဖဆပလခေတ်ဗျ။ အဲဒီခေတ်က ရောင်စုံသူပုန်ခေတ်ကိုး။ အလံနီ၊ အလံဖြူ၊ ပြည်သူ့ရဲဘော်၊ ကေအင်ဒီအိုတွေ တောခိုသွားပြီး မြို့တွေကို ဝင်ဝင်စီးနေတဲ့ကာလ'

ရဲအရာရှိမှာ သမိုင်းနှင့်နိုင်ငံရေးကို ကျေညက်သူဖြစ်ပါလားဟု သူမ အားတက်သွားသည်။

ပြည်တွင်းစစ်ကာလတုန်းက ဖြစ်မှုများ ဖြစ်ရပ်များကို ကြားဖူးတာတွေ မှတ်တမ်းမှာ ဖတ်ဖူးတာတွေ ရှိပါသလားဟု မေးကြည့်သော်လည်း မထူးခြားပါ။

'အဲဒီခေတ်က စစ်တပ်နဲ့သူပုန်နဲ့တိုက်ခဲ့ကြတဲ့ ပြည်တွင်းစစ်ကာလဖြစ်နေတာကိုး။ ဒီနယ်က မန္တလေးနဲ့နီးနေတော့ ဒီနယ်လည်း မကင်းနိုင်ဘူးပေါ့ဆရာမရယ်။ သူပုန်က မန္တလေးမြို့ကြီးနဲ့ မုံရွာမြို့ကြီးတွေကို ဝိုင်းခဲ့သေးတာပဲ။ ခုနှစ်တော့ ကျွန်တော် မမှတ်မိဘူး။ သတင်းစာတွေထဲမှာတော့ ပါနိုင်တယ်။ ဆရာမ စာကြည့်တိုက်မှာ သွားရှာဖို့လည်း လိုမယ်ထင်တယ်'

ဒုရဲအုပ်၏အသက်က မိမိထက်ကြီးလျှင် ခုနစ်နှစ်ရှစ်နှစ်ပေါ့။ ကိုယ်မမီသည့် ဖြစ်ရပ်တို့ကို သုတေသနစိတ်မရှိဘဲနှင့် မှတ်တမ်းမှတ်ရာတွေ ဘယ်သူမှ လေ့လာမှာမဟုတ်ပါ။ သို့သော် သူ ပြောလိုက်သည့် အချက်အလက်တွေနှင့်တိုက်ပြီး ရှာရမှာပဲ။ သူ့ထောက်ပြချက်တွေက အကျိုးရှိပါသည်။

'ကျေးဇူးတင်ပါတယ် ဗိုလ်ကြီးရယ်။ ဒါဆို သတင်းစာတွေလည်း အားကိုးကြည့်လိုက်ပါဦးမယ်'



သတင်းစာထဲမှာ မပါနိုင်သည့် ဆိုးယုတ်မှုတွေလည်း ရှိမှာပဲဟု စိတ်က အားလျော့ချင်ချင်။

'ကျွန်တော်တစ်ခါဖတ်ဖူးတဲ့ သတင်းစာဟောင်းထဲမှာတော့ အဲဒီ ပြည်တွင်းစစ်ကာလတုန်းက အသက်သေခဲ့ရတာ သူ့ဘက်ကိုယ့်ဖက်၊ ပြည်သူလူထု၊ စုစုပေါင်း သုံးသောင်းကျော်တယ်တဲ့။ အတိအကျ ရေးထားတာ'

မြဝန်းရဲ့ နောက်တစ်ဆင့်တက်ရမှာက တရားရေးဝန်ထမ်းတို့ ရှေ့နေတို့ကိုတွေ့ဖို့၊ စာအုပ်စာတမ်း ထိန်းသိမ်းထားသည့် နေရာကို ရှာဖို့ ဖြစ်သည်။ ဒီနယ်မှာ စာကြည့်တိုက်က မစုံဘူးဆိုလျှင်လည်း ရန်ကုန်က အမျိုးသားစာကြည့်တိုက်မှာ သွားရှာမည်။ ဖတ်ပါရဲ့ ငါက သတင်းစာကို ဘာဖြစ်လို့ အရင်ဆုံး ဦးစားပေးကြည့်ခဲ့မိပါလိမ့်။

သို့သော် နောက်မှ နောက်မှ၊ လောလောဆယ်တော့ မြဝန်းရဲ့ အနားယူဖို့ လိုနေပြီ။ ဦးကြီးလည်း သူမ နောက်တကောက်ကောက်လိုက်ရတာ ပင်ပန်းနေလောက်ပြီ။

ဆိုင်သို့ ပြန်ရောက်သည့်အခါ ပြည်မိုးငြိမ်း ရောက်နေပြီ။ ရွာမှ ထွက်လာတုန်းက အဝတ်အစားအတိုင်းပဲ။ ကြေမွ နွမ်းပတ်နေသည်။ ဆံပင်ကိုတော့ သေသေသပ်သပ် ဖြီးထား၏။ မြဝန်းရဲ့နှင့် ဦးကြီးကောက်ရကို မြင်တော့ စိတ်စောနေဟန်ဖြင့် ပြုံးခနဲ မတ်တတ်ရပ်လိုက်သည်။

'ကဲ မပြောဘူးလား။ အစ်ကိုကောက်က လူလည်ပါဆို။ ဆရာမလေးကို နေရာအနှံ့ လိုက်ပို့ပေးမှာပေါ့'

ဒေါ်ဒေါ်စန်းက ပြည်မိုးငြိမ်းအား မေးငေါ့ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'မြဝန်းရဲ့ သွားချင်တဲ့နေရာတွေရှိရင် ကျွန်တော့်ကို ပြောပါ။ ကျွန်တော် အားတဲ့အချိန်မှာ လိုက်ပို့ပေးပါမယ်။ တခြားနေရာတွေမှာ ညီမရဲ့လုံခြုံရေးအတွက် တာဝန်မရှိပေမဲ့ အောင်မြေသာစံမှာတော့ ကျွန်တော့်တာဝန်ပဲ။ ဦးကြီးအတွက်လည်း ကျွန်တော့်မှာ တာဝန်ရှိတယ်'

'ရှင့်မှာ ကျွန်မအတွက် ဘာတာဝန်မှ မရှိပါဘူး။ မလိုမှ မလိုဘဲ။ နောက်ပြီး စိတ်ချပါ နောက်တစ်ခါ ကျွန်မ ဦးကြီးကို ဘယ်မှ ခေါ်မသွားပါဘူး'

'မဟုတ်ဘူး ကျွန်တော်ပြောတာ အဲဒီအဓိပ္ပါယ်မဟုတ်...'

မြဝန်းရဲ့ သူ့ကို မျက်နှာချင်းဆိုင် တည့်တည့်ကြည့်ပစ်လိုက်၏။

'အဲဒီအဓိပ္ပါယ်မဟုတ်ရင် ဘာအဓိပ္ပါယ်လဲ ပြောပါဦး'

'ညီမ ကျွန်တော့်ကို ရန်လိုနေတယ်'

သူတို့နှစ်ယောက် အချီအချပြောနေသည့်စကားများကို ဦးကြီးက နားလည်ပုံမရသော်လည်း စိတ်ညစ်သွားပုံတော့ရ၏။ ပြည်မိုးငြိမ်းကို ပခုံးပုတ်ကာ နှစ်သိမ့်သည်။

'ကျွန်မ ရန်မလိုပါဘူး။ ဒါပေမဲ့ စိတ်မကောင်းတော့ ဖြစ်မိတယ်'

'ကျွန်တော့်ကြောင့်လား'

'ဟုတ်တယ်'

သူမ မညာတတ်ပါ။

'ကျွန်မကို နေရာတကာမှာ လိုက်ပြီး ပိတ်ဆို့ထားတယ်လို့ ခံစားရတယ်'

သူ့မျက်ဝန်းတွေမှာ မြင်ခဲ့ရဖူးသော နူးညံ့ခင်မင်မှုကို ယခု ပြန်တွေ့လိုက်ရသည်။



'ဆောရီး ညီမ ကျွန်တော့်ကို အထင်လွဲနေတာ ဖြစ်ပါလိမ့်မယ်။ ကျွန်တော် ဘာမှ မပိတ်ဆို့ပါဘူး။ ဒါဖြင့် ဦးကြီးနဲ့ ကြာကြာနေလို့ရအောင် ဥယျာဉ်ထဲ လိုက်မလား'

'သူစိမ်းယောကျ်ားနှစ်ယောက်နဲ့ ခြံကြီးတစ်ခြံထဲမှာ ဘယ်မိန်းမက လိုက်နေမလဲရှင့်'

'ဟာ'

သူ မျက်လုံးပြူးသွားကာ လက်ကာပြသည်။

'မဟုတ်ဘူး မဟုတ်ဘူး။ ကျွန်တော့်ဥယျာဉ်ဆိုတာ အဲဒီလိုတောရိုင်းမြေကြီးမဟုတ်ဘူး။ ဟောဗျာ။ အဲဒီမှာအမျိုးသမီးတွေ သင်တန်းသားသင်တန်းသူတွေ ဆရာမတွေ အများကြီး ညီမရဲ့။ မယုံရင် အန်တီစန်းတို့ကို မေးကြည့်ပါ။ အန်တီစန်း ပြောပြပေးပါဦးဗျာ'

ထိုအခါ ဒေါ်ဒေါ်စန်းက ပြုံးလျက် ဝင်ပြောသည်။

'အဲဒီမှာ လူတွေ သုံးဆယ်လောက် ရှိတယ် ဆရာမရဲ့။ အဲဒီမှာက ရွာသေးသေးလေးလိုပဲ။ အစားအသောက်လည်း ခြံထွက်သီးနှံတွေပဲ စားကြတာ။ အသီးအရွက်ပေါ့'

'ဒီညနေ သူတို့က ဖွင့်ပွဲညမို့ စပယ်ရှယ်အစီအစဉ်တဲ့ ယိုးဒယားစာ စားချင်တယ်ဆိုလို့ ကျွန်မတို့က ဒီညတော့ ထမင်းထုပ်ပို့ပေးရမယ်' ဟု ဒေါ်ဒေါ်နန်းက မီးဖိုထဲက ထွက်လာရင်း ပြောသည်။

'အော်'

'အခု ထမင်းထုပ် အဆင်သင့်ဖြစ်ပြီလား အန်တီနန်း'

'ဖြစ်မလား။ ဒီအတိုင်း ဖော့ဘူးနဲ့ဆို ပြီးပြီ။ အခုတော့ ငှက်ပျောရွက်နဲ့ဆို။ ကပ်ကပ်သတ်သတ်တော် ငှက်ပျောရွက်က အခုမှ ရေဆေးတုန်း။ စောင့်ဦး နောက်ထပ် နာရီဝက်'

www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောဖက်နှင့်ထုပ်မည့် ထမင်းထုပ်ဆိုပါလား။ ထူးထူးဆန်းဆန်း။ ယှန်မင်းဆိုင်ရှင်တို့၏ စေတနာသဒ္ဓါတရားကို ကျေးဇူးဆပ်ရန် အခုပင်အခွင့်ကြုံလာ၏။ ထမင်းထုပ်က လူအစိတ်စာတဲ့။ ငှက်ပျောဖက်တွေနှင့် နှီးကြိုးတွေကို အသုံးပြုပြီး ထုပ်ပိုးပေးပါတဲ့။

'ငှက်ပျောဖက်ဆေးရဦးမှာနဲ့ အဝတ်နဲ့သုတ်ရဦးမှာနဲ့ ထမင်းထုပ်မပြီးလို့ နောက်ကျရင် အပြစ်ဖြစ်ဦးမယ်'

'ဒေါ်ဒေါ် ကျွန်မ ငှက်ပျောရွက်တွေကို ကူဖြတ်ပြီး အဝတ်နဲ့သုတ်ပေးပါရစေ'

ထမင်းဟင်းချက်ဖို့ကိုလည်း ဝါသနာမပါ။ မီးဖိုချောင်ကိုလည်း စိတ်မဝင်စားသည့် မြဝန်းရံသည် ယခုအခါ ငှက်ပျောရွက်တွေကို ရေဇလုံထဲထည့် အရွက်မပြတ်အောင် ဂရုစိုက်ပြီး ရေဆေး၊ ထမင်းတစ်ထုပ်စာတစ်ထုပ်စာ အရွယ်ရအောင် ဖြတ်၊ ပြီးတော့ အဝတ်သန့်သန့်နှင့် အတွင်းမျက်နှာကို သုတ်ပေးနေရတော့သည်။

ယိုးဒယားထမင်းကြော်တဲ့။ အံမယ်၊ အောင်မြေသာစံလိုတောမြို့လေးက ယိုးဒယားထမင်းကြော်ဟာ ဘယ်လိုအရသာ ရှိမှာပါလိမ့်။

'ဒေါ်ဒေါ်နန်းက ယိုးဒယားရောက်ဖူးလို့လား'

'ရောက်ဖူးပါဘူး။ ဒါပေမဲ့ပေါက်စက အဲဒီမှာ စားသောက်ဆိုင်မှာလုပ်လာတာ အကြာကြီး'

မြဝန်းရံ ပြုံးရယ်မိပြီး စပ်စပ်စုစု လှမ်းကြည့်မိသည်။ ဒေါ်ဒေါ်နန်း၏အကြော်ဆရာက ယိုးဒယားပြန်ပေါ့။

'ပေါက်စ ဘယ်နှနှစ်လဲဟဲ့'

'သုံးနှစ်'

'ကဲ။ ဆရာမလေး။ ယိုးဒယားရောက်ဖူးလား'



'ရောက်ဖူးပါတယ် ဒေါ်ဒေါ်'

'စားပြီးရင် လက်ရာကို ဝေဖန်ပါဦး။ ဘာတွေကွာလဲ။ ကျွန်ုပ်တို့ကတော့ ယိုးဒယားမပြောနဲ့ ကော့သောင်းတောင် မရောက်ဖူးပါဘူး။ ကိုပြေကတော့တူတယ်လို့ပြောတာပဲ။ ဟုတ်လားကိုပြေ'

'တူပါ့ဗျာ။ ဘန်ကောက်ကထမင်းကြော်နဲ့ နင်လားငါလားပဲ'

ပြည်မိုးငြိမ်းက ပြောပြီး ရယ်မောလေသည်။

ကိုပေါက်စ၏ယိုးဒယားထမင်းကြော်သည် ရန်ကုန်မြို့ကတော်ရုံတန်ရုံ စားသောက်ဆိုင်တွေထက် ကောင်းမည့်ပုံပဲ။ အနံ့ကိုမွှေးကြည့်ရုံနှင့် စားချင်စိတ်ပေါ်လာပြီ။ သတ်သတ်လွတ်မို့ ဘဲဥကြက်ဥ မထည့်ရတာမို့ ပဲပြားကို ကြော်ပြီး ထည့်ပေးသည်။ သခွားသီးအပိုင်းလိုက်လေးတွေ လှီးထည့်၊ သံပုရာသီးက နွေရာသီမှာ ရှားလှသော်လည်း သံပုရာသီး တစ်ခြမ်းစီထည့်၊ ပြီးတော့ ကြက်သွန်မြိတ်နှင့်ငရုတ်သီးစိမ်းတောင့်လေးတွေ ရိပ်ရိပ်ပါအောင် လှီးထည့်ထားသည့် ပဲငံပြာရည်ကို ပလတ်စတစ်အိတ်သေးသေးလေးတွေနှင့် ထည့်ပေးထားသည်။

'ဒေါ်ဒေါ် ငှက်ပျောဖက်နဲ့လိုချင်တယ်ဆိုတော့ ပလတ်စတစ် မသုံးချင်လို့ဖြစ်မှာ ငံပြာရည်ကို ပလတ်စတစ်နဲ့ ထည့်လို့ဖြစ်ပါ့မလား'

အပြင်က ပြည်မိုးငြိမ်း မကြားစေရန် တိုးတိုးတိတ်တိတ်မေးမိသည်။

'အို ဆရာမနယ်။ ငံပြာရည်ကို ပလတ်စတစ်နဲ့မထည့်ရင် ဘာနဲ့ထည့်မတုန်း။ ပြောပါဦး'

အဲ ဟုတ်ပါ့။ ဘာနဲ့ထည့်မတုန်း။ ကိုယ့်ဟာကိုယ်လည်း ရယ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီး ဟင်းချိုကလည်း ထည့်ပေးရဦးမယ်'

'ဒီလိုလုပ်ပါလား ဒေါ်ဒေါ်နန်းရဲ့ ဟင်းချိုကို ဒန်ချိုင့်နဲ့ပဲ ထည့်သွားမယ်။ ပြီးတော့ ဒီ ပြန်သယ်လာမှာပေါ့။ ဟိုလူ့ကို အဲလို နှိပ်စက်လိုက်မယ်လေ။ သူ ပြန်ပို့ပေးလိမ့်မယ်နော်'

ဆိုင်မှထွက်တော့ ညနေခြောက်နာရီ ထိုးခါနီးနေပြီ။

သူမောင်းလာသည့်ကားက ဆန်နီပစ်ကပ်မို့ မြဝန်းရံ က ကားနောက်ခန်းမှာပဲ ထိုင်ဖို့ပြင်သည်။ ဦးကြီးဦးကောက်ရက သူမ ကို ဖွတ်အတင်း ကားရှေ့ခန်းပို့ပြီး သူက နောက်ခန်းတွင် တက် သည်။ သူမသည် ရှုပ်ပျက်ဆင်းပျက်မဖြစ်စေချင်လို့ ဦးကြီးကို အလျှော့ပေးလိုက်ပါသည်။

ဆယ်မိုင်ခရီးက လမ်းကြမ်းသဖြင့် မိုင်နှစ်ဆယ်လောက် ထင်ရသည်။ ရဲစခန်းဘက်သွားသည့်လမ်းမဟုတ်ဘဲ တခြား ဘက်သို့ ကားကို ချိုးကွေ့သည်။ မြို့အထွက်လမ်း ဖြစ်၏။ မြို့ထဲ လောက် မြင်းလှည်းတွေ ဆိုက်ကားတွေ မရှုပ်ထွေးပေ။ ဖုံကတော့ ထူသည်။ အိမ်တွေက ခြံဝိုင်းပိုကျယ်လာပြီး အိမ်ကြီး အိမ်ကောင်း တွေ များပါသည်။

'နေ့လည်က ကျွန်တော်ဆိုင်ကိုရောက်တော့ ညီမ မရှိဘူး ဆိုတာသိတော့ ကျွန်တော် စိတ်ပူသွားမိတယ်'

ကြားသားမိုးကြိုး။ သူ ပြေပြေပြစ်ပြစ် စကားပြောလာ သည်။ မျက်နှာကို သူ့ဘက် မလှည့်ဘဲ မျက်စိထောင့်ကနေ တစ်ချက်တော့ စွေကြည့်မိသည်။ သူ မြဝန်းရံကို ကြည့်မနေပါ။

သူနှင့်မြဝန်းရံအကြားတွင် လက်တစ်ဝါးစာလောက်ပဲ ခြား၏။ ဂီယာကို လှမ်းဆုပ်ကိုင်လိုက်သော သူ့လက်ချောင်း တွေ ကိုလည်း မျက်စိထောင့်ကနေပဲ ခိုးကြည့်မိသည်။ ထို ဘယ်ဘက် လက်သူကြွယ်မှာ ခပ်ပါးပါးသေးသေး ရွှေလက်စွပ်တစ်ခု ရှိသည်။



ဆင်စွယ်လိုလို ဖြူနုစ်နုစ်ကျောက်လေးကို မြုပ်ထားသည့် မောင်း ကွင်းဖြစ်သည်။

'ညီမသွားချင်တဲ့နေရာတွေကို ကျွန်တော် လိုက်ပို့ပေးပါ့ မယ်။ အားမနာပါနဲ့'

သိမ်မွေ့စွာပြောလိုက်သော သူ့စကားကြောင့် အသာပြုံး မိသည်။

'ကျွန်မဒီနေ့ ရဲစခန်းကို သွားစုံစမ်းတာ။ လူသတ်မှုတို့ ဆိုးယုတ်မှုတို့ကို စုံစမ်းကြည့်တာ။ နောက်နေ့ကျရင် တရားရေး ဝန်ထမ်းတွေဆီ သွားစုံစမ်းဦးမှာ။ မတွေ့မချင်း မေးနေဦးမှာ။ ရှင် လိုက်ပို့ချင်သလား'

ဒီတစ်ခါတော့ သူ လှည့်ကြည့်၏။ သူ့မျက်နှာမှာ အပြုံး တစ်ခု ရှိနေသည်။

'လိုက်ပို့ပါမယ်။ ညီမရှာနေတဲ့အရာကို မတွေ့စေချင်ပေ မဲ့ ညီမသွားချင်တဲ့နေရာကိုတော့ လိုက်ပို့ချင်တယ်လေ'

မြဝန်းရံ သူ့ဆီကနေ ကမန်းကတန်း မျက်နှာလွှဲပစ်လိုက် ရသည်။

ချောင်းတစ်ခုကို ဖြတ်ရသည်။ ချောင်းကူးတံတားသည် ပျဉ်ခင်း ပျဉ်ကာ။ ချောင်းကူးတံတားပေါ်ကနေ ကားဖြတ်တော့ ချောင်းအောက်က ရေကို လှမ်းကြည့်မိသည်။ ချောင်းရေက မကြည်လင်ပေ။ နွံ့ရောင်ထနေသည်။ အိပ်မက်ထဲမှာတော့ ရေက ကြည်လိုက်တာ။

အို။ ငါဘာလို့ အိပ်မက်ကို သွားတွေးနေမိပါလိမ့်။ အိပ် မက်ထဲမှာတုန်းက သူ့လက်က နွေးလိုက်တာ။

'ကျွန်မမေးစရာတစ်ခုရှိတယ်။ အမှန်အတိုင်း ဖြေမလား'

'မေးပါ ကျွန်တော် ညီမကို မလိမ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ အောင်မြေသာစံကိုလာမယ်ဆိုတာ ရှင် ဘယ်လို လုပ် သိလဲ'

'မသိပါဘူး ဒါပေမဲ့ ခန့်မှန်းကြည့်တာ'

'ဘယ်လိုလုပ် ခန့်မှန်းလဲ'

ပြည်မိုးငြိမ်းက အဖြေရခက်စွာ ရယ်မောသည်။ ခဏ ကြာအောင် ပြုံးနေပြီးမှ ဖြေသည်။

'ညီမရဲ့နာမည်၊ ညီမအလုပ်နဲ့၊ ညီမစာတမ်းကို အင်တာ နက်ထဲမှာ ရှာကြည့်တော့ ညီမနဲ့ပတ်သက်တဲ့သတင်းတွေ အများ ကြီးတွေ့တာပေါ့။ ဆောင်းပါးတွေ စာတမ်းတွေ ညီလာခံ တက် ရောက်သူ စာရင်းတွေထဲမှာ ညီမနာမည်က ခဏခဏ ပါတယ်။ ညီမဓာတ်ပုံတွေလည်း အများကြီးပဲ တွေ့တယ်'

ဟောတော်။ ရင်ထဲမှာ သိမ့်ခနဲလှုပ်ရှားသွား၏။ သူမ ကိုယ်သူမ အင်တာနက်ထဲမှာ တစ်ခါမှ ရှာမကြည့်ဖူးခဲ့ပါ။

'ညီမကို လေ့လာဖို့ နည်းနည်းတော့ အချိန်ယူရတာပေါ့။ စာတွေဖတ်ရင်း ဖတ်ရင်းနဲ့ ညီမလုပ်တဲ့အလုပ်တွေ ညီမ တက်ခဲ့တဲ့ ဂျပန်တက္ကသိုလ်အကြောင်း၊ ညီမ ပြုစုနေတဲ့ ပါရဂူဘွဲ့ စာတမ်း အကြောင်းကို သိလာတယ်။ ညီမပြောဖူးတဲ့ အောင်မြေသာစံက ပျူနယ်မြေအကြောင်းကို သိထားတယ်လေ။ ညီမဟာ ဒီကိုလာ နိုင်တယ်လို့ ခန့်မှန်းမိတယ်။ ဒါပေမဲ့ ဘယ်တော့လာမှာလဲ။ အဲဒါ က အခက်က လျှို့ဝှက်ချက်လေ'

တဖြည်းဖြည်းနှင့် မြို့ပြင်သို့ ရောက်လာသည်။ ပိန္နဲခြံ တွေ၊ သရက်ခြံတွေကို ကျော်လာသည်။

'အခက်ဆုံးကလည်း အဲဒီအပိုင်းပါပဲ'

ထုံးဖြူဖြူဘုရားစေတီလေးတစ်ခုကို ကျော်လာသည်။ငါး ကန်ဟုထင်ရသော ရေအပြည့်နှင့်ကန်တချို့ကို ကျော်လာသည်။



'ညီမ ယုံပါ့မလားမသိဘူး။ ကျွန်တော် အခု ပိုလန်ကပြန် လာတဲ့သုံးလအတွင်းမှာ ရှေးဟောင်းသုတေသနနဲ့ပတ်သက်တဲ့ ကျမ်းတစ်စောင် ပြုစုနိုင်လောက်အောင် အဲဒီဘာသာရပ်ကို လေ့လာပြီးသွားပြီ'

သူက မြဝန်းရံကို ငဲ့စောင်းကြည့်လျက် ပြုံးပြသည်။ မြဝန်းရံ ရင်ထဲမှာ နွေးသွား၏။

'တူးဖော်မှုတွေကို နွေဦးရာသီနဲ့ မိုးကုန်ခါစ ဆောင်း အကူးမှာ ပြန်စပြီး လုပ်ကြတယ်ဆိုတာ ခဏခဏဖတ်မိတယ်'

'ဟင့်အင်း အဲဒါက အများအားဖြင့်တော့ ဟုတ်တယ်။ ဒါပေမဲ့ ချွင်းချက်တွေ အများကြီးရှိပါတယ်'

အသံမတုန်အောင် သတိထားပြီး ထိန်းပြောရသည်။

'ကိစ္စမရှိဘူးလေ။ ယေဘုယျတော့မှန်တယ်မဟုတ်လား'

'အင်း ဒါပေမဲ့ အခုဟာက တိုက်ဆိုင်မှုသက်သက်ပါပဲ'

'မဟုတ်ဘူးညီမ။ ကျွန်တော်ပြောမယ်လေ။ ညီမရဲ့ အထူးပြုဘာသာရပ်က ဇီဝရှေးဟောင်းသုတေသနလို့ သိပြီးတဲ့ နောက်မှာ အရှေ့တောင်အာရှ ဇီဝရှေးဟောင်းသုတေသနဆိုတဲ့ သတင်းစာစောင်ကို အင်တာနက်မှာတွေ့တော့ နှစ်အလိုက်ရှာပြီး ဖတ်ကြည့်တာပေါ့။ ၂၀၀၆ခုနှစ်၊ ၂၀၀၇ခုနှစ်၊ ၂၀၀၈ခုနှစ်၊ နှစ်တိုင်းနှစ်တိုင်းက သတင်းစာစောင်ကို ရှာပြီး ဖတ်ဖြစ်တယ်'

ဒါ အံ့ဩစရာမဟုတ်ပါ။ အရှေ့တောင်အာရှ ရှေးဟောင်း သုတေသနတွေ့ရှိချက်များကို ထိုစာစောင်မှာ အဖွဲ့လိုက်တင်ကြ သည်။ သို့သော် အောင်မြေသာစံရှိ ပျူရှေးဟောင်းသချိုင်းကိုတော့ သူမကိုယ်တိုင်လည်း အခုမှလာရောက်မိခြင်းမို့ ထိုစာစောင်မှာ ဘာမှ မရေးခဲ့မိပါ။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီစာစောင်ထဲမှာ ရှေ့ဆက်လုပ်ဖြစ်မဲ့ လုပ်ငန်းစဉ်တွေကိုလည်းရေးထားတာဆိုတော့ ညီမတို့ရဲ့အဖွဲ့ အခုဖေဖော်ဝါရီလ ၁၄ရက်နေ့မှာ စဖြစ်မယ်လို့ ဖတ်ရတယ်လေ'

'ဟင် တကယ်' အံ့သြစွာ ပြုံးမိသည်။

'အော် တကယ်ပေါ့'

'စုံထောက်ကြီးဦးစံရှားနဲ့ လာတွေ့နေပါလား'

သူ ရှေ့တည့်တည့်ကြည့်မောင်းနေရင်း ရယ်မော၏။

'ဒါပေမဲ့ ဒါ တိုက်ဆိုင်တာသက်သက်ဆိုတာ အဲဒါ ပြောတာရှင့်။ တကယ်တော့ ကျွန်မဆရာတွေက ဖေဖော်ဝါရီ ၁၄မှာ ဗီဇာမရလို့ နောက်နှစ်ပတ်ရွှေ့လိုက်ရတယ်လေ။ အဲဒါကို ရှင်မှ မသိဘဲ။ ရှင်သိခဲ့ရင် ကျွန်မနဲ့ရှင် တွေ့မှာမဟုတ်ဘူး'

'အို ရက်ရွှေ့တာသိရင်လည်း ရက်ရွှေ့တဲ့အတိုင်း ကျွန်တော်လိုက်လာရင် တွေ့မှာပဲ၊ နှစ်ပတ်နောက်ကျပြီး တွေ့တာပဲ ရှိမယ်'

မြဝန်းရံပါးပြင်နှစ်ဖက်မှာ ပူနွေးလာ၏။

'ဟင့်အင်း အဲဒီကျရင် မတွေ့နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ အဲဒီရက်မှာ မပါနိုင်ဘူး။ ပြင်သစ်မှာ ညီလာခံတစ်ခု သွားရမှာမို့'

'ဟောဗျား'

သူ စရယ်တော့မှ အနေခက်နေသော မြဝန်းရံပါ လိုက်ရယ်နိုင်တော့သည်။

နေစမ်းပါဦး။ ဘာဖြစ်လို့ဒီလောက်ဖွဲ့ကောင်းကောင်းနဲ့ စုံစမ်းပြီး လိုက်နေတာလဲ။

ထိုမေးခွန်းကို မေးရကောင်းမလား။ မမေးသင့်ဘူးလား စဉ်းစားတွေဝေနေဆဲ ကားက မြေနီလမ်းကြားတစ်ခုသို့ ချိုးကွေ့



ဝင်လိုက်သည်။ ဘေးတစ်ဖက်တစ်ချက်တွင် စနစ်တကျ စိုက်ပျိုးထားသော ပုဏ္ဏရိပ်ပင်တန်းကြီးသည် အနီရောင်အပွင့်များ ပြွတ်သိပ်ခဲလျက် ညီညာစွာ လှပနေသည်။

'ရောက်ပြီဗျ'

အထဲသို့ တော်တော်လေး ဝင်ပြီးတော့မှ ကွန်ကရစ်မုခ်ဦးတစ်ခုကို ရောက်သည်။ မုခ်ဦးပေါ်မှာ ပန်းမြိုင်လယ် ဟူသော စာတန်းကို ထွင်းထားသည်။ မုခ်ဦးကို ဖြတ်ကျော်ပြီးနောက် ကျယ်ဝန်းလှသော ခြံကြီးထဲသို့ ရောက်ပါသည်။

ပြည်မိုးငြိမ်း ပြောခဲ့စဉ်တုန်းက သူ့ ဥယျာဉ်ခြံမြေဆိုတာ ဒီလောက် ဧရိယာကျယ်ဝန်းလိမ့်မည်ဟု မထင်ခဲ့ပေ။ သူ့ကို ကြည့်ရတာလည်း ဥယျာဉ်ခြံမြေ ပိုင်ဆိုင်သူနှင့်မတူ။ ပြောသာ ပြောရသည်၊ သူက ပန်းချီဆရာနှင့်လည်းမတူပါ။ ပို့ဇ်နန်မြို့လေးမှာ တွေ့တုန်းက ပြည်မိုးငြိမ်းသည် ပညာတတ်အထက်လွှာကလူ၊ ကိုယ့်ကိုယ်ကို အလကားနေရင်း အထင်ကြီးကာ ကျေနပ်နေသူ အဖြစ်မြင်ရသည်။ မြဝန်းရံ၏ မျက်စိထဲတွင် ပြည်မိုးငြိမ်းက ထိုပထမဆုံးမြင်ခဲ့ရသည့် သွင်ပြင်နှင့် အလိုက်ဖက်ဆုံးပါ။ အခုတော့ ဒီလူက တလေးတွေကို အလိုလိုက်သည့် ပန်းချီဆရာ၊ သစ်ပင်တွေနှင့် အလုပ်လုပ်သည့် ဥယျာဉ်ခြံမြေပိုင်ရှင် တဲ့။ မယုံနိုင်စရာ။

ဝင်လိုက်လျှင်ဝင်လိုက်ချင်း စိမ့်နေအောင်အေးမြသည်ကို သတိထားမိသည်။ အဝင်ကွက်လပ်ကားရပ်ရာ၏ ပတ်လည်တွင် ပန်းပွင့်သည့်အပင်ပုတွေ ချုံတွေ ဝန်းရံနေသည်။ ပန်းနုရောင်နှင့် အဖြူရောင် တစ်ခြမ်းစီစပ်ထားသည့်ပန်းပွင့်များသည် ထားဝယ်မှိုင်းပန်းတွေဖြစ်သည်။ အုပ်ဆိုင်းဖြာနေသည့်ထားဝယ်မှိုင်းပွင့်တွေ၏ နောက် ခပ်လှမ်းလှမ်းမှာတော့ ကျောက်ကြမ်းတွေဖြင့် ဆောက်ထားသော နှစ်ထပ်အဆောက်အဦတစ်ခု။ ကားပေါ်က ဆင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ ပန်းနံ့ မွှေးပျံ့လာသည်။ အို မွှေးလိုက်တာ။ အသက်ကို ခပ်ပြင်းပြင်း ရှိုက်ရှူမိသွားသည်။

အသက်ဘစနှစ် ၂၀ ဝန်းကျင်ဖြစ်မည့် လူငယ်တချို့ ကား ဆီသို့ ပြေးထွက်လာသည်။ ထမင်းလာပြီ ထမင်းလာပြီဟု အော် ဟစ်လာကြသည်။

'ဖြည်းဖြည်းမ ကြနော်။ သတိထား ဟင်းချိုက ပူတယ်'

မိမိက ပန်းရနံ့ကိုအရသာခံရှူရင်း ပန်းအမျိုးအစားခန့်မှန်း နေဆဲ ပြည်မိုးငြိမ်းက ထမင်းတာဝန်ခံနေရာသို့ ဘယ်လို ရောက် သွားမှန်းမသိ။ ထမင်းထုပ်တွေထည့်ထားသောခြင်းတို့ကို တစ်ခုပြီး တစ်ခု ချလျက် လူငယ်တွေကို ပေးနေသည်။

မြဝန်းရံသည် အဆောက်အဦဆီသွားနေသည့် သူတို့ အုပ်စုထံမှ ခွဲထွက်ကာ လူသွားလမ်းတစ်ခုကနေ ဥယျာဉ်ဆီသို့ လျှောက်သွားဖြစ်သည်။ သဘာဝကျောက်တုံး ကျောက်သားပြား တွေကို မြက်ခင်းမြေထဲတွင် နှစ်လျက် လူသွားလမ်းဖြစ်အောင် ပြုပြင်ဖန်တီးထားသော ခိုင်ခန့်လှပသည့် လမ်းလေးဖြစ်သည်။ ကျောက်တုံးခင်းလူသွားလမ်းသည် သင်တန်းခန်းမအဆောက်အဦ မှ ခွဲထွက်လျက် ကွေ့ကာကောက်ကာဖြင့် တည်းခိုဆောင်လို အဆောက်အဦလေးတွေဆီသို့ ရောက်သည်။

ထိုအဆောက်အဦလေးတွေကို မြင်မိတော့ မြဝန်းရံ ကြည်နူးချမ်းမြေ့သွားသည်။

အဆောက်အဦတစ်ခုချင်းမှာ သစ်သားဆင်ဝင်နှင့် ဆင် ဝင်ပေါ်မှာ နွယ်တက်နေသော လှပသည့် ပန်းချုံတစ်မျိုးစီ ရှိကြ တာကိုး။ ကြည့်စမ်း။ လှလိုက်တာ။ အနီးဆုံး အဆောက်အဦ ဆင်ဝင်က ခရမ်းရောင်ဖြစ်နေသည်။ ဘာဖြစ်လို့လဲဆိုတော့ ပန်းချုံ က ပန်းပွင့်တို့သည် အသံချဲ့စက်အော်လံပုံသဏ္ဍာန်ပန်းတွေ ဖြစ်



နေလို့ပါပဲ။ ခရာပြာဟု ခေါ်မလား။ ထို ခရမ်းရောင်ပန်းပွင့်တို့သည် ညွတ်ပျောင်းစွာ အုပ်ဆိုင်းဖြာကျနေသည်။ ကိုယ့်ကိုယ်ကို သတိ ထားမိခင်မှာပင် နောက်ထပ် အဆောက်အဦရှိရာသို့ ခြေလှမ်း လှမ်းမိတော့သည်။

နောက်ထပ်သစ်သားမုခ်ဦးက အဝါရောင်ပါ။ သူ့အပေါ် နွယ်တက်အုပ်ဆိုင်းနေသော ပန်းချုံက ခိုင်ရွှေဝါပင်ဖြစ်ပြီး အဝါ ရောင်ပန်းပွင့်သေးသေးတွေ ဝေဆာအောင် ပွင့်နေသောကြောင့် ဖြစ်သည်။ နောက်ထပ်ခြေလှမ်းလှမ်းမိသည့် အဆောက်အဦလေး ၏ မုခ်ဦးက ပန်းရောင်။ တိုက်ပန်းဟု ခေါ်သော ပန်းရောင်အပွင့် သေးသေးတွေက အရွက်ကိုတောင် မမြင်ရလောက်အောင် တစ်လုံးကျွတ်ပွင့်နေလို့ တစ်ပြင်လုံး ပန်းသွေးရင့်ရောင်ဖြစ်နေသည်။ ရှေ့ဆက် ခြေလှမ်းမလှမ်းမိအောင် မိမိကိုဆွဲဆောင်လိုက်သော နေရာမှာ ပန်းရင့်ရောင်၏ဘေးမှ သွယ်နွဲ့သော အဖြူရောင် သဏ္ဍာန်။

အမျိုးသမီးတစ်ဦး ဖြစ်သည်။ ပျော့ပြောင်းပါးလျားသော် လည်းပိတ်ဆီးသော အဖြူရောင်ချည်ထည်ဘောင်းဘီအပွနှင့် အင်္ကျီလက်ရှည်အပွကိုဝတ်ထားပြီး ပန်းရောင်မုခ်ဦးရှေ့မှာ မတ် မတ်ရပ်နေ၏။ ပန်းရောင်ချုံနွယ်တို့ဆီမှ သစ်ရွက်ခြောက် သစ်ရွက် နွမ်းများကို ရှာဖွေဖြုတ်ယူပြီး လက်ထဲမှာ ကိုင်ထားသည့် ကြိမ်ခြင်း လေးထဲသို့ ထည့်နေသည်။ ခြံစောင့်အလုပ်သမတစ်ဦး မဟုတ်နိုင်။ သူမ သစ်ရွက်ချွေနေပုံက ခမ်းနားလွန်းသဖြင့် ဥယျာဉ်မှူး သို့မဟုတ် သစ်ပင်များကို ပိုင်စိုးသော ပိုင်ရှင်တစ်ယောက်နှင့်တူနေသည်။

သူမကို တစ်ယောက်ယောက် လှမ်းကြည့်နေမှန်း ခံစားမိ ဟန်ဖြင့် မြဝန်းရံဘက်သို့ လှည့်ကြည့်သည်။ သူမမျက်နှာကို အနီး ကပ် မြင်ရသည့်အခါ မြဝန်းရံ အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောမောပြေပြစ်သောမျက်နှာတစ်ခုဖြစ်သည်။ ဆံပင်များကို နောက်ဖက်မှာစုထုံးထားသည်။ ဆံထုံးမှ ပိုထွက်နေသောဆံပင်တို့က ပခုံးပေါ်တွင်ပျော့ပြောင်းဖြောင့်စင်းစွာ ကပိုကရို တင်နေ၏။

သူမ မြဝန်းရံကို မြင်သည့်အတွက် အံ့ဩသွားသည်။ ခြင်းတောင်းလေးကို တံတောင်ဆစ်မှာချိတ်ရင်း ချုံဘေးမှ ခွာထွက်လိုက်သည်။ မြဝန်းရံအား စူးစမ်းကြည့်ဖြင့် ပြန်အကဲခတ်သည့် မျက်လုံးများတွင် နွေးထွေးမှုကို ခံစားရသည်။ သို့သော် တစ်ပြိုင်တည်းမှာ ပါးနပ်လိမ်မာမှုကိုလည်း မြင်တွေ့မိသည်။ သူမ၏ နှုတ်ခမ်းက ချက်ချင်းပင် ပြုံးလာ၏။ ဘယ်သူ့ကိုမဆို ထိုအပြုံးဖြင့် နှစ်သိမ့်ဖို့ အဆင်သင့် ဖြစ်နေသော နှုတ်ခမ်းများနှင့် လွယ်လင့်တကူ ပြုံးနိုင်သော ငြိမ်းချမ်းသည့်အပြုံးမျိုး ဖြစ်သည်။

'မင်္ဂလာပါ' မြဝန်းရံက စပြီး နှုတ်ဆက်လိုက်သည်။

သူမကလည်း မင်္ဂလာပါ ဟု ပြန်နှုတ်ဆက်ပြီး မြဝန်းရံ အနီးသို့ လျှောက်လာသည်။

'ဧည့်သည်ထင်တယ်။ တို့နာမည်က သီရိဝေ။ ဒီ ပန်းခြံ လယ် အီကိုဗီးလေ့ဂ်ျ ရဲ့ အုပ်ချုပ်ရေးမှူးပါ'

'အော် ဟုတ်ကဲ့ပါရှင်။ တွေ့ရတာဝမ်းသာပါတယ်အစ်မ ကျွန်မနာမည် မြဝန်းရံပါ။ အလွန်ပျင်းစရာကောင်းတဲ့ ရှေးဟောင်း သုတေသနဘာသာရပ်ကို စာရေးနေတဲ့သူပါ'

'အော် စိတ်ဝင်စားစရာပဲ'

သူမ လှစ်ခနဲ ပြုံးပြီး ပြောလိုက်သည်။

'ဟုတ်လား။ ကျွန်မကတော့ အစ်မရဲ့ လှပတဲ့ဥယျာဉ်ကို စိတ်ဝင်စားတယ်'

ထို့နောက် အမျိုးသမီးနှစ်ယောက် တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ကာ ရယ်မောမိကြသည်။



'ဒါနဲ့ ဒီနာမည်ကို တို့ကြားဖူးနေတယ်'

သီရိဝေ၏လက်တွေက နူးညံ့စွာနွေးထွေးလှသည်ကို မြဝန်းရံ သတိထားမိသည်။ ထွေးထွေးအိအိ ချစ်စရာ။ အသားအရေကလည်း နေထိမခံသည့် ဖြူဝင်းချောမွတ်သော အသားမျိုး ဖြစ်သည်။

နောက်ဘက်က ခြေဖွဖွနင်းသံ ကြားရသည်။ မသီရိ၏ မျက်လုံးတွေက မြဝန်းရံကိုကျော်ပြီး နောက်ဘက်သို့ လှမ်းကြည့်သည်။ ထိုမျက်လုံးတွေ တောက်ပရွှင်လန်းသွားပုံက ညဉ့်ဦးယံ ကြယ်တစ်ပွင့် လက်သွားသလို။

မြဝန်းရံလှည့်ကြည့်လိုက်တော့ ပြည်မိုးငြိမ်း ဖြစ်ပါသည်။ ပြည်မိုးငြိမ်းက ရှေ့သို့ ခပ်သွက်သွက် လျှောက်လာ၏။ သူ့နောက် မလှမ်းမကမ်းမှာတော့ ဦးကြီး ဦးကောက်ရ။

'ကိုပြေ ကြည့်စမ်း။ မင်း ဘယ်တုန်းက ရောက်နေလဲ'

သူတို့နှစ်ယောက်၏ တော်တော် ရင်းနှီးကျွမ်းဝင်သည့် အပြုံးများကို လုံးဝမအံ့ဩပါနဲ့ဟု ကိုယ့်ကိုယ်ကို သတိပေးမိ၏။

'ကျွန်တော် နေ့လည်ကရောက်တယ်။ မမဝေနေကောင်းရဲ့လား။ နည်းနည်း ပိန်သွားလားလို့'

သူ့အသံနှင့်သူ့မျက်ဝန်းမှာ ကရုဏာအရိပ်အငွေ့တွေ။

'နေ့လည်က ရောက်တာကို အခုမှ လာရသလားကွယ်'

မသီရိ၏အသံက မှုန့်ဟန် မသိမသာ စွက်နေသလား။

'ကျွန်တော် ဆေးရုံကိုလည်း သွားလိုက်ရသေးတယ်။ နောက်ပြီး မနက်ဖြန် ဟိုဘက်တောအတွက် တောစောင့် ထပ်ခေါ်ဖို့ လူရွေးမဲ့ကိစ္စတွေလည်း ဒီနေ့ပဲ စီစဉ်လိုက်လို့ပါ။ မမ နည်းနည်း ပိန်သွားတယ် ပင်ပန်းလို့လား'

'ထင်လို့ပါကွယ်'

www.burmeseclassic.com

www.burmeseclassic.com



မသီရိက ခပ်တိုးတိုးရယ်မောသည်။ ထို့နောက်အနားမှာ မြဝန်းရံရှိနေသည်ကို ပြန်သတိရသွားကာ ပြုံးကြည့်သည်။

'ကိုပြေနဲ့ သိလား'

'ဟုတ်ကဲ့မမဝေ။ ဒီကို ကျွန်တော်ပဲ ခေါ်လာခဲ့တာ။ မြဝန်းရံဆိုတာ သူပဲပေါ့ မမ'

'အော် ဟုတ်ပြီ'

သည်တစ်ကြိမ် မသီရိကြည့်လိုက်သော မျက်ဝန်းတွေမှာ စူးရှတောက်ပသည်။ အဓိပ္ပါယ်တစ်ခုခု ပါသည်။ သို့သော် ဘာအဓိပ္ပါယ်လဲ မသိ။ ခဏကြာတော့မှ ပြုံးလေသည်။

မြဝန်းရံဆိုတာ သူပဲပေါ့ တဲ့။ ဒါဖြင့် သူတို့ မိမိအကြောင်းကို စကားလက်ဆုံပြောခဲ့ကြဖူးတယ်ပေါ့။ ထိုအတွေးကြောင့် မြဝန်းရံ နှလုံးဆီမှ မျက်ခနဲ အောင့်သွားပါသည်။ တစ်ခဏ တိတ် ဆိတ်နေပြီးမှ မသီရိက စကားစပြောသည်။

'အတော်ပဲ ဒီကညီမကို အကူအညီတောင်းရဦးမယ်။ အခု သင်တန်းက ကလေးတွေကို တစ်ချိန်လောက် ရှေးဟောင်းသုတေသနနဲ့ ပတ်သက်ပြီး သင်ပေးမလား ဟင်'

မသီရိက မြဝန်းရံကို ရင်းနှီးစွာ မေးသည်။

'အဲ မမဝေ လုပ်ပြီ။ လူမတွေ့လိုက်နဲ့၊ တွေ့လိုက်တာနဲ့ စာသင်ခိုင်းတော့တာပဲ'

အပြစ်တင်စကားပြောနေသူ၏မျက်နှာမှာ ကျေနပ်မှုနှင့် ရင်းနှီးကျွမ်းဝင်မှုကို မြင်နေရသည်။

'ဟဲ့ ဘာဖြစ်လဲ။ ရှေးဟောင်းသုတေသနလိုပညာမျိုးက လူတိုင်းမှ မသင်နိုင်တာ၊ ရှားရှားပါးပါး တွေ့တုန်းလေး'

ပြည်မိုးငြိမ်းကို ချစ်စနိုး မျက်စောင်းထိုးကြည့်လိုက်သော မသီရိ၏မျက်ဝန်းနက်နက်တွေ သိပ်လှတာပါပဲလား။ ထို မျက်ဝန်းတွေ၏အကြည့်ကို ကျေကျေနပ်နပ် ခံယူလိုက်သူ၏ အပြုံးကလည်း ရွှန်းလဲ့လျက်။



'ကျွန်မ ကလေးတွေကို စာမသင်တတ်ပါဘူး'

မြဝန်းရံ တိုတိုပြတ်ပြတ် ငြင်းပစ်လိုက်မိတော့သည်။

'တို့အဝတ်အစား လဲလိုက်ဦးမယ်။ ညီမရဲ့ ခရီးဆောင်အိတ်တွေရော။ ကိုပြေ ညီမကို ဒီအဆောင်မှာပဲ ထားရအောင်လေ။ တို့နဲ့ နီးနီးနားနား'

ပြည်မိုးငြိမ်း ဘာမှ မပြောနိုင်ခင် သူမ ချက်ချင်းဝင်ခြေလိုက်သည်။

'ကျွန်မ ဒီမှာမတည်းပါဘူး'

'အို ဘာဖြစ်လို့လဲ'

'ကျွန်မ ယုန်မင်းစတိုးမှာ တည်းတာ'

'အို မြို့လယ်ခေါင်ကြီးမှာ ကျဉ်းကျဉ်းကြပ်ကြပ် ဆူဆူညံညံ။ ဖုံကလည်း ထူသေးတယ်။ နောက်ပြီး ဆိုင်ဆိုရင် လူဝင်လူထွက်ကလည်း ရှုပ်ဦးမယ်။ မတည်းပါနဲ့။ ဒီမှာတည်းပါ။ ဒီမှာ အေးအေးချမ်းချမ်းရှိတယ် ညီမမှာ အဖော်ပါသေးလား'

'မပါဘူး'

'ပြောင်းလာခဲ့ပါ။ ဒီမှာ ပိုပြီးလွတ်လပ်တယ်။ အားမနာရဘူးလေ။ သီးသန့်အခန်းတွေနဲ့ နေရတာပါ'

'ဟုတ်ကဲ့ ကျွန်မ စဉ်းစားပါဦးမယ်။ ဒီညတော့ ဒေါ်ဒေါ်ဝန်းတို့ဆီ ပြန်ဦးမှ'

'အိုကေ အိုကေ။ ညီမ လာလေ။ အထဲဝင် ထိုင်ပါဦး'

ဟင့်အင်း။ ကျွန်မ မဝင်ချင်ပါဘူး။

'ရတယ်အစ်မ ကျွန်မ ဒီအပြင်မှာပဲ ပန်းပင်တွေ ကြည့်နေတော့မယ်။ အေးအေးဆေးဆေး အချိန်ယူပါ'

www.burmeseclassic.com

www.burmeseclassic.com



မသီရိ အဝတ်အစားဝင်လဲနေတုန်း ပြည်မိုးငြိမ်းနှင့် ဦးကောက်ရတို့ တည်းခိုနေရာသို့ ခရီးဆောင်အိတ်များ သွားထားကြသဖြင့် မြဝန်းရံတစ်ယောက်တည်းရပ်လျက် ပတ်ဝန်းကျင်ကို လေ့လာ စူးစမ်းရင်း ကျန်ခဲ့သည်။

သေသေချာချာကြည့်တော့ အဆောက်အဦတွေသည် နွံ့ဖြင့်ဆောက်လုပ်ထားတာပါလား။ နွံ့ပေါ်ကနေ ဆေးသုတ်ထားခြင်းဖြစ်သည်။ နွံ့အိမ်ဆိုတော့ အထဲမှာ အေးမှာပဲနော်။ ငွေလည်းအကုန်သက်သာမယ်။ တချို့နေရာတွေမှာ နွံ့အိမ်နံရံကို ကပ်လျက် နွယ်ပင်တို့ ပေါက်နေကြသည်။ အရိုင်းပုံစံ ပေါက်နေတာမဟုတ်၊ သေသေချာချာစီစဉ်ပြီး နွယ်တက်စေသည့်ပုံစံဖြင့် သေသေသပ်သပ် လှလှပပ။ နွယ်ရွက်တို့သည် အစိမ်းမှောင်မှောင်။ အသဲပုံအရွက်တွေ ဖြစ်သည်။ သစ်ပင်နှင့် ပတ်သက်လို့ ဘာမှ ရေရေရာရာ မသိသော မြဝန်းရံသည် မိမိ ရှေ့မှ သစ်ပင်ချုံနွယ်မျိုးစုံ မြင်ကွင်းကို ငေးမောနေမိသည်။

မသီရိပြန်ထွက်လာသည့်အခါ ပန်းရောင် ပွင့်ရိုက် ချည်ထည်ထမီနှင့်အင်္ကျီကို ဝတ်လာသည်။

မြန်မာဝတ်စုံနှင့် နောက်တွဲဆံထုံးနှင့် ချောမောလှပ သောမသီရိကိုကြည့်ရင်း မြဝန်းရံအသိစိတ်မှာ လက်ခနဲမှတ်မိလာ၏။

'အစ်မကို ကျွန်မ မြင်ဖူးတယ်'

'ဟုတ်လား'

သို့သော် ဘယ်မှာ မြင်ဖူးပါလိမ့်။ မြဝန်းရံ အသဲအသန် စဉ်းစားနေသည်။ ဒီလို ချောမောတဲ့ရုပ်ရည်။ မဟာဆန်တဲ့အလှ။ ဘယ်မှာ မြင်ဖူးပါလိမ့်။

'တို့ကတော့ ညီမကို မမြင်ဖူးတာ သေချာတယ်ကွဲ့'

ထို့နောက် သူမ ခပ်သွက်သွက်ရယ်လေသည်။



'အစ်မ ဒီမှာနေတာ ကြာပြီလား'

'အစ်မက ဒီမြို့ဇာတိ မဟုတ်ပါဘူး။ အစ်မက ရှမ်းပြည်နယ်မှာမွေးပြီး နယ်အနှံ့ နေခဲ့ရတာ။ အစ်မအဖေက ဝန်ထမ်းလေ။ ဒီကိုရောက်တာတော့ ဆယ်နှစ်ကျော်ကျော်ပဲ ရှိသေးတယ်'

ထမင်းစားခန်းဆီသို့ ထွက်လာကြသည့်အခါ ပြည်မိုးငြိမ်းနှင့် ဦးကောက်ရက ရှေ့မှ လျှောက်ပြီး မသီရိက မြဝန်းရံနှင့်အတူ ယှဉ်တွဲလျက် လိုက်လာသည်။

'ဒီလို ဥယျာဉ်တစ်ခုဖြစ်လာဖို့ ဘယ်နနှစ်လောက် ဖန်တီးယူရလဲဟင် အစ်မ'

'တို့က ငွေပဲစိုက်ပြီး နှမ်းဖြူးတာပါကွယ်။ တကယ်လုပ်တော့ ကိုပြေပဲ လုပ်တာပါ'

ထိုစကားကြောင့် ပြည်မိုးငြိမ်းက ရှေ့မှာ သွားနေရာက ခဏရပ်ပြီး လှည့်ကြည့်သည်။

'မမဝေရဲ့ စီမံအုပ်ချုပ်မှုအတိုင်း ကျွန်တော်က လိုက်အကောင်အထည်ဖော်ပေးတာပါ။ ဥယျာဉ် ဒီလိုပုံစံဖြစ်လာအောင် ဆယ်နှစ်ကြာတယ်။ အဘိုးက ကျွန်တော့်အတွက် ဒီမြေကို အမွေထားခဲ့တော့ ကျွန်တော့်အသက်က ၂၀ပဲ ရှိသေးတာ။ ကျွန်တော် ဘယ်စီမံတတ်မလဲ။ ကျွန်တော့်မှာ ငွေလည်းမရှိဘူးလေ။ မမဝေက အစစအဆုံး ကူညီပေးခဲ့တာပေါ့'

ပြည်မိုးငြိမ်းက မသီရိအား ပြုံးလျက် ကြည့်နေသည်။ အင်း တစ်ယောက်နဲ့တစ်ယောက် ကျေးဇူးကို လွှဲချ တင်နေကြတဲ့ လူနှစ်ယောက်။ သူတို့မျက်လုံးတွေက တစ်ယောက်အပေါ် တစ်ယောက်က ထားသည့်မေတ္တာကို မဖုံးကွယ်ကြပေ။

မြဝန်းရံသည် မိမိက သူတို့နှစ်ယောက်အနားမှာ နေမှ နေသင့်ရဲ့လားဟု စိတ်ကျဉ်းကြပ်လာသည်။ ဘယ်သူမှ မကြား

www.burmeseclassic.com

www.burmeseclassic.com



အောင် ပင့်သက်ကို ခိုးပြီး ရှိုက်လိုက်မိသည်။ ကားဆီကိုပဲ ပြန်သွားရမလား။ ဒါမှမဟုတ် ရှေ့ဆက်လမ်းလျှောက်ရမလား။

'ဒီကလေးက အမေကလည်းဆုံးသွား၊ အဖေကလည်း နောက်မိန်းမယူသွား၊ တွယ်ရာမဲ့ လွင့်မျောနေတဲ့အချိန် တို့နဲ့အလုပ်တွဲလုပ်ဖြစ်တော့ သူ့ဘဝလေး အနယ်ထိုင်လာတာ ညီမရေ။ တို့က သူ့အတွက် အစ်မ ဆိုလည်း ဟုတ်၊ အမေဆိုလည်း ဟုတ်။ လုပ်ဖော်ကိုင်ဖက်လည်း ဟုတ်တယ်။ အုပ်ထိန်းသူလည်း ဟုတ်တယ်'

စကားအဆက်အစပ်မရှိဘဲ မသီရိက မြဝန်းရံကို စိုက်ကြည့်ပြီး ခပ်တိုးတိုး ပြောလာသည်။

'အို'

ဘာဖြစ်လို့ ကျွန်မကို ဒီစကားတွေ လာပြောနေတာလဲ။ အားမနာတမ်း မေးပစ်ချင်စိတ်ကို မြိုသိပ်လိုက်ရ၏။

ပြည်မိုးငြိမ်းအား တစ်ချက်လှမ်းကြည့်တော့ သူ မိမိကို ကြည့်မနေဘဲ မသီရိကိုသာ ပြုံးကြည့်နေသည်။ ဒါပေမဲ့ မောင်နှမတော့မဟုတ်ဘူးဆိုတာ အစကတည်းက သူမရိပ်မိပါသည်။

သင်တန်းခန်းမသို့အဝင် ပေါ်တီကိုအောက်တွင် ကြီးမားသောစဉ့်ပန်းအိုးကြီးနှစ်လုံးကို တစ်ဖက်စီမှာ ချထားသည်။ ပန်းအိုးထဲက အနီရောင် တရုပ်စံကားပင်တွေသည် အပွင့်တွေ ဝေဆာနေသည်။

သင်တန်းခန်းမသည် လျှာထိုးခင်းထားသည့် ခန်းမကျယ်ကြီးဖြစ်သည်။ မှန်တံခါးတပ် ပြတင်းပေါက်ကျယ်တွေက နံရံ သုံးဖက်တွင် ရှိနေသည်။ ပြတင်းတွေကို ပိတ်ထားသည်။ နောက်ဘက်နံရံကတော့ ရေချိုးခန်း အိမ်သာတွေဆီ သွားသည့် စင်္ကြန်လမ်းဖောက်ထားသည်။ စင်္ကြန်တစ်ဖက်တစ်ချက်မှာ အခန်းတွေ ရှိသေးသည်။



ဖန်ချောင်းထွန်းထားသည့် မီးရောင်အလင်းအောက်မှာ သင်တန်းသူ သင်တန်းသားလူငယ်လေးတွေ ထမင်းစားနေကြသည်။ သူတို့မှာ ကုလားထိုင်စားပွဲမရှိ။ ကြမ်းခင်းပေါ်တွင် ခေါင်းအုံးပျော့လေးတွေကို ဖင်ခုထိုင်လျက် ကိုယ့်ရှေ့မှာ ထမင်းထုပ်ချဖြည်ကာ ဇွန်းခက်ရင်းဖြင့် စားနေကြခြင်းဖြစ်သည်။ ဟင်းချိုပန်းကန်လေးတွေ တန်းစီနေတာ မြင်ရသည်။

ထမင်းစားနေသည့် အရွယ်မတိမ်းမယိမ်း လူငယ်တွေထဲတွင် ကလေးငယ်နှစ်ယောက်ပါဝင်နေတာကို သတိထားမိသည်။ တစ်ယောက်က ယုန်ကလေးလို အပေါ်ရှေ့သွားကြီးကြီးနှင့် ဆယ့်သုံးလေးနှစ်ဝန်းကျင် ကလေးမလေး။ အသားဖြူဖြူ ပါးဖောင်းဖောင်း။ ဆံပင်တိုတို မဲမဲ နက်နက် အဖျားလိပ်လိပ်၊ ခြေသားလုံးလယ်ခန့် ဂျင်းဘောင်းဘီပန်းရောင်လေးဖြင့် တင်ပျဉ်ခွေထိုင်လျက် အားရပါးရ စားနေသည်။ သူ့ညာဘက်မှာ အသက် ဧနှစ်ခုနှစ်ခန့် ယောကျ်ားလေး။ ပိန်ပိန်ပါးပါး ဖြူဖြူ ဖျော့ဖျော့လေး။ သူကတော့ ထမင်းကို မစားချင်စားချင် ပုံစံမျိုးဖြင့် စားနေသည်။

မသီရိကို ဆရာမလေးတွေက ရိုသေလေးစားကြပုံပေါ်သည်။ ကိုယ်ကိုညွတ်ပြီး ခေါင်းငုံ့ကာ အရိုအသေပြုကြ၏။

'သားတို့သမီးတို့ ငှက်ပျောဖက်နဲ့ထုပ်ထားတဲ့ ထမင်းကို အရင်က စားဖူးကြလား'

ပြည်မိုးငြိမ်းက ထမင်းစားနေသည့်လူငယ်တွေကို မေးလိုက်တော့ မစားဖူးပါဘူး ဟု ပြိုင်တူအော်ပြီး ရယ်ကြသည်။ အော်သည့်ကလေးတွေထဲတွင် အငယ်လေးနှစ်ယောက်မပါ။ သူတို့နှစ်ယောက်က တစ်ယောက်နှင့်တစ်ယောက် ပြုံးကြည့်လိုက်ကြသည်။ ထို့နောက် အကြီးမလေးက လက်ညှိုးထောင်ပြသည်။

'သမီးတို့ စားဖူးပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



မသီရိက မြဝန်းရံအား လှည့်ကြည့်လျက်

'အဲဒါ တို့သမီးနဲ့သားလေ' ဟု ပြောသည်။

ဟင်။ မြဝန်းရံအံ့သြသွားသည်။ မသီရိကို အပျိုလူလွတ်ဟု ပဲ ထင်ထားခဲ့သည်။ ကိုယ်ခန္ဓာသွယ်ပျောင်းပုံ အသားအရေ ချောမွေ့ပြေပြစ်ပုံကိုကြည့်ပြီး ကလေးမိခင်တစ်ယောက် ဖြစ်နေလိမ့်မည်ဟု နည်းနည်းမျှ မထင်ထားခဲ့ပေ။

'သမီးက အခု ရှစ်တန်းဖြေထားတယ်'

ဒါဖြင့် မသီရိ၏အသက် အနည်းဆုံးတော့ သုံးဆယ့်လေးသုံးဆယ့်ငါးတော့ ရှိမှာပဲပေါ့။

'ဟယ် ရှစ်တန်းကျောင်းသူသမီးတစ်ယောက်ရဲ့ အမေလို့ မထင်ရဘူးနော်၊ အစ်မက သိပ်နုနယ်တာပဲ'

စိတ်ထဲမှာ ခံစားရသည့်အတိုင်း ပြောလိုက်မိ၏။ မသီရိက ခပ်သာသာ ရယ်မောလေသည်။

'ဟုတ်လား ကျေးဇူးတင်ပါတယ်ကွယ်'

'ဆရာမကြီးတို့အတွက် ထမင်းပြင်လိုက်ရတော့မလား'

ဆရာမလေးတစ်ယောက်က မသီရိအား လာမေး၏။

'ဆရာမ ဒီည ထမင်းမစားတော့ဘူးကွယ်။ အရွက်သုပ်တစ်ခုခုပဲ စားတော့မယ်။ ဒေါ်လေးစီစဉ်နေတယ်။ ဧည့်သည်တွေကိုပဲ ကျွေးလိုက်ပါ။ ကိုပြေရယ် ဒီကညီမရယ်၊ နောက် ဟို ဦးကြီးရယ်။ သုံးပွဲ ပြင်လိုက်နော်'

'အစ်မ ကျွန်မက ယုန်မင်းရောက်မှ စားမှာ၊ မဆာဘူး။ ဦးကြီးနဲ့ ကိုပြည်မိုးငြိမ်းကိုပဲ ကျွေးပါ'

ထမင်းကို ခပ်မြန်မြန် လက်စသတ်ပြီးသွားသည့် ကလေးနှစ်ယောက်က လူကြီးအုပ်စုဆီ ပြေးလာသည်။ သားငယ်လေးက မသီရိ၏ခါးကို တအား ပွေ့ဖက်လိုက်လေသည်။



'မေမေ့။ မေမေ တစ်နေ့လုံး ဘယ်ရောက်နေတာလဲ'

'မေမေ သင်တန်းအတွက်စီစဉ်စရာတွေနဲ့ အလုပ်ရှုပ်နေတာ။ သားသား စားလို့ကောင်းလား'

'ကောင်းတယ်'

'မေမေ မင်းသက်ပိုင်လေ နေ့လည်က အပင်တွေကြားထဲ လျှောက်သွားပြီး လိပ်ပြာဖမ်းတယ်'

'မဖမ်းပါဘူး'

'ဖမ်းပါတယ်။ ပိုက်ကွန်နဲ့ဖမ်းတာလေ။ ဘာလဲ ငါ လွှတ်ခိုင်းမှ ပြန်လွှတ်ပေးလိုက်တာလေ'

'သမီး ငါလို့ မပြောရဘူးလေ။ မမလို့ပြောပါ'

မသီရိက အပြုံးဖြင့်မျက်မှောင်ကြုတ်ကာ သတိပေး၏။

'သားကိုလည်း မေမေပြောထားတယ်လေ။ လူကြီးတွေ မပါဘဲနဲ့ သစ်ပင်တွေကြားထဲ မသွားရဘူးဆိုတာ။ မေ့သွားပြီလား'

'အဝေးကြီးမဟုတ်ဘူးမေမေ။ သရက်ပင်တွေနားပဲ သွားတာ'

'နောက်ကို လူကြီးမပါဘဲနဲ့ ဘယ်မှမသွားနဲ့။ နော်။ သမီး သွား ဒီမမကို ထမင်းစားတဲ့နေရာ ခေါ်သွားလိုက်သမီး'

ကလေးမက မြဝန်းရံ၏လက်ကို လာဆွဲသည်။

'ညီမ လိုက်သွား တို့ဒီမှာ ဆွေးနွေးစရာလေးပြီးရင် လိုက်လာခဲ့မယ်။ ကိုပြေ သွား ထမင်းစားချည်တော့'

သူတို့ထမင်းစားဆောင်သည် နောက်ထပ် အဆောက်အဦတစ်ခု ဖြစ်သည်။ ပန်းပင်ပုလေးတွေကြားမှာ ဟိုသည် ကွေ့ကောက်ခင်းထားသော ကျောက်တုံးခင်း လမ်းလေးတစ်ခုမှ စောစောကလမ်း၏ဆန့်ကျင်ဘက်သို့ လျှောက်သွားရခြင်းဖြစ်သည်။ သားငယ်လေးက သူတို့နောက်မှ ခုန်ဆွခုန်ဆွဖြင့် လိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မသီရိမှာ သားသမီးတွေနဲ့ဆိုတော့ ခင်ပွန်းက ဘယ်မှာလဲ။ ပြည့်မိုးငြိမ်းတော့ မဟုတ်ဘူးထင်ပါရဲ့နော်။

'ဟော့ကောင် ဖိုးသား နေဦးလေ လဲမယ်'

ပြည့်မိုးငြိမ်းက သားငယ်လေးကို လက်တွဲပြီး သူနှင့်အတူ လျှောက်စေသည်။

'မမက စာသင်မဲ့ဆရာမလား'

ကလေးမက စပ်စုသည်။

'မဟုတ်ဘူး။ ခဏလာတာ။ ညီမလေးနာမည် ဘယ်လိုခေါ်လဲ'

'ကျောင်းနာမည်က မြတ်နိုးနှင်းဆီ'

'အို သိပ်လှတဲ့နာမည်ပဲ'

'သားသားနာမည်က မင်းသက်ပိုင်'

ပြည့်မိုးငြိမ်းနှင့်အတူ လက်တွဲလျှောက်နေသော ကလေးက နောက်လှည့်ကြည့်လျက် ကိုယ့်ကိုယ်ကို မိတ်ဆက်သည်။

'အော် သားသားနာမည်လဲ လှတာပဲ။ မမနာမည်က မြဝန်းရံတဲ့'

ထမင်းစားဆောင်သည် ကွန်ကရစ်ခင်း၊ အုပ်ကြွပ်မိုး၊ နံရံအကာမရှိ ခါးထိမြင့်သည့်အကာလက်ရန်းသာ ရှိသည့် အပန်းဖြေသစ်သားတဲဖြစ်သည်။ လက်ရန်းက တစ်ခုနှင့်တစ်ခု ငါးလက်မလောက်ခြားထားသည့် ဒေါင်လိုက်သစ်လုံးချောင်းတွေ ဖြစ်သည်။ နိုင်ခန့်သည့် တဲအိမ်မှာ ခပ်ကျဉ်းကျဉ်း။ အဖြူဆွတ်ဆွတ်ပိတ်စ စားပွဲခင်း ခင်းထားသည့် စားပွဲသုံးလုံးဖြင့်ပင် နေရာပြည့်တော့မည်။ မျက်နှာချက်မှာ အီကြာကွေးမီးသီးဖြူ သုံးလုံး ထွန်းထားသည်။

ထမင်းစားဆောင်တဲ၏အမိုးစွန်းမှာ တွဲလွဲချိတ်ထားသော သစ်ခွအိုးလေးတွေထဲမှ တစ်ခုကို ပြည့်မိုးငြိမ်း ခေါင်းဖြင့် တိုက်မိလို့



သူ့ယိမ်းသွား၏။ သစ်ခွပန်းက အဖြူရောင်နှင့်မရမ်းရောင်စပ်ကြားလေးတွေဖြစ်သည်။

ထမင်းစားခန်းမှာ ပဝါဖြူတစ်ထည်ကို သေသေသပ်သပ်ခေါင်းပေါင်းထားသည့် အသက်လေးဆယ်ခန့် အမျိုးသမီးကြီးတစ်ယောက် ထမင်းပွဲပြင်ဆင်နေသည်။ သူ ထမင်းပွဲ ပြင်ဆင်ပုံက အထက်တန်းကျကျ။ ဇွန်းနှင့်ခက်ရင်းကို လက်သုပ်ပဝါခေါက်တစ်ခုစီနှင့်အတူ စားပွဲပေါ်မှာ ညီညီညာညာ နေရာချနေသည်။ သူ့ကိုယ်မှာလည်း အပြာနုရောင် အိမ်ရှင်မခါးစည်းတစ်ခုကို ပတ်ချည်ထားသည်။

'ကဲ ဖိုးသားနဲ့နိုးနိုး ဒီကုလားထိုင်မှာထိုင်။ ထိုင်ပါ ညီမ။ ကျွန်တော်နဲ့ဦးကြီး ဟိုဘက်မှာ သွားထိုင်မယ်။ ဦးကြီးလာ။ အော် ဖိုးသား မမကြီးကို ဧည့်ခံထားလိုက်နော်'

'ဟုတ်'

သားငယ်လေးက ပြည့်မိုးငြိမ်းပြောသည့်အတိုင်း ဧည့်ခံမည့်ပုံရှိသည်။ မြဝန်းရံကို မျက်လုံးလေး အသာလှန်လျက် ကြည့်လာ၏။

'ဦးကြီးနဲ့ကျွန်မတို့အတူတူ ထိုင်လို့မရဘူးလား ကိုပြည့်မိုးငြိမ်း'

မြဝန်းရံ တည်တည်ပဲ မေးမိသည်။

'ရပါတယ်။ ဒါပေမဲ့ ညီမ သီးသန့်များ စားချင်မလားလို့'

'မစားချင်ပါဘူး။ ဦးကြီးနဲ့ စကားပြောရတာပေါ့ရှင့်'

'ရတယ်လေ'

သူတို့နှစ်ယောက်ပါ ပေါင်းလိုက်တော့ မိမိတို့စားပွဲမှာ ငါးယောက်အပြည့် ဖြစ်သွားသည်။

'မမကြီး ပိုကာထပ်မလား။ သားသားမှာ ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

'အဲဒီမင်းသက်ပိုင်ဟာလေ။ လူကြီးကို ပိုကာထပ်ခိုင်းရသလား။ နောက်ပြီး လူကြီးတွေ ထမင်းစားတော့မှာ'

နိုးနိုးက လူကြီးလေးပမာ ဝင်ဟန့်သည်။ သားငယ်လေးက အစ်မစကားကို ဂရုမစိုက်။

'ဘာလဲ။ ထမင်းမလာခင်ပေါ့'

သူ့ဘောင်းဘီအိတ်ထဲမှာ ပါလာသော စက္ကူဘူးလေးကို စားပွဲပေါ် ချလိုက်သည်။ မြဝန်းရဲ့ ကလေးတွေအပေါ် စိတ်မရှည်လှပါ။ ပြည်မိုးငြိမ်းက အလိုက်သိသိ ကလေး၏အာရုံကို သူ့ဆီ ဆွဲခေါ်လိုက်သည်။

'ဦးနဲ့ ကစားမယ်လေ။ ဦးကိုပြေကို သင်ပေးမလား'

'တွေ့လားမမ၊ ဦးကိုပြေက ပိုကာထပ်မယ်တဲ့။ မမ မပါလည်းရတယ် နော်'

'နိုးနိုးက မောင်လေးနဲ့ မကစားချင်ဘူးလား'

'ဟင့်အင်း။ မကစားချင်ပါဘူး'

ကလေးမက နှာခေါင်းလေးရှုံ့ပြသည်။

'မမက အခု သားသားနဲ့အတူ အရုပ်ဆက်တမ်းလည်း မကစားတော့ဘူး။ ပိုကာထပ်တမ်းလည်း မကစားတော့ဘူး။ မမက အားအားနေ စာအုပ်ပဲဖတ်နေတာ။ ဒီမှာကြည့် ဒီအရုပ်လေးတွေကို ပိုကာထပ်မှာ၊ ကြည့်'

'ချစ်စရာလေးတွေတော့'

မြဝန်းရဲ့ ကားချပ်တစ်ချပ်ကို ကောက်ကိုင်မိသွားသည်။ အရုပ်ကားချပ်လေးတွေက ချစ်စရာ။

'အဲဒါ ကာတွန်းကားထဲက ဇာတ်လိုက်တွေ'

'အော် ဟုတ်လား မမကို ပြောပါဦး ဘယ်သူတွေလဲ'



ကလေးနှင့် စကားပြောမိသွားတော့သည်။

'ဒါက စင်ဒရဲလား၊ ဒါက ဖြူးတီး အန်သဘီစ်တ် ဇာတ်ကားထဲက။ ဒါက ရေသူမလေး။ ဒါက စနိုးဝှိုက်'

ဖိုးသားက သူတို့အား ပိုကာထပ်နည်း သင်ပြပေးသည်။ ဖဲချပ်တွေလိုပဲ စက္ကူချပ်တွေပေါ်မှာ ဂဏန်းတွေ ရေးထားသည်။ တစ် နှစ် သုံး လေး ကိုးဂဏန်းအထိ။ အောက်ခံအရောင်ကတော့ အဓိကလေးမျိုး။ အဝါ၊ အပြာ၊ အစိမ်း၊ ပန်းရောင်။ ဂဏန်းချင်းတူတာကို ထပ်လို့လည်း ရသည်။ ဂဏန်းမတူလျှင် အောက်ခံအရောင်တူတာကို ထပ်လို့ရသည်။ လက်ထဲမှာ ဖဲချပ်မရှိတော့အောင် ထပ်ချနိုင်သူက အနိုင်။ ဂျိုကာဖဲချပ်ကတော့ အနက်ခံပေါ်မှ အရုပ်။ ဘယ်ဖဲချပ်ပေါ်မှာမဆို ထပ်လို့ရသည်။ ဒါပေမဲ့ အောက်က ဖဲချပ်အရောင်အတိုင်းပဲ သတ်မှတ်ရသည်။ အောက်မှာ အဝါရောင် နံပါတ်သုံး ဆိုလျှင် ဂျိုကာဖဲချပ်ကို အဝါရောင် အဖြစ် ထပ်လိုက်လို့ရသည်။ ထိုအခါ နောက်တစ်လှည့် ကစားရမည့်သူက အဝါရောင်ကို ရွေးယူပြီး အဝါရောင်ကိုမှ ထပ်လို့ရသည်။

အော်။ ကလေးတွေရဲ့စိတ်လေးတွေဟာ ဖြူစင်သန့်ရှင်းလို့။ ဘာအညစ်အကြေးမှ မရှိ။ သူတို့လေးတွေကို ဆိုးယုတ်မှုတွေကနေ ကင်းဝေးနေစေချင်လှသည်။ အခုလို သားငယ်လေး စိတ်ကြည်လင်အေးချမ်းစွာ ပိုကာထပ်နေသည့်အချိန်တွင် ကမ္ဘာလောကကြီးတစ်ခုလုံး၏အခြားနေရာတွေက ကလေးအားလုံး သူ့လိုပဲ ငြိမ်းချမ်းနေပါစေ။

'ဒီအနက်က ဂျိုကာ။ သူ့ကိုရရင် ကိုယ်ကြိုက်တဲ့ အရောင်ကို ရွေးပြောလို့ရတယ်။ အပြာရောင်ကို ရွေးရင် နောက်ထပ်မဲ့သူက လက်ထဲမှာရှိတဲ့ ဖဲချပ်တွေထဲက အပြာရောင်ကိုပဲ ထပ်ခွင့်ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကစားနည်းစည်းကမ်းတွေကို ပြည်မိုးငြိမ်းတော့ လိုက်မီမလားမသိ။ သူမကတော့ လိုက်မမီတော့ပေ။

'အို ရှုပ်လိုက်တာနော်'

'မရှုပ်ဘူးလေ မမကြီး၊ ရှင်းရှင်းလေးရယ်။ ဒီမှာကြည့်'

'မမကြီး ဖိုးသားက ညစ်တယ်နော် သူနဲ့ မကစားနဲ့'

နိုးနိုးက ဝင်ပြောသည်။

'ဘယ်မှာ ညစ်လို့လဲ။ သားသားက ဉာဏ်သုံးပြီး ကစားတာကို'

'အို'

သူမ ကလေးစကားကြောင့် သဘောကျစွာရယ်မိ၏။

'ဟုတ်တယ်လေ သားလက်ထဲမှာ ဖဲချပ် နည်းနိုင်သမျှ အနည်းဆုံးကျန်ဖို့က မျက်စိလျှင်ရမယ်။ တွက်တတ်ရမယ်။ မမလက်ထဲမှာ ဘာရောင်ဖဲချပ်တွေ အများဆုံးရှိနေလဲ။ မမလက်ထဲက ဖဲချပ် လိုက်ပစ်လို့ မရအောင် သားသားက ဘာဖဲချပ်ကို ရွေးပြီး ပစ်ရမလဲ။ သားသားပစ်လိုက်တဲ့ ဖဲချပ်ဆင်တူမျိုး မမလက်ထဲမှာ မရှိရင် စားပွဲပေါ်မှာ ဘုံပိုင်ချထားတဲ့ ဖဲထပ်ထဲကနေ တစ်ချပ် ထပ်ယူရတော့မှာ။ မမက အဲလိုမှ မတွက်တတ်တာ'

'အလို ကိုမင်းသက်ပိုင် ဒါက ဘာလုပ်နေတာတုန်း'

မသီရိ အနားသို့ရောက်လာပြီး ခါးထောက်လျက် သူ့သားကို ပြုံးပြုံးလေး မျက်မှောင်ကြုတ်ကြည့်သည်။

'ဦးကိုပြေက မမကြီးကိုစည့်ခံ ဆိုလို့ သားသား ဧည့်ခံနေတာပါ'

ဖဲချပ်လေးတွေကိုကောက်သိမ်းပြီး ပျာပျာသလဲ ဖြေရှင်းတော့ အားလုံးဝိုင်းရယ်ကြလေသည်။



ထို့နောက် မသီရိထိုင်ဖို့ အခြားစားပွဲမှ ကုလားထိုင်တစ်လုံးကို ပြည်မိုးငြိမ်းက ဆွဲယူပေးသည်။ ထိုကုလားထိုင်တွင် မသီရိက ဝင်ထိုင်လိုက်၏။

ထမင်းစားပြီးသားဖြစ်သော ကလေး နှစ်ယောက်သည် သူ့စ်ခန်း ထမြေးကာ မလှမ်းမကမ်းက ကြိမ်လွှဲဒါန်းပေါ်သို့ သွားထိုင်ပြီး ဒါန်းစီး ဆော့ကစားနေကြသည်။

ထမင်းပွဲများ လာချသည့်အခါ ယုန်မင်းက ယိုးဒယားထမင်းကြော်လည်း ပါသည်။ ထမင်းဖြူနှင့် အသီးအရွက်ကြော်များလည်း ပါသည်။ မသီရိအတွက်ပန်းကန်မှာတော့ အရွက်တွေချည်းသာ ဖြစ်သည်။ ဗိုလ်စားပဲသီးပြုတ်၊ ခရမ်းချဉ်သီး၊ ဆလပ်ရွက်၊ ကြက်သွန်နီ၊ မုန်လာဥနီ၊ သခွားသီး။ ဒို ဘယ်လိုများ ဝမှာပါလိမ့်။ အားလေ ဒါကြောင့်လည်း သူ့ကိုယ်ခန္ဓာက သွယ်လျနေတာ ဖြစ်မှာ ပေ့ါ။ အအေးက လတ်ဆတ်သည့်ဖရဲသီး ဖျော်ရည် ဖြစ်သည်။ ဒီနယ်မှာ သခွားသီးနှင့်ဖရဲသီး ပေါပုံရသည်။ ဖရဲသီးဖျော်ရည်ကို မြင်တော့ ဦးကြီး ဦးကောက်ရကို သတိတရ ကြည့်မိသည်။ ဖရဲခင်းထဲမှာ မီးခိုးတွေ ပေကျံလျက် ဖုံအလိမ်းလိမ်း ကပ်နေသော ကိုယ်မြင့်ဝိုကြွေးနေသော ကလေးငယ်လေးတစ်ယောက်။ ထိုကလေးမှာ နောကျင် တုန်လှုပ်စရာ စိတ်ဒဏ်ရာတွေ ဘယ်လောက်များ ခံစားခဲ့ရလဲ။

ဦးကြီးသည် ထမင်းကို လက်ဖြင့် ပယ်ပယ်နယ်နယ် နယ်စတ်စားနေသည်။ ထမင်းစေ့တွေက လက်ဆစ်တွေပေါ်မှာ ပေကျံနေ၏။ ဦးကြီးအသားက နေလောင်ထားသဖြင့် ညိုရာက ပြောင်လက်နေသေးသည်။ ဦးကြီး၏ညာလက်မောင်းတွင် အသဲပေါ် မြားစိုက်နေပုံ ဆေးခြယ်ရေးထားသည်ကို အခုမှ သတိပြုမိသည်။ အယ် ဦးကြီးတို့ရွာမှာလည်း အသဲတွေဘာတွေ ခေတ်စားခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



လား။ မြဝန်းရံ တအံ့တသြ စိုက်ကြည့်မိသည်။ နောက်ပြီး ဦးကြီးမှာ အသဲပုံ ထိုးရလောက်အောင် နှလုံးသားခံစားချက်တွေ ရှိခဲ့လေသလား။ ဦးကြီးအကြောင်းကို တဖြည်းဖြည်းတော့ သိခွင့်ရမည်ထင်ပါသည်။

မြဝန်းရံပြန်ဖို့အချိန်ရောက်လို့ ပြည်မိုးငြိမ်းက ကားပေါ်သို့ ဟင်းချိုထည့်သည့် ချိုင့်ကြီးကို ပြန်တင်နေသည့်အခါ မသီရိက လှပသောအပြုံးလေးနှင့် ဝင်ပြီး ဆုံးဖြတ်ပေးသည်။

'ကိုပြေ တစ်နေ့လုံး မနားရသေးဘူး။ ဦးကြီးနဲ့လည်း အဖော်ရအောင်နေလိုက်ပါ။ ညီမကို မမဝေ လိုက်ပို့ပေးလိုက်ပါမယ်။ ညမိုးချုပ်ဆိုတော့ မိန်းကလေးချင်း အတူသွားရတာ ပိုကောင်းတယ်မဟုတ်လား'

ချိုသာသောစကားလုံးတွေနှင့် အပြုံးမြမြနှင့်ပြောလိုက်ပေမယ့် သူမ၏ဆုံးဖြတ်ချက်ကို မလိုက်နာလျှင်မဖြစ်အောင် တစ်ခါတည်းပိတ်ပေးလိုက်သည့် စကားအသုံးအနှုန်းကို မြဝန်းရံ မကြိုက်ပါ။ ပြည်မိုးငြိမ်းမောင်းသောကားကို စီးချင်လွန်းလို့ မဟုတ်သော်လည်း စီရင်ချက်တစ်ခုချပေးလိုက်သလိုပဲဟု မြဝန်းရံ အောင့်သက်သက်ဖြစ်သွားသည်။ ထိုစီရင်ချက်၏နောက်ကွယ်မှာ ဖုံးကွယ်ထားသော အကြောင်းရင်းတစ်ခု ရှိနေတာ သေချာပါသည်။

မြဝန်းရံ ဟန်ဆောင်မကောင်းပါ။ ထိုစကားကို ကြားပြီးချိန်တွင် မျက်နှာကို ဘယ်လိုထားလျှင် ကောင်းမလဲဆိုတာ မသိပါ။ သာမန်အတိုင်းပဲ ပြုံးနေရမလား။ တည်တည်ပဲ နေရမလား။ ဒါမှမဟုတ် 'ဟာကောင်းတာပေါ့။ အစ်မနဲ့ စကားပြောချင်နေတာအတော်ပဲ' ဟု ရွှန်းရွှန်းဝေအောင် ပြောပစ်လိုက်ရ ကောင်းမလား။ သေချာတာကတော့ သူမအနေရခက်နေပါသည်။ တော်ပါသေးရဲ့



အကြာကြီး အနေရမခက်အောင် ပြည်မိုးငြိမ်းက ချက်ချင်းပဲ စကားပြောလိုက်သည်။

'ဟာ မဟုတ်တာ မမဝေ။ ညမိုးချုပ်ကြီးကို မမဝေ ကားမမောင်းပါနဲ့။ အခုက အဝေးပြေးလမ်းပေါ် သွားရမှာ။ ကားကြီးတွေက ကိုယ့်ကို ဦးစားပေးမှာ မဟုတ်ဘူး။ ကျွန်တော် မပင်ပန်းပါဘူး။ ကျွန်တော်ပဲ မောင်းလိုက်ပါမယ်'

မြဝန်းရံ သူတို့နှစ်ယောက်လုံးကို တစ်လှည့်စီ ကြည့်ချင်သော်လည်း မကြည့်ပါ။ ထားဝယ်မှိုင်းပန်းပင်ကြီးပေါ်မှာ ဝေနေအောင်ပွင့်သော မွှေးပျံ့သည့် ပန်းဆုပ်ပန်းခိုင်လေးများကိုသာ မော့ကြည့်နေမိသည်။

ဟုတ်တယ်လေ။ ဒါက မြဝန်းရံနှင့်မဆိုင်။ သူတို့နှစ်ယောက် ဆုံးဖြတ်ရမှာမဟုတ်လား။ နေပါစေ ကျွန်မ ဖာသာ လမ်းလျှောက်သွားပါမယ်ဟု ငြင်းပယ်လို့ရသည့် ခရီးအကွာအဝေးဆိုလျှင် ဘယ်လောက်ကောင်းမလဲနော်။

'မမဝေ ညတွေမှာ မောင်းနေကျပါ။ မင်းမရှိရင် မမဝေပဲ မောင်းနေတာပဲ'

ပန်းခိုင်တစ်ခုတွင် ပန်းအရောင် သုံးမျိုးကွဲနေတာကို အခုမှ သတိထားမိသည်။ ညမီးအလင်းရောင်အောက်မို့လား မသိ။ နှစ်ပွင့်က အဖြူဆွတ်ဆွတ်၊ နှစ်ပွင့်က ပန်းရောင်စပ်ကြား၊ ကျန်လေးငါးပွင့်က အနီရောင်။ ကြည့်စမ်း တစ်ခိုင်တည်းမှာ အရောင်မတူအောင် ပွင့်နေတဲ့ပန်းတွေ။ ထူးဆန်းလိုက်တာ။

'ကျွန်တော်မရှိလို့ ဒရိုက်ဘာလည်း မရှိလို့ မောင်းရတာတော့ ရှိပါစေတော့လေ။ ကျွန်တော် ရှိတုန်းတော့ မမဝေ မမောင်းရပါဘူး။ မြဝန်းရံနဲ့ စကားအေးအေး ပြောချင်သေးရင် ညီမကို

www.burmeseclassic.com

www.burmeseclassic.com



ပန်းမြိုင်လယ်ကို ခဏလာနားဖို့ ဖိတ်ခေါ်ကြမယ်လေ။ မကောင်းဘူးလား။ ညီမ လာလည်မယ်မဟုတ်လား'

ပန်းခိုင်လေးကို ငေးကြည့်နေရာမှ မြဝန်းရံ လှည့်ကြည့်လိုက်ရပါသည်။ ပြည်မိုးငြိမ်း၏မျက်နှာက ခပ်လှမ်းလှမ်း သစ်ပင်ထက်မှ လျှပ်စစ်မီးရောင်ဖြင့် လင်းနေပြီး ပြုံးနေတာကို မြင်ရသော်လည်း မသီရိမျက်နှာက အမှောင်ရိပ်ကျနေသည်။ သဲသဲကွဲကွဲ မမြင်ရ။ သို့သော် မသီရိ ပြုံးမနေမှန်းတော့ သိသည်။

'ဟုတ်ကဲ့ လာလည်ပါဦးမယ်အစ်မ။ ဦးကြီးနဲ့ တွေ့ဖို့လည်း ရှိတော့-လာဖြစ်မှာပါရှင်'

'ကဲ. ကြားတယ်နော် မမဝေ။ နောက်နေ့ မြဝန်းရံကို ကျွန်တော် ခေါ်လာပေးပါ့မယ်။ အခုတော့ မနက်ဖြန်သင်တန်းအတွက် ပြင်ဆင်ရင်း နားနေနှင့်နော်'

ပြည်မိုးငြိမ်းက မသီရိကို ချော့မော့သော အပြုံးဖြင့် နှစ်သိမ့်သည်။ မသီရိက အပြုံးဖြင့်ခေါင်းညိတ်သည်။ နှုတ်ခမ်းတွေနှင့်အတူ မျက်လုံးတွေက လိုက်မပြုံးတော့ မြဝန်းရံ စိတ်ကျဉ်းကြပ်မိပါသည်။

အပြန်ခရီးတွင် ပြည်မိုးငြိမ်းနှင့် မြဝန်းရံ ပိုပြီး စိမ်းသွားသလို ခံစားရသည်။ ခြံထဲကနေထွက်လာပြီး အဝေးပြေးလမ်းမပေါ်ရောက်သည်အထိ စကားတစ်ခွန်းမှ မပြောဖြစ်သေးပါ။ တော်တော်မောင်းမိတော့မှ ပြည်မိုးငြိမ်းက စကားစလာသည်။

'မနက်ဖြန် ညီမ သွားချင်တဲ့နေရာကို ကျွန်တော် လိုက်ပို့ပေးဖို့ လာခေါ်မယ်။ ဘယ်အချိန်သွားချင်လဲ။ ဘယ်နေရာကို သွားချင်လဲ'

'မပို့ပါနဲ့။ မနက်ကျရင်လည်း ကိုပြည်မိုးငြိမ်းကို မသီရိက ပင်ပန်းစေချင်မှာ မဟုတ်ပါဘူး'



ပြည်မိုးငြိမ်းက မြဝန်းရံဖက်သို့ ဖျတ်ခနဲ လှည့်ကြည့်၏။

'ညီမ စိတ်ထဲမှာ ဘယ်လိုတွေးနေမိလဲတော့ မသိဘူး။ တကယ်တော့ မမဝေရဲ့စိတ်ကို ကျွန်တော်သိပါတယ်။ ကျွန်တော့်ကို သိပ်ခင်တွယ်တယ်။ စောင့်ရှောက်တယ်။ ပင်ပန်းမှာစိုးတာလည်း မှန်တယ်။ ဒါပေမဲ့ စောစောက ပြောလိုက်တာကတော့ ညီမချုပ် ယောကျ်ားတစ်ယောက် လိုက်ပို့ရင် ညီမ အနေကျဉ်းကြပ်နေမှာကို ကိုယ်ချင်းစာတဲ့ စိတ်အရင်းခံနဲ့ပါ'

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကာကွယ်ပြီး ထင်ရှားနေတာကို မြဝန်းရံ အသိအမှတ်ပြုမိလိုက်သည်။

'သချာရဲ့လား ကိုပြည်မိုးငြိမ်းရယ်'

မပြောတော့ပါဘူးဟု ဘယ်လိုပဲ ထိန်းချုပ်ထားပေမဲ့ နောက်ဆုံးတော့ မခံချင်စိတ်ဖြင့် ပွင့်ထွက်သွားတော့သည်။

'သေချာတာပေါ့ညီမ ကျွန်တော် မမဝေကိုရင်းနှီးလာတာ ဆယ်နှစ်ကျော်ပါပြီ။ မမဝေရဲ့စိတ်ကို ကျွန်တော် အသေအချာ သိပါတယ်'

'ကိုပြည်မိုးငြိမ်းရယ် လူတစ်ယောက်ဟာ ကိုယ့်စိတ်ရင်းကိုတောင် တစ်ခါတစ်ခါ မသေချာတဲ့ အခိုက်အတန့်တွေ ရှိတယ်။ ကြတော့ တစ်ထစ်တော့ လျှော့လိုက်ပါ။ မသီရိ အဲဒီစကားပြောလိုက်တာဟာ ရှင်နဲ့ကျွန်မကို အတူမသွားစေချင်လို့လား။ ရှင်ပင်ပန်းမှာ စိုးလို့လား။ ကျွန်မ အနေရခက်မှာ စိုးလို့လား ရှင် ဘယ်ဘယ်နည်းနဲ့မှ တပ်အပ်သေချာ မသိနိုင်ပါဘူး။ စိတ်ဆိုတာမျိုးက အကဲခတ်ရ ပိုခက်တယ်လေ'

'ညီမ ဘာကို ပြောချင်တာလဲ'

'ပြောချင်တာက ကျွန်မကို သံသယဖြစ်ခွင့်ပေးပါ ဆို့။ မသီရိရဲ့စကားအပေါ်မှာ ရှင်ဘာမှ တာဝန်ယူပေးစရာမလိုဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဖာသာ လွတ်လွတ်လပ်လပ် သံသယဖြစ်ပါရစေ’

ပြည်မိုးငြိမ်း နည်းနည်း ရှက်သွားပုံရ၏။ အသံထွက်ပြီး ရယ်မောသည်။

‘အိုကေ’

ညကိုးနာရီအချိန်သည် အောင်မြေသာစံမြို့အတွက်တော့ သိပ်မိုးချုပ်နေပြီ။ အဝေးပြေးလမ်းပေါ်မှာလည်း ကား အသွားအလာ ရှင်းနေပြီ။ လမ်းဘေးဝဲယာတွင်လည်း ဥယျာဉ်တွေကြားမှ အိမ်ခပ်သေးသေးလေးတွေမှာ မီးတွေ မှိတ်ကုန်ပြီမို့ အလင်းရောင် နည်းပါးလှသည်။ သူတို့နှစ်ယောက် တစ်လမ်းလုံး တိတ်ဆိတ်လာလိုက်တာ မြို့အဝင်ကျမှ ပြည်မိုးငြိမ်းက စကား ပြန်စသည်။

‘ညီမလိုက်ရှာနေတာက အီးဗီးလ် (evil)ဆိုတဲ့ မကောင်းဆိုးဝါးက ရုပ်ခန္ဓာကိုယ်ကို ညှဉ်းဆဲဖျက်ဆီးတဲ့ အပြုအမူတွေ တကယ်တော့ လောကကြီးမှာ စိတ်နဲ့ဘဝကို ညှဉ်းဆဲဖျက်ဆီးတဲ့ မိစ္ဆာကျင့်တွေ မိစ္ဆာအပြုအမူတွေ အမျှားကြီးရှိတယ်။ မမဝေ ကိုယ်တိုင်ခံစားခဲ့ရတာလေ’

မြဝန်းရံ သူ့ကို လှမ်းကြည့်မိသည်။ သူက ကားရှေ့ တည့် တည့်ကြည့်ရင်းက ဆက်ပြောသည်။

‘မနာလိုစိတ်က တော်တော် ကြောက်စရာကောင်းတယ် ညီမရဲ့။ သရက်တောက ဆရာမကြီးရဲ့အဖြစ်ကို ကြားတော့ ကျွန်တော် မမဝေကို ချက်ချင်းကို ပြေးမြင်မိသွားတယ်။ အဖြစ်ချင်း တူလွန်းလို့လေ။ ညီမ စိတ်ဝင်စားရင် ကျွန်တော်ပြောပြမယ်’

‘မသီရိကြုံရတာက အောင်မြေသာစံမှာလား’

‘မဟုတ်ဘူး။ ရန်ကုန်တက္ကသိုလ်မှာ။ မမဝေက အဲဒီတုန်းက အသက်အငယ်ဆုံး လက်ထောက်ကထိကလေ။ ကျွန်တော်



ဆရာမ ဖြစ်ခဲ့ဖူးတယ်’

‘အောင်မြေသာစံရဲ့ဆိုးယုတ်မှုမဟုတ်ရင် ကျွန်မစိတ်မဝင်စားပါဘူး။ ရပါတယ် မပြောပါနဲ့’

‘အော်’

ပြည်မိုးငြိမ်း အောင့်သက်သက်ဖြစ်သွားစေမည့်စကားဖြစ်သော်လည်း သူ တော်တော်ဟန်ဆောင်နိုင်တာပဲ။ အပြုံးမပျက် ခေါင်းညိတ်လျက် ကားကို ဂရုတစိုက် မောင်းနေသည်။

ရန်ကုန်တက္ကသိုလ်မှာ။

ထိုစကားကြောင့် မြဝန်းရံ လက်ခနဲ မှတ်မိသွားသည်။ ဒါကြောင့် မသီရိကို မြင်ဖူးပါသည်ဟု ထင်နေခဲ့တာ။ အခုတော့ မှတ်မိသွားပါပြီ။ ကျွန်မသိပြီဟု လွတ်ခနဲ ပြောလိုက်မိတော့မည့် နှုတ်ခမ်းကို အမြန်ထိန်းချုပ်လိုက်ရပါသည်။

မြို့ထဲ ဝင်လာပြီ။ လူသူလေးပါး မမြင်ရသလောက်ပဲ ဖြစ်သည်။ ကွမ်းယာဆိုင်တွေပိတ်ကုန်ပြီ။ လဖက်ရည်ဆိုင်တွေတောင် သိမ်းဆည်းကုန်ကြပြီ။

‘ညီမ မနက်ဖြန် ကျွန်တော် ဘယ်အချိန် လာခေါ်ပေးရမလဲ။ ဘယ်ကိုသွားမလဲ’

‘ရှင် တကယ်လိုက်ပို့ပေးမှာလား’

‘တကယ်ပို့ပေးမှာပါ ညီမ’

‘အိုကေ ဒါဆိုရင် တရားသူကြီးတစ်ယောက်ယောက်ဆီ လိုက်ပို့ပေးပါ’

‘ရတယ်။ သိပ်တော်တဲ့ အငြိမ်းစားတရားသူကြီး တစ်ယောက် ရှိတယ်။ ကျွန်တော်နဲ့တော့ မျက်နှာကျော မတည့်ဘူး။ သူက စကားကို ကတ်ကတ်သတ်သတ် ပြောတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အကျအနကောက်တတ်တယ်။ ကျွန်တော် လိုက်ပို့ရုံပဲ လိုက်ပို့မေ
ပြီး ဆေးရုံဆက်သွားမယ်နော်။ အပြန်ဝင်ခေါ်မယ်'

'ရတယ်လေ။ ကျေးဇူးပါပဲ'

ဆိုင်းဘုတ်မီး လင်းမနေသဖြင့် မှောင်နေသော ယုန်မင်း
စတိုးရှေ့မှာ ကားရပ်လိုက်သည့်အချိန်တွင် အနားက ခွေးတစ်
ကောင်က ဖြူန်းခနဲ ထဟောင်လိုက်လေသည်။

၅

တရားသူကြီးဟောင်း ဦးသန်းမောင်သည် အသက်ခုနစ်ဆယ့်ရှစ်နှစ်ရှိပြီ။ မြဝန်းရံကို သူ၏ ကျယ်ဝန်းသောစာဖတ်ခန်းထဲတွင် လက်ခံတွေ့ဆုံသည်။ ကျွန်းသားမှန်ဘီဒိုတွေထဲမှာ စာအုပ်တွေ တော်တော်များသည်။ အဓိက စာအုပ်တွေကတော့ ဥပဒေများ၊ ကျင့်ထုံးများနှင့် ပတ်သက်သည့် အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ ကျမ်းစာအုပ်များ ဖြစ်သည်။

တရားသူကြီးလုပ်သက် ၃၅နှစ်တွင် သူသည် အနယ်နယ်အရပ်ရပ်သို့ ပြောင်းရွှေ့ တာဝန်ကျခဲ့သဖြင့် ပင်စင်ယူပြီးမှ အောင်မြေသာစံသို့ ပြန်ရောက်လာခြင်း ဖြစ်သည်။ မြဝန်းရံပြောသည့် ရွာလုံးကျွတ်မီးရှို့သတ်သည့် ဖြစ်ရပ်အကြောင်းကို သူက မျက်မှောင်တွန့်ကွေးပြီး စဉ်းစားနေသည်။ တော်တော်နှင့် မဖြေ။

'သူပုန်တွေက အစုံပဲ ကလေးမရဲ့'

မြဝန်းရံကို ကလေးမဟု ခေါ်လိုက်သည်က ဦးစံအောင်တို့က ခေါ်လိုက်သည့် လုံမ၊ မလေး၊ ကလေးမဟူသည့် အသုံးအနှုန်းနှင့် ကွာနေသလိုပဲ။ သူ့လေသံမှာ တစ်ဖက်သားကိုဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ဗဟုသုတမရှိသည့်ချွတ်လေးအဖြစ် နှိမ်သလို ကိုယ့်ကိုယ်ကိုသာ ပညာဗဟုသုတပြည့်စုံသူ ဟု မာန်တက်နေပုံရှိ၏။

'ဒါက ဖဆပလခေတ်ဆိုတော့ သူပုန်နဲ့ စစ်တပ်နဲ့ အမြဲ တိုက်ခိုက်နေတာ။ သူပုန်ကဦးရင် စစ်တပ်နာတာပဲ။ စစ်တပ်က ဦးရင် သူပုန်နာတာပဲ။ ဒါပေမဲ့ ဒီသတင်းက ခိုင်လုံရဲ့လား။ ခြေခြေ မြစ်မြစ် ရှိရဲ့လား။ ဘယ်ကနေ ရတဲ့သတင်းလဲ။ ဒီလောက် နှစ်တွေ ကြာပြီးမှ ဘယ်သူက ဘယ်လို သတင်းလွှင့်နေတာလဲ'

သတင်းလွှင့်တယ်ဆိုသည့် အသုံးအနှုန်းက ဆန့်ကျင် သည့်အဓိပ္ပါယ် မကောင်းမြင်အဓိပ္ပါယ်ဖြစ်သည်။ ကုက္ကိုတန်းက ဘုန်းဘုန်းဦးနန္ဒိယကို ချက်ချင်းသတိရလိုက်သည်။

ကုက္ကိုတန်းက ရလာပါသည်ဟု သူမ မပြောသင့်ပါ။

'သတင်းအဆင့်တောင် မဟုတ်ပါဘူးဦးရယ်။ ကောလ ဟာလ အဆင့်ပါ။ အဲဒါကို သတင်းမဟုတ်ဘူးလား၊ ဟုတ်သလား ကျွန်မသိချင်တာပါ။ ဒါကြောင့် ဦးတို့လို ရှေးမီနောက်မီ လူကြီးတွေ ကို မေးကြည့်တာပါ'

မြဝန်းရံ သူ့ကို တလေးတစား ပြောလိုက်သော်လည်း တရားသူကြီးဟောင်းက သူမကို သတိထားသလို စူးစူးစိုက်စိုက် ကြည့်၏။

'ကလေးမ ရဲစခန်းမှာလည်း အဲဒီကိစ္စကို သွားစုံစမ်းတယ် မဟုတ်လား'

မြဝန်းရံ အံ့ဩသွားသဖြင့် ရုတ်တရက် ဘာစကားမှ မထွက်လာ။ မနေ့ကမှ ရဲစခန်းကို ရောက်ခဲ့တာ။ ဘယ်လိုလုပ်ပြီး ဒီအဘိုးကြီးက သိနေလဲ။ အင်းလေ အံ့ဩစရာမဟုတ်ပါဘူး။ ရဲအရာရှိနဲ့ တရားသူကြီးဆိုတာ မိတ်ဆွေတွေပဲ။ စကားစပ်မိလို့ ပြောကြတာပေါ့။ နောက်ပြီး နေစမ်းပါဦး။ သူကပဲ ငါ့ကို တရား



သူကြီးတွေ ဘာတွေဆီ သွားမေးဖို့ ပြောလိုက်တာလားလို့။ သူမ ထုံးဝ မမှတ်မိတော့ပါ။

'ဒီမြို့လေးက ကျဉ်းကျဉ်းလေးရယ် ကလေးမရဲ့။ သူစိမ်း သာရင်လည်း သိတယ်။ သတင်းပြန့်တာကလည်း သိပ်မြန်တာ'

အခုမှ သူမ တစ်ချက်တွေးမိသည်။ လေးနှစ်သားလေး သတ်ဖြတ်မီးရှို့မှုတွေဆီကနေ ပြေးထွက်လာတာ ကုက္ကိုတန်းကို ရောက်လာဖို့ဆိုရင် သူပြေးခဲ့တဲ့ရွာဟာ သိပ်အဝေးကြီးတော့ မဖြစ် နိုင်ဘူး။ ကလေးတစ်ယောက်ဟာ ဆယ်မိုင်ခရီးကို လျှောက်လာ နိုင်မလား။ ငါးမိုင်လောက်ပဲ လျှောက်နိုင်မလား။ အဲဒီအနား တစ်ဝိုက်မှာ ဖြစ်ခဲ့တာဆိုရင် အောင်မြေသာစံကလူတွေက သိနိုင် ပါ့မလား။ မဟုတ်သေးပါဘူး။ ဒါက မြို့နယ်ပဲ။ နယ်အစုံက ဖြစ်တဲ့ အမှုတွေဟာ ဒီမှာ စာရင်းဝင်ရမှာပဲ။ စာရင်းထဲရောက်မယ်ဆိုရင် ပေါ့လေ။

'နောက်ပြီး စကားအသုံးအနှုန်းကို သတိထားပြီးမေးဖို့ ကျုပ်က အကြံပေးချင်တယ်။ တစ်ရွာလုံး မီးရှို့သတ်တယ်ဆိုတဲ့ စကားနဲ့ တစ်ရွာလုံးမီးလောင်သွားတယ်ဆိုတဲ့စကား မတူဘူးနော်။ မီးရှို့သတ်တယ်လို့ ပြောဖို့ဆိုရင် ခိုင်လုံတဲ့သက်သေရှိမှ ရမယ်။ ဒီစကားဟာ တာဝန်သိပ်ကြီးပါတယ်။ သေချာရဲ့လား။ကိုယ့်စကား ကိုယ် တာဝန်ယူရဲရဲ့လား'

သူပြောပုံက မြဝန်းရံကို ခြိမ်းခြောက်လိုဟန်ရှိသည်ဟု ခံစားရ၏။

တရားသူကြီး၏စရိုက်ဆိုတာတော့ ဘယ် ဖုံးကွယ်လို့ရပါ့ မလဲ။ သက်သေကိုချောင်ပိတ်မေးတဲ့ရှေ့နေမျိုးရဲ့အတတ်ကို သူတို့ လည်း တတ်နေမှာပဲ။ မြဝန်းရံတောင် ဘာဆက်ပြောရမှန်းမသိ အောင် စိတ်ရှုပ်ထွေးသွား၏။ ဘုန်းဘုန်းပြောလိုက်သည့် စကားကို

www.burmeseclassic.com

www.burmeseclassic.com



ပဲ အတည်ယူလိုက်မိတာ သူမ အမှားလား။ ဘွားပြုံးကို ကြိုးစားပြီး မမေးခဲ့မိတာ သူမ အမှားလား။

ညတုန်းက ပြည်မိုးငြိမ်းကို တိုက်ခိုက်ခဲ့သည့် သံသယရှိ ခွင့်ဆိုသည့်စကားလုံးသည် အခုအခါ မိမိကို ပြန်တိုက်ခိုက်လာ ခဲ့ပြီ။ မြဝန်းရဲ စိတ်မသက်သာစွာ ပြုံးလိုက်မိ၏။ ကာလဝိဘာက် နောက်ပိုးတက်တယ်ဆိုတာ တကယ်ပဲ မှန်နေပါပေါ့လား။

'ဟုတ်ပါတယ်ဦး ကျွန်မ စကားအသုံး မှားသွားပါတယ်။ ခွင့်လွှတ်ပါနော်'

'အေး။ ဒီလိုမှပေါ့ကွဲ့'

'တကယ်တော့ လူပြောသူပြောပဲ ကြားရတာပါ။ မသေချာပါဘူး'

'အဲဒါအရေးကြီးတာပဲ။ မသေချာတာတစ်ခုကို မသေချာ ဘူးလို့ဝန်ခံဖို့ သတ္တိရှိစမ်းပါ။ သံသယဆိုတာ ဆိုးတဲ့ကိစ္စမျိုး မဟုတ် ပါဘူး။ တကယ်ဆိုရင် သေချာမှုဆိုတဲ့စကားလုံးကသာ ကြောက် စရာကောင်းတာ။ သေချာပြီ ဆိုတဲ့ အတ္တတွေကြောင့် စစ်ပွဲတွေ၊ မိန်းကလေးပြောတဲ့ ဆိုးယုတ်မှုတွေ မိစ္ဆာလုပ်ရပ်တွေ ဖြစ်ခဲ့ရတာ'

မိမိတစ်ခါမှ မစဉ်းစားမိခဲ့သော ရှုထောင့်ဖြစ်သည်မို့ မြဝန်းရဲ ဦးသန်းမောင်ကို ငေးကြည့်နေမိသည်။

'ဒါပေမဲ့ ကျွန်မက အဲဒီမသေချာတာကိုပဲ သေချာအောင် သိပ္ပံနည်းကျ ရှာဖွေမှာပါ ဦးရဲ့'

'မိန်းကလေးက ရှေးဟောင်းသုတေသနဆိုတော့ သိပ္ပံနဲ့ သိပ်မရင်းနှီးဘူးထင်တယ်။ ရူပဗေဒပညာရှင်ရစ်ချတ်ဖိုင်းမင်း ဆို တာကို ကြားဖူးလား'

'ရစ်ချတ်ဖိုင်းမင်း။ ကြားဖူးပါတယ် ဒါပေမဲ့ သူ့အကြောင်း တော့ သိပ်မသိပါဘူး'



'သူက အလွန်တော်တဲ့ ထက်မြက်တဲ့ ပုဂ္ဂိုလ်ပဲ။ သူက သူ့ရှာဖွေတွေ့ရှိချက်နဲ့ပတ်သက်ပြီး စိတ်ကျေနပ်တယ်ဆိုတာ ဘယ် တော့မှ မရှိဘူး။ နိုဘယ်လ်ဆုရတဲ့သူလေ။ ကွင်တန် အီလက်ထရို ဒိုင်းနမစ်ဘာသာရပ်မှာ နိုဘယ်လ်ဆုရခဲ့တာပေါ့'

'အော်'

'သူပြောခဲ့တဲ့စကားတစ်ခွန်းက အလွန်နာမည်ကြီးတယ်။ ကျုပ်က သံသယနဲ့မသေချာမှုတွေနဲ့ အတူနေနိုင်ပါတယ် တဲ့။ မှား သွားမဲ့အဖြေကြီး ပေးလိုက်မိတာနဲ့စာရင် မသိခြင်းနဲ့ဘဝကို ဖြတ် သန်းရတာကမှ ပိုစိတ်ဝင်စားဖို့ကောင်းသေးသတဲ့။ ဘယ့်နှယ်လဲ'

မြဝန်းရဲ ခက်ခက်ခဲခဲ ပြုံးလိုက်ရသည်။ ဟုတ်များ ဟုတ် လေသလား။

'ဟုတ်ကဲ့ တစ်ခါတစ်ခါမှာ အကြောင်းမဲ့သက်သက် သေချာမှုကို လိုချင်လွန်းတဲ့အခါ တော်တော်ကို မှားယွင်းသွားတာ တွေ ရှိမှာပါပဲဦး။ ကျွန်မဖတ်ဖူးတာ တစ်ခုရှိတယ်။ တကယ့် အဖြစ် မှန်ပါ'

ဦးသန်းမောင်ကို မိမိဖတ်ဖူးသည့် လင့်စ်မော်ရိုး Lance Morrow ရေးသားပြုစုသည့် အီးဗီးလ် Evil ဆိုသောစာအုပ်ထဲက ဖြစ်ရပ်တစ်ခုအကြောင်း မြဝန်းရဲ ပြောပြလိုက်ပါသည်။

ကွန်မြူနစ်ပါတီတစ်ခုမှာ သံသယတစ်ခု ဖြစ်ပွားခဲ့၏။ ဘုံအဖွဲ့ပိုင်အစားအစာထဲက ဆန်တချို့ပျောက်ဆုံးနေသည့်အခါ ကြီးကြပ်သူက စတိုကိုစောင့်ရှောက်ရသည့် ရဲမေတစ်ယောက်အား ထမင်းတွေ ခိုးစားထားသည် ဟု ဒေါသတကြီး စွပ်စွဲခဲ့သည်။ ရဲမေ က မစားပါဘူးဟု ငြင်းသည်။ မျက်မြင်သက်သေလည်းမရှိ။ ရက် စက်ကြမ်းကြုတ်သည့် ကြီးကြပ်သူက အဖြေမရလျှင် မကျေနပ်။ ဟုတ်လားမဟုတ်လား သေချာအောင်စမ်းကြည့်မယ်ဆိုကာ လက်

www.burmeseclassic.com

www.burmeseclassic.com



ထဲကမားဖြင့် ရဲမေ၏ဗိုက်ကို အရှင်လတ်လတ် ထိုးခွဲ ဖွင့်ပစ်လိုက်သည်။ အားလုံးက တုန်လှုပ် ခြောက်ခြားစွာ ကြောင်နေကြစဉ် သူက အစာအိမ်ကို ခွဲထုတ် ဖွင့်ကြည့်ခြင်း ဖြစ်သည်။

'ဟာ'

ဦးသန်းမောင် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ထို့နောက် တစ်ခဏ တိတ်ဆိတ်နေပြီးမှ

'ဘာတွေ့သွားလဲ' ဟု မေးသည်။

'ဟော တွေ့လားဦး။ ဦးလည်း အဖြေကို သေချာချင်တာပဲ မဟုတ်လား'

တရားသူကြီး ခပ်နွမ်းနွမ်း ပြုံးရယ်လိုက်သည်။

'အဲဒီလိုမဟုတ်ပါဘူး ကလေးမရယ်'

'ကျွန်မ ဒီဖြစ်ရပ်ကို လူတော်တော်များများကို ပြောပြတဲ့အခါ လူတိုင်းက ရဲမေ အသက်သေသွားလား။ ဘာဖြစ်သွားလဲလို့ မသိချင်ဘဲနဲ့ ရဲမေရဲ့အစာအိမ်ထဲမှာ ထမင်းတွေရှိမရှိကိုပဲ စိတ်ဝင်စားကြတယ်ဦးရယ်။ အဲဒါ လူ့စိတ်အမှန်ပဲလားဟင်'

မြဝန်းရံတို့နှစ်ယောက် ငြိမ်သက်သွားကြသည်။

ခဏကြာတော့မှ မြဝန်းရံ ဦးသန်းမောင်၏မေးခွန်းကို ဖြေလိုက်ပါသည်။

'အစာအိမ်ထဲမှာ ဘာမှ မရှိပါဘူးတဲ့ ဦးရယ်'

မြဝန်းရံ ဘာစကား ဆက်ပြောရမှန်းမသိ။ တော်တော်ကြာတော့မှ စကားပြန်စလိုက်သည်။

'အစာအိမ်ထဲမှာ ထမင်းတွေရှိနေတော့ကော ဘာဖြစ်သွားမှာမို့လဲ ဦးရယ်'

'ကျုပ်ပြောတဲ့ သေချာချင်စိတ်ပေါ့ မိန်းကလေးရယ်။ သေချာချင်စိတ်ကို ဒေါသနဲ့ပေါင်းပစ်လိုက်တော့ မလုပ်ကောင်း



တဲ့အလုပ်တွေ လုပ်မိသွားတော့တာပေါ့'

အချိန်တော်တော်ကြာအတွေးကိုယ်စီဖြင့် ငြိမ်သက်နေပြီးမှ ဦးသန်းမောင် စကားလမ်းကြောင်း လွှဲပစ်လိုက်၏။

'ဒါထက် ကလေးမက စာရေးဖို့ဆိုတော့ စာရေးပြီးရင် စာအုပ်ထုတ်မှာလား'

'စာအုပ်ထုတ်ဝေတဲ့အဆင့်တော့ ရောက်ချင်မှ ရောက်ဦးမှာပါဦး။ စာတမ်းပြုစုတဲ့အဆင့်လောက်မှာပဲ နှစ်တွေမနည်း ကြာချင်ကြာဦးမှာပါ'

'စာတမ်းကရော ဘယ်လိုစာတမ်းမျိုးလဲ။ မြန်မာနိုင်ငံမှာ တင်မဲ့စာတမ်းလား။ နိုင်ငံခြားမှာ တင်မဲ့စာတမ်းလား'

တရားသူကြီးဟောင်း ပီသစွာပင် အကွက်ကို ကြိုမြင်သူပါလားဟု သူမ နည်းနည်းတော့ ဖြုံသွားပါသည်။

'ကျွန်မ မြန်မာနိုင်ငံမှာလည်း တက္ကသိုလ်စာတမ်းဖတ်ပွဲတွေမှာ စာတမ်းတင်ပါတယ်။ ကျွန်မတက်ခဲ့တဲ့ ပြည်ပတက္ကသိုလ်မှာလည်း ဖတ်ဖူးပါတယ်ရှင်။ အခုဟာကတော့ ဘယ်ကိုတင်ဖို့ရယ်လို့သတ်မှတ်ချက်လည်း မရှိသေးပါဘူး။ စိတ်ဝင်စားတာတစ်ခုကိုပဲ လေ့လာနေတုန်းပါ'

သူ့ဆီက သတင်းမရသည့်ပြင် ကိုယ့်ဆီက သတင်းကိုပါ ထုတ်ပေးရမလို အခြေအနေဖြစ်လာသည်။

'မင်းရဲ့စာတမ်းခေါင်းစဉ်က ဘာတဲ့လဲ'

မြဝန်းရံ အနည်းငယ်အောင့်သက်သက် ဖြစ်သွားသော်လည်း ချက်ချင်းပင် စိတ်ကိုလျှော့လိုက်၏။ သတင်းပြောရမည့် သတင်းအရင်းအမြစ်တစ်ဦးသည် မေးသူ၏ကိုယ်ရေးရာဇဝင်ကို သိချင်လိမ့်မည်။ သတင်းတစ်ခုကို ပြောသင့်မပြောသင့် ချိန်ဆဖို့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ထိ ပြောသင့်လဲ ခန့်မှန်းဖို့၊ သူ့မှာ မိမိအကြောင်း မေးပိုင်ခွင့် ရှိပါသည်။

'Bioarchaeology Analysis on human skeletal remains in Myanmar မြန်မာနိုင်ငံမှ လူအရိုးအကြွင်းအကျန်များကို ဇီဝရှေးဟောင်းသုတေသနပြု ဆန်းစစ်ခြင်းလို့ ပေးထားပါတယ်ရှင်'

မြဝန်းရံသည် အခုချက်ချင်း စိတ်ထဲမှာ စဉ်းစားပြီး ပေါ်လာသော ခေါင်းစဉ်ကို ပြောလိုက်ခြင်းဖြစ်သည်။ အဘိုးကြီး လက်ခံပုံရပါသည်။ ခေါင်းတစ်ချက် ညိတ်လိုက်သည်။

ထို့နောက် ဦးသန်းမောင်နှင့်မြဝန်းရံ စကားလက်ဆုံ ကျသည့်အဆင့်သို့ ရောက်သွားပါသည်။

ပြည်တွင်းစစ်နှင့်ပတ်သက်သည့် မြန်မာစာအုပ် အင်္ဂလိပ်စာအုပ်များ သူ့မှာ ရှိထားသည်။ စာအုပ်တွေထဲမှာ ဓာတ်လမ်းတို့တွေ အဖြစ်အပျက်တွေ များစွာရှိသည်။ ဖတ်ကြည့်နိုင်သည်ဟု မြဝန်းရံအား သူ့ ဘီဒိုထဲမှာ ရှိသည့် စာအုပ်တွေကို ထုတ်ပေးသည်။ အိမ်သို့ ငှားလို့ရပါသလားဟု မေးတော့ ယူသွားပါ ဟု သဘောတူသည်။

'ကျုပ်မှာ သားသမီးသုံးယောက်ရှိတယ်။ သုံးယောက်လုံးက ကျုပ်စာအုပ်တွေကို စိတ်မဝင်စားကြဘူး။ တစ်ယောက်က ရန်ကုန်မှာ ရေသန့်စက်ရုံလုပ်တယ်။ သမီးတစ်ယောက်က မန္တလေးမှာ အထည်ဆိုင်ဖွင့်ထားတယ်။ နောက်သမီးတစ်ယောက်က စက်ာပူမှာ မိသားစုလိုက်နေတယ်။ ကျုပ်သေရင်တောင် ဒီစာအုပ်တွေ ဘယ်သူမှ စိတ်ဝင်စားမှာမဟုတ်ဘူး'

အသက်ရှစ်ဆယ် အဘိုးကြီးတစ်ယောက်၏ရင်ထဲက ဖွင့်ထုတ်သောခံစားမှုကို မြဝန်းရံ ဘယ်လို ဖြေသိမ့်ပေးရမှန်း မသိပေ။



'ဦးရယ် လူငယ်တွေမှာ သူတို့ရည်မှန်းချက်တွေနဲ့သူတို့မိဘကြီးမိဘတွေရဲ့ စိတ်ဆန္ဒဟာ ဘာဖြစ်မလဲလို့ ထည့်မတွက်မိကြပါဘူး။ ဒါမျိုးက နောက်ဆုံးမှပဲ အသိလေးဝင်လာတတ်တာ အဲဒီအချိန်ကျတော့ အများစုက ကံဆိုးစွာပဲ ဆန္ဒကို လိုက်လျောပေးဖို့ အခွင့်မရကြတော့ဘူး။ ကျွန်မဆိုလည်း အဲဒီလိုပဲ။ ကျွန်မအမေက ကျွန်မကို ဘာဖြစ်စေချင်လဲဆိုတာ မမေးဘဲ ကိုယ်သွားချင်တဲ့လမ်းကိုပဲ လျှောက်ခဲ့တာ။ မေမေကဆို ကျွန်မကို ခရီးတွေ ထွက်ထွက်နေရတဲ့ ဒီအလုပ်ကို လုံးဝမလုပ်စေချင်ဘူး။ ကျွန်မကို စိတ်မချဘူးလေ။ အခုဆိုရင် ရန်ကုန်မှာ နေ့တိုင်း ဘုရားမှာ ဆွမ်းပန်းဆီမီးကပ်ပြီး ကျွန်မ ဘေးကင်းအောင် ဆုတွေပဲ တောင်းနေတော့မှာပါ'

မိဘဖြစ်စေချင်တာကို သားသမီးက မလိုက်နိုင်တာတွေသာကေ အများကြီး ရှိပါသည်။

'ဦးရယ် အိပ်မက်ချင်းမတူဘူး၊ ရင်ခုန်သံချင်းမတူဘူး လို့ပဲစိတ်ကိုဖြေပါ'

'အေးလေ။ ကျုပ်စိတ်ကို ဖြေပါတယ်။ ဒါကြောင့် အခုပြောင်းလာတဲ့ တရားသူကြီးလေးကို ကျုပ်စာအုပ်တွေ ပေးပေးဖတ်တယ်။ သူက စာသိပ်မဖတ်ချင်ဘူးဗျ။ ကျုပ်ကိုချည်း လာလာမေးမေးနေတော့ မခက်ဘူးလား'

သူက ရယ်တော့ မြဝန်းရံလည်း လိုက်ရယ်မိသည်။

'ဦးက ဒီကိုလာတဲ့ တရားသူကြီးတွေ တရားရေးဝန်ထမ်းတွေရဲ့အကူအညီတောင်းတာ အကြံဉာဏ်တောင်းတာကို ပေးနေရတဲ့သူဆိုတော့ သူတို့နဲ့ဆွေးနွေးရင်း ဒီပတ်ဝန်းကျင်မှာ ထူးခြားတဲ့အမှုတွေ၊ ဥပမာ လေးငါးယောက် အသတ်ခံရတာတို့ တရားခံမပေါ်တဲ့အမှုတို့ ဘာတို့များ သတိထားမိလား'

www.burmeseclassic.com

www.burmeseclassic.com



စကားတွေ ဘေးချော်သွားမှာစိုးလို့ ပြန်ကောက်မေး ပြန်လေသည်။

'ကျုပ်ဗဟုသုတနဲ့တော့ ထူးထူးဆန်းဆန်းအမှုရယ်လို့ မ ပါဘူး။ မြို့ပေါ်မှာကတော့ ခိုးမှု၊ ရိုက်မှု၊ ယာဉ်တိုက်မှု ဒါတွေ များတာပဲ။ နယ်ဘက်မှာတော့ မုဒိန်းမှု လူသတ်မှု ရှိတာပေါ့လေ ဒါပေမဲ့ ထူးထူးခြားခြားတော့ မရှိဘူးဗျ။ ပြောရမယ် ဆိုရင် ဒီနယ် အေးချမ်းပါတယ်။ ထူးထူးဆန်းဆန်းအမှုတွေဆိုရင် ကျုပ် ရော ခဲ့တဲ့ ဝေးသီခေါင်ဖျားဒေသ ကျေးလက်တောရွာတွေမှာပဲ ကြား တာပဲ။ ငါ့တူမတော့ ကြားဖူးမှာမဟုတ်ဘူး။ တောနေဆင်းရဲသာ တွေက အသိပညာ ဗဟုသုတမရှိတော့ အမွှာပူးမွေးလာရင်တော ဒါဟာ စုန်းတို့ နတ်ဆိုးတို့ဖြစ်မှာဆိုတဲ့အယူရှိတာ။ မွေးလာတဲ့ ကလေးတွေကို သတ်ပစ်ကြရတယ်'

'ဟင်'

မြဝန်းရံ တစ်သက်တွင် မကြားဖူးသော ဖြစ်ရပ်ပါပဲ။

'ကလေးတွေရဲ့ပါးစပ်ထဲကို ဖွဲနုတွေသိပ်ထည့်ပြီး သတ် ပစ်ကြတယ်။ ကလေးတွေကို သတ်ရုံတွင် မကဘူး။ အဲဒီမွေးတဲ့ မိဘတွေကိုလည်း ရွာထဲမှာမနေနိုင်းဘဲ ရွာပြင်ထုတ်ထားတာ၊ သူတို့ရှိရင် ရွာခိုက်တယ်ပေါ့'

အဲဒီအဖြစ်မျိုးကျတော့ ဆိုးယုတ်သူ နတ်ဆိုးက ဘယ်သူ ပါလိမ့်။

အစဉ်အလာနဲ့ နားလည်နိုင်မှုတွေကို ကျော်လွန်သွား သည့်ဖြစ်ရပ်တွေမှန်သမျှဟာ မကောင်းဆိုးဝါးလက်ချက်ပဲဟု လူ တွေ သတ်မှတ်ကြသည်။ တကယ်တော့ အကြောင်းချင်းရာကို မသိသည့်အခါ တရားခံရှာရင်းက နတ်ဆိုးမကောင်းဆိုးဝါးကို လွှဲချ လို့ရသွားခြင်း ဖြစ်သည်။



'နောက်ပိုင်းကျ အစိုးရကနေ ဒီအယူဝါဒတွေ ဒီလုပ်ရပ် တွေကို မလုပ်ဖို့ အမိန့်နဲ့ကို တားမြစ်ယူရတယ်'

'အခုရော'

'အို အခုတော့ ဒါတွေ မရှိတော့ပါဘူး။ တိုးတက်တဲ့ အမြင်တွေ ရှိလာကြပါပြီ'

ပြန်ခါနီးသည့်အခါ ဦးသန်းမောင်က မြဝန်းရံအား အတိ အကျ အဖြေမပေးခဲ့ကြောင်း သတိထားမိသည်။

'ဦး စောစောက မီးရှို့တဲ့အမှု အေးလေ တစ်ရွာလုံး မီး လောင်သွားတယ်ဆိုတဲ့ ဖြစ်ရပ်ကို ဦးကြားမိလား မကြားမိဖူးလား ကျွန်မကို မဖြေရသေးဘူးလားလို့'

ထိုအခါ တရားသူကြီးဟောင်းက ပြုံးသည်။

'ဒါမျိုး ကြားမိလား မကြားမိဘူးလား ကျုပ် ပြန်စဉ်းစား ဦးမယ်လေ။ အချိန်တော့ နည်းနည်းကြာမှာပေါ့'

မြဝန်းရံ သူ့မျက်လုံးတွေထဲကို စူးစူးစမ်းစမ်း ရှာဖွေ ကြည့်ဖြင့် ကြည့်လိုက်မိသည်။ ဘာအဓိပ္ပါယ်ကိုမှ မဖမ်းမိပါ။ သူမ လက်လျှော့လိုက်ပြီး မိမိ၏လက်ကိုင်ဖုန်းနံပါတ်ကို ပေးလိုက် သည်။ သူက ဖုန်းနံပါတ်ကို ဖတ်ကြည့်ရင်း ခဏနေတော့ နှစ်သိမ့် သည့် စကားကို ပြောလာခဲ့သည်။

'တကယ်သိချင်ရင် စိတ်ရှည်ရှည်ထားရမယ်။ အချိန်ပေး ဖို့ လိုတယ်။ လောလို့မရဘူး၊ နော်'

'ဟုတ်ကဲ့ ဦး'

သူ့ဆီမှ စာအုပ်တွေနှင့် ပြန်ထွက်လာပြီးနောက် ပြည်မိုး ငြိမ်းက မရောက်လာသေးသဖြင့် အနီးက ကုက္ကိုပင် အောက်ရှိ လက်ဖက်ရည်ဆိုင်သို့ သွားထိုင်ရသည်။ ပြည်မိုးငြိမ်း ဆေးရုံမှာ ကြာနေဦးမှာလား။ ဒီကြားထဲ ရဲစခန်းသို့ ထပ်သွားရဦးမလား ဟု

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားသည်။ ရွှေမှုန်ဝင်းကို ရက်ရက်စက်စက် ပြုကျင့်ခဲ့သူကို အခုလောက်ဆို ရဲက မိသွားရောပေါ့။ အို နေပါဦးလေ။ သူနဲ့ ငါရှာနေတာနဲ့ တိုက်ရိုက်ပတ်သက်တာလည်း မဟုတ်ဘူး။ နောက်ပြီး ဒီလူကို သွားတွေ့ဖို့ ငါတစ်ယောက်တည်း မဖြစ်ပါဘူး။ သာမန်လူဆိုးလူသတ်သမားမဟုတ်ဘဲ ကလေးကို အဲဒီလို လုပ်တဲ့လူဟာ စိတ်ကိုက မူမှန် မဟုတ်လို့ပေါ့။ အဲဒီလို လူမျိုးကို လောလောဆယ် မတွေ့ချင်သေးပါဘူး။

အနားသို့ ကားတစ်စီးထိုးဆိုက်လာသည်။ ပြည်မိုးငြိမ်း၏ ဆန်နီပစ်ကပ်ကားလေး ဖြစ်သည်။

သစ်ပင်မြင့်ကြီးပေါ်မှာ ဆောက်ထားသည့် အိမ်လေးကို အဝေးမှမြင်လိုက်ကတည်းက ကလေးနှစ်ယောက်ကတော့ ပျော်ရွှင်စွာ ခုန်ပေါက်မြူးတူးနေကြပြီ။

သစ်ပင်မြင့်ကြီး၏သစ်ပင်ခွကြားမှာ စနစ်တကျ ဆောက်ထားသည့် လင့်စင်အိမ်လေးသည် ပေတစ်ရာလောက်များ မြင့်မလား။ ကြိုးလှေကားတစ်ခု လင့်စင်အိမ်အစွန်းမှ အောက်ခြေအထိ တွဲလောင်းကျနေသည်။ သစ်ပင်ကြီးနားသို့ တဖြည်းဖြည်း နီးလာသည့်အခါ ပင်စည်တွင် ကပ်ထားသည့် 'ကညင်'ဟူသော စာတန်းကို မြင်ရသည်။ နောက်ပြီး ကြိုးလှေကားကို အနီးကပ်မြင်ရတော့ သစ်သားတန်းလေးတွေကို တစ်ပေစီလောက်ခွာပြီး လှေကားထစ်လုပ်ထားတာပါလားဟု သေသေချာချာ မြင်ရသည်။

နိုးနိုးက မြဝန်းရီ၏လက်ဖျားကို ဆုပ်ကိုင်ထားရာကနေ လွှတ်ပြီး သစ်ပင်ကြီးဆီသို့ အပြေးသွားသည်။

'သားသားတက်မယ် သားသားတက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



မသီရိလက်ထဲက ဖိုးသားကလည်း ခုန်ဆွခုန်ဆွ ပျော်မြူးနေရာက မသီရိလက်ကိုလွှတ်ကာ သူ့အစ်မနောက်က အပြေးလိုက်၏။ ပြည်မိုးငြိမ်းနှင့်မသီရိက သဘောကျသည့်အပြုံးတွေနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ မြဝန်းရံကတော့ တစ်ခါမှ မမြင်ဖူးသော သစ်ပင်ပေါ်က လင့်စင်အိမ်ကို တအံ့တသြ ငေးမောနေသည်။ မထူးခြားသည့်မျက်နှာထားနှင့် ရှိနေသူက ဦးကောက်ရ။ ဦးကောက်ရသည် သစ်ပင်ပေါ်ကအိမ်ကို တစ်ချက်သာ ကြည့်ပြီး စိတ်မဝင်စားသလို ဟိုဟိုဒီဒီ သစ်ပင်တွေကြားစပ်စပ်စုစု မျက်လုံးဝေ့ဝဲကာ ကြည့်နေသည်။

'ဒီနေရာက ကာကွယ်တောလေ၊ ဘယ်သူမှ မဝင်ရဘူး။ ဒီသစ်ပင်အိမ်လေးကို ဘယ်သူမှ မမြင်ဖူးဘူး။ ဟိုဘက်ဥယျာဉ်အီကိုဗီးလေ့ဂျ်မှာ သင်တန်းလာလုပ်တဲ့လူတွေတောင် ဒီကို တစ်ခါမှ မလာဖူးဘူး။ ညီမက အထူးဧည့်သည်မို့ ကိုပြေက လိုက်ပို့ပေးတာကွဲ့'

မသီရိက သူမအား ရှင်းပြပေးသည်။

'အော် ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်'

ကလေးတို့သည် ကညင်ပင်ခြေရင်းသို့ အရင်ဆုံး ရောက်သွားသော်လည်း တွဲလွဲကျနေသည့်ကြိုးလှေကားက သူတို့ ခေါင်းပေါ် အဝေးကြီး မြင့်နေသေးတော့ အားမလို အားမရ ခုန်ပေါက်နေကြသည်။

မြဝန်းရံနှင့်ဦးကြီးအား သစ်တောကို လိုက်ပြပေးမည် ဆိုတုန်းက မြဝန်းရံ သိပ်စိတ်ဝင်စားခဲ့သည်မဟုတ်။ ဖိုးသားတို့ မောင်နှမလည်းပါမှာဟု မသီရိက မြူဆွယ်လို့ လိုက်ပါမယ် ဟု လက်ခံလိုက်ခြင်းဖြစ်သည်။



လက်ခံလိုက်တော့လည်း မြဝန်းရံအား ထမိဖြင့် မလိုက်စေဘဲ ဘောင်းဘီဝတ်ခိုင်းပြန်သည်။ မြန်မာကျေးရွာတွေကိုအလည်လာတာမို့ ဘောင်းဘီလုံးဝမဝတ်ဖို့ ဆုံးဖြတ်ခဲ့သဖြင့် မြဝန်းရံ ဘောင်းဘီတစ်ထည်မှ ပါမလာခဲ့ပေ။

မသီရိက သင်တန်းသားသင်တန်းသူတွေအတွက်ထားသော တီရှပ်နှင့်ဘောင်းဘီတစ်စုံကို ထုတ်ပေး၏။ တောထဲသွားတာဆိုတော့ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးဖြစ်ဖို့ အရေးကြီးတယ် ဟု ဆိုပါသည်။

'ဟင့်အင်း ကျွန်မ ဘောင်းဘီ မဝတ်ချင်ဘူးအစ်မ၊ ဒီအတိုင်းပဲ လိုက်လို့မရဘူးလား'

ဖိုးသားကတော့ ကလေးပီပီ ငြိမ်သိပ်မနေနိုင်ဘဲ ဖော်ကောင်လုပ်သည်။

'မမကြီး တောထဲရောက်ရင် ဘောင်းဘီနဲ့မှ လုပ်လို့ရတဲ့အလုပ်တစ်ခု ရှိတယ်။ ဘောင်းဘီဝတ်မှ ရမှာ' တဲ့။

ဟင် ဘာအလုပ်လဲ။ မြဝန်းရံကို ဖိုးသားက ပြုံးစစ့စစ့ကြည့်ပြီး ဟိုရောက်တော့သိမှာပေါ့ဟု လျှို့ဝှက်နေသည်။ ကလေးတွေနှင့် ဘယ်တုန်းကမှ လိုက်လျောညီထွေ မနေတတ်ခဲ့သည့် မြဝန်းရံသည် သူတို့မောင်နှမကိုတော့ ခင်တွယ်မိလေသည်။

မြဝန်းရံ၏သဘောအတိုင်းသာဆိုလျှင် ဘောင်းဘီနှင့်မှ လုပ်လို့ရသည့်အလုပ်ကို မလုပ်တော့ဘူးပေါ့။ သို့သော် သူတို့ကို အလိုလိုက်ပြီး ဘောင်းဘီလဲခဲ့လိုက်ရသည်။ ဘောင်းဘီက ဟိုနေ့က မသီရိဝတ်ထားသည့် အဖြူရောင် ချည်ထည်ပိတ်ပိတ်ပျော့ပျော့ပွပွ။ အောက်နားစကို ခြေသားလုံးတွင် ပြန်ချည်နှောင်ဖို့ ချည်ကြိုးလေးတွေ ပါသည်။ မသီရိကလည်း အောက်နားစမှာ ကြိုးချည်လိုက်သဖြင့် မြဝန်းရံလည်း သူလိုပင် စည်းနှောင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ သူတို့ခြေဖဝါးအောက်က သစ်ရွက်ကြွေတို့သည် ခြေလှမ်းလှမ်းတိုင်း ချွတ်ခနဲ ချွတ်ခနဲ မြည်၏။ နွေရာသီ ရွက်ကြွေတို့သည် ခြောက်သယောင်းကာ ကြွပ်ဆတ်နေခဲ့သည်။ နောက်တော့ လမ်းလျှောက်ရင်း လျှောက်ရင်း ခရီးတွင်လာသော အခါ သစ်ပင်တွေက ပိုစိပ် ပိုသိပ်သည်းလာပြီး ရွက်ကြွေတွေက အသံမမြည်တော့ဘဲ မွမွအိအိ ဖြစ်လာသည်။ ပြီးတော့မှ တောတန်းဆီသို့ ရောက်တော့သည်။

'ပုဂ္ဂလိက ကာကွယ်တော။ အခွင့်မရှိ မဝင်ရ'

အဖြူခံပေါ်တွင် အနီရောင်စာလုံးကြီးများဖြင့် ရေးထားသော သစ်သားဆိုင်းဘုတ်ကြီးတစ်ခု တောတန်းထိပ်က သစ်ပင်ပင်စည်တွေရှေ့မှာ ကန့်လန့်ဖြတ် ရှိနေသည်။ ဆိုင်းဘုတ်က တော်တော်ကြီးသည်။ အလျားငါးပေ အနံနှစ်ပေလောက် ရှိမည်။ ဒါဟာ လူတိုင်းဝင်လို့မရသည့် တားမြစ်နယ်မြေပဲ။

သစ်တော၏အဝင်တွင် သစ်သားဖြင့် အခိုင်အခန့် ဆောက်ထားသော နတ်စင်တစ်ခုကိုတွေ့ခဲ့ရတော့ အံ့သြသွားသည်။ ပြည်မိုးငြိမ်းသည် နိုင်ငံတကာသို့ လှည့်လည်သွားလာနေသောခေတ်ပညာတတ်ဖြစ်သည် မဟုတ်လား။ နတ်ကိုးကွယ်မှုကို လုပ်မည့်လူမှ မဟုတ်ဘဲ။

'ဒါ ကိုပြေ ဆောက်ထားတာလား'

'ဟုတ်တယ်။ အဘိုးလက်ထက်ကတည်းက ဆောက်ထားတဲ့ နတ်စင်ကို ကျွန်တော့်လက်ထက်မှာ ပြန်ပြင် ဆောက်ပေးထားတာ'

'နတ်ကို ယုံလား'

'အခုနတ်စင်က ကျွန်တော် နတ်ကို ယုံတာမယုံတာနဲ့ မဆိုင်တော့ဘူး။ လုပ်ကိုလုပ်ရမဲ့အလုပ်မို့ လုပ်ပေးလိုက်တာပဲ။



ကျွန်တော့်တောကို စောင့်ပေးမဲ့အလုပ်သမားတွေအတွက်လည်း နတ်စင်လိုတယ်။ တောထဲလာပြီး သစ်ခုတ်ချင်တဲ့လူတွေအတွက်လည်း နတ်စင်လိုတယ်' ပြည်မိုးငြိမ်းက အဲဒီလောက်ပဲ ပြောပေမယ့် မသီရိက ရှည်ရှည်ဝေးဝေး ရှင်းပြသည်။

'နတ်စင်တွေက သစ်ပင်ကြီးကြီးတွေကို ထိထိရောက်ရောက် စောင့်ရှောက်ပေးနိုင်တာတော့ အမှန်ပဲ ညီမရဲ့။ ညီမ ကြည့်ကြည့်လိုက် မြန်မာပြည်အနှံ့အပြားမှာ တွေ့သမျှ သစ်ပင် ကြီးကြီးမားမားတွေဆိုရင် နတ်စင်တစ်ခုခုတော့ အနားမှာ ရှိနေတတ်တယ်။ အဲဒါလည်း သစ်တောကို တစ်မျိုးကာကွယ်ပေးတာပဲ။ နတ်ကို မမြင်ဖူးကြပေမယ့် တို့လူအများစုက နတ်ကို ကြောက်တယ်လေ။ နတ်ရှိတယ် နတ်ကြီးတယ်လို့ သတင်းကြားရင် အဲဒီသစ်ပင်ကို ခုတ်လှဲဖို့ တော်တော် မိုက်မိုက်မဲမဲ တဇွတ်ထိုးနိုင်သူပဲ စဉ်းစားမှာ'

အင်း ဒီလိုဆိုတော့လည်း ဟုတ်နေတာပဲ။

'အဲ ကိုပြေ့ကို ဒီနတ်စင်မှာရှိတဲ့နတ်ရုပ်က ဘာနတ်လဲလို့မေးကြည့် သူသိမလားလို့'

ပြည်မိုးငြိမ်းက ရယ်သည်။

'ကျွန်တော်မသိဘူးဗျ။ ညောင်ပင်ကြီးအောက်မှာ သွားကောက်ရင် နတ်ရုပ်တွေ စွန့်ပစ်ထားတာ အများကြီးပဲ။ အဲဒီထဲက အဆင်ပြေမယ့် ယောက်ျားရုပ်နှစ်ရုပ်သုံးရုပ်ကို ကောက်လာပြီး စင်ပေါ်တင်ပေးထားလိုက်တာပဲ။ ဦးဘိုးသာကြီးကတောင် မေးတယ်။ ဆရာလေး ကိုကြီးကျော်က သစ်ပင်ကို စောင့်လို့လားတဲ့။ ကျွန်တော်လည်း ကိုယ်ယူလာတဲ့အရုပ်ကို ကိုကြီးကျော်လား မြင်းဖြူရှင်လား မသိပါဘူး။ စောင့်ပေးပါလိမ့်မယ်ဗျာ ကြည့်နေပါလို့ ပြောထားရတယ်'

www.burmeseclassic.com

www.burmeseclassic.com



သူဟာသူသဘောကျပြီး ရယ်မောနေသော ပြည်မိုးငြိမ်းသည် အခုတော့လည်း ဖြူစင်ရိုးသားသောလူငယ်တစ်ဦး ဖြစ်နေပြန်လေသည်။

နတ်စင်အကျော်တွင် ပြည်မိုးငြိမ်းက သူ့ကျောပိုးအိတ်ထဲမှ ပုလင်းတစ်ခုကို ထုတ်ယူကာ အဖုံးဖွင့်လျက် အားလုံး၏ လက်ဖဝါးထဲသို့ ဆီအနည်းငယ်စီ လောင်းထည့်ပေးသည်။

'မှက်တွေ ခြင်တွေ မကိုက်အောင်လို့ လိမ်းရမယ်' တဲ့။ အနံ့က စပါးလင်ဆီနံ့ဖြစ်သည်။

ကလေးနှစ်ယောက်က ဒီလို တောလည်လည်ခြင်းကို နေသားကျနေပြီမို့ လက်ဖဝါးနှစ်ဖက်ကို ပွတ်ကာ ဘောင်းဘီ လွတ်နေသော ခြေချင်းဝတ် ခြေဖမိုးနှင့်၊ အကျီလွတ်နေသော လက်ဖမိုးတို့ကို ခပ်သွက်သွက် လိမ်းကျံနေသည်။ အားလုံး လိမ်းနေတာမို့ သူမလည်း ကပျာကရာ လိမ်းကျံလိုက်ရပါသည်။

သူ့သစ်တောသည် အခုလောက် စနစ်တကျရှိနေလိမ့်မည်ဟု သူမ မထင်ခဲ့။ အခုတော့ သစ်ပင်တွေအကုန်လုံးက ညီညီညာညာ အရွယ်အစား အမြင့် မတိမ်းမယိမ်း။ စိမ်းတချို့ ဝါတချို့ ညိုတချို့ အရွက်တွေကလည်း ဝေဝေဖြာဖြာ။ မော့ကြည့်လျှင် ကောင်းကင်ကို မမြင်ရလောက်အောင် တောထူထပ်မှုမရှိ။

'သစ်တောက ဘယ်နှဧကလောက်ရှိလဲ'

'ခပ်သေးသေးပါပဲ။ ဟက်တာတစ်ထောင်တောင်မပြည့်ပါဘူး။ ဧကနဲ့ဆိုရင် ဧက နှစ်ထောင်လောက်ပေါ့'

'အို မနည်းဘူးပဲ'

'ဦးကိုပြေ သားသားတို့ အိမ်ပေါ်တက်ရအောင်'

ဖိုးသားက ပြည်မိုးငြိမ်းကို လက်ဆွဲပြီး ခုန်ဆွခုန်ဆွ ပူဆာနေသည်။



'အေးအေး တက်ရမယ်။ နေဦးလေ'

ဒီလောက်သစ်ပင်အမြင့်ကြီးကို ညွတ်ပဲ့ ညွတ်ပဲ့ ကြိုးလှေကားလေးနဲ့ ဒီကလေးတွေတက်ဖို့ဘယ်ဖြစ်နိုင်မလဲ။ အန္တရာယ်ကြီးက ကြီးနဲ့။ မြဝန်းရံလည်း မတက်ရဲပါ။

ဦးကောက်ရကတော့ လင့်စင်ကို စိတ်ကို မဝင်စား။ သူ စိတ်ဝင်စားတာက မြေကြီးပဲ။ မြေကြီးပေါ်က ရွက်ကြွေတွေ ကြားမှာ အလေ့ကျပေါက်နေသည့်ချုံပင် ပင်ပုလေးတွေကို ကိုင်ကြည့်လိုက် အရွက်တွေကိုခူးပြီး နမ်းရှုံ့ကြည့်လိုက်ဖြင့် အလုပ်ရှုပ်နေ၏။

ပြည်မိုးငြိမ်းနှင့် မသီရိက တစ်ခုခုကို အလေးအနက် ဆွေးနွေးနေကြပြန်သည်။

'မမဝေ ကျွန်တော်ပြောတာကို မမဝေ ထပ်စဉ်းစား ပါဦး။ ဒီတောအုပ်မှာ သဘာဝခရီးသွားလုပ်ငန်းအတွက် အများကြီး ပြင်ဆင်လို့ရ တယ်။ ကျွန်တော်တို့လည်း ဝင်ငွေကောင်းမယ်။ ဒီလို သစ်တောမျိုး ဒီလို ခြောက်သွေ့ရပ်ဝန်းမှာတွေ့ဖို့ဆိုတာ ရှားရှားပါးပါး။ ဒီနိုင်ငံမှာလည်း ဘယ်သူမှ မလုပ်သေးဘူး။ လုပ်ရအောင်လေ'

သူ စိတ်အားထက်သန်နေသည်ကို မြင်ရသည်။

'ကျွန်တော် စိတ်ထဲကနေ လက်ကမ်းကြော်ငြာတောင် ရေးပြီးနေပြီ။ သစ်ပင်ထိပ်ဖျား ရွက်အုပ်တန်းမှာ လမ်းလျှောက်ကြစို့တဲ့ မကောင်းဘူးလား'

'မဖြစ်ပါဘူး ကိုပြေရယ်။ သူမှာထားခဲ့တဲ့ အမွေဆိုတာ မပျက်စီးအောင် ထိန်းသိမ်းရမယ်။ မင်းအဘိုးက သစ်တောကို သစ်တောနဲ့တူအောင် ထိန်းသိမ်းရစ်ပါလို့မှာခဲ့တာကို မင်းတို့ကစားကွင်းလုပ်လို့ ဘယ်သင့်တော်ပါ့မလဲ။ မပြောနဲ့ မလုပ်ရဘူး'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး မမဝေ မှားနေပြီ။ သစ်တောက သစ်တောပဲ။ ပျက်စီးသွားမှာမှ မဟုတ်ဘဲ။ တောရဲ့အရသာကို မပျက်စေရဘူးလေ။ ကျွန်တော်တို့ မလေးရှားက မိုးသစ်တောလို ကနိုပီဝေါ့လ်ကင်း(Canopy walking) လုပ်ရအောင်ပါ'

'ဟင့်အင်း မလုပ်ပါဘူး'

'ဟောကြည့် မမဝေက ကျွန်တော့်အိပ်မက်ကို အမြဲတမ်း ဖျက်ဖျက်ပစ်တယ်'

'အလိုတော် ကျုပ်က ဘယ်အိပ်မက်တွေများ ဖျက်မိလို့တုန်း။ စွပ်စွပ်စွဲစွဲ။ ဒီကိစ္စတစ်ခုပဲ တားမိတာပါ။ လုပ်မယ်ဆိုရင်လည်း အချိန်မတိုင်သေးဘူး။ ဒီသစ်တောက အခုမှ သက်တမ်း လေးငါးဆယ်ပဲ ရှိသေးတာ။ နောက်ပြီး သဘာဝတောလည်း မဟုတ်ဘူး။ ဒါ မူလသစ်တောမဟုတ်ဘူး။ ပြန်စိုက်ထားတဲ့သစ်တောလေ။ သူများနိုင်ငံက သဘာဝတောကွဲ့။ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ရေညှိတွေ ကပ်ပါးပင်တွေနဲ့ သစ်ပင်ပေါ်မှာပေါက်တဲ့ သစ်ခွတွေကလည်း သဘာဝသစ်ခွ။ တို့သစ်ပင်တွေက အခုမှ သစ်ခွတွေ တက်စိုက်ထားရတာ ဘယ်နှနှစ် ရှိသေးလို့တုန်း။ ခဏစောင့်ပါဦး'

မသီရိသည် ပြည့်မိုးငြိမ်းအပေါ်တွင် ဩဇာလွှမ်းမိုးမှု တော်တော်ရှိသည်။ ပြည့်မိုးငြိမ်း မျက်နှာညိုညိုနှင့် အသံတိတ်သွားလေသည်။ မသီရိက ပြည့်မိုးငြိမ်း မျက်နှာညိုသွားတာကို ကလေးတစ်ယောက်ကို ချော့သလိုဟန်ဖြင့် ပြုံးရယ်ကာ ပခုံးကို ပုတ်သည်။

'ကဲ ကဲ စိတ်လောမကြီးနဲ့တော့ ငါ့မောင်။ အချိန်တန်ရင် မမဝေ စီစဉ်ပေးမယ် ဟုတ်ပြီလား။ သစ်ပင်တက်ရအောင်'

ထို့နောက် မသီရိက ခပ်လှမ်းလှမ်းမှာရှိသည့် စတိုခန်းလို အဆောက်အဦသေးသေးလေးထဲသို့ ဝင်သွားပြီး ဆိုင်ကယ်စီး



ခေါင်းဆောင်းတွေ လေယာဉ်ခါးပတ်လို ကွင်းတွေ သိုင်းကြိုးတွေကို တပွေ့တပိုက် ထုတ်ယူလာ၏။ ပြည့်မိုးငြိမ်းက ထိုပစ္စည်းတွေကို မသီရိလက်မှ လှမ်းပွေ့ယူသည်။

အော် ဒါတွေနဲ့ တက်မှာပေါ့။ ဒါပေမဲ့ ဆိုင်ကယ်စီးဦးထုပ် ဘယ်လောက်ပဲမာမာ ပေတစ်ရာအမြင့်ကနေ ပြုတ်ကျရင်တော့ သေမှာပဲ။

အတွေးကို သိနေသလိုပင် ပြည့်မိုးငြိမ်းက မြဝန်းရဲ့ဘက် လှည့်ကြည့် ပြုံးပြသည်။ မြဝန်းရံက ကြိုပြီး ငြင်းလိုက်သည်။

'ကျွန်မ မတက်ဘူး။ ကျွန်မ ကြောက်တယ်။ အမြင့်ကြီး'

မသီရိက မြဝန်းရံ၏လက်ကို ဆုပ်ကိုင်အားပေး၏။

'အို ညီမ ကြောက်စရာမလိုဘူးလေ။ ညီမ အန္တရာယ်ဖြစ်မယ့်အလုပ်ကို တို့ ဘယ်လုပ်ခိုင်းပါ့မလဲ။ ကလေးတွေလည်း အန္တရာယ်မရှိစေရအောင် စီစဉ်ထားပါတယ်။ ဒီအတိုင်း မတက်ရပါဘူး။ အပေါ်ကနေ ကြိုးနဲ့ထိန်းပေးထားမှာလေ။ စောင့်ကြည့်ပါဦး နော်'

ပြည့်မိုးငြိမ်းက သွက်လက်ဖြတ်လတ်စွာ ပစ္စည်းတွေကို ကောက်ယူလျက် သူ့ကိုယ်မှာ တစ်ခုချင်း သိုင်းချိတ်တွယ်လိုက်သည်။ လက်နှင့်ကိုယ်အထက်ပိုင်းမှာ တစ်မျိုး၊ ပေါင်နှင့် ခါးမှာ တစ်မျိုး။ ထို့နောက် သစ်ပင်ဆီသို့ ခပ်သွက်သွက် လျှောက်သွား၏။

ကပ်ရက်သစ်ပင်ကြီးတစ်ပင်၏အောက်ခြေမှာ အပန်းဖြေဖို့ ပျဉ်ခုံတစ်ခုကို ပင်စည်ပတ်ပတ်လည် ရိုက်ထားသည်။ ထိုပျဉ်ခုံဝိုင်းပေါ်မှာ မြဝန်းရံတို့ အုပ်စုထိုင်လိုက်ကြပြီး ပြည့်မိုးငြိမ်း သစ်ပင်တက်တာကို စောင့်ကြည့်ကြသည်။ ပြည့်မိုးငြိမ်း၏အရပ်နှင့်ကိုယ်ကြီးလှေကားက လက်တစ်ဖောင်မက မြင့်နေသေးသည်။ ထိုကြိုး

www.burmeseclassic.com

www.burmeseclassic.com



လှေကားဆီသို့ လက်လှမ်းမီအောင် သစ်ပင် ပင်စည်မှာ ကပ်ရိုက်ထားသော သစ်သားတန်း အထစ်များအတိုင်း တက်သွားရသည်။

ဘုရားရေ မတော်တဆ ခြေချော်ပြီး ပြုတ်များကျလိုက်ရင်… ကြည့်နေရင်းနှင့် မြဝန်းရံ ထိတ်ခနဲ ရင်ခုန်သွားသည်။

လေးငါးထစ်တက်ပြီးတော့မှ ကြိုးအစွန်းကို ခြေထောက်ချလို့ မီသွားသည်။ ထိုကြိုးလှေခါးပေါ်သို့ ခပ်သွက်သွက်တက်သွားသည့်အခါ မြဝန်းရံ မကြည့်ရဲသဖြင့် တစ်ဖက်သို့ လှည့်နေလိုက်ရ၏။ အမြင့်ကြီးမှ တကယ့်ကို အမြင့်ကြီးပါ။ ကြိုးလှေခါးက ဆွေးမနေဘူးလို့ ဘယ်လိုလုပ် သေချာပါ့မလဲ။

မြဝန်းရံ မကြည့်ရဲတာကို ဖိုးသားကတော့ သဘောကျပြီး ရယ်လို့မဆုံးတော့ပေ။

သူ့အတွက် ဘာဖြစ်လို့ ဒီလောက် စိတ်ပူ ကြောက်လန့်နေမိတာလဲ။ ကိုယ့်ကိုယ်ကိုလည်း နားမလည်နိုင်တော့ပါ။

'မမ ကြည့် ဟိုမှာ ဦးကိုပြေ ပြန်ဆင်းလာတော့မယ်'

ဖိုးသားက အသံစာစာဖြင့် စိတ်လှုပ်ရှားစွာ သတင်းပေးလာသည်။ သူမ မော့ကြည့်လိုက်တော့ ပြည်မိုးငြိမ်းက လင့်စင်ကြမ်းခင်းအစွန်းမှာ ဟိုဘက်ဒီဘက် ဝရံတာဘောင်များကို အားပြုကိုင်လျက် မတ်တတ်ရပ်နေသည်။ ဘုရား ဘုရား။

သစ်ပင် ဘယ်လောက်မြင့်သလဲဆိုလျှင် သူ့ကို ဒီကနေ သေးသေးလေးပဲ မြင်ရသည်။ အတက်တုန်းကလိုပင် ကြိုးလှေကားကို မျက်နှာအပ်လျက် နောက်ပြန်ဆင်းဖို့ ကျောပေးလိုက်၏။ အေးပေါ့ နောက်ပြန်ပဲ ဆင်းရမှာပေါ့။ ထို့နောက် ခြေထောက်ကို လှေကားသစ်သားထစ်ပေါ် ချလိုက်သည့်အခါ သူ့ခြေထောက်က သစ်သားတန်းပေါ်မကျဘဲ လေထဲရောက်သွား၏။ အမလေး။

'အမေ့'



မြဝန်းရံ လွှတ်ခနဲ အော်လိုက်မိသည်။

'မစိုးရိမ်ပါနဲ့ အဲဒီကလေးက အဲလိုပဲ စနေကျ။ သူများရင်တုန်အောင် အမြဲလုပ်တယ်။ တကယ်ကျသွားလည်း စိတ်မပူနဲ့ သူ့ကျောမှာ အခု ထိန်းကြိုးတပ်ပြီးသွားပြီ ညီမရဲ့'

မသီရိက မြဝန်းရံအား လက်ဖျားကို ထွေးဆုပ်လျက် နှစ်သိမ့်သည်။ သူမ မျက်နှာပူနွေးအောင်ပင် ရှက်သွားပါသည်။

ဟုတ်ပါ့။ သူ့နောက်ကျော သိုင်းကြိုး၏ခါးဆီမှာ ကြိုးတစ်ချောင်းအလိုက်သင့် တန်းလန်းပါသည်။ လင့်စင်ရှေ့နားက သစ်ပင်ကိုင်းကြီးမှာ ချိတ်ထားသည့်ကြိုးဟု ထင်ပါသည်။ သူ တစ်ထစ်ဆင်းလိုက်တိုင်း ခါးထိန်းကြိုးက နောက်ထပ် ရှည် ရှည် လိုက်လာသည်။ ပင်စည်သစ်သားထစ်များကို ဆင်းနေတုန်းမှာလည်း ကြိုးက လိုက်ပါလာဆဲ။ မြေပြင်မှ တစ်ပေအမြင့်ခန့်မှာ ရှိသည့် အောက်ဆုံးသစ်သားထစ်ကို ခြေချမိသောအခါ ခါးထိန်းကြိုးက ဆက်မလျော့လာတော့ဘဲ တင်းသွားသည်။ ကြိုးအရှည် ကုန်သွားပြီ။ ကြိုးတင်းတော့ သူ ဆက်မဆင်းဘဲ ပင်စည်ကို ဖက်လျက် ရပ်နေ၏။

ထိုအချိန်တွင် မသီရိက သူ့ဆီ အပြေးသွားသည်။ ထို့နောက် သူ့ကျောက ခါးသိုင်းကြိုးနှင့် တွဲချိတ်ထားသော ထိန်းကြိုး၏ကွင်းကို ဖြုတ်ပေးလိုက်သည်။ လင့်စင်မှ ကျနေသော ထိန်းကြိုးက လွတ်သွားပြီး မြေပြင်မှ လေးပေအကွာခန့်တွင် တွဲလောင်းကျနေလေသည်။ အဲသည်တော့မှ ပြည်မိုးငြိမ်းက နောက်ပြန်ခုန်ချသည်။ မသီရိက သူ့ကို လိုအပ်လျှင်ပွေ့ဖက်ပေးတော့မလို လက်ဟန်ပြင်လျက် နောက်ဖက်ကနေ နီးကပ်စွာ စောင့်ပေးနေခဲ့သည်။

သူလည်း အောက်မြေပြင်သို့ရောက်ရော သူ့အနားသို့ ကလေးတွေက ပြေးသွား၏။ မြဝန်းရံပါ ရောပြီး လိုက်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုပြေရယ်။ ဒီလို ထိန်းပေးတဲ့ကြိုးကို အစကတည်းက တန်းလန်းလေးချထား။ လိုတဲ့အချိန်မှာ ခါးကို ချိတ်ထားပြီး တက်ရင် တက်ကတည်းက စိတ်ချရတာပေါ့။ အခုတော့ ထိန်းကြိုးမပါဘဲ တက်နေရတုန်း ရှင့်အတွက် ဘယ်လောက် အန္တရာယ်များလဲ'

စိတ်မောခဲ့ရတာကို ထိန်းချုပ်မထားနိုင်တော့ဘဲ လွှတ်ခနဲ အပြစ်တင်လိုက်မိ၏။ သူ့မျက်ဝန်းထဲမှ အံ့သြရိပ်နှင့်အတူ အပြုံးတစ်ခုကို မြင်တော့မှ ငါ မှားသွားပြီဟု နောင်တရ သွားပါသည်။

'ညီမ စိတ်ပူတာကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ခါးမှာ ချိတ်တဲ့ထိန်းကြိုးကို အမြဲတန်း ဆယ့်နှစ်ရာသီ ဒီလိုကြီး တန်းလန်းထားထားဖို့ မဖြစ်နိုင်ဘူးလေ။ ကြိုးက ခိုင်ခန့်ရမယ်။ ခြောက်သွေ့ရမယ်။ အန္တရာယ်ကင်းရမယ်။ မိုးဒဏ် ရေဒဏ် နေဒဏ်ထဲ ပစ်ထားလို့ ဘယ်ဖြစ်မလဲ။ သူ့ကို စိတ်ချလက်ချ ထားပြီး တက်သွားတာကမှ မမျှော်လင့်ဘဲ ကြိုးပြတ်တာတို့ အပေါ်ကချည်ထားတဲ့ အထုံးမခိုင်လို့ ပြုတ်ကျတာတို့ ကြုံချင်ကြုံရနိုင်တယ်။ ဒီအတိုင်းတက်တဲ့အခါကျတော့ ကိုယ့်ကိုယ်ကို သတိထားတယ်လေ။ ကျွန်တော်က ဒီလင့်စင်ပေါ် ငယ်ငယ်ကတည်းက တက်နေကျ။ ကျွမ်းနေပြီ'

ဖိုးသားနှင့်နိုးနိုးကို ကြိုးသိုင်းကွင်းတွေ ဝတ်ဆင်ပေးကြသည်။

'လင့်စင်ပေါ်ကချထားတဲ့ထိန်းကြိုးက လူနှစ်ယောက်စာပဲ စိတ်ချရတယ်။ ဒီတော့ ကျွန်တော်က တစ်ယောက်ချင်းကို တစ်လှည့်စီ ခေါ်သွားပေးမယ်။ ဦးကြီး ကျွန်တော်နဲ့ တက်မယ်နော်'

ဦးကြီးကောက်ရက ခေါင်းတယမ်းယမ်း လက်တခါခါဖြင့် အသည်းအသန် ငြင်းလေသည်။ ဦးကြီး မတက်ရဲဘူး။



'ကိုပြေ ဦးကြီးကအသက်ကြီးပြီ။ မတက်ချင်ရင် အတင်းမတိုက်တွန်းပါနဲ့'

မသီရိက ပြည့်မိုးငြိမ်းအား ဟန့်တားသည်။

'ဦးကြီး အပေါ်မှာ ပန်းချီဆွဲဖို့ မြင်ကွင်း သိပ်ကောင်းတယ်ဗျ။ ပန်းချီစက္ကူတွေ ရောင်စုံခဲတံတွေလည်း ရှိတယ်။ တက်မယ်မဟုတ်လား'

ဦးကြီးက ခေါင်းတယမ်းယမ်း။

'ဟဲ့ ဒီကောင်လေး။ လူကြီးကို မစစမ်းနဲ့'

ပြည့်မိုးငြိမ်းက ကလေးနှစ်ယောက်ကို ခါးထိန်းကွင်း ခိုင်ခိုင်ချိတ်ချည်ပေးပြီး သူကတော့ ထိန်းကြိုးမပါဘဲ အပေါ်သို့ တက်တော့သည်။ အံမယ် ကလေးနှစ်ယောက်ကလည်း ကြိုးလှေကားလေးကိုများ တစ်ထစ်ပြီးတစ်ထစ် တက်သွားလိုက်တာ။ သွက်လက်လို့။ ဘယ်လောက်များ လေ့ကျင့်ထားသလဲမသိ။ မသီရိက စိတ်ပူပန်ခြင်းမရှိ။ သားနှင့်သမီးကို ပြည့်မိုးငြိမ်းနှင့် စိတ်ချလက်ချ ထားနိုင်သည်။

'တစ်ခါတစ်ခါများ ကိုပြေက ဟိုးအပေါ်ဆုံး အိမ်အစွန်းကနေ ကြိုးလှေကားနဲ့မဆင်းဘဲ ခုန်ချတာညီမရယ်။ ခါးထိန်းကြိုးပါတော့ ဘယ်လောက်အမြင့်က ကျကျ မြေပြင်အထက် တစ်ပေလောက် ခြေလွတ်ရုံ တွဲလောင်း ချာချာလည်နေတော့တာ။ အဲဒီကစားနည်းကို သူပျော်တယ်'

ဘုရားဘုရား။ ကံဆိုတာ မပြောနိုင်ဘူးနော်။ ပြုတ်ကျတာတို့ဘာတို့။ ဖြစ်မှဖြစ်ရလေ။ ဘာဖြစ်လို့များ ဒီလောက် သူ စွန့်စားချင်ရတာလဲ။

ကလေးနှစ်ယောက်တည်း သစ်ပင်ပေါ်မှာမထားခဲ့။ ပြည့်မိုးငြိမ်းက ဆင်းမလာဘဲ ခါးထိန်းကြိုးကို မသီရိဆီ ပစ်ချပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ ညီမ တို့ကို နောက်ကနေ ခါးထိန်းကြိုးနဲ့ ခါးပတ်နဲ့ မြဲအောင် ချိတ်ချိတ်ပေးပေတော့'

'ဟင် ကျွန်မ မလုပ်တတ်ဘူး'

'တို့ ပြမယ်လေ။ ဒီမှာ'

မသီရိက လက်မောင်းနှင့်ကိုယ်ထည်ကို သိုင်းသည့် သိုင်းကြိုးကို ကိုယ်မှာမချည်သေးခင် ခါးထိန်းကြိုး၏ချိတ်ကွင်းနှင့် ချိတ်ပုံချိတ်နည်းကို ပြသည်။

'တို့လည်း ကိုယ့်ဟာကိုယ် လက်နောက်ပြန်နဲ့ ပြန်စစ်လို့ရပါတယ်။ စိတ်မပူပါနဲ့ ညီမက ကူပေးရုံပဲ'

မသီရိ၏သွယ်ပျောင်းနွဲ့နောင်းသော ကိုယ်ခန္ဓာမှာ သင်တန်းဘောင်းဘီအကျီပွပွအောက်တွင်ပင် အချိုးအစား ပြေပြစ်လှပနေလေသည်။ ခါးသိုင်းကွင်းတွင် ထိန်းကြိုးချိတ်ကွင်းကို ချိတ်ပေးသည့်အခါ မြဝန်းရံ လက်တွေတုန်နေသည်။ မိမိ မှားလိုက်လျှင် သူတစ်ပါးအသက်အန္တရာယ်ကို ထိခိုက်နိုင်မှန်းသိနေတော့ စိတ်မရဲပေ။ မသီရိကလည်း ကိုယ့်ကို စိတ်ချလက်ချ ထားတာတော့မဟုတ်။ သူ့လက်ဖြင့် နောက်ကို ပြန်စမ်းကာ ချိတ်ကွင်းကို အသေအချာ စမ်းသပ်ကြည့်၊ ဆွဲကြည့်၊ လုပ်ပြီးမှ အိုကေ ဟုဆိုကာ သစ်ပင်ပေါ်သို့ တက်တော့သည်။

အပေါ်မှ ကလေးနှစ်ယောက်၏ရယ်မောသံကို ကြားရသည်။ မော့ကြည့်လိုက်တော့ ကလေးနှစ်ယောက်နှင့်သူက ဝရံတာအတွင်းမှ မတ်တတ်ရပ်ပြီး အောက်ကို ငုံ့ကြည့်နေသည်။

မသီရိ ကြိုးလှေကားတက်သွားပုံက သွက်လက်သည်။ ဟိုသည် လွဲယမ်းယိမ်းယိုင်နေသော ကြိုးလှေခါးကို အလိုက်သင့်ကိုယ်ကိုထိန်းကာ တက်သွားပုံက ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ဟန်ဖြစ်သည်။ ရှင်နှင့်မသီရိ ဘယ်အချိန်ကစပြီး ကောင်းတူ



ဆိုးဖက် အပေးအယူမျှမျှနှင့် နှစ်ယောက်တစ်ဘဝ ဖြစ်နေခဲ့ကြသလဲ။ ကျွန်မ သိချင်လိုက်တာ။ ရှင့်စကားအရဆိုလျှင် အနည်းဆုံးတော့ ဆယ်နှစ်ကြာခဲ့ပြီပေါ့။ ကြည့်ပါဦး။ တစ်ယောက်က လင့်စင်အိမ်တံခါးဝသို့ ရောက်သည့်အခါ တစ်ယောက်က လှမ်းပွေ့ဆွဲပြီး အိမ်ထဲကို ခေါ်ယူတာ။ ပြီးတော့ နှစ်ယောက်လုံး သဘောကျစွာရယ်မောလိုက်ကြတာ။ ကျွန်မကတော့ အပင်ကြီး အောက်ခြေကနေ တစ်ယောက်တည်း မော့ပြီး ငေးကြည့်လို့ပေါ့။

အို သူတို့နဲ့ ငါနဲ့ဘာဆိုင်လို့လဲ။ ဦးကြီးကောက်ရရဲ့ လျှို့ဝှက်ချက်သာ ရှိမနေဘူးဆိုလျှင် ငါ သူနဲ့တစ်နာရီတောင် အတူရှိနေစရာမလိုဘူး။ ထိုအသိတရားဖြင့် သူမ နေသာထိုင်သာ ရှိသွားကာ မျက်နှာကို လွှဲလိုက်တော့မည့်အချိန် ထိုအချိန်မှာပင် ပြည်မိုးငြိမ်း၏အပြုအမူကြောင့် အသည်းအေးခနဲဖြစ်ကာ တစ်ကိုယ်လုံးတုန်ရီသွားတော့သည်။ ပြည်မိုးငြိမ်းက ပထမဆုံး အသက်ဝဝရှူလိုက်သကဲ့သို့ပင် လက်နှစ်ဖက်ကို ဘေးသို့ ဆန့်တန်းလိုက်သည်။ ထို့နောက် လေထီးသမားတစ်ယောက် လေယာဉ်ပေါ်မှ ခုန်ဆင်းသလိုပင် သစ်ပင်ပေါ်မှ အောက်သို့ ခုန်ချပစ်လိုက်လေသည်။ အံမာလေး သေပါပြီ။

မသီရိ အခုလေးတင် ကြိုတင်သတိပေးထားပါလျက် သူအခုလိုအမြင့်ကြီးမှ ခုန်ချလိုက်သောအခါ မြဝန်းရံ လက်ဖျားခြေဖျားတွေ အေးရလောက်အောင်ပင် ထိတ်လန့်ကြောက်ရွံ့သွားသဖြင့် ယောင်ယမ်းပြီး မျက်စိကို မှိတ်ချပစ်လိုက်မိသည်။

ရယ်မောသံတွေကို ကြားရ၏။ ကလေးတွေဆီက ရယ်သံ။ ပြည်မိုးငြိမ်း၏ရယ်သံ။ မြဝန်းရံ မျက်လုံးကို မရဲတရဲ ဖွင့်ကြည့်လိုက်သည်။ ပြည်မိုးငြိမ်းသည် သိုင်းကြိုးဖြင့် တွဲလောင်းဖြစ်ကာ ခြေထောက်များ မြေပြင်မှ တစ်ပေအကွာတွင် ပတ်ချာလည်

www.burmeseclassic.com

www.burmeseclassic.com



လည်နေသည်။ သူ့လက်က သူ့နောက်ကျောမှာ တင်းနေသည့် ကြိုးကို ခေါင်းပေါ်မှ နောက်ပြန် ပြန်ဆုပ်ဆွဲထားသည်။

သူ ရယ်မောနေပုံက စွန့်စားမှုအတွက် ကိုယ့်ကိုယ်ကို တော်တော်ကြီး ကျေနပ်နေပုံ။ မြဝန်းရံကတော့ မိမိရှေ့တွင် အဲဒီ သူ့ရဲ့ကောင်း လုပ်ပြရပါမလားဟု ဒေါသထွက်သွားမိသည်။ နောက် ပြီး အပေါ်မှာ ကလေးတွေ ရှိသည်။ ကလေးတွေ ယောင်မှားပြီး အတုယူတာ အားကျတာမျိုး ဖြစ်နိုင်သည့် အပြုအမူကို ဘာဖြစ်လို့ မဆင်မခြင် လုပ်ရသလဲ။ မသိရိုကရော ဘာဖြစ်လို့ မတားမြစ် တာလဲ။

'ဟာ ညီမ ကြည့်ကောင်းလို့ ကြည့်နေတာလား။ လာပြီး ကြိုးလေးဖြုတ်ပေးဦးလေဗျာ။ ဒီမှာ တန်းလန်းကြီးဗျ'

ပြည်မိုးငြိမ်းက လေထဲမှာ ရယ်မောရင်း တန်းလန်း လည် နေရာက သူမကို လှမ်းပြောသည်။

အို ဟုတ်လား။ သူ့ခါးက ထိန်းကြိုးကို ကိုယ်က ဖြုတ် ပေးရမှာတဲ့လား။ မြဝန်းရံ ကြောင်သွားသည်။ ဟင့်အင်း။

'အို တပ်တုန်းက ကိုယ့်ဟာကိုယ် တပ်တာမဟုတ်လား ဖြုတ်တော့လည်း ကိုယ့်ဟာကိုယ်ဖြုတ်ပေါ့'

'ဟောဗျာ။ တပ်တုန်းက မမဝေတပ်ပေးတာလေ။ ဖြုတ် တော့ တစ်ယောက်ယောက်က ဖြုတ်ပေးမှပေါ့'

ဟင် ဟုတ်သားပဲ။ သူမ သူရှိရာသို့ တွန့်ဆုတ်တွန့်ဆုတ် ဖြင့် လျှောက်သွားမိသည်။ သို့သော် အနားရောက်မှ သတိထားမိ သည်။ သူ့ခြေထောက်တွေက မြေပြင်မှ တစ်ပေအကွာမှာ လွတ် နေတော့ နဂိုကမှ သူ့အရပ်ထက် ပိုနိမ့်သည့် မိန်းကလေးက ဘယ်လိုလုပ် သူ့ကျောဆီကို မီမလဲ။ နောက်ပြီး မီသည်ပဲ ထားဦး။ နောက်ကျောခါးထိန်းကြိုးကြီးက တင်းနေတာ။ ထို တင်းနေသည့်



ကြိုး၏ချိတ်ကွင်းကို ဖြည်ပေးဖို့ဆိုလျှင် အဲဒီကိုယ်ခန္ဓာကြီးကို ပွေ့ပြီး မှ ဖြည်ပေးလို့ရမှာပေါ့။ မဟုတ်သေးပါဘူး။

မြဝန်းရံ မျက်မှောင်ကြုတ်လျက် အကြီးအကျယ် စဉ်းစား နေသည်။ ပြည်မိုးငြိမ်းကလည်း သူမကို စနောက်ချင်ဟန်ဖြင့် ချာ သည်လည်နေသော ကြိုးဖြင့် တန်းလန်းကျနေရင်းက ပြုံးလျက် ရှိလေသည်။

မြဝန်းရံ ဦးနှောက်ခြောက်နေသည်။ သူ့ကို ဘယ်လိုနည်း ဖြင့် ကြိုးဖြုတ်ပေးရမလဲ။ အနီးအနားမှာ ကုလားထိုင်တို့ ဘာတို့ ရှိမလား။

'ခဏလေးနော်'

မြဝန်းရံ အနားက စတိုဆောင်လေးထဲသို့ ဝင်သွား၏။ အဲဒီမှာ ခုံတစ်ခုခုများ တွေ့မလား။ စတိုဆောင်ထဲမှာ မီးသတ်ဗူး တွေ တွေ့သည်။ မီးစက်လိုလို ပုံစံမျိုးဖြင့် အနီရောင်စက်တစ်ခု တွေ့သည်။ ဘေးမှာ ချပ်ပြားဖြစ်နေသည့် ပိုက်ကို စနစ်တကျ ခေါက်လျက်တွေ့တော့မှ ဒါဟာ မီးသတ်ဖို့ ရေပက်စက် ဖြစ်မည်ဟု တွက်မိသည်။ လက်နှိပ်ဓာတ်မီးတွေ၊ ရေပုံးတွေ တခြား မိမိ မသိ သော စက်ကိရိယာတွေ အများကြီး တွေ့ရသည်။ သေချာတာက တော့ ကုလားထိုင်တို့ စားပွဲတို့ မရှိ။ တကယ်ဆို မတ်တတ် ကုလား ထိုင်လေးတစ်လုံးတော့ ထားသင့်တာပဲ။ အခု ဘယ့်နှယ်လုပ်မလဲ ကွဲ။

အို သူ့ဟာသူ လျှာရှည်ပြီး ခုန်ချတာ။ သူများကို ရင်တုန်အောင်လုပ်တာ။ နေပါစေ။ ဒီအတိုင်းပဲ နေပေစေတော့။ အို အဲဒီလိုလည်း မဖြစ်သေးပါဘူး။ ငါရှိတယ်ဆိုပြီး ငါ့အားကိုး နဲ့ ခုန်ချတာဖြစ်မယ်။ ငါ တစ်ခုခုတော့ လုပ်ပေးမှပဲ။ နောက်ဆုံး တော့ မော်တော်ဆိုင်ကယ်တစ်စီး ထောက်ထောက်လျက် နံရံမှာ

www.burmeseclassic.com

www.burmeseclassic.com



ကပ်ထားသည်ကို တွေ့ရသဖြင့် အကြံရသွားသည်။ ထိုဆိုင်ကယ်ပေါ်မှာ သူ့ကို မတ်တတ်ရပ်ခိုင်းမည်။ အို နေပါဦး သူက ဆိုင်ကယ်ပေါ် မတ်တတ်ရပ်လို့ ခါးထိန်းကြိုးက လျော့ပါပြီတဲ့။ ငါ့အရုပ်က သူ့ကို ဘယ်လိုလုပ်မီမလဲ။ သူ့ ခါးက ချိတ်ကွင်းကို ငါ ဘယ်လိုလုပ်ပြီး ဖြည်ပေးမလဲ။ ပိုဆိုးမှာပေါ့။ မဟုတ်သေးဘူး။ ဒါ အလုပ်မဖြစ်ဘူး။ ရှာစမ်းပါဦး ထပ်ပြီး ရှာစမ်းပါဦး။

ပစ္စည်းအတိုအထွာတွေကို မွှေနှောက်လှန်လှောလျက်ရှာသည်။ ထိုအခါကျမှ စာကြည့်တိုက်တွေမှာ သုံးတတ်သော အလျှုမီနီယမ်လှေကားကို တွေ့သည်။ လှေကားက ခြေလေးချောင်းထောက်ထားသည်။ ခြေဖဝါးချလို့ရသည့် အထစ်တွေ လေးဆင့်ပါသည်။ ထိုအလျှုမီနီယမ်လှေကားကို မပြီး သယ်လာခဲ့သည်။

ကြည့်စမ်း။

အံပြင်သို့ရောက်သည့်အခါ အံ့သြစရာ ကြုံရသည်။ ပြည်မိုးငြိမ်းက မြေကြီးပေါ်မှာ လွတ်လွတ်လပ်လပ် မတ်တတ်ရပ်နေပြီ။ သူမနားမလည်နိုင်အောင် ဖြစ်သွားသည်။ သူ့ကိုဘယ်သူကယ်ပြီး ဖြုတ်ပေးခဲ့တာလဲ။ အနားမှာလည်း ဘယ်သူမှမရှိ။

'ညီမ လေးကလေးနဲ့ ထားလိုက်လေ'

သူက မြဝန်းရံဆီ အပြေးရောက်လာပြီး သူမ သယ်လာသော အလျှုမီနီယမ်လှေကားကြီးကို သူမလက်ထဲမှ လက်လွှဲယူလိုက်ပြီး မြေပြင်ပေါ်မှာပင် ဖြစ်သလို ချထားလိုက်၏။

'ဆောရီးညီမ ညီမကိုကျွန်တော်အစလွန်သွားမိတယ်၊ ညီမ ဒီလောက်အလေးအနက်ယုံသွားလိမ့်မယ်လို့ မထင်ထားခဲ့ဘူး'

သူ့မျက်ဝန်းတွေမှာ အားနာသည့် အရိပ်အယောင်၊ ကြည်နူးသည့်အရိပ်အယောင် ထို့နောက် ဘာအရိပ်တွေပါသေးလဲ။ ရယ်မြူးရိပ်တွေ ပါသေးလား။



'ဘယ်သူက ဖြုတ်ပေးလဲဟင်'

အနီးအနားမှာ မြင်နိုင်သမျှမြင်ကွင်းအောက်မှာလည်း လူတစ်ယောက်တလေမှ မရှိ။

'ကျွန်တော် သစ်ပင်ဆီ လွှဲကပ်ပြီး ပင်စည်လှေခါးထစ်တွေပေါ် တက်ရပ်ပြီး ဖြုတ်တာပေါ့ ညီမရဲ့။ ဒီလိုပဲ ဖြုတ်နေကျပါ'

'အို'

မြဝန်းရံ ရှက်လည်းရှက် ဒေါသလည်း ထွက်သွား၏။

'ဒါ နောက်စရာလား ရှင့်'

'ဆောရီးပါ ညီမရယ်'

တစ်ကိုယ်လုံးထူပူတာကတမျိုး၊ မကျေမချမ်းဒေါသက တစ်မျိုး၊ သူ့အနားကနေ ခွာလာခဲ့သည်။

'ညီမ တက်မယ်လေ။ ညီမအလှည့်'

'အို မတက်ဘူး။ မတက်ချင်ပါဘူး'

'မဟုတ်သေးဘူး။ ကျွန်တော့်ကို စိတ်ဆိုးလို့လား။ မမဝေနဲ့ တက်ချင်တယ်ဆိုလည်း ကျွန်တော် အပေါ်ပြန်တက်ပြီး ကလေးတွေနဲ့စောင့်လိုက်ပါမယ်။ မမဝေကို အောက် ပြန်လွှတ်ပေးမယ်'

'ကျွန်မ ဘယ်သူနဲ့မှ မတက်ချင်ဘူး'

'ဟာ ဘာဖြစ်လို့လဲညီမ။ အမြင့်သိပ်ကြောက်သလား'

'မကြောက်ပါဘူး။ မတက်ချင်တာတစ်ခုပါပဲ'

'ညီမ ဒေါသထွက်သွားတာ ကျွန်တော်သိပါတယ်။ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော်စတာ နည်းနည်းလွန် သွားတယ်။ စော်ကားသလိုဖြစ်သွားရင် တောင်းပန်ပါတယ်။ မသိရိန့် ကလေးတွေက ညီမကို အပေါ်လာစေချင်တယ်။ အန္တရာယ်မဖြစ်စေရပါဘူး။ ကျွန်တော့်အသက်နဲ့ရင်းပြီး အာမခံပါတယ်။ ဒီကိုဒိုယာတွေက မမဝေနဲ့အလုပ်သမားတွေ အမြဲစစ်ဆေးထိန်းသိမ်းနေကျ'

www.burmeseclassic.com

www.burmeseclassic.com



မြဝန်းရံ အပေါ်ကို မော့ကြည့်လိုက်သည့်အခါ ကလေးနှစ်ယောက်နှင့် မသီရိက မိမိတို့အား စိတ်အားထက်သန်စွာ ငုံ့ကြည့်နေကြသည်ကို မြင်ရသည်။ ဖိုးသားက လက်ဖဝါးလေးနှစ်ဖက်ကို အော်လံသဖွယ် ပါးစပ်ရှေ့မှာ ဖြန့်လျက် လှမ်းအော် ခေါ်သည်။

'မမကြီး သားသားတို့ဆီ တက်လာခဲ့ပါ'

အခုချိန်ကျမှတော့ လုံးဝငြင်းဆိုလိုက်လျှင် မိမိ ကလေးဆန်ရာကျမည်။ စိတ်ကောက်တတ်ရာ ကျမည်။ သူမ ပင့်သက်တစ်ချက်ကို လေးလေးပင်ပင် ချလိုက်ပြီး အပေါ်တက်ရန် လက်ခံလိုက်သည်။ သို့သော် သေချာသည်၊ မြဝန်းရံ လုံးဝ စိတ်လှုပ်ရှားတက်ကြွခြင်း မရှိတော့ပေ။

ကြိုးသိုင်းကွင်းမှာ ခါးထိန်းကြိုး ချည်နိုင်ဖို့အတွက် သစ်ပင်ပေါ် တစ်ထစ် နှစ်ထစ် တက်လိုက်ရသေးသည်။ အခုမှ သတိထားမိသည်မှာ ကညင်ပင် ပင်စည်ကြီးတွင် လက်ကိုင်လို့ရအောင် တစ်ဖက်တစ်ချက်မှာ အားယူဆုပ်ကိုင်ဖို့ အသင့် အနေအထား သံကွင်းတွေ တပ်ထား၏။ သက်တောင့်သက်သာ မြဲမြဲဆွဲပြီး တစ်ထစ်ချင်း တက်သွားရုံပဲ။ မိမိအား ပြည်မိုးငြိမ်းက ခါးနောက်မှာ ချိတ်ကွင်း ချိတ်ပေးလိုက်သည်။

'ကဲ တက်လို့ရပြီ။ တော်တော်မြင့်တဲ့အထိ တက်လိုက်။ လိမ့်မကျဘူး။ ကျွန်တော်အောက်မှာ ရှိတယ်'

သူမ ဘယ်ညာလက်ကိုင်ကွင်းတွေကို အားပြုဆွဲလျက် ပင်စည်၏လှေခါးထစ်တွေကို တက်သွားသည်မှာ ကြိုးလှေကားနှင့် အပြိုင်ဖြစ်သည်အထိ ဖြစ်သည်။

'ရပြီညီမ ကြိုးလှေကားဆီတက်တော့'

သူက အောက်ကနေ လှမ်းပြောသည်။

တကယ်တော့ ကြိုးလှေကားက လှမ်းကိုင်ဖို့တောင် သိပ်



မလွယ်ပါ။ လှုပ်ယမ်းနေသည်။ သူမက ပင်စည်သစ်သားထစ်မှာ ချထားသည့်ခြေကိုလည်း မလွှတ်ရဲ။ ဘယ်လက်ကိုလည်း သံကွင်းကနေ မဖြုတ်ရဲ။ ညာလက်ကသာ ကြိုးလှေကားကို လှမ်းကိုင်နေတာမို့ လက်တစ်ဖက်တည်း၏အားဖြင့် လှေကားက မငြိမ်။ အခြေအနေက မတိုးတက်ဘဲ ပင်စည်နှင့်ကြိုးလှေကားကို တစ်ဖက်စီကိုင်ရင်း တန်းလန်းကြီး ဖြစ်နေသည်။

'ဘယ်လက်ကို ဖြုတ်လိုက်ပြီး လှေကားကို လက်နှစ်ဖက်နဲ့ ဆုပ်လိုက်တော့လေ'

ဟင့်အင်း။

မြဝန်းရံ ကိုယ့်ကိုယ်ကို ဒီလောက်ညံ့မှန်း အခုမှပဲ လက်တွေ့သိရတော့သည်။ ကိုယ်ခန္ဓာကို ဘယ်လိုမှ နေရာရွှေ့ယူလို့မရ။

'ကျွန်တော်လာမယ်'

ပင်စည်အထစ်များအတိုင်း သူလိုက်ပြီး တက်လာ၏။

'ညီမ ဘယ်လက် မဖြုတ်ချင်သေးရင် ညာခြေထောက်တော့ လှေကားပေါ် လှမ်းမှ ရမယ်။ လှေကားငြိမ်အောင် ကျွန်တော် ထိန်းကိုင်ပေးထားမယ်'

မြဝန်းရံတက်သည့် သစ်သားထစ်၏အောက်ထစ်တွင် သူတက်ရပ်လိုက်သည့်အခါ သူ့ရင်ခွင်နှင့် သူမနောက်ကျောနှင့် ထိကပ်သွား၏။

အို သူနှင့်ကိုယ်နှင့်ထိကပ်နေပြီဟု သိလိုက်သည့် အချိန်တွင် လက်ဖျားတွေ အေးစက်တုန်ရီလာ၏။ တစ်ကိုယ်လုံးပျော့ခွေအင်အားချိနဲ့သွားသည်။ ဒူးတွေလည်း ညွတ်လာ၏။ ရှုပ်လိုက်တာ။ မတက်တော့ဘူး။ ပြန်ဆင်းတော့မယ်ဟု အော်ဟစ်ပစ်လိုက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ သူက မြဝန်းရံကို နောက်ဘက်မှ ထိန်းမွေ့ထားသည်။

'ဖြစ်လား မဖြစ်ရင် ဖွတ်မတက်နဲ့တော့ ပြန်ဆင်းမယ် ပြန်ဆင်းမယ်။ နော် လာလာ'

ကလေးတစ်ယောက်ကို ချော့မော့သလို နူးညံ့ပြင်သာသော အသံဖြင့် သူ နှစ်သိမ့်သည်။ ထိုချော့မော့စကားကြောင့် မြဝန်းရံ မျက်ရည်ဝေ့လည်လာသည်အထိ အားတက်သွားသည်။ ဒီအထိတက်ပြီးမှတော့ ဆက်တက်မှာပေါ့။ ကလေးတွေတောင် တက်လို့ ရောက်သွားပြီးပြီ။

'မဟုတ်ဘူး တက်မယ်'

ပြောပြီး သူ ခါးကို ပွေ့ထားတုန်း သူ့ကို ယုံကြည်စိတ်ချစွာပင် လှေခါးဆီသို့ ခြေနှစ်ဖက်လုံး ကူးပြောင်းလိုက်သည်။

'ဟုတ်တယ် ဟုတ်တယ်။ ဂွတ်ဒ် ညီမက တော်ပါတယ်'

ကြိုးလှေကားပေါ် ခြေထောက်ချမိတော့လည်း သူ့အလို အလျောက်ပင် တစ်ထစ်ချင်း တက်သွားဖို့ လွယ်လွယ်ကူကူပါပဲ။ ကြိုးလှေကား၏တစ်ဖက်တစ်ချက် ကြိုးတွေက လက်ကိုင်ဖို့ အဆင်ပြေအောင် ကြမ်းလည်းမကြမ်း၊ ချောလည်းမချော။ သေးလည်းမသေး တုတ်လည်းမတုတ်။

'အပေါ်ကို မော့မကြည့်နဲ့ အလိုက်သင့်တက်သွား'

သူမ၏နောက်မှာ သူ တစ်ထစ်ချင်း တက်လိုက်လာခဲ့သည်ဟု သိလိုက်သည့်အခါ မြဝန်းရံ ခြေလှမ်းပျက်ချင်ချင် ဖြစ်သွားသေး၏။ ငါ့နောက်ကနေ သူက ကပ်လိုက်လာတာဆိုတော့ ငါက သူ့ရင်ခွင်ထဲမှာပေါ့ဟုတွေးလိုက်မိတော့ မျက်နှာပူလိုက်တာ။ ရှက်စရာကြီးပေါ့။ အို အဲလိုမတွေးနဲ့လေ။ ဘယ်သိနိုင်မှာလဲ တစ်ချိန်ချိန်မှာ သူ့ကို လက်တောင် လက်ထပ်ရဦးမှာပဲ။



ဟာင်။

ဘာဖြစ်လို့ အဲလိုအတွေးဆီ ရောက်သွားပါလိမ့်။

'ညီမ ဘာလို့ရပ်နေတာလဲ နီးနေပြီ ဆက်တက်လေ'

ခပ်တိုးတိုး သတိပေးသံက သူမ၏နားရွက်နောက်မှာ ဘပ်ရက်ကြားလိုက်ရတာမို့ နားရွက်ကို သူ့ထွက်သက်လေ တိုးသွားတာတောင် သိလိုက်သည်။ ကြက်သီးမြမြထလောက်အောင် မနေတတ်သလို ဖြစ်သွားသည်။

'အင်းပါ'

မြဝန်းရံ ဘာကိုမှ ဆက်မတွေးဘဲ တစ်လှမ်းချင်း လွယ်လွယ်ကူကူပင်ဆက်တက်ကာ နောက်ဆုံးတော့ မသီရိ၏နွေးထွေးသောလက်များကို ဆုပ်ကိုင်မိသွားတော့သည်။

'အောင်မြင်သွားပြီ'

မသီရိက ပြုံးရွှင်စွာ ကြိုဆိုလေသည်။

သစ်ပင်အိမ်လေးသည် သွေ့ခြောက်သောသစ်သားနှံ့၊ စိမ်းစိုသောသစ်ရွက်နံ့ ရောစပ်လျက် လတ်ဆတ်စွာ မွှေးပျံ့နေသည်။ အမြင့်မှာမို့ လေသာသည်။ မျက်နှာကိုတိုးဝှေ့သောလေက နွေလေဖြစ်ပေမဲ့ ပူနွေးမနေဘဲ အေးမြသည်။ ပြတင်းပေါက်လေး နှစ်ခုမှ တိုက်ခတ်နေခြင်းဖြစ်သည်။ ကြမ်းခင်းက လျှာထိုးခင်း ဖြစ်သည်။ ထန်းလက်ဖြင့်ပြုလုပ်သောစားပွဲတစ်ခုနှင့် ပက်လက်ကုလားထိုင်တစ်လုံး ရှိသည်။ ဘေးက ဝါးစင်လေးမှာတော့ စာအုပ်ဆယ်အုပ် ဆယ့်ငါးအုပ်လောက် ထပ်ထားသည်။ ကလေးနှစ်ယောက်က ပြတင်းပေါက်တစ်ခုမှာ ခေါင်းချင်းဆိုင်လျက် အပြင်သို့ စိတ်ဝင်စားစွာ ကြည့်နေကြသည်။ ကြမ်းပြင်မှာ သင်ဖြူးဖျာတစ်ချပ် ခင်းထားသော်လည်း ထိုဖျာပေါ်တွင် ဘယ်သူမှ မထိုင်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



'သစ်ပင်ထိပ်ဖျားပေါ်မှာ နေရတဲ့အရသာက နေကြည့်မှ သိတာ မြဝန်းရံရဲ့။ ကျွန်တော် ဒီအိမ်လေးကို အပန်းဖြေအိမ်အဖြစ် ပြင်ဆောက်ပြီးကတည်းက ဒီကိုရောက်တိုင်း ဒီပေါ်ကို မတက်ဘဲ မနေနိုင်ဘူး။ မြင်ကွင်းက သိပ်လှတယ်'

မြဝန်းရံတို့ သုံးယောက်လုံး ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်ကြသည်။

စိမ်းတချို့၊ ဝါတချို့၊ ညိုတချို့ အမျိုးစုံသော သစ်ပင်များသည် မျက်စိတည့်တည့်၊ ကိုယ့်အောက်၊ နေရာအနှံ့။ တချို့အပင်တွေကတော့ အရွက်အကုန်ကြွေပြီး အရိုးပြိုင်းပြိုင်းသာ ကျန်တော့သည်။ ဟိုးအဝေးမှာ အပင်ထူထပ်သည့် တောင်စောင်း။

'ဒီလိုသစ်ပင်ထိပ်ဖျားပိုင်းကို ရွက်အုပ်တန်းလို့ ခေါ်တယ် ညီမ။ အင်္ဂလိပ်လိုတော့ ကနိုပီ(Canopy) ပေါ့။ ကျွန်တော် ဒီလို ရွက်အုပ်တန်းကို ပန်းချီဆွဲတာ ခဏခဏပဲ'

သူသည် တကယ့်သစ်ရွက်များကို ကင်းဘတ်စ်စက္ကူပေါ်မှာ ကပ်ပြီး ပန်းချီထပ်ဆွဲသည့်နည်းကို နှစ်သက်စွာ မကြာခဏ အသုံးပြုဖြစ်သည်။

သစ်တောတစ်ခု၏ထိပ်ဆုံး ရွက်အုပ်တန်းကို ပန်းချီဆွဲဖို့ စိတ်ကူးရသည်မှာ မလေးရှားနိုင်ငံ သဘာဝကာကွယ်တော အမျိုးသားဥယျာဉ်မှာ အထူးပြင်ဆင်ပေးထားသော ရွက်အုပ်တန်းကြိုးတံတားပေါ်သို့ လျှောက်ခဲ့ပြီးကတည်းက ဖြစ်သည်။ မိုးသစ်တောကြီး၏ သစ်ပင်ထိပ်ဖျား ရွက်အုပ်တန်းသည် အမြင့်ပေ ၉၀လောက်ရှိသည်။ အောက်ကိုငုံ့ကြည့်လျှင် သစ်ရွက်သစ်ခက် အဆင့်ဆင့်ကိုသာ မြင်ရသည်။ အထက်မှာတော့ သစ်ရွက်ကြားမှ ပြိုးပြိုးပြောက်ပြောက် ကောင်းကင်။



သွားလေရာမှာ ပန်းချီဆွဲဖို့ ဘုတ်ပြားငယ်တွင် ကလစ်ဖြင့်ကပ်ထားသော ပုံဆွဲစက္ကူက ပါနေကျမို့ လျှပ်တစ်ပြက် ပန်းချီကောက်ရေးဖို့ ခဲဖြင့် ခြစ်ခဲ့သည်။ သို့သော် ဧည့်လမ်းညွှန်က ဆယ်လက်မသာ ကျယ်သော ကြိုးတံတားပေါ်တွင် လျှောက်နေခိုက်မို့ ထိုလုပ်ရပ်သည် အန္တရာယ်များသဖြင့် မလုပ်ရန် တားမြစ်လာခဲ့သည်။ အဲဒီအချိန်ကတည်းက သူ အမွေရသော တောကို ရွက်အုပ်တန်းကြိုးတံတား လုပ်ချင်နေခဲ့သည်။

'အဲဒီလို စီမံကိန်းကြီးကြီးမျိုးက တကယ့်သဘာဝတောတွေမှာ အစိုးရက၊ ဒါမှမဟုတ် အင်အားကြီး သဘာဝပတ်ဝန်းကျင် အဖွဲ့ကြီးတစ်ခုခုက တာဝန်ယူပြီး လုပ်ရမှာမောင်လေးရဲ့။ မင်း စိတ်ဓာတ်တက်ကြွတာကို မမဝေ နားလည်ပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲ လုပ်လုပ် ဒီတောဟာ အဲဒီအဆင့်မျိုးကို မမီနိုင်ဘူးလေ'

သူတို့နှစ်ယောက် အချီအချ စကားပြောရပြန်ပြီ။ မသီရိက မြဝန်းရံအား ရှင်းပြသည်။ ဒီတောသည် သဘာဝတော မဟုတ်ဘဲ ပြန်စိုက်ထားသည့် ဒုတိယဆင့်သစ်တောသာ ဖြစ်၍ အဆင့်မမီကြောင်း။ သစ်တောသက်တမ်းကလည်း အခုမှ နှစ် လေး ငါး ဆယ်သာ ရှိသေးကြောင်း။ နောက်ထပ် နှစ်ငါးဆယ်လောက်ရှိမှ အဆင့်မြင့်သစ်တောတစ်ခုအဖြစ် သတ်မှတ်ခံရမှာ ဖြစ်ကြောင်း။

'မမ အဲဒီ နောက်အနှစ်ငါးဆယ်ကျရင် ကျွန်တော်က သေပြီ'

'သေ ဘာဖြစ်လဲ။ မင်းမှာ နောက်မျိုးဆက် ကျန်မှာပဲ။ မင့်သားတွေသမီးတွေက ဆက်လုပ်မှာပေါ့'

ပြည့်မိုးငြိမ်းက မြဝန်းရံကို ဖျတ်ခနဲ လှမ်းကြည့်၏။ ဘုရားရေ၊ သူကြည့်ပုံကို မြဝန်းရံ အဓိပ္ပါယ် မဖော်တတ်သော်လည်း သူ မိမိကို အဲဒီလို မကြည့်သင့်ဘူးဟု ထင်သည်။ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



က နွေးခန် ပူသွားပြန်၏။ ထို့ကြောင့် သူတို့နားမှာ မနေတော့ဘဲ ဖိုးသားတို့အနားသို့ လျှောက်သွားမိသည်။ ကလေးနှစ်ယောက်က လည်း အလေးအနက် ဆွေးနွေးနေကြလို့ပါလား။

'မမက ဘာဖြစ်လို့ အဲလို ပြောတာလဲ'

'အို မမ သူတို့စကားတွေ ကြားတာပေါ့ဟ့ဲ။ ဦးကိုပြေက ပြောတယ်။ ကျွန်တော်က တစ်ကောင်ကြွက်တဲ့။ သေရင်လည်း ဘယ်သူမှ သိလိုက်မှာမဟုတ်ဘူး။ ငိုမဲ့သူလည်း မရှိဘူးတဲ့။ အဲဒီ တော့ မေမေက မမဝေတစ်ယောက်လုံး မင်းအနားမှာ ရှိတယ်လေ။ အမြဲ ရှိနေမှာတဲ့'

'အဲဒါနဲ့ ဘာဆိုင်လဲ မမကလည်း'

'ဖိုးသားကလည်း အလိုက်တာ။ အမြဲရှိနေမှာဆိုတာ ရည်းစားတွေပြောတဲ့စကားလေဟာ။ ရုပ်ရှင်ထဲမှာ အဲလိုပြောပြီးပြီ ဆိုရင် သူတို့ယူကြတာပဲ။ အဲဒီလို မေမေက ပြောတော့ ဦးကိုပြေက မေမေ့လက်ကို ကိုင်ပြီးတော့ သူ့နဖူးပေါ် ကပ်ခိုင်းတယ်။ မေမေက လက်ကို ပြန်ဆွဲယူလိုက်တာ'

'ဟင် သားသား နားမလည်ပါဘူး။ ဦးကိုပြေက ဖျားနေ လို့လား ကဲ'

'မသိဘူးလေ။ မမထင်တာပြောတာ'

'မမ သားသားပြောမယ်။ ငါ ဦးကိုပြေရဲ့ တယ်လီဖုန်း ထဲမှာ မေမေ့ပုံတွေ အများကြီးတွေ့တာ'

'ဟင် နင် ဘယ်တုန်းက ဖွင့်ကြည့်တာလဲ'

'ကြာလှပေါ့'

ဖိုးသားက ပြုံးစပ်စပ်ဖြင့် ပြောသည်။

သူတို့စကားတွေကြောင့် မြဝန်းရံမှာ ရှေ့တိုးရခက် နောက်ဆုတ်ရခက် ဖြစ်သွားသည်။ သို့သော် အူကြောင်ကြောင်



နှင့် မိမိ မတ်တတ်ရပ်နေတာကို နိုးနိုးက မြင်သွားသည်။ ကလေး ပီပီ သူ့စကားသူ အိုးတိုးအန်းတန်း ဖြစ်ဟန်လည်း မရှိ။ မြဝန်းရံ အား စိတ်အားတက်ကြွစွာ ပြတင်းမှ လှမ်းညွှန်ပြသည်။

'မမကြီးကို ပြမလို့။ ဟိုးမှာတွေ့လား ချောင်းလေးတစ်ခု မြင်လား။ နောက်ရက်ကျရင် သမီးတို့ အဲဒီကို ပျော်ပွဲစား သွားရ အောင်နော်'

သူ ပြရာကို ကြည့်လိုက်သည်။

ဟုတ်ပါရဲ့။ သစ်ပင်အုပ် အစိမ်းရောင် အဝါရောင်ကြား ထဲမှာ ကွေ့ကောက်သွားနေသော ဖြူဖြူလမ်းကြောင်းလေးတစ်ခု။ အဲဒါ ချောင်းငယ်လေးပေါ့။

'အဲဒီချောင်းကလေ ရေလေးကို ကြည့်နေတာပဲ မမရဲ့'

'အော် ဟုတ်လား။ အေးအေး သွားတာပေါ့'

ပြတင်းပေါက်မှ အောက်ဘက်သို့ ငုံ့ကြည့်သည့်အခါ မြင်ကွင်းတော်တော်များများကို သဲသဲကွဲကွဲ မြင်ရ၏။ ရှေးတုန်းက အမဲပစ်ဝတ္ထုတွေ တောလိုက်ဝတ္ထုတွေမှာ လင့်စင်ပေါ် ကနေ သား ကောင်ကို ချောင်းသည့် ဖြစ်ရပ်တွေအများကြီးပါ၏။ အခု သစ်ပင် အိမ်လေးကလည်း အဲသည်လိုပဲ တောတစ်ခုလုံးကို အထက်ဆီးမှ မြင်နိုင်သည့်အမြင့်မှာ ရှိသည်။

ချောင်းဖြူဖြူလေးဆီမရောက်ခင်မှာ သစ်ပင်တွေ မရှိဘဲ ဖြူနေသည့် အရှည်လိုက် လမ်းကြောင်းတစ်ခု ရှိသည်။

'အဲဒီလမ်းက ဘယ်ကိုရောက်လဲ သမီးသိလား'

'မသိဘူး'

'အဲဒါက မီးမကူးအောင် ဖြတ်ထားတဲ့လမ်းပေါ့ ညီမရဲ့'

ဘယ်အချိန်က အနားရောက်လာမှန်းမသိသည့် မ[illegible]ရဲ့ က ဝင်ဖြေပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'တောတစ်နေရာရာမှာ မီးလောင်လို့ မီးသတ်ဖို့လိုအပ်ရင်လည်း မီးသတ်ကားဝင်ပြီး အဲဒီနေရာကို သွားလို့ရတယ်'

'အော်။ ဒီတောထဲမှာ ဘာကောင်တွေရှိလဲဟင်'

'ဒီတောထဲမှာ ဘာအကောင်ကြီးမှ မရှိပါဘူး ညီမ။ ယုန်လေးတွေ ရှိတယ်။ ငှက်လေးတွေ မျိုးစုံရှိတယ်။ ရှဉ့်တွေကတော့ အများကြီးပေါ့။ တစ်ခါတစ်ခါတော့ တောခွေးအူသံကို ညညမှာ ကြားရတယ်။ မြင်တော့မမြင်ဖူးပါဘူး'

'အပင်တွေကရော ဘာပင်တွေရှိလဲဟင်'

'ကြိုးဝိုင်းပြင်ပအပင်တွေ ချည်းပါပဲ။ ကျွန်းတို့ ပျဉ်းကတိုးတို့ မပါဘူး။ အင်၊ ကညင် နည်းနည်းပါးပါးပဲပါတယ်။ အခုတို့ရောက်နေတဲ့အပင်ကြီးက ကညင်လေ။ ရှားပင် နည်းနည်း ပါတယ်။ သီတင်းပင် နည်းနည်းပါတယ်။ အများအားဖြင့်တော့ အကြီးမြန်တဲ့ တမာနဲ့ မဲဇလီပင်တွေပါ။ သစ်တန်ဖိုးအနေနဲ့ မက်လောက်စရာမဟုတ်တဲ့ အပင်တွေချည်းပါပဲ'

ကလေးများက သစ်ပင်ပေါ်မှာ ဆက်နေချင်သေးသော်လည်း ပြန်ဆင်းဖို့ အချိန်ကျပြီ ဟု မသီရိက သတိပေးသည်။ မသီရိက သင်တန်းမှာ စာသင်စရာ ရှိသေးသည်။ ပြည်မိုးငြိမ်းက သစ်တောအုပ်ခန့်ဖို့ လူတွေ့မေးရမှာ ရှိသေးသည်။ ဒါကြောင့် ပြန်ဆင်းကြမည်။

ပြန်ဆင်းသည့်အခါ မသီရိက အရင်ဆင်းသည်။ မသီရိက ပြည်မိုးငြိမ်းလိုပဲ ကိုယ့်ဟာကိုယ် ချိတ်ကွင်းကို နောက်ပြန် ဖြုတ်တတ်သည်။ ပြီးတော့ ကလေးနှစ်ယောက်။ ပြီးတော့ မြဝန်းရံ။ ပြီးတော့မှ ပြည်မိုးငြိမ်းက နောက်ဆုံး။

အတက်ထက် အဆင်းက ပိုခက်လေသည်။ နောက်ပြန်ဆင်းရတာမို့ လှေခါးထစ်ကို ခြေဖြင့်မိဖို့ ချိန်ဆရတာ အချိန်လည်း



ပိုကြာပြီး သတိလည်း ပိုထားရလေသည်။ ဒါကြောင့် ပြည်မိုးငြိမ်းက ကြိုးဖြင့် ခုန်ခုန်ချတာဖြစ်ရမည်ဟု သဘောပေါက်သွား၏။ သို့သော် လောလောဆယ်တော့ သစ်ပင်က မြင့်လွန်းသဖြင့် ခုန်မချရဲပါ။ သစ်ပင်နိမ့်နိမ့်မှာ ခုန်ချလို့ရတဲ့ ကြိုးတစ်ခုလုပ်ပေးရန် ပြည်မိုးငြိမ်းကို တောင်းဆိုရလျှင် ဘယ့်နှယ်နေမလဲ။

မြေပြင်သို့ အားလုံး ချောချောမောမော ရောက်ကြပြီ မို့ ဥယျာဉ်ဘက်သို့ ချီတက်ကြသည်။ ထမင်းကလည်း ဆာနေကြပြီကိုး။ တော်တော်လှမ်းမိတော့မှ ပြည်မိုးငြိမ်း တုန့်ခနဲ ရပ်သည်။

'ဦးကြီးရော'

ဟုတ်ပါရဲ့။ ဦးကြီး ဘယ်ရောက်နေလဲ။ အနီးအနား အပင်တွေကြားမှာ ဦးကြီးကောက်ရ မရှိ။

'ဦးကြီးရေ ကျွန်တော်တို့ ပြန်ကြရအောင်'

ပြည်မိုးငြိမ်းက အော်ခေါ်သည်။ များပြားလှစွာသော သစ်ပင်တွေသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ ဦးကြီး၏ ဝလုံးဗထွေး အသံကိုလည်း မကြားရ။ ပြည်မိုးငြိမ်းနှင့် မသီရိ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

'ဦးကြီးရေ'

မြဝန်းရံနှင့်ကလေးနှစ်ယောက်ကလည်း လက်ဖဝါးကို အော်လံလို ပါးစပ်ရှေ့မှာတပ်ပြီး တစ်နှစ်သုံး ရေလျက် သုံးအပြီးတွင် ဦး ကြီး ရေ ဟု ပြိုင်တူအော်ဟစ်ခေါ်ကြသည်။ ပြန်ထူးသံ မကြားရ။

ဦးကြီး ဘယ်ရောက်သွားတာလဲ။

www.burmeseclassic.com

www.burmeseclassic.com

ကိုပြေနှင့် သူ့အလုပ်သမားတွေ ဦးကြီးကို မိုးမချုပ်ခင် တွေ့နိုင်ဖို့ ရှာနေကြသည်။ မိုးချုပ်လျှင် အရှာရခက်မှာမို့ ဖြစ်၏။ သစ်တောထဲမှာနေနေကျ မဟုတ်သူက ညမှာ တောထဲမှာ မျက်စိ လည်လမ်းမှားလျှင် စိတ်ချောက်ချားနိုင်သည်။ အထူးသဖြင့် ဦးကြီး လို စကားမပြောတတ်သူ၊ လှမ်းအော်ပြီး အသံမပေးနိုင်သူဆိုလျှင် ပိုဆိုးလိမ့်မည်။

သူတို့အုပ်စု နေ့လည်စာစားဖို့ ပြန်လာခဲ့ကြရသော်လည်း မြဝန်းရံ စိတ်မဖြောင့်ပေ။

ပန်းရောင်ဆင်ဝင်နှင့် အဆောက်အဦမှာ မသီရိတို့ သား အမိတွေနေထိုင်သည်။ ဖိုးသားနှင့်နိုးနိုးက တစ်ခန်း၊ မသီရိက တစ်ခန်း။ မြဝန်းရံအတွက် မသီရိနှင့် ကပ်လျက် အခန်းလွတ်မှာ နေရာချထားပေးသည်။

ထမင်းစားပြီးတော့ မသီရိက သင်တန်းဆီသို့သွားချိန် ကလေးနှစ်ယောက်က အခန်းထဲမှာ နားချိန်၊ မြဝန်းရံ မနားနိုင် သေး။ ဦးကြီးအတွက် စိတ်ပူနေမိသည်။



ပထမတော့ ဥယျာဉ်ထဲမှာပင် လမ်းလျှောက်ဖို့ပါပဲ။ သို့သော် တဖြည်းဖြည်းနှင့် တောအုပ်ဘက်သို့ စူးစမ်းချင်စိတ်ဖြင့် လျှောက်သွားနေမိ၏။

သစ်တောအဝင်တွင် သစ်တောနယ်မြေ၏မြေပုံကို အခုမှ တွေ့မိသည်။ နတ်စင်အလွန်၊ ဆိုင်းဘုတ်မှ ဝင်ဝင်ချင်း ညာဘက် နားလောက်မှာ ဖြစ်သည်။ သစ်တောနယ်မြေကို တစ်လက်မလျှင် တစ်ကီလိုမီတာစကေးဖြင့် ဆွဲထားသည့် မြေပုံ ဖြစ်သည်။ ဒါဖြင့် အကျယ်အဝန်းက စတုရန်း ကီလိုမီတာ ၄၆၀ ရှိတာပေါ့။ အကျယ် ကြီးကိုး။ ဒီလူ ဒီသစ်တောကနေ ဘာဝင်ငွေတွေများ ရပါလိမ့်။ တောက သစ်ခုတ်တဲ့တောလား။ သူမ သစ်ပင်တွေကြားထဲသို့ တိုးဝင်သွားလိုက်ချိန်တွင် ခပ်လှမ်းလှမ်းမှ အသံ တစ်ခုကို ကြားရ သည်။

'အစ်မ အစ်မ။ အဲဒီဘက်ကို မသွားရဘူး'

လှည့်ကြည့်လိုက်တော့ လူတစ်ယောက် သူမဆီသို့ လျှောက်လာနေသည်။ ထိုလူသည် လက်တိုအင်္ကျီအပြာနုနှင့် အပြာရင့်ရောင်ဘောင်းဘီကို ဝတ်ဆင်ထားသည်။ လက်ထဲမှာ စကားပြောစက်လိုအရာတစ်ခု ကိုင်ထားသည်။

'အော် ကျွန်မ ကိုပြည်မိုးငြိမ်းရဲ့ဧည့်သည်ပါ။ နေ့လည် က ဦးကြီးတစ်ယောက် ဒီတောထဲမှာမျက်စိလည်ပြီး လူကွဲသွားလို့ အဲဒါ ပြန်တွေ့ပြီလား သိချင်လို့'

သူ့မျက်နှာတွင် လေးစားသည့်အမူအရာ ချက်ချင်းပေါ် လာ၏။

'အော် ဆရာ့ဧည့်သည်လား။ မတွေ့သေးဘူးဗျ။ ကျွန် တော် ဆရာ့ဆီ လှမ်းပြောပေးမယ်။ အစ်မက ဘယ်သူလဲဗျ'

'မြဝန်းရံပါ'

www.burmeseclassic.com

www.burmeseclassic.com



သူက စကားပြောစက်ဖြင့် လှမ်းပြောပေးလေသည်။ တစ်ဖက်က ကိုပြေ၏အသံကို ကြားရသည်။ ထို့နောက် ဝန်ထမ်းက ကိုပြေ ခိုင်းသည့်အတိုင်း မြဝန်းရံအား သတ်မှတ်ထားသည့်နေရာသို့ လိုက်ပို့ပေးသည်။ ထိုနေရာမှာ ရေကန်တစ်ခု၏ဘေးဖြစ်သည်တဲ့။ ရေကန်တွေကို ရေကန်နံပါတ်တစ် နှစ် သုံးဟု သတ်မှတ်ထား၏။ မြဝန်းရံသွားရမည့်ရေကန်က နံပါတ်နှစ် ရေကန်။

'ရေကန်တွေက သဘာဝရေကန်တွေလား'

'မဟုတ်ဘူး။ တူးထားတဲ့ရေကန်တွေဗျ။ အခုလို နွေရာသီမှာ တောမီးလောင်တတ်တော့ လိုအပ်ရင် ရေယူလို့ရအောင်လို့'

'မီးရော လောင်ဖူးသလား'

'လောင်တဲ့အဆင့်ထိတော့ မရောက်ပါဘူး။ ခဏခဏတော့ လန့်ဖူးတယ်။ ငြိမ်းလို့နိုင်သွားတာချည်းပါပဲ။ ကျွန်တော်တို့မှာ မီးသတ်ဗူးတို့ မီးသတ်ပိုက်တို့ ရှိတယ်လေ။ အားလုံးက အခုလို နွေရာသီဆိုရင် အမြဲ ပတ်တရောင်လှည့်နေရတာ'

'အော်'

လေအဝေ့တွင် ရောက်လာသည့် စိမ်းရွှေရွှေအနံ့ကို သတိထားမိသည်။ ထိုရနံ့ကြောင့် သူမ မူးနောက်နောက် ဖြစ်လာသည်။ အဲဒါ သစ်တောရဲ့ အနံ့လား။ သဘာဝရဲ့ရနံ့ ဒီလောက် အခံရခက်လိမ့်မည်ဟု တစ်ခါမှ သူမ ထင်မထားခဲ့ပါ။

တစ်ဖက်တစ်ချက်မှာ မြင်နေရသည့် တောင်ကုန်းတွေပေါ်က အပင်တွေထက် ဒီချိုင့်ဝှမ်းမှ သစ်ပင်တွေက ပိုမြင့်မားသန်စွမ်းနေသည်။ သေသေချာချာ ပြုစုပျိုးထောင်ထားသည့် သစ်ပင်တွေကိုး။ သစ်ပင်တွေက တစ်ပင်နှင့်တစ်ပင် မျိုးတူတွေ။ အရွယ်အစားကလည်း အတူတူ။ အမြင့်ကလည်း တစ်ပင်နှင့် တစ်ပင် မကွာလှ။ အရွက်အခက်စိပ်စိပ်။ အပင်တွေ၏ထိပ်ပိုင်း



ရွက်အုပ်မှာ အပြန့် မကျယ်။ အပေါ်သို့ ဒီအတိုင်း ထောင်တက်သွားသည်။ ဒါ ဘာပင်တွေလဲ။ သူမ မသိ။ မြဝန်းရံသည် လူတွေကို စိတ်ဝင်စားသလောက် အပင်တွေကို စိတ်မဝင်စားပါ။

သတ်မှတ်ထားသော ရေကန်သို့ ရောက်သော်လည်း ပြည်မိုးငြိမ်းမရှိ။ ဝန်ထမ်းက ဒီနေရာကနေစောင့်နေပါဟု ပြောပြီး သူတာဝန်ရှိသည့်နေရာသို့ ပြန်သွားသည်။ မြဝန်းရံသည် အရှေ့အနောက်တောင်မြောက် မသိနိုင်သော ဆင်တူသစ်ပင်များ ကြားထဲတွင် ရေကန်ဘေးမှာ တစ်ယောက်တည်း ကျန်ရစ်၏။ တူးထားသည့်ရေကန်မို့ လေးထောင့်ကျကျဖြစ်သည်။ အထဲမှာ ရှိနေသည့်ရေက သိပ်မခန်းတာကို ထောက်လျှင် ဒီတောဟာ သိပ်နေမပူလို့လား။ အဲလိုတော့လည်း မဟုတ်နိုင်ဘူး။ အပေါ်ကို မော့ကြည့်လိုက်တော့ တစ်ပင်၏ရွက်အုပ်နှင့် နောက်တစ်ပင်၏ရွက်အုပ်က ပိတ်ဆည်းအောင် ထပ်နေတာမဟုတ်။ ခပ်ကျဲကျဲပါပဲ။ နေပူရှိန်ကတော့ အောက်ခြေ မြေကြီးအထိ ဝင်တာပဲ။ နွေမှာလည်း ရေပြည့်နေအောင် သူတို့ ဖြည့်ထားလို့ဖြစ်ရမည်။

အောက်ခြေက ပေါင်းပင်ချုံပင်လေးတွေမှာ အပွင့်တချို့ရှိသဖြင့် လိပ်ပြာလေးတွေ ဝဲပျံနေကြသည်။

ငယ်ငယ်တုန်းကတော့ ဘာမှန်းမသိခင်က လိပ်ပြာဖမ်းရလျှင် ပျော်သည်။ ပုဇဉ်းဖမ်းရလျှင် ပျော်သည်။ လိပ်ပြာကို စာအုပ်ကြားထဲညှပ်၊ ပုဇဉ်းကိုတော့ ဖန်ပုလင်းထဲမှာထည့် အပေါ်က အဖုံးအုပ်၊ ပြန်လွှတ်သွားမှာလည်း စိုးသေးတာကိုး။ မေမေသိသွားတော့ အကုန် ပြန်လွှတ်ခိုင်းသည်။ ဒါ အကုသိုလ် အလုပ်တွေတဲ့။ အခုနေ သမီးကို လူဆိုးတစ်ယောက်ယောက်က ဖမ်းပြီး မေမေနဲ့ဝေးအောင်ခေါ်သွားမယ်။ အခန်းထဲမှာ လှောင်ပိတ်ထားမယ်ဆိုရင် သမီးမကြောက်ဘူးလား တဲ့။ ကြောက်တာပေါ့။ လူဆိုးတွေကို

www.burmeseclassic.com

www.burmeseclassic.com



သမီး ကြောက်တယ်။ အေး လိပ်ပြာလေးတွေ နေရာကနေ ကြည့်ရင် သမီးက လူဆိုးကြီးပေါ့။ သူတို့အမေနဲ့ကွဲအောင် ဖမ်းခေါ်ပြီး လှောင်ပိတ်ထားတာ။

မေမေ အဲဒီလိုပြောပြီးနောက်မှာတော့ ဘာအကောင်ကိုမှ မဖမ်းရက်တော့ပါ။

သစ်ရွက်ကြွေပေါ် ခြေနင်းသံကြားရသည်။

'ညီမ'

ကိုပြေ။ ဆံပင်က ခပ်ရှုပ်ရှုပ်၊ အရွက်ကြွေလေးတစ်ခု သူ့ဆံပင်ကြားမှာ ညပ်ပြီး တင်နေသေးသည်။ မျက်နှာက စိုးရိမ်မကင်းသည့်အမူအရာ။

'ညီမတစ်ယောက်တည်းလား။ ကိုဆွေကော'

'ပြန်သွားပြီ'

'ဟာ ဒီကောင် ဧည့်သည်ကို ဒီလိုက်ပို့ပေးပါ ဆိုတာကို နားမလည်ဘူး။ တစ်ယောက်တည်းထားခဲ့ဖို့မှ မဟုတ်ဘဲ။ အနားမှာ စောင့်နေမှပေါ့'

'ရပါတယ် ကျွန်မ မကြောက်ပါဘူး'

'မိန်းကလေးတစ်ယောက်တည်း လူပြတ်တဲ့နေရာမှာ'

'မဟုတ်ဘူးလေ၊ ဒီသစ်တောက အခွင့်မရှိ မဝင်ရလေ။ ဘယ်လူစိမ်းက ရှင်တို့မသိအောင် ဝင်မှာတုန်း'

'ညီမ မသိပါဘူး။ ကဲ ပြော အခု ဘာဖြစ်လို့ လိုက်လာရတာလဲ'

ဟုတ်တယ်။ ကျွန်မ ဘာဖြစ်လို့ ဒီတောထဲအထိ လမ်းလျှောက်လာမိသလဲ။ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်မိသည်။ တိကျသော အဖြေ မရ။

'ကျွန်မ စိတ်ပူလို့'



'စိတ်မပူပါနဲ့ညီမ တွေ့မှာပါ။ မတွေ့အောင် ပုန်းရှောင်နေတာမဟုတ်ဘူးဆိုရင် ဒီတောမှာ ပျောက်စရာအကြောင်း မရှိပါဘူး။ ဝန်ထမ်းတွေ အခု လူဖြန့်ပြီး ရှာနေကြတယ်။ ဒီဘက်တောင်စောင်းမှာတော့ မရှိဘူး။ ဟိုဘက်တောင်ကြားထဲ ရောက်သွားတယ်ထင်တယ်'

'ဟိုသစ်ပင်အိမ်ကလေးပေါ်ကနေ မကြည့်ဘူးလား'

'ကြည့်ပြီးပြီ။ ဒါပေမဲ့ညီမ အဲဒါက မီးခိုးဘယ်နေရာကထွက်နေလဲ ဘယ်အပိုင်းမှာ မီးလောင်နေလဲဆိုတာပဲ မြင်ရတာ၊ သစ်ပင်တွေအောက်မှာ သွားနေတဲ့လူကိုတော့ အပေါ်ကနေ မမြင်ရဘူး'

ကိုပြေ၏ခေါင်းပေါ်က သစ်ရွက်ခြောက်တစ်စကို ဆွဲယူဖယ်ရှားပေးလိုက်ရမလား။ မသင့်တော်ဘူးလား စဉ်းစားနေခိုက် သူက မြဝန်းရံ၏မျက်လုံးအကြည့်ကို ရိပ်မိသွားသည်။

'ဘာလဲ ဘာတွေ့လို့လဲ'

မလုံမလဲ ခေါင်းကို ပွတ်သည်။ သူ့လက်က တစ်နေရာ အမှိုက်က တစ်နေရာ။

'ဟို အမှိုက်လေး'

မြဝန်းရံ လက်ဖြင့် အမှိုက်ကိုဖယ်ရှားပေးဖို့ ဘယ်ကသတ္တိတွေ ဝင်လာမှန်းမသိ။ ကိုယ့်ကိုယ်ကို ဘာမှမထူးခြားသည့်ဟန်ဖြင့် သူ့ဆံပင်ကြားထဲမှာ ညပ်နေသော သစ်ရွက်လေးကို ဆွဲဖြုတ်ယူပြီး သူ့လက်ထဲသို့ ထည့်ပေးလိုက်သည်။ ထို့နောက် နှစ်ယောက်လုံး အဓိပ္ပါယ်ဘာမှန်းမသိဘဲ ပြိုင်တူ ရယ်မောလိုက်မိကြသည်။

'ကဲ နောက်တစ်နာရီအတွင်း ဦးကြီးကို တွေ့အောင် ရှာဖို့ ကျွန်တော် လူအင်အား ထပ်ဖြည့်ထားတယ်။ ညရောက်သွားရင် မကောင်းဘူး နောက်ပြီး... ...'

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စကားကို မဆက်ဘဲ ဖြတ်လိုက်၏။

'စိတ်မပူနဲ့ ညီမ၊ ဒီနားက နားနေဆောင်ထဲ ခဏဝင်နေရင် ကောင်းမယ်။ အထဲကနေ တံခါးပိတ်ထားလိုက်ပေါ့'

သူပြောသည့် ဒီနားဆိုတာက တော်တော်ဝေးသည့် ဒီနားဖြစ်သည်။ ခြေလှမ်းသုံးလေးရာမက လှမ်းရသည်ဟု ထင်မိသည်။ သူက မြဝန်းရံကို ရှေ့ကသွားစေပြီး နောက်ကနေ လိုက်လာသည်။

'ကိုပြေ ကျွန်မ တစ်ခုလောက် စပ်စုချင်တယ်'

'ပြောလေ'

'နိုးနိုးတို့အဖေက ဘယ်ရောက်သွားတာလဲဟင်'

'နိုးနိုးတို့အဖေက နိုင်ငံခြားရောက်သွားတာ ကြာပြီ။ သွားကတည်းက ဒီကမိသားစုကို အဆက်အသွယ်မလုပ်တာ။ အခုဆို ဖိုးသားလေး အသက်နဲ့အမျှပဲ'

'အော်'

'အခုနောက်ပိုင်းတော့ သတင်းရတယ်။ သူ အဲဒီမှာ နိုင်ငံခြားသူတစ်ယောက်နဲ့ အိမ်ထောင်ကျနေတယ်တဲ့'

ဒီလောက်ချစ်စရာကောင်းတဲ့မိသားစုကိုများ သူမို့ ခွဲထားရက်ခဲ့တယ်နော်။

'ကလေးတွေက ကိုပြေ့ကို တော်တော်သံယောဇဉ်တွယ်နေကြပြီနော်'

သူမ စကားကြောင့် ပြည်မိုးငြိမ်းက မြဝန်းရံကို ငဲ့ကြည့်သည်။ မြဝန်းရံ၏မျက်ဝန်းမှာ ဘာအဓိပ္ပါယ်ရှိနေလဲ။ သို့သော် ထိုအဓိပ္ပါယ်ကို သူ ဖော်တတ်မှာမဟုတ်ပါ။ ဘာကြောင့်လဲဆို တော့ သူမကိုယ်တိုင်ပင် ဘာကြောင့် ဒီကောက်ချက်ကို ချလိုက် မိသလဲ သိမှ မသိတာ။



'သံယောဇဉ်တော့တွယ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က သူတို့ချစ်ခင်ပြီး အားကိုးရတဲ့ ဦးလေးတစ်ယောက်ပါပဲ'

ပြည်မိုးငြိမ်းက ကြိုတင်ရှင်းပြထားသလို ပြောသည်။ အလေးအနက်ပြောခြင်းဖြစ်သည်။ သူ့နှုတ်ခမ်းမှာ အပြုံးမရှိ။ တည် ကြည်သောမျက်ဝန်းတို့ဖြင့် မြဝန်းရံအား တည့်တည့်ကြည့်ပြီး ပြော ခြင်း ဖြစ်လေသည်။

နားခိုဆောင်သည် သစ်လုံးဖြင့်ဆောက်ထားသည့် ရိုးရိုးရှင်းရှင်းနိုင်ခန့်သော တောတွင်းအိမ်တစ်လုံး ဖြစ်သည်။ အရိပ်ကောင်းသော ပိန္နဲပင်ကြီးတစ်ပင်ကလွဲပြီး သူ့နားမှာ သစ်ပင်ထူထပ်ခြင်းမရှိ။ သစ်လုံးတို့ကို ဒေါင်လိုက်မဟုတ်ဘဲ အလျားလိုက်စီထားသည့် အိမ်နံရံဖြစ်သည်။ အိမ်ဝင်ပေါက်တံခါးကို သော့ကြီးကြီးတစ်ခုဖြင့် ခတ်ထားသည်။ ပြည်မိုးငြိမ်းက သော့ကို ဘောင်းဘီအိတ်ထဲမှ နှိုက်ထုတ်မည်လုပ်ပြီးမှ သတိရသွားကာ မြဝန်းရံဘက်သို့ လှည့်ကြည့်သည်။

'ကျွန်တော်လည်း ညီမကို တစ်ခုလောက်တော့ ပြောချင်တယ်။ တောင်းဆိုတယ်လို့ သဘောမထားပါနဲ့။ တောင်းပန်တယ်လို့ သဘောထားပါနော်'

'ဘာပါလိမ့်'

ပြည်မိုးငြိမ်းက ပြောသင့်မပြောသင့် စဉ်းစားသလို ခဏတိတ်ဆိတ်စွာ တွေးနေသေး၏။ ထို့နောက် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ခပ်ဆဆကြည့်သည်။ ထို့နောက် တစ်ချက် ရယ်မောလိုက်သည်။

'ဒီလိုလေ။ ကျွန်တော်နဲ့ညီမနဲ့ အလောင်းအစားလုပ်တဲ့ကိစ္စကိုပြောချင်တာ'

www.burmeseclassic.com

www.burmeseclassic.com



မြဝန်းရံ မျက်နှာငွေးပူသွား၏။ အို မပြောပါနဲ့။ အထူးသဖြင့် လူတွေတိတ်ဆိတ်တဲ့ အခုလို မမြင်ကွယ်ရာမှာ မပြောလိုက်ပါနဲ့။

'ကျွန်တော်တို့ အချိန်ကာလ မကန့်သတ်ခဲ့မိဘူးနော်'

အင်းလည်း မဖြေ။ ဟင့်အင်းလည်း မဖြေသင့်။ ဘာမှကို မပြောသင့်သည့် အကြောင်းအရာပါ။ ထို့ကြောင့် သူ့ထံမှ မျက်နှာလွှဲလျက် နံရံမှ သစ်လုံးတွေကို ရေတွက်ကြည့်နေမိသည်။

'ကျွန်တော် တောင်းပန်ချင်တာက အဲဒီအချိန်ကာလကို တစ်နှစ်အဖြစ် သတ်မှတ်ရအောင်လားလို့'

မကြည့်မိအောင် ရှောင်ဖယ်ထားခဲ့သည့် သူ့ မျက်နှာကို စိတ်မှတ်မထင် မော့ကြည့်လိုက်မိသည်။ အရင်တုန်းက မျက်ဝန်းမျိုးဖြင့်သာ ဤစကားကို သူပြောလာခဲ့လျှင် မြဝန်းရံ ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားမလား မသိ။ အခုတော့ သူ့မျက်ဝန်းတွေမှာ တစ်ခါမှ မမြင်ဖူးသည့် အရိပ်တစ်ခုကို မြင်လိုက်ရသည်။ ဘာအဓိပ္ပါယ်မှန်း မသဲကွဲပေမဲ့ တမ်းမက်ရိပ်၊ တွယ်တာရိပ်၊ မြတ်နိုးရိပ်။ ဟင် ဟုတ်နိုင်ပါ့မလား။ ကျွန်မများ လိုရာကို ဆွဲယူအဓိပ္ပါယ်ကောက်မိနေတာလား။

'ဘာ ဘာဖြစ်လို့လဲ'

'ကျွန်တော်က မြဝန်းရံကို တစ်နှစ်ထက်ပိုပြီး မစောင့်နိုင်တော့ဘူး'

သူမ ရုတ်ခနဲ မျက်လွှာပြန်ချလိုက်မိသည်။ တထိတ်ထိတ်ခုန်လာသောရင်ဖြင့် စကားပြောဖို့ ဆွံ့အသွားသည်။

'ညီမ သိပ်ဖွဲ့ကောင်းတာကို ကျွန်တော် မြင်နေရတယ်။ နောက်ပြီး ညီမ ရှာနေတဲ့အရာကို တွေ့သွားမှာလည်း ကျွန်တော်စိုးရိမ်နေမိပြီ'



သူမ အခုချိန်မှာ သူ့ကို မော့မကြည့်မိတာ ရှက်နေလို့မဟုတ်ပါ။ သူ့မျက်လုံးနှင့်ဆုံမိလျှင် သူ့အကြည့်တွေ၏ ညို့ယူမှုကို မလွန်ဆန်နိုင်ဘဲ အထိန်းအကွပ်မရှိ သူ့ရင်ခွင်မှာ မျက်နှာအပ်မိသွားမှာကို ကြောက်လို့ပါ။ နေ့လည်တုန်းက ကြိုးလှေခါးတက်စဉ်ကလိုပင် မြဝန်းရံ၏ခြေထောက်တွေ တဆတ်ဆတ် တုန်ရီလာတာ ပျော့ခွေညွတ်ကျတော့မတတ် ဖြစ်သည်။ ခဏကြာရင် ပိုဆိုးလာတော့မည်။ အခုနေ သစ်လုံးအိမ်နံရံကို မှီတွယ်ထားလိုက်ရင် ကောင်းမလား။

'ကျွန်တော် မရှုံးရဲဘူး ညီမရယ်'

သူမ ခြေစုံရပ်နေမိ၏။ မရှုံးရဲဘူး။ အဲဒါ ဘာအဓိပ္ပါယ်လဲကွယ်။

'နော် တစ်နှစ်လုပ်ပေးပါ'

ထို့နောက် သူ သော့ကို ထုတ်ကာ သော့ဖွင့်လိုက်၏။ တံခါးကို အကျယ်ကြီး ဆွဲဖွင့်ပေးလိုက်သည်။

'တစ်နှစ်'

'ဟုတ်တယ် တစ်နှစ်'

'ကျွန်မတို့ ဒီအဓိပ္ပါယ်မရှိတဲ့ အလောင်းအစားကို ဖျက်လိုက်ကြရအောင်လား။ ဘယ့်နှယ်လဲ ဒိပြေ'

'ဟာ မလုပ်ပါနဲ့ညီမရယ် မဖျက်ကြစို့နဲ့။ ကျေးဇူးပြုပြီး'

မျက်နှာအပျက်ပျက်ဖြင့် တောင်းပန်တိုးလျှိုးသည့် သူ့ဟန်အမူအရာကို မြဝန်းရံ မရယ်ရက်ပါ။

'တစ်နှစ်ဆိုရင်တော့ ကိုပြေ မရှုံးလောက်ဘူးလို့ ထင်တယ်ပေါ့'

ခါတိုင်းလို ခပ်ထေ့ထေ့ ပြုံးဖို့ ကြိုးစားလို့မရဘဲ အသံတိမ်တိမ်ဖြင့်သာ မေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'မရှုံးနိုင်ဘူး'

'ရှုံးခဲ့ရင်ကော'

မြဝန်းရဲ့ သူ့ခံစားချက်ကို တကယ်ကို သိချင်ပါသည်။

'ညီမရယ် ကျွန်တော် ယောက်ျားပါ။ ယောက်ျားကတိ။ ကျွန်တော် ကတိတည်ပါတယ်'

မြဝန်းရဲ့ ပင့်သက်တစ်ချက် ရှိုက်ဖြစ်သည်။

'လာ ညီမ ဒီမှာ နားနားနေနေ စောင့်ပါ'

ဧည့်ခန်းဆောင်တွင် အကြမ်းထည် ကုလားထိုင်စားပွဲဆက်တီများ ရှိသည်။ နံရံပတ်ပတ်လည်မှာတော့ ပြခန်းတစ်ခုသဖွယ် ဓာတ်ပုံများ၊ ပန်းချီကားများကို ချိတ်ဆွဲထား၏။

တစ်ခုတည်းသောပြတင်းပေါက်မှ ဝင်လာသော ဝင်ခါနီးနေ၏ အလင်းဖျော့ဖျော့သည် တစ်ခန်းလုံးအတွက် မလုံလောက်နိုင်။ ထို့ကြောင့် သူက စားပွဲတင်မီးအိမ်ကို ခလုပ် ဖွင့်လိုက်သည်။

'မီးအိမ်တွေက အများကြီး ညီမ၊ တစ်ခုနဲ့ မလုံလောက်ရင် နောက်တစ်ခု ထပ်ဖွင့်။ အလင်းရောင်ထဲမှာနေ။ ကျွန်တော် နောက်တစ်နာရီကြာရင် ပြန်လာခေါ်မယ်။ ဒီကနေ ဘယ်မှ မသွားနဲ့နော်'

'ကျွန်မ လိုက်လို့ မရဘူးလား'

'မရဘူး'

သူက တားမြစ်သည့်ပုံစံမပေါက်အောင် ခပ်ပြုံးပြုံး ပြောပေမဲ့ တားတာကတော့ တားတာပါပဲ။

'မိန်းကလေးခြေလှမ်းဆိုတာ ယောက်ျားခြေလှမ်းကို ဘယ်မီမလဲ။ ကျွန်တော်တို့ ခရီးတွင်ဖို့ လိုတယ်'

'မိန်းမတွေကို နှိမ်တယ်ပေါ့လေ'

သူမ နှုတ်ခမ်းတင်းတင်းစေ့ပြုံးလျက် မေးလိုက်သည်။



'မိန်းမတွေကို နှိမ်တာမဟုတ်ပါဘူး။ မမဝေလိုမိန်းမမျိုးကျတော့ တော်ရုံတန်ရုံယောက်ျား လိုက်လို့မမီအောင် မာတာ'

ထိုစကားကိုပြောချိန်တွင် သူ့မျက်ဝန်းများ တောက်ပလျက် ရှိ၏။ မသိရှိသည် သူ့အတွက် တန်ဖိုးထားလေးစားရမည့်တစ်ယောက်တည်းသော သက်ရှိဖြစ်နေပြီဟု သေချာနေသည်။ ဒါနဲ့များ... ...

'အခုဟာက ယေဘုယျကို ပြောတာပါ။ အဓိကကတော့ ညီမ မလိုအပ်ဘဲ ပင်ပန်းဆင်းရဲမှာစိုးလို့။ နေခဲ့နော်'

သူက နေခဲ့ လို့ ပြောတာကို မိမိက ဖွတ်လိုက်ချင်တယ်ဆိုလျှင် အဓိပ္ပါယ်တစ်မျိုးကောက်သွားနိုင်သည်မို့ ခေါင်းညိတ်ကာ သဘောတူလိုက်သည်။ နေခဲ့တာက ပိုသင့်လျော်ပါတယ်။ အမှန်အတိုင်းပြောရလျှင် သူမ ညောင်းညာနေပါပြီ။

'ဒီပုံက ဘယ်သူ့ပုံလဲဟင်'

ခေါင်းရင်းနံရံမှာချိတ်ထားသည့် ကုလားထိုင်မှာထိုင်နေသူ အမျိုးသားကြီးတစ်ယောက်၏ ဓာတ်ပုံတစ်ခုကို ကြည့်ပြီး မေးလိုက်မိသည်။ ဓာတ်ပုံဆေးသားရော လူအဝတ်အစားရောပရိဘောဂပါ ရှေးခေတ်ကမှန်း သိသာနေသည်။

'အဲဒါ ကျွန်တော့်အဘိုးပေါ့။ ဒီသစ်တောကြီးရဲ့ပိုင်ရှင်။ အဘိုးက ဒီတောကို လုံးဝ အထိမခံဘူး'

'အော် သစ်ပင်ကို ချစ်ပုံရတယ်။ ကိုပြေက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဘိုးဆီက အမွေရတာပဲ'

ထိုအခါ ကိုပြေက ခပ်သာသာရယ်သည်။

'မထင်ပါနဲ့ ညီမရယ်။ အဘိုးက သေသာသွားရော တောပစ်တာကို အမြဲဂုဏ်ယူတဲ့ လူကြီး။ ရန်ကုန်က သူ့အိမ်မှာဆို သူပစ်ခဲ့တဲ့ တောကောင်ရဲ့ခေါင်းတွေကို ဂုဏ်ယူပုံကြွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြတိုက်တစ်ခုလို ပြထားတာ။ အံ့သြစရာကောင်းတာက သူ့ဘဝမှာ တစ်ခါမှ သစ်ပင် မစိုက်ဖူးဘူး။ ဒီတစ်နေရာပဲ သူ့အာဏာနဲ့ သစ်တောတစ်ခု ဖြစ်အောင် စိုက်ခိုင်းခဲ့တာတဲ့။ ကျွန်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွေ စိတ်ဝင်စားတာသိလို့ သူ ဆုံးခါနီးတော့ ကျွန်တော့်အတွက် အမွေပေးခဲ့တာ။ အဖေ့ အဖေ။ ညီမ စိတ်ဝင်စားရင် သူ့ဓာတ်ပုံတွေ ဘီဒိုထဲမှာ အများကြီးပဲ'

သူ လက်နှိပ်ဓာတ်မီးတစ်ခုကို ယူလိုက်သည်။

'ညီမ တံခါးကို ပိတ်လိုက်ဦးနော်။ အခု ပိတ်လိုက်'

ထို့နောက် သူ ထွက်သွားသည်။ စက်ဖြင့် လှမ်း စကားပြောသံသဲ့သဲ့သည် ဝေးလျက် ဝေးလျက် ပျောက်ကွယ်သွားသည်အထိ တံခါးနားမှာ သူမ မတ်တတ်ရပ် ကျန်ရစ်ခဲ့သည်။

တစ်ယောက်တည်းကျန်သည့်အချိန်တွင် သူမ ပန်းချီကားနှင့် ဓာတ်ပုံများကို လှည့်ပတ်ကြည့်သည်။ ပန်းချီကားက ခြောက်ကား၊ ပန်းချီက ပြည်မိုးငြိမ်း၏ပန်းချီမဟုတ်။ ရှေးခေတ်ပန်းချီလက်ရာ။ ကြည့်ရတာ သူ့အဘိုးပိုင်သည့် ကားတွေဖြစ်ပါလိမ့်မည်။ စစ်သူကြီးမဟာဗန္ဓုလ မြင်းပေါ်မှ ဓားကိုဝင့်လျက် စစ်တိုက်နေပုံ။ သူ့နောက်မှာ အလံတွေနှင့် မြန်မာစစ်သည်များ၏ပုံ။ တော်တော်သရုပ်ပါတဲ့ပုံပဲ။ အောက်ခြေက လက်မှတ်ကို မဖတ်နိုင်ပါ။ ဖတ်နိုင်သည်ဆိုဦးတော့ ပန်းချီဆရာကို ကြားဖူးမှာ မဟုတ်ပါ။ လက်မှတ်တွေက တစ်ခုနှင့်တစ်ခု မတူသဖြင့် ပန်းချီဆရာတွေ မတူဘူးဟုသာ သိရသည်။ လက်ရာကိုတော့ မခွဲခြားတတ်။ မြဝန်းရံသည် ပန်းချီနှင့်တော်တော်ကို ဝေးပါသည်။

အားလုံးက တိုက်ပွဲမြင်ကွင်းတွေချည်းပဲ။ ရဲစွမ်းသတ္တိကို ဦးစားပေးရေးဆွဲထားသော အနီးကပ်တိုက်ပွဲမြင်ကွင်းများ ဖြစ်သည်။ မြဝန်းရံ သူ့အဘိုး၏ဓာတ်ပုံကို နောက်တစ်ကြိမ် ပြန် ကြည့်လိုက်ပြန်သည်။ သည်တစ်ကြိမ်မှာတော့ သတိထားလိုက်မိသွားတာက အဘိုး၏မျက်လုံးတွေက မာန်ပါသည်။ မေးရိုးက လေးထောင့်ကျကျ၊ စိတ်ဓာတ်မာကျောသည့်ပုံ။ ထိုင်နေပုံကိုက မတ်မတ်တောင့်တောင့်၊ အစစအရာရာ သတိထားနေသူ၏ဟန် ဖြစ်သည်။ ဓာတ်ပုံက စုစုပေါင်း ငါးပုံ။ အားလုံး အဘိုး၏ အရွယ်အမျိုးမျိုးနှင့် နေရာအမျိုးမျိုးက ဓာတ်ပုံတွေဖြစ်၏။ သမိုင်းကို ပြောပြနေသည့် ဓာတ်ပုံတွေ ဖြစ်သည်။ ညစာစားပွဲဓာတ်ပုံတို့၊ လက်ဆွဲနှုတ်ဆက်နေပုံတို့၊ စင်မြင့်မှာ မိန့်ခွန်းပြောနေပုံတို့။ ဆယ်မိနစ်အတွင်းမှာ အားလုံးကို ကြည့်ပြီးသွားသည်။ ထိုအခါ ဘီဒိုထဲက အယ်လ်ဘမ်တွေကို ထုတ်ကြည့်ရပြန်သည်။ စာအုပ်တွေ မတွေ့ရ။ ရှေးခေတ်လူကြီးလက်ရေးနှင့် မှတ်စုစာအုပ်ဟောင်းတစ်အုပ်တော့ အယ်လ်ဘမ်တွေကြားမှာ တွေ့ရသည်။

ဘွားပြုံးလို ခဲတံဖြင့် မထင်တထင် တွန့်တွန့်ကွေးကွေး မရဲတရဲ ရေးတာမဟုတ်။ မင်ဖြင့် ရေးထားသည်။ ထင်ထင်ရှားရှား။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချဟန်။ ဘွားပြုံးလို ဈေးစာရင်းတို့ ဆေးမြီးတိုတို့ အကြွေးစာရင်းတို့မဟုတ်။ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ နေ့စွဲအတိအကျ နေရာအတိအကျ။ ခုနှစ်က ၁၉၇၂ နှစ်ဆိုတော့ အခြေခံဥပဒေ ရွေးကောက်ပွဲမတိုင်မီပေါ့။ အစလည်းမပါ အဆုံးလည်းမပါ။ သူ့တာဝန်တွေ လုပ်ငန်းစဉ်တွေကို အတိုချုပ် ရေးထားခြင်း ဖြစ်သည်။

မြဝန်းရံ မှတ်စုကို ဘေးသို့ချပြီး ဓာတ်ပုံတွေကို လှန်လှောကြည့်မိသည်။ အဲဒီအထဲက စိတ်ဝင်စားရသည့်ဓာတ်ပုံမှာ အဘိုးနှင့်ကလေးငယ်တစ်ယောက်၏ပုံ ဖြစ်၏။ ကလေးငယ်လေး၏ မျက်နှာပေါက်ကျပုံနှင့် မျက်လုံးမျက်ခုံး နှာခေါင်းပါးစပ်က ပြည်မိုးငြိမ်းငယ်စဉ်ကမှန်း သိသာသည်။ သူ့အသက် နှစ်နှစ်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် ဖြစ်လိမ့်မည်။ ကြည့်စမ်း။ ငယ်ငယ်ကတည်းက ညစ်ကျယ်ကျယ်အပြုံးနှင့်ပါကလား။ မြဝန်းရံ ထိုဓာတ်ပုံလေးကို ကြည့်ပြီး ပြုံးမိသွားသည်။

သူ့ပေါင်ပေါ်မှာတင်ထားသည့် ကလေးငယ်လေးသည် တစ်ချိန်မှာ သူ့ခြေရာကို နင်းမည်လားဟု အဘိုး မျှော်လင့်ခဲ့ဖူးလိမ့်မည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပန်းချီဒီဇိုင်း ပညာရှင်ဖြစ်လာလိမ့်မည်ဟု ဘယ်ထင်ခဲ့ပါမလဲ။

ထိုအခိုက် တံခါးခေါက်သံတစ်ခုကို ကြားလိုက်ရသဖြင့် မြဝန်းရံ လန့်သွားသည်။ ချက်ချင်း မတ်တတ်မရပ်မိသေးဘဲ ခဏစောင့်နေလိုက်၏။ ဘယ်သူများလဲ။

နောက်ထပ် ထပ်ခေါက်သည်။ ဒီတစ်ကြိမ်တော့ အသံကိုပါ ကြားရသည်။

'ညီမ ဦးကြီးပြန်လာပြီ'

အို မြဝန်းရံ ထိတ်ခနဲ ရင်ခုန်ရလောက်အောင်ပင် ဝမ်းသာသွားသည်။ တံခါးကို အပြေးအလွှား သွားဖွင့်လိုက်၏။

ဦးကြီးကို မမြင်ရ။ ပြည်မိုးငြိမ်းနှင့်အတူ ပါလာတာမဟုတ်။ တခြားအဖွဲ့က ရှာတွေ့ခဲ့ခြင်းဖြစ်သည်။ သူတို့အချင်းချင်း အပြန်အလှန် ဆက်သွယ်နေခဲ့ကြသည်။ အဝေးမှ ခြေသံများနှင့် စကားပြောသံများကို ကြားရသည်။ သူတို့နှစ်ယောက် အလောတကြီး ထွက်ကြိုကြသည်။

'ဦးကြီး'

မြဝန်းရံသည် အဘိုးကြီးအား ဘယ်အချိန်ကတည်းက ဒီလောက် သံယောဇဉ်ဖြစ်မိသွားမှန်း ကိုယ့်ကိုယ်ကိုပင် မသိလိုက်ပေ။ အခုတော့ သိလိုက်သည့်အချိန်မှာ လူနှစ်ယောက်ကြားမှာ ပါလာသော ဦးကြီးကို အပြေးသွားပြီး ဖက်ပွေ့လိုက်မိသည်။



'အမလေး ဘယ်တွေ လျှောက်သွားနေတာလဲ ဦးကြီးရယ်။ ကျွန်မတို့ စိတ်ပူလိုက်ရတာ'

သည့်ထက်ပို အံ့ဩရတာက မိမိမျက်ဝန်းမှ ချက်ချင်းရစ်ဝဲကာ ပြည့်လျှံလျက် လိမ့်ဆင်းကျလာသော မျက်ရည်ပူများကြောင့် ဖြစ်သည်။ ဦးကြီးက ပြန်ဖက်လိုက်သည်။ သူဖက်လိုက်ပုံက မြဝန်းရံကို နှစ်သိမ့်သည့်အဓိပ္ပါယ်မျိုးမဟုတ်ဘဲ အားကိုးတကြီးဖက်တွယ်ပုံမျိုး တင်းတင်းကြပ်ကြပ်ဖြစ်လေသည်။

ဦးကြီးကိုယ်ခန္ဓာက တုန်ရီနေ၏။ တော်တော် ကြောက်သွားခဲ့မလား။ အောက်ပိုင်းကလည်း ရေတွေစိုနေခဲ့သည်။ နဂိုကဝမ်းနည်းဟန်မျက်လုံးတွေမှာ အခုတော့ မျက်ရည်တွေရစ်ဝဲနေသည်။ ကိုပြေကလည်း ဦးကြီးကို ခါးမှ ဖက်ပွေ့လိုက်သည်။

'ချောင်းထဲထိ ရောက်သွားတာ ဟုတ်လား'

'ဟုတ်တယ် ဆရာ၊ ဆရာထင်တဲ့အတိုင်းပဲ။ ဟိုဘက်တောင်ကြားအထိ ရောက်သွားတာကိုး။ ချောင်းထဲမှာ လျှောက်သွားတော့ ကျွန်တော်တို့ တော်တော်နဲ့ မတွေ့ဘူးပေါ့။ ရေတော့ သိပ်မရှိပါဘူး'

ဦးကြီးက မျက်ရည်ဝေ့ဝဲသော ဝမ်းနည်းမျက်လုံးများ ဖြင့် တိတ်ဆိတ်နေသည်။ အသံတစ်စက်လေးတောင် မထွက်။

သူတို့အုပ်စုသည် ဦးကြီးဦးကောက်ရကို အလယ်မှထားပြီး ဥယျာဉ်ဘက်သို့ ပျော်ရွှင်သောစကားသံများ၊ တက်ကြွသော ခြေလှမ်းများဖြင့် လျှောက်လာခဲ့ကြသည်။

ဦးကြီး၏လက်ထဲမှာ တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ထားသောအရာတစ်ခုရှိသည်ကို မြဝန်းရံ သတိထားမိသလို ဘယ်သူမှ သတိထားမိပုံမရ။ ထိုအရာသည် လက်သီးဆုပ်ထက် ကြီး၏။ ဦးကြီးလက်ထဲတွင် မြုပ်ကွယ်နေတာမဟုတ်။ တစ်စွန်းတစ်စ ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထွက်နေသည်။ အမှောင်တဖြည်းဖြည်း ချဉ်းကပ်လာပြီမို့ ဘာမှန်းတော့ မသဲကွဲ။ အားလုံးသည် ဥယျာဉ်ဆီပြန်ရောက်ဖို့ စိတ်စောနေကြသည်။ ပြီးတော့ အောင်မြင်ခြင်း အထိမ်းအမှတ်ဖြင့် ကိုမြေကျွေးမည့် ညစာကို စားကြမည်။ ဒါကိုပဲ အာရုံရှိနေကြသည်။ မြဝန်းရံတစ်ယောက်သာ ဦးကြီး၏လက်ကောက်ဝတ်ကို အခုထိဆုပ်ကိုင်ထားတုန်းမို့ သူ့လက်ထဲက မာကျောသည့်အရာကို သတိထားမိနေသည်။

မသီရိက ဥယျာဉ်အစပ်မှာ ကလေးနှစ်ယောက်နှင့် အတူထွက်စောင့်နေ၏။ ဖိုးသားက ကလေးပီပီ ပျော်ရွှင်မှုကို စိတ်မထိန်းနိုင်ဘဲ ခုန်ပေါက်နေသည်။ နိုးနိုးကတော့အိန္ဒြေလေးနှင့် ပြုံးလို့။

'ဦးကြီးရေ အားလုံးက ဦးကြီးအတွက် စိတ်ပူနေကြတာ။ တော်သေးတာပေါ့ဦးရယ်။ ညမိုးမချုပ်ခင် ပြန်ရောက်လာပေလို့'

မသီရိက သမီးနှင့်သားကို လက်တွဲထားရင်း နူးညံ့သည့်အပြုံးဖြင့် အုပ်စုကို ကြိုဆိုသည်။

ဦးကြီး ဘာမှ ပြန်မပြောပါ။ အရင်ကလို ဝူးဝူးဝါးဝါး အသံတောင် မပြုပါ။ ထူးခြားစွာပင် ငြိမ်သက်နေခဲ့သည်။

'ညနေစာကို အထူးပြင်ဆင်ထားပါတယ်။ အားလုံး တပျော်တပါး စားကြရအောင်'

ပန်းရောင်ပန်းချုံနွယ်များနှင့် ဆင်ဝင်သို့ရောက်တော့မှ မြဝန်းရံ ဆုပ်ကိုင်ထားသည့် လက်ကို ဖြည်ပေးလိုက်သည်။ မိမိ၏ လက်မှာ မြေကြီးလို ဖုံလိုအရာတွေ ပေကျံနေခဲ့မှန်း သတိထားမိလိုက်သည်။

'ကဲ ဦးကြီး ရေမိုးချိုး ခဏနားပြီးတော့မှ ညစာစားချိန်မှာ ပြန်ဆုံကြရအောင် နော်'



ဦးကြီးအား ကလေးငယ်တစ်ယောက်ကို ပြောသည့်လေသံမျိုးဖြင့် အနူးညံ့ဆုံးဖြစ်အောင် ကြိုးစားပြီး နှစ်သိမ့်မိ၏။ ထိုအချိန်မှာပင် ဦးကြီးက သူ့လက်ထဲက မာကျောသည့်အရာကို မြဝန်းရံ၏လက်ထဲသို့ ထည့်ပေးလိုက်ခြင်းဖြစ်သည်။ သူမ အမှတ်တမဲ့ လှမ်းယူလိုက်သော်လည်း စက္ကန့်ပိုင်းအတွင်းပင် အံ့ဩသွားပြီး လက်ဝါးကို ဖြန့်ကြည့်လိုက်သည်။

တစ်ပိုင်းတစ်စ မီးကျွမ်းထားသည့် သစ်သားတုံးလေးတစ်ခု။ မူလက ဆေးရောင်ခြယ်ထားခဲ့သည်။ သို့သော် ဆေးရောင်က ပြယ်လွင့်နေပြီ။ အဝါရောင်နှင့်အနီရောင် စပ်ကြား။ ရွာဘုရားပွဲတွေမှာ ရောင်းသည့် သစ်သားမြင်းရုပ်၏ဖင်ပိုင်းနှင့် သဏ္ဍာန်တူသည်။ သဲသဲကွဲကွဲတော့မသိ။

ဘာကြောင့် သူ ပေးမှန်းလည်းမသိ။

သို့သော်ထိုအပိုင်းအစလေးကို လက်ခံယူလိုက်ရသည့် တစ်ခဏမှာတော့ မြဝန်းရံ ရင်ထဲမှာ ထူးဆန်းစွာပင် လေးပင်သွား၏။ ဦးကြီးကို လှမ်းကြည့်လိုက်တော့လည်း ဦးကြီးက ကိုမြေနှင့်အတူ အခန်းဆီသို့ လျှောက်သွားနေရင်း မြဝန်းရံကို လှည့်ကြည့်သည်။ ဦးကြီးမျက်လုံးတွေက မျက်ရည်မရှိတော့သော်လည်း ငိုနေဆဲဖြစ်သည်ဟု ထင်သည်။

လက်ထဲမှ မီးကျွမ်းသစ်သားတုံးလေးကို ဘယ်သူမှ မမြင်အောင် ဘာဖြစ်လို့ ဖုံးကွယ်လိုက်မှန်း မြဝန်းရံ မသိပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၉)

အမုန်တရားနောက်ကို လိုက်မယ့်လူတွေ အများကြီးမရှိဘူး။
အဲဒါ နာကျင်စရာကောင်းတယ်။

ညက မြဝန်းရံ အိပ်မရပါ။

ဘယ်လိုပဲကြည့်ကြည့် ကျက်သရေမရှိသည့် မြင်းရုပ်ဖင်ပိုင်းလေးကြောင့် ဖြစ်သည်။ သူ့ကို ဘယ်မှာထားရမှန်းလည်း မသိ။ ပထမတော့ မြေကြီးတွေ မီးသွေးတွေ ပေကျံနေဆဲဖြစ်သည့် သစ်သားမျှင်တွေကြားထဲသို့ ရေဖြင့် စင်စင်ဆေးယူလိုက်ပြီး ခုတင်ခေါင်းရင်း သစ်သားတန်းပေါ် တင်ထားခဲ့သည်။

ဦးကြီး ဒါကို ဘယ်ကရလာတာလဲ။ ဘာဖြစ်လို့ တခုတ်တရ ကောက်ယူလာတာလဲ။ ဘာဖြစ်လို့ မြဝန်းရံလက်ထဲကို ထည့်သွားတာလဲ။ ဘာဖြစ်လို့ တခြားလူမသိအောင် တိတ်တိတ်လေး ထည့်သွားခဲ့တာလဲ။

အတွေးတွေ ဖိစီးလျက် အာရုံတွေ လွင့်နေခဲ့သည်။

အရေးထဲမှာ တောအုပ်နှင့်နီးကပ်စွာနေရခြင်းဖြစ်ပေမဲ့ ည၏အသံက သူမ ထင်သလို မတိတ်ဆိတ်ခဲ့။ ပုရစ်သံတွေ စူးစူးရှရှ စည်းချက်မှန်မှန် မြည်နေသည်။ တရှီရှီ လေတိုးသံကိုလည်း တစ်ချက်တစ်ချက် ကြားနေခဲ့ရသည်။ ကင်းတဲဆီမှ သံချောင်း



ခေါက်သံကိုလည်း နာရီဝက်တစ်ခါ ကြားနေရသည်။ ကိုးချက်ဆိုတော့ ကိုးနာရီ။ နောက်တစ်ခါက တစ်ချက်ဆိုတော့ ကိုးနာရီခွဲ။ နောက်တစ်ခါ ဆယ်ချက်။ ဆယ်ချက်အထိ သိနေခဲ့သည်။ နောက်တော့မှ မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

အိပ်ပျော်ရတော့လည်း အိပ်မက်ဆိုးတွေ မက်နေခဲ့သေးသည်။ အိပ်မက်ထဲမှာ မီးတောက်တွေကြားမှာ သွေးရူးသွေးတန်း ပြေးလွှားနေရသည်။ လူအုပ်ထဲမှာ ကိုပြေကို မြင်ရသည်။ သူ့နောက်ကို မီအောင်လိုက်ပေမဲ့ တော်တော်နှင့် မမီနိုင်။ နောက်ဆုံး ရင်တွေကွဲထွက်တော့မတတ် မောပန်းနာကျင်စွာ ပြေးရင်းနှင့် မီသွားသည်။ ကိုပြေ့လက်ကို ဖမ်းဆွဲလိုက်လို့ ကိုပြေက လှည့်ကြည့်တော့ ထိုလူမှာ ကိုပြေမဟုတ်။ တခြားလူတစ်ယောက် ဖြစ်နေသည်။

ထိုလူ၏မျက်နှာကို မြင်လိုက်ရတော့ သူမ လန့်ဖြတ်တုန်လှုပ်သွားရသည်။ ကုက္ကိုတန်းရေတွင်းမှာ မြဝန်းရံအနားသို့ ကပ်လာသော လူစိမ်းဖြစ်နေ၏။

နံနက်လင်းလို့ နိုးလာသည့်အခါ မျက်စိတွေလည်း ကျိန်းစပ်နေပြီး ခေါင်းကလည်း ရီဝေမူးနောက်နေတော့သည်။ နိုးနိုးချင်း ချက်ချင်း ထထိုင်လို့မရ။ မူးနောက်နေလို့ ပြန်လှဲချ ရသည်။ နှစ်ခါသုံးခါ ကြိုးစားပြီးတော့မှ မွေ့ရာပေါ်ကနေ ဆင်းလို့ရသွား၏။

မျက်နှာသစ်ပြီးလို့ အပြင်ထွက်လိုက်သည့်အခါ ကလေးနှစ်ယောက်ကို အိမ်ရှေ့ လူသွားလမ်းပေါ်မှာ အဖြူရောင် တူညီဝတ်စုံလေးတွေနှင့် တက်ကြွစွာ ရပ်နေသည်ကို တွေ့ရသည်။

'မမကြီး နိုးပြီလား'

အာသွက်လျှာသွက် ဖိုးသားက နှုတ်ဆက်တော့ သူမ ညက လေးလံထိုင်းမှိုင်းမှုကို တစ်ခဏတော့ ဖယ်လိုက်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



'အေး သားသားတို့ အစောကြီးပါလား'

'ဟုတ်တယ်။ မေမေ့သင်တန်းကို သားသားတို့လည်း တက်မှာ'

'မေမေ့သင်တန်း'

'ဟုတ်တယ် ယောဂသင်တန်းလေ'

'အို တယ်ဟုတ်ပါလား'

အော် ဟုတ်တာပေါ့။ သူတို့မောင်နှမဝတ်ထားသည်က အကျီဘောင်းဘီအထက်အောက်အဖြူရောင်ချည်ထည် ပျော့ပျော့ ယောဂဝတ်စုံဖြစ်၏။ မြဝန်းရံ ကိုယ့်ကိုယ်ကို ငုံ့ကြည့်လိုက်တော့ ညဝတ်အကျီထမီနှင့်။ စိတ်ပြေလက်ပျောက် သင်တန်းကို သွားကြည့်လိုက်ရင် ကောင်းမလား။

'ယောဂက ခက်လား'

'လွယ်လွယ်လေး'

'မမကို စောင့်မလား'

'သမီး စောင့်မယ်'

မြဝန်းရံသည် မနေ့က မသီရိပေးထားသည့် သင်တန်း ဘောင်းဘီအကျီကို လဲဝတ်လိုက်သည်။ ပြန်ထွက်လာတော့ ဖိုးသားမရှိတော့။ သူ့အမေနှင့်အတူ တက်ကြွစွာ ပါသွားခဲ့ပြီ။

အပေါ်ထပ်သင်တန်းခန်းမထဲသို့ မြဝန်းရံ အခုမှတက်ဖူး ခြင်း ဖြစ်သည်။ ပြောင်လက်နေသော လျှာထိုးခင်းကြမ်းပြင်မှာ ယောဂလေ့ကျင့်သည့်ဝတ်စုံတွေ ဝတ်ထားသည့် သင်တန်းသား သင်တန်းသူ အားလုံး လူနှစ်ဆယ်ခန့် ထိုင်လျက်ရှိသည်။ အခန်း ခေါင်းရင်းတွင် မသီရိ။ လေ့ကျင့်ခန်းက စနေပြီ။ နိုးနိုးနှင့် မြဝန်းရံ က အားလုံး၏နောက်မှာ အသာလေး ဝင်ထိုင်လိုက်သည်။ နိုးနိုးက အခန်းဒေါင့်မှာ စုထပ်ထားသည့် ခေါင်းအုံးကူရှင် ပျော့လေးတွေ



ထဲက နှစ်ခုကို သွားယူပြီး မြဝန်းရံကို တစ်ခု ပေးသည်။ ထိုကူရှင် ပေါ်မှာ ထိုင်ရသည်။

'မမ'

နိုးနိုးက လေသံတိုးတိုးလေးပြောဖို့ နားနားသို့ကပ်လာ သည်။ မြဝန်းရံ ခေါင်းငုံ့ပြီး နားထောင်သည်။

'မေမေလုပ်တာတွေအကုန်လုံးကို လိုက်လုပ်စရာမလို ဘူးနော်။ မမ မလုပ်နိုင်ရင် ဒီတိုင်းပဲ ထိုင်နေ'

'အေး အေး'

ယောဂသည် အားကစားလေ့ကျင့်ခန်းတစ်ခုပါပဲလား။ မသီရိက ထိုင်ရက်ကနေ ခြေထောက်၊ ခေါင်း၊ လက်၊ လည်တိုင် ကိုယ်ဟန်အမျိုးမျိုးကို လေ့ကျင့်ခန်း လုပ်ပြနေခြင်း ဖြစ်သည်။ လေ့ကျင့်နည်းကို တစ်ခုပြီးတစ်ခု ပြောင်းလဲ လုပ်နေရာမှ မသီရိ၏ အကြည့်က မြဝန်းရံဆီသို့ ခဏခဏရောက်လာသည်။

'ယောဂဆိုတာ ကိုယ်ကာယလေ့ကျင့်ခန်းတစ်ခုထက် ပိုပါတယ်၊ ယောဂက စိတ်လေ့ကျင့်ခန်းတစ်ခုလည်း ဖြစ်တယ်'

မသီရိက ပြုံးလျက် လေ့ကျင့်ခန်းလုပ်နေရင်း လှမ်းပြော သည်။ အများကိုပြောတာထက် မြဝန်းရံကို ရှင်းပြတာဖြစ်မည်။

'စကြဝဠာကြီးတစ်ခုလုံးနဲ့ ကိုယ်နဲ့ကြားမှာ ရှိနေတဲ့ ဆက် သွယ်မှုတွေကို ပြန်ဆွဲထုတ်ယူပြီး ခွန်အားတွေဖြည့်ဆည်းတဲ့ လေ့ကျင့်ခန်းပဲ ဆိုပါစို့'

သူမအသံက နူးညံ့သည်။ တိုးတိတ်သည်။

'တို့နဲ့စကြဝဠာကြားမှာ မမြင်ရတဲ့လှိုင်းတွေနဲ့ ဆက်သွယ် နေတယ်'

စကြဝဠာ တဲ့။ သူမကဖြင့် ကမ္ဘာ၏လူသားအချင်းချင်း ဆက်စပ်မှုတွေကိုတောင် လေ့လာဖို့ မနိုင်မနင်း ဖြစ်နေရသူပါ။

www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီး ယောဂက သဘာဝကို ချစ်မြတ်နိုးအောင် သင်ပေးတယ်။ နှလုံးသားနူးညံ့ပျော့ပျောင်းအောင် သင်ပေးတယ်။ လောကကို အကြင်နာထားတတ်အောင် သင်ပေးတယ်'

အော် ဟုတ်မှာပဲနော်။ တချို့လူတွေက အရာရာကို အကောင်းမြင်ပြီး ချစ်ကို ချစ်တတ်နေကြတာများလား။

နံနက်စာစားချိန်တွင် သင်တန်းသားတွေအတွက်က သင်တန်းခန်းမ အောက်ထပ်သို့ ပို့ပေး၏။ မြဝန်းရံတို့အုပ်စုကတော့ ထမင်းစားဆောင်သို့ သွားစားကြရသည်။ ထမင်းစားဆောင်မှာ ကိုပြေနှင့်ဦးကြီးကို မတွေ့။ သူတို့အဆောင်ရှိရာ ဘက်သို့ မြဝန်းရံ၏ မျက်လုံးဝေ့ကြည့်လိုက်တာကို မသီရိက မြင်သည်။

'ကိုပြေ အပြင်ထွက်သွားတယ်ညီမ။ ဦးကြီးပဲ ရှိတယ်'

သူမ အနည်းငယ် ရှက်အန်းအန်းဖြစ်သွားသည်။ မသီရိ၏မျက်နှာကတော့ ဘာမှ မထူးခြားသလိုပါပဲ။ သို့သော် မျက်လုံးတွေက စောစောကလို မနွေးထွေးဘဲ ချက်ချင်း စူးရှ စိမ်းကားသွားသလားလို့။ ထို့ကြောင့် မြဝန်းရံသည် မိမိအလေးထားသူမှာ ကိုပြေမဟုတ်ကြောင်း ဖြေရှင်းချင်သွားသည်။

'ဦးကြီးဆီ ကျွန်မ သွားကြည့်လိုက်မယ်နော်'

နေရာမှာ မထိုင်သေးဘဲ မသီရိကို ခွင့်တောင်းလိုက်၏။

'အော် အေး။ သွားရမှာပေါ့။ ခဏ ထိုင်ပါဦးလား။ ညီမနဲ့ အေးအေးဆေးဆေးကို စကားမပြောရသေးဘူး။ ဦးကြီးဆာရင် ထွက်လာမှာပေါ့။ တို့နဲ့အတူ မနက်စာစားပါလား ဘာစားမလဲ တို့ ထည့်ပေးမယ်လေ'

သူမက ဖိတ်ခေါ်နေတာကို ဗွတ်အတင်း ငြင်းပြီးထွက်ခဲ့လျှင် ရိုင်းရာကျမည်မို့ မထိုင်ချင်ပေမဲ့ ဝင်ထိုင်လိုက်ရသည်။



'ရပါတယ်အစ်မ၊ ကျွန်မ ထည့်စားပါမယ်'

နံနက်စာသည် ရိုးရိုးစင်းစင်း၊ အားလုံးအတွက် အတူတူပဲ ဖြစ်သည်။ ဖျော်ရည်တွေပဲ ကွာခြားသည်။ ဖန်ကရားတစ်ခုထဲမှာ ခရမ်းချဉ်သီးဖျော်ရည်၊ နောက်တစ်ခုထဲမှာ ဖရဲသီးဖျော်ရည်၊ နှစ်မျိုးပဲ။ ကော်ဖီကရားက တစ်ခု၊ လဖက်ရည်ကရားက တစ်ခု။

ကိုယ့်ဟာကိုယ် ထည့်စားလို့ရသည့် ဘူဖေးပုံစံ နံနက်စာမို့ စတီးဇလုံတို့တွင် ထမင်းဖြူ၊ ဂေါ်ရခါးသီး၊ အာလူး၊ ရွှေဖယုံသီး၊ အသီးအရွက်တန်ပူရာအကြော်မျိုးစုံ၊ ပဲကတ္တီပါပြုတ်၊ ပဲပုတ်မီးကင်ဆီဆမ်း စသည်တို့ကို တန်းစီထည့်ထားသည်။

'ဘူးသီးကြော်၊ ကြက်သွန်ကြော် တို့ဟူးကြော်။ ဘူးသီးက ဒီမှာစိုက်တဲ့ ခြံထွက်သီးနှံလေ။ ပိုးသတ်ဆေးတို့ ဓာတ်မြေဩဇာတို့ မသုံးတဲ့ သဘာဝ အော်ဂဲနစ် အသီး' ဟု မသီရိက ပြော သည်။ နောက်ပြီး ပဲဆီစစ်စစ်နှင့် ကြော်ထားတာဖြစ်သည်ဟု ရှင်းပြသည်။ မြဝန်းရံ ခရမ်းချဉ်သီးဖျော်ရည်ကို ဖန်ခွက်ထဲ ထည့်ယူလာခဲ့သည်။ ထမင်းနှင့်အတူ ရှိသမျှ အမျိုးအမည်တို့ကို နည်းနည်းချင်း ထည့်လာခဲ့သည်။

'ညီမက ဘယ်ရုံးမှာမှ ဝန်ထမ်းအလုပ် မလုပ်ဘူးလား'

'မလုပ်ဘူး။ ကျွန်မက စာသင်ပါတယ်။ သူငယ်ချင်းတစ်ယောက်နဲ့ ကိုယ်ပိုင်ကျောင်း ထောင်ထားတယ်'

'ဟုတ်လား ကောင်းတာပေါ့။ လွတ်လပ်တယ်'

'အဲဒီသူငယ်ချင်းက အစ်မရဲ့တပည့် ဖြစ်ခဲ့ဖူးတယ်'

'အို'

မသီရိ၏ အံ့ဩသွားသည့်မျက်နှာအမူအရာကို မြဝန်းရံ ကျေနပ်စွာ ပြုံးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်မက ၂၀၀၂ခု သူ့စာတမ်းအတွက် လက်ထောက်ကြီးကြပ်ရေးမှူး လုပ်ပေးခဲ့တယ်လို့ သူ ပြောဖူးပါတယ်'

'အို ဟုတ်လား'

မသီရိ၏မျက်လုံးများတွင် စူးရှသော အရောင်တစ်ချက် လက်ခနဲ ဖြစ်သွားသည်။ တက္ကသိုလ်နယ်မြေသည် မသီရိအတွက် ခါးသီးစရာ အတွေ့အကြုံတစ်ခုဖြစ်ခဲ့တာ မြဝန်းရံ သိပါသည်။

'တို့မှတ်မိပြီ။ သူ့စာတမ်းက ရာသီဥတုပြောင်းလဲခြင်းနဲ့ အမျိုးသမီးများအပေါ် ရိုက်ခတ်ချက် မဟုတ်လား'

'ဟုတ်လားမသိဘူး'

'တို့ ၂၀၀၄မှာ အလုပ်ကနေ ထွက်လိုက်တော့ တို့နဲ့ အတူ လိုက်ထွက်တာ အဲဒီ စာတမ်းရှင်ဆရာမလေးတစ်ယောက်ပဲ ရှိတယ်။ သူ့နာမည်က စိုးစိုးနွယ်တဲ့'

'ဟုတ်တယ် စိုးစိုးနွယ်'

'သူနဲ့မဆုံဖြစ်တာတောင် ကြာပြီ။ ဒါဖြင့် ညီမတို့ အတူတူ ကျောင်းဖွင့်ထားတာပေါ့'

'ဟုတ်တယ်အစ်မ'

'အေး အောင်မြင်မှာပါ။ မနာလိုမှုတွေဟာ သိပ်ဆိုးပါတယ်ကွယ်။ အစ်မတော့ အာဏာကိုလည်း သိပ်ကြောက်သွားပြီး နေရာယူချင်တဲ့လူတွေ မနာလိုတဲ့လူတွေကိုလည်း ဝေးဝေးကနေ ရှောင်ချင်တော့တယ်'

မသီရိသည် ဌာနမှာ ရုပ်ရည်လှပသလောက် ထူးချွန်ထက်မြက်သောကြောင့် ထင်ရှား ကျော်ကြားသည်။ ကျောင်းသားတွေကလည်း သူ့လက်ချာချိန်ဆိုလျှင် အခန်းပြည့်လျှံနေအောင် လာနားထောင်ကြသည်။ သူ့ကျောင်းသားမဟုတ်ဘဲနှင့် လာနားထောင်သူတွေ အများကြီး ရှိခဲ့သည်။ ကျောင်းကို ကိုယ်စားပြုပြီး



နိုင်ငံရပ်ခြားမှာ စာတမ်းဖတ်ရသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ပညာတော်သင်သွားရသည်။

မသီရိတို့ ဌာနတွင် ရုပ်ရည်လည်း မလှ၊ ပညာလည်း ထူးချွန်မှုမရှိသော ဆရာမတစ်ယောက် ရှိသည်။ ထိုဆရာမက မသီရိကို မနာလို ဖြစ်နေသည်။ သို့သော် မသီရိကို ဘယ်လိုမှ မယှဉ်နိုင်။ မသီရိ၏အရည်အချင်းကို သူ လုံးဝလိုက်မမီ။ ခက်တာက မသီရိ၏နေရာကို သူက လိုချင်နေခဲ့သည်။ အကြောင်းအားလျော်စွာ ဌာနမှူး အပြောင်းအလဲ ဖြစ်သည်။ မနာလိုသော ဆရာမသည် တခြားခပ်ညံ့ညံ့ဆရာမတစ်ယောက်ကို အတူ ပူးပေါင်းအသုံးချကာ မသီရိနှင့်ဌာနမှူးသစ်အကြားတွင် အထင်အမြင်လွဲမှားအောင် မကောင်းကြံစည်သည်။

မသီရိက တစ်ဖက်၊ ထိုဆရာမနှစ်ယောက်က တစ် ဖက်။ ဌာနမှူးအသစ်သည် မသီရိအား တဖြည်းဖြည်းနှင့် ဖယ်ကျဉ်လာပြီး ခပ်ညံ့ညံ့ဆရာမတွေကို ယုံကြည်စွာ နေရာပေးလာသည်။ ဌာနထဲမှ အများစုက မသီရိဘက် မလိုက်ဘဲ ထိုဆရာမအုပ်စုဖက်သို့ လိုက်ပါသွားကြသည်။ နောက်ဆုံးမှာ မသီရိ လွင့်သွားရသည်။

'ညီမက ဆိုးယုတ်မှုကို ရှာနေတယ်လို့ ကိုပြေက ပြောတယ်။ ညီမရှာနေတဲ့ ဆိုးယုတ်မှုက ရုပ်ကိုနှိပ်စက် ညှဉ်းဆဲတဲ့ အဖြစ်တွေပေါ့နော်။ တို့ ကြုံခဲ့တာတွေက စာဖွဲ့လို့တောင် မရနိုင်ဘူးပေါ့။ ဒါပေမဲ့ ဘဝပျက်လောက်တဲ့ ထိုးနှက်ချက်တွေပါပဲ။ တို့သာ စိတ်ဓာတ်မကြံ့ခိုင်ခဲ့ဘူးဆိုရင် အခုလို ဘဝသစ်တစ်ခု ပြန်စဖို့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ အခုလောက်ဆို မြောင်းထဲ ရောက် နေပြီပေါ့။

'နာကျင်စရာတစ်ခုက ဘာလဲဆိုတော့ တို့ထင်ထားသလို အမှန်တရားနောက်ကို လိုက်မယ့်လူတွေ အများကြီးမရှိဘူး။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



နာကျင်စရာကောင်းတယ်။ သူတို့ မသိတာလည်း မဟုတ်ဘူးနော်။ တို့မုန်တယ်ဆိုတာ သိတဲ့လူတွေ ကိုယ်တိုင်က အခွင့်အရေး၊ နေရာနဲ့ အာဏာကို မစွန့်လွှတ်နိုင်လို့ သူတို့အုပ်စုနောက်ကို လိုက်သွားကြတာ'

မြဝန်းရဲ ထမင်းကိုတိတ်ဆိတ်စွာ စားနေရင်း မသီရိကို ဘာပြောရပါ့မလဲဟု စဉ်းစားသည်။ ဘာမှ ခေါင်းထဲမှာ မထွက်လာ။ အားပေးရမှာလား။ သူက ကိုယ့်ထက် စိတ်ဓာတ် ခိုင်မာတဲ့သူ။ ဆရာမကြီးပဲ။

'နောက်တော့ အဲဒီဌာနမှူးလည်း လွှင့်သွားတယ် မဟုတ်လားအစ်မ'

'အေး'

'အစ်မရယ် အမှန်တရားဆိုတာကတော့ တစ်ချိန်ချိန်မှာ ပေါ်လာမှာပါပဲ။ ကျွန်မတော့ အဲဒီလိုပဲ ယုံတယ်'

'ညီမရော ရှာနေတဲ့သဲလွန်စတွေ စုံပြီလား။ အဆင်ပြေပြီလား'

မြဝန်းရဲ မသီရိ၏မျက်လုံးထဲသို့ ခပ်စူးစူး တစ်ချက်ကြည့်လိုက်မိသည်။ ဘာကြောင့် ဒီမေးခွန်းကို မေးတာလဲ။ ပြည်မိုးငြိမ်းဖက်ကနေ မေးတာလား။ သို့မဟုတ် ပွဲကြည့်ပရိသတ် အနေနဲ့ မေးတာလား။

'မနိုးစပ်သေးပါဘူးအစ်မ။ ကျွန်မ အထင်တော့ ခဏ ပြန်ပြီး နောက်တစ်ခေါက် ထပ်လာရဦးမယ်'

'အော်။ အေးအေး၊ လာရင် နောက်တစ်ခါ ဒီမှာပဲ တည်းပါကွယ်။ ညီမ လာတည်းမယ်ဆိုရင် တို့အားလုံးက စိတ်ချမ်းမြေ့ကြမှာပါ'



'ကျေးဇူးတင်ပါတယ်အစ်မ။ ဒါနဲ့ မေးသင့်လား မမေးသင့်ဘူးလား မသိ။ တစ်ခုတော့ မေးချင်တယ်'

'အို မေးပါ'

မသီရိက ဘာမေးမည်ကို ကြိုတင်သိနေသလိုပဲ ပြုံးနေလိုက်တာ။

'ကျွန်မနဲ့ ကိုပြည်မိုးငြိမ်း အလောင်းအစား လုပ်ထားတာ အစ်မ သိလား'

'ကိုပြေက တို့ကို ဘာမဆို ဖွင့်ပြောပါတယ်'

အိုး ဘာမဆို ဖွင့်ပြောပါတယ်တဲ့လား။ အထက်ဆီးက ပြောလိုက်ပုံက တစ်မျိုးကြီးပါလား။

'ဒါဆို အစ်မ ဘယ်သူ့ဘက်က အားပေးလဲဟင်'.

'အို တို့က ပွဲကြည့်ပရိသတ်လေ'

'အင်းလေ ပွဲကြည့်ပရိသတ်ဆိုလည်း တစ်ဖက်ဖက်ကတော့ အားပေးရမှာပေါ့ လို့။ ဘယ်သူ နိုင်စေချင်လဲ။ ဘယ်သူနိုင်ရင် အစ်မ စိတ်ချမ်းသာမလဲ။ ဘယ်သူနိုင်ရင် အစ်မ စိတ်ဆင်းရဲရမလဲ'

စကားလုံးကို သတိထား ရွေးချယ်ပြီး တစ်လုံးချင်း မေးလိုက်မိသည်။ မသီရိ၏မျက်နှာ အပြောင်းအလဲ မရှိပါ။ အသာအယာတောင် ရယ်မောလိုက်သေးသည်။

'ဟင့်အင်း တို့က ဘယ်ဘက်ကမှအားမပေးဘဲ ရပ်ကြည့်နေတာပါ။ အကြံဉာဏ်လည်း မပေးဘူး။ တစ်ခုပဲ ရှိတယ်။ အလောင်းအစားမှာ လိုနေတဲ့တစ်ခုကိုတော့ ကိုပြေ့ကို ထောက်ပြမိတယ်'

'ဘာလိုနေလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အချိန်ကာလ သတ်မှတ်ချက် လိုနေတယ်'

'ဟုတ်လား။ အဲဒီတော့ ကိုပြေက ဘာပြန်ပြောလဲ'

'ညီမသိချင်ရင် သူ့ကို တိုက်ရိုက်မေးကြည့်ပေါ့ကွယ်'

မြဝန်းရံ ခပ်ရှက်ရှက်ဖြင့် ရယ်မိသည်။ ဟုတ်ပါရဲ့။ စကားနိုက်သလို ဖြစ်သွားတာ ရှက်စရာကောင်းလိုက်တာ။

'ကဲ ဟိုမှာ သမီးလာနေပြီ။ ညီမ သွားချင်ရင် သမီးကို အဖော်ခေါ်ပြီး ဦးကြီးဆီသွားလို့ရတယ်'

ကိုပြေနေသည့်အဆောင်သည် ကျောက်တုံးတွေနှင့် ဆောက်ထားသောအိမ် ဖြစ်သည်။ ဆင်ဝင် မုခ်ဦးသစ်သားတန်း ပေါ်မှာ တွယ်ကပ် စိုက်ပျိုးထားတာက မြတ်လေးပန်းချုံဖြစ်သည်။ နွေရာသီမို့ မြတ်လေးပန်းက မပွင့်။ အရွက်စိမ်းတွေနှင့်ချည်း အုပ်ဆိုင်းသွယ်တန်းနေသည်။ မြတ်လေးချုံ၏အောက်ကနေ ဆင်ဝင်ထဲသို့ ဝင်လိုက်သည်။ အိမ်တံခါးကို စေ့ရုံလေး စေ့ထား၏။ တံခါး၏အထက်တွင် မြတ်လေးဟု စာတန်းတစ်ခု ကပ်ထားသည်။ အပြင်စင်္ကြံရှိ ထန်းပက်လက်ကုလားထိုင်ပေါ်မှာ ကိုပြေ ဖတ်လက်စ ဖြစ်မည့် စာအုပ်တစ်အုပ်ကို မြင်ရ၏။ ဘာစာအုပ်လဲ။ စပ်စုကြည့်လိုက်သည်။

အလို ကဗျာစာအုပ်ပါ လား။ ဒဘလျူ အိပ်ချ် အော်ဒင် W. H. Auden ၏ ကဗျာပေါင်းချုပ်(Collected Poems by W. H. Auden) စာအုပ် ဖြစ်သည်။ မျက်နှာဖုံးပုံက ကဗျာဆရာကြီး၏ အဖြူအမဲဓာတ်ပုံ ဒီဇိုင်းဖြစ်သည်။

သူက ကဗျာတွေဘာတွေ ဖတ်တယ်ပေါ့။

မြဝန်းရံ စာမျက်နှာတချို့ကို ခပ်ရွှန်းရွှန်း လှန်လှောကြည့်လိုက်သည်။ Funeral Blues တဲ့။



နိုးနိုးက တံခါးခေါက်လျက် ဦးကြီး ဟု အသံပြုသည်။ အထဲမှ ဘာသံမှ မကြားရ။ နောက်ထပ် ထပ်ခေါက်ပြီး ဦးကြီးဟု ခေါ်ပြန်သည်။ ဒီတစ်ခါ အသံက ပိုကျယ်၏။ ထိုအချိန်ကျမှ အထဲကနေ 'ဝူး' ဟု အသံပြန်ပေး၏။

'မနက်စာအဆင်သင့်ဖြစ်ပြီ'

ဦးကြီး နားလည်ပုံမလား။ နိုးနိုးက တံခါးကိုအကျယ်ကြီး ဆွဲဖွင့်လိုက်သည်။ အထဲတော့မဝင်။ အပြင်ဘက်ကပဲ လှမ်းချောင်းသည်။ အထဲကနေ အာ အာ ဟု အသံလှမ်းပြုသည်။ 'လာခဲ့လို့ ပြောတယ်' နိုးနိုးက အဓိပ္ပါယ်ကောက်လျက် အထဲသို့ ဝင်တော့ မြဝန်းရံပါ ဝင်သွားလိုက်သည်။ အထဲမှာက ဧည့်ခန်းတစ်ခု ရှိသေးပြီး ထိုဧည့်ခန်းမှာ ဦးကြီးက စားပွဲတေးမှာ ဒူးထောက် ထိုင်နေသည်။ စားပွဲပေါ်မှာ၊ ဘေးမှာ၊ ကြမ်းခင်းပေါ်မှာ စာရွက်တချို့ ပြန့်ကျဲလျက် ရှိသည်။

'အယ် ဦးကြီးက ပန်းချီဆွဲတတ်တယ်တော့်'

နိုးနိုးက စပ်စပ်စုစု အနားတိုးသွားပြီး ကြည့်၏။

ဟုတ်ပါရဲ့။ ဦးကြီးက ကြမ်းပြင်မှာထိုင်ကာ စက္ကူပေါ်၌ ရောင်စုံခဲတံဖြင့် အကျအနခြယ်သလျက် ရှိသည်။ ဆွဲနေသည့်ပုံက တော်တော် ပုံပေါ်နေပြီ။ ဦးကြီး၏လက်ရာက သေသပ်မှုတော့ မရှိပါ။ အရောင်တွေက အရုပ်ကောက်ကြောင်း၏အပြင်ဘက်သို့ စွန်းထွက်နေသည်။ သို့သော် ဒါဘာပုံလဲဆိုတာကို မသိလောက် အောင်လည်း လက်ရာမညံ့ပါ။

ကလေးကစားသည့် သစ်သားမြင်းရုပ်လေး၏ပုံ။

'အယ် မြင်းလေးပါလား'

နိုးနိုးကလည်း ပုံဖော်နိုင်၏။ မြဝန်းရံသည် ဦးကြီးဆွဲနေသည့် မြင်းရုပ်ကိုမြင်ရသည့်အခါ သူမဆီမှာ ရောက်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



မီးကျွမ်းနေသော မြင်းရုပ်ဖင်ပိုင်းလေးကို သတိရသွားသည်။ ရုတ်တရက် ခေါင်းပေါ်မှာ တစ်ခုခု ပိကျလာသလို လေးပင်သွား လိုက်တာ။ ရင်ထဲမှာလည်း မွန်းကြပ်ကာ အသက်ရှူမဝသလို ဖြစ် သွား၏။

'ဒါ ဘယ်သူ့မြင်းလဲ ဦးကြီး'

နိုးနိုးက မေးတော့ ဦးကြီးက မပီမသဖြင့် ပြောရင်း သူ့ကိုယ်သူ ပုတ်ပြသည်။ မြဝန်းရံ ဦးကြီးကို ငေးစိုက်ကြည့်တော့ ဦးကြီးကလည်း မြဝန်းရံအား လှမ်းကြည့်နေသည်။ သူ့မျက်ဝန်းမှာ မျက်ရည်တွေတော့ မရှိ။ သို့သော် မှိုင်းမှုန်ဝေသီနေခဲ့သည်။ သူမ ဦးကြီးဆီလျှောက်သွားရင်း သူ့ပခုံးကို အသာ ဖက်လိုက်သည်။ ဦးကြီးက သွားမယ်ဟု ပြောသည်။ သွားမယ်ဆိုသည့် စကားလုံး ဟုပဲ ထင်လိုက်ပါသည်။

'သွားရမှာပေါ့။ ဒီနေ့ ရွာပြန်မှာလေ ဦးကြီး။ ညနေကား နဲ့ ရွာကို ပြန်မှာမဟုတ်လား'

မြဝန်းရံ စမ်းတဝါးဝါး ပြောလိုက်တော့ ဦးကြီးက ခေါင်း ယမ်းပြီး တစ်ခုခုကို အားတက်သရော ပြောသည်။ ဘာပြောမှန်း မသိ။ မြဝန်းရံက နားမလည်တော့ ဦးကြီးက လက်ဟန် ခြေဟန်ဖြင့် သစ်ပင်တွေကို လက်ညှိုးထိုးပြသည်။ လက်နှစ်ဖက်ကို တဲသဖွယ် ယှက်မိုးပြသည်။ ပြီးတော့ ကြိုးဖြင့်တွယ်တက်ဟန် လုပ်ပြသည်။ သစ်တောနှင့် အိမ်ကလေးဆီကို သွားမှာ ဟု ယူဆလိုက်ရသည်။ ထို့နောက် သူ ဆွဲပြီးသား ပန်းချီစာရွက်တစ်ခုကို ကြမ်းပြင်ပေါ်မှ ကောက်ယူပြီး လက်ထဲ ထည့်ပေး၏။ ထိုပန်းချီကိုကြည့်ပြီး မြဝန်းရံ အံ့သြသွား၏။ ပန်းချီက မခက်ခဲပါ။ စာရွက်တစ်ခုလုံးအပြည့် ငှက်တွေချည်း ရေးထားသည်။ ကလေးတွေ ရေးနေကျ တစ်ကြောင်းဆွဲ အတောင်ပံဖြန့်နေသည့် ငှက်တွေ အများကြီး



အများကြီး။ တိမ်နီရောင် နောက်ခံ ကောင်းကင်မှာ ငှက်တွေကို တစ်ပြင်လုံးမဲနေအောင် ရေးဆွဲထား၏။ အဲဒီလို ငှက်ချည်းအပြည့် ရေးဆွဲသည့်ပုံမျိုး တစ်ခါမှ မတွေ့ဖူးပါ။ အတွေးဆန်းသည်ဟု ချီးကျူးမိသည်။ သို့သော် ဒီငှက်တွေက အမဲရောင်တွေချည်းမို့ ချောက်ချားစရာလိုလို။

ဦးကြီးက လက်ဖြင့် မြေကြီးကိုတူးသည့်အမူအရာ လုပ် ပြသည်။ သွားမယ်ဟုထင်ရသော စောစောကစကားကို ပြောသည်။ မနေ့ကလည်း သူတောထဲမှာ ဟိုဟိုဒီဒီလှည့်ပတ်သွားရင်း လျှောက် တူးဆွရာက မြင်းရုပ်အပိုင်းလေးကို ရလာတာ ဖြစ်မည်။ အခုလည်း သူ့ထပ်သွားပြီး တူးချင်သေးသည်။ သူ ဘာကို မျှော်လင့်ပြီး တူးချင် နေတာလဲ။

ဦးကြီး၏ငယ်စဉ်ကတည်းက ထူးဆန်းသော အကျင့် တစ်ခုမှာ မြင်မြင်သမျှကို တူးဆွကာ ရသည့်အတိုအစတွေကို ဘွားပြုံးအား လာလာပြခြင်း ဖြစ်သည်တဲ့။ အဲဒါ ဘာကြောင့် ဖြစ် လာတဲ့ အကျင့်လဲ။ အခုရော ဦးကြီး သစ်တောဆီကို နောက်ထပ် သွားတူးဖို့ ဘာကြောင့် စိတ်အားထက်သန်နေတာလဲ။

မြဝန်းရံသည် စိတ်ရှုပ်ထွေးစွာ မျက်စိကို တအား မှိတ်ပစ် လိုက်မိသည်။ အခြေအနေကတော့ မကောင်းပါ။

ထမင်းစားခန်းသို့ ဦးကြီးနှင့်အတူ ပြန်လာပြီး ထိုင်ကြ သည်အထိ ကိုပြေ မရောက်လာသေး။ မြဝန်းရံ ကော်ဖီသောက် နေစဉ် ဦးကြီးကို မသီရိက ဇွဲ့ဝတ်ပြုနေသည်။

'ဆရာမမြဝန်းရံအတွက်တဲ့ တယ်လီဖုန်း'

မိန်းကလေးတစ်ယောက် လာခေါ်တော့ သူမ ကြောင် သွားသည်။ ရန်ကုန်ကလူတွေ သူမ ဒီဖုန်းမှာရှိမှန်း ဘယ်သူမှ မသိ။ ပြောရမည်ဆိုလျှင် ဒီက တယ်လီဖုန်းကို မြဝန်းရံကိုယ်တိုင်ပင်

www.burmeseclassic.com

www.burmeseclassic.com



မသိ။ ထို့ကြောင့် အလွန် အံ့ဩသွားမိ၏။

'ဟုတ်ရဲ့လား။ ကျွန်မ မဟုတ်နိုင်ဘူးထင်တယ်'

'ဟုတ်ပါတယ်။ ဆရာမကိုပဲ မေးတာ။ ရွှေဟောင်းသုတေသနဆရာမ ဒေါ်မြဝန်းရံတဲ့'

'အို'

အံ့ဩလျက်ကပင် မိန်းကလေး၏နောက်မှ ခပ်သွက်သွက် လိုက်သွားသည်။ သင်တန်းခန်းမ၏ခေါင်းရင်းက ဧည့်ကြိုဌာနအဆောင်လေးထဲသို့ ဝင်လိုက်သည့်အချိန်တွင် အပြင်မှ ဝင်လာသော ကိုပြေ၏ကားကို မြင်လိုက်သည်။ ကိုပြေကို လက်ပဲ လှမ်းပြဖြစ်၏။

'ဟဲလို။ မြဝန်းရံပါရှင်'

'တူမကြီး ကျုပ်ပါ ဦးသန်းမောင်လေ။ မှတ်မိလား'

'အော် ဦး။ ဟုတ်ကဲ့ မှတ်မိတာပေါ့ဦးရယ်။ ပြောပါဦး'

ဦးသန်းမောင်ကို ယုန်မင်း၏တယ်လီဖုန်းနံပါတ်လည်း မပေးခဲ့မိ။ မိမိ၏လက်ကိုင်ဖုန်းနံပါတ်ကိုပဲ ပေးခဲ့တာပါ။ သို့သော် ဘယ်မှာတည်းလဲဟု မေးစဉ်က ယုန်မင်းမှာတည်းသည် ဟုတော့ ဖြေခဲ့မိသည် ထင်သည်။

အေးလေ၊ သူပြောသလိုပဲ ဒီမြို့ဟာ ကျဉ်းကျဉ်းလေးပါ။

'ငါ့တူမ မေးခဲ့တဲ့ ဖြစ်ရပ်ကို ဦးကြားဖူးတယ်လို့ မှတ်မိသွားပြီ'

မြဝန်းရံ မအံ့ဩပါ။ မနေ့ကတည်းက သူ မပြောဘဲထားတာ တစ်ခုတော့ ရှိမည်ဟု မထင်ကောင်းလို့သာပါ။

'ဟိုတစ်ချိန်တုန်းက တစ်ရွာလုံး မီးလောင်သွားတဲ့ အဖြစ်တစ်ခုတော့ တကယ်ရှိခဲ့တယ်။ ငါ့တူမပြောသလို မီးရှို့ခံ ရတယ်ဆိုတာတော့ မဟုတ်ဘူး'



'ဟုတ်ကဲ့ ဦး'

'အဲဒီအကြောင်းကိုသိတဲ့ ဒေါ်ကြီးတစ်ယောက်ကို ကျုပ်သိတယ်။ ငါ့တူမ တွေ့ချင်လား'

နှလုံးဆီမှ လှုပ်ခနဲ ခုန်သွားသည်။ သို့သော် မျှော်လင့်ချက်ဖြင့် တက်ကြွသွားတာတော့ မဟုတ်။ ကိုယ့်ကိုယ်ကို သိသည်။

သွားတွေ့ရမလား။ မတွေ့ရဘူးလား။

'ငါ့တူမ တွေ့ချင်တယ်ဆိုရင် ဦးကိုယ်တိုင် လိုက်ပို့ပေးမယ်။ သူက မြို့ပေါ်မှာ မဟုတ်ဘူး။ နှစ်မိုင်လောက်ဝေးတဲ့ ရွာလေးတစ်ခုမှာ'

တရားသူကြီးဟောင်း၏အသံက အခုတော့လည်း စိတ်အားထက်သန်နေသည်။ သူကိုယ်တိုင်လည်း လိုက်ပို့ပေးဦးမည်။

'ဦးရယ် ဦးဒုက္ခများပါတယ်။ မပို့ပေးပါနဲ့ ကျွန်မဟာ ကျွန်မပဲ သွားလိုက်ပါမယ်။ ဒီနေ့မဟုတ်လည်း မနက်ဖြန်ပေါ့။ ရွာနာမည်လေးသာ ပြောပါ'

'ဘယ်ဟုတ်မလဲ တူမရဲ့၊ ကျုပ်က ကူညီပြီဆိုရင် ဆုံးခန်းတိုင်အောင် ကူညီမယ့်လူဗျ။ နောက်ပြီး ငါ့တူမမေးတဲ့အချိန်မှာ ကျုပ်လည်း ရှိနေချင်တာပေါ့။ ဘယ့်နှယ်လဲ သွားကြမယ်။ ကျုပ်မောင်းစရာမလိုဘူး။ ကျုပ်မှာ ဒရိုင်ဘာရှိတယ်။ လုံးဝ အားမနာရဘူး ဘယ်တော့သွားကြမလဲ'

ကူညီမည့်သူက ဒီလောက်တက်ကြွနေတာကို ကိုယ်က အင်တင်တင်ဖြစ်နေလျှင် စော်ကားရာကျတော့မည်။

'ဟုတ်ကဲ့ဦး အဲဒါဆိုလည်း သွားလိုက်မယ်လေ'

'အေး အဲလိုမှပေါ့။ ကျုပ်တို့ နောက်တစ်နာရီမှာ ထွက်ရအောင်။ ငါ့တူမ ရှိတဲ့နေရာကို ဦးသိတယ်။ လာခေါ်မယ်။ အဆင်သင့်လုပ်ထား။ ငါ့တူမမှာ အသံသွင်းကက်ဆက်ပါရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



မပါရင် ကျုပ်ယူခဲ့ပေးမယ်'

'မပါဘူးရှင့်'

'စိတ်ချ ကျုပ်ယူခဲ့မယ်'

ပြန်ချလိုက်သော တယ်လီဖုန်းလေးကို ခပ်ကြောင်ကြောင် ငေးနေမိ၏။

တကယ်ပဲလား။ အဲဒီ ဖြစ်ရပ်ဟာ ကော်လဟာလတစ်ခု မဟုတ်ဘူးတဲ့လား။ ဒီနယ်မှာ မကြာသေးခင်ကာလက ဆိုးယုတ်ရက်စက်မှုတစ်ခု တကယ်ရှိနေခဲ့တာပေါ့။

မြဝန်းရံ၏နှလုံးရှိရာ ဘယ်ဘက်ရင်ညွှန့်ဆီက စူးစူးနင့်နင့် လေးပင်စွာ အောင့်လာသည်။

'ဘယ်သူ့ဆီကလဲ ညီမ'

နောက်က ရုတ်တရက်ကြားလိုက်ရသော ပြည်မိုးငြိမ်း၏ အသံကြောင့် ဆတ်ခနဲ တုန်သွားသည်။

လှည့်ကြည့်လိုက်တော့ မိမိကို စိုးရိမ်ပူပန်စွာ ကြည့်နေသည့်မျက်ဝန်းများကို ရင်ဆိုင်လိုက်ရသည်။

'အော် ဟို အရေးမကြီးပါဘူး ကိုပြေရယ်'

'ညီမအိမ်က မဟုတ်ဘူးနော်'

'မဟုတ်ဘူး'

သူ တစ်ပိုင်းတစ်စတော့ ကြားခဲ့ပုံပေါ်သည်။ သူများ ဖုန်းပြောနေတာကို အလိုက်မသိနားထောင်ရသလားဟု ဒေါသထွက်စရာဖြစ်သော်လည်း ထူးဆန်းစွာပင် စိတ်မဆိုးမိ။ သူ့ မျက်ဝန်းထဲမှာ မိမိမြင်နေရသော စိုးရိမ်စိတ်ကြောင့် ဖြစ်မှာပါ။

သူ့ကို အထိုက်အလျောက်တော့ ပြောမှ ဖြစ်မလား။ ဟင့်အင်း သူ လုံးဝ သိလို့မဖြစ်ဘူး။ ဒါပေမဲ့ ဦးသန်းမောင်လာခေါ်တဲ့အချိန်ကျရင်လည်း ဘယ်သူဆိုတာ သူ သိမှာပဲ။ သူမသိ



အောင် ဒီကနေ ထွက်သွားဖို့ မဖြစ်နိုင်လောက်ဘူး။ ပြောသင့်လား မပြောသင့်ဘူးလား။ စဉ်းစားဆုံးဖြတ်လို့မရသေး။

'ညီမ ကျွန်တော့်အပေါ် အမြင် မကြည်လင်ဘူးဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ကျွန်တော်က ညီမရဲ့ ကိုယ် စိတ်နှစ်ပါး ချမ်းသာဖို့အတွက် အမြဲ အလေးထား ဂရုစိုက်နေတယ်ဆိုတာတော့ ယုံပါ'

'ကျွန်မ ယုံပါတယ်'

အရင်စလို ဖြေလိုက်မိသည့်အတွက် သူမ မရှက်ပါ။

'မနေ့ကလိုပဲ ညီမဘယ်ပဲသွားချင်သွားချင် ကျွန်တော် လိုက်ပို့ပေးနိုင်ပါတယ်။ ညီမ ဘာကို ရှာတွေ့မလဲလို့ တထိတ်ထိတ်ဖြစ်နေရတဲ့စိတ်ကတစ်ပိုင်း ညီမစိတ်ချမ်းသာအောင် ဆောင်ရွက်ပေးချင်တဲ့စိတ်က တစ်ပိုင်းပါ'

တည်ကြည်သော သူ့အသံက အနည်းငယ်တောင် လှုပ်ခတ်နေသလိုပဲ။ မြဝန်းရံ သူ့ကို ငေးနေမိသည်။ ရှင် ရှုံးဖို့ နီးစပ်နေပြီဆိုတာ ရှင် မသိဘူးနော်။

'ကိုပြေ အစောကြီး ဘယ်က ပြန်လာတာလဲ'

သူမ စကားလွှဲဖို့ ကြိုးစားသည်။ သူ တစ်ချက်ပြုံးလိုက်သည်။ စကားလွှဲမှန်းသိသိကြီးနှင့် အလေးအနက် အဖြေပေး၏။

'ဆေးရုံတင်ထားတဲ့ ကျွန်တော့် တောစောင့်ကြီးဆီ သွားပြီး အားပေးစကားပြောရတယ်။ သူ့အခြေအနေက သိပ်မကောင်းဘူး။ အသဲက တော်တော် ပျက်စီးနေပြီ။ နောက်ဆုံးအချိန် ရောက်နေပြီ။ သူ သက်သက်သာသာဖြစ်ဖို့ အတတ်နိုင်ဆုံး ကုသပေးဖို့ ကျွန်တော် ဆရာဝန်တွေနဲ့ ဆွေးနွေးခဲ့ပါတယ်'

သူက မြဝန်းရံ အဖြေမပေးတော့ဘူးဟု စိတ်လျှော့လိုက်ပုံနှင့် စကား ထပ်မပြောတော့ဘဲ ပြန်လှည့်ထွက်သည်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ခိုးကြည့်လိုက်တော့ ခပ်မှုန်မှုန် ဖြစ်နေ၏။ မြဝန်းရံ နောက်ကနေ သူ့ကို လှမ်းဖြေပေးလိုက်သည်။

'စောစောက ဖုန်းဆက်တာ ဦးသန်းမောင်ပါ'

'အော်'

သူ့မျက်နှာ နည်းနည်းတော့ ပြေလျော့သွား၏။ သူနှင့် အတူယှဉ်ပြီး ထမင်းစားဆောင်ဖက်ဆီသွားဖို့ ရှေ့မှ ကြိုပြီး လျှောက်လာခဲ့သည်။ လေးငါးလှမ်း လှမ်းပြီးသောအခါ သူက ပုံမှန် အသံဖြင့် ပြောလာသည်။

'ဦးသန်းမောင်က မြူရိုကရက်စိတ်ရှိပေမဲ့ တကယ့် လူကောင်းပါ။ သူက ဘယ်ကို လိုက်ပို့ပေးမှာတဲ့လဲ။ အင်းလေ ဖြေချင်မှ ဖြေပါ။ ကျွန်တော် မသိစေချင်ဘူးမဟုတ်လား ဆောရီး'

သူ ခပ်သာသာ ရယ်မောသည်။ သူ့ရယ်မောသံတွင် နာကျင်သံအနည်းငယ် စွက်နေသလိုပဲ။

အဲဒါကမှ တကယ့်ပြဿနာ။ မဖြေရင်လည်း သူ စိတ်မကောင်းဖြစ်မည်။ ဖြေလျှင်လည်း သူ သိတော့မည်။ သူသာမဟုတ်။ နှစ်ယောက်လုံးအတွက် မလိုလားအပ်သည့်နောက်ဆက်တွဲတွေ ဖြစ်ရတော့မည်။ လေထဲမှာ လွင့်ပျံ့လာသည့် ပန်းရနံ့တစ်ခုကို သက်ပြင်းရှိုက် ရှူလိုက်ရင်း ဖြေလိုက်ပါသည်။

'အော် ကျွန်မပြောခဲ့ဖူးတဲ့ အုတ်နဲ့ရွာ လူသတ်မှုကို ကိုပြေ မှတ်မိလား'

'အင်း'

'အဲဒီလူသတ်မှုရဲ့တရားခံကို သွားကြည့်မှာမို့ ကျွန်မ စိတ်ဝင်စားမှန်းသိလို့ ခေါ်တာပါ။ သူ လာခေါ်မယ်'

သူ မြဝန်းရံကို ငေးစိုက်ကြည့်နေသည်။

'စိတ်ချပါ ကိုပြေ။ ဘာအန္တရာယ်မှ မရှိနိုင်ဘူး'



'အဲဒီလူသတ်တရားခံက ဘယ်မှာတဲ့လဲ'

'ရဲစခန်းမှာပေါ့။ မနေ့ကတည်းက ရောက်နေပြီလေ'

သူ မျက်တောင်မခပ်ဘဲ မြဝန်းရံအား စိုက်ကြည့်နေဆဲ။ မြဝန်းရံ သူ့မျက်လုံးတွေဆီမှ လွဲကာ မျက်စိတည့်တည့်ဖြစ်သော သူ့ရင်ဘတ်က အင်္ကျီအိတ်ကိုသာ ကြည့်နေသည်။ အင်္ကျီအိတ်ထဲမှာ ဘောလ်ပင်တစ်ချောင်း။ စာရွက်ခေါက်တချို့။ ငွေစက္ကူတချို့။ ကားသော့လို လေးလေးပင်ပင်တစ်ခုက အောက်ခြေ တွင် အိကျနေသည်။

'မြဝန်းရံ'

'ရှင်'

သူ့အသံက ခြောက်ခြောက်သွေ့သွေ့။

'တရားသူကြီးကပဲ ညီမကို လိမ်တာလား။ ညီမကပဲ ကျွန်တော့်ကို လိမ်တာလား။ တစ်ယောက်ယောက်ကတော့ လိမ်နေပြီပဲ'

မြဝန်းရံ မျက်နှာ နွေးခနဲပူကာ သူ့ကို ခပ်ဆဆ မော့ ကြည့်လိုက်မိသည်။

'အဲဒီ အုတ်နဲ့လူသတ်တရားခံက ရဲစခန်းကို မရောက်ခင် ထနောင်းကုန်းမှာပဲ ထွက်ပြေးသွားတယ်လေညီမ။ မနေ့ ကတည်းကပဲ'

'အို'

မြဝန်းရံ သူ့မျက်ဝန်းတွေကို ရင်မဆိုင်ဝံ့ပါ။ ချက်ချင်း ပင် မျက်နှာလွှဲပစ်လိုက်မိ၏။

'ညီမမသိဘူးမဟုတ်လား။ ကျွန်တော်တို့ ဦးကြီးကို အစ တပြင်းလိုက်ရှာနေတဲ့အချိန်မှာ ဒီသတင်းကို ကျွန်တော်သိနေပြီ'

မြဝန်းရံ လှမ်းနေသော ခြေလှမ်းတွေ ညှတ်ခွေလာ၏။

www.burmeseclassic.com

www.burmeseclassic.com



တခြားအကြောင်းတစ်ခုခု ဘာလို့ မပေးလိုက်မိပါလိမ့်။

သူတို့နှစ်ယောက်ကြားမှာ ဆက်ပြောစရာစကား မရှိတော့ဘူးဟု ထင်ရသည်။ မတ်တတ်ရပ်နေရင်း နှစ်ယောက်လုံး တိတ်ဆိတ်သွားကြသည်။ ခဏကြာတော့မှ ပြည်မိုးငြိမ်းက တစ်ခွန်း ပြောသည်။

'ညီမ သတိဝီရိယနဲ့ နေပါ။ အပြန်ကိုလည်း ဒီဥယျာဉ်ထဲ ထိရောက်အောင် လိုက်ပို့ခိုင်းပါ'

သူ့အသံက တိုးတိုးလေး။

ဘယ်သူလိမ်သလဲဆိုတာ သူ သိသွားပြီပေါ့။

ထို့နောက် သူ မြဝန်းရံအနားကနေ ထွက်ခွာသွားတော့သည်။

'ကောင်းကင်မှာ ပြန့်ကျဲနေတဲ့ ငှက်တွေ ငှက်တွေ။ ဒီလောက်များတဲ့ ငှက်တွေကို တစ်ခါမှ မမြင်ဖူးပေါင်။ အကောင်လေးငါးဆယ် က လောက်ဘူး။ အိပ်တန်းတက်တဲ့ငှက်တွေ နေရာလုပြီး ဆူညံပွက်နေတာ မြင်ဖူးပေါ့။ ဒီလောက်တော့ အောတိုက်မနေဘူး။ ဘယ်လောက်များ များတယ် မများတယ်၊ နေဝင်ခါစ တိမ်တောက်နေတဲ့ ကောင်းကင်တစ်ခုလုံးတောင် ငှက်အုပ်နဲ့ ဖုံးပြီး မှောင်မဲသွားတာပဲ'

ပိန်လှီသောအဘွားအို၏တုန်ချိချိစကားတို့ကို ကြားလိုက်ရသည့်အခါ မြဝန်းရံတစ်ကိုယ်လုံး ကြက်သီးတွေ ဖျန်းခနဲ ထသွားသည်။

ငှက်တွေ၊ ကောင်းကင်မှာ ပြန့်ကျဲနေတဲ့ ငှက်တွေ။ ဘုရား ဘုရား။

'ဒါမျိုး တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မကြုံဖူးဘူး။ ကျုပ်ကြောက်လိုက်တာ။ မပြောပါနဲ့တော့။ ခေါင်းပေါ်မှာ မောင်းထောင်းလာတဲ့ ငစိန်ဆန်လေးတစ်ခွက်ကို ရှက်ထားတော့ မှောက်ကျမှာ

www.burmeseclassic.com

www.burmeseclassic.com



လည်းကြောက်။ အိမ်ကိုလည်း အမြန်ရောက်ချင်။ အပြေးပြန်ချလာတော့ အမေကပြောတယ်။ မိပိုး အဲဒါ အတိတ်နမိတ်မကောင်းဘူး။ အိမ်ထဲမှာပဲနေ တဲ့'

ငှက်တွေအများကြီး ကောင်းကင်မှာ ပျံနေကြတာတဲ့။ တိုက်ဆိုင်လွန်းလှချည်လား။ အဘွား ဘာတွေဆက်ပြောမလဲ ဟု မသိနိုင်သော်လည်း မြဝန်းရံကတော့ စိတ်ထဲမှာ လေးပင်လာပြန်သည်။

အဘွားအိုသည် အသက်၇၀နှင့်ရှစ်ဆယ်ကြားမှာ ရှိနိုင်သည်။ အဆုပ်ရောဂါသည်ဖြစ်ရသည့်အထဲ ပေါင်ရိုး ကျိုးသွားလို့ အိပ်ရာထဲမှ မထနိုင်သည့်ဝေဒနာရှင် ဖြစ်ရပြန်၏။ ကွပ်ပျစ်ပေါ်မှာပင်ဖင်တရွတ်ဆွဲပြီးနေရာရွှေ့လို့ရသည်။ သားသမီးလေးယောက်ရှိသည့်တိုင် အဘွားကို မပြုစုနိုင်ကြ။ သူတို့အိမ်ထောင်နှင့် သူတို့မှာ အနိုင်နိုင်။ အဘွားအိုကို အိမ်ခေါင်းရင်းက တဲလေးမှာ သီးသန့်ထားသည်။ အိမ်မကြီးက လှေကားနှင့်တက်ရတာမို့ အတက်အဆင်းခက်လို့ဟု ဆိုပါသည်။ မနက်တစ်ကြိမ် ညတစ်ကြိမ် ထမင်းလာကျွေးကြသည်။ ခိုင်းစရာရှိလျှင် မြေးတွေကို အော်ခေါ်ရသည်။ မြေးတွေကလည်း အဘွား အနားမကပ်ချင်။ နံလို့ ဟု ပြောသည်။ အဘွားအခန်းလေးကလည်း ချေးနံ့သေးနံ့ဖြင့် နံစော်နေတာ အမှန်ပါပဲ။

တကယ်တော့အဘွားသည် စကားတွေကို ရှေ့နောက်စီကာစဉ်ကာ မပြောနိုင်တော့ပြီ။ ပြောပြီးသား စကားကိုပဲ ထပ်ခါထပ်ခါ ပြောချင် ပြောနေတတ်သည်။

ဦးသန်းမောင် ယူလာသော ကက်ဆက်ကို မြဝန်းရံ မသုံးတော့ဘူးဟု ဆုံးဖြတ်လိုက်သည်မှာ အဘွား၏အခြေအနေကို ကရုဏာသက်စွာ မြင်လိုက်မိပြီးကတည်းက ဖြစ်ပါသည်။



'မိပိုးဆိုတာ အဘွားလား'

'ကျုပ်အဘွားက ဒေါ်သုန်တဲ့'

'မဟုတ်ဘူးလေ မိပိုးဆိုတာ ဘယ်သူလဲ'

'ဘယ်သူလဲ ကျုပ်မသိပါဘူး'

အခုအဘွား၏နာမည်ကို ဒေါ်ချုံဟု သိထားသော မြဝန်းရံနှင့် ဦးသန်းမောင်မှာ ငိုရမလိုရယ်ရမလို တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

'အမေ့ငယ်နာမည်က မပိုးဝါတဲ့'

ရေထမ်းရောင်းပြီး အသက်မွေးဝမ်းကျောင်းသည့်သားက ဆေးပေါ့လိပ်တိုအံ့မှာခဲရင်း ဝင်ဖြေရှင်းပေး၏။ အဘွားသားကတောင် ဆံပင်တွေဖြူနေပြီ။ မုတ်ဆိတ် ထိုးထိုးထောင်ထောင်ကလည်း ဖြူတစ်ဝက်နက်တစ်ဝက်ဖြစ်နေပြီ။ ကွမ်းစားထားသည့်သွားတွေက မဲညစ်ညစ်၊ နှုတ်ခမ်းတွေက ကွမ်းသွေးရောင် နီနေသည်။

အဘွားကို စိတ်ရှည်လက်ရှည် စကားထောက်လိုက်၊ ဆက်လာမည့်စကားကို စောင့်လိုက်၊ ရှေ့နောက်မညီသော စကားတွေကို နားထောင်လိုက်၊ လိုတာကိုလည်း ကိုယ့်ဟာကိုယ် မဖြည့်ရဲ၊ ပိုတယ်ထင်တာကိုလည်း မဖြုတ်ရဲနှင့် မသေချာမရေရာသော အတိတ်ဖြစ်စဉ်ကို စမ်းတဝါးဝါး ပုံဖော်ကြည့်နေကြရသည်။

'ငှက်တွေကိုမြင်ပြီးတော့ အဘွားဘာဖြစ်သေးလဲ'

'အိမ်ပြန်တာပေါ့'

'အိမ်ပြန်ပြီးတော့ရော'

'အိမ်ပြန်ရောက်တော့ ဖွတ်လာတဲ့ဆန်ထုပ်လေး ကပျာကသီချပြီး ထမင်းချက်တာပေါ့'

'မဟုတ်ဘူးလေ။ အတိတ်နမိတ်မကောင်းဘူးဆို။ အဲဒီအတိတ်နမိတ်မကောင်းတာက ဘာဖြစ်သေးလဲလို့'

www.burmeseclassic.com

www.burmeseclassic.com



စကားထောက်ပေးတော့မှ အဘွားက ဟိုးအတိတ်ဆီသို့ မှန်းဆသလို ငြိမ်သွားသည်။ အဘွားမျက်ခုံးမွေးတွေက ဖြူနေပြီ။ ကျဲနေပြီ။ မျက်တောင်ဆို မရှိသလောက်ပဲ။ ထို့ကြောင့် အဘွား၏ မျက်လုံးတို့သည် ကြောင်စီစီဖြစ်နေသည်။

'နမိတ်မကောင်းတာက ရွာပျက်တာပေါ့'

'အဘွားရဲ့ရွာလား'

'မဟုတ်ဘူးအေ့။ ဟိုဘက်ရွာ ပိန်းတောလေ'

ဦးသန်းမောင်၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ ထိုရွာနာမည်ကို ဦးသန်းမောင် မသိ။

'ပိန်းတော ဘယ်လိုပျက်သွားလဲဟင်'

'မီးလောင်သွားတာ'

'အော်'

'ကျုပ်က မနက်လင်းအားကြီးဆို အမေဆွမ်းထချက်တာကို ကူရတယ်မဟုတ်လား။ မနက်ငှနာရီလောက်ကို အပြင်ထွက်ပြီး ဆန်ဆေးတာ။ အဲဒီအချိန်မှာ မြင်ရတာ ကောင်းကင်မှာ ကြယ်တံခွန်လား အရုဏ်တက်တာလား။ မသဲကွဲဘူး။ ဒါပေမဲ့ အရုဏ်တက်ရင် အရှေ့ဘက်က တက်ရမှာ အနောက်ဘက်က ဘာဖြစ်လို့တက်ရမှာလဲ။ နောက်တော့မှသစ်ပင်တန်းအပေါ်ကနေ မီးတောက်ကို မြင်ရတာ။ ဝေးသလားနီးသလား မသိဘူး။ မီးတွေတော့လောင်နေပြီ။ ကျုပ်တို့ရွာကနေ မြင်နေရတယ်။ ကျုပ်တို့ရွာက မီးတစ်ခါမှ မလောင်ဖူးဘူး။ မီးလန့်ရင်လည်း လူက ညီတယ်။ အိမ်တိုင်းမှာလည်း မီးချိတ်တို့ မီးကပ်တို့ အသင့် ရှိတယ်။ သူကြီးကလည်း ဆိုးတာကိုး။ ဒဏ်ငွေမှ နည်းပေါင်ဘူး တပ်တာ။ ဒါပေမဲ့ ဆိုးတယ်ဆိုတဲ့ သူကြီးမမာတော့ ရွာက ဆန်ပြုတ်ပြုတ်ပေးတဲ့လူနဲ့ တပင်ရွှေထီးရွက်ကို သုံးခွက်တစ်ခွက် ကြိုပြီး ပို့ပေးတဲ့လူနဲ့'



အဘွား၏စကားတွေက ဦးတည်ရာ ပြောင်းသွားပြန်သည်။ ဒီတစ်ခါတော့ မြဝန်းရံက အဘွား၏သောင်စဉ်ရေမရ စကားတို့ကို နားထောင်ကောင်းကောင်းနှင့် ပြုံးလျက် ငေးနေမိတာမို့ ဦးသန်းမောင်က စကားပြန်ထောက်ပေး၏။

'အဘွား ပိန်းတောမှာမီးလောင်တဲ့အကြောင်း ဆက်ပြောပါဦး။ အဘွားတို့ အဲဒီကို သွားကြသေးလား'

'ကျုပ်တို့ကတော့ ကလေးကိုး။ ညတွင်းချင်း မသွားဘူး။ အဖေတို့ဦးလေးတို့က ပိန်းတောကို ပြေးကြတာပေါ့။ ရွာသားတွေ ကူညီဖို့ သွားတာ မနည်းပါဘူး။ ပိန်းတောနဲ့ ကျုပ်တို့က မကင်းဘူးလေ။ မိုးလင်းတော့မှ ကျုပ်တို့သူငယ်ချင်းနှစ်ယောက် ပိန်းတောကို သွားကြည့်ကြတယ်။ ရွာကို မတွေ့ရတော့ဘူး။ မီးလောင်ပြင်ကိုပဲ တွေ့ရတော့တယ်'

သူငယ်ချင်းဆိုသော စကားလုံးကို အခုမှ ပြောတာ ဖြစ်သည်။ ဦးသန်းမောင်လည်း မူလက အဘွားတစ်ယောက်တည်း ကြုံတာဟု ထင်ခဲ့၏။ အခုတော့ မီးလောင်ပြင်ကို မြင်ခဲ့သည့် မျက်မြင်သက်သေ နှစ်ယောက်ရှိခဲ့ပြီပေါ့။

'မီးလောင်ထားတာမှ ရုပ်ပျက်ဆင်းပျက်တော်။ စပါးကျီတွေလည်းကုန်၊ နွားတွေ ကျွဲတွေလည်း မီးထဲပါလိုပါ။ အိမ်တွေလည်း တစ်အိမ်လုံး ကျွမ်းတာက များပါတယ်။ အိမ်ကြီးတွေတော့ တိုင်လုံးတချို့ကျန်တာပေါ့။ ထရံကာ သက်ကယ်မိုးတွေကတော့ မီးသွေးခဲနဲ့ ပြာတွေကို ဖြစ်ကရော။ တစ်ရွာလုံးပါပဲ ရွာလုံးကျွတ်ကို မီးလောင်သွားတာ'

'အဘွား၊ လူတွေရော'

'ဟေ'

'အဲဒီရွာက လူတွေနေတာ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'အေးလေ မီးလောင်ပါတယ်ဆိုမှ လူတွေ ဘယ်ရှိတော့မလဲ ပြေးနိုင်တဲ့လူတွေက ပြေးပြီပေါ့'

'မဟုတ်သေးပါဘူး။ အရီးငွေကို ပြောပြခဲ့တုန်းက လူတွေပါ သေကုန်တာဆို အမေရဲ့'

'ဟင် သေကုန်ရောလား'

'ဟောဗျား'

ထို့နောက် အဘွား ချောင်းတဟွတ်ဟွတ်ဆိုးလေသည်။ မြဝန်းရုံသည် မီမိဝယ်လာခဲ့သောနို့ကွေကာအုတ်ထုပ်လေးကို ဘေးသို့ ဖယ်ပေးလိုက်ပြီး အနားမှာရှိသည့် ကြွေရည်သုတ် သောက်ရေခွက်လေးကို ကောက်ကိုင်လိုက်သည်။ ရေခွက်ထဲမှာ ရေမရှိ။ ထို့ကြောင့် အခန်းထဲမှာ ရေအိုးစင် လိုက်ရှာသည်။ မတွေ့ပါ။ အဘွားသားက ရေခွက်ကို လှမ်းယူကာ အပြင်ထွက်သွား၏။ ခဏကြာတော့ ရေပါလာသည်။ ထိုအချိန်မှာ အဘွားက ချောင်းဆိုးရပ်သွားပြီ။ အဘွားကို ရေတိုက်လိုက်ရ၏။

'ဦး၊ ကျွန်မတို့ အဘွားကို ဒုက္ခပေးမိသလို ဖြစ်နေပြီ ထင်တယ်။ အဘွားက နေလည်းကောင်းတာမဟုတ်ဘူး ပြန်မှလားမသိဘူးနော်'

ထိုစကားကြောင့် အဘွားက လက်ကာပြသည်။

'ငါ နေကောင်းပါ့တော်။ စကားပြောရရင် နေကောင်းနေတာ။ သိချင်တာသာမေး'

'အဘွား ပြေးနိုင်တဲ့လူတွေက ပြေးတော့ မပြေးနိုင်တဲ့လူတွေကရော' ဦးသန်းမောင်က စကားထောက်သည်။

'မီးထဲပါတာပေါ့'

'အဘွား မှတ်မိလား။ ပြောပါဦး မီးထဲပါပြီးသေတဲ့လူတွေအကြောင်း'



'နေဦး'

အဘွား မျက်မှောင်ကို ကျုံ့လျက် အာရုံစိုက်လျက် စဉ်းစားနေ၏။

'နှစ်ယောက်၊ သုံးယောက်။ ကလေးမအေက ကလေးလေးကို ပွေ့ပြီး မီးလောင်သေနေတယ်။ တစ်ယောက်က အိမ်ထဲမှာ ကွေးကွေးလေး သေနေတယ်။ အဘွားကြီး။ အဘွားကြီးလား အဘိုးကြီးလား မမှတ်မိတော့ပါဘူး'

ထို့နောက် အဘွားသည် ပြောစရာစကား ကုန်သွားသလို ငြိမ်သက်သွားတော့သည်။ နားထောင်နေသူသုံးယောက်လုံး တော်တော်နှင့် စကားမပြောနိုင်ကြ။ မြဝန်းရုံကတော့ ဖြစ်နိုင်ခြေတွေကို စဉ်းစားနေခဲ့သည်။ ဖြစ်နိုင်ခြေ နှစ်ခုမက သုံးခုမက အများကြီး။ သို့သော် အမင်္ဂလာတွေချည်း ဖြစ်သည်။

'အဲဒီရွာလုံးကျွတ်မီးလောင်သွားတဲ့နေရာကို မီးငြိမ်းတော့ ရွာသားတွေ ပြန်မလာကြဘူးလား။ ကိုယ့်အိမ်ကိုယ် လာမကြည့်ကြ ဘူးလား'

နောက်ဆုံးမှာ ဦးသန်းမောင်က မေးသည်။

ထိုမေးခွန်းကို အဘွားက တွေဝေစွာ စဉ်းစားနေ၏။ အဘွားမဖြေနိုင်ပါ။ တော်တော်ကြာမှ သူတို့တွေက သေကုန်ပြီ ဟု ပြောသည်။

'မီးလောင်ပြီး သေတာလား'

'မီးလောင်တဲ့နေရာမှာ သေတာ မဟုတ်ဘူး။ တခြားမှာ သေတာလို့ ပြောတယ်'

'ဟုတ်ရဲ့လား အဘွားရယ်'

'ဟုတ်တယ်။ သတ်ခံရတာတဲ့'

www.burmeseclassic.com

www.burmeseclassic.com



မြဝန်းရံ ဦးခေါင်းဆီတွင် မီးအပူဟပ်သလို ပူလောင်သွားသည်။ လက်ဖျားခြေဖျားတွေက အေးစက်ကာ အာခေါင် တွေခြောက်သွေ့လာ၏။

'အဘွား အဲဒါ ဘယ်သူက ပြောတာလဲ'

ဦးသန်းမောင်က မေးသည်။

'ဒီလိုပဲ ရွာထဲမှာ ပြောနေကြတာ။ တချို့ရွာကဆို အဲဒီညက သေနတ်သံတွေတောင် ကြားသတဲ့။ ငှက်တွေလေ ငှက်တွေ နမိတ်မကောင်းဘူးဆိုတာ အဲဒါပေါ့'

မြဝန်းရံ ဆက်နားမထောင်နိုင်တော့ပါ။ တရိပ်ရိပ်နှင့် မူးဝေလာသည်။ ဟန်မပျက် လူကဆက်ထိုင်နေသော်လည်း အဘွား၏ရုပ်သွင်က ဝေဝါးလာသည်။ ကျွန်မတို့ တော်သင့်ပြီထင်တယ် ဦးရယ်။ ပြောချင်ပေမဲ့ စကားပြောဖို့ကိုပင် အားအင် မရှိတော့ပြီ။

'အဘွား အဘွားကို ဒါတွေ လာမေးမိတာ ကျွန်မကို ခွင့်လွှတ်ပါ'

မပြန်ခင် အဘွားကို မြဝန်းရံ ကန်တော့လိုက်ပါသည်။

'အဘွား ဒီအဖြစ်တွေကို သတိရအောင်လည်း မကြိုးစားပါနဲ့။ တွေးလည်း မတွေးပါနဲ့တော့။ ဥပါဒါန်အစွဲတွေ ကင်းအောင်သာနေပါနော်၊ အဘွားစိတ်သက်သာဖို့ အရေးကြီးတယ်'

ကားပေါ်ပြန်ရောက်တော့ ဦးသန်းမောင်က မြဝန်းရံအား ဘယ့်နှယ်လဲ ဒီဇာတ်လမ်းက ငါ့တူမအတွက် အထောက်အကူရလား ဟု မေးသည်။

'စဉ်းစားစရာတော့ ရတာပေါ့ ဦး။ ဒါပေမဲ့ အဘွားရဲ့ စကားကို ကျွန်မ အတည်ယူလို့တော့မရဘူး'

ဦးသန်းမောင်ကို မြဝန်းရံ အလွန်အားနာပါသည်။ သို့သော် အဲဒီလို ပြောလိုက်တာက အကောင်းဆုံးဟု ယူဆမိ၏။



'သိပ်မခိုင်လုံဘူးလေ။ မမှတ်မိတာတွေရယ်၊ ရောထွေးနေ တာတွေရယ်၊ သူ့ဟာသူ ထင်ကြေးနဲ့ ထပ်ဖြည့်ထားတာတွေလည်းပါလိမ့်မယ်'

'အင်း စဉ်းစားစရာပဲ'

'ဟုတ်ကဲ့။ အဲဒီလောက် စဉ်းစားစရာရတာကိုကပဲ တော်တော် အဖိုးတန်နေပါပြီ။ ဦးရဲ့ကျေးဇူးကို မမေ့ပါဘူး'

ထို့နောက် ပြည်မိုးငြိမ်းပြောခဲ့သည့် အုတ်နှဲလူသတ်မှု အကြောင်းကို မေးလိုက်မိသည်။

'ဦး အုတ်နှဲကကလေးလေးသတ်မှုမှာ တရားခံကို မိတယ်ဆိုပြီး အခုတော့ လွတ်သွားပြန်ပြီဆို'

'အေးဗျ။ တစ်ရွာနဲ့တစ်ရွာအကူးမှာ လွတ်သွားတာ။ ရဲကိုခံချပြီး ပြေးတာဗျား။ အခုတော့ မြို့နယ်တစ်ခုလုံး တပ်ဖွဲ့တွေ အင်အားထပ်ဖြည့်ပြီး ပိုက်စိတ်တိုက် လိုက်ရှာနေကြပါတယ်။ မပူပါနဲ့ တူမရယ်။ မိမှာပါ'

'အဲဒီလောက် ရက်စက်တဲ့လူလည်း ရှိသေးတယ်နော် ဦး။ ဦးဘယ်လိုထင်လဲ'

'ကျုပ်ထင်တာတော့ ဒီလိုတရားခံမျိုးဟာ စိတ်ပုံမှန်မဟုတ်တတ်ဘူး။ ကြောင်စီစီကောင်တွေ။ စိတ်မမှန်တာကလည်း ငယ်စဉ်ဘဝက သူတို့ကြုံခဲ့ရတဲ့ ကြောက်စရာအဖြစ်ဆိုးတွေ၊ ကိုယ်ဒဏ်ရာ စိတ်ဒဏ်ရာတွေနဲ့ ပတ်သက်နေတတ်တယ်။ ငါ့တူမ စာတမ်းရေးရင် အဲဒီအကြောင်းပါ ထည့်ရေးရင် ကောင်းမယ်။ လူတစ်ယောက် လူဆိုးဖြစ်လာတာ အခြေအနေတွေက တွန်းပို့လို့လား။ မွေးရာပါလား။ ဒီနှစ်ခု ဘယ်အချက်က ပိုပြီး ချိန်ခွင်လျှာ အလေးသာသလဲ'

www.burmeseclassic.com

www.burmeseclassic.com



ပန်းမြိုင်လယ်သို့ ရောက်သည့်အခါ ကိုပြေကို အရင်ဆုံးရှာမိသည်။ မတွေ့ရ။ ကိုပြေကို မတွေ့တော့ ဦးကြီး ဦးကောက်ရေကို လိုက်ရှာမိပြန်သည်။ ဦးကြီးကိုလည်း မတွေ့။ ထမင်းစားခန်းနားမှာ ရှိမလားဟု လိုက်ရှာသည်။ အနီးအနားမှာ မရှိပေ။ မတတ်နိုင်တော့ မသီရိအခန်းသို့ သွားမေးကြည့်သည်။ မသီရိအခန်းကပိတ်လို့။ သင်တန်းခန်းမမှာပဲ ရှိမည်။ ကလေးတွေ၏အခန်းကတော့ ပွင့်ဟနေ၏။ မြဝန်းရံ တံခါးခေါက်ပြီး ဝင်သွားလိုက်သည်။ ခုတင်ပေါ်မှာ ဖိုးသားတစ်ယောက်တည်း အရုပ်ဆက်တမ်း ကစားနေ၏။ နိုးနိုးကို မတွေ့။

'သားသား မမရော၊ တံခါး ဘာလို့ ပိတ်မထားတာလဲ'

မြဝန်းရံ စိတ်ပူပြီး ဆူလိုက်မိသည်။

'မမ အပြင်မှာ စာအုပ်ဖတ်နေတယ်လေ'

'မတွေ့ခဲ့ပါဘူး'

သူမ အပြင်သို့ ပြန်ထွက်ပြီး ကြည့်လိုက်သည်။ မတွေ့။

'သား မမထွက်သွားတာ ကြာပြီလား'

'မကြာသေးပါဘူး။ သားသား အခုထိ အရုပ်ဆက်လို့မပြီးသေးဘူး'

'ဒီကလေးတွေကလည်း လူကြီးတွေ မရှိရင် တံခါးကို အတွင်းကနေ ချက်ထိုးထားရမယ်။ ဟိုတစ်ယောက်ကလည်း မောင်လေးကို တစ်ယောက်တည်းထားပြီး ဘယ်ထွက်သွားမှန်း မသိဘူး'

ဖိုးသား၏အာရုံက အရုပ်ဆီမှာပဲ ရှိနေသည်။ မြဝန်းရံ ရေချိုးခန်း အိမ်သာခန်းထဲ တံခါးဖွင့်ကြည့်သည်။ မတွေ့ပါ။

'နိုးနိုးရေ'

သူမ အိမ်အပြင်ထွက်ပြီး ခပ်အုပ်အုပ် ခေါ်ကြည့်၏။



နိုးနိုးအသံကို မကြားရ။ ဒီကလေးမ သူ့အမေဆီများ လိုက်သွားသလား။ သင်တန်းခန်းမ မရောက်မီ ထမင်းစားခန်းကို လွန်တော့ ဒေါ်လေးကို ချဉ်ပေါင်ရွက်ထည့်ထားသော ဆန်ကောတစ်ချပ်ဖြင့် လျှောက်လာတာတွေ့ရသည်။

'ဒေါ်လေး နိုးနိုးရော'

'နိုးနိုး စောစောကတော့ ဦးကြီးနဲ့ သရက်သီးခူးဖို့ တံချူ လိုက်ရှာနေတာတွေ့တာပဲ ဆရာမလေး'

မြဝန်းရံ သရက်ပင်တွေရှိရာသို့ ပြေးသွားမည်ပြုပြီးတော့မှ ဖိုးသားတစ်ယောက်တည်းပါလားဟု သတိရသွားပြီး ဖိုးသားရှိရာ အခန်းထဲသို့ ဝင်ခဲ့ရပြန်သည်။

သူ့ကို လက်တွဲပြီး မိမိသွားလေရာ ခေါ်သွားမှ ဖြစ်မည်။

ဖိုးသားဆက်နေသောအရုပ်မှာ ပလတ်စတစ်တုံးလေးတွေဖြင့်တည်ဆောက်ရသော ရှေးခေတ်ပင်လယ်ကူးရွက်သင်္ဘောကြီး ဖြစ်သည်။ ရွက်တိုင်တွေပါသည်။ လူတွေပါသည်။ ပင်လယ်ဓားပြကြီး၏ပခုံးပေါ်မှာ နားနေသော ကြက်တူရွေးတောင် ပါလိုက်သေးသည်။

'မမကြီး လူဘယ်နှယောက်လဲ ရေစမ်းပါ'

သူ ဆက်ပြီးသွားသော သင်္ဘောပေါ်မှလူရုပ်လေးများကို မြဝန်းရံအား ရှာခိုင်းသည်။

'ဖိုးသား မမကို သွားရှာရအောင်'

'အင်းပါ အခု လူရှာပါ'

အကစားမက်သော ကလေးကို အလိုလိုက်ရပြန်၏။ ငါးရုပ်တွေ့သဖြင့် ငါးယောက်ဟု ပြောတော့

'မဟုတ်ဘူး ခြောက်ယောက်။ တစ်ယောက်လိုသေးတယ် ရှာဦး' တဲ့။

www.burmeseclassic.com

www.burmeseclassic.com



'သား နောက်မှ ရှာမယ်လေ။ မမကို သွားရှာရအောင်'

ထိုအချိန်မှာ တံခါး ရုတ်တရက် ပွင့်သွား၏။ သူမ ထိတ်ခနဲ ဖြစ်ကာ နောက်လှည့်ကြည့်လိုက်တော့ ရှေ့သွား ကြီးကြီးလေးနှင့် ယုန်လေးလိုအပြုံးနှင့် နိုးနိုး။ နှလုံးဆီမှာ ငြိမ့်ခနဲ အေးသွားရသည်။

'ဟယ် သမီး၊ ဘယ်တွေသွားနေတာလဲ'

'နိုးနိုးကို ရှာနေတာဆို'

'အေး စိတ်ပူလိုက်တာ ဘယ်သွားနေလဲ။ မောင်လေးကို တစ်ယောက်တည်းထားပြီး'

'ဦးကြီးနဲ့ သရက်သီးသွားခူးတာ။ မချစ်စုသရက်သီးတွေ အများကြီးပဲ။ တစ်လုံးကို ပောလောက်လောက် ရှိတယ်'

မယ်မင်းကြီးမလေးရယ်။ ကျုပ်မှာဖြင့် ရင်ထဲကို ပူသွားတာပဲ။

'နိုးနိုး မောင်လေးကို ထားမသွားနဲ့။ နိုးနိုးလည်း လူကြီးမပါဘဲ ဟိုနေရာဒီနေရာ လျှောက်မသွားနဲ့ လူဆိုးတွေဖမ်းမှာ မကြောက်ဘူးလား'

'လူဆိုးကဒီမှာ မမကြီးရဲ့။ ဒါကြောင့် မမကို လူရေပါလို့ ပြောသားပဲ။ လာပါ၊ ရေပါဦး'

ဖိုးသားပြောသည့် ခြောက်ယောက်မြောက်လူကို တော်တော်နှင့် ရှာလို့မတွေ့။ မမြင်မိ။ နောက်ဆုံးတော့ ရွက်တိုင်ထိပ်ဖျားမှ ကြိုးဖြင့် တန်းလန်းဆွဲထားသည့် အမဲရောင် ပိုက်ကွန်ထုပ်လေးထဲမှာ ဘာပါလိမ့်ဟု စူးစမ်းသည့်အချိန်တွင် ဖိုးသားက ကျေနပ်သွားပြီး 'ပိုက်ကွန်ထဲမှာလေ။ အဲဒါ လူတစ်ယောက်' ဟု ပြောရင်း ရယ်မောသည်။

'ဟင် ပိုက်ကွန်ထဲမှာ ဘာဖြစ်လို့ ထည့်ထားတာလဲ'



'သူ့ကို ဖမ်းထားတာလေ။ သူကပင်လယ်ဓားပြမို့ ဖမ်းပြီး ပိုက်ကွန်ထဲထည့် ကြိုးနဲ့တန်းလန်းဆွဲထားတာ'

ဟုတ်ပါသည်။ ပိုက်ကွန်ထဲမှာ အရုပ်လေးတစ်ရုပ်။

အော။ ဒီအရုပ်က လူဆိုးတဲ့လား။

'အို ပိုက်ကွန်ထဲထည့်ပြီး တန်းလန်းဆွဲထားတာလား။ သနားပါတယ်ဖိုးသားရယ် အဲလို မလုပ်ပါနဲ့။ ထုတ်လိုက်ပါဟယ်'

နိုးနိုးက အရုပ်ကိုသနားပြီး လွှတ်ခိုင်းနေ၏။ ဖိုးသားက သူ့အစ်မကို နားမလည်ဟန်ဖြင့် မော့ကြည့်သည်။

'ထုတ်ရမယ်လား'

'အေး အေး ထုတ်လိုက်ပါဟယ်'

'သူ့ကို ဘယ်မှာ ထားရမှာလဲ ဒါဖြင့်'

'အို သင်္ဘောကြမ်းပြင်ပေါ်မှာပဲ နေပေစေပေါ့'

'ဟင် ဘယ်ဖြစ်မလဲ။ ထွက်ပြေးရင် ဘယ့်နှယ်လုပ်မလဲ မမရဲ့။ သူ့ပုံအညွှန်းထဲမှာလည်း အဲလိုပဲ ပိုက်ကွန်ထဲထည့်ပြီး ဆွဲထားတာပဲ' ဖိုးသားက ဆင်ခြေပေးသည်။

'ကြိုးနဲ့တုပ်ထားလိုက် ဖိုးသား' ဟု မြဝန်းရံ ဝင်ပြောလိုက်သည်။

နိုးနိုးက 'အို သနားပါတယ်။ ကြိုးနဲ့လည်း မတုပ်ပါနဲ့။ ဒီအတိုင်းပဲ ချထားလိုက်ပါ' ဟု ပြောပြန်သည်။

မြဝန်းရံသည် နိုးနိုး၏ နူးညံ့လွန်းမှုကို မကြိုက်ပါ။

'နိုးနိုး သူကလူဆိုးမို့ဖမ်းထားတာလေ။ လူဆိုးကိုမသနားရဘူး။ သား သူ့ပုံထဲက အတိုင်းသာလုပ်' မြဝန်းရံ မြှောက်ပေးလိုက်၏။ ဖိုးသားက ခဏစဉ်းစားပြီးတော့မှ ပြုံးသည်။

'ပိုက်ကွန်ထဲတော့ ထည့်ထားမယ်။ ဒါပေမဲ့ ကြိုးနဲ့တော့ တန်းလန်းမဆွဲတော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကို ကြောက်အောင်လည်း မလုန့်ချင်ပါ။ သို့သော် အန္တရာယ်ကို မကြောက်မရွံ့ ခရဲကိုးမှာကိုလည်း စိုးရိမ်ပါသည်။

'နိုးနိုး။ မမထပ်ပြောမယ်။ အခန်းထဲမှာ ရှိနေရင် တံခါးကို ချက်ထိုးထားနော်။ လူဆိုးကိုလည်း မသနားရဘူးနော်'

'ဟုတ်ကဲ့ပါ'

'ကဲ အခု တို့ တံခါးပိတ်မယ်။ ချက်ချမယ်။ နိုးနိုး လုပ်ကြည့်ပါ'

နိုးနိုးက တံခါးကို စေ့ပိတ်လိုက်ပြီး လက်ကိုင်ဘုလေးကို နှိပ်လိုက်သည်။ ချောက်ခနဲမြည်ပြီး ကျသွားသည်။ ဒါဆိုရင် အပြင်ကနေ ဆွဲဖွင့်လို့ မရတော့။ မြဝန်းရံ စိတ်ချသွားသည်။ နိုးနိုးတို့ မောင်နှမ ဖိုးသားခုတင်ပေါ်မှာ ပင်လယ်ကူးသင်္ဘောနှင့် အလုပ်ရှုပ်နေချိန် နိုးနိုး၏ခုတင်ပေါ်သို့ မြဝန်းရံ ခြေပစ်လက်ပစ် လှဲအိပ်ချပစ်လိုက်သည်။

ပထမတော့ မောင်နှမနှစ်ယောက် ငြင်းခုံသံ၊ ရယ်မောသံတို့ကို ကြားနေရသည်။ နောက်တော့ တဖြည်းဖြည်း မျက်တောင်စင်းလာကာ မှေးခနဲ အိပ်ပျော်သွား၏။

ထိုအချိန်မှာ အိပ်မက်မက်လေသည်။

အိပ်မက်ထဲမှာ ငှက်တွေကို မြင်ရသည်။

ကောင်းကင်မှာ ဆူဆူညံညံ ပျံသန်းလာသည့်ငှက်တွေ။ ကောင်းကင်တစ်ခုလုံး ငှက်တွေဖြင့် ဖုံးကာ မဲနက်သွားသည် အထီးများပြားလှသော ငှက်တွေ။ ဒီလောက်များသည့်ငှက်တွေကို တစ်ခါမှမမြင်ဖူးသဖြင့် အံ့ဩတကြီးကြောင်ကြည့်နေစဉ်မှာပင် အဝေးမှ နီးကပ်လာသော ဖိနပ်သံများကို ကြားရသည်။



အုပ်စုလိုက် ဒေါမာန်ပါပါနှင့်လျှောက်လာကြသော ဖိနပ်သံများ။ အမှောင်မကွဲမီ ဝိုးတဝါးအလင်းရောင်အောက်တွင် လူတွေ လူတွေ အိမ်ထဲကနေ အိမ်ပြင်ဆီသို့ ထွက်ပြေးလာကြသည်။ ကလေးချီထားသည့် မိန်းမတွေလည်း ပါသည်။ ကလေးတွေက စူးစူးဝါးဝါး အော်ငိုနေသည်။ ထို့နောက် ကြိမ်းမောင်း ဆူဆဲသံများ။ အော်ဟစ်သံများ။ ထို့နောက် လူတွေ တန်းစီပြီး လျှောက်နေကြသည်။ နှစ်ယောက်တတွဲ သုံးယောက်တတွဲ။ သေနတ်တွေဖြင့် ချိန်ခံထားရသည့် လူတွေသည် အမှောင်ထဲမှာ ငိုယိုလျက် လမ်းလျှောက်နေကြသည်။ လူတွေ လမ်းလျှောက်နေသည့် နောက်သို့ မြဝန်းရံက လိုက်ပါသွားသည်။ တစ်ခုခုကို ခလုပ်တိုက်လိုက်ပြီး ရှေ့သို့ မှောက်ရက် လဲကျသွား၏။ မြေကြီးပေါ်က တုံးလုံးလဲနေသည့် ကလေးလေးတစ်ယောက်ကို မျက်နှာအပ်မိသွားသည်။

ကလေးတစ်ယောက်။ ယောကျ်ားလေးတစ်ယောက်။ အသက်က သုံးလေးနှစ်လောက်ပဲ ရှိဦးမည်။ ပါးဖောင်းဖောင်း အစ်အစ်လေး။ ထိုပါးလေးတွေပေါ်တွင် မျက်ရည်စီးကြောင်းများ။ ထိုကလေးကိုထိမိသော မိမိ၏လက်မှာ နီရဲသောသွေးတွေ။ အို ဘုရား ဘုရား။ ခပ်လှမ်းလှမ်း မြေပြင်မှာတော့ တုံးလုံး ပက်လက်လဲနေသည့် သစ်သားမြင်းရုပ်လေးတစ်ခု။ ထိုအချိန်မှာ သေနတ်သံတစ်ခုက နားနားသို့ကပ်ပြီး ကျယ်လောင်စွာ မြည် ဟီးသွားသည်။ မြဝန်းရံ၏ နားထင်ဆံစတွေတောင် လွင့်ခနဲ ဖွာသွား၏။ အသက်ရှူလို့မရ။ တစ်ကိုယ်လုံး အေးစက် တောင့်တင်းသွား၏။ မိမိ သေသွားပြီလား။

မြဝန်းရံ၏မျက်နှာပေါ်သို့ အေးစက်စက်လက်တစ်ခု လာထိသည်။ ဝုန်းခနဲ ထထိုင်လိုက်မိ၏။

'ညီမ'

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးဖွင့်ကြည့်လိုက်တော့ အမျိုးသမီးမျက်နှာတစ်ခု။ သူမကို ပြုံးကြည့်နေသည်။

'ညီမ နေကောင်းရဲ့လားလို့'

'အော် အစ်မ'

'ဘာဖြစ်လို့လဲ။ ကိုယ်လည်း မပူပါဘူး'

'ကျွန်မ နေကောင်းပါတယ်အစ်မ'

ဟုတ်ပါရဲ့။ ဒီလိုအချိန်မျိုးမှာ ငါဘာဖြစ်လို့ အိပ်ပျော်သွားရတာလဲ။ နိုးနိုးတို့မောင်နှမက အဝတ်အစားတွေ လဲပြီးနေပြီ။ အပြင်ထွက်ဖို့ အဆင်သင့်ပုံစံမျိုး။

'ညက အိပ်ပျက်သွားလို့ထင်ပါရဲ့။ ဆောရီး'

'ညီမနားချင်ရင်နားလေ။ နေ့လည်စာကို အခန်းထဲ ပို့ခိုင်းလိုက်မယ်'

'အို မဟုတ်ဘူး။ ရတယ်။ ကျွန်မ ဘာမှမဖြစ်ဘူး'

အခန်းထဲမှထွက်ကာ ထမင်းစားခန်းဆီသို့ လျှောက်လာတော့ မသီရိနှင့် မြဝန်းရံ လက်ချင်းချိတ်လျက်။ ထမင်းစားခန်းမှာ ဦးကြီးနှင့် ကိုပြေက ထိုင်နေကြပြီ။ ကိုပြေက ဦးကြီးကို ပခုံးဖက်လျက် တစ်ခုခုကို နှစ်သိမ့်နေသလိုပဲ။ ဦးကြီးကတော့ မျက်နှာခပ်နွမ်းနွမ်း။

မြဝန်းရံတို့ကို မြင်တော့ ကိုပြေက ထိုင်ရာကနေ ထရပ်ပြီး ကြိုဆိုသည်။ မရယ်မပြုံး တည်ငြိမ်သော သူ့မျက်လုံးတွေက မသီရိထံမှာ မရှိ။ မိမိဆီမှာ ရှိနေကြောင်း မြဝန်းရံသိသည်။

'ညီမ ဘယ်တုန်းက ပြန်ရောက်လဲ၊ အဆင်ပြေခဲ့လား'

မသီရိက မြဝန်းရံ၏လက်ကို လွှတ်လိုက်သည်။ လွှတ်ချလိုက်သည်ဟုပဲ ခံစားရသည်။

'မပြေပါဘူး ကိုပြေ။ ကောလဟာလတွေချည်းပါပဲ'



သူ့မျက်နှာ အနည်းငယ် ပြုံးလာသည်။ ထမင်းစားစားပွဲမှာ အတူထိုင်ဖြစ်ကြသည်။

'ကျွန်မ မနက်ဖြန် ပြန်တော့မယ်'

ပြည်မိုးငြိမ်းကိုရော၊ မသီရိကိုရော၊ နောက်ပြီး ဦးကြီးကိုရော တစ်ပြိုင်တည်း အသိပေးလိုက်ခြင်း ဖြစ်ပါသည်။

'အို မြန်လိုက်တာ'

မသီရိက လွှတ်ခနဲ အံ့ဩသွားသည်။

'တခြားရွာတွေကို ခရီးဆက်ဖို့လား'

ပြည်မိုးငြိမ်းက မေးသည်။

'မဟုတ်ဘူး။ ရန်ကုန်ကို ပြန်မှာပါ'

ပြည်မိုးငြိမ်း ဘာမှ မပြောပါ။

မသီရိမျက်လုံးမှာ ဝမ်းသာရိပ်တွေ စိတ်သက်သာရိပ်တွေ ရှိနေမလား။ မြဝန်းရံ မသိချင်ပါ။ ထို့ကြောင့် စားပွဲခင်းမှ ချည်ဖြင့်ထိုးထားသော နှင်းဆီပန်းခက်သေးသေးလေးကိုသာ ငုံ့စိုက်ကြည့်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မိမိစခဲ့သည့်ဇာတ်ကို သည်ကနေ့ပဲ ကိုယ်တိုင် အဆုံးသတ်မည်ဟု မြဝန်းရံ သန္နိဋ္ဌာန်ချလိုက်သည်။

ကားလက်မှတ်လည်း တယ်လီဖုန်းဖြင့် မှာပြီးပြီ။ ဦးကြီးထံမှ သစ်သားမြင်းရုပ်ပုံရော ကောင်းကင်အပြည့် ငှက်တွေပုံရော ရန်ကုန်သို့ ယူသွားချင်သည်ဟု မြဝန်းရံ တောင်းယူပြီးပြီ။ ဦးကြီးကိုလည်း ကိုပြေမသိသင့်သည့်ကိစ္စတွေကို မပြောကြပါစို့နဲ့ဟု စည်းရုံးသိမ်းသွင်းပြီးပြီ။

မိမိဘက်က ဦးကြီးကို နောက်ဆုံးအနေနှင့် လိုက်လျောရမှာ တစ်ခုပဲရှိသည်။ ဦးကြီးနှင့်အတူ သစ်တောထဲသို့ တိတ်တဆိတ်ဝင်သွားပြီး မြင်းရုပ်လေးနှင့်အတူ ရှိနေသေးနိုင်သည့် အခြားအရာများကို သွားရှာပေးဖို့ ဖြစ်ပါသည်။

'ဦးကြီး ဒီတစ်ခါ အဲဒီနေရာကို သွားကြည့်ပြီးရင် ကုက္ကိုတန်းကို ပြန်မှာမဟုတ်လား'

ဦးကြီးက အင်း ဟု စိတ်ပါလက်ပါ ပီပီသသပြောခဲ့၏။

'ပြီးရင်တော့ အားလုံးကို မေ့ပစ်လိုက်ကြပါစို့ ဦးကြီးရယ်။



တချို့အဖြစ်အပျက်တွေက မေ့ပစ်ဖို့လိုတယ်။ ဥပါဒါန်အစွဲတွေပါ။ တချို့အရာတွေကျတော့ သူ့အတိုင်းပဲ ထားလိုက်တာက ပိုကောင်းတယ်'

ဦးကြီးသည် ဥပါဒါန်အစွဲဆိုသော ဝေါဟာရကို သိမှသိပ့်မလားဟု အကဲခတ်ကြည့်ရသည်။ ဝမ်းနည်းမျက်လုံးတွေက ဘာမှမထူးခြားပါ။

'ဦးကြီး၊ ပြီးရင် ဘာပဲ တွေ့လာ တွေ့လာ။ ဘယ်သူ့ကိုမှ မပြောဘူးနော် ကျွန်မနဲ့ဦးကြီးနဲ့ နှစ်ယောက်တည်းပဲ နော်'

ဦးကြီး ခေါင်းညိတ်သည်။

သစ်တောဂိတ်တံခါးမှာ ဟိုနေ့ကလို ကိုဆွေနဲ့တွေ့မလား၊ တခြားလူနဲ့တွေ့မလား။ အစောင့်တစ်ယောက်ယောက်ကိုတော့ ဖြတ်ကျော်ရမှာပဲ။ ဂိတ်ကနေ ဝင်တာက အနီးဆုံးနှင့် အမြန်ဆုံးလမ်းပဲ။ ဘေးကနေ ပန်းပြီး ဝင်ဖို့ မဖြစ်နိုင်။ အန္တရာယ်လည်းများသည်။ သစ်တောရော ဥယျာဉ်ရော စည်းရိုးအကာအရံ မရှိသော်လည်း နယ်နမိတ်ကန့်သတ်ထားသည့် အပင်တန်းတွေက ဆူးချုံနွယ်ပိတ်ပေါင်းတွေနှင့် ရှုပ်ထွေးနေသည်။

နေ့တစ်နာရီခွဲနေပြီ။ သူမတို့ အချိန်လေးနာရီသာ ရသည်။ ငါးနာရီခွဲမှာပြန်မှ ဥယျာဉ်သို့ မမှောင်ခင် ပြန်ရောက်မည်။ လေးနာရီအတွင်း လိုရာသို့ ရောက်နိုင်ပါ့မလား။ ဦးကြီးလောက်လည်း ကိုယ်က ခြေလှမ်းမမြန်ပေ။

ဦးကြီးက အပင်တွေအရွက်တွေကို သိသည်။ ဆေးဘက်ဝင်ပုံကို သိသည်။ မြေကြီးကို ရင်းနှီးသည်။ အခုအခါ ဦးကြီးနှင့် မြဝန်းရံသည် ပုံဆွဲစက္ကူတစ်ထပ်၊ ရောင်စုံခဲတံတစ်ဘူး အသုံးပြုကာ ကောင်းကောင်း အလုပ်ဖြစ်နေခဲ့ပြီ။ တစ်ခုပဲ ရှိသည်။ ဦးကြီးဆွဲသည့် မသေမသပ်လက်ရာတွေကို အဓိပ္ပါယ် ဖော်ရတာခက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာ ဂိတ်မှာ ကိုဆွေနှင့် တွေ့သည်။ သူ မြဝန်းရံတို့ နှစ်ယောက်လုံးကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

'ဆရာ မလာဘူး အစ်မ'

'အေး အေး သိတယ်။ ဦးကြီးနဲ့အတူ ချောင်းလေးဆီကို သွားမလို့'

'အစ်မ၊ ချောင်းက အဝေးကြီး'

'အေး'

'အစ်မ ဆိုင်ကယ်စီးတတ်လား'

'မစီးတတ်ဘူး'

'ဟောဗျာ။ ကျွန်တော် လိုက်ပို့ချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်တာဝန်က ဒီကနေ ဘယ်ကိုမှ ထွက်လို့မရဘူး'

'အို ကိစ္စမရှိပါဘူး။ ဒီလိုပဲ လျှောက်သွားမှာပေါ့'

သူ လိုက်လာလျှင် အနှောင့်အယှက်ဖြစ်ဦးမည်။

'ဒါဆို မြေလမ်းလေးအတိုင်း ဖြတ်လမ်းကနေ သွားလို့ရတယ်။ ဒီကနေသွားရင် ညာဘက်မှာ မြေလမ်း။ ကျွန်တော် မြေပုံတစ်ရွက်ပေးလိုက်မယ်'

'အမလေး အဲလိုဆိုရင် ကျေးဇူးကြီးလှပါတယ်ကွယ်'

'ဒါပေမဲ့ အစ်မ သတိတော့ ထားနော်။ ကျွန်တော်တို့လို ဝတ်စုံဝတ်ထားတဲ့လူမဟုတ်ရင် အနားအကပ်မခံနဲ့။ ဟိုဘက်ရွာမှာ တရားခံတစ်ယောက် လွတ်သွားလို့တဲ့'

'အေးပါကွယ်။ ဦးကြီးလည်း ပါသားပဲ'

မြေပုံက လက်ဖဝါးတစ်ခုနှင့်တူသည်။ မြေပုံ၏လက်မသည် ဥယျာဉ်နှင့်နီးသော အပိုင်းဖြစ်သည်။ လက်သန်းရှိရာအပိုင်းတွင် ချောင်းအဖြစ် ဖော်ပြထားသည့် အပြာရောင်မျဉ်းလေးက တွေ့ကောက်လျက်။ အပြာရောင်မျဉ်းဆီသို့ လက်မအရင်းမှ



ကန့်လန့်ဖြတ်နေသည့် မြေလမ်းလေး။ မြေလမ်းနှင့်ချောင်းက သိပ်မဝေးတော့ပေ။

ဟိုဘက်ဒီဘက် အပင်တွေကြားမှာ ဖောက်ထားသော မြေလမ်းသည် ခပ်ကျဉ်းကျဉ်းလေးပဲ ဖြစ်သည်။ ဖုံထူသည်။ ဖုံက ခြေသန်းလောက်အထိ ဖုံးလွှမ်းနေသည့်အခါ ဖုံ၏အပူက မခံနိုင်အောင်ဖြစ်နေသည်။ အပေါ်မှာ သစ်ရွက်အကွယ်အကာကျဲသဖြင့် ခေါင်းပေါ်တည့်တည့်က နေကလည်း ပူခြစ်လျက်။ အညာနေ ဒီလောက်ပူတာကို အရင်က ဘာဖြစ်လို့ သတိမထားခဲ့မိပါလိမ့်။ အင်္ကျီသားကိုဖောက်ထွင်းပြီး အသားကို ထိလာသည့် နေပူရှိန်က စပ်ဖျဉ်းဖျဉ်းတောင် ဖြစ်လာသည်။

ဦးကြီးက မြေလမ်းပေါ်မလျှောက်ဘဲ ဘေးက အပင်တွေအောက်ကနေ လျှောက်ဖို့ လက်ဟန်ဖြင့် အကြံပြုသည်။ အင်း ကောင်းတော့ကောင်းပါရဲ့။ နေပူတော့ သက်သာသည်။ သို့သော် ခရီးမတွင်။ သစ်ရွက်ကြွေတွေ၊ သစ်ကိုင်းခြောက်တွေ၊ ဆူးချုံပင်ပုလေးတွေဖြင့် ပြန့်ကျဲနေလို့ လမ်းလျှောက်ရတာ ခက်လေသည်။ သစ်ရွက်ကြွေတွေကလည်း ဒီအပူချိန်အောက်မှာ ကြွပ်ရွပြီး နင်းလိုက်တိုင်း ချွတ်ခနဲ ချွတ်ခနဲ အသံမြည်၏။

မြေပုံအတိုင်းဆိုရင် မကြာခင်မှာ ချောင်းကို တွေ့ရလိမ့်မည်။

သွားရင်းသွားရင်း နင်းရသောမြေကြီးသည် ခြောက်သွေ့ရာမှ နည်းနည်းထိုင်းလာသည်ဟု ခံစားရသည်။ ခြေဖဝါးတို့တွင် စိုစွတ် ထိုင်းမှိုင်းမှုကို ရသည်။ ထို့နောက် သူမ ရေစီးသံတစ်ခုကို ကြားလိုက်ရသည်။

ရေသံကြားလိုက်ရသည့်အခါ မြဝန်းရံ တစ်ကိုယ်လုံး လန်းဆန်းတက်ကြွသွားသည်။ ချောင်းကို တွေ့ရတော့မည်၊

www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးလည်း ခြေလှမ်းတွေ သွက်လာသည်။ မြေလမ်းဆီမှ ခွဲထွက်ကာ ပိုပိုပြီး စိုစွတ်သည့်ဘက် ရေသံနှင့် ပိုပိုနီးသည့်ဘက် သစ်ပင်တွေကြားသို့ အားတက်သရော လှမ်းလာခဲ့ကြသည်။

ရေသံသည် ပိုပို နီးကပ်လာသည်။ ကျောက်တုံးအမြင့်မှ ကျနေသော ရေတံခွန်အသံမျိုးဖြစ်သည်။ မြင့်ရာမှ နိမ့်ဆင်းသော စမ်းချောင်းတစ်ခု ဖြစ်လိမ့်မည်။ တဖြည်းဖြည်း မြဝန်းရံတို့သည် နိမ့်ဆင်းသော တောင်စောင်းသို့ လျှောက်မိနေပြီ။ သစ်ပင်တွေက ပိုမိုစိမ်းလန်းပြီး ပိုမို လတ်ဆတ်လာသည်။ ဖိနပ်အောက်မှာ ကျောက်တုံးအစအနတွေကို နင်းမိသည်။ ဦးခေါင်းထက် သစ်ရွက်သစ်ခက် အကြိုအကြားက ဝင်လာသည့် နေရောင်သည် မပူလွန်းတော့ပေ။ ခြေဖဝါးအောက်မှ သစ်ရွက်ကြွေတို့သည် စိုထိုင်းပွအိနေသည်။

ဦးကြီးက လမ်းပြပြီး ရှေ့ကနေ ခပ်သွက်သွက်လျှောက်တော့ နောက်မှ ကမန်းကတန်း အမီလိုက်ရသည်။ ဦးကြီးက ချုံနွယ်တစ်ခုကို လက်ဖြင့်ဖယ်လျှက် မြဝန်းရံဘက် လှည့်ကြည့်လိုက်သည်။ ဟို ချောင်းကလေးကို မြင်ရပြီ။

နေပူထဲကနေ အေးမြသည့်ရေကို တွေ့လိုက်ရသဖြင့် မနေနိုင်တော့ဘဲ ကျောက်တုံးတွေကြားကနေ အောက်ဘက် ရေရှိရာသို့ ဆင်းမည်ဟန်ပြင်တော့ ဦးကြီးက မျက်လုံးပြူး မျက်ဆံပြူးဖြင့် တားမြစ်သည်။ မဆင်းရဘူးတဲ့။ ဟုတ်ကဲ့ပါ။ မဆင်းရဘူးဆိုရင် ကျွန်မ မဆင်းပါဘူး။

သစ်ရွက်ကြွေများ ပြည့်နှက်နေသည့် ကျောက်တုံးသေးသေးများကြားမှာ ဖြတ်စီးနေသောရေသည် အိပ်မက်ထဲက စမ်းချောင်းနှင့် တူလိုက်တာ။ အိပ်မက်ထဲကလောက် စိမ်းမြ ကြည်လင်နေတာမဟုတ်ပေမဲ့ မနောက်ပါ။



မြဝန်းရံသည် ရေစပ်မှာ ဖိနပ်ကို ဖင်ခုလျှက် စိတ်ချလက်ချ ထိုင်တော့မည် ပြင်တုန်း ဦးကြီးက ချောင်း၏အထက်သို့ ဆက်လျှောက်သွားသဖြင့် ကပျာကရာ ပြန်ထပြီး ဦးကြီးနောက်သို့ လိုက်ရသည်။ ထိုအချိန်မှာ ခြေမ၏ဘေးတွင် ဖိနပ်သဲကြိုးနှင့် ပွတ်တိုက်ပါများလို့ ပွန်းပဲ့ကာနာနေပြီကို သတိထားမိလိုက်သည်။ သို့သော် ဦးကြီးကို အဖော်လုပ်ပြီး အတူ လိုက်ပါရမှာပေါ့ဟု ကိုယ့်ကိုယ်ကို အားတင်းကာ လျှောက်ရသည်။

လူသွားလမ်းရယ်လို့ ပီပီပြင်ပြင်မရှိသော တောထဲသို့ ဝင်ရသည်မှာ မသေချာသော ခြေလှမ်းတွေချည်း ဖြစ်သည်။ ဘယ်အချိန်မှာ ဘယ်သစ်မြစ်ကို ခလုပ်တိုက်မိမလဲ။ ဘယ်အချိန်မှာ ဘယ်နွယ်ပင်ကို ရှောင်တိမ်းရမည်လဲ။ ဘာမှ မသေချာ။ တခြားအပင်တွေကို သူမ မသိသော်လည်း ညောင်ပင်တွေကို သူသိသည်။ ပင်ညောင်ဟုခေါ်သော ပိန္နဲရွက်နှင့် ခပ်ဆင်ဆင် အရွက်ရှိသော ညောင်ပင်တွေ ဖြစ်သည်။ သစ်ပင်တွေကြားတွင် နေရောင်သည် ပြောက်တိပြောက်ကျား ပူပြင်းလိုက် အနည်းငယ် သက်သာလိုက်။

ဦးကြီးရေ ဘယ်အထိ သွားကြရမှာလဲ။

သစ်ပင်တစ်ပင်နှင့်တစ်ပင်က ငါးပေ ခြောက်ပေခန့် ဝေးကွာသော်လည်း တစ်ပင်၏ပင်စည်မှ ထွက်သည့်အကိုင်းတွေက နောက်တစ်ပင်၏အကိုင်းတွေနှင့်ယှက်ကာရှုပ်နေတော့ ရှေ့နောက်မြင်ကွင်းက မသဲကွဲတော့ပေ။ ဒီကြားထဲ အရွက်ကြွေအထပ်ထပ်ဖုံးလွှမ်းထားသည့်မြေပြင်က နင်းလိုက်တိုင်း ချိုးချိုးချွတ်ချွတ် မြည်နေသည်။ ခြေသံတွေ ရောနေသည်။ မိမိ၏ ခြေသံလား။ ဦးကြီး၏ခြေသံလား။

အပိုခြေသံတစ်ခုကို ကြားရသည်ဟု ထင်လာသည်။ အခြေအနေကို သက်မကောင်း ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးက ရှေ့ကသွားနေသည်မို့ ခြေသံက ရှေ့ကနေသာ ပေါ်ထွက်ရမည်။ အခုတော့ မိမိ၏နောက်ကနေ ပေါ်ထွက်နေသည် ဟု ထင်မိသည်။ သူမ သေချာအောင် ခြေလှမ်းကို ခဏရပ်လိုက်သည်။ နောက်က ခြေသံ တစ်ချက်နှစ်ချက် ကြားပြီးတော့မှ ရပ်သွား၏။ ကြက်သီး ဖျန်းခနဲ ထသွားကာ နောက်သို့ လှည့်ကြည့်လိုက်မိသည်။

လေဖြင့် လှုပ်ခတ်နေသော သစ်ကိုင်းခြောက်များနှင့် စီတန်းနေသော ပင်စည်များ။

မြဝန်းရဲ့ ဦးကြီးကို လှမ်းအော်လိုက်သည်။

'ဦးကြီး ကျွန်မကို စောင့်ပါဦး'

အခုလို လူသူကင်းဝေးသည့်တောထဲတွင် ဒီလောက်ကြာကြာ တစ်ခါမှမလျှောက်ဖူးခဲ့ပါ။ ပတ်ဝန်းကျင်မှာ အစောင့်တွေမရှိစေချင်ခဲ့သော မိမိဆန္ဒကို အခုအခါ ပြန်ပြီး ရုတ်သိမ်းလိုက်ရပြီ။ ဦးကြီးက အသက်ကြီးပြီဟု တွေးမိသဖြင့် စိတ်က မလုံခြုံသလို ခံစားရသည်။

ငါ့နှယ်နော်။ မိုက်လိုက်တာ။ ဝန်ထမ်းတစ်ယောက်ယောက်မပါဘဲနဲ့ ငါတို့ချည်းပဲ စွတ်စွတ်ရွတ်ရွတ် လာခဲ့ရတယ် လို့။

မြဝန်းရဲ့ ကျောပိုးအိတ်ထဲမှာ ခုခံစရာ လက်နက်နှင့် တူသောအရာ ဘာများပါပါလိမ့်။ လက်နောက်ပြန် စမ်းလိုက်မိသည်။ လက်နှိပ်ဓာတ်မီး၊ စားချွန်အဖြစ်အသုံးပြုလို့ရသည့် ခဲတံချွန်ဖို့ သုံးလို့လည်းရ၊ ဖြတ်တောက်စရာဓားအဖြစ်လည်း အသုံးပြုလို့ရသည့် အဆစ်ကလေးတွေကို တစ်ဆင့်ချင်း ခလုပ်နှိပ်ပြီး ထုတ်ယူလို့ရသောဓားပါသည်။ နောက်ပြီး ရေမွှေးလို ဖိနှိပ်ပြီး ဖျန်းပစ်လို့ရသည့် ငရုပ်သီးရည်ဘူးလေး။ ဒါတွေနဲ့တော့ လူဆိုးကို မကာကွယ်နိုင်လောက်ဘူးထင်တယ်။



ကိုပြေ။ အခုလောက်ဆိုရင် ကျွန်မတို့ ဒီထဲရောက်နေတာ ကိုပြေ သိသွားပြီလား။ ကိုပြေ လိုက်မလာခင် ပြန်ထွက်မှဖြစ်မှာပါ။ ဦးကြီးရှာမဲ့အရာတွေ ကျွန်မတွေ့မဲ့အရာတွေကို ရှင်မတွေ့စေချင်ဘူးကွယ်။

စိတ်မလုံခြုံစွာပင် ဦးကြီးနောက်ကနေ ထက်ကြပ်မကွာလိုက်လာရင်း တောထဲသို့ ခရီးပေါက်လာတော့ သူမ တစ်ခု သတိထားမိလာသည်။ အပင်တွေက ဆင်တူ၊ ပင်စည်တွေက ဆင်တူ။ အကယ်၍များ အပြန်မှာ လမ်းမှားမည် ဆိုလျှင်… ၊ မမှားဘူးဟု မပြောနိုင်ပါ။ မှားကို မှားနိုင်သည်။ ဦးကြီး မှတ်မိရင်တော့ မသိ။ သူမကတော့ မမှတ်မိနိုင်ပါ။ သည်တော့ သေချာအောင် တစ်ခုတော့ လုပ်ရမည်။

ကျောပိုးအိတ်ထဲမှဓားကို ထုတ်ယူလိုက်သည်။ အပင်၏ပင်စည်တွေမှာ အပင်ကို မထိခိုက်အောင် ဓားဖြင့် နည်းနည်း ခြစ်ထားခဲ့ရန်ဖြစ်၏။ တစ်ပင်ချင်းတော့ မလုပ်သင့်ပါ။ လေးပင်မြောက်အပင်တွေကို ပခုံးလောက်မှာ မှန်းပြီး အရွယ်သေးသေး ခြစ်ရာတွေပေးလိုက်ခြင်းဖြစ်သည်။ ဆယ်ပင်လောက်ခြစ်ပြီးသွားသည့် အချိန်အထိ ဦးကြီးက မရပ်သေး။ ဆက်လျှောက်နေဆဲ။ သူမ ဆက်လျှောက်သည်။ ညောင်ပင်၊ မယ်ဇလီပင်၊ ညောင်ပင်၊ ညောင်ပင်၊ တမာပင်၊ ညောင်ပင်၊ ကြက်ဆူပင်အုပ်၊ ညောင်ပင်၊ ထို့နောက် သူမတစ်ခုခုကို ခလုပ်တိုက်လိုက်သဖြင့် လူက ရှေ့သို့ ဟပ်ထိုးလဲကျတော့မလို ဖြစ်သွားသည်။ ကိုယ့်ကိုယ်ကို အချိန်မီ ထိန်းချုပ်နိုင်သဖြင့် လဲမကျခဲ့ပါ။

သို့သော် ခြေထောက် ခေါက်သွားသဖြင့် တော်တော်နာသွားသည်။ ရှေ့မှာက မြေကြီးထဲမှ တစ်ပိုင်းတစ်စ ထွက်ပြူနေသော သစ်သားချောင်းတစ်ခု။ သစ်သားသည် မီးကျွမ်းထားပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



တချို့နေရာတွင် သစ်သားရောင် ပေါ်နေသည်။ မြေကြီးများ စွန်းထင်းပေကျံနေသည်။ လောလောလတ်လတ် တူးဆွထားခဲ့လို့ မြေကြီးထဲမှ ထွက်လာခြင်းဖြစ်သည်။

ဦးကြီးကို ပြရန် လှမ်းမျှော်ကြည့်လိုက်တော့ ဦးကြီးက မြေကြီးပေါ်မှာ ဖင်ချထိုင်လျက် လက်ထဲက သစ်ကိုင်းခြောက်ဖြင့် တူးဆွနေပြီ။

'ဦးကြီးရေ'

ဦးကြီးက လှည့်တော့ကြည့်၏။ သို့သော် သူကလည်း မြဝန်းရံကို လှမ်းခေါ်နေသည်။

မီးကျွမ်းနေသော သစ်သားကိုထားပစ်ခဲ့ပြီး ဦးကြီးဆီသို့ လျှောက်လာခဲ့သည်။ ဦးကြီးတူးဆွလို့ တစ်ပိုင်းတစ်စပေါ်နေသောအရာမှာ လက်တစ်ဝါးခန့် သုံးမြှောင့်သစ်သားချွန်တစ်ခု။ အစွန်းက သေးသော်လည်း မြေကြီးထဲနစ်နေသည့်အပိုင်းက အကြီးကြီးမို့ ဦးကြီး တူးလို့လည်း မရ။ ဆွဲလို့လည်းမရ။

'ဦးကြီး ဒီဟာနဲ့တူး ရော့'

မြဝန်းရံ၏ကျောပိုးအိတ်ထဲမှာ လိုရမယ်ရ ကောက်ထည့်လာသော တစ်ထွာခန့်ရှိသည့် ငန်းမြားသွားကို ထုတ်ယူပြီး ဦးကြီးကို ပေးလိုက်၏။ ဦးကြီးမျက်လုံးတွေ တောက်သွားသည်။ ထိုငန်းမြားနှင့် ခဏကြာအောင် သူ တူးဆွနေသည်။ ထိုအချိန်မှာ နောက်ဖက်သစ်ပင်တွေကြားမှာ တစ်ခုခု ဖြတ်သွားသလား။ ရိပ်ခနဲ မြင်လိုက်သလိုလို။ မြဝန်းရံ လှမ်းအော် မေးလိုက်သည်။

'ကိုဆွေလား'

ကိုဆွေမဟုတ်မှန်း သိဟာပေါ့။ သို့သော် မိမိတို့မှာ နောက်ထပ် အဖော်ပါသေးသည်ဟု ထိုသူ သိစေချင်သည်။

ဘာသံမှ ပြန်မကြားရ။ ကျောထဲက အေးစက်သွား၏။



ဦးကြီးက သူတူးထားသည့်အရာကို အားစိုက်ပြီး ဆွဲ မယူလိုက်တော့ အရာဝတ္ထုတစ်ခုလုံး ပါလာသည်။

ကလေးကစားသည့် သစ်သားအိုးစည်တစ်ခု။ အိုးစည်ဖင်ပိုင်းက ထက်ခြမ်းကွဲနေသည်။ အိုးစည်မျက်နှာပြင်နှင့် အောက်ဘက် ဖင်အစွန်းထိ တစ်ပေခွဲလောက်ရှည်သည်။ မြဝန်းရံ မြင်ဖူးသမျှ ကစားစရာ အိုးစည်တွေထဲမှာ အရုပ်ဆိုးဆုံး။ ကိုယ်ထည်က မီးသွေးရောင်။ မျက်နှာပြင် သားရေချပ်က ဆွေးမြေ့ပြီး မဲညစ်နေသော်လည်း ဦးကြီးလက်ဖြင့် ပုတ်လိုက်တော့ ဂီတသံ အက်ကွဲကွဲတော့ မြည်လာသည်။ ဦးကြီးသည် အိုးစည်တွင် ပေကျံနေသည့် မြေကြီးများ သဲများကို သစ်ကိုင်းခြောက်လေးဖြင့် ခြစ်ထုတ်ခွာပြီး တယုတယပင် သန့်စင်အောင် လုပ်နေသည်။ မီးကျွမ်းထားသည့် အိုးစည်လေး၊ စောစောက မီးကျွမ်းသစ်သားချောင်း၊ ထိုသစ်သားချောင်းမှာ လေးခွအကြီးစားလို ဖြစ်သည်။ ဘာမှန်းမသိသော်လည်း ဒါ အိမ်သုံးပစ္စည်းတွေ။

'ဒါ ဦးကြီးအိုးစည်လား'

ဦးကြီးက ခေါင်းယမ်းပြသည်။ သို့သော် ဦးကြီးမျက်ဝန်းမှာ မျက်ရည်တွေ ရစ်ဝဲနေသည်။

'ဦးကြီး မနေ့က သစ်သားမြင်းရုပ်လေးက ဒီနေရာက ရခဲ့တာလား'

အေးဟု ပြောသည်။

'ဦးကြီး ဒီကနေ ဘာလိုချင်လို့လဲ'

ဦးကြီးသည် သူ့ဟာသူလည်း ဘာလိုချင်မှန်း သိပုံမရပါ။ သစ်ပင်ပင်စည်ကို ခြေပစ်လက်ပစ်မှီထိုင်လျက် တစ်ကိုယ်လုံး တုန်ခိုက်လာသည်အထိ အသံမထွက်ဘဲ ရှိုက်ငင်နေလေသည်။

'ဦးကြီးဘာတွေသတိရနေလဲဆိုတာ ကျွန်မသိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးကြီး၏ကျောကို ပွေ့ဖက်လျက် မြဝန်းရံနှစ်သိမ့်မိ၏။

'ဒါပေမဲ့ ဦးကြီးရယ်။ ဟိုတုန်းက ကြောက်စရာအဖြစ်တွေကို မတွေးပါနဲ့တော့။ မေ့လိုက်ပါတော့'

ဦးကြီးက သူ့ဖျင်အင်္ကျီအိတ်ထဲထည့်လာသည့် တွန့်ကြေနေသည့် ပုံဆွဲစက္ကူထပ်ကို ဆွဲထုတ်ကာ ခဲတံဖြင့် ဟိုခြစ်ဒီခြစ် ခြစ်နေသည်။ စကားတွေလည်း တောက်လျှောက်ပြောနေသည်။ စိတ်တော်တော် လှုပ်ရှားနေ၏။ သူဆွဲခြစ်နေသည့်ပုံတို့မှာ တုတ်ချောင်းလေးတွေ စက်ဝိုင်းလေးတွေ ကြည့်ရင်း ကြည့်ရင်း ပုံပေါ်လာတော့ လွယ်လွယ်ကူကူဆွဲခြစ်ထားသည့် လူပုံလေးတွေ လက်ကားယားခြေကားယား လူပုံလေးတွေဖြစ်နေသည်။ သူ့ စိတ်လှုပ်ရှားမှု ဘယ်လောက်ပြင်းထန်နေလဲဆိုလျှင် စက္ကူအစွန်း တွေသို့ ထိသည့်တိုင်များပြားလှသော လူပုံလေးတွေ ဆွဲခြစ်နေဆဲ။ ဆွဲရင်း ဆွဲရင်း သူ့လက်တွေက ပိုသွက် ပိုမြန်ကာ ပိုပြီး ကြမ်းတမ်းလာသည်။ ခဲဆံကို စာရွက်ပေါ် ဆောင့်ချပြီး ဆွဲသည်။ ဆွဲပြီးသားလူပုံလေးတွေပေါ်နောက်ထပ် အချောင်းတွေ အလုံးတွေ ထပ်ဆွဲသည်။

'တော်ပြီလေ ဦးကြီး။ စိတ်ကို လျှော့လိုက်ပါတော့။ ဦးကြီးရေသောက်မလား'

ဦးကြီးကို ရေတိုက်ဖို့ ရေဘူးကို ထုတ်ယူရန် ကျောပိုးအိတ်ကို ရှာတော့ ကျောပိုးအိတ်ကို မတွေ့ရ။

ဟင် ဘယ်မှာ ကျန်နေရစ်ခဲ့ပါလိမ့်။ ငါ စောစောက ဦးကြီးကို ငန်းမြားလေး ထုတ်ပေးတုန်းက ငါလွယ်ထားခဲ့တာပါ။ အခု ဘယ်ရောက်သွားတာလဲ။

မြဝန်းရံသည် ပတ်ပတ်လည်မှာ မိမိတို့အား ဝိုင်းရံနေသော သစ်ပင်ကြီးများကို ဝေ့ဝဲ ကြည့်မိသည်။ ကျောပိုးအိတ်။ ငါဘယ်မှ မသွားပဲနဲ့ ငါနားကနေ ဘာဖြစ်လို့ ပျောက်သွားလဲ။ မြဝန်းရံ



အနီးအနားက သစ်ပင်ခြေရင်းတွေ ချုံနွယ်တွေကြားမှာ လက်လှမ်းမီသမျှ လိုက်ရှာသည်။

မတွေ့ရ။

ဘုရားဘုရား။

နတ်ဝှက်တယ်ဆိုသောစကားကို ငယ်ငယ်တုန်းက လူကြီးသူမတွေ ပြောသံကြားခဲ့ဖူးသည်။ နေဝင်ရီတရောအချိန်မှာ တူတူ ပုန်းတမ်း မကစားရဘူး နတ်ဝှက်တတ်တယ်။ အခုလို တောထဲမှာရော နတ်က ဝှက်တတ်သလား။ ဟင့်အင်း မြဝန်းရံ နတ်ကို မယုံပါ။ သို့သော် တစ်ခုခုတော့ မှားနေပြီဟု ချက်ချင်း သိလိုက်သည်။

စောစောက နောက်ဘက်မှကြားရသော သစ်ရွက်ကြေမြည်သံများ၊ ခြေသံများ၊ ရိပ်ခနဲ လှုပ်ရှားသွားသော သစ်ပင်ကွယ်မှ အရိပ်အယောင်များ။

'ဦးကြီး ကျွန်မတို့ ပြန်ကြဖို့ကောင်းပြီ။ နေမဝင်ခင် အိမ်ပြန်ရောက်မှဖြစ်မယ်'

တစ်ယောက်ယောက်များ ခပ်လှမ်းလှမ်းမှာ ရှိနေခဲ့ လျှင် ကြားနိုင်လောက်သည့်အသံဖြင့် ဦးကြီးကို ဆွဲခေါ်သည်။

'လာနော် ဦးကြီး ပြန်မယ်'

ဦးကြီးက သဘောတူစွာပင် လေးလေးတွဲ့တွဲ့ကြီး ထရပ်လိုက်သည်။ ခက်တာက ဘယ်ဘက်ကို ပြန်ရမှာလဲဟု ဝေခွဲမရတော့ခြင်းပင် ဖြစ်လေသည်။

ထိုအချိန်မှာ ခပ်လှမ်းလှမ်း သစ်ပင်ထိပ်ဖျားဆီမှ ကျိုကျိုကျာကျာ စူးစူးရှရှအော်မြည်သံတွေကို ကြားရသည်။ မော့ကြည့်လိုက်တော့ သစ်ပင်ကိုင်းဖျားတွေ လှုပ်ရမ်းသွားအောင်ပင် ပြေးလွှားနေကြသော ရှဉ့်လေးတွေကို မြင်ရသည်။ ကြည်နူးစွာ

www.burmeseclassic.com

www.burmeseclassic.com



ပြေးကြတာမဟုတ်နိုင်။ အန္တရာယ်ကြောင့် ပြေးလွှားကြတာနှင့်တူသည်။ ငှက်တချို့ ဝေါခနဲ ထပျံ ပြေးသံလည်း ကြားရသည်။

ဒီတောထဲမှာ ဘာအကောင်ကြီးကြီးမှ မရှိဘူးလို့ မသီရိက ပြောခဲ့သည်။ အဟုတ်ပဲလား။ အရင်ကမရှိပေမဲ့ အခုအခါ သစ်ပင်တွေကြီးပြီး တောကနက်လာရင် အကောင်ကြီးတွေ ဝင်မလာနိုင်ဘူးလား။

'ဦးကြီး ဘယ်ဘက်ကို ပြန်ရမှာလဲ'

ဦးကြီးက နေရောင်ကို မော့ကြည့်သည်။ ဟုတ်သားပဲ။ ငါ့နှယ်နော်။ နေတစ်ခုလုံးကို အားကိုးလို့ရရက်နဲ့။ မြေပုံကို ကြည့်ဦးမှ။ အို မြေပုံသည် ကျောပိုးအိတ်ထဲသို့ ပါသွားပြီ။ နှလုံးသားကို အေးစက်သည့်အရာတစ်ခုက ဆွဲဆုပ်ညှစ်ပစ်လိုက်သလို နာကျင်စွာ အေးခဲသွား၏။ ကျွန်မကျောပိုးအိတ် ဘယ်မှာလဲ။

ဦးကြီးက ဟိုဘက်သွားမယ်ဟု လက်ညှိုးညွှန်ပြသည်။ နေရောင်နှင့်ဆန့်ကျင်ဘက်ကို ပြခြင်းဖြစ်သည်။ မြဝန်းရံသည် ဦးကြီး၏အသက်အရွယ်နှင့် ဒေသန္တရပထဝီဉာဏ်ကို လုံးဝ ယုံကြည် စိတ်ချလိုက်သည်။

သစ်ပင်တစ်ပင်နှစ်ပင်ကို ကျော်လိုက်မိသည့်အချိန်တွင် ထူးဆန်းသည့်အသံတစ်ခုကို ကြားရသည်။ ထုန္ဒက်သံ။ တူထုသည့်အသံလား။ အနားမှာ တောစောင့်တွေ အလုပ်လုပ် နေကြသလား။

'ကိုဖိုးလုံးလား'

မိမိသိသောနာမည်ကို ခေါ်ပြီးမေးလိုက်သည်။ အသံက ရပ်သွားသည်။ ခဏကြာတော့ ပြန်ပေါ်လာပြန်သည်။ တူထုသလို ခပ်လေးလေးမဟုတ်။ ခဲလုံးပစ်သည့်အသံမျိုး။ လေးလံသော အသံ မဟုတ်။ ခပ်တိမ်တိမ် သို့သော် ခပ်သွက်သွက်။



'ဦးကြီး ကြားလား'

'အေး'

'ဘာသံလဲ'

'မသိဘူး' ဟု ပြောလိုဟန်ဖြင့် တစ်ခုခုအသံထွက်ပြီး ခေါင်းယမ်းသည်။ ထို့နောက် သူကိုယ်တိုင်ပင် ဒီနားမှာနေရ တာကို မသိုးမသန့်ဖြစ်လာသည်။ အသံက မရပ်မနားမြည်ပြီးနောက် ရပ်သွားသည်။ အို အခုမှ သတိရသည်။ ဦးကြီး၏လူပုံ ပန်းချီစက္ကူစောစောက အနားတွင် ကျန်ခဲ့ပါရောလား။ ပြန်ယူရင် ကောင်းမလား။ ထားခဲ့ရမလား။ ကိုပြေ့အလုပ်သမားတွေ တွေ့ရင် ဘာဖြစ်မလဲ။ သူတို့ ကိုပြေ့ဆီ အပ်မှာပဲ။ ကိုပြေက ဦးကြီးလက်ရာမှန်း သိမှာပဲ။ တစ်ခုခုကိုများ သူ ခြေရာခံမိသွားခဲ့ရင်...။ မဖြစ်သေးပါဘူး။ ကိုပြေ ဒီအကြောင်းတွေကို ရိပ်မိ သွားလို့ မဖြစ်ဘူး။

'ဦးကြီး ခဏလေးနော်။ ကျွန်မ ပုံလေးကို သွားပြန်ယူလိုက်ဦးမယ်'

ခပ်သုတ်သုတ် နဂိုနေရာသို့ ပြန်ပြေးလာခဲ့သည်။ စက္ကူလေးက မူလနေရာမှာမရှိ။ ဟင် ဘယ်ပျောက်သွားပြန်တာပါလိမ့်။ ရင်တထိတ်ထိတ်ခုန်လျက် ဟိုဟိုသည်သည် လှည့်ပတ် ရှာကြည့်မိသည်။ သစ်ရွက်ကြွေအကြား၊ ချုံနွယ်တွေအောက်။ ခဏကြာတော့မှ လေဖြင့်လွင့်ပြီး ပါသွားသည့် ခပ်ဖြူဖြူအရာလေးတစ်ခုကို မြင်ရသည်။ ဟုတ်တယ်။ အဲဒါ ပန်းချီစက္ကူလေးပဲ။ စက္ကူက ထူသဖြင့် ဝေးဝေးသို့ မရောက်ပါ။ မြဝန်းရံ အပြေးအလွှား သွားကောက်ယူလိုက်သည်။

ထိုအချိန်မှာ နှာခေါင်းထဲမှာ အနံ့တစ်ခုခုရသလို ခံစားလိုက်ရခြင်း ဖြစ်သည်။ ညှော်နံ့လား။ စက္ကူမီးမြှိုက်သည့်အနံ့လား။ လက်ထဲက စက္ကူကို တွေတွေဝေဝေ စိုက်ကြည့်နေမိ၏။ အနံ့က

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ပိုပိုပြီး နံလာသည်။ မီးလောင်နေတဲ့ အနံ့။ သစ်ရွက်ကြွေတွေ မီးလောင်နေပြီလား။

ဒီလိုနွေရာသီမှာ တောကို မီးရှို့ပြီး တောင်ယာတွေ လုပ်ကြသည်ဟု သိသည်။ သို့သော် အခုဟာက တောင်ယာလုပ်သည့် ဒေသမဟုတ်။ ခပ်လှမ်းလှမ်း တောင်စောင်းကို လှမ်းကြည့်လိုက်သည်။ ဘာတောင်ယာမှ စိုက်မထားသည့် မြေကြီး။ မြက်ခြောက်တွေ ကြီးစိုးနေသည့် တောင်စောင်း။ ဘယ်နေရာမှာများ မီးလောင်နေပါလိမ့်။

ညှော်နံ့သည် ပိုပိုပြီး စူးရှလာသည်။ မီးခိုးနံ့ပါ ရောလာသည်။ ဟုတ်တယ်။ တစ်နေရာရာမှာတော့ မီးလောင်နေပြီ။ နေပူကျဲကျဲမှာ ကြွပ်ရွခြောက်သွေ့နေသည့် လောင်စာရွက်ကြွေတွေထဲမှာ မီးလောင်နေပြီ။

မီးလောင်နေပြီဟုသိလိုက်ရသော်လည်း လူက နေရာက နေ ရွှေ့လို့မရ။ မီးကို အချိန်မီ မငြိမ်းသတ်နိုင်လျှင် ကိုယ့်ဆီကို မီးရောက်လာပြီး မီးထဲပါသွားနိုင်သည်ဆိုတာကို သိလျက်နှင့် မလှုပ်မယှက် ကြောင်နေမိသည်။

ထိုအချိန်မှာ ခြေသံတဖျောက်ဖျောက် သူမ အနားသို့ ပြေးလာ၏။ အရွက်ကြွေတွေနင်းသံ၊ လေးပင်သောခြေသံ၊ သူမ ကြောက်ကြောက်လန့်လန့်ဖြင့် လှည့်ကြည့်လိုက်တော့ ဦးကြီး။ ဦးကြီးက မြဝန်းရံဆီ ပြေးလာခြင်း ဖြစ်သည်။

'ဦးကြီး'

ဦးကြီးက မြဝန်းရံကို ကျော်သည်အထိ ပြေးသွား၏။ ချက်ချင်းပင် သိလိုက်သည်။ မီးလောင်နံ့ကို ဦးကြီးလည်း ရတယ်။ နွေလေက ဟိုမှသည်မှ နေရာအနှံ့ ဝေ့ကာ ဝိုက်ကာ တိုက်ခတ်နေသဖြင့် မီးခိုးနံ့ ဘယ်ကလာမှန်း သူမ မသိပါ။ သို့သော် အသက်



ခြောက်ဆယ်အရွယ် အတွေ့အကြုံများသော ဦးကြီးက သိသည်။

ဦးကြီးပြေးသည့်နေရာသို့ မြဝန်းရံ မီအောင် မလိုက်နိုင်။ မြေပြင်သည် ခြောက်သွေ့နေသော ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်းနေ၏။ ခြေချလိုက်တိုင်း မြေပြင်နှင့် တိုက်ရိုက်မထိ။ ဆူးနှင့်ခြစ်မိ၊ သစ်ကိုင်းတွေနှင့် ခလုပ်တိုက်မိ။

ထို့နောက် တဖျစ်ဖျစ်မြည်သည့် မီးဖျောက်သံများကို ကြားရတော့သည်။ ရှေ့တစ်လှမ်းထပ်တိုးလိုက်တော့ မီးခိုးတွေ။ မီးခိုးတွေကြားမှာ မြင်ရသည့် လှုပ်ရှားမှုတစ်ခု။ ဦးကြီး။ သို့သော် လူတစ်ယောက်တည်းမဟုတ်။ နှစ်ယောက်လား။ သုံးယောက်လား။ မသဲကွဲသော မြင်ကွင်းကို နောက်ထပ်မီးခိုးတွေက ဖုံးအုပ်လိုက်သည်။ မီးခိုးတွေက မျက်စိထဲသို့ဝင်သလို နှာခေါင်းထဲပါးစပ်ထဲသို့လည်း ဝင်လာသည်။ နှာမွှန်ကာ ချောင်းတဟွတ်ဟွတ်ဆိုးလာသည်။

မီးခိုးများကြားတွင် လှုပ်ရှားနေတာက လုံးထွေးနေသောလူနှစ်ယောက်ဟုထင်ရှားလာ၏။ ဂူးဂူးဝါးဝါးအသံက ဦးကြီးအသံ။ မြဝန်းရံ မီးခိုးများရှိရာသို့ အလောတကြီး လှမ်းလိုက်သော်လည်း မျက်နှာကို အပူငွေ့ဟပ်လိုက်သဖြင့် အလန့်တကြားနောက်ဆုတ်လိုက်မိတော့သည်။

အို မဖြစ်သေးပါဘူး။ ဦးကြီးနဲ့ တိုက်ခိုက်နေတာ ဘယ်လိုလူ ဖြစ်မလဲ။ မြဝန်းရံ တစ်ခုခုတော့ ကူညီပေးမှ ဖြစ်မည်။ ဦးကြီး အန္တရာယ်မရောက်ဖို့ အခုအခါ မိမိ၏တာဝန်ဖြစ်သည်။ အပူဒဏ်ကိုလည်း ခဏသည်းခံ၊ အသက်ရှူမဝတဲ့ဒဏ်ကိုလည်း ခဏအောင့် လိုက်စမ်းပါ။ ခဏလေး။ တစ်မိနစ် နှစ်မိနစ်ပဲ အောင့်လိုက်ပါ။ ကိုယ့်ကိုယ်ကို အားတင်းသည်။ ရှိစုမဲ့စု သတ္တိကိုစုစည်းပြီး မီးတွေကြားသို့ ဇွတ်တိုးဝင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ နားကွဲမတတ် ဆူညံသောအသံတစ်ခု တဖျစ်ဖျစ် မီးလောင်သံတွေထဲမှာ ရုတ်တရက် ပေါ်ထွက်လာ၏။ အင်ဂျင်စက်သံတစ်ခု။ မီးစက်သံလား။ မြေကြီးသိမ့်သိမ့်တုန်လာသည်။ တဖြည်းဖြည်းနီးကပ်လာသော ဆိုင်ကယ်စက်သံ ဖြစ်၏။ အားတက်သွားသည်။ ရှေ့သို့ ထပ်တိုးသွားလိုက်သည်။

အပေါ်စီးရနေသောလူသည် အောက်က လူကို ထုနှက်နေရာက ခဏရပ်သွားပြီး ဆိုင်ကယ်သံလာရာသို့ မှန်းဆကာ ခေါင်းထောင်ကြည့်၏။ မီးခိုးကြားမှာပေမဲ့ ဒါ ဦးကြီးမဟုတ်ဘူး။ မြဝန်းရဲ့သိပါသည်။ ဦးကြီးလို ဆံပင်မတိုဘူး။ ဦးကြီးလို ဝါကျင်ကျင်ဖျင်အကျီမဟုတ်ဘူး။

အချိန်က ခဏလေးပဲ ရသည်။ စက္ကန့်ပိုင်းပဲ ရသည်။ ထိုခဏလေးမှာ လက်ထဲမှာ အခုထိကိုင်ထားမိဆဲအရာနှင့် ထိုလူ့ခေါင်းကို အားကုန် လွှဲရိုက်ချပစ်လိုက်၏။

ချိန်တုန်းက ခေါင်းကို ချိန်သော်လည်း ထိုလူက ရှောင်လိုက်သဖြင့် လွဲသွားသည်။ ထိလား။ ဘယ်နေရာ ထိသွားမှန်းမသိ။ ထိရောက်လား။ ဦးကြီးလွတ်သွားလား။

မိမိ၏ရိုက်ချက် မထိရောက်ဘူးဆိုတာ ညာလက်က အသဲခိုက်အောင် နာသွားတော့မှ သိရသည်။ လက်ကို လိမ်ချိုးခံလိုက်ရခြင်း ဖြစ်သည်။

အမေ။ သူမ လဲကျသွားသည်။

သူမ၏ခေါင်းရင်းဆီမှာ တဖျစ်ဖျစ် မြည်သံနှင့်အတူ မီးတွေလောင်နေသည်။ အပူရှိန်က ပြင်းလွန်းသဖြင့် လက်က နာကျင်မှုကိုပင် မေ့သွား၏။

ဦးကြီးရေ

အော်ခေါ်မိသော်လည်း အသံလုံးဝမထွက်။ နှုတ်ခမ်း



အစုံက လှုပ်လို့လည်းမရ။ မိမိအပေါ်မှာ နီးကပ်စွာအုပ်မိုးနေသော မျက်နှာ။ မှောင်မဲသောမီးခိုးကြားထဲမှ ပြူးကျယ်သော မျက်လုံးများ။

'ဆရာမ၊ ဆရာမ ဦးကြီး'

အဝေးမှ လှသံသဲ့သဲ့ကိုကြားလိုက်ရသည်ဟု ထင်သည်။ လေက တဝုန်းဝုန်း တိုက်ခတ်လာသည်။ မီးတောက်လောင်သည့်အသံက တဖျောင်းဖျောင်း ကျယ်လောင်လာ၏။

'ချောင်းဘက်ကို ပြေးပါ။ မီးလောင်နေတယ်။ ချောင်းဘက်ကို ပြေးပါ'

ဘယ်သူလဲ။

ကိုပြေလား။ ကိုပြည်မိုးငြိမ်း။

နှုတ်ခမ်းကို လှုပ်လို့မရ။ အသက်လည်း ရှူလို့မရ။ နာကျင်မှုသည် ညာလက်မှ လည်ပင်းဆီ ရင်ဘတ်ဆီ။ လေကို အငမ်းမရ ရှူဖို့ ကြိုးစားသည်။ သို့သော် မီးခိုးတွေသာ ရှူမိသည်။

အရှိန်ညီးညီး ပူပြင်းတောက်လောင်သော မီးတောက်မီးလျှံများသည် မိမိအား ပတ်လည်ဝိုင်းနေပါပကောလား။ မိမိက မြေပြင်ပေါ်မှာ ပက်လက်လဲကျနေသည်။

ပူလိုက်တာ။ အသားတွေ အရေပြားတွေ တဖျစ်ဖျစ် မြည်အောင် မီးလောင်မြိုက်ခံနေရ၏။ မျက်စိတည့်တည့်မှာ ကောင်းကင်မရှိဘဲ ပူပြင်း လောင်ကျွမ်းသော မီးတောက်တွေပဲ ရှိသည်။

တစ်ခုခု လေးပင်စွာ ပိကျလာသည်။ ကောင်းကင်ကြီးပြိုကျလာတာလား။ အသက်ရှူလို့ မရ။ သွေးရူးသွေးတမ်း ကြောက်လန့်ကာ လက်က တစ်ခုခုကိုဖမ်းဆွဲဖို့ ကြိုးစားသော်လည်း ဘာကိုမှ မမိ။ ကိုယ်ခန္ဓာက လေထဲမှာ လွင့်မျောသွားသည်။ အမှောင်ထုထဲသို့ ရောက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပုလိုက်တာ။ တစ်ကိုယ်လုံး မီးဖြင့် လောင်ကျွမ်းနေသည့် ဝေဒနာကြားမှ မြဝန်းရံသည် တစ်ယောက်ယောက်ကို ရှာဖွေ နေဆဲ။ သူ့ကို လာလည်းလာစေချင်သည်၊ လာမှာလည်း စိုးရိမ်သည်။

မီးတောက်တွေ။

မီးတောက်များသည် မြင်ဖူးသမျှ မီးတောက်ထဲတွင် အမြင့်ဆုံး ဖြစ်သည်။ မီးတောက်တို့ အလျှံညီးညီး လောင်မြိုက်နေပုံမှာ ထူးဆန်းလွန်းသဖြင့် မျက်စိကို မီးတောက်တို့ဆီမှ မခွာနိုင်။ ရှည်လျားသော အနီရောင်ပုဝါများ မြိုင်မြိုင်ဆိုင်ဆိုင် ယိမ်းကနေသလို ကွေ့ဝိုက်ပတ်လျက် ဟိုဘက်ယိမ်းလိုက် ဒီဘက်ယိမ်းလိုက်နှင့်ညီညာလွန်းနေသည်။ သစ်ရွက်ကြွေများ လောင်ကျွမ်းရင်း လေဖြင့် အထက်ကောင်းကင်သို့ ဝေ့ဝဲ ပျံတက်သွားပုံမှာ ပုံပြင်ထဲမှာ သာကြားဖူးသော မီးငှက်များကို သတိရစေသည်။ မီးပွင့်များ မီးစများ ပတ်ဝန်းကျင်တစ်ခုလုံးသို့ တဖျောင်းဖျောင်း မြည်လျက် ကူးစက် လွင့်စင်နေကြသည့် တောမီးတစ်ခုကို ဘဝတွင် ပထမဆုံး အကြိမ် စောင့်ကြည့်ဖူးခြင်းပင် ဖြစ်သည်။



မီးတောက်များသည် မီးတောက်သက်သက် မဟုတ်ဘဲ ဝိဉာဉ်တွေပါနေသည်ဟု ထင်သည်။ အကြောင်းမှာ တဟုန်းဟုန်း တောက်နေသော မီးတောက်များသည် မျက်စိအောက်မှာပင် အရိပ်သဏ္ဌာန်များအဖြစ် ခဏချင်းမှာ လျှင်မြန်စွာ ပြောင်းလဲသွားပြီး လူပုံသဏ္ဌာန်အသွင် ကိုယ်ထင်ပြသွားခဲ့သည်။

ထိုလူပုံသဏ္ဌာန်ထဲမှာ လှည်းယာဉ်ကြော့တစ်စီးပေါ်က မိန်းမတစ်ယောက်တောင် ပါသည်။

လှည်းယာဉ်၏ဘေးအကာ နံရံတိုင်တွေက သစ်သားပေါ်မှာ ကနုတ်ပန်းကွက် ဖော်ထားသည့် ရှေးခေတ်လက်ရာ တိုင်များ ဖြစ်သည်။ ရှေ့ဆုံးတိုင်က နဂါးကိုယ်ထည် ထုလုပ်ထားသည့်တိုင်။ နောက်ဆုံးလှည်းတိုင်သုံးခုမှာ အဆင့်ဆင့် မြင့်တက်ပြီး အပေါ်သို့ အတွင်းသို့ စောင်းအမြီး ဝိုက်သလို ကွေးကောက်တက်သွားသည်။ လှည်းမြီးတိုင်စွန်းမှ ပန်းရောင်၊ အနီရောင်၊ ခရမ်းရောင် ပန်းပွားအလုံးများ အဆင့်ဆင့် တွဲလွဲကျနေသည်က လှည်းယာဉ်ကြော့၏ အလှကို ပိုထူးခြားအောင် ဖြည့်စွက်ပေးနေသည်။

ထိုလှည်းယာဉ်ပေါ်မှာ မိန်းမတစ်ယောက်။ ဆံမြိတ်နှင့် ပန်းကို ထင်ထင်ရှားရှားမြင်ရသော်လည်း မျက်နှာကတော့ မီးတောက်ထဲမှာ မသဲမကွဲ။

ထို့နောက် လှည်းယာဉ်ကြော့က မျက်စိအောက်မှာပင် မီးတောက်တွေထဲမှာ အခိုးအငွေ့အဖြစ် ပျောက်ကွယ်သွားပြီး ဆန်ဖွတ်မောင်းထောင်းနေသည့် မိန်းကလေးတစ်ယောက်၏ပုံသဏ္ဌာန်ဖြစ်လာပြန်သည်။ ငါးလက်မပတ်လည်ထု သစ်သားချောင်း မောင်းအရှည်ကို ခြေဖြင့်နင်းနေသည့် မိန်းမ။ ရှေ့က မောင်းတွင်းထဲသို့ သစ်သားကျည်ပွေ့ကြီးကျမလာမီ အထဲက ဆန်လုံးတီးများကို လျှင်မြန်သောလက်ဖြင့် ကော်ပြီး ဖွပေးနေသည့်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမငယ်တစ်ယောက်။ ဘေးမှ ဆန်ကော၊ ဆန်တောင်းများ။ မိန်းမငယ်လေးသည် မီးတောက်မီးလျှံများဖြင့် ဝါးမျိုခံရပြီး တဖြည်းဖြည်း အိုမင်းရင့်ရော်လာကာ အဘွားအိုတစ်ယောက် အသွင်သို့ ပြောင်းလဲသွားသည်။

ဘုရား ဘုရား။ ကြောက်စရာကောင်းလိုက်တာ။

ငှက်တွေလေ ငှက်တွေ။ နမိတ်မကောင်းဘူးဆိုတာ အဲဒါပေါ့။ အဘွားအိုက ပြောနေသည်။

'မေ မေ'

'ညီမရေ'

နားနားသို့ကပ်ပြီး တိုးတိုးလေး ခေါ်သည့်အသံကို အရင်ဆုံးကြားရသည်။

ညီမရေ။

တိုးတိတ်သောခေါ်သံ။ ယောကျ်ားတစ်ယောက်၏အသံ။ မျက်လုံးတွေကို တော်တော်နှင့် ဖွင့်မရ။ နာကျင်စွာ စေးကပ်နေကြသည်။

အိပ်ရာမှ နိုးနိုးချင်း ပထမဦးဆုံး သိလိုက်ရသည်မှာ စောစောက အပူရှိန်တွေ မရှိတော့ဘဲ အေးမြသည့်လေထုထဲမှာ ရောက်နေပြီ။ မျက်လုံးဖွင့်လို့ရသည်နှင့် မြင်လိုက်ရသည်မှာ စိုးရိမ်ပူပန်စွာ မျှော်လင့်တကြီး ကြည့်နေသော မျက်ဝန်းများ။

အဲဒီမျက်ဝန်းတွေကို ကျွန်မ သိတယ်။

ညီမရေ

တတွတ်တွတ်ခေါ်သံ၊ တိုးတိတ်သော ခေါ်သံ။

ကိုပြေလား။

မြဝန်းရံ၏ကိုယ်ခန္ဓာက နူးညံ့နွေးထွေးသည့် မွေ့ရာပေါ်မှာ ရောက်နေသည်။



'ကိုပြေ မောင်လေး သွားနားဦးလေ။ မမဝေ စောင့်ပါဦးမယ်။ မင်းဒဏ်ရာတွေလည်း နည်းမှ မနည်းတာ'

'ကျွန်တော် ဘာမှ မဖြစ်ပါဘူးမမဝေ'

ဒဏ်ရာ။ ကိုပြေ။ ကိုပြေ ဘာဖြစ်သွားလဲ။

ထို့နောက် မျက်လုံးတွေက အလိုလို ပြန်မှိတ်ကျသွားတော့သည်။

'သတိတော့ ရပြီမဟုတ်လား'

လူကြီးသံတစ်ခု။ အဲဒီအသံကို ကြားဖူးပါသည်။

'နေပါစေ အိပ်ပျော်နေရင် မနှိုးပါနဲ့'

ဦးသန်းမောင်။

'ဟိုလူ ဒီဆေးရုံမှာပဲ တင်လိုက်တာဆို။ ဘယ့်နှယ်နေလဲ သေပြီလား'

'ဟိုဘက်အဆောင်မှာပဲ။ မသေနိုင်ပါဘူး'

'သေဖို့ကောင်းတာတော်။ ပက်ပက်စက်စက် ယုတ်မာတဲ့သူ။ ကလေးမလေးက ဆယ်နှစ်သမီးလေးတဲ့တော့်'

ဆယ်နှစ်သမီးလေး။ ဘယ်သူလဲ။

ရေတွင်းထဲကျနေတဲ့ ကလေးမလေးတစ်ယောက်။ မိမိရှေ့မှာမြင်နေရတာက ဟိုးအောက်ခြေရေတွင်းထဲမှ တွင်းဝ၏အရိပ်၊ ထိုအရိပ်ထဲတွင် မိမိ၏မျက်နှာ။ ရေက ခပ်လှုပ်လှုပ်မို့ မြဝန်းရံ၏မျက်နှာကလည်း လှုပ်နေသည်။ ထို့နောက် မိမိမျက်နှာ၏ဘေးမှာ ကပ်ရက် ဘွားခနဲ ပေါ်လာသော ကြောက်စရာ မျက်နှာကြီးတစ်ခု။

'မေမေ'

'ညီမ နိုးပြီလားဟင်'

www.burmeseclassic.com

www.burmeseclassic.com



နီးပြီ။ နီးပြီဟု ရေရွတ်လိုက်ပေမဲ့ နှုတ်ခမ်းတွေက လှုပ်ရှားမလာ။ လည်ချောင်းတစ်ခုလုံး ပူလောင်ကာ နာကျင်နေ၏။

'မီးလောင်တဲ့ ဆိုးကျိုးတော့ မသိဘူး ကောင်းကျိုးကတော့ လူသတ်သမားကို မိလိုက်တာပဲ'

မီးတွေ မီးတွေ။ ကိုပြေရော။

'ကို ပြေ မိုး ငြိမ်း'

'ညီမ နေကောင်းလား'

သူ့အသံ။ တိုးတိတ်နူးညံ့သော အသံ။ အသံလာရာသို့ မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ သိမ်မွေ့သော အကြင်နာ မျက်လုံးတွေနှင့် ဆုံမိသည်။

'ရေဆာတယ်'

'သောက်ရမယ် ညီမ။ နည်းနည်းလေးပဲ သောက်ဦး'

မြဝန်းရံ၏နှုတ်ခမ်းမွှာအကြားမှာ အေးမြသော ဇွန်းလေးဖြင့် ရေစက်တစ်စက်ချင်း ကျလာသည်။ အေးလိုက်တာ။ ကျေးဇူးတင်ပါတယ်။

မျက်လုံးတွေ မှိတ်ကျသွားပြန်၏။ မှိတ်ထားသည့် မျက်လုံးထဲမှာ မျက်နှာတစ်ခုကို မြင်လာသည်။ မီးဟပ်ထားသည့် ဆံပင်များလိမ်တွန့်လျက် ပြူးကျယ်နီရဲသော မျက်လုံးများဖြင့် အညိုးတကြီး ငုံ့ကြည့်နေသော ယောက်ျားကြီးတစ်ယောက်၏ မျက်နှာပါလား။

'အား'

ကြောက်လန့်တကြား ဆုပ်မိဆုပ်ရာ ဆုပ်လိုက်သည်က ရေပြာတစ်စက်ချင်း ချပေးနေသည့် လက်ကို ဖြစ်သည်။ ထိုလက်ကြောင့်ပင် အမှောင်ထုထဲမှ ပြန်ရောက်လာခဲ့သည်။

'ညီမ ဘာမှ စိတ်မပူနဲ့နော် ကျွန်တော် ရှိတယ်'



ရေစက်လေးတွေ မေးစေ့ဆီသို့ ဖိတ်စင်ကျလာသည်။ နွမ်းလျနေသောနှုတ်ခမ်းတို့ လန်းဆန်းသွားသည်။

ရှင့်လက်ကို ကျွန်မ မှတ်မိနေတယ်။

ဒီတစ်ခါတော့ ထိုလက်ကိုဆုပ်ကိုင်ကာ ရေကို အငန်းမရ သောက်ရန် ကြိုးစားလိုက်မိသည်။ ရေစက်တို့ ဖိတ်စင်ကျလာပြန်သည်။

'ညီမ။ ဖြည်းဖြည်းလေ ဖြည်းဖြည်း'

သူမ၏လက်ကို သူ့လက်ဖဝါးတစ်ခုက ဆုပ်ကိုင်လာသည်။ မိမိနှင့် လက်ချင်းဆုပ်ကိုင်မိသည့်လက်မှာ အိပ်မက်ထဲက လက်ဟု မှတ်မိသည်။ ဘာကြောင့်လဲဆိုတော့ ဒီလောက် မြဲမြံသေချာသော လက်တစ်ခု၏ ထွေးဆုပ်မှုကို တစ်ခါ ခံစားခဲ့ပြီးလျှင် ဘယ်တော့မှ မမေ့နိုင်တော့လို့ပဲ ဖြစ်သည်။

သူမ မျက်လုံးဖွင့်ကြည့်လိုက်၏။

'ကိုပြေ'

'ကျွန်တော် ရှိတယ်။ ညီမ မကြောက်နဲ့နော်'

ကျွန်မ ဘာကိုမှ မကြောက်တော့ပါဘူး။

'အိပ်ပျော်အောင် အိပ်နော်'

သူ့လက်၏နွေးထွေးသည့်လုံခြုံမှုအောက်မှာ မြဝန်းရံသည် ဘာကိုမှ မစိုးရိမ်တော့ပေ။

သူက ခပ်တိုးတိုး လေသံသဲ့သဲ့ဖြင့် ပြောနေသည်။

'ကျွန်တော် ကဗျာတစ်ပုဒ် ဖတ်ပြမယ်။ မျက်စိမှိတ်ပြီး နားထောင်နေ'

အို။ မြဝန်းရံ မျက်လုံးမှိတ်ထားလျက်က ကြည်နူးစွာ ပြုံးနေမိလေသည်။

'အော်ဒင်ရဲ့ နာမည်အကြီးဆုံးကဗျာ'

www.burmeseclassic.com

www.burmeseclassic.com



"သူတို့စောင့်ရှောက်သော်ငြား
ကိုယ်ငရဲရောက်နိုင်သား"
ကြယ်တွေကို မော့ကြည့်ကာပင်
ကိုယ်တရေးရေးသိမြင်။
မြေပေါ်မှာဖြင့်
အနည်းဆုံးတော့ လစ်လျူရှုသင့်
လူ သို့မဟုတ် တိရစ္ဆာန်ကို
ကိုယ်တို့ ကြောက်ရမယ်ထင့်။
ကြယ်ဆိုတာက ကိုယ်တို့အတွက် လောင်ကျွမ်းနေရ။
ကိုယ်တို့က ဘာမှ ပြန်မပေးနိုင်ဘူးဆိုပါရင်၊
ဒါမျိုးဟာ ကောင်းရဲ့ လား။
ချစ်ခြင်းမတူနိုင်သော်မှဖြင့်
ပိုချစ်တဲ့သူ ကိုယ်ဖြစ်ပါရစေ။
အပြစ်မတင်တတ်တဲ့ ကြယ်တွေကို
ချီးကျူးငေးမောသူ ကိုယ်ဟာ
ကြယ်တစ်စင်းကို
တစ်နေ့လုံးလွမ်းနေတယ်လို့ မပြောသာပါဘူး။
'ကြယ်တွေအားလုံး ပျောက်ကွယ်သွားခဲ့ရင်
ဒါမှမဟုတ် သေဆုံးသွားခဲ့ရင်
ကိုယ်က ဗလာကောင်းကင်ကို မော့ကြည့်ရင်း
ပိန်းပိတ်တဲ့အမှောင်ရဲ့ ခမ်းနားမှုကို
ခံစားယူရတော့မယ်။
အချိန်တော့ နည်းနည်းယူရမှာပေါ့'



သူ ခပ်ဖွဖွ ပြုံးနေလိမ့်မည်ဆိုတာ သူ့အသံမှတစ်ဆင့် မြဝန်းရံ သိနေပါသည်။

နောက်တစ်ကြိမ် မြဝန်းရံနိုးလာချိန်မှာ အခန်းထဲမှာ နှင်းဆီပန်းရနံ့မွှေးပျံ့နေသည်။ သူမအားရပါးရ ရှိုက်ရှုလိုက်၏။

သည်တစ်ခါတော့ မျက်လုံးဖွင့်ရတာ မခက်ခဲတော့ပေ။

စိုးရိမ်တကြီး ကြည့်နေသော ကရုဏာမျက်ဝန်းများကို နီးကပ်စွာ မြင်တွေ့ရသည်။ ထို့နောက် ပါးလျားပြီး ထောင့်စွန်းတွေမှာ အရေးအကြောင်းထင်နေသည့်နှုတ်ခမ်းများ။

'အို မေမေ'

'သမီးလေး နေကောင်းလား'

'ဟုတ်'

စကားပြောရတာလည်း အရင်လို မခက်ခဲတော့သည်ကို သတိထားမိသည်။

'အမလေး တော်ပါသေးရဲ့။ ဘုရားသိကြားမလို့ သမီး ဘာမှ မဖြစ်တာ။ ကြားလိုက်ရတုန်းက အမေဖြင့် ခေါင်းတစ်ခုလုံး ကို ပူထူသွားတာပဲ'

အခန်းကျဉ်းကျဉ်းသည် လေအေးစက်ဖွင့်ထားသည်မို့ လတ်ဆတ်သောလေအေးဖြင့် နေသာထိုင်သာရှိသည်။

'အခုဟာက အိမ်မဟုတ်ဘူးနော်'

'အိမ်မဟုတ်ပါဘူးတော်။ ဆေးရုံမှာ'

မေမေ့အသံက စိတ်လှုပ်ရှားပျော်ရွှင်မှုဖြင့် လှုပ်ခတ်နေ လေသည်။

'မောင်ဇင်တောင် စနေနေ့ကျရင် လိုက်လာမယ်တဲ့'

'ဦးကြီးရော'

www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးဆိုသည့်စကားလုံးကို မေမေ မသိနိုင်သော်လည်း မေးမိသွားသည်။

'ဦးကြီးလည်း ဒီဆေးရုံမှာပဲ။ ယောကျ်ားဆောင်မှာ ညီမ၊ ဦးကြီးဒဏ်ရာက ပိုများတယ်'

အမျိုးသမီးအသံတစ်ခုက ဖြေသည်။ မသီရိအသံ။

မြဝန်းရံ ရှိသမျှအင်အားကို သုံးပြီး အိပ်ရာမှ ထထိုင်ဖို့ ကြိုးစားသည်။

'အို ညီမ မထနဲ့ဦးလေ။ ညီမလက်မှာ ဒရစ်ပိုက်နဲ့ ဆေးသွင်းထားတယ်'

မြဝန်းရံလက်ကိုအသာဖိထားသည့် ဘယ်ဘက်က လက်မှာ မသီရိ၏လက်ဖြစ်သည်။ မသီရိ ပြုံးနေသည်။

'ဒါပေမဲ့ ဦးကြီး အခြေအနေကောင်းပါတယ်ညီမ၊ မစိုးရိမ်ပါရဘူးလေ။ ကိုပြေလည်း ဦးကြီးနားမှာ ရှိတယ်'

မြဝန်းရံ ရင်ထဲမှာ တလှပ်လှပ်တုန်လာသည်။ အားမရှိသလို မောလိုက်နေသည်။ ခုတင်ဘေးသို့ အနီရောင်ထမီဝတ် သူနာပြုဆရာမလေးတစ်ယောက် ရောက်လာပြီး အဖျားတိုင်းသည်။ အဖျားမရှိတော့ဘူးဟု ပြောသည်။

'သမီးဒီမှာရောက်နေတာကို မေမေ ဘယ်လိုလုပ်သိလဲ'

'ဒီဆရာမလေးက ဖုန်းဆက်ပြောလို့ သိတာကွဲ့'

မေမေက မသီရိအားလှမ်းကြည့်ပြီးပြောသည်။ မသီရိက မြဝန်းရံအား ချိုမြသောအပြုံးဖြင့် တောင်းပန်သလို ကြည့်လိုက်လေသည်။

'ညီမရဲ့မိဘတွေဆီအကြောင်းကြားပေးဖို့ ရည်ရွယ်ချက်နဲ့ တို့ ညီမရဲ့ ကျောပိုးအိတ်ကို ဖွင့်ရှာခဲ့တယ်'



ကျောပိုးအိတ်။ ကိစ္စမရှိပါ။ အိတ်ထဲတွင် လျှို့ဝှက်ထားသောအရာ တစ်ခုမှ မပါပါ။

'ညီမရဲ့ လိပ်စာ မတွေ့ဘူး။ ဒါပေမဲ့ ညီမရဲ့ ဟင်းဖုန်းထဲက နံပါတ်တွေကို ကြည့်တော့မှ အိမ်ဖုန်းနံပါတ်ကို တွေ့တယ်။ အကြောင်းကြားသင့်တယ်ထင်လို့ တို့ လှမ်းဆက်ပြီး ပြောပြလိုက်တာ။ အဲဒါလည်း တောင်းပန်ပါတယ်'

'အို ရပါတယ်အစ်မရယ် ကျွန်မအတွက် စိုးရိမ်လို့ လုပ်ခဲ့တာပဲ။ လုပ်လည်း လုပ်သင့်ပါတယ်'

မေမေရောက်လာသည့်အတွက် မြဝန်းရံ၏ဘဝတွင် ပြည့်စုံသွားပြီဟု ကိုယ့်ကိုယ်ကို အားတင်းကာ ပြုံးလိုက်ပါသည်။ သို့သော် နှလုံးသား၏ မမြင်နိုင်သော ထောင့်တစ်နေရာမှ မိမိဘေးမှာ ရှိနေဖို့ လိုနေသေးသော လူတစ်ယောက်ကို တမ်းတနေမိပါရောလား။ အခန်းဝင်ပေါက်မှ နောက်ထပ် ရောက်လာမည့်လူ။ သူက ဦးကြီးနားမှာ ရှိနေတယ်တဲ့။ ခဏကြာလျှင် သူမဆီ ရောက်လာ နှုတ်ဆက်မှာပေါ့။

မိမိမျက်လုံးအကြည့်ကို သူများ သတိမထားမိအောင် မမျှော်သလိုမျှော်သလို ခပ်ကွယ်ကွယ် မျှော်ကြည့်နေမိဆဲ။ သို့သော် သူ မရောက်လာခဲ့ပေ။

'မီးလောင်တာ တော်တော်ကုန်သွားလား တူမ'

'သစ်တောရဲ့သုံးပုံတစ်ပုံလောက်ကုန်သွားတယ် အန်တီ။ မီးက သုံးရက်တိတိ ငြိမ်းယူရတာ'

'မီးလောင်တော့ မောင်ပြေကို ဖမ်းကြမှာလား'

'စစ်မေးတာတော့ ရှိတာပေါ့ အန်တီ။ ဒါပေမဲ့ အမိက တရားခံက ဟိုလူသတ်သမားလေ။ အုတ်နဲ့ရွာက မုဒိမ်းသမား။ သူက တရားခံပြေးဆိုတော့ သူပြေးသမျှ ရွာတွေမှာ ခြေရာ

www.burmeseclassic.com

www.burmeseclassic.com



လက်ရာတွေ ကျန်ခဲ့တာချည်းပဲ။ ဒီတောထဲမှာတော့ အကောင်ပလောင်လေးတွေ၊ ရှဉ့်လေးတွေ ငှက်လေးတွေ ရှိတာကိုး။ အဲဒါ ကင်စားဖို့ သစ်ရွက်တွေ မီးရှို့ပြီး မီးမွေးခဲ့တာလို့ ပြောတယ်။ အရှေ့ထဲ ဖျားနာဆောင်မှာတက်နေတဲ့ နာတာရှည်လူမမာ တောစောင့်ကြီး ဦးဘိုးသာက သူတရားခံပါ။ သူဖမ်းပါ လို့ ပြောပြောပြီး ငိုနေသေးတယ် အန်တီရဲ့'

မသီရိက ရယ်သံစွက်လျက် ပြောနေသည်။

ဦးဘိုးသာ။ မြဝန်းရံ ထိုနာမည်ကို ပထမဆုံးကြားဖူးခြင်းဖြစ်ပါသည်။

'အို ဘာဖြစ်လို့တုန်းအေ'

'အော် သူက ဆေးရုံမတက်ခင် တောရဲ့အောက်ခြေက လောင်စာ ချုံနွယ်ပိတ်ပေါင်းတွေကို ကြုံပြီး ရှင်းထားဖို့ မပြောခဲ့ရလို့တဲ့'

ပြောပြီး ရယ်မောသည်။ မေမေကလည်း လိုက်ရယ်၏။

'တကယ်လည်း ဟုတ်မှာပါ အန်တီရယ် သူရှိရင် ဖြစ်ချင်မှ ဖြစ်မှာ။ ဦးဘိုးသာက အလွန်သစ္စာရှိတဲ့ တောစောင့်ကြီး။ ကျွန်မနဲ့ကိုပြေနဲ့ စပြီး အလုပ်လုပ်ကြကတည်းက သူ့စိတ်ရင်းကို သိတယ်။ သစ်တောအုပ်က သူ့ဘဝပဲ။ သိပ်ဂရုစိုက်တာ။ ကိုပြေတို့ အဘိုးလက်ထက်ကတည်းက လူငယ်လေးဘဝနဲ့ တောကို သူ စောင့်ရှောက်လာခဲ့တာ'

မြဝန်းရံက သူတို့စကားတွေကို မကြားတစ်ချက် ကြားတစ်ချက်။ အာရုံက အခန်းဝင်ပေါက်ဆီသို့သာ ရောက်နေသည်။ ခဏဖြစ်ဖြစ် ဝင်လာ နှုတ်ဆက်ရောပေါ့ကွယ်။

မသီရိသည် မေမေ့အား တောမီးအကြောင်းကို ပုံပြင်တစ်ပုဒ်သဖွယ် ပြောပြနေသည်။



မီးစတင်စွဲလောင်သည့်အချိန်မှာ နေ့လည် ၂ နာရီခွဲခန့်ဖြစ်သည်။ ပထမဆုံး မီးလောင်သည့်နေရာမှာ တောအုပ်၏ အလယ ဗဟိုတည့်တည့်ရှိ အကွက်နံပါတ်သုံး ဖြစ်သည်။ တော၏ အလယ်ဗဟိုမှာ မီးခိုးတွေ အူထွက်လာသည်ကို လင့်စင်အိမ်ပေါ်ကနေ မြင်လိုက်ရသူမှာ အဲဒီနေ့မှ အသစ်ရောက်လာသည့် တောစောင့်ဦးကံလှ ဖြစ်သည်။ မီးခိုးကို မြင်သည်နှင့် ပထမဆုံး စလုပ်ရတာက မီးခိုးနေရာနှင့်အနီးဆုံး တာဝန်ရှိသူထံ ရေဒီယိုဆက်သွယ်မှုဖြင့် လှမ်းပြောကာ အသိပေးခြင်းဖြစ်သည်။

သည်နှစ်နွေသည် မနှစ်ကနွေလောက်တောင် မပူပြင်းပေ။ တောမီး လောင်နိုင်ခြေတော်တော်နည်းသောနှစ် ဖြစ်သည်။

တောမီးဖြစ်ပွားနိုင်ခြေ ခန့်မှန်းရာတွင် အဓိက အချက်သုံးချက်ကို တွက်ရသည်။ မိုးတွင်းမှာ နေ့စဉ်မိုးရွာသွန်းသည့် မိုးရေချိန်လက်မ၊ နေ့စဉ်အမြင့်ဆုံး အပူချိန်၊ တစ်နှစ်လုံး ပျမ်းမျှ မိုးရေချိန်တို့ ဖြစ်သည်။ တောမီးလောင်နိုင်ခြေကို အဆင့်သုံးဆင့်ခွဲပြီး တွက်လျှင် ယခုနှစ်သည် အောက်ဆုံးအဆင့်သာ ရှိသည်။

သို့သော် မထင်မှတ်သော လူတစ်ယောက်၏ ပစ်စလက်ခတ် နိုင်မှုကြောင့် အခုလို မီးလောင်မှု ဖြစ်ပွားရလေသည်။

မီးစလောင်သည့်အချိန်တွင် ပြည်မိုးငြိမ်းက မြို့ထဲသို့ ရောက်နေသည်။ မသီရိက တယ်လီဖုန်း လှမ်းဆက်ခေါ်ရသည်။

မသီရိသည် တော၏တာဝန်ခံဝန်ထမ်းတွေ မီးကိုထိန်းဖို့ အလုပ်ရှုပ်နေကြစဉ်၊ မီးသတ်ကားတွေမလာခင်မှာ ပန်းမြိုင်လယ် ဥယျာဉ်ရွာသား ဝန်ထမ်းတွေထဲက အခြေခံမီးသတ်သင်တန်း အတွေ့အကြုံရထားပြီးသား လူတွေကို မီးငြိမ်းသတ်ရာတွင် ကူညီသည့် အကူအညီပေးဖို့ လူစုဝေး ဆော်ဩထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးတောက်မီးလျှံတွေသည် ပေတစ်ရာအမြင့်အထိ မြင့်တက်ကာ တဟုန်ထိုးတောက်လောင်လျက်ရှိသည်မို့ ဥယျာဉ်ကနေ လှမ်းမြင်ရသည့်အခါ နီးနီးလေးဖြစ်နေသည်။ မသီရိက ဒီဘက် ဥယျာဉ် အန္တရာယ်ကင်းအောင် သစ်တောနှင့်ကပ်လျက် ဥယျာဉ် အပိုင်းရှိ သစ်ပင်များအား ရေပိုက်များဖြင့် ထိုးပက် ရေလောင်းနေခဲ့သည်။ သင်တန်းသား သင်တန်းသူတွေက လူအင်အားနှစ်ဆယ်ဖြင့် ဝိုင်းဝန်းကူညီကာ ရေဖျန်းပေးခဲ့လို့သာ တော်တော့သည်။ သားနှင့်သမီးကို အမေ့အနားမှ အဝေးသို့မသွားဖို့ အထပ်ထပ်သတိပေးလျက် သည်ဘက်ခြံမြေတစ်ခုလုံး မီးမကူးအောင် ဂရုတစိုက် ကာကွယ်နေခဲ့ရ၏။

အကွက်နံပါတ်သုံးမှာ အားသာချက်နှင့် အားနည်းချက် ရောနေသည်။ အားသာချက်က စမ်းချောင်းနှင့်နီးသည်။ မီးသတ်ဖို့ရေကို လုံလောက်စွာ ရသည်။ အားနည်းချက်က မီးတားလမ်းနှင့် ဝေးသည်။ မီးသတ်ယာဉ် ဝင်လာမည့်လမ်းနှင့် ဝေးသည်။

ပြည်မိုးငြိမ်းက ကားကို ဒရောသောပါး မောင်းချလာပြီး ရောက်ရောက်ချင်းပင် ဦးကြီးနှင့် မြဝန်းရံကို မေးသည်။ တောထဲမှာ ပိတ်မိနေသည်ဟု မသီရိက အမှန်အတိုင်း ပြောလိုက်သည့်အခါ မီးလောင်နေသောတောထဲသို့ လိုက်သွားသည်။ မသီရိက ဘယ်လိုတားတား မရခဲ့။

'ကားနဲ့ရော ဆိုင်ကယ်နဲ့ရော အားလုံးလိုက်သွားကြပြီ။ မီးတွေကလည်း ထိန်းမနိုင်သိမ်းမရလောင်နေတာ။ မင်း မိုက်ရူးရဲ မလုပ်နဲ့။ မင်း မီးသတ်သမား မဟုတ်ဘူး။ မင်း မီး မငြိမ်းတတ်ဘူး။ ငြိမ်းတတ်တဲ့လူတွေ လုပ်နေတယ်'

မရပါ။ ပြည်မိုးငြိမ်းကို အခုချိန်မှာ မသီရိလည်း မတားမြစ်နိုင်။ ဘယ်အရာကမှ မတားနိုင်တော့ပါ။



'ကိုပြေ'

နောက်ကနေ မသီရိက လှမ်းဆွဲလိုက်တော့ သူ တစ်ခါမှ မကြည့်ဖူးသည့် စိမ်းကားသောမျက်ဝန်းများကို မသီရိ ရင်ဆိုင်လိုက်ရလေသည်။ မသီရိက ထိုအကြည့်ကို နည်းနည်းမှ မမှုပါ။ အခုအချိန်မှာသူမသည် ပြည်မိုးငြိမ်း၏အထင်လွဲမှုနှင့် ခါးသီးသည့်အမုန်းကို ရွေးမလား။ သူ့အသက်အန္တရာယ်မဖြစ်အောင် ကာကွယ်တားဆီးဖို့ ရွေးမလားဆိုလျှင် ဒုတိယအချက်ကို ရဲဝံ့စွာ ရွေးပါမည်။

'မင်း စိတ်ပူတယ်ဆိုတာ မမနားလည်တယ်။ ဒါပေမဲ့ မင်း သွားလို့ မဖြစ်ဘူး'

ပြည်မိုးငြိမ်းသည် မသီရိ ဆွဲဖက်ထားသည့်ကြားမှ ရုန်းထွက်ပြီး မီးတောက်တွေထဲသို့ ဆိုင်ကယ်ဖြင့် မောင်းဝင်သွားခဲ့သည်။

'ဒါကြောင့် ဒီသူငယ်မှာ မီးလောင်ဒဏ်ရာ ရသွားတာကိုး'

'မီးလောင်ဒဏ်ရာဟုတ်လား။ အစ်မ ကိုပြေ ဘာဖြစ်သွားလဲ။ ကိုပြေ ဘာဖြစ်လို့ မလာတာလဲ'

'အို ညီမ၊ ကိုပြေ ဘာမှ မဖြစ်ဘူးလေ။ ညကတောင် ဒီမှာ တစ်ညလုံးစောင့်နေသေးတာပဲ။ သူ့ဒဏ်ရာက လက်မောင်းမှာပါ။ အသက်နဲ့လည်းအဝေးကြီး။ အန်တီနဲ့တောင် စောစောက တွေ့ပြီးပါပြီ'

မေမေ မြဝန်းရံကို စိုက်ငေးကြည့်လိုက်သော မျက်လုံးတို့တွင် အဓိပ္ပါယ်ပေါင်းများစွာကို မြင်တွေ့လိုက်ရတော့သည်။

ဘုရားရေ။ ဒုက္ခပါလား။

သမီးတစ်ယောက်ရဲ့နှလုံးသား ဘယ်ရောက်နေတယ်ဆိုတာ အမေက အသိဆုံးပေါ့နော်် မေမေ။ မြဝန်းရံ ရှက်ရွံ့စွာပင် မျက်လုံးမှိတ်ထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်လို့ရလာသည့်ရက်တွင် မြဝန်းရဲ့ ပထမဆုံး သွားတွေ့မိသူက ဦးကြီး ဖြစ်သည်။ ဦးကြီးဘေးမှာ ရှိကောင်းရှိနေနိုင်သည့် ပြည်မိုးငြိမ်းကို မျှော်လင့်မိသေးသော်လည်း တွေ့မှာမဟုတ်ဘူးဟုလည်း အလိုလိုပင် စိတ်ထဲက သိနေသည်။

ဦးကြီးမှာက မီးလောင်နာတွေ ရှိနေသည်။ သို့သော် ဦးကြီးမျက်နှာက လူနာနှင့်မတူပါ။ လန်းဆန်းနေပါသည်။ ဦးကြီးဘေးတွင် ဘုန်းကြီးကျောင်းသား ကျောက်ခဲကို တွေ့ရသည်။ ဆေးရုံဘီဒိုသေးသေးလေးပေါ်မှာ တင်ထားသော ကိတ်မုန့်၊ ဟောလစ်၊ နို့မှုန့်ပုလင်းတို့ကို စုံလင်စွာမြင်တော့ အပေါ်အင်္ကျီအိတ်ထဲက ထုတ်ယူတော့မည့်ငွေကို အသာပြန်ထားလိုက်သည်။ ဟုတ်တာပေါ့။ မသီရိနဲ့ ကိုပြေက ဦးကြီးကို လိုတာမှန်သမျှ ဖြည့်ဆည်းပေးနေတာပဲ။ မိမိကို မြင်လိုက်လို့ ဦးကြီး ပျော်သွားသည့်မျက်နှာကို မြဝန်းရဲ့ ဘယ်တော့မှ မေ့နိုင်မည်မထင်။

'ဦးကြီး နေကောင်းတယ်နော်'

ဦးကြီးက ပြုံးပြုံးကြီး အေး ဟု ဝိုးတဝါးဖြေသည်။

ဦးကြီးကို နေကောင်းစေချင်သော်လည်း အခုလို ဆေးရုံပေါ်မှာ နေနေရသေးတာကို မြဝန်းရဲ့ ဝမ်းသာမိသည်။ တကယ်လို့သာ ဦးကြီး ဥယျာဉ်ထဲမှာရှိနေလျှင် မီးလောင်မြေကိုမသွားဖို့ ဦးကြီးကို တားမြစ်ရန် တော်တော်ခက်ခဲလိမ့်မည်။ မီးလောင်မြေမှာ ဦးကြီး၏ရွာလေး ရှိနေနိုင်သည်ဆိုတာ ဦးကြီးက စကားဖြင့် ပြောမပြတတ်ပေမယ့် မြဝန်းရဲ့ မှန်းဆမိနေပါသည်။

မေ့လိုက်ပါတော့ ဦးကြီးရယ်။ ဘဝတွေဟာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ပြန်ပြင်လို့မရအောင် ထာဝရပြောင်းလဲသွားတတ်တာပဲ။ ဦးကြီးရဲ့ဘဝ ပြောင်းလဲသွားခဲ့ပြီးပြီ။ အဲဒီဘဝကို ဦးကြီး ဘယ်တော့မှ ပြန်မရနိုင်တော့ဘူးလေ။



ဒုတိယ သွားကြည့်သူက တောစောင့်ကြီး ဦးဘိုးသာကို ဖြစ်သည်။ အသက်ခုနစ်ဆယ်လောက်တောင်ရှိပြီလားမသိ။ ပိန်ချုံးနေသည့် လူမမာအဘိုးကြီးသည် စကားကို လေသံဖြင့်သာ ပြောနိုင်ရှာသည်။ သားသမီးလည်း မရှိ။ တစ်ကိုယ်တည်းမို့ နေ့သူနာပြုညသူနာပြုဖြင့် စောင့်ရှောက်နေရသည်။ နှာခေါင်းပိုက်ဖြင့် အစားအစာကို အချိန်မှန် ထည့်ပေးနေရသည်။

မြဝန်းရဲ့ကို စကားပြောသည့်အခါ အဘိုး မောပန်းနေသည်။

'မီးတစ်ခါမှ မလောင်ဖူးဘူး။ ကျုပ်တစ်သက်မှာ တစ်ခါမှ မလောင်အောင် ထိန်းခဲ့တာ'

'ဟုတ်ပါတယ်အဘိုး။ အခုလည်း နမော်နမဲ့နိုင်တဲ့ တရားခံပြေးတစ်ယောက်ကြောင့်'

'ဘာကြောင့်ပဲဖြစ်ဖြစ် မီးလောင်သွားပြီ။ မောင်ပြေကို ပြောထားတယ်။ မီးလောင်မြေကို လုံခြုံရေးတင်းကြပ်ထားဖို့'

'ဟုတ်ကဲ့အဘိုး'

'သတိပေးလိုက်ပါဦး။ ဘယ်သူစိမ်းမှ အဝင်မခံနဲ့လို့'

'ဟုတ်ကဲ့ပါ အဘိုး ဦးမိုးငြိမ်းကို ပြောလိုက်ပါမယ်'

ဆရာမလေးက အဘိုးကို နှုတ်သိမ့်ပြီး မြဝန်းရဲ့ကို ပြန်ရှင်းပြနေသည်။

'အဘိုးက အသဲရောဂါ အစ်မရဲ့။ ဒါပေမဲ့ အရင်က စားနိုင်သောက်နိုင်ပါတယ်။ မီးလောင်တာကို သိပြီးကတည်းက အခုလို လူမမာလုံးလုံးကြီး ဖြစ်သွားတော့တာပဲ'

ငါးဆန်ပြုတ်ကို ကျေအောင်ချေပြီး နှာခေါင်းပိုက်မှထည့်လို့ရသည်ဟု ဆရာမလေးက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးသာ၏မျက်နှာတွင် လောကကြီးမှာ တွယ်တာစရာ ဘာမှမကျန်တော့သည့်လူသားတစ်ယောက်၏ လက်လျှော့လိုက်သော မျက်လုံးများကို တွေ့ရသည်။ ချက်ချင်းပင် သရက်တောက ဆရာမကြီးကို သတိရသွားမိ၏။ သူတို့နှစ်ယောက်လုံးမှာ ထိုမျက်လုံးတွေက ဆင်တူဖြစ်နေသည်။ အသက်ဆက်ရှင်ဖို့ အားမထုတ်ချင်တော့သော မျက်လုံးတွေ။

'ကိုပြည်မိုးငြိမ်း ဒီနေ့ လာကြည့်သေးလားဟင်'

ဆရာမလေးကို စကားတောက် ကြည့်သည်။

'မနေ့ကတော့ လာတယ်အစ်မ။ ဒီနေ့တော့ မလာဘူး'

မနေ့က လာတယ် ဆိုသောစကားလုံးသည် မြဝန်းရံ၏ နှလုံးသားကို ဓားထက်ထက်ဖြင့် မွှန်းဆွလိုက်သလို စူးစူးဝါးဝါး နာကျင်စေလေသည်။

မနေ့က ဆေးရုံရောက်ပါလျက်နှင့် ကျွန်မဆီသို့ မဝင်လာခဲ့ဘူးပေါ့။ နေနိုင်လားကိုပြေ။ ရှင် မလာဘဲ နေနိုင်ခဲ့တယ်လား။

သူဖတ်ပြခဲ့သော ကဗျာတစ်ပိုင်းတစ်စကို မြဝန်းရံ သတိရနေပါသည်။

'ကြယ်ဆိုတာက ကိုယ်တို့အတွက် လောင်ကျွမ်းနေရ။
ကိုယ်တို့က ဘာမှ ပြန်မပေးနိုင်ဘူးဆိုပါရင်၊
ဒါမျိုးဟာ ကောင်းရဲ့ လား။
ချစ်ခြင်းမတူနိုင်သော်မှဖြင့်
ပိုချစ်တဲ့သူ ကိုယ်ဖြစ်ပါရစေ။'

ဒါဟာ ကဗျာတစ်ပုဒ်ပဲလား။ ဒါ့ထက် မပိုဘူးလား။

အို ကျွန်မ ဘာဖြစ်နေတာလဲ။ နှလုံးသားဆီမှာ ကျင်နေအောင် မျှော်လင့်တမ်းတမိသည့် အပြုံးမျက်နှာတစ်ခု ကျွန်မဘဝမှာ ရှိလာလိမ့်မည်ဟု တစ်ခါမှ မထင်ခဲ့မိပါလားကွယ်။



ကိုယ့်ကိုယ်ကို ဖွတ်အတင်းအားတင်းကာ လူနာဆောင်တွေနှင့် လူနာတွေကြားမှာ လမ်းလျှောက်နေမိသည်။ ကျယ်ပြန့်သော ဆေးရုံဝင်းကို ပြတင်းပေါက်ကနေ အပေါ်ဆီးမြင်ရသည်။ သစ်ပင်အုပ်အုပ်တို့ဖြင့် အေးချမ်းသည့်အသွင် ရှိသည်။

တတိယမြောက် မြဝန်းရံ သွားကြည့်သည့်လူနာမှာ ဦးခေါင်းဒဏ်ရာနှင့် မီးလောင်ဒဏ်ရာ ပေါင်းစပ်ကာ သတိလစ်နေဆဲဖြစ်သော မောင်တင်လေး ဆိုသူ ဖြစ်သည်။

လူနာသည် သတိလစ်နေဆဲဖြစ်သော်လည်း လူနာ၏ ခြေချင်းဝတ်မှာ သံကွင်းကြီးတစ်ခုဖြင့် ခုတင်သံတိုင်ကို တွဲပြီး ချည်ထားသည်။ သံခုတင်ခြေရင်းမှာ မြဝန်းရံ ရပ်ပြီး ထိုလူနာကို စူးစူးရဲရဲ ကြည့်မိတာ မိနစ်ပေါင်းများစွာ။

ရှုပ်ပွလိမ်ကောက်သော ဆံပင်တို့မရှိကြတော့ပြီ။ ခေါင်းတုံးမှာ ပတ်တီးအဖြူဖြင့် စည်းထားသည်။ မြဝန်းရံ ရိုက်ထည့်လိုက်တာ ဒီလူတဲ့လား။ ဒဏ်ရာတော်တော် ပြင်းထန်သွားလား။

နေ့ပေါင်းညပေါင်းများစွာ မြဝန်းရံ၏အတွေးနှင့် အိပ်မက်တွေမှာ လွှမ်းမိုးခြောက်လှန့်ခဲ့သော မျက်နှာသည် အခုလောက် ကူကယ်ရာမဲ့ ဖြစ်နေလိမ့်မည်ဟု မတွေးခဲ့မိပေ။ မှိတ်ထားသော မျက်လုံးတို့က ဟိုး ချိုင့်ထဲမှာ။ မျက်ဝန်းတစ်ဝိုက်မှာ ညိုမဲနေသည်။ နားထင်ရိုး ပါးရိုးတွေ ငေါလျက် ရှိသည်။ နှုတ်ခမ်းတွေက အက်ကွဲခြောက်သွေ့လျက်။ တစ်ချက်တစ်ချက် အသက်ရှူသံ ပြင်းသွားပြီး အသံထွက်အော်ဟစ်သည်က ဝူးဝူး ဝါးဝါး။ စကားလုံး မသဲကွဲ။

ဘာတွေပြောနေတာလဲ။ မြဝန်းရံ ကြားရအောင် ကိုယ်ကို ကိုင်းကာ ကြိုးစားနားထောင်ကြည့်၏။ အမေ ဆိုသော စကားလုံးလား။ တံခါးဖွင့်ပေးပါ ဖွင့်ပေးပါဟူသော စကားလုံးတွေဟု ထင်သည်။ ထိုအချိန်တွင် လူနာမှာ တစ်ကိုယ်လုံး တုန်ခါလျက်

www.burmeseclassic.com

www.burmeseclassic.com



သွေးရူးသွေးတမ်း ရှန်းကန်နေလေသည်။ ဆရာမလေးတစ်ယောက် လူနာခုတင်ဆီသို့ အပြေးရောက်လာသည်။

'လုပ်ပြန်ပြီ။ ဒီလူ ဒုက္ခပေးပြန်ပြီ။ မနော် ငါ့ကို ကူဦး'

လက်ဖျံမှာဆေးသွင်းထားသည့် အပ်မှာ ပိတ်သွားသဖြင့် ယောင်ကိုင်းနေသည်ကို ဆရာမလေးတွေ လာကိုင်လိုက်တော့မှ မြဝန်းရဲ မြင်မိသည်။

'ငါကြောက်တယ်ဟာ။ နင် အနားမှာနေ'

'ဟဲ့ လူနာက သတိမှ မရတာ နင် ကြောက်စရာလား'

'အို ဗြုန်းခနဲ သူနိုးလာပြီး ငါ့ကို ရန်ရှာရင်'

'သံကြိုးနဲ့ချည်ထားတယ်လေ။ မှန်းစမ်း ဖယ်ဖယ် ငါပဲလုပ်မယ် သွား နင် ဆေးသွားထိုး'

ကရင်အမျိုးသမီးသူနာပြုဆရာမက ရဲရင့်သွက်လက်ဟန်ရှိသည်။ လူနာလက်ဖျံမှ အပ်ကို ဖြုတ်လျက် အသစ်ပြန်ထိုးဖို့ နေရာရှာနေသည်။

'တစ်ချိန်လုံး အမေ အမေနဲ့ တပြီး အော်နေတာ။ ကြောက်ပါပြီ အမေရဲ့ နောက်မလုပ်တော့ပါဘူး အမေရဲ့ ဆိုတာပါသေးတယ်။ ကြည့်ရတာ သူ့အမေကို အခုထိ သူကြောက်နေရတုန်းလားမသိဘူး'

မနော်က တတွတ်တွတ် ပြောရင်း ကျွမ်းကျင်စွာပင် အပ်ကို ထိုးလိုက်ကာ ဆေးရည်စက်တို့ကို အဝင်အနည်းအများ ညှိနေလေသည်။

'အလကား အခုမှ ကြောက်ချင်ယောင်ဆောင်တာနေမှာ။ အပျိုတောင်မဖြစ်သေးတဲ့ ကလေးမလေးကို မုဒိမ်းကျင့် ပြီး သတ်ခဲ့တုန်းက ဒီရုပ်မဟုတ်နိုင်ပါဘူး'



ရွှေမှုန်ဝင်းလေး၏ ရေစိုရွဲနေသော ပုပ်ပွစပြုနေသည့် အလောင်းကို မြဝန်းရဲ မြင်ယောင်လာ၏။

ကျောထဲမှာ စိမ့်ခနဲ အေးစက်သွားသည်။

ရွှေမှုန်ဝင်းလေး အသတ်ခံရမည့်နေ့က အုတ်နဲ့ရွာသည် သာမန်နွေဦးပေါက် နေ့တစ်နေ့ကို ကြုံခဲ့ခြင်းဖြစ်သည်။ ဘာမှ ထူးထူးခြားခြား မရှိ။ သစ်ရွက်တွေ ကြွေတာလည်း ခါတိုင်းလိုပဲ။ ရွှေမှုန်ဝင်းအမေက ရွှေမှုန်ဝင်းကို ကျောင်းလွယ်အိတ် ပြင်ဆင်ပေးတာလည်း ခါတိုင်းလိုပဲ။ ရွှေမှုန်ဝင်းက အိမ်ဝင်းထဲကနေ ခုန်ပေါက်ပြီး ထွက်သွားတာလည်း ခါတိုင်းလိုပါပဲ။

အဲဒီအချိန်မှာ ဒီလူက ဘာလုပ်နေခဲ့မလဲ။

ဓာတ်မြေသြဇာအိတ်တွေကို နေရာရွှေ့ပေးနေမလား။ တစ်ပြည်ချင်းဝယ်သည့် လယ်သမားတွေကို အထုပ်သေးသေးလေးတွေ ထုတ်ပေး နေမလား။ သို့မဟုတ် မခင်စမ်းလွင်ဆိုသော ဆိုင်ပိုင်ရှင်မိန်းမ အကြွေးသွားတောင်းနေတုန်းမို့ စာရင်းတွေ မှတ်ပေးနေမလား။ ညနေကျရင်တော့ ငါ ကလေးမငယ်လေးကို သွေးသားတောင်းဆိုမှုအတွက် မုဒိမ်းကျင့်လိုက်ဦးမှလို့ ကြိုတင် ကြံစည်နေခဲ့လေသတဲ့လား။ မဖြစ်နိုင်။ အရာအားလုံးသည် ပုံမှန်ပဲ သွားနေခဲ့မှာပဲ။ ပြီးတော့မှသာ ရုတ်တရက် ချက်ချင်း ပြောင်းလဲသွားခဲ့တာ။

ဒီမျက်နှာက ရဲဝန်ထမ်းပြသောဓာတ်ပုံထဲက လူနဲ့လည်း ခပ်ဆင်ဆင်။ ကုက္ကိုတန်းရေတွင်းမှာ မိမိဘေးမှာ ဗြုန်းခနဲ ရောက်လာသည့် လူနှင့်လည်း ခပ်ဆင်ဆင်။ နေပါဦး ဟိုလူက ပိုငယ်သလားလို့။ ဒီလူက ပိုကြီးပြီး ပိုရင့်ရော်သလိုပါပဲ။

'သမီး'

www.burmeseclassic.com

www.burmeseclassic.com



မေမေ့အသံ။ မြဝန်းရံ၏ပခုံးကို သာသာဖွဖွ ဆုပ်ကိုင်လိုက်သော လက်မှာ နူးညံ့နွေးထွေးသည်။

'ကြံကြီးစည်ရာ ဒီနေရာကို လာရသလား သမီးရယ်၊ လာ လာ ပြန်ကြမယ်။ အခန်းမှာ သမီးကို တွေ့ဖို့တဲ့ ဧည့်သည်တစ်ယောက်ရောက်နေတယ်'

ဧည့်သည်။

ရင်ထဲမှာ လှုပ်ခနဲ တုန်သွား၏။ ဘယ်သူလဲ။

အို ဒါပေမဲ့ မေမေကကိုပြေကို သိနေတာပဲ။ ကိုပြေသာဆိုရင် မေမေက ကိုပြေရောက်နေတယ်လို့ပဲ ပြောမှာပေါ့။

မေမေ့မျက်နှာကို အကဲခတ်ကြည့်လိုက်တော့ ပြုံးနေပုံက တစ်မျိုးပဲ။ သိပြီ။ တစ်ယောက်ယောက်အကြောင်း ပြောလို့ မေမေ့မျက်လုံးတွေ အဲဒီလောက်ပြုံးနေပြီဆိုရင် အဲဒါ ကိုဇင်ကလွဲလို့ ဘယ်သူရှိဦးမှာလဲ။

'ကိုဇင်လား'

'အေး'

'လာခဲ့မယ်မေမေ။ သမီး ရေချိုးခန်းဝင်လိုက်ဦးမယ်'

'မေမေ လိုက်ခဲ့ရမလား'

'ရတယ်မေမေ နေခဲ့'

ဟိုတုန်းကဆို ကိုဇင်နှင့်တွေ့သည့်အချိန်မှာ မြဝန်းရံ ပျော်ရွှင်ခဲ့သည်။ ကိုဇင့်ကို အနိုင်ကျင့်ရတာကို ကျေနပ်ခဲ့သည်။ ကိုဇင်အလိုလိုက်တာတွေကို ကြည်နူးခဲ့သည်။ အခုအခါ ကိုဇင့်ကို မြဝန်းရံ မတွေ့ချင်သေးပေ။ ကိုဇင်နှင့်တွေ့ပြီး စကားတွေ ပြောဖို့ မြဝန်းရံ အဆင်သင့်မဖြစ်သေးဘူးဟု သိနေသည်။

အောင်မြေသာစံ ဆေးရုံသည် ကုန်းမြင့်ထက်မှာ တည်ရှိသည်။ ကျယ်ပြန့်သော ဆေးရုံဝန်းတစ်ဝိုက်တွင် သစ်ပင်အုပ် တွေ



ရှိသည့်အထဲက ဗန်ဒါပင်အောက်မှာ ရပ်ထားသော မြင်းလှည်းတစ်စီးကို လှမ်းမြင်လိုက်သည်။

မြဝန်းရံ လှေခါးထစ်များအတိုင်း အောက်သို့ အပြေးဆင်းလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

ပန်းမြိုင်လယ်ဆီသို့ အပြေးရောက်လာသော မြဝန်းရံ ကို ခပ်ဝေးဝေးတောင်ကုန်းဆီမှ မဲနက်လောင်ကျွမ်းထားခဲ့သော မီးလောင်ပြင် မြင်ကွင်းက ရင်နင့်အောင် ဆီးကြိုလိုက်၏။

အရင်ကလို ကျောင်းသူကျောင်းသားတွေ သင်တန်းသားတွေ စည်ကားသိုက်မြိုက်စွာ လှုပ်ရှားသံတွေ စကားသံတွေ မကြားရ။ ပန်းမြိုင်လယ် အီကိုဗီးလေ့ဂျ်(ecovillage) သင်တန်းမြေ တစ်ခုလုံး တိတ်ဆိတ် နေသည်။ ထားဝယ်မှိုင်းပင်ကြီးကလည်း ငြိမ်သက်လျက်။ စာသင်ခန်းမအဝင် စဥ့်ပန်းအိုးကြီးတွေထဲမှ စကားပင်တွေမှာ အပွင့်တစ်ပွင့်မှ မရှိတော့တာ ထူးဆန်းနေသည်။ ထားဝယ်မှိုင်းပင်ကြီးအောက်က မြေပြန့်မြက်ခင်းစိမ်းမှာတော့ ကိုပြေ၏ကားအဖြူလေး ရပ်ထားတာတွေ့ရသည်။

တော်ပါသေးရဲ့။ သူ ရှိနေတယ်။

ကျောက်ပြားမညီမညာ မြုပ်ခင်းထားသည့် မြက်ခင်း စိမ်းစိမ်းတစ်လျှောက် လှမ်းလာသည့်အခါ မြက်ခင်းတွေ အရင်လို မစိမ်းတော့သလိုပဲ။



ဘာတွေ ဖြစ်ကုန်ပြီလဲ။ ချက်ချင်းပဲ ပြောင်းလဲသွားလိုက်တာ။

ကိုပြေ့အခန်းဆီသို့ အပြေးသွားတော့မည့် ခြေလှမ်းကို ပြန်ထိန်းလိုက်ရသည်က ထမင်းစားဆောင်လေးထဲမှ ထွက်လာသော မခင်ပုကို မြင်လိုက်လို့ ဖြစ်သည်။

'ဟင် ဆရာမလေး ဆေးရုံက ဆင်းပြီလား'

'ဟုတ်တယ်'

စကားကို အတိုချုပ်ဖြေလျက် ကိုပြေ့အခန်းရှိရာသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားလိုက်သည်။

'ဆရာမကြီးကို ပြေးပြောလိုက်ဦးမယ်။ စောစောက တောင် ဆေးရုံကိုသွားဖို့ လူစုနေကြတာ တွေ့လိုက်သေး'

မြတ်လေးပန်းချုံကို အရင်မြင်ရသည်။ ပန်းတွေ ပွင့်မနေတာက အရင်အတိုင်းပဲ။ သို့သော် လွန်ခဲ့သော တစ်ပတ်လောက်က လန်းဆန်းနေခဲ့သည့် အရွက်စိမ်းနုလေးတွေတောင် အခုအခါ ညှိုးနွမ်းခြောက်သွေ့နေကြသလိုလို။

သူ့အခန်းအပြင် ရှံ့အိမ် ကြမ်းပြင်ပေါ်က ပက်လက်ကုလားထိုင်လေးမှာ ဟို အရင်ကလိုပဲ တိတ်တိတ်ဆိတ်ဆိတ်။ အရင်ကနှင့်မတူတာက ထိုကုလားထိုင်ပေါ်မှာ ဘာစာအုပ်မှ ရှိမနေခြင်းပင် ဖြစ်သည်။ ရှေ့သို့တိုးသွားလိုက်သောအခါ ပိတ်ထားသော အခန်းတံခါးကို မြင်ရသည်။ တံခါးမှာ သော့ခလောက်ကြီးကြီးတစ်ခု ခပ်လျက်ရှိသည်။

မြဝန်းရံ ထင့်ခနဲ စိတ်လေးသွားသည်။ သူ မရှိဘူးလား။

ဟိုဟိုဒီဒီ အကဲခတ်ကြည့်တော့လည်း လူသူလေးပါး မမြင်ရ။ မြဝန်းရံ မသီရိတို့အဆောင်ရှိရာသို့ ခပ်မြန်မြန် လျှောက်လာခဲ့ပြန်၏။ သို့သော် ထိုအခန်းကလည်း သော့ပိတ်လျက် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မသီရိရော၊ နိုးနိုးရော၊ ဖိုးသားရော။ ဒါဖြင့် သူတို့ ဆေးရုံမှာ သွားကြပြီလား။

ပန်းမြိုင်လယ်မှသစ်တောဆီသို့ ကူးသည့်လမ်းတွင် ကိုပြေ၏ဝန်ထမ်းနှစ်ယောက်ကို တွေ့သည်။ ကိုဆွေ၏နဖူးမှာ ပတ်တီးစည်းထားပြီး မေးစေ့မှာ ပလပ်စတာထူထူ ကပ်ထားတာ တွေ့ရသည်။ တခြားတစ်ယောက်ကတော့ ညာလက်မှာ ပတ်တီးနှင့်။ ကိုဆွေက မျက်နှာမသာမယာနှင့် ရှိနေသော်လည်း မြဝန်းရံအား ဝတ္တရားမပျက် ခေါင်းညွှတ်နှုတ်ဆက်သည်။

'ကိုဆွေ ဘာတွေ ဖြစ်နေတာလဲ။ ပန်းမြိုင်လယ်တစ်ခုလုံးလည်း ခြောက်သွေ့လို့'

'မြင်တဲ့အတိုင်းပဲ ဆရာမရယ်။ ကျွန်တော်တို့ဆရာရဲ့ ဆုံးရှုံးမှုကတော့ ကမ်းကုန်ရောပဲဗျာ'

ကိုဆွေက မီးလောင်ပြင်တောင်ကုန်းဆီသို့ မျှော်ကြည့်ပြီး ရေရွတ်သည်။ မူလတုန်းက သစ်ပင်တွေ အုပ်ဆိုင်း ကွယ်နေခဲ့သဖြင့် သူမ သတိမထားမိခဲ့ပေမယ့် အခုအခါ သစ်တောသည် ကုန်းစောင်း မြေနိမ့်မြေမြင့်လေးတွေပေါ်မှာ ရှိနေခဲ့တာပါလား ဟု ပထဝီအရ မြင်တွေ့သွားသည်။ တချို့သစ်လုံးတွေက မဲနက်လျက် တုံးလုံးလဲနေသည်။ တချို့ကတော့ ငုတ်တိုတွေအဖြစ် ထီးထီးထောင်ထောင် ကျန်ခဲ့သည်။

ရှင်တို့ဆရာရောဟု မေးမိတော့မည့် နှုတ်ခမ်းတို့ကို အချိန်မီ ပြန်ထိန်းချုပ်လိုက်ရ၏။ သူတို့အနီးမှ ထွက်ခွာပြီး ဆက်လျှောက်မည်ပြုတော့ တစ်ယောက်က လှမ်းတားသည်။

'မီးလောင်ပြင်ကို သွားလို့မရဘူးဆရာမ'

'ရှင်'



'အဲဒါ ကန့်သတ်နယ်မြေဖြစ်သွားပြီ'

မသွားရဘူးဆိုသည့် တောင်စောင်းဆီသို့ မြဝန်းရံ မျှော်ကြည့်လိုက်သည်။ မီးခိုးလုံးတွေတောင် မပြယ်သေးဘဲ လွှမ်းခြုံနေတုန်းပါပဲ။ လေတစ်ချက် ဝေ့တိုက်လိုက်သည့်အခါ မိမိတို့ ရပ်နေရာဆီသို့ မီးခိုးနံ့တွေ ရောက်လာသည်။ ထိုမီးခိုးနံ့ကို ရှူမိသည့်အခါ ထိုနေ့လည်ခင်းက အရှိန်ညီးညီး တောက်လောင်သည့် တစ်မိုးလုံးနီရဲနေသည့် မီးတောက်တို့ကို ပြန်မြင်လာကာ ပခုံးကျုံ့လိုက်မိပါသည်။

'ကျွန်တော်တို့ တစ်ခါမှ မမြင်ဖူးတဲ့လူတွေ။ ကျွန်တော်တို့ သစ်တောကို ရှိမှန်းတောင်မသိတဲ့လူတွေက မီးလောင်ပြင်မှာ ခြေချင်းကို လိမ်နေခဲ့တာပဲ။ သတင်းထောက်တွေ၊ ရဲတွေ၊ စပ်စုတဲ့ လူတွေ အို လူတွေမှ အောတိုက်ပဲ'

တခြားတစ်ယောက်က မြဝန်းရံကို သတင်းပေးသည်။

'ဆရာ့ကိုလည်း မေးလိုက်ကြတာ။ စစ်လိုက်ဆေးလိုက်ကြတာ။ နောက်တော့ ဆရာမက ဆရာ့ကိုယ်စား ဝင်ဖြေပေးနေရတယ်'

'ဘာတွေ မေးလို့လဲ။ ဒါ တောမီးလေ'

ထိုလူက မြဝန်းရံအား ချိန်ဆသည့် အကြည့်ဖြင့် ကြည့်နေတာ အကြာကြီး။ ပြီးတော့မှ အံ့သြသလို စကားစပြောသည်။

'ဟင် ဆရာမ ဘာမှ မသိသေးဘူးလား'

ထိုစကားကို ကြားလိုက်ရသည့်အခါ မြဝန်းရံသည် မိမိစိုးရိမ်နေသည့်အတိုင်း ဖြစ်ပျက်ခဲ့ပြီဟု ချက်ချင်း သဘောပေါက်သွားတော့သည်။ ခေါင်းထဲမှာ ရိပ်ခနဲ မူးဝေလာသဖြင့် ကိုဆွေ့အနီးက မယ်ဇလီပင်ပင်စည်ကို လက်ဖြင့် အသာ ထောက်မှီ လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'သစ်ပင်မီးလောင်ငုတ်တွေ မီးသွေးခဲတွေ မြေကြီးအမဲတွေကြားမှာ ကျွန်တော့်အဖေတို့တောင် မမွေးခင်က ရှိနေတဲ့ သင်းချိုင်းတစ်ခုကို သွားတွေ့တယ်ဆရာမရယ်'

သင်းချိုင်းတစ်ခု။ ဦးကြီး ရှာနေတာ ရွာလား၊ သင်းချိုင်းလား။

'အရိုးတွေနဲ့ အသားစတချို့ပဲ ကျန်ရစ်တာဆိုတော့ ဘယ်သူတွေလဲဆိုတာ သိဖို့ အချိန်ကြာကြာ စစ်ဆေးရဦးမှာပေါ့။ အခု သူတို့ပြောနိုင်သလောက်တော့ အဲဒီမှာ ကလေးတွေရော မိန်းမတွေရော အစုလိုက်အပြုံလိုက် တွေ့တာတဲ့'

မြဝန်းရံ ရင်တလှပ်လှပ်တုန်လာသည်။

'ရဲမင်း မင်း တော်တော် လျှာချောင်ပါလား။ တော်ပြီ။ မပြောနဲ့ ဆရာမက အခုမှ ဆေးရုံက ဆင်းလာတဲ့ဟာ'

သူတို့စကားသံက တဖြည်းဖြည်းနှင့် တိုးတိမ်သွားသည်။ မီးတစ်ပိုင်းကျွမ်းထားသည့် သစ်သားမြင်းရုပ်လေး။ ဦးကြီး။

ဒါတွေ ကျွန်မ ကြိုပြီး သိခဲ့ပြီးသားပါ။

'ဟာ ဆရာမ'

မြဝန်းရံတစ်ကိုယ်လုံး ပျော့ခွေလျက် ပတ်ဝန်းကျင် တစ်ခုလုံးနှင့် ကင်းကွာသွားသည်။

သတိပြန်ရလာသည့်အချိန့်မှာ မြဝန်းရံသည် နူးညံ့ဖြူဖွေးသော မွေ့ရာပေါ်မှာ။

'ညီမ သတိရပြီလား'

မသီရိ၏ အပြုံးမျက်နှာ။ မသီရိလက်ထဲမှာ အေးစိမ့်နေဟန်ရှိသော ဖန်ခွက်တစ်ခု။ ဖန်ခွက်ထဲမှာ အရောင်ကြည်ကြည် အရည်တွေ။ မသီရိ၏ဖြူလွလွအကျႌသည် ယောဂဝတ်စုံ ဖြစ်



သည်။ ဆံပင်တို့က ကပိုကယို။ မျက်နှာမှာ ဘာအခြယ်အသမှ မရှိ။ သို့သော် ချောမွတ်နူးညံ့သော ပါးပြင်တို့မှာ သဘာဝ အတိုင်း ပန်းသွေးရောင်သန်းလျက် ရှိသည်။ မျက်လုံးတွေက တောက်ပနေ၏။

'ထ ဒီသံပုရာရည်လေး သောက်လိုက်ဦး။ လန်းဆန်းသွားအောင်'

သံပုရာရည်ကို သောက်ပြီးသောအခါ တကယ်ပဲ လန်းဆန်းလာခဲ့သည်။ အဝင်တံခါးပေါက်ဆီသို့ ခဏခဏ လှမ်းကြည့်မိသည့် မိမိ၏ မျှော်လင့်မှုတို့ကို မသီရိမသိအောင် ဖုံးကွယ်ထားဖို့ သတိမရပါ။

မိမိသောက်ပြီးသော သံပုရာရည်ဖန်ခွက်ကို မသီရိက လှမ်းယူကာ စားပွဲပေါ် အသာပြန်ချပေးပြီးမှ စကားစသည်။

'ညီမတို့ အလောင်းအစားမှာ ညီမနိုင်သွားပြီဆိုတာ ညီမသိပြီပေါ့ နော်'

ထိုစကားကို ပြောလိုက်သည့် မသီရိ၏မျက်ဝန်းတွေက အရင်ကထက် ပိုပြီး တောက်ပ ကျေနပ်နေလေသလား။

အစ်မ ဝမ်းသာနေတယ်ထင်တယ်။ စွပ်စွဲလိုစိတ်ကိုတော့ မသီရိမကြားအောင် သိုဝှက်ထားလိုက်နိုင်ပါသည်။

'ကိုပြေ သိပ်ပြီး စိတ်မာတ်ကျနေခဲ့တယ် ညီမ။ မမပြောပါတယ်။ တို့ ဒီတောကို ပြန်စိုက်ကြမယ်။ နောက်ထပ် အနှစ်ငါးဆယ်၊ ကိုပြေ အဘိုးကြီးဖြစ်တဲ့အချိန်မှာ သစ်တောဟာ အရင်လို ပြန်ပြီး ပြည့်စုံသွားမှာလို့။

'နောက်ပြီး တောမီးရဲ့ကျေးဇူးကြောင့်သာ လွတ်နေတဲ့ တရားခံကိုပြန်မိတာ။ အဲဒီအတွက် မိန်းကလေးငယ်ငယ်လေးတွေ ဘယ်နှယောက်ကို အသက်အန္တရာယ်ကနေ ကာကွယ်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပြီလဲ။ စိတ်မညစ်စမ်းပါနဲ့ အကောင်းကို တွေးယူကြရအောင်ပါလို့ တို့ ဖျောင်းဖျပေးတယ်။ အဲဒါလည်း မရဘူး။

'ဒီသင်းချိုင်းနဲ့ ဒီအဖြစ်ဟာ ကိုပြေရဲ့အပြစ်မှ မဟုတ်ဘဲ။ ပြည်တွင်းစစ်ရဲ့ဆိုးကျိုးကို သက်သေအဖြစ် ဖော်ထုတ်ပေးလိုက်နိုင်တာ ဒါ တစ်မျိုးစိတ်သက်သာရမှာပါလို့လည်း ပြောကြည့်တယ်။ မရဘူး'

မသီရိက ခုတင်ဘေးမှာ တင်ပါးလွှဲ ဝင်ထိုင်ရင်း ဖြည်းဖြည်းချင်း ပြောပြနေသည်။ ဒါဆိုရင် အခုဟာ မသီရိရဲ့အခန်းပေ့ါ။ အခန်းသည် ပရိဘောဂနည်းနည်းနှင့် ရှင်းနေသည်။ စားပွဲပေါ်တွင် စာအုပ်အပုံလိုက်။

'သူ့ ရှက်လည်းရှက်ပြီး ဝမ်းလည်းနည်းနေမှာပေ့ါ ညီမရယ်။ သူ အမြတ်တနိုး တန်ဖိုးထားတဲ့ သစ်တောတစ်ခုလုံးရဲ့ သုံးပုံနှစ်ပုံ မီးလောင်သွားခဲ့တာ။ နောက်ပြီး အဘိုးလက်ထက်က ငါးဆယ့်ခုနစ်နှစ်ကြာအောင် ဖုံးထားခဲ့တဲ့ မကောင်းမှုတစ်ခု လူသိရှင်ကြား ပေါ်သွားလာခဲ့တာ'

မြေကြီးထဲမှာ နှစ်ပေါင်း ငါးဆယ့်ခုနစ်နှစ်တိုင်တိုင် မြှုပ်နေသော လျို့ဝှက်ချက်များကို ပတ်ဝန်းကျင်ကလူတွေ မြင်တွေ့သွားကြသည့်အခါ ကိုပြေ ဘယ်လို ခံစားခဲ့ရမှာပါလိမ့်။

'သူ နာကျင်နေမှာပေ့ါညီမရယ်။ သူ့ အဘိုးက မြေးကို အမွေပေးခဲ့တာက သစ်တောတစ်ခုမှ မဟုတ်ဘဲ။ ရာဇဝတ်မှု တစ်ခုကို ဆက်လက် ဖုံးကွယ်ပေးဖို့ ပူးတွဲတရားခံအဖြစ် တာဝန်ပေးခဲ့တာပဲ။ ဘယ်လောက်များ ဆိုးဝါးလိုက်သလဲ။ သူက တောတစ်ခုလုံးလည်း မီးလောင်ခံရတယ်။ သူ့ဂုဏ်သိက္ခာတစ်ခုလုံးလည်း လောင်ကျွမ်းခံရတာကိုး'



သို့သော် ဘယ်သူမှ မသိလိုက်တာတစ်ခုက တောမီးကြောင့် လောင်ကျွမ်းခံလိုက်ရသူမှာ ပြည်မိုးငြိမ်းတစ်ယောက်တည်း မဟုတ်။ မြဝန်းရံလည်း ပါသည်။

မြဝန်းရံအတွက် ထိုမီးသည် နှလုံးသားအထိ ထွင်းဖောက်တောက်လောင်သွားသည့်မီး ဖြစ်ခဲ့သည်ကို ဘယ်သူမှ မသိလိုက်ကြပါ။ ရင်ထဲမှာ လောင်ကျွမ်းသည့်မီး၏ ကြွင်းကျန်ရစ်သော မီးလောင်ပြင်ကိုလည်း ဘယ်သူမှ မမြင်နိုင်ပါ။

'အခု ကိုပြေရော'

ထိုမေးခွန်းကို မေးလိုက်သည့်အခါ မသီရိ၏မျက်နှာမှာ အရိပ်တစ်ခုခု ဖုံးလွှမ်းသွားသည်။ ဖုံးကွယ် လိမ်ညာတော့မည့် အရိပ်လား။

တော်တော်ကြာမှ မသီရိက သက်ပြင်းတစ်ချက် ရှိုက် ပြီးနေရာမှ ထထွက်သွားသည်။ မြဝန်းရံ အိပ်နေရာမှ ချက်ချင်း ထထိုင်လိုက်၏။

'အစ်မ'

မသီရိ စာအုပ်တစ်အုပ်ယူလာပေးခြင်း ဖြစ်သည်။ ထိုစာအုပ်ကို မြင်တော့ မြဝန်းရံ ရင်ခုန်သွား၏။ ဒဘလျူအိပ်ချ်အော်ဒင်၏ ကဗျာပေါင်းချုပ်စာအုပ်။

'အဲဒါ ကိုပြေ ညီမအတွက်ပေးခဲ့တဲ့စာအုပ်ပဲ။ စာအုပ်ထဲမှာ စာတစ်စောင်ပါတယ်တဲ့'

စာတစ်စောင်ပါတယ် တဲ့။ စိုးရိမ်မိခဲ့တာတွေ တကယ်ပဲ အဲဒီအတိုင်း ဖြစ်လာခဲ့ပြီပေ့ါ။ ရင်ထဲမှာ လေးပင်သွားပါသည်။

'ကိုပြေက ဘယ်မှာလဲ'

'အစ်မ မသိဘူး။ သူ့စာကိုပဲ ညီမ ဖတ်ကြည့်ပါ'

စာအိတ်ကို ညှပ်ထားသည့် စာမျက်နှာက ပိုချစ်ရတဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် ကဗျာစာမျက်နှာ ဖြစ်သည်။ The more loving one တဲ့။ စာအိတ်ဖြူ ပါးပါးလေးကို အလောတကြီး ဖွင့်ဖောက်လိုက်သည်။

တစ်ခါမှ မမြင်ဖူးသည့် လက်ရေးအသစ်ဖြစ်ပေမဲ့ အနှစ်နှစ်အလလ ရင်းနှီးကျွမ်းဝင်ခဲ့သည့် လက်ရေးကို ပြန်မြင်ရသလို တမ်းတ လွမ်းဆွတ်မိလေသည်။

'ညီမ

ကျွန်တော် ရှုံးခဲ့ရပြီမို့ ကတိတည်ပါတယ်။

ညီမကို နှုတ်မဆက်ဘဲ ထွက်သွားတာကို နားလည်လိမ့်မယ်လို့ ထင်ပါတယ်။

ကျွန်တော် ရှုံးခဲ့ရတဲ့အရာတွေကို ညီမသိတယ်။ ဒါပေမဲ့ ကျွန်တော့်နောင်တတစ်ခုကိုတော့ ညီမသိမှာမဟုတ်ဘူး။

အလောင်းအစားရဲ့စည်းအပြင်က စကားတစ်ခွန်းကို ပြောခွင့်ရှိရက်သားနဲ့ ပြောဖို့လည်း အကြိမ်ကြိမ်အားယူခဲ့ပါရက်နဲ့ မပြောဖြစ်ခဲ့တာ အခုချိန်မှာ အကြီးမားဆုံး နောင်တပါ။

မီးမလောင်ခင် ညနေက ကျွန်တော့်ဆီကို တစ်ခေါက်ပြန်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ပြည့်မိုးငြိမ်း'

မြဝန်းရံ၏မျက်လုံးအိမ်တွင် စိမ့်ဝဲလာသော မျက်ရည်များကြောင့် စာလုံးတွေ ဝါးနေခဲ့သော်လည်း ဘယ်လိုမှ လွဲစရာမရှိသော အဓိပ္ပါယ်ကို သူမ သိပါသည်။

သူမ တစ်ကိုယ်လုံး နွမ်းခွေကျသွားတော့သည်။



Looking up at the stars, I know quite well
That, for all they care, I can go to hell,
But on earth, indifference is the least
We have to dread from man or beast
How should we like it were stars to burn
With a passion for us we could not return?
If equal affection can not be,
Let the more loving one be me.

သူမ မျက်လုံးအိမ်တွင် မျက်ရည်တို့ချက်ချင်းပင် စိမ့်အိုင်လာတော့သည်။

'အစ်မ သူ ဘယ်သွားတာလဲ'

'အစ်မ မသိဘူးညီမရယ်။ အဝေးကြီးကို မသွားပါဘူးလို့တော့ ပြောသွားတယ်'

မသီရိ၏တည်ငြိမ်အေးစက်သော မျက်နှာထားကို မြဝန်းရံ အခဲမကျေနိုင်စွာ စူးစိုက်ကြည့်ပစ်လိုက်မိ၏။

'သူ ထွက်သွားတာကို အစ်မ သိရက်နဲ့ အစ်မ မတားခဲ့ဘူးပေါ့'

အံတင်းတင်းကြိတ်ပြီး မေးမိသည်။မသီရိဘာမှမပြောပါ။ မြဝန်းရံကိုသာ ငေးကြည့်နေသည်။

'မီးလောင်တဲ့နေ့တုန်းက ကျွန်မဆီ မီးလောင်ပြင်ကို အပူတပြင်း သူ လိုက်မဲ့အချိန်တုန်းက အစ်မတားခဲ့တယ် ဆို။ အဲဒီတုန်းက အစ်မတားခဲ့သလို အခု ဘာဖြစ်လို့မတားတာလဲ'

နာကျည်းသည့်စကားများကို မပြောသင့်ဘဲ ပြောလိုက်မိသည့်အတွက် မြဝန်းရံ နောင်တမရပါ။

'အဲဒီတုန်းကလည်း တို့တားလို့ မရခဲ့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အခုတော့ တားကို မတားဘူး မဟုတ်လား'

'ညီမ အစ်မကို အထင်လွဲနေတယ်'

'အထင်လွဲတယ် ဟုတ်လား။ ဒါဖြင့် ပြောစမ်းပါ ဘာဖြစ်လို့ အခု မတားခဲ့တာလဲလို့'

'ဘာဖြစ်လို့မတားခဲ့တာလဲဆိုတော့ အခုဟာက သူ့ရဲ့ အသက်အန္တရာယ်ကို စိုးရိမ်ရတဲ့အနေအထား မဟုတ်လို့ပေါ့။ သူ ဒီမှာ တစ်နေ့တစ်နေ့ မီးလောင်မြေကို ကြည့်နေရတဲ့ဘဝနဲ့ စာရင် စိတ်ပြေလက်ပျောက် တစ်နေရာရာကို ထွက်သွားတာ သူ စိတ်ချမ်းသာမယ် ထင်လို့ပေါ့'

'အစ်မလည်း စိတ်ချမ်းသာတယ်မဟုတ်လား'

'ညီမ ဘာပြောတာလဲ'

'သူ ကျွန်မနဲ့ဝေးရာကို ထွက်သွားတော့ အစ်မစိတ်ချမ်းသာတယ်မဟုတ်လား။ မညာပါနဲ့ အစ်မ။ အစ်မမျက်လုံးမှာ ကျွန်မ မြင်နေရပါတယ်'

'အစ်မမျက်လုံးမှာ မင်း ဘာကို မြင်လို့လဲ မြဝန်းရံ'

မသီရိ၏ စူးရှသောမျက်ဝန်းတွေက တောက်ပနေ၏။

ဘာကိုမြင်သလဲဟု ပြောမိသည့်အထိတော့ မြဝန်းရံ မရိုင်းပျသင့်ပါ။ ထို့ကြောင့် နှုတ်ခမ်းဖျားသို့ ရောက်လာသည့် စွပ်စွဲချက်ကို မျိုချပစ်လိုက်ပါသည်။

'မင်း ဘာမြင်သလဲဆိုတာတော့ တို့မသိဘူး။ ဒါပေမဲ့ မင်း ထင်တာတစ်ခုကတော့ မှားတယ်။ သူ မင်းနဲ့ဝေးရာကို ထွက်သွားတာမဟုတ်ပါဘူး။ ဒီမီးလောင်မြေနဲ့ ဝေးရာကို ထွက်သွားတာပါ။ သူ မင်းဆီကို တစ်ချိန်ချိန်မှာ ရောက်လာမှာပါ'

မမျှော်လင့်သောစကားမို့ မြဝန်းရံ ကြောင်အသွား၏။ မသီရိကို တွေဝေစွာ ငေးကြည့်နေမိသည်။



'ကျွန်မဆီကို'

'ဟုတ်တယ်။ တို့ ကိုပြေ့ကို သိလာခဲ့တာ ဆယ်နှစ်ကျော် ပါပြီ။ သူ့အကြောင်းကို တို့သိတယ်။ သူ့ကိုယ်သူသိထားတာထက် တို့က သူ့ကို ပိုသိပါတယ်။ သူ မင်းဆီကနေ မပြေးပါဘူး'

ထိုစကားကို ကြားလိုက်ရသည့်အခါ မြဝန်းရံ၏ကိုယ်က အင်အားမရှိတော့ဘဲ ပျော့ခွေ ညွတ်ကျသွားသည်။

'အစ်မ တကယ်ပြောတာလားဟင်'

သူမသည် တိုးတိမ်စွာ ပြီးတော့ ရှက်ရွံ့ဆွံ့အစွာ မေးလိုက်မိတော့သည်။

ညွတ်ခွေသွားသော ကိုယ်ခန္ဓာကို မသီရိက လျှင်မြန်စွာ ပွေ့ဖက်ထားလိုက်သည်။

'တကယ်ပါညီမ။ တို့ မညာပါဘူး'

'အစ်မရယ်'

မြဝန်းရံ၏မျက်ဝန်းမှ မျက်ရည်များ တလိမ့်ချင်းလိမ့်ဆင်း ကျလာခဲ့သည်။ မသီရိက မြဝန်းရံ၏မျက်ရည်တို့ကို သူမ လက်ဖြင့် ငြင်သာစွာ ကြင်နာစွာ သုတ်ပေးလေသည်။ မြဝန်းရံ မသီရိအား တအား ဖက်တွယ်ပစ်လိုက်သည်။

'ကျွန်မ သူ့ကို တွေ့ချင်လိုက်တာအစ်မရယ်။ အစ်မ တကယ်ပဲ မသိဘူးလားဟင် သူဘယ်မှာလဲ'

'အစ်မ တကယ်မသိပါဘူးကွယ်။ ခဏ ထိုင်လိုက်ပါဦး။ မငိုပါနဲ့ကွယ်'

'ဘယ်အချိန်က သွားတာလဲဟင်'

'မနေ့က ညနေက'

'ဟင်'

ကြာလှပြီပေါ့။ တစ်ရက်တောင် ကြာပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



'သူ ကားကိုလည်း ထားခဲ့တာ။ ဆိုင်ကယ်လည်း ယူမသွားဘူး။ ဒီအတိုင်း ကျောပိုးအိတ်လေးနဲ့ ခြေလျင် ထွက်သွားတာပဲကွယ်'

မြဝန်းရဲ့ မျက်ရည်တွေကို သုတ်လိုက်သည်။ အခုတော့ အခုတော့ သူမ ထိန်းချုပ်နိုင်စွမ်းကို ပြန်ရလာခဲ့ပါပြီ။ အချိန်ရှိတုန်း သူ့ကို လိုက်ရှာမှ ဖြစ်မှာပေါ့။

'တို့ သူ့ကို ဉယျာဉ်ဂိတ်အထိ လိုက်ပို့ပေးလိုက်တယ်'

'အော်'

သူသွားနိုင်သည့်နေရာတွေ ထောင်သောင်းမက များပြားလှသည့်အထဲ မိမိက ဘယ်လိုများ လိုက်ရှာရပါ့မလဲ။

ရှင် ဘယ်ကိုသွားမလဲ။ ကျွန်မသာ ရှင့်နေရာဆိုရင် အရှုံးတွေကနေ ဝေးရာပြေးဖို့ ဘယ်သွားမလဲ။ ပန်းမြိုင်လယ်နဲ့ သိပ်မဝေးဘူးဆိုတော့ ရန်ကုန်တော့ မဟုတ်နိုင်ဘူးထင်တယ်။

'ကျွန်မ လိုက်ရှာမယ်အစ်မ။ ကျွန်မ သူ့ကို လိုက်ရှာမယ်'

အိပ်မက်မက်ရင်း ယောင်ယမ်းနေသူလို တတွတ်တွတ်ပြောလျက် အခန်းပြင်သို့ ထွက်လိုက်သည့်အခါ မသီရိက နောက်မှ လိုက်လာသည်။

'ညီမ'

မြဝန်းရဲ၏လက်ကို မသီရိက လှမ်းဆုတ်ကိုင်လိုက်၏။

'တို့ထင်တာတစ်ခုက သူ တစ်နေရာရာမှာ သစ်ပင်သွားစိုက်မှာလားမသိဘူး။ သူ ဘယ်မှာ သစ်ပင်စိုက်ချင်လဲ ညီမ သိလား'

'သစ်ပင်'

'သူ ပျိုးပင်လေးတွေထဲကနေ အပင်ပေါက်လေးတွေ ရှာယူသွားတယ်။ ကျောပိုးအိတ်ထဲမှာ ပလတ်စတစ်အိတ်လေးနဲ့ ပျိုးထားတဲ့အပင်ပေါက်လေးတွေ အများကြီးထည့်သယ်သွားတယ်'



'အို ဟုတ်လား'

ပျိုးပင်။ ဘယ်မှာစိုက်မလို့လဲ။ သူ ဘယ်မှာ အပင်စိုက်စရာရှိလို့လဲ။

'ဘာပင်တွေ ယူသွားလဲဟင်'

'ဘာပင်လဲဆိုတော့ အစ်မပေးလိုက်တဲ့အပင်ကိုပဲ ယူသွားတယ်။ သူက အရောင်ပဲ ပြောတာ။ မရမ်းရောင်ရယ်၊ အနီရောင်ရယ်။ အဝါရောင်ရယ် လိုချင်တယ်တဲ့။ ဘာပန်း ဖြစ်ဖြစ်တဲ့။ အဲဒါနဲ့ အစ်မလည်း ဂန္ဓမာပန်းပင်ပေါက်သုံးမျိုးကို ထည့်ပေးလိုက်တယ်။ မျိုးစေ့တွေပါ ထည့်ပေးလိုက်တယ်'

မရမ်း၊ အနီ၊ အဝါ။

'ညီမသိလား သူ ပန်းပင်စိုက်မယ်ဆိုတာ တကယ်ပဲ ဖြစ်နိုင်မလား'

မြဝန်းရဲ့ သတိရသွားပါပြီ။

'အို သိပြီအစ်မ။ ကျေးဇူးတင်လိုက်တာအစ်မရယ်။ ဟုတ်တယ်။ သူ တကယ်ပဲ ပန်းပင်တွေစိုက်မှာအစ်မရဲ့။ ကျွန်မသိပြီ။ လိုက်သွားမယ်နော်'

ပြည်မိုးငြိမ်း၏ကားကို မသီရိထံမှ သော့တောင်းလျက် မောင်းထွက်လာခဲ့ချိန်တွင် မြဝန်းရဲ့ ရင်တလှပ်လှပ် ခုန်လျက်ရှိလေသည်။

မိမိမကျွမ်းသောလမ်းတွေ ဖြစ်သော်လည်း ကား ခဏရပ်လိုက် တွေ့သမျှလူကို မေးလိုက်နှင့် ခဏ ရောက်ခဲ့ဖူးသော သရက်တောရွာလေးသို့ စမ်းတဝါးဝါး မောင်းလာခဲ့ပါသည်။

သရက်တောရွာသို့ ရောက်တော့ မွန်းတည့်ချိန်ဖြစ်နေပြီ။ သစ်ပင်တွေက ကျိုးတိုးကျဲတဲမို့ နေသည် တစ်ရွာလုံးအပေါ်သို့ မညှာမတာ ကျရောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးအိမ်ကို မမှတ်မိသဖြင့် ကလေးတွေကို မေးပြီး သူတို့ လမ်းညွှန်ရာသို့ ခပ်ဖြည်းဖြည်း မောင်းလာခဲ့သည်။ ကလေးတို့သည် ကားကို အထူးအဆန်းသဖွယ် ဝိုင်းအုံကြည့်ကာ လိုက်လာကြ၏။

ဆရာမကြီးအိမ်ရှေ့သို့ ကားရပ်လိုက်တော့ အောက်ထပ်မှာ စားပွဲမှာ ထိုင်နေသည့် ယောက်ျားသုံးယောက်။ သို့သော် ထိုသုံးယောက်ထဲမှာ သူ မပါ။ သူ့အရိပ်အယောင် ဘာမှ မတွေ့ရ။

ရင်ထဲမှာ ဟာခနဲ မောသွား၏။

ကျွန်မ ဘာဖြစ်လို့ ကြောင်စီစီအတွေးတွေ တွေးပြီး ဒီအထိ လိုက်လာခဲ့မိတာပါလိမ့်။ ရှင် ဒီကိုလာမယ်လို့ ဘယ်လိုလုပ်ပြောနိုင်မလဲ။ ပန်းပင်ပေါက်လေးသုံးမျိုး သယ်သွားတယ် ဆိုရုံနဲ့ ဒီအိမ်ကိုလာမယ်လို့ တွက်လိုက်ရသလား။

ကားတံခါးကို ဖွင့်ဖို့တောင် ခွန်အားမကျန်တော့ပါ။

'ဟော ဆရာမ လိုက်လာပြီ'

ကိုထွန်းထွန်းဦးက ရုတ်တရက် ပြောချလိုက်တော့ မြဝန်းရံ ကြောင်သွားသည်။

လိုက်လာပြီ ဟုတ်လား။ လိုက်လာပြီလို့ ပြောလိုက်တာလား။ ဒါဖြင့်

သူမ ကားတံခါးကို အလောတကြီး ဖွင့်ဆင်းလိုက်၏။

'ကိုမိုးငြိမ်း ဒီမှာ ဆရာမ လိုက်လာတယ်'

'အို'

မြဝန်းရံ လှိုက်ခနဲ ဝမ်းသာသွားသဖြင့် မျက်ရည်တွေ ရစ်ဝဲလာသည်။ ရင်တွေ တဒိတ်ဒိတ် မြန်ဆန်စွာ ခုန်လာ၏။ အပေါ်ထပ်သို့ မော့ပြောလိုက်သော ကိုထွန်းထွန်းဦး၏ မျက်လုံးတွေနောက်သို့ သူမ လိုက်ကြည့်လိုက်သည်။



လှေကားမှ ခပ်သွက်သွက်ဆင်းလာသူမှာ နွမ်းဖတ်နေသောမျက်နှာထားနှင့် ဖိုသီဖတ်သီအဝတ်အစားနှင့် ပြည်မိုးငြိမ်း ဖြစ်ပါသည်။

'ညီမ ဘယ်လိုလုပ်ပြီး ဒီရောက်လာတာလဲ'

မိမိငေးကြည့်နေမိသော ပြည်မိုးငြိမ်း၏မျက်လုံးတွေက နူးညံ့စွာ ကြွေကွဲနေသလိုလို ထင်မိသည်။

သူ မိမိအနားသို့ ရောက်လာသည်အထိ သူမ စောင့်နေလိုက်သည်။ သူ ရောက်လာသည်။ သူမနှင့် နီးကပ်သည့် နေရာအထိ မလာဘဲ နှစ်ပေလောက်အကွာမှာ ရပ်လိုက်၏။ ထိုအခါ မြဝန်းရံက သူ့ဆီသို့ တိုးကပ်သွားလိုက်သည်။ တိုးတိုးလေး ပြောလို့ရသည့် အကွာအဝေးထိ တိုးကပ် သွားလိုက်ပါသည်။ ပြီးတော့ သူတစ်ယောက်တည်းကြားနိုင်ရုံအသံတိုးတိုးဖြင့် ပြောလိုက်သည်။

'ရှင် ဘယ်တုန်းကမှ မမေးခဲ့တဲ့ မေးခွန်းတစ်ခုကို ကျွန်မ ဖြေချင်လို့ လိုက်လာတာ'

သူ့မျက်ဝန်းတွေ တောက်ပသွားသည်ဟု ထင်ပါသည်။

ဇူး

၂၂-၈-၂၀၁၀

နံနက် ၄နာရီ ဝ၂ မိနစ်

www.burmeseclassic.com